

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း

ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီ
ဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ဆီသို့

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၂၀၁၅

# အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

မြန်မာနိုင်ငံသည် သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေအလယ်အလတ်အဆင့်ထက် သာလွန်ကောင်းမွန်သော အနေအထားသို့ ရောက်ရှိနိုင်ရန် စီးပွားရေးပုံသဏ္ဍာန် ပြုပြင်ပြောင်းလဲခြင်း၊ လူမှုစီးပွားနယ်ပယ်အသီးသီး ပြောင်းလဲခြင်းတို့ကို ကဏ္ဍအလိုက် အရှိန်မြှင့် ဆောင်ရွက်ရန် လမ်းကြောင်းများ ချမှတ်ပြီးဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် သန်းပေါင်းများစွာသော ပြည်သူတို့ ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်မည်ဖြစ်ပြီး အရည်အသွေးရှိသော အလုပ်အကိုင် အခွင့်အလမ်းများ၊ အိုးအိမ်၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ပိုမို လက်လှမ်းမီလာနိုင်မည် ဖြစ်ပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် နိုင်ငံ၏ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များဖြင့် အလယ်အလတ် အဆင့်ရှိသော လူတန်းစားများ ပေါ်ထွက်လာရေးကို အားပြုလျက်၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေးကိုလည်း အားဖြည့်ပေးမည့် ကာလရှည်စီမံကိန်းတစ်ခု ဖြစ်ပါသည်။

ဝင်ငွေမြင့်မားလာမှု၊ လုပ်ခလစာကောင်းစွာ ရရှိနိုင်မည့် အလုပ်အကိုင်နှင့် ထိခိုက်ခံစား လွယ်သော လူတန်းစားများအတွက် ဘဝလုံခြုံ စိတ်ချရမှုတို့မှတစ်ဆင့် ကုန်သွယ်မှုကဏ္ဍတွင် ပြည်တွင်းဈေးကွက်များ ပွင့်လန်းရှင်သန်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက် ဝယ်နိုင်စွမ်းအားနှင့် စွမ်းဆောင်ရည်များ တိုးပွားလာမည်ဖြစ်သည်။ ထို့ပြင်ကမ္ဘာ့မြင်ကွင်းတွင် နိုင်ငံသားများသည် နယ်ပယ်အရပ်ရပ်၌ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားလာလျက်၊ အာဆီယံ စီးပွားရေးနယ်ပယ်တွင် အရှိန်အဟုန်မြင့်မားစွာဖြင့် ပေါင်းစည်းလာနိုင်မည်ဖြစ်ပါသည်။

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် ၂၀၃၀ ပြည့်နှစ်တွင် အာဆီယံနိုင်ငံများအတွင်း အဓိကကုန်သွယ်မှုနှင့် ထုတ်လုပ်မှု အင်အားမြင့်မားသော နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ဤအခြေအနေပေါ် အခြေခံ၍စီးပွားရေး ပြုပြင် ပြောင်းလဲမှုနှင့် ခေတ်မီ တိုးတက်သည့် ဒီမိုကရေစီအသိုက်အဝန်း၌ ရှေ့တန်းသို့ ရောက်ရှိ လာစေရန် နှစ်အလိုက် တိုးတက်မှုနှုန်း ၇% နှင့် ၉% အတွင်း ရရှိရမည်ဖြစ်သည်။ အဆိုပါ ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန် မြန်မာနိုင်ငံအနေနှင့် ပထဝီအခွင့်အလမ်းသာမှု၊ သယံဇာတ ပေါကြွယ်ဝမှု၊ နိုင်ငံ၏ မြေဆီသြဇာ ကောင်းမွန်မှု၊ ကျယ်ပြန့်သော ရေသယံဇာတ၊ ငယ်ရွယ်စိတ်ဓာတ်ခွန်အား ပြည့်ဝသော လူငယ်ထုတို့က လူမှုစီးပွားရေးနှင့် ဒီမိုကရေစီ အပြောင်းအလဲတို့ကို အားဖြည့် ပေးလျက်ရှိပါသည်။

စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲမှုများ၊ နိုင်ငံအတွင်းတည်ရှိသော လူမျိုးစုများ၏ ထူးခြားမှု များ၊ စီးပွားရေးအခြေအနေကောင်းများကိုဖန်တီးပေးနိုင်သော ပထဝီအနေအထားနှင့် သဘာဝ သွင်ပြင်လက္ခဏာများသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု လက္ခဏာများကို ဖော်ဆောင် ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့် NCDP နှင့် လိုက်လျောညီထွေရှိသည့် စီမံကိန်းများ ရေးဆွဲရမည် ဖြစ်ပါသည်။ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြဿနာများကို ဖြေရှင်းရန် နှိုင်းယှဉ်အကျိုးကျေးဇူးများကို အခြေခံ၍ ဖော်ထုတ်ရမည် ဖြစ်ပါသည်။ ထို့အပြင် ဒေသဆိုင်ရာ အစိုးရများ၏ ဒီမိုကရေစီအနေအထားကို မြှင့်တင်ခြင်း၊ မြို့ပြရေးရာတွင် ပြည်သူများ ပူးပေါင်းပါဝင်လာမှုကို အားပေး၍ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးကြရမည် ဖြစ်ပါသည်။ ပြည်သူအားလုံး၏ တိုးတက် ရရှိလာမည့် ဘဝသာယာရေးအတွက် သန့်ရှင်းသော၊ ထင်သာမြင်သာရှိသော ဒီမိုကရေစီ နည်းလမ်းကျသော၊ တာဝန်ရှိသော အုပ်ချုပ်ရေးနည်းလမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပြည်သူဗဟိုပြု စီမံကိန်း များကိုလည်း အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို လွန်ခဲ့သည့် ဆယ်စုနှစ် (၂) စုအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့သော အိမ်နီးချင်းအာရှနိုင်ငံများ၏ အတွေ့အကြုံများရယူ၍ ရေးဆွဲထားပါသည်။ တိုးတက်မှု ရရှိစေနိုင်သော အကြောင်းတစ်ရပ်ဖြစ်သည့် ပို့ကုန်အခြေခံ ပြောင်းလဲထုတ်လုပ်မှု မဟာဗျူဟာကို ကျောထောက်နောက်ခံပြုကာ ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များတွင် မြန်မာနိုင်ငံမှ ချိတ်ဆက် ပါဝင်လာစေရန် ရည်ရွယ်၍ ရန်ကုန်-မန္တလေး တိုးတက်မှု ဝင်ရိုးမဟာဗျူဟာနှင့် စီးပွားရေးလုပ်ငန်းများ စုစည်းဖြစ်ပေါ်မှုကိုအလေးပေးထားသည့် Economic Agglomeration Model တို့ဖြင့် ရေးဆွဲထားပါသည်။

စီးပွားရေးစင်္ကြံ များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုအဖြစ် စတင်ဆောင်ရွက်ရမည့်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယနှင့်ထိုင်း နိုင်ငံတို့ ဖြစ်ပြီး နယ်စပ်ဒေသစီးပွားရေးဇုန်များ ထူထောင်ခြင်း၊ နယ်စပ်ဂိတ်အသစ်များ ဖွင့်လှစ်ခြင်းဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးရေး စတင်လုပ်ဆောင်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေသည့်အပြင် အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

NCDPကို အစိုးရ၊ စီးပွားရေးကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အလှူရှင်များက ဖွံ့ဖြိုးရေး အစီအစဉ်သစ်တွေးခေါ်မှုနည်းလမ်းများကို ခြုံငုံမိလျှင်သော်လည်းကောင်း၊ ပြည်သူဗဟိုပြု နည်းစနစ်များကို စေ့စပ်စွာ သဘောပေါက်လာကြလျှင်သော်လည်းကောင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ ဤစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူ အားလုံးသည် မြန်မာနိုင်ငံ၏ အလျှံပယ်ရှိပြီး၊ ပါဝင်ဆောင်ရွက်နိုင်သော လုပ်သားထုကို အခြေခံ၍ စုပေါင်းချဉ်းကပ်မှုဖြင့် စီမံကိန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့ပြင် သဘာဝ သယံဇာတပေါများမှု၊ မဟာဗျူဟာမြောက် အနေအထား၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စိတ်ဝင်စားသော လူထုတို့က နိုင်ငံတော်ကို ရှေ့တန်းသို့ ရောက်ရှိလာအောင် တွန်းအားပေးသွားမည် ဖြစ်ပါသည်။ NCDP ၏ အခန်းကဏ္ဍကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်သူများသည် အချိန်နှင့်တပြေးညီ အသီးသီး လုပ်အားထည့်ဝင်လျက် မြန်မာနိုင်ငံ၏ အလားအလာ ကောင်းမွန်နေသော အခြေအနေကို အသုံးချ၍ ဟန်ချက်ညီညီ အတူတကွ ပေါင်းစည်းဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။

လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးတွင် အဓိကနှင့် အရေးကြီးသောကဏ္ဍကို ပုဂ္ဂလိကကဏ္ဍ နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက ဆောင်ရွက်ရန်ဖြစ်ပါသည်။ အထူးသဖြင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သည့် (PPP) ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများတွင် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာရန် ဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ကဏ္ဍကို မြှင့်တင် ပေးခြင်းတို့ကိုဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် အုပ်ချုပ်ရေး အာဏာရှိသူဖြစ်ပြီး ဥပဒေပြဋ္ဌာန်းသူအဖြစ် ဆောင်ရွက်ရန်သာမက ပြုပြင်ပြောင်းလဲမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာ၌ ပဓာနကျသောသူ ဖြစ်ပါသည်။ ထို့အပြင် ငွေကြေးဆိုင်ရာ လုပ်ငန်းများနှင့် အခြားသော လုပ်ငန်းများအတွက် လိုအပ်သော အထောက်အပံ့များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

NCDPတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ ၇ ချက် ပါဝင်ပြီး မဟာဗျူဟာ တစ်ချက်ချင်းအလိုက် ထည့်သွင်းစဉ်းစား ထားချက်များ စုစုပေါင်းအချက် ၄၀ ရှိပါသည်။ ၅ နှစ် စီမံကိန်း နှင့် နှစ်စဉ်စီမံကိန်းများသည် NCDP အကောင်အထည်ဖော်မှုကို အထောက်အကူပြုမည် ဖြစ်ပါသည်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် တိုင်းဒေသကြီးအသီးသီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲမှုကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

NCDP ကိုအကောင်အထည်ဖော်ရာတွင် အစိုးရမှ ချမှတ်ပေးထားသော တည်ဆဲဖွံ့ဖြိုးရေး စီမံကိန်းအချက်အလက်များ၊ ကဏ္ဍအလိုက်ပင်မစီမံကိန်းများနှင့် မဟာဗျူဟာများက အပြည့်အဝ အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးဆောင်မှုပြုသော ကော်မတီအနေဖြင့် NCDP အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဤကော်မတီသည် NCDP တွင်ဖော်ပြထားသော အသေးစိတ်မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များအပေါ် ကြီးကြပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းများကို တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
၂၀၁၄ ခုနှစ်



# ၁

# ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ဆီသို့

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများနှင့် အရင်းအမြစ်များ၏ အလားအလာကောင်းများကိုဖော်ထုတ်၍ အာရှနိုင်ငံများတွင် စီးပွားရေးဦးဆောင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်ပြီး နိုင်ငံတကာ အသိုက်အဝန်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ မျှော်မှန်းချက်အနေဖြင့် ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ပြည်သူအားလုံးရရှိခံစားနိုင်သည့် ခေတ်မီဖွံ့ဖြိုး တိုးတက်သောစက်မှုနိုင်ငံ ဖြစ်လာစေရန်ဖြစ်ပါသည်။

ပြည်သူဗဟိုပြုဖွံ့ဖြိုး တိုးတက်မှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရန် ဦးစားပေး ဆောင်ရွက်မည့် လမ်းညွှန်မူဘောင်အဖြစ် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲထားပါသည်။




နိဒါန်း ၁-၁

မြန်မာနိုင်ငံ၏အလားအလာ ၁-၄

- လူသားအရင်းအမြစ် ၁-၄
- သယံဇာတများ ၁-၇
- မဟာဗျူဟာမြောက်ပထဝီဝင်အနေအထား ၁-၈
- ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များနှင့် ချိတ်ဆက်ခြင်း ၁-၉
- နောက်ကျခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများ ၁-၁၁

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များ ၁-၁၂

စဉ်ဆက်မပြတ်တိုးတက်လာရေးအတွက် ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် ၁-၁၅

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (NCDP) မူဘောင် ၁-၂၀

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ၁-၂၄

- အမျိုးသားနိုင်ငံထူထောင်ရေး ၁-၂၇

စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုအခြေအနေ ၁-၂၈

- အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ခြင်း ၁-၃၀
- အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအပေါ် ထိန်းကျောင်းကြပ်မတ်ခြင်း ၁-၃၁

# နိဒါန်း

မြန်မာနိုင်ငံသည် နိုင်ငံသားအားလုံးအတွက် ရေရှည် ကြွယ်ဝချမ်းသာမှုများကို ပေးစွမ်းနိုင်သည့် အလားအလာရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူဦးရေ ၅၁ သန်း ကျော်ရှိပြီး တိုင်းရင်းသား မျိုးနွယ်စုများဖြင့် ပေါင်းစပ်ကာ အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းနိုင်ငံများတွင် အကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီ အနေအထားသည် ကျယ်ပြန့်၍ မြေသြဇာကောင်းသောလွင်ပြင်များ၊ လှပစွာ ဆီးနှင်း ဖုံးလွှမ်းနေသော တောင်တန်းများ၊ ဖြူဖွေးသော သဲများဖုံးလွှမ်းနေသော ပင်လယ်ကမ်းခြေ များနှင့် ပြည့်စုံလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတအမျိုးမျိုးရှိပြီး သစ်တောများ၊ ကျယ်ပြန့်သော သဘာဝဓာတ်ငွေ့သိုက်များ၊ ထုတ်ယူနိုင်ရန်အလားအလာရှိသော ရေအားလျှပ်စစ်၊ ဓာတ် သတ္တု ပေါ်ကြွယ်ဝမှု၊ တန်ဖိုးရှိသော ကျောက်မျက်ရတနာများ ကြွယ်ဝလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပထဝီ အနေအထားတည်ရှိနေမှုသည် အာဆီယံ၊ အရှေ့အာရှ၊ တောင်အာရှ လမ်းဆုံနေရာတွင်တည်ရှိပြီး၊ မဟာဗျူဟာမြောက် ဝင်ပေါက်လမ်းရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အားကောင်းပြီး ကျယ်ပြန့်သော စီးပွားရေးအင်အား ပိုင်ဆိုင် ထားသော တရုတ်၊ အိန္ဒိယတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပါသည်။

လျင်မြန်တိုးတက်ပြီး ပေါင်းစည်းမှုရှိလာသော အာဆီယံဒေသ၊ ကျန်အရှေ့အာရှနှင့် နီးကပ်စွာ ဆက်စပ်နေသော အစိတ်အပိုင်းတစ်ရပ်အနေနှင့် မြန်မာနိုင်ငံသည် နောက်ကျ သူတို့ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ခံစားရရှိနိုင်မည်ဖြစ်ပါသည်။ ဒေသတွင်း အခြားနိုင်ငံများမှ ရရှိခဲ့သည့် အောင်မြင်သော ဖွံ့ဖြိုးမှုအတွေ့အကြုံများကို သိရှိခဲ့ပြီး ဖြစ်ပါသည်။ ဤအတွေ့အကြုံသည် ကမ္ဘာနှင့် ချိတ်ဆက်မှုကို ဖြန့်ကြက်နိုင်ပြီး၊ ဒေသ တွင်း ထုတ်လုပ်မှုကွန်ယက်များကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းများတွင် အထည်ချုပ် လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ မော်တော်ကားထုတ်လုပ်မှုတို့မှာ အာရှစီးပွားရေး အဆောက် အအုံပြောင်းလဲမှုနှင့် ဖွံ့ဖြိုးရေးကို တွန်းအားပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံသည် လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် အမျိုးမျိုးသော ကုန်ထုတ်လုပ်မှု အခြေခံ အလားအလာများကို ပိုင်ဆိုင်လျက်ရှိပါသည်။ ထို့ပြင် ကမ္ဘာ့ဈေးကွက်ကို လွယ်ကူစွာ လက်လှမ်းမီလျက် ဒေသတွင်း စီးပွားရေးတိုးချဲ့ လုပ်ကိုင်မှုကို မြန်မြန်ဆန်ဆန် ဆောင်ရွက် နိုင်စွမ်းလည်းရှိပါသည်။ ဤအားသာချက်များသည် မြန်မာနိုင်ငံသား အားလုံးအတွက် ထူးခြားသော အရည်အသွေးရှိသည့်ဘဝနှင့် ကမ္ဘာ့အဆင့်အတန်းမီ အနေအထားသို့ ရောက်ရှိရန် လမ်းခင်းပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ထူးခြားသောစိန်ခေါ်မှုများကို ရင်ဆိုင်လျက် ရှိနေသော်လည်း ဖွံ့ဖြိုးမှုနှင့် တိုးတက်မှုအတွက် ကြီးမားသော အလားအလာများ ရှိနေပါသည်။ ယင်း အခြေအနေသည် တစ်နည်းအားဖြင့် နိုင်ငံသားအားလုံးအတွက် ကောင်းကျိုးများကို စဉ်ဆက်မပြတ် သယ်ဆောင်လာနိုင်မည် ဖြစ်ပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအကြား ကျန်းမာရေး၊ ပညာရေး တို့တွင် နောက်ကျကျန်နေခဲ့သည့် အရှေ့တောင်အာရှ အဆင်းရဲဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ ၏ကုန်ထုတ်စွမ်းအား အခြေခံသည် ဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိပြီး ထပ်ဆင့်တိုးတန်ဖိုး ကုန်စည်များလည်း အဆင့်နိမ့်ကျလျက်ရှိပါသည်။ ထို့ပြင်လယ်ယာထုတ်ကုန် အမျိုး အစားနည်းပါးခြင်း၊ ထုတ်ကုန်လုပ်ငန်းများတွင် ကန့်သတ်ချက်များရှိနေခြင်း၊ အခြေခံ

အဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးမှုအားနည်းခြင်း၊ အာရှစီးပွားရေးနှင့် ချိတ်ဆက်မှု အားနည်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ အားနည်းချက်သည်လည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြစ်ပေါ်စေပါသည်။ အလားတူစွာပင် ဈေးကွက် စီးပွားရေးကို ပြောင်းလဲရာတွင် အဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှု စွမ်းရည် မပြည့်ဝခြင်းသည်လည်း တိုးတက်မှုကို နှေးကွေးစေပါသည်။

မြန်မာနိုင်ငံသည် စီမံကိန်း စီးပွားရေးစနစ်ဖြစ်သည့် ဆိုရှယ်လစ် စီးပွားရေးစနစ်မှ ဈေးကွက် စီးပွားရေးစနစ်သို့ပြောင်းလဲရန် ၁၉၈၈ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်လာမှုကြောင့် အောင်မြင်မှု အချို့ရရှိခဲ့ပါသည်။ သို့ရာတွင်အကျိုးဖြစ်ထွန်းမှုမှာ အကန့်အသတ်ရှိနေပြီး တိုးတက်မှုနှင့် အကောင်အထည်ဖော်မှုတွင် နောက်ကျကျန်လျက်ရှိပါသည်။ ဤနောက်ကျကျန်ခဲ့မှုကြောင့် ၂၀၁၀တွင် ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းပြတ်သားပြီး ရဲရင့်သောလမ်းညွှန်မှု တစ်ရပ်ကို စတင်ခဲ့ပါသည်။

ပထမဆုံး စတင်ပြောင်းလဲမှုအဆင့်ကို ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးအပေါ် အဓိက ရည်မှန်းချက်ထားလျက် နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ပြုပြင် ပြောင်းလဲမှုများကို အာရုံစိုက် ဆောင်ရွက်ခဲ့ပါသည်။ပထမအဆင့်၏ အောင်မြင်မှုသည် ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှု ဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုအတွက် အုတ်မြစ်ဖြစ်လာခဲ့ပြီး ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆန့် လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်သို့ ဦးတည်သွားမည် ဖြစ်ပါသည်။ တတိယအဆင့်အနေဖြင့် အုပ်ချုပ် ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ပြီး၊ စတုတ္ထအဆင့် အနေဖြင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

ပြောင်းလဲမှုများနှင့်အတူ ကမ္ဘာ့စီးပွားရေး၊ ဒေသဆိုင်ရာ စီးပွားရေးတို့တွင် အောင်မြင်မှုသို့ ဦးတည်လျက်ရှိပြီး လာမည့်ဆယ်စုနှစ်များအတွင်း အရှိန်မြင့်မား လာဖွယ်ရာရှိပါသည်။ တိုးတက်မှု နှင့် ကြီးပွားချမ်းသာမှုရလဒ်များကို ပြည်သူတို့ ညီတူညီမျှ ခံစားနိုင်စေရန် အသင့်ပြင်ဆင်ပြီး ဖြစ်နေရန် လိုအပ်ပါသည်။

**NCDP ၏ ရည်ရွယ်ချက်**

မြန်မာနိုင်ငံ၏ တိုးတက်မှု နှင့် ဖွံ့ဖြိုးမှုများအရှိန် အဟုန်မြင့်လာစေရန် မဟာဗျူဟာ လမ်းပြမြေပုံ၊ စီမံကိန်းရေးဆွဲခြင်းမူဘောင်၊ မူဝါဒရေးဆွဲခြင်းများ၊ ဦးစားပေး ဦးတည်ချက်များအရ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ ကာလရှည်မျှော်မှန်းချက်များ၊ အမျိုးမျိုးသော လုပ်ဆောင်ချက် များအတွက် ကျယ်ပြန့်သော မဟာဗျူဟာများကို ဖော်ဆောင် ပေးပါသည်။

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် ပြည်တွင်းပြည်ပ ပတ်ဝန်းကျင် ပြောင်းလဲလာခြင်းနှင့်အညီ ၂၀၃၀ ပြည့်နှစ်အထိ ရေရှည်ဖွံ့ဖြိုး တိုးတက်လာရေးအတွက် မဟာဗျူဟာမြောက် လမ်းညွှန်ချက်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားရှိပါသည်။ ဖွံ့ဖြိုး တိုးတက်မှု ပုံစံသစ်အနေဖြင့် သဘာဝသယံဇာတပစ္စည်းများနှင့် အခြေခံလယ်ယာ ထုတ်ကုန် ပေါ် မှီခိုအားထားနေရမှုမှ ခေတ်မီဆန်းပြားသော နည်းပညာနှင့် အသိပညာအပေါ် ပေါင်းစပ်ကာ၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်ပါသည်။ မဟာဗျူဟာမြောက်လမ်းပြမြေပုံ၊ စီမံကိန်းမူဘောင်၊ မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရေရှည်စီမံကိန်းမျှော်မှန်းချက်များပေါ် အခြေခံကာ (NCDP) ကို ရေးဆွဲထားပါသည်။ ကဏ္ဍ၊ ဒေသန္တရ၊ စီမံကိန်းမူဝါဒများကိုလည်း လမ်းညွှန်ပေးသွားမည်ဖြစ်ပါသည်။ (NCDP) သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ မူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည် စီမံကိန်းများနှင့် လိုက်လျော ညီထွေရှိပြီး ရှင်းလင်းတိကျစွာဖော်ပြထားပါသည်။

ယေဘုယျအားဖြင့် (NCDP) တွင် အချက်(၃)ချက်ပါဝင်သည်။ (၁) မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို ပုံဖော်ထားပြီး အဓိကစိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသောအခက်အခဲများ၊ အခွင့်အလမ်းများကို တင်ပြထားပါသည်။ (၂) မြန်မာ နိုင်ငံ၏ ၂၀၃၀ ပြည့်နှစ်တွင် ရောက်ရှိနိုင်မည့်မြင်ကွင်း၊ ရေရှည်မျှော်မှန်းချက်များကိုလည်း တင်ပြထားပါသည်။ (၃) မြန်မာနိုင်ငံ၏ ရေရှည်မျှော်မှန်းချက်များကို မည်သို့ရောက်ရှိနိုင်မည်၊ မည်သို့ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်၊ မဟာဗျူဟာများကို ရုပ်လုံးဖော်ရာတွင် ရွေးချယ်ညွှန်ပြထားသော အစီအစဉ်များကို မည်သို့အသုံးချမည် စသည်တို့ကို ခွဲခြားသတ်မှတ်တင်ပြထားပါသည်။

(NCDP) ကို ကာလတို ၅ နှစ် ဖွံ့ဖြိုးမှုစီမံကိန်း ၄ ခုနှင့် ရေးဆွဲထားပါသည်။ ကာလတိုစီမံကိန်းအသီးသီးသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးပန်းတိုင်သို့ ရောက်ရှိရန် အုတ်မြစ်ဖြစ်ပါသည်။

# မြန်မာနိုင်ငံ၏ အလားအလာ


## လူသားအရင်းအမြစ်

**လူဦးရေအချိုးအစား**

ပန်းအိုးပုံလူဦးရေညွှန်ပြချက်အရ လာမည့်နှစ်များအတွင်း အလုပ်လုပ်နိုင်သည့် လူဦးရေများ တိုးပွားလာပြီး စက်မှုနိုင်ငံဖြစ်ထွန်းရေးအတွက် တိုးတက်မှုအလားအလာများကိုဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ် များစွာရှိပါသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် လူမျိုးစု ၁၃၅ မျိုးနှင့် လူဦးရေ ၅၁ သန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပါသည်။ လူဦးရေ ၇၅%မှာ ကျေးလက်ဒေသတွင် နေထိုင်လျက် ရှိကြပါသည်။ အသက် ၁၅နှစ်မှ ၂၈နှစ်ကြား လူဦးရေမှာ ၁၃သန်းဖြစ်ပြီး အလုပ်လုပ်နိုင်သောလူဦးရေ၏ ၄၀%ခန့် ဖြစ်ပါသည်။ လူဦးရေ၏ ၂၅%သည် အလုပ်လုပ်နိုင်သည့် အလားအလာရှိသော လူငယ်များဖြစ်သည်။ ယင်းလူဦးရေမှာ တရုတ်နိုင်ငံ (၁၉%) ထက် မြင့်မားလျက်ရှိပြီး ထိုင်းနိုင်ငံ (၂၀%) ထက် မြင့်မားကာ အိန္ဒိယနိုင်ငံ (၃၀%) အောက် နိမ့်ကျလျက်ရှိပါသည်။

အသက် ၆၅ နှစ်ကျော် လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ (၇.၄%)ရှိပါသည်။ အသက်ကြီး မှီခိုအချိုးသည် အိန္ဒိယ (၇.၇%) ၊ တရုတ်နိုင်ငံ (၁၁.၅%) ၊ထိုင်းနိုင်ငံ (၁၂.၉%) တို့အောက် နိမ့်ကျလျက်ရှိပါသည်။ သို့ရာတွင် လူဦးရေပစ်ရမစ် (ပုံ-၁-၁) တွင် ဖော်ပြသည်မှာ မြန်မာနိုင်ငံ၏ လူဦးရေသည် နောက်ဆယ်စု (၂) စုတိုင် ဆက်လက်မြင့်တက်နေမည်။ အလုပ်လုပ်နိုင်သော လူဦးရေ ပါဝင်မှုအချိုးသည် ထိုကာလကို ကျော်လွန်ပါက ပြန်လည် ကျဆင်းသွားနိုင်ပါသည်။ ထို့ကြောင့် အလုပ်လုပ်နိုင်သော လူဦးရေမြင့်တက်၍ ၎င်းတို့၏ စွမ်းဆောင်မှုမှ ရရှိလာမည့် ဖွံ့ဖြိုးမှုအလားအလာများကို NCDP အကောင်အထည်ဖော်ရာတွင် ထိရောက်စွာ ကျင့်သုံးသွားရန် လိုအပ်မည်ဖြစ်ပါသည်။





ပုံ-၁-၁

ပုံ-၁-၁ မြန်မာနိုင်ငံလူဦးရေအခြေအနေ၊ ဇာစ်မြစ်- ကုလသမဂ္ဂ (၂၀၁၁)

မြန်မာနိုင်ငံလူဦးရေ၏ ၇၅%ကျော်မှာ ကျေးလက်၌ အခြေစိုက်ကြရာ ရန်ကုန်တိုင်းဒေသကြီး(၅သန်းခန့်) နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုံ မန္တလေး ပတ်ဝန်းကျင်တွင် (၁သန်းခန့်) တို့သည် မြို့နေလူဦးရေဖြစ်ပါသည်။ ဤမြို့ကြီး (၂) မြို့သည် အကြီးမားဆုံး စက်ရုံများ စုစည်းထားသော နေရာများလည်းဖြစ်ပါသည်။ စက်မှုကဏ္ဍတွင် လိုအပ်သော ထုတ်လုပ်မှု စွမ်းရည်ရှိသည့် အလုပ်အကိုင်အတွက် ကျေးလက်ဒေသတွင် ပိုလျှံလုပ်အားများစွာ ရှိနေပါသည်။ ထုတ်လုပ်မှု စွမ်းရည်ကို အသုံးချနိုင်သော အလုပ်အကိုင်များ ဖန်တီးရန် လယ်ယာအခြေခံ စက်မှုလုပ်ငန်းများအတွက် အလားအလာကောင်းများဖြစ်ပါသည်။

လက်ရှိအချိန်၌ မြန်မာနိုင်ငံ၏ လုပ်သားအင်အားစုများမှာ ထုတ်လုပ်မှု စွမ်းရည်နိမ့်ကျသော လုပ်ငန်းများတွင် လုပ်ကိုင်နေကြရပြီး အများစုမှာ အလုပ်လက်မဲ့များဖြစ်ကြသည်။ နုပျိုငယ်ရွယ်သော လူဦးရေသည် လာမည့်ဆယ်စုနှစ်ကာလများတွင် အလားအလာရှိသည့် လူ့အဖွဲ့အစည်းပုံစံ တစ်ခုကို ပုံဆောင်ထားပါသည်။ စာတတ် မြောက်မှုရာခိုင်နှုန်း (၉၂%) ရှိပြီး ဥပမာအားဖြင့် ကမ္ဘောဒီးယား (၇၈%)၊ အိန္ဒိယ (၆၃%) တို့နှင့် နှိုင်းယှဉ်ပါက ပညာရေးတွင် ဆက်လက် ဖွံ့ဖြိုးရှင်သန်လာမည့် အနေအထားရှိနေပါသည်။ လုပ်ငန်းအခြေစိုက် ကျွမ်းကျင်မှု တိုးပွားလာရေးနှင့် လေ့ကျင့်သင်ကြားပေးရေးတို့သည် နိုင်ငံတိုးတက်ရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ကုန်ထုတ် စွမ်းရည် မြှင့်တင်မှု၊ ရေရှည်တွင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာရေးတို့ကို တွန်းအားပေးလျက် ရှိပါသည်။






## သယံဇာတပေါကြွယ်ဝမှု

ကုန်းမြေဧရိယာ ၆၇၆၅၇၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းနိုင်ငံများအနက် အကြီးမားဆုံးဖြစ်၍ ကမ်းရိုးတန်းအရှည်မှာ ၂၈၃၂ ကီလိုမီတာရှိပါသည်။ ပြန်လည်ဖြည့်တင်းနိုင်သော သဘာဝသယံဇာတများနှင့် ဖြည့်တင်းနိုင်ခြင်းမရှိသော သဘာဝသယံဇာတပစ္စည်းများကြွယ်ဝစွာ ရှိနေပါသည်။ အဆိုပါ အခြေအနေသည် နိုင်ငံခြားပို့ကုန် ဝင်ငွေများရရှိရာ အရင်းအမြစ်တစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတွင် လုပ်ငန်းအမျိုးမျိုး တည်ထောင်ခြင်းနှင့် ထုတ်ကုန်အမယ်သစ်များ တီထွင်ထုတ်လုပ်ရန် ထိရောက်သော သွင်းအားစုများအဖြစ် ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။ နွေးသမပိုင်း ရာသီဥတု နှင့် မြေဆီလွှာကောင်းမွန်မှုများသည့် အလယ်ပိုင်းဒေသတွင် စိုက်ပျိုးသော ဆန်စပါး၊ ကြံ စသည့် သီးနှံများမှသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်ကဲ့သို့သော အပူအအေးမျှတသည့် ဒေသများတွင် စိုက်ပျိုးသော ဟင်းသီးဟင်းရွက်မျိုးစုံသီးနှံ ၆၀ စိုက်ပျိုးရန်အတွက် ကောင်းမွန်ပါသည်။

မြန်မာနိုင်ငံ၏ တစ်ဦးချင်းလယ်ယာပိုင်ဆိုင်မှု ၀.၂၆၁ ဟက်တာမှာ အာဆီယံဒေသအတွင်း အမြင့်ဆုံးဖြစ်ပါသည်။ သို့ရာတွင် ၁၈.၄% ပတ်ဝန်းကျင်ခန့်သာ အသားတင်စိုက်ပျိုးလျက်ရှိပါသည်။ လာအိုနိုင်ငံမှအပ ကျန်အာဆီယံ နိုင်ငံများထက် သိသိသာသာ နည်းပါးလျက် ရှိပါသည်။ မြေဧရိယာ (၂၀%)ခန့်မှာ သစ်တောများပြုန်းတီးမှု၊ မိုးခေါင်မှု၊ လွဲမှားစွာအသုံးပြုမှုတို့ကြောင့် ခြောက်သွေ့ဒေသများ ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါနေရာများသည် နောင်အနာဂတ် ကာလတွင် လယ်ယာစိုက်ပျိုးရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများအတွက် တိုးချဲ့ဆောင်ရွက်နိုင်သော မြေနေရာများဖြစ်ပါသည်။

## သယံဇာတများ

မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့၊ ရေ၊ သစ်တော၊ ငါးမျိုးများ ထူးခြားစွာ ပေါကြွယ်ဝလျက်ရှိပါသည်။ အခြားသယံဇာတပစ္စည်းများမှာ ရေနံ၊ တွင်းထွက် သတ္တုအမျိုးမျိုးအပြင် သံဖြူ၊ ခနောက်စိမ်း၊ သွပ်၊ ကြေးနီ၊ အဖြိုက်နက်၊ ခဲ၊ နီကယ်၊ ကျောက်မီးသွေး၊ သလင်းကျောက်၊ ထုံးနှင့် တန်ဖိုးရှိ ကျောက်မျက်ရတနာများ တို့ပါဝင်ပါသည်။ အမျိုးမျိုးသော သယံဇာတများ ပေါများစွာတည်ရှိနေခြင်းသည် ( ပုံ ၁-၂ ) နိုင်ငံတကာ ဈေးကွက်သို့ ဝင်ဆံ့နိုင်မည့် တန်ဖိုးမြင့်ကုန်စည်များကို ထုတ်လုပ်ရန် အတွက် အခြေခံအုတ်မြစ်များဖြစ်ပါသည်။




ပုံ-၁-၂ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှု၊ ဇာစ်မြစ်- အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)

သဘာဝဓာတ်ငွေ့သိုက်များသည် ကမ်းလွန်တွင် ကုဗပေ ၁၁ ထရီလီယံ၊ ကမ်းနီးတွင် ကုဗပေ ၄၁၀ ထရီလီယံနှင့် ကမ္ဘာပေါ်တွင် ၃၇ နိုင်ငံမြောက် ဓာတ်ငွေ့သိုက် စိုအောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် ပင်မဇာစ်မြစ်သည် ရေအား လျှပ်စစ် ထုတ်လုပ်မှုဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ကို လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသို့ အဓိက တင်ပို့လျက် ရှိပြီး နိုင်ငံ၏ ပို့ကုန်ဝင်ငွေ ရရှိရေးအတွက် အဓိကအရေးပါသော အရင်းအမြစ် တစ်ခု ဖြစ်ပါသည်။ အရှေ့တောင်အာရှတွင် အဓိကစွမ်းအင် တင်ပို့နိုင်သော နိုင်ငံ ၅ နိုင်ငံအနက် တစ်နိုင်ငံဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရေနံအရန်ထားရှိမှုပမာဏမှာ စည်ပေါင်း ၂.၁ ဘီလီယံခန့်ရှိရာ ထိုင်းနှင့် ဘရူနိုင်းနိုင်ငံတို့ထက် သာလွန်ပြီး၊ မလေးရှား (၅.၉ ဘီလီယံ)၊ အင်ဒိုနီးရှား (၅.၈ ဘီလီယံ)နှင့် ဗီယက်နမ် (၄.၄ ဘီလီယံ)တို့ထက် လျော့နည်းလျက်ရှိပါသည်။


**အာရှ၏ အဓိကစွမ်းအင်တင်ပို့မှု (၅)နိုင်ငံအနက်မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် ၃၇ နိုင်ငံမြောက် ကမ္ဘာ့အကြီးဆုံးသဘာဝဓာတ်ငွေ့ အရန်ထားရှိမှု၊ ရေအားလျှပ်စစ် ထုတ်လုပ်ရန်အလားအလာကောင်းများရှိမှု၊ ရေနံအရန်ထား ရှိမှု ၂.၁ သန်းတို့ဖြင့် အာရှ၏ စွမ်းအင်အဓိကရရှိရာ အရင်းအမြစ်အဖြစ်ပြန်လည် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

ပြန်လည်သုံးစွဲနိုင်သော ရေသယံဇာတပစ္စည်းများမှာ ၂၀၁၀ ခုနှစ်တွင် တစ်ဦးကျ သုံးစွဲနိုင်မှု ၂၄၃၅၂ ကုဗမီတာရှိပြီး အာရှတိုက်တွင် အခြားနိုင်ငံ အားလုံးနီးပါးထက် မြင့်မားလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အဓိကအားဖြင့် လယ်ယာကဏ္ဍအတွက် (အသုံးပြုနိုင်သော ရေ၏ ၉၀%) အပါအဝင် ရေသယံဇာတရင်းမြစ် ၅% ကိုသာ အသုံးပြုလျက်ရှိပါသည်။ ရေသည် အဓိကစွမ်းအင်ရင်းမြစ်တွင် ပါဝင်လျက်ရှိပါသည်။ စုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ၃ပုံ၂ပုံမှာ ရေအားအသုံးပြု ထုတ်လုပ်သော စွမ်းအင်ဖြစ်ပါသည်။ ထို့ကြောင့် စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများတွင် ပိုမိုအသုံးပြုနိုင်ရန် ရေအရင်းအမြစ်များစွာ ကျန်ရှိပါသည်။ ငါးနှင့်ငါးမွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် ရေသယံဇာတများသည်လည်း ကြီးမားသော အလားအလာများကို ဖော်ဆောင်လျက်ရှိပါသည်။ အလားတူပင် ကီလိုမီတာ ၃၀၀၀ ကျော်ရှိသော ကမ်းရိုးတန်း ဒေသတစ်လျှောက်နှင့် ဟက်တာ ၁၈၂၀၂၃ ကျယ်ပြန့်သော ဒီရေတောများသည် ရေငန်ငါးလုပ်ငန်း သယံဇာတ အတွက် စဉ်ဆက်မပြတ် အများဆုံး ထုတ်လုပ်ပေးနိုင်သော အရင်းအမြစ်များဖြစ်ပါသည်။ တစ်နှစ်လျှင် ရေထွက်ပစ္စည်းတန်ချိန် မက်ထရစ်တန် ၁.၁ သန်းခန့် ထုတ်လုပ် ပေးလျက်ရှိပြီး လတ်တလောတွင် အရေအတွက်အားဖြင့် အမြင့်ဆုံး ထုတ်လုပ်ပေးနိုင်မှု အဆင့်တွင်ရှိနေပါသည်။

## မဟာဗျူဟာမြောက်ပထဝီဝင်အနေအထား

မြန်မာနိုင်ငံသည် အရှေ့အာရှ၊ တောင်အာရှတို့၏ လမ်းဆုံတွင် တည်ရှိပါသည်။ နိုင်ငံကို အရှေ့ဘက်တွင် ထိုင်းနှင့်လာအို၊ မြောက်ဘက်တွင် တရုတ်၊ အနောက် ဘက်တွင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တို့က ဝန်းရံလျက် ရှိနေပါသည်။ မြန်မာနိုင်ငံသည် မြောက်ဘက်မှ တောင်ဘက်သို့ ကီလိုမီတာ ၂၀၉၀ ရှည်လျားပြီး စုစုပေါင်း ပင်လယ် ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာနှင့်အတူ အရှေ့မှအနောက်သို့ အကျယ်ဆုံး နေရာတွင် ၉၂၅ ကီလိုမီတာရှိပါသည်။





ပုံ-၁-၃
ကမ္ဘာ့လူဦးရေးအရ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီဝင်အနေအထား။

မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်ပထဝီအနေအထားသည် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် လျင်မြန်စွာတိုးတက်နေသော ဒေသတွင်းအချက်အချာနေရာတွင် တည်ရှိပါသည်။ ကမ္ဘာ့လူဦးရေ၏ ၅၀%ခန့်ရှိသော ဒေသအလယ်တွင် ရပ်တည်နေပြီး အကြီးမားဆုံးနှင့် မြန်ဆန်စွာ ကျယ်ပြန့်လာသော ဈေးကွက်များဖြစ်သည့် တရုတ်လူဦးရေ ၁.၃ ဘီလီယံ ခန့်၊ အိန္ဒိယ ၁.၂ ဘီလီယံခန့်၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC ၂၀၁၅) သန်း ၆၀၀ တို့ အလယ်တွင် ရှိနေပါသည်။

## ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များနှင့် ချိတ်ဆက်ခြင်း

မြန်မာနိုင်ငံသည် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုတိုးတက်လာမှု၊ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှု ပေါင်းစည်း ဖြစ်ပေါ်လာရေးတို့တွင် အချက်အချာကျသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ နိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်နှင့်အရှေ့မြောက်ရှိ ကုန်းမြေအားဖြင့် ဆက်စပ်လျက် ရှိပါသည်။ ထို့ပြင်အိန္ဒိယသမုဒ္ဒရာသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင် လက်လှမ်းမီနိုင်ရေး၊ အဓိက ဦးဆောင် လုပ်ငန်းများဖြစ်သော အာရှ အဝေးပြေး လမ်းဖောက်လုပ်မှု၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ (ဗီယက်နမ် ၊ လာအို၊ ထိုင်း၊ မြန်မာ) တို့မှာ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနေအထားတွင်ရှိပြီး အဓိက ဒေသတွင်း ဦးဆောင်ဦးရွက်ပြုမှုတို့တွင် မြန်မာနိုင်ငံ ပါဝင်လာမှုကို အားဖြည့်ပေးလျက်ရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အရှေ့တောင် အာရှနိုင်ငံများအတွင်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် အဓိကအခန်းမှ ပါဝင်လျက် ရှိနေပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ် (တရုတ်အပါအဝင်) နိုင်ငံများတွင် အာဆီယံအဖွဲ့ဝင်များ၏ စီးပွားရေးနှင့် ချိတ်ဆက်ကာ မဟာမဲခေါင် ဒေသခွဲနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးတွင် တောင်အာရှအသင်း၌ လေ့လာသူတစ်ဦးအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။




ပုံ-၁-၄ ဒေသတွင်းတန်ဖိုးကွင်းဆက်များနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များအရ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီဝင်အနေအထား

မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော အာရှနိုင်ငံများ၏ စီးပွားရေးသည် ကမ္ဘာ့စီးပွားရေး မျက်နှာစာတွင် ဆယ်စုနှစ်များအတွင်း မြန်ဆန်သိသာစွာ တိုးတက်လာပါသည်။ အရှေ့တောင်နှင့် အရှေ့မြောက် အာရှစီးပွားရေးတွင် တိုးတက်လာသော ကုန်စည်ထုတ်လုပ်မှုကို ပေါင်းစည်းပေးခြင်းဖြင့် ကြီးမားသော အတိုင်းအတာတစ်ခုထိ ရောက်ရှိအောင် တွန်းအားပေးလျက်ရှိသည့်အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စီးဝင်လာရေးကို မြန်ဆန်လာစေပါသည်။ တရုတ်နိုင်ငံသည် ကုန်သွယ်မှု မြန်ဆန်စွာ ကျယ်ပြန့်လာမှုတွင် အဓိကကဏ္ဍမှ ပါဝင်သူဖြစ်ပြီး လျှပ်စစ်ဓာတ်အားနှင့် အီလက် ထရွန်နစ် ထုတ်ကုန်များကို ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောဆယ်စုနှစ်ကာလများက ယင်းနိုင်ငံများတွင် စီးပွားရေးတိုးတက်မှုနှေးကွေးမှုကြောင့် ဒေသပို့ကုန်များသည် အာရှပြင်ပရှိ ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အဟန့်အတား ဖြစ်စေပါသည်။ အာဆီယံဈေးကွက်သည် ဒေသတွင်းနိုင်ငံများ၏ ကုန်စည်များကို နောက်ဆုံးလက်ခံ ဝယ်ယူ ရာ ကုန်စည်ဒိုင်ကြီး ဖြစ်သကဲ့သို့ ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေး တိုးတက်စေရေးအတွက် အဓိကမောင်းနှင်အားဖြစ်လာနိုင်ပါသည်။ ၂၀၁၅ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ အရှေ့အာရှနှင့် အိန္ဒိယအစရှိသော နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ဖော်ဆောင်ရာတွင်လည်း လွယ်ကူချောမွေ့စေမည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာနှင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးလာမှု ပုံသဏ္ဍာန်ပြောင်းလဲဆောင်ရွက်မှုတွင် အခွင့်အလမ်းများကို အမိအရ ရရှိနိုင်မှုအနေအထား အကောင်းဆုံးနေရာ၌ ရပ်တည်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ရွေ့လျားနေမှုကွန်ယက်တွင် လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သဘာဝသယံဇာတများအတွက် အဆင့်မြင့်ကုန်စည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသောနေရာအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများအတွင်း ဒေသဆိုင်ရာနှင့် ကမ္ဘာလုံး ဆိုင်ရာထုတ်လုပ်မှု ကွန်ယက်များတွင် နည်းလမ်းများကို ထိုးထွင်းသိရှိပြီး အဆင့်မြင့်ပါဝင် ဆောင်ရွက်သူတစ်ဦးအဖြစ် ဝန်ဆောင်မှု ပေးလာနိုင်မည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ အားသာချက်များ

မြန်မာနိုင်ငံသည် အာရှတိုက်၏ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များနှင့် ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်မှုတွင် စံပြနေရာတွင် ရပ်တည်လျက်ရှိပါသည်။ နိုင်ငံတွင်ရှိနေသော ရေနက်ဆိပ်ကမ်းများ၊ အဝေးပြေးကုန်းလမ်းများ၊ နယ်စပ်ဒေသတစ်လျှောက်ရှိဝင်ပေါက်များ၊ အချက်အချာနေရာများတွင် စီးပွားရေးဇုန်များဖြင့် ခေတ်မီ စီးပွားရေး အဆောက်အအုံများ တိုးတက်လာမှုသည် ကမ္ဘာနှင့်ချိတ်ဆက်ဆောင်ရွက်မှုများနှင့် ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်တွင် မြန်မာနိုင်ငံ၏ အားသာချက်များကို ဖွင့်ပေးလျက်ရှိပါသည်။ ကမ္ဘာတွင် လူဦးရေအများဆုံး ရှိသော နိုင်ငံ ၂ နိုင်ငံအကြား တည်ရှိလျက် ယှဉ်ပြိုင်မှုစွမ်းအား၊ သဘာဝသယံဇာတများ၊ ပထဝီ အနေအထားအရ ရပ်တည်နေမှုတို့အပေါ် အခြေခံကာ နောက်ကျသူတို့ရရှိသော အခွင့်အရေး နှင့် ထုတ်ယူသုံးစွဲခြင်း မပြုရသေးသည့် သယံဇာတ၊ ပြည်တွင်းဈေးကွက်တို့နှင့် ပေါင်းစပ်၍ မြန်မာနိုင်ငံသားတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

## နောက်ကျခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများ

မြန်မာနိုင်ငံ၏ အစိကအခွင့်အလမ်းများသည် အချိန်ကာလပေါ်မူတည်၍ စီးပွားရေး အဆောက်အအုံ ပြုပြင်ပြောင်းလဲရေး၊ တိုးတက်လာလျက်ရှိသော အဆင့်မြင့်နည်းပညာသုံး စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရေးနှင့် တိုးတက်မှုကို တွန်းအားပေးမှုစသည့် အားသာချက်များကို ဖြစ်ပေါ်စေပါမည်။ အဆိုပါ အားသာချက်များပေါ် အခြေခံ၍ နိုင်ငံကို တည်ဆောက်သွားရန်ဖြစ်ပါသည်။ ဤသို့ တည်ဆောက်ရာတွင် မြန်မာနိုင်ငံသည် လမ်းညွှန်ချက်တစ်ရပ်အနေဖြင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို အားပြုကာ နောက်ကျသူတို့ရရှိသော အခွင့်အရေးများကို အသုံးချရမည်ဖြစ်ပါသည်။ စီးပွားရေးအခွင့်လမ်း၊ တန်ဖိုးမြှင့်ကုန်စည်များ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုများ၊ သမိုင်းပေးဖြစ်စဉ်အရ ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် အရှေ့အာရှနိုင်ငံများ၏ အတွေ့အကြုံများကို လမ်းညွှန်အဖြစ် အသုံးချရမည် ဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှားနှင့် မကြာသေးခင် ကာလမှ တိုးတက်မှုရရှိလာသော ဗီယက်နမ်တို့သည် မိမိနိုင်ငံအတွင်းရှိ သဘာဝ သယံဇာတများ၏ အားသာမှု၊ မိမိတို့၏ စီးပွားရေးမြှင့်တင်ရန် လုပ်ခတန်ဖိုးနည်းပါးသည့် လုပ်သားအင်အားကို အားပြု၍ စဉ်ဆက်မပြတ်တိုးတက်မှုနှုန်းကို ရယူပေးနိုင်ခဲ့သော နိုင်ငံများပင် ဖြစ်ပါသည်။ ယင်းနိုင်ငံများတွင် အထည်ချုပ်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ နည်းပညာ မြင့်မားသောလုပ်ငန်းများ၊ အီလက်ထရောနစ်လုပ်ငန်း၊ မော်တော်ကားလုပ်ငန်းတို့ဖြင့် ဝင်ငွေအလယ်အလတ်အဆင့်သို့ ရောက်ရှိရေးတို့ကို ရည်မှန်းချက်ထားရှိလျက် ထုတ်ကုန်အမယ်သစ်များ၏ ဈေးကွက်တွင် ကျွမ်းကျင်မှုနည်းပါးသော လုပ်သားများ၏ စွမ်းရည်ကို တဖြည်းဖြည်းမြှင့်တင်ပြီး ပြည်တွင်းပြည်ပ သယံဇာတများကို စုစည်းဆောင်ရွက်ခဲ့ကြပါသည်။

> **နောက်ကျခြင်းမှ ရရှိသည့် အကျိုးကျေးဇူး**
>
> နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အများအပြားစီးဝင်ခြင်းနှင့် စီးပွားရေးတိုးတက်မှုနှုန်း လျင်မြန်လာခြင်းကြောင့်လူမှု စီးပွားဆိုးကျိုးများကိုလျော့ပါးသက်သာစေပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရန်မြန်မာနိုင်ငံသည် နောက်ကျခြင်းဖြင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို ရယူနိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

အရှေ့မြောက်အာရှနိုင်ငံများဖြစ်သည့် ထိုင်ဝမ်နှင့်ကိုရီးယားတို့သည် နည်းပညာတိုးတက်မှု၊ ကျွမ်းကျင်မှု၊ အခြေခံအဆောက်အအုံတိုးတက်မှုတို့ကို အားထားလျက် စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲမှုကိုအားစိုက်ဆောင်ရွက်ခဲ့သည့်အတွက် ဝင်ငွေအလယ်အလတ်အဆင့်ကိုကျော်လွှားပြီး စဉ်ဆက်မပြတ်တိုးတက်မှုကို ထိန်းထားနိုင်ခဲ့သည့် စံနမူနာကိုယူ၍ မြန်မာနိုင်ငံသည်လည်း တီထွင်ဆန်းသစ်မှုများကို ဦးတည်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များ ကုန်စည်ထုတ်လုပ်မှုကွန်ယက်၊ နယ်စပ်ဖြတ်ကျော် ထုတ်လုပ်မှုတို့မှ နောက်ကျသူတို့၏ အခွင့်အလမ်းကို ရရှိနိုင်မည် ဖြစ်ပါသည်။ အထည်အလိပ်လုပ်ငန်း၊ လယ်ယာအခြေခံစက်မှုလုပ်ငန်း၊ အီလက်ထရောနစ်ပစ္စည်း၊ ကားထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့ကို စုစည်းကာကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ထုတ်လုပ်မှုများ တိုးချဲ့ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ ဤဆောင်ရွက်ချက်များသည် အရှေ့အာရှ၏ ပေါင်းစည်းမှု၊ တိုးတက်မှုတို့တွင် ထူးထူးခြားခြား တွန်းအား ဖြစ်လာနိုင်သည့်အတွက် မြန်မာနိုင်ငံသည် ထူးခြားသော အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ပါသည်။



## မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်ချက်များ

မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအလားအလာများရှိနေပါသည်။ သို့ရာတွင် ထူးခြားသော စိန်ခေါ်ချက်များကို ရင်ဆိုင်နေရပါသည်။

**ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များ**

- ဆင်းရဲမှုနှင့်မညီမျှမှု၊
- ဒေသတွင်း ကွာဟချက်များ၊
- စီးပွားရေးအဆောက်အအုံ ကျဉ်းမြောင်းခြင်း၊
- ဆက်သွယ်ရေးလမ်းကြောင်းများလုံလောက်မှုမရှိခြင်း၊
- ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှု အားနည်းခြင်း၊
- အစိုးရအဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များ။

### ဆင်းရဲမှုနှင့်မညီမျှမှု


မြန်မာနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေသည် ခန့်မှန်းခြေအားဖြင့် ၇၄၉ ဒေါ်လာမျှသာဖြစ်ရာ၊ အာရှတွင်အနိမ့်ဆုံးဖြစ်ပါသည်။ ဆင်းရဲမှုအဆင့်မှာ ၂၆%ဖြစ်၍ ကျေးလက်တွင် မြို့ပြထက် ၂ ဆ ခန့် ရှိနိုင်ပါသည်။ UNDP ၏ အဆိုအရ ဆင်းရဲသောပြည်သူစုစုပေါင်း၏ ၈၅% သည် ကျေးလက် ဒေသများတွင်နေထိုင်ကြပါသည်။ ဆင်းရဲမှုဖြစ်စဉ်သည် အထူးသဖြင့် တိုင်းရင်းသား လူမျိုးစုများ နေထိုင်သော ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်များတွင် ပို၍ပင်မြင့်မားနိုင်ပါသည်။ သို့ရာတွင် အဓိက ပင်မဒေသကြီး ၂ ခုဖြစ်၍ လူဦးရေထူထပ်သော ဧရာဝတီ (၁၉%) နှင့် မန္တလေး (၁၅%) ဒေသများတွင် ဆင်းရဲမှုအရေအတွက် များလာနိုင်ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုညွှန်းကိန်းများကလည်း မြန်မာနိုင်ငံ၏ ဆင်းရဲမှုအနေအထားကို ထင်ဟပ်လျက်ရှိပြီး၊ ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုများ နှင့် ကြုံကြိုက် နေရပါသည်။ မကြာသေးခင်က ထုတ်ဝေခဲ့သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ (UN-HDR,2011) တွင် မြန်မာနိုင်ငံသည် စီးပွားရေးအရ ၁၈၇နိုင်ငံတွင် အဆင့် ၁၄၉ မှာ ရှိနေပါသည်။ ဥပမာအားဖြင့် မျှော်မှန်းသက်တမ်းမှာ ၆၂.၇နှစ် ဖြစ်ပြီးပျမ်းမျှသက်ကြီးစာတတ်မြောက်မှုနှုန်း အလွန်နိမ့်ကျလျက်ရှိကာ ပျမ်းမျှကျောင်းတက်သည့်ကာလ ၄နှစ်ခန့်ရှိပါသည်။ မွေးကင်းစကလေး အသေအပျောက်မှာ အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်၍ ငှက်ဖျားရောဂါ၊ တီဘီရောဂါများ ဖြစ်ပွားလျက်ရှိပါသည်။

## ဒေသတွင်း ကွာဟချက်များ

ဆင်းရဲမှုဖြစ်စဉ်တွင် ပထဝီအနေအထား မတူညီမှုသည် ဖွံ့ဖြိုးရေးနှင့် စီးပွားရေး ဆောင်ရွက်မှုများ၌ ကွဲပြားခြားနားမှုတို့ကို ထင်ဟပ်စေပါသည်။ ချင်းပြည်နယ်တွင် ဆင်းရဲမှုရာခိုင်နှုန်းမြင့်မားပြီး ၇၃.၃%ရှိလျက်၊ ရခိုင်ပြည်နယ်တွင် ၄၃.၅%နှင့် ရှမ်းပြည်နယ်တွင် ၃၃.၁%ရှိပြီး၊ ယင်းတို့က ဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိနေကြောင်း ညွှန်ပြနေပါသည်။ နိုင်ငံအနှံ့ ဖွံ့ဖြိုးမှုနှုန်းထားမှာ ကျယ်ပြန့်စွာ ကွဲပြားခြားနားလျက်ရှိပါသည်။ လယ်ယာကဏ္ဍ ထုတ်လုပ်မှု စွမ်းအားနိမ့်ကျ နေခြင်းသည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ စီးပွားရေးကို တွန်းအားပေးရန် လိုအပ်လျက်ရှိပါသည်။ အဓိကမြို့ပြဒေသကြီး ၂ ခု ဖြစ်သော ရန်ကုန်၊ မန္တလေး ပတ်ဝန်းကျင် ဒေသတစ်ဝိုက်ရှိ ကျယ်ပြန့်သော ကုန်ထုတ်လုပ်မှု အနေအထားကို အားပေးအားမြှောက်ပြုရန် လိုအပ်နေပါသည်။ ပထဝီအနေအထား မတူကွဲပြားသော ဒေသများအကြား ရှိရင်းစွဲအရင်းအမြစ်များ၊ ဒေသတစ်ခုချင်းစီ၏ နှိုင်းယှဉ်အကျိုးကျေးဇူးများကို အသုံးချမှုနည်းပါးနေပါသည်။ ဥပမာအားဖြင့် တရုတ်၊ ထိုင်း၊ အိန္ဒိယတို့၏ စီးပွားရေးအရှိန်ရရှိနေသော ဒေသများအနီးတွင် ရှိနေသည့် နယ်စပ်ဒေသများသည် မိမိတို့၏ အားသာချက်များကို အခွင့်အရေး တစ်ရပ်အနေနှင့် ရယူနိုင်ပါသည်။ သစ်နှင့် အခြားတွင်းထွက်သတ္တုများကို တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများအဖြစ် ထုတ်လုပ်ခြင်းဖြင့် တိုးတက်မှု အလားအလာကို ဖန်တီးနိုင်ပါသည်။

## စီးပွားရေးအဆောက်အအုံကျဉ်းမြောင်းခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးသည် လယ်ယာထွက်ကုန်များနှင့် သဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲသော လုပ်ငန်းများပေါ်တွင်သာ အခြေခံထားပြီး ပြည်တွင်းသုံးစွဲရန်နှင့် ပြည်ပသို့တင်ပို့ ရောင်းချရန်အတွက် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများတွင် ကန့်သတ်ချက်များ ရှိနေပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်စာရင်းအရ GDP တွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုသည် ၃၀.၇% ရှိပြီး တန်ဖိုးနည်းသော သမားရိုးကျ လုပ်ငန်းများဖြစ်သည့် လယ်ယာထွက်ကုန်များ၊ အထည်အလိပ်လုပ်ငန်းများနှင့် သစ်သားထည်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများပါဝင်သည့် စက်မှုကဏ္ဍကြီးသည် ၃၂.၃% နှင့် ဝန်ဆောင်မှုကဏ္ဍကြီးသည် ၃၇.၀% ပါဝင်ပါသည်။




ပုံ-၁-၇ စီးပွားရေးပုံသဏ္ဍာန် (၂၀၁၃-၂၀၁၄)

ဖွံ့ဖြိုးမှု အလားအလာများစွာရှိသော ခရီးသွားလုပ်ငန်းသည် ၂၀၀၉ခုနှစ်တွင် ခရီးသည် ၀.၂၂ သန်းသာ ဝင်ရောက်လာသည်ကိုကြည့်ခြင်းဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်များမှာ အများအားဖြင့် အခြေခံထုတ်ကုန်များသာ ဖြစ်ပါသည်။ ဥပမာအားဖြင့် စုစုပေါင်းထုတ်ကုန်၏ ၅၃%ရှိသည့် သဘာဝဓာတ်ငွေ့၊ သစ်သားထည် ထုတ်ကုန် ၁၆%၊ အထည်ချုပ်လုပ်ငန်း၁၁%တို့ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအတွက် တွန်းအားပေးရမည့် အဓိက လိုအပ်ချက်မှာ စီးပွားရေး ပုံသဏ္ဍာန် ပြောင်းလဲမှု၊ ထုတ်လုပ်မှုဈေးကွက်၊ စီးပွားရေး ကဏ္ဍ တစ်ခုနှင့် တစ်ခုကြား အဆင့်မြှင့်တင်ရေးပင်ဖြစ်ပါသည်။

## ဆက်သွယ်ရေးလမ်းကြောင်းများလုံလောက်မှုမရှိခြင်း

မြန်မာနိုင်ငံသည် အခြေခံအဆောက်အအုံနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှု (logistics) တို့တွင် ကန့်သတ်ချက်များရှိနေပါသည်။ လတ်တလော အခြေအနေတွင် မြန်မာနိုင်ငံသည် အာဆီယံတွင် လျှပ်စစ်ဓာတ်အားရရှိမှု ၁၃ ရာခိုင်နှုန်းရှိပြီး အနိမ့်ဆုံးအဆင့်တွင် ရှိနေပါသည်။ (၁၃%,၂၀၀၉, ကမ္ဘာ့ဘဏ်)။ လမ်းများပြုပြင် တိုးတက်မှုသည် ၁၁.၉% တိုးလာပါသည်။ မိုဘိုင်းဖုန်း ကိုင်ဆောင်မှုမှာ လူ၁၀၀တွင် ၂.၆ ဦး၊ တပ်ဆင်ထားသော ကြိုးဖုန်းသည် ၁.၁ နှင့် အင်တာနက် အသုံးပြုမှုမှာ ၁.၀ ဖြစ်ပြီး ဒေသတွင်း အနိမ့်ဆုံး အနေအထား ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးသို့ချိတ်ဆက်မှုမှာ ကန့်သတ်ချက်များရှိနေပြီး၊ ပြည်ပကုန်သွယ်ရေးသည် နိုင်ငံ၏ အလားအလာရှိသည့် အနေအထားအောက် ကျဆင်းလျက်ရှိကြောင်း ထင်ဟပ်လျက်ရှိပါသည်။ ဥပမာအားဖြင့် ဗီယက်နမ် ကုန်သွယ်မှု၏ ၂၀ ပုံ ၁ ပုံ သာ ရှိပါသည်။ ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်၊ အရှေ့တောင်နှင့်အရှေ့အာရှ ပို့ကုန်ထုတ်လုပ်မှု ပေါင်းစည်းမှုမှ ချိတ်ဆက်မှုမှာ ကန့်သတ်ချက်ရှိနေရာ ကုန်သွယ်မှုသည် ထုတ်လုပ်မှု ဈေးကွက်နယ်ပယ်တွင် အလွန်ကျဉ်းမြောင်းလျက်ရှိပါသည်။ ဥပမာအားဖြင့်အဝတ်အထည် တင်ပို့မှုမှာ အဆင့်နိမ့်လျက်ရှိပြီး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်တင်ပို့မှုတွင်လည်း နည်းပါးနေပါသေးသည်။

ထိုင်းနိုင်ငံသည် ၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံ၏ အကြီးမားဆုံးဈေးကွက်ဖြစ်၍ စုစုပေါင်းကုန်သွယ်မှု၏ ၄၀% ကို ပိုင်ဆိုင်ထားပါသည်။ ထိုင်းနိုင်ငံ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် စုစုပေါင်း ကုန်သွယ်မှု၏ ၇၅% ကို ပိုင်ဆိုင်ထားပါသည်။ ပြည်ပပို့ကုန်များတွင် ထပ်ဆင့်တိုးတန်ဖိုးမြှင့် ကုန်စည်ထုတ်လုပ်မှုသည် အကန့်အသတ်များရှိနေသည်။ (FDI) စီးဝင်မှုအလွန်နိမ့်ကျနေပြီး မကြာသေးခင်နှစ်များအတွင်း (FDI) ထူးထူးခြားခြား တိုးတက်လာမှုမှာ စွမ်းအင်ကဏ္ဍ ပံ့ပိုးမှုကြောင့် ဖြစ်ပါသည်။

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုအားနည်းခြင်း

ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားပြီး လုပ်ငန်းမျိုးစုံပါဝင် ဆောင်ရွက်နိုင်မည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးလာမှသာ မြန်မာနိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ယခုလက်ရှိ အခြေအနေအရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် ကန့်သတ်ချက်များ ရှိနေပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်စွမ်း အားနည်းလျက်ရှိပါသည်။ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ သဘာဝအရင်းအမြစ်များရှာဖွေတူးဖော်ခြင်းနှင့် ဘဏ္ဍာရေး ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ချုပ်ကိုင်လျက်ရှိပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းတွင် ကန့်သတ်ချက်များ ရှိနေပါသည်။ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ အနေဖြင့် စွမ်းဆောင်ရည်မပြည့်ဝသော ဈေးကွက်၊ လိုက်လျောညီထွေမှုမရှိသည့် ပတ်ဝန်းကျင်တွင် မူဝါဒအရ သိသာထင်ရှားသော ကန့်သတ်ချက်များ ရှိနေပါသည်။

ထို့ပြင် သဘာဝအရင်းအမြစ်များ ရှာဖွေတူးဖော်ခြင်းမှလွဲ၍ အခြားသော စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတကာဈေးကွက်ရရှိရန်နှင့် နည်းပညာရရှိရန် အားနည်းချက်များရှိနေပါသည်။ မြန်မာ့စီးပွားရေးအဆောက်အအုံ၏ အကြီးမားဆုံးအပိုင်းတွင် ပါဝင်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ၂၀၁၂ ခုနှစ် ADB ၏ စာရင်းအရလုပ်ငန်းဦးရေပေါင်း ၄၃၂၃၂တွင် အစားအစာနှင့် အဖျော်ယမကာလုပ်ငန်း (၆၃%) ဆောက်လုပ်မှုလုပ်ငန်း (၇.၆%) ရှိပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုစွမ်းအား၊ အရည်အသွေးနှင့် နည်းပညာနိမ့်ကျမှု အထူးသဖြင့် အခြေခံအဆောက်အအုံ လုံလောက်မှုမရှိခြင်း၊ ဘဏ္ဍာငွေ၊ နည်းပညာနှင့် ဈေးကွက်ချဉ်းကပ်မှုပိုင်းဆိုင်ရာ အားနည်းခြင်းနှင့် အခွန်စနစ်၊ လိုင်စင်စနစ်နှင့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ အားနည်းခြင်း အစရှိသည်တို့နှင့် ရင်ဆိုင်နေရပါသည်။

## အစိုးရအဖွဲ့အစည်းဆိုင်ရာအားနည်းချက်များ

မြန်မာနိုင်ငံ၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရနှင့် အုပ်ချုပ်ရေးယန္တရားဆိုင်ရာ စွမ်းရည်တိုးတက်မှုအပေါ်တွင် များစွာမူတည်နေပါသည်။ လက်ရှိအခြေအနေအရ ကမ္ဘာ့စီးပွားရေးရပ်ဝန်းတွင် ပေါင်းစည်း ဖြန့်ကျက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင် အုပ်ချုပ်နေကြသော အုပ်ချုပ်သူများ၏ စီမံခန့်ခွဲမှုစွမ်းရည် အားနည်းနေပါသည်။ မက်ခရိုစီးပွားရေးတည်ငြိမ်စေရန် တည်ဆောက်ပေးခြင်း၊ မရှိမဖြစ်လိုအပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ပြည်သူများသို့ ဖြည့်ဆည်းပေးခြင်း အစရှိသော စီးပွားရေးပြုပြင်ပြောင်းလဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ် အကောင်အထည်ဖော်ရာတွင်အစိုးရအဖွဲ့အစည်းများအနေဖြင့် စွမ်းရည်ပြည့်ဝနေရန် လိုအပ်ပါသည်။ လာဘ်ပေးလာဘ်ယူခြင်း၊ ထိရောက်မှုမရှိသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၊ တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာ အားနည်းချက်များသည် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ကျင့်သုံးနိုင်ရန်အတွက် စိန်ခေါ်မှုများ ဖြစ်ပါသည်။ ထို့ကြောင့် စီမံခန့်ခွဲမှု နယ်ပယ်အသီးသီးရှိ ပုဂ္ဂိုလ်များအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် တရားဥပဒေရေးရာနှင့် ဥပဒေစနစ် အားနည်းမှုတို့က ကုန်သွယ်မှုကို ယိမ်းယိုင်စေပါသည်။

## စဉ်ဆက်မပြတ်တိုးတက်လာရေးအတွက် ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်

NCDP သည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် မူဘောင်တစ်ခုအနေနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ စိန်ခေါ်ချက်များကို ဦးတည်ဆောင်ရွက်မည့် ရည်မှန်းချက်ဖြင့် လူမှုရေး၊ စီးပွားရေးတို့တွင် တွေ့ကြုံနေရသောအချက်အလက်များကို အခြေခံထားသောပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ဒီမိုကရေစီနည်းအရ သမ္မတ ဦးသိန်းစိန်ကို ရွေးကောက်တင်မြောက်ခဲ့ပြီး (၂၀၁၁ခုနှစ်တွင်)ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များကို စတင်ဆောင်ရွက်ခဲ့ပါသည်။

ထိုပြုပြင်ပြောင်းလဲမှုများမှာ ဆိုရှယ်လစ် စီးပွားရေးစီမံကိန်းပုံစံကို စွန့်လွှတ်၍ ဈေးကွက်စီးပွားရေးသို့ကူးပြောင်း အကောင်အထည်ဖော်သွားရန် ရည်မှန်းချက်ထားရှိခဲ့ပါသည်။ နိုင်ငံရေး၊ စီးပွားရေးအထောက်အပံ့များ မရရှိဘဲသီးခြား ရပ်တည်ခဲ့ပါသည်။ နယ်စပ်ဒေသကုန်သွယ်မှု၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအပေါ် ဖြေလျှော့မှု၊ ပိုမို

လွတ်လပ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အစပျိုးပေးရေးနှင့် ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးတွင် ပုဂ္ဂလိကကဏ္ဍ ပိုမိုပါဝင်လာနိုင်ရေးအတွက် ဖြေလျှော့ပေးခြင်းတို့ ထည့်သွင်းဆောင်ရွက်ထားပါသည်။ ထို့အပြင် နိုင်ငံခြားဘဏ်များနှင့်အတူ ပုဂ္ဂလိကဘဏ်များ၊ ဖက်စပ်လုပ်ငန်းများကို ခွင့်ပြုဆောင်ရွက်နိုင်ရေးနှင့် ငွေရေးကြေးရေး ကဏ္ဍပြုပြင်ပြောင်းလဲမှုတို့ကိုဆောင်ရွက်ခဲ့ပါသည်။

သမ္မတဦးသိန်းစိန် အစိုးရသည် မြန်မာနိုင်ငံအတွက် လမ်းညွှန်ချက်အသစ်တစ်ခုကို ရေးဆွဲလျက်၊ ပြီးပြည့်စုံသည့်ဘက်စုံပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို ချမှတ်ခဲ့ပါသည်။ စီးပွားရေး နှင့် လူမှုရေးပြုပြင် ပြောင်းလဲမှုအတွက် အခြေခံအုတ်မြစ် တစ်ခုကို ချမှတ်နိုင်ရန် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရကို ဖန်တီးရန် ရည်မှန်းချက်ဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လူမျိုးစုများ အပါအဝင် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အား တရားဝင် မှတ်ပုံတင် ခွင့်ပြုခဲ့ပြီး ၂၀၁၂ခုနှစ်၊ ဧပြီလ (၁) ရက် နေ့တွင် ကျင်းပခဲ့သော ကြားဖြတ် ရွေးကောက်ပွဲတွင် နေရာ ၄၄ နေရာအနက် ၄၁ နေရာ အနိုင်ရရှိပြီး လွှတ်တော်သို့ တက်ရောက်နိုင်ခဲ့ပါသည်။

ယခင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ညီညွတ်သော 'ဝ' ပြည်နယ် တပ်မတော် (UWSA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီ အမျိုးသားပြည်သူ့ပါတီ (KNPP) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့အပါအဝင် တိုင်းရင်းသားအုပ်စုများကို စုစည်းခိုင်မာစေခဲ့ပါသည်။ ထို့အပြင် ၂၀၁၂ခုနှစ်၊ မေလတွင် သမ္မတဦးဆောင်သည့် ငြိမ်းချမ်းရေး ကော်မတီကိုဖွဲ့စည်းခဲ့ပြီး၊ မြန်မာ့ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (MPSI)၊ လူ့အသိုက်အဝန်း အခြေပြုအဖွဲ့တို့ဖြင့် ပဋိပက္ခ ဖြစ်ပွားရာဒေသများတွင် ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်များကို အရှိန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။ ပထမအဆင့် ပြုပြင်ပြောင်းလဲမှုမှ ရရှိလာသော အောင်မြင်မှုများကို ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်း များတွင်ဦးတည်လုပ်ဆောင်သွားရန်ဖြစ်ကြောင်း၂၀၁၂ခုနှစ်၊မေလ (၁၀) ရက်တွင် နိုင်ငံတော် သမ္မတက ကြေငြာခဲ့ပါသည်။

ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဓိက ကျသော စီးပွားရေးမူဝါဒ (၄)ရပ်ကို ကြေငြာခဲ့ပါသည်-

- စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊
- တိုင်းဒေသကြီးများနှင့်ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊
- ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့်လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊
- စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ အရည်အသွေးပြည့်ဝရေး၊

## စီးပွားရေးမူဝါဒ (၄) ရပ်

| ၁ ဘက်စုံဖွံ့ဖြိုး တိုးတက်မှု | ၂ အချိုးညီဖွံ့ဖြိုး တိုးတက်မှု | ၃ ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့်တိုးတက်မှု | ၄ စာရင်းအင်းဆိုင်ရာ အရည်အသွေးပြည့်ဝမှု |
|---|---|---|---|
| စိုက်ပျိုးရေးကဏ္ဍကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး | တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြားအချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး | ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး | **စာရင်းအင်းဆိုင်ရာ အချက်အလက်များ အရည်အသွေး ပြည့်ဝရေး** |

ပုံ-၁-၆ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုအစီအစဉ်

အောက်ဖော်ပြပါ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း အခြေခံ၍ NCDPကို ရေးဆွဲထားပါသည်။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့်နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ နှုန်းရှင်စနစ်ဖြင့် တရားဝင်ရောင်းဝယ်ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေသစ်သည် ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုကိုမြှင့်တင်ရန် လိုက်လျောညီထွေမှုရှိသော ငွေကြေး မူဝါဒမူဘောင်ကို ကျင့်သုံးရန်ခွင့်ပြုခြင်း၊ အစိုးရဘဏ်များမှ ဆောင်ရွက်လျက်ရှိသော ငွေတိုက်စာချုပ်စာတမ်း ဆောင်ရွက်ချက်များ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

- ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ဘတ်ဂျက်လိုငွေပြမှုကို လျှော့ချနိုင်ရန် ငွေလုံးငွေရင်းသုံးစွဲမှုများကိုစိစစ်ခဲ့ပြီး အဓိကသုံးစွဲရမည့် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင်တိုးမြှင့်သုံးစွဲနိုင်ခဲ့ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက်များကို လွတ်လပ်စွာ စီမံခွင့်ပေးနိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

- အခွန်မူဝါဒနှင့်ရငွေစီမံခန့်ခွဲမှုတွင် ပြည်တွင်းရောင်းချမှုအပေါ် ကူးသန်းရောင်းဝယ်ခွန်များကို လျှော့ချခြင်းနှင့် သွင်းကုန်ခွန် လျှော့ချမှုများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင်လူ့စွမ်းအားအရင်း အမြစ်နှင့် အခြေခံအဆောက်အအုံ တည်ဆောက်မှုများကို အဓိကဦးတည်၍ ရငွေသုံးစွဲမှုပိုင်းကို စီမံခန့်ခွဲနိုင်ခဲ့ပါသည်။

- နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရာတွင် အဆင့်များစွာ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအတွက် သွယ်ဝိုက်ထောက်ပံ့ငွေရရှိခြင်းများ ရှောင်ရှားနိုင်ရန် တစ်သတ်မတ်တည်းသော ငွေလဲနှုန်းကို အသုံးပြုစေခဲ့သည်။ ထို့ပြင် ပုဂ္ဂလိကပိုင် ပြုလုပ်ရာ၌ ပွင့်လင်းမြင်သာမှုရှိသော အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူလူထုကျေနပ်မှု ရရှိစေမည့် အရည်အသွေးပြည့်ဝသည့် စီးပွားရေး လုပ်ငန်းများထွက်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိပါသည်။

- ရင်းနှီးမြှုပ်နှံသူများကို အားပေးရန် ကုမ္ပဏီမှတ်ပုံတင်ခြင်းကိစ္စများ၌ ဖြေလျှော့မှုများကို ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် AEC မပေါ်ပေါက်မီ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းခြင်းများလည်းဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင် မြေယာငှားရမ်းမှုနှင့်အခွန်စနစ် ကန့်သတ်ချက်များ ဖြေလျှော့ခဲ့ပြီး နိုင်ငံခြားသားပိုင်လုပ်ငန်းများကို ရာနှုန်းပြည့် လုပ်ပိုင်ခွင့်ပေးမည်ဖြစ်ပါသည်။

- မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မဟာဗျူဟာကျသောနေရာများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးပေးမှုများပါဝင်ရန် မျှော်မှန်းလျက် အထူးစီးပွားရေးဇုန်ဥပဒေသစ်ကို ရေးဆွဲလျက်ရှိပါသည်။ ထို့ပြင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် လိုအပ်နေသော အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းနိုင်ရန်နှင့်ပို့ကုန်များတိုးမြင့်လာစေရန် အထူးစီးပွားရေးဇုန် ဥပဒေသစ်ပြဋ္ဌာန်းခဲ့ပါသည်။

- ပြည်တွင်းရှိအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဘဏ်ကို အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထူးပြုဆောင်ရွက်သော ဘဏ်အနေဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ ဝင်ရောက်လာစေရန် မက်လုံးပေးမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

- ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ လယ်ယာနှင့် စက်မှုကဏ္ဍများတွင်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ကာလရှည် မြေအသုံးပြုခွင့် လယ်ယာမြေ ဥပဒေ (မတ်လ ၂၀၁၂ ခုနှစ်) ပြဋ္ဌာန်းခြင်း၊ ဆင်းရဲသော လယ်သမားများအတွက် မြေယာပိုင်ဆိုင်မှုကို ကာကွယ်ပေးနိုင်ရန် မြေယာစီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

- လူမှုကာကွယ်ပေးရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ အလုပ်သမားများ၏ အခွင့်အရေးကိုထောက်ပံ့ပေးရန်နှင့် အကာအကွယ်ပေးနိုင်ရန် အလုပ်သမား ဥပဒေသစ်ကို ရေးဆွဲနိုင်ခဲ့ပါသည်။ အလုပ်သမားထု၏ အခြေခံရပိုင်ခွင့်များ အတွက်အာမခံချက်ရှိစေရန် အလုပ်သမား ကိုယ်စားလှယ်အဖွဲ့များဖွဲ့စည်းခြင်းနှင့် အလုပ်သမားသမဂ္ဂ တည်ထောင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

- သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေသစ်ကို ပြင်ဆင်လျက်ရှိပါသည်။ ဥပဒေသစ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ နှင့် နည်းဥပဒေများ ပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ခြင်း မူဘောင်နှင့် လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများ ပါဝင်ပါသည်။


- သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်ပစ္စည်းများ ထုတ်ယူရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်ပါရှိပါသည်။ အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော အစိုးရအနေဖြင့် ရရှိသော ဝင်ငွေများနှင့် ကုမ္ပဏီများအနေဖြင့် ပေးဆောင်ရသည့်ဝင်ငွေများကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ပြရမည်ဖြစ်ပါသည်။

ဤပြုပြင်ပြောင်းလဲမှုများအပေါ်အခြေခံ၍ NCDP သည် လက်ရှိ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များကို အလေးအနက်ထား၍ အရှိန်မြှင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပါသည်။ ထိုရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် လမ်းညွှန်ချက်များ ချမှတ်ရာတွင် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားအသွင်ကူးပြောင်းမှုနှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများအတွက် လမ်းညွှန်မှုပေးနိုင်မည်ဖြစ်ပါသည်။

# ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ NCDP မူဘောင်

NCDPသည် ၂၀၃၀ပြည့်နှစ်အလွန်တွင် မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရန် စဉ်းစားနိုင်သော မဟာဗျူဟာမြောက် အခြေခံမူဘောင်ဖြစ်ပြီး စီမံကိန်းရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်း နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ NCDP သည် နိုင်ငံတော်အသွင်ကူးပြောင်းရန် အတွက် ရည်မှန်းချက်ထားရှိကာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါသည်။ NCDP တွင် အောက်ဖော်ပြပါ အပိုင်း(၄)ပိုင်း ပါဝင်ပါသည်- (၁) ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်ရရှိစေမည့်လမ်းညွှန်မျှော်မှန်းချက်တစ်ခုထားရှိရန်၊ (၂) အဆိုပါမျှော်မှန်းချက်နှင့် ဆီလျော်သော ကာလရှည်ရည်မှန်းချက် ၂ ခုထားရှိရန်၊ (၃) ကာလရှည် ရည်မှန်းချက်များ အောင်မြင်စေရန်အတွက်ဦးစားပေးမဟာဗျူဟာ ၇ ခု ထား ရှိရန်၊ (၄) အနာဂတ် နိုင်ငံတော် တည်ဆောက်ရေးအတွက် ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားရန်။

NCDP သည် မြန်မာနိုင်ငံကို သဘာဝသယံဇာတအရင်းအမြစ်များနှင့် စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများတင်ပို့မှုကို အားထားနေရသော အခြေအနေမှ ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေး ကွန်ယက်များနှင့် ပူးပေါင်းပြီး ခေတ်မီနည်းပညာ ဗဟုသုတများကို ပေါင်းစပ်အသုံးပြုနိုင်သည့် အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုများ ရှိစေရန်ရည်ရွယ်ပါသည်။ ထို့ပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ပြီးခြားနားသော မျှော်မှန်းချက်အသစ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများရရှိရန်လိုအပ်ပါသည်။



**၂၀၃၀ မျှော်မှန်းချက်**

နိုင်ငံတကာအသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ဝင်ငွေ အလယ်အလတ်အဆင့်ရှိ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံဖြစ်ပေါ်ရေး

၂၀၃၀ မျှော်မှန်းချက် - မြန်မာနိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းတွင် ပူးပေါင်းပါဝင်နိုင်သော ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုအဖြစ်ရောက်ရှိရန်ဖြစ်ပါသည်။ ထို ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်သည် မြန်မာနိုင်ငံ ပြည်သူအားလုံးအတွက် ပိုမိုကောင်းမွန်သော လူမှုဘဝရရှိရန် ရည်မှန်းချက်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းတွင် အပြုသဘောဆောင်ခြင်းနှင့် လေးစားမှုရှိသော နိုင်ငံတစ်ခု အဖြစ်ရောက်ရှိရေး ဖြစ်ပါသည်။ မြန်မာနိုင်ငံအား အသိပညာဗဟုသုတနှင့် တီထွင်ဖန်တီး နိုင်မှုတို့အပေါ်အခြေခံသော တန်ဖိုးမြင့်စီးပွားရေး လုပ်ငန်းများအားတွန်းအားပေးသည့်စီးပွားရေးပုံသဏ္ဍာန်များဖြင့် ဝင်ငွေအလယ် အလတ်အဆင့်ရရှိသောနိုင်ငံအဖြစ် ရောက်ရှိရန် ရည်ရွယ်ထားရှိပါသည်။ ထို့ပြင် ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရန် ကုန်ထုတ်လုပ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများနှင့် အဆင်ပြေစွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရေးအတွက်လည်း ရည်ရွယ်ပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည်စီးပွားရေးအကောင်အထည်ဖော်နိုင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၏ ထင်ဟပ်မှုအနေဖြင့် ဒေသအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးအကြား စီးပွားရေး တိုးတက်မှု၏ အကျိုးရလဒ်များကို သာတူညီမျှစွာခွဲဝေရရှိရေးအတွက် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကာလရှည်ရည်မှန်းချက်များ- ကာလရှည်ရည်မှန်းချက် (၂) ခု၊ အဆိုပါရည်မှန်းချက်များနှင့်ဆက်စပ်၍ ရရှိလာမည့် ဖွံ့ဖြိုးမှုရလဒ်များသည် ကာလရှည်မျှော်မှန်းချက်ပြည့်မီလာစေရန် အထောက်အကူပြုလာမည်ဖြစ်ပါသည်။

**ကာလရှည်ရည်မှန်းချက် (၁)**

မြန်မာနိုင်ငံတွင် တိုးတက်ကောင်းမွန်သော၊ ကုန်ပစ္စည်းမျိုးစုံပြောင်းလဲထုတ်လုပ်နိုင်သော၊ စဉ်ဆက် မပြတ်တိုးတက်သော ဈေးကွက်အခြေခံစီးပွားရေး ထူထောင်ရန်၊

ကာလရှည်ရည်မှန်းချက်(၁)၊ တိုးတက်ကောင်းမွန်သော ၊ ကုန်ပစ္စည်းမျိုးစုံ ပြောင်းလဲထုတ်လုပ်နိုင်သော၊ စဉ်ဆက်မပြတ်တိုးတက်သော စီးပွားရေး ထူထောင်ရန် ဖြစ်ပါသည်။ ဤရည်မှန်းချက်သို့ ရောက်ရှိရန် စီးပွားရေးကဏ္ဍတစ်ခုချင်းအလိုက်နှင့် ကဏ္ဍအချင်းချင်းချိတ်ဆက် ဆောင်ရွက်သော ကုန်ထုတ်လုပ်မှုဈေးကွက်ချဲ့ထွင်ခြင်းရှိရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ကဏ္ဍအလိုက် ကုန်စည်များ အမျိုးအစားစုံလင်စွာ ထုတ်လုပ်ခြင်း (ဥပမာအားဖြင့် နိုင်ငံတကာ ဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် လယ်ယာထွက် ပြည်ပပို့ကုန်ပစ္စည်း အမျိုးအစားများ တိုးချဲ့ထုတ်လုပ်ခြင်း ) နှင့် ကဏ္ဍအချင်းချင်း ချိတ်ဆက်ဆောင်ရွက်သော ကုန်စည်များထုတ်လုပ်ခြင်းတို့ဖြစ်ကြပါသည်။

ဖော်ပြပါထုတ်လုပ်မှုလုပ်ငန်းများတွင် အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှု၊ နည်းပညာ၊ ကုန်စည်နှင့် ဝန်ဆောင်မှုအရည်အသွေးအစရှိသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုလုံးတွင် ပါဝင်သည့်နယ်ပယ်များ ခိုင်မာအားကောင်းရန် လိုအပ်သော လယ်ယာလုပ်ငန်း၊ သယံဇာတ အခြေခံစက်မှုလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် တန်ဖိုးမြင့်ကုန်စည်များ တိုးချဲ့ထုတ်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများပါဝင်ပါသည်။

ဒေသအတွင်းရှိ အထူးစီးပွားရေးဇုန်များ၊ စီးပွားရေးအလွှာများ၊ စီးပွားရေးစင်္ကြံများ အသုံးပြုခြင်းဖြင့် ဒေသများ၏ နှိုင်းယှဉ်အကျိုးကျေးဇူးများ တည်ဆောက်ရာတွင် ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်မှုသည် မရှိမဖြစ် လိုအပ်ပါသည်။ သို့ရာတွင်ကျွမ်းကျင်ထက်မြက်သည့် လူထုအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုဖြင့် ပြည်တွင်းဦးစားပေးလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အထောက်အကူပြုမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုးများ မြင့်မားကျယ်ပြန့်လာခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ယှဉ်ပြိုင်နိုင်စွမ်းများရှိလာရန်လည်း လိုအပ်ပါသည်။

ဤရည်မှန်းချက်နှင့်ပတ်သက်သောမျှော်မှန်းနိုင်သည့် ဖွံ့ဖြိုးမှုရလဒ်များမှာ-

- "တိုးတက်ခြင်း" - ပျမ်းမျှနှစ်စဉ်ဂျီဒီပီတိုးတက်မှုနှုန်း၊ မျှော်မှန်းထားသည့် တိုးတက်မှု ရရှိရန် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှု
- "ကွဲပြားခြားနားခြင်း" - ဂျီဒီပီတွင်ကဏ္ဍအလိုက်ပါဝင်မှုအခြေအနေ၊ ဈေးကွက်ဝင်ကုန်ပစ္စည်းများ အမျိုးအစားစုံလင်စွာ ထုတ်လုပ်ခြင်း
- "စဉ်ဆက်မပြတ်ရှိခြင်း" - ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း၊ အရင်းအမြစ်များ ရေရှည်ထိန်းသိမ်းခြင်း

**ကာလရှည်ရည်မှန်းချက်(၂)**

ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် ပြည်သူ့ဗဟိုပြု တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရန်၊


ကာလရှည်ရည်မှန်းချက်(၂)၊ ပြည်သူ့ဗဟိုပြု တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုဖြစ်ပေါ်ရန် ရည်ရွယ်ပြီး စီးပွားရေးတိုးတက်မှု၏ အကျိုးရလဒ်များအား မြန်မာပြည်သူတစ်ရပ်လုံး ရရှိခံစားရန် ရည်ရွယ်ပါသည်။

ပြည်သူ့ဗဟိုပြု၍ ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် တိုးတက်မှုဆိုသည်မှာ အခြေခံအားဖြင့် ကျယ်ပြန့်သော၊ ခိုင်မာအားကောင်းသော ရေရှည်တည်တံ့သောတိုးတက်မှုဖြစ်ပြီး စီးပွားရေး နှင့် လူမှုရေးတွင်ပြည်သူအားလုံးလိုက်ပါ ပါဝင်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုတိုးတက်မှုတွင်ကောင်းမွန်သော အလုပ်အကိုင်များနှင့်ဝင်ငွေများ ဖန်တီးပေးခြင်း၊ ဆင်းရဲမှုလျှော့ချခြင်းကိုဆက်လက်ဆောင်ရွက်ခြင်းနှင့် ဒေသများကြားနှင့် ပြည်သူများကြား မညီမျှမှုများကိုလျှော့ပါးစေခြင်းများလည်းပါဝင်ပါသည်။ ထို့ပြင်စီးပွားရေးဆိုင်ရာ အကန့်အသတ်ဖြစ်သည့် အခြေခံဆောက်အအုံလိုအပ်ချက်၊ ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် တိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်နိုင်စွမ်းရှိသော လုပ်သားအင်အား၊ လူမှုဘဝလုံခြုံစိတ်ချရမှုများ စသည့်အချက်များကို ဖြေရှင်းပေးရမည် ဖြစ်ပါသည်။ အထူးသဖြင့် စီးပွားရေးအရ အကျိုးဖြစ်ထွန်းရရှိမှု နည်းပါးသော အုပ်စုများနှင့် ခံစားခွင့်မရသူများအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ဖော်ပြပါ ရည်မှန်းချက်များသို့ ရောက်ရှိရန်နှင့် ရည်မှန်းချက်နှင့်ဆက်စပ်နေသော ရလဒ်များ ရရှိစေရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး၌ ထိရောက်မှုရှိပြီးတရားမျှတသော အများပြည်သူဆိုင်ရာ အုပ်ချုပ်မှုစနစ်များပေါ်တွင် မူတည်ပါသည်။ ရည်မှန်းချက်များနှင့် ဆက်စပ်နေသော မျှော်မှန်းရလဒ်များတွင် -

- "ပြည်သူ့ဗဟိုပြု" - တစ်ဦးကျဝင်ငွေ၊ သီးသန့်ရွေးချယ်ထားသော ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် ဆင်းရဲမှုတိုင်းတာချက်များ၊
- "ပြည်သူအားလုံးပါဝင်ခြင်း" - ဒေသအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ ၊ တိုင်းဒေသကြီး / ပြည်နယ်များ၏ တစ်ဦးကျဝင်ငွေ၊ ရွေးချယ်သတ်မှတ်ထားသော မညီမျှမှု တိုင်းတာချက်များ ပါဝင်ပါသည်။

မျှော်မှန်းချက်၊ ကာလရှည် ရည်မှန်းချက်များနှင့်မျှော်မှန်းထားသည့် ဖွံ့ဖြိုးမှုရလဒ်များ အကြား ဆက်စပ်မှုကို အကျဉ်းချုပ်၍ ပုံ(၁-၈)တွင်ဖော်ပြထားပါသည်။ ပုံ(၁-၈)




ပုံ-၁-၈

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း မူဘောင်၏ မျှော်မှန်းထားသည့် ဖွံ့ဖြိုးမှုရလဒ်များ

## NCDP ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ

မြန်မာနိုင်ငံ၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ဖော်ပြရာ၌ မဟာဗျူဟာ (၇) ရပ်ပါဝင်ပါသည်။

(၁) အစိုးရအဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးစနစ် ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း- ဤမဟာဗျူဟာတွင် (က) ဈေးကွက်အခြေခံ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ဖြစ်စေမည့် ပတ်ဝန်းကျင် တစ်ခုဖန်တီးပေးနိုင်ရန်နှင့် ပြည်သူများအတွက် အဓိကကျသည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန်အတွက် အစိုးရအဖွဲ့ အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်ခြင်း၊ (ခ) ဘဏ္ဍာရေးမူဝါဒနှင့်ပြည်သူ့ အသုံးစရိတ်စီမံခန့်ခွဲမှုစနစ်အား စနစ်တကျအကောင်အထည်ဖော်နိုင်သည့် စွမ်းဆောင်ရည်အားကောင်းခြင်း၊ (ဂ) ဈေးကွက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍပါဝင်မှု အားကောင်းခြင်း၊ (ဃ) ဖွံ့ဖြိုးတိုးတက်မှုအတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးဆိုင်ရာ အခြေခံမှုများ ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်ခြင်း၊ (င) ဘဏ္ဍာရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ပိုင်း အတားအဆီးများအား ကျော်လွှားနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း၊ (စ) ဒေသတွင်းရှိ လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးလာစေခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်းများပါဝင်ပါသည်။

ဤမဟာဗျူဟာအတွက် အရေးကြီးသည့်ရှုထောင့်မှာ ဖွံ့ဖြိုးတိုးတက်မှုသည် စုပေါင်းလုပ်ဆောင်မှုတစ်ခုဖြစ်ပြီး အဆင့်ဆင့်သော အစိုးရများ၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့ အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းလည်း ဖြစ်ပါသည်။

(၂) စီးပွားရေးပတ်ဝန်းကျင်ကောင်းနှင့် အခြေခိုင်မာသည့် စီးပွားရေး အခြေခံကောင်းများ ဖန်တီးပေးခြင်း- ဤမဟာဗျူဟာတွင် (က) ဘဏ္ဍာရေးနှင့် ကြွေးမြီကိစ္စများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခြင်း၊ ထိရောက်မှုရှိပြီး ညီမျှသောအခွန်စနစ်၊ ကုန်ဈေးနှုန်းနှင့် ငွေလဲလှယ်နှုန်း တည်ငြိမ်ခြင်းအစရှိသော မေခရိုစီးပွားရေးတည်ငြိမ်မှုကို ထိန်းထားခြင်း၊ (ခ) စီးပွားရေးလုပ်ငန်းများအတွက် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အဖွဲ့အစည်း ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ (ဂ) ပုဂ္ဂလိကကဏ္ဍ၏ အဓိကအားထားရာ အလုပ်အကိုင်များနှင့် ဝင်ငွေများရရှိရာ အခြေခံအရင်းအမြစ်ဖြစ်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များဖွံ့ဖြိုးလာခြင်း၊ (ဃ) ပြည်တွင်း လုပ်ဆောင်မည့် ဦးစားပေးလုပ်ငန်းများအား အထောက်အကူပြုနိုင်သော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများအား ခွင့်ပြုခြင်း၊ (င) စွမ်းရည်ပြည့်ဝသော လုပ်သားဈေးကွက်များပေါ်ပေါက်လာခြင်းနှင့် (စ) ငွေရေးကြေးရေးကဏ္ဍနှင့် အရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ရင်းနှီးငွေများ ရရှိစေရန် ဆောင်ရွက်ခြင်း စသည်တို့ပါဝင်ပါသည်။

(၃) ပြည်တွင်းပြည်ပဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများချဲ့ထွင်ခြင်း - ဤမဟာဗျူဟာတွင် (က) စီးပွားရေး အဆောက်အအုံများ အားကောင်းလာရေး၊ အမျိုးသားစွမ်းအင်စနစ်၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်စနစ်ကို ပူးပေါင်းဆောင်ရွက်ရန် ဖန်တီးပေးခြင်း၊ ယင်းတို့တွင် အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ကောင်းများရှိခြင်း၊ (ခ) ခေတ်မီဆက်သွယ်ရေးလုပ်ငန်းများကို အလေးပေးအရှိန်မြှင့်ဆောင်ရွက်မှုနှင့် ထုတ်ကုန်အခြေပြုပစ္စည်းများ အမျိုးအစားစုံလင်စွာ ထုတ်လုပ်ရန်နှင့် စီးပွားရေး တိုးတက်မှုရလဒ်များကို ကျယ်ပြန့်စွာဖြန့်ကျက်ပေးရေး၊ (ဂ) နိုင်ငံတွင်းနှင့်နိုင်ငံတကာ၊ ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်နိုင်ရေးကို ဆောင်ရွက်ပေးခြင်းဖြင့် နယ်စပ်ဒေသတစ်လျှောက် စီးပွားရေး အဆောက်အအုံကျယ်ပြန့်လာရေး (ဥပမာ- အာရှ အဝေးပြေး လမ်းမကြီးဆက်သွယ်ရေးကွန်ယက်၊ GMS စီးပွားရေးစင်္ကြံများ) အလားတူ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များ၊ နယ်စပ်ဒေသစီးပွားရေးဇုန်များ မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းလာရေး၊ (ဃ) အထူးသဖြင့် ၂၀၁၅ AEC နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ မှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းမှုများကို ဖော်ထုတ်ရေး (င) ကုန်သွယ်မှု သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရေးနှင့် (စ) အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် နယ်စပ်ဒေသ ကုန်သွယ်မှုကဲ့သို့ ပို့ကုန်သွင်းကုန် ထိန်းချုပ်မှုများ ဆောင်ရွက်ရေးတို့ ပါဝင်ပါသည်။

(၄) နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကဏ္ဍများ အားပေးမြှင့်တင်ခြင်း - ဤမဟာဗျူဟာတွင် (က) ကဏ္ဍများအတွင်း ရောပြွမ်းထုတ်လုပ်မှုစနစ်ကို အတန်းအစား ခွဲခြားသတ်မှတ်ခြင်း အပါအဝင် လယ်ယာကဏ္ဍ၊ စက်မှု၊ ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ ခွဲခြားသတ်မှတ်ခြင်း၊ ထို့အပြင် ကဏ္ဍများအတွင်း ထုတ်ကုန်များကို အတန်းအစား ခွဲခြားသတ်မှတ်၍ အဆင့်မြှင့်ခြင်း၊ လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်ကုန်စည်အဖြစ် ထုတ်လုပ်ခြင်း၊ စက်မှုထုတ်ကုန်၊ ဝန်ဆောင်မှုတို့ကို အဆင့်မြှင့်တင်ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်ခုလုံးတွင် ပါဝင်သည့်နယ်ပယ်များ ခိုင်မာအားကောင်းစေခြင်း၊ (ခ) အဓိကကဏ္ဍ (ဥပမာ-သဘာဝသယံဇာတ)နှင့် ဆက်စပ်နေသော ထုတ်လုပ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အလေးအနက်ထား၍ တန်ဖိုးမြှင့်ကုန်စည် ဖြစ်ပေါ်လာရေးအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ (ဂ) ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များနှင့်အတူ ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်၊ နှိုင်းယှဉ်ဆောင်ရွက်နိုင်သော အားသာချက်များပေါ် ရှုပ်လုံးဖော်ပေးခြင်းဖြင့် ပြည်တွင်း ပို့ကုန် အားဖြည့်ပေးရေး၊ (ဃ) စီးပွားရေးလုပ်ငန်းကြီးများ၊ SMEများနှင့် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေး၊ (င)ပြည်တွင်းထုတ်လုပ်မှုကို ဆန်းသစ်တီထွင်ရေးတို့ပါဝင်ပါသည်။

(၅) ဒေသဆိုင်ရာ စီးပွားရေးအလားအလာဖွံ့ဖြိုးရေးနှင့် ဒေသတွင်းမညီမျှမှုများကို လျော့ချခြင်း- ဤမဟာဗျူဟာတွင် (က)သတ်မှတ်ထားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် ရွေးချယ်ထားသောစီးပွားရေးကဏ္ဍများနှင့် အလားအလာရှိသော ထုတ်ကုန်များ တိုးတက်လာရေး။ ထိုသို့ဆောင်ရွက်ရာတွင် ခေတ်နောက်ကျနေသောဒေသများပေါ် အလေးအနက်ထားကာ ဒေသတွင်းနှိုင်းယှဉ်ခန့်မှန်းနိုင်သော အားသာချက်များပေါ် အားပြု၍ ရုပ်လုံးဖော်ခြင်း၊ (ခ) ဒေသဆိုင်ရာအားသာချက်၊ စွမ်းရည်များကိုအသုံးချ၍ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းရှိ မဟာဗျူဟာကျသောနေရာများ အပါအဝင်အထူးစီးပွားရေးဇုံများ နှင့် စီးပွားရေး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် စီးပွားရေး အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်းများ ပတ်ဝန်းကျင်တွင် ရှိနေသော အထွေထွေ အတားအဆီးများကို ဖယ်ရှားအောင်မြင်မှုရရှိရေး၊ (ဂ) စီးပွားရေးဖွံ့ဖြိုးမှု၏ ဗဟိုချက်၊ ပြည်တွင်းနှင့် နယ်စပ်ဒေသ ကုန်သွယ်မှုတို့အကြား ချိတ်ဆက်နိုင်ရေး၊ ဒေသတွင်း စီးပွားရေး တိုးတက်လာရေးတို့ကို ချဲ့ထွင်လျက် တိုးတက်မှု ရရှိလာရေးတို့ ပါဝင်ပါသည်။

(၆) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်းနှင့် ဆင်းရဲမှုနှင့် မညီမျှမှု လျော့ချခြင်း- ဤမဟာဗျူဟာတွင် (က) ဆင်းရဲမှုပြဿနာများကို ဖြေရှင်းရန် ကျေးလက်ဒေသလူနေမှု အဆင့်အတန်း မြင့်မားလာရေးအတွက် ပြည်သူဗဟိုပြုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရန်၊ (ခ) အခြေခံကျသော လူမှုဝန်ဆောင်ရေး လုပ်ငန်းများ၏ အရည်အသွေး မြင့်မားလာပြီး ကျေးလက်ဒေသများမှ လက်လှမ်းမီနိုင်ရေး၊ (ဂ) ကလေးသေနှုန်း၊ အာဟာရချို့တဲ့မှုကဲ့သို့သော ဆင်းရဲမှုနှင့် ဆက်သွယ်နေသည့် ပြဿနာများကို အလေးပေးဆောင်ရွက်မှု၊ ကျန်းမာရေးဝန်ဆောင်မှုသို့ လက်လှမ်းမီနိုင်ရေးကို ဦးပကျွာ ပြုမထားရေး၊ (ဃ) ကလေးများကျောင်းအပ်နှံမှု၊ စာသင်ကာလကဲ့သို့သော ဆင်းရဲမှုနှင့် ဆက်စပ်နေသည့် ပြဿနာများကို အာရုံစိုက်လျက် ပညာရေး၊ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်ရေးသင်တန်း၊ အလုပ်အကိုင်ဝင်ငွေရရှိမှု အခွင့်အလမ်းများအတွက် ချဉ်းကပ်နိုင်မှု တိုးတက်လာရေး၊ (င) လူမှုဘဝ လုံခြုံရေးအတွက် အဆင်းရဲဆုံး ပြည်သူများကို ဦးတည်ထားကာ စီးပွားရေးအကူအညီပေးခြင်းဖြင့် လူမှုရေးရာ စိတ်ချရမှုများအားကောင်းလာစေရေး၊ (စ) စီးပွားရေးလုပ်ငန်း၊ ဒေသဆိုင်ရာ အစိုးရနှင့် သတ် မှတ်ထားသော ဒေသများရှိ လူမှုအဖွဲ့အစည်းများ၊ ဆင်းရဲမှုလျှော့ချရေးကို ဆောင်ရွက်နေကြသော ဒေသနှင့် လူမှုအဖွဲ့အစည်းများအတွင်း ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ပေးရေးတို့ပါဝင်ပါသည်။

(၇) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း - ဤမဟာဗျူဟာတွင် (က) သဘာဝ သယံဇာတများကို ထိန်းသိမ်းကာကွယ်မှု၊ ပြန်လည်ထူထောင်မှု၊ အထူးသဖြင့် သယံဇာတနှင့် ဆက်စပ်နေသော ကြီးမားသော စီမံကိန်းများ၊ ဥပမာ သစ်တောများ၊ ရေဝေရေလဲဒေသများ၊ ဇီဝမျိုးစိတ်ကာကွယ်ရေး၊ မြေယာစီမံခန့်ခွဲရေးများကို အလေးပေး ဆောင်ရွက်ရေး၊ (ခ) ပတ်ဝန်းကျင် အရည်အသွေး တိုးတက်လာရေး၊ ဥပမာ လေထု၊ ရေထုညစ်ညမ်းမှုကို လျှော့ချရေးနှင့် (ဂ) စွန့်ပစ်ပစ္စည်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မှု စွမ်းရည်အားကောင်းလာရေးတို့ပါဝင်သည်။



## အမျိုးသားနိုင်ငံ ထူထောင်ရေး

မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတည်ဆောက်ရေးတွင် အလေးအနက်ထားရမည့် လုပ်ငန်းများနှင့် အခြေခံကျသော စည်းမျဉ်းစည်းကမ်းများပေါ် တည်မှီနေပါသည်။ ဤလုပ်ငန်းတွင် (၁) စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုကို အားဖြည့်ပေးရေး၊ နိုင်ငံသားအားလုံး လူမှုဘဝအရည်အသွေး တိုးတက်လာရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ် ရေး ထိန်းသိမ်းထားရန် စသည်တို့သည် အရေးတကြီး လိုအပ်ချက်များဖြစ်ပါသည်။ (၂) အပြန်အလှန် ယုံကြည်စိတ်ချရမှုဖြင့် နိုင်ငံစည်းလုံးမှုကို ထူထောင်ရေး၊ ပြည်ထောင် စုမြန်မာနိုင်ငံ၏ မတူကွဲပြား ခြားနားသော လူမျိုးစုများ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်း ထားရေး၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်လာမှုကို အခြေခံကာ ဝိုင်းဝန်းကူညီမှုဖြင့် တည်ငြိမ်အေးချမ်း သာယာမှုကိုရရှိရေး၊ (၃) စီးပွားရေးနှင့်လူမှုရေး လုံခြုံစိတ်ချမှု အပါအဝင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ဆီသို့ တက်လှမ်းရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် အာမခံချက်ရရှိလာရေး၊ (၄) လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းရေး၊ တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် နိုင်ငံတကာ အသိုက်အဝန်းနှင့် ဆက်ဆံရေးတို့ ပါဝင်လာပါသည်။

**<u>မြန်မာနိုင်ငံ၏ မတူကွဲပြားခြားနားမှု</u>**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ခု ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ ဘာသာစကားပေါင်း ၆၄မျိုးရှိပြီး ဘာသာစကား အုပ်စု ၆ မျိုး ရှိပါသည်။ ဤသို့လူမျိုးစုနှင့် ဘာသာစကားများ ကွဲပြားခြားနားချက် ရှိနေသော်လည်း ညီညွတ်မှုရှိခြင်း၊ သည်းခံခွင့်လွှတ်မှုရှိခြင်း၊ အာရှနှင့်အိန္ဒိယဒေသတွင် ပထဝီအနေအထားအရ အားသာချက်များရှိခြင်း တို့သည် မြန်မာနိုင်ငံအား ဖွံ့ဖြိုးလာစေရန် ပြိုင်ဘက်ကင်းသည့်အခွင့်အလမ်းများရရှိစေပါသည်။

## စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲမှု

NCDP သည် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတစ်ခု ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသော ကျယ်ပြန့်သည့်အတိုင်းအတာကို ဖော်ပြထားပါသည်။ သို့ရာတွင် မြန်မာ့စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲရေးသည် စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ရေရှည် စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲမှု မဟာဗျူဟာအတွက် ခိုင်မာစွာ ခံယူထားသော ယုံကြည်ချက် အခြေခံသည် လက်တွေ့ကျ၍ ထိရောက်ပြီး ကျိုးကြောင်း ညီညွတ်သော မူဝါဒနှင့် အစီအစဉ်များအတွက် အုတ်မြစ်ဖြစ်ပါသည်။ ◦

စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု အစပျိုးခြင်းသည် သတ်မှတ်ထားသော အချိန်အတိုင်းအတာအတွင်း စီးပွားရေး တစ်ခုလုံးကြွယ်ဝလာမှုဖြစ်ပါသည်။ ထိုစီးပွားရေး အဆောက်အအုံတွင် မြေယာ(သယံဇာတ)၊ လုပ်အား(လူ) အရင်းအနှီး (ရုပ်ပိုင်းနှင့်လူမှုရေး) ပါဝင်ပြီး၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ပေါင်းစပ်ထားပါသည်။ ထို့ပြင် စီးပွားရေး၏ နှိုင်းယှဉ် အကျိုးကျေးဇူးများအတွက် အခြေခံအဖြစ်လည်း သတ်မှတ်ပါသည်။ ထိရောက်မှုရှိသည့် ဈေးနှုန်းယန္တရားတစ်ခုသည် စီးပွားရေးပုံသဏ္ဍာန်၏ နှိုင်းယှဉ်အကျိုးကျေးဇူးအပေါ် အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အသင့်လျော်ဆုံးသောလုပ်ငန်းများ၊ လုပ်ဆောင်ချက်များကိုအချက်ပြပေးနိုင်ပါသည်။ ဥပမာ မြန်မာနိုင်ငံတွင် များစွာရှိနေသည့် ကျွမ်းကျင်မှုနည်းသော လုပ်သားများ၊ အခကြေးငွေအနည်းငယ်ပေး၍ ရနိုင်သောလုပ်သားများစွာရှိခြင်း၊ လုပ်သားအင်အားကို အဓိက အသုံးပြုရသည့်လုပ်ငန်းများ( ဥပမာ အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း ၊ လျှပ်စစ်ပစ္စည်းတပ်ဆင်ရေးလုပ်ငန်း)။ သို့ရာတွင် နိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်သည် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေပါသည်။ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းများမှာ စုဆောင်းငွေ၊ ရင်းနှီးမြှုပ်နှံမှု အသိပညာအဆင့်အတန်း၊ နည်းပညာတိုးတက်မှု၊ အဖွဲ့အစည်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အမှီသဟဲပြုနေသည်။ ဤအရာများကို အစိုးရ၏မူဝါဒများကလည်းကောင်း၊ အစိုးရနှင့် စီးပွားရေး လုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုများဖြင့်လည်းကောင်း လွှမ်းမိုးထားနိုင်မည် ဖြစ်ပါ သည်။ ထို့ကြောင့် အသင့်တော်ဆုံး စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဍာန်သည် နိုင်ငံ၏ အရည်အသွေး တဖြည်းဖြည်း တိုးတက်လာမှုကို ဖြစ်ပေါ်စေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံအတွင်း အလုပ်သမားများ၏ ပိုမိုကျွမ်းကျင်လာမှု၊ အသိပညာတိုးတက်လာမှု၊ နည်းပညာ မြင့်မားသော လုပ်ငန်းများတွင် ပိုမိုတိုးတက်မှု ရရှိလာသည်နှင့်အမျှ အီလက်ထရွန်နစ်လုပ်ငန်းများ၊ စီးပွား ဝန်ဆောင်မှုများတွင် လုပ်နိုင်စွမ်းရှိလာပါသည်။


လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ ထုတ်လုပ်မှု ပုံစံသစ်များ ဖြစ်ပေါ်လာစေရန် နိုင်ငံ၏ နှိုင်းယှဉ် အကျိုးကျေးဇူးများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် စီးပွားရေး ပုံသဏ္ဍာန်ကို ပြောင်းလဲစေနိုင်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှိုင်းယှဉ်အကျိုးကျေးဇူးများအပေါ် အခြေခံ၍ စီးပွားရေးပုံသဏ္ဍာန်များ ကွဲပြားခြားနားနိုင်ပါသည်။

အချိန်နှင့်အမျှ ပြောင်းလဲနေသော မြန်မာ့စီးပွားရေး၏ အားသာချက်များအပေါ် မူတည်၍ အလုပ်သမားများ၏ ကျွမ်းကျင်မှုရရှိလာနိုင်ခြင်း၊ အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်လာနိုင်ခြင်း၊ နည်းပညာများ ပိုမိုဆန်းပြား ထူးခြားလာခြင်းတို့ဖြစ်ပေါ်နိုင်ပါသည်။ ဤသို့ဖြစ်ပေါ်လာခြင်းသည် စီးပွားရေး ပုံသဏ္ဍာန်ကို ကဏ္ဍအလိုက် အဆင့်မြှင့်ပေးနိုင်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်း၊ ဝင်ငွေအဆင့်အတန်း မြင့်မားလာနိုင်ခြင်းနှင့် ဆင်းရဲမှုလျှော့ချနိုင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းတို့ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု၏ ထိရောက်သော မဟာဗျူဟာသည် နောက်ကျခြင်း မှ ရရှိလာသည့် အကျိုးကျေးဇူးကို ရယူနိုင်ပါသည်။ ဒေသတွင်း အခြားနိုင်ငံများ၏ အတွေ့အကြုံမှ ရယူဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ထိုင်း၊ မလေးရှား၊ ဗီယက်နမ် တို့ဖြစ်၍ ယင်းနိုင်ငံတို့၏ အောင်မြင်မှုများမှရှိခဲ့သော အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ ထို့အပြင် တိုင်ဝမ်နှင့် ကိုရီးယား တို့မှလည်း အတွေ့အကြုံများကိုရယူခဲ့ပါသည်။ ဒေသတွင်း လုပ်ငန်းအမျိုးမျိုးတွင် ထုတ်လုပ်မှုကွန်ယက်များ၊ ဥပမာ အထည်ချုပ်လုပ်ငန်း၊ အီလက်ထရွန်နစ်လုပ်ငန်း၊ မတူကွဲပြားခြားနားသော အရာအားလုံးအတွက် အခွင့်အလမ်းများ၊ အချိန်နှင့် တပြေးညီ အဆင့်မြှင့်တင်နိုင်မည့်နည်းလမ်းများကို သိရှိလာနိုင်မည်ဖြစ်ပါသည်။

## စီးပွားရေး ပုံသဏ္ဍာန်ပြောင်းလဲမှု (အဆက်)

စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုသည် နှိုင်းယှဉ်အကျိုးကျေးဇူးများ၊ ဈေးကွက်ဦးဆောင်မှု၊ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍတိုးတက်မှုနှင့် အစိုးရ၏ ထိရောက်သော ကူညီပံ့ပိုးမှုတို့အပေါ်တွင် မူတည်ပါသည်။ (၁) မြန်မာနိုင်ငံရှိ နှိုင်းယှဉ်အကျိုးကျေးဇူးများနှင့် ဈေးကွက်အလားအလာများဖြင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန် အခြားနိုင်ငံများ၏ အတွေ့အကြုံ များကိုရယူ၍ နောက်ကျခြင်းမှရရှိလာသော အကျိုးကျေးဇူးများကို အသုံးပြုခြင်း၊ (ဥပမာ တီထွင်ဆန်းသစ်မှုနှင့် ပတ်သက်၍ ထိုင်ဝမ်၊ ကိုရီးယား၊ အမျိုးအစား ခွဲခြားသတ်မှတ်လုပ်ခြင်း နှင့်ပတ်သက်၍ ထိုင်းနှင့်ဗီယက်နမ်)၊ (၂) ဤလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အထူးစိတ်ဝင်စားလုပ်ကိုင်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ပေးရန်လိုအပ်ပါသည်။ ( ဥပမာ- အခြေခံ အဆောက်အအုံ၊ ကျွမ်းကျင်မှု နှင့် SME များအတွက် ဈေးကွက် သတင်းအချက်အလက်) (၃) ပြည်တွင်းပုဂ္ဂလိက ကဏ္ဍအတွက် အကန့်အသတ်ဖြစ်နေသော စီးပွားရေး လုပ်ငန်းများ၊ နိုင်ငံတကာ ယှဉ်ပြိုင် နိုင်စွမ်းရှိသော လုပ်ငန်းများအတွက် FDI များကို ဆွဲဆောင်ခြင်း၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့ပေးခြင်း။ အထူးသဖြင့် SME များကို ပံ့ပိုးပေးနိုင်ခြင်း( ဥပမာ ဒေသတွင်းထုတ်လုပ်မှုကွန်ယက်တွင် ရောင်းချသူများ ဖြစ်လာနိုင်စေခြင်း) (၄) အစိုးရ၏ ပံ့ပိုး ကူညီမှု၊ အခြားနိုင်ငံများ၏ အတွေ့အကြုံများဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တီထွင်ဆန်း သစ်မှုနှင့်အမျိုးအစားမျိုးစုံ ထုတ်လုပ်မှုကိုပိုမိုအောင်မြင်စေရန် ဦးဆောင်ဦးရွက်ပြုလာနိုင်ခြင်း၊ (၅) အထူးစီးပွားရေးဇုန်များ၊စက်မှုဇုန်များကိုအသုံးပြုပြီးအကန့်အသတ်ဖြစ်နေသောအခြေခံအဆောက်အအုံများနှင့် စီးပွားရေးပတ်ဝန်းကျင်များကို ကျော်လွှားနိုင်ခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်း အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဒေသများအကြားမတူညီသည့် နှိုင်းယှဉ်အကျိုးကျေးဇူးများအပေါ် အခြေခံပြီး ဖွံ့ဖြိုးမှုဇုဟိုဌာနများ ထူထောင်ခြင်းတို့ဖြစ်ပါသည်။




[၁] တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအတွက် အခြေခံကျသည့် စီးပွားရေးပုံသဏ္ဍာန်နှင့် ပတ်သက်သောဆွေးနွေးချက်များ (Kuznets-၁၉၆၄)၊ နောက်ကျခြင်းဖြင့် ရရှိသော အကျိုးကျေးဇူး (Gerschenkorn-၁၉၆၂)၊ အရှေ့အာရှနိုင်ငံများ၏ "flying geese" သဘောတရား (Akamatsu-၁၉၆၂)၊ ပါဝင်မှုအချိုးများအရ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုပုံစံ (Lin- 2012a-b)၊ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ကမ္ဘာ့ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်များ (UNCTAD-၂၀၁၃)၊ WTO၊ JETRO (၂၀၁၁)

## အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ခြင်း

NCDP သည် ၂၀၃၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံ၏ တိုးတက်မှု လမ်းပြမြေပုံ သို့မဟုတ် မူဘောင်ဖြစ်ပါသည်။ NCDP သည် ကာလရှည်မျှော်မှန်းချက်များနှင့် ဦးစားပေး လမ်းညွှန်ချက်များဖြင့် ပေါင်းစပ်ကာ စီမံကိန်းများ ၊ မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် မဟာဗျူဟာများပါဝင်ပါသည်။ NCDP သည် သတ်မှတ်ထားသော နယ်ပယ်အသီးသီးတွင် ဖြစ်ပေါ်လာမည့်ဖွံ့ဖြိုးမှုရလဒ်များကို ဆောင်ကျဉ်းလာရန် ရည်မှန်းထားသည့် တိကျသော အစီအစဉ်များကို အဓိကထားလျက် ကဏ္ဍအလိုက် မဟာဗျူဟာများနှင့် အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ (ဥပမာ စီးပွားရေးနှင့် လူမှုရေးအဆောက်အအုံ၊ ထုတ်လုပ်မှုကဏ္ဍများဖြစ်သည့် လယ်ယာနှင့်စက်မှုကဏ္ဍ ၊ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့်ခရီးသွားလုပ်ငန်းများ) ၊ NCDP သည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များက ဆောင်ရွက်နေသော ဒေသတစ်ခုချင်း၏ အားသာချက်နှင့် စိန်ခေါ်မှုများ အပေါ် အခြေခံ၍ ရေးဆွဲထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းနှင့်လည်း လိုက်လျောညီထွေမှု ရှိစေရန်ဦးတည်ထားပါသည်။ NCDP ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများတွင် အထူးစီးပွားရေးဇုန်များ ထူထောင်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

အနှစ်၂၀ မဟာဗျူဟာမြောက် စီမံကိန်းသည် ကာလတို ၅ နှစ် စီမံကိန်း ၄ ခု ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ထားပါသည်။ (ပုံ-၁၉) NCDP ၏ မူဘောင်အတွင်း ပြောင်းလဲနေသော ပြည်တွင်းပြည်ပ အခြေ အနေအရ ကာလတို ၅ နှစ် စီမံကိန်းများကို အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ဤနည်းအားဖြင့် မြန်မာ နိုင်ငံသည် စီးပွားရေး၊ လူမှုရေး အလားအလာများကို ဆက်လက်မြှင့်တင်သွားနိုင်မည် ဖြစ်ပြီး ကမ္ဘာ့အသိုက်အဝန်းတွင် ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။





ပုံ-၁၉ ငါးနှစ်စီမံကိန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် NCDP မူဘောင်

## အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအပေါ် ထိန်းကျောင်းကြပ်မတ်ခြင်း


NCDP တိုးတက်မှု အခြေအနေကို နည်းလမ်း၂သွယ်ဖြင့် ထိန်းကျောင်းကြပ်မတ် သွားမည်ဖြစ်ပါသည်။ ပြည်သူ တစ်ရပ်လုံးရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုနှင့် စီးပွားရေးတိုးတက်မှုကို ရည်မှန်းထားပါသည်။ NCDP၏ မျှော်မှန်းချက်များကို ရရှိစေရန် ပထမ အဆင့်အနေဖြင့် OECD ၏ မူဘောင်ဖြင့် ထိန်းကျောင်းကြပ်မတ်သွားမည်ဖြစ်ပါသည်။

NCDP တွင်ပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ (၇) ရပ်၏ မျှော်မှန်း ရလဒ်များဖြင့် ဒုတိယအဆင့် ထိန်းကျောင်း ကြပ်မတ်သွားမည် ဖြစ်ပါသည်။





ပုံ-၁-၁၀

လူမှုဘဝပြည့်စုံမှုအတွက် NCDP ထိန်းကျောင်းကြပ်မတ်ခြင်းမူဘောင်၊ ဇာစ်မြစ် OECD How's Life Framework (၂၀၁၄)









အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၁)
နေပြည်တော် (၂၀၁၄)



၂

# စီးပွားရေးအခွင့်အလမ်း ပွင့်လန်းလာတော့မည့် မြန်မာ

မြန်မာနိုင်ငံသည် ရှေးယခင်နှစ်များစွာက ဒေသတွင်းနိုင်ငံများသို့ ဆန်ထုတ်လုပ်တင်ပို့နိုင်သော အာရှ၏ ဆန်အိုးကြီးအဖြစ်ရပ်တည်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ သီးခြားရပ်တည်ခဲ့ခြင်း၊ နိုင်ငံနှင့် လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးဖြစ်နေသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကန့်အသတ်များ ရှိခဲ့ခြင်းတို့မှ စီးပွားရေး ပြန်လည်ပွင့်လန်းလာမည့် အခြေအနေသို့ ရောက်ရှိနေပါသည်။ ပေါကြွယ်ဝသည့် သယံဇာတများနှင့် များပြားသည့် လူဦးရေများရှိသည့် မြန်မာနိုင်ငံသည် နောက်ကျခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများကို အသုံးချ၍ ၂၀၃၀ ခုနှစ်တွင် ဝင်ငွေ အလယ်အလတ်အဆင့်သို့ရောက်ရှိလာမည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။





| | |
|---|---|
| မေခရိစီးပွားရေးအခြေအနေကိုခြုံငုံသုံးသပ်ခြင်း | ၂-၁ |
| စီးပွားရေးပုံသဏ္ဌာန်သွင်ပြင်လက္ခဏာ | ၂-၃ |
| လယ်ယာကဏ္ဍကြီး | ၂-၄ |
| စက်မှုကဏ္ဍကြီး | ၂-၆ |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၂-၇ |
| ကဏ္ဍအလိုက် စီးပွားရေးပုံသဏ္ဌာန် | ၂-၉ |
| ကုန်သွယ်မှု | ၂-၁၁ |
| ကုန်သွယ်ဘက်နိုင်ငံများ | ၂-၁၂ |
| နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု | ၂-၁၄ |
| စီးပွားရေးပထဝီဝင် | ၂-၁၈ |
| မြန်မာနိုင်ငံ၏ ရောပြွမ်းစီးပွားရေးလုပ်ငန်းများ | ၂-၂၅ |
| လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး | ၂-၃၀ |
| လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညွှန်းကိန်းများ | ၂-၃၁ |
| ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ | ၂-၃၂ |
| ဆင်းရဲမှုနှင့် စီးပွားရေးချိန်ခွင်လျှာမညီမျှခြင်း | ၂-၃၃ |

# မေခရိုစီးပွားရေးအခြေအနေကို ခြုံငုံသုံးသပ်ခြင်း

စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိရန်အတွက် ငွေကြေးဖောင်းပွမှုလျော့နည်းစေခြင်း၊ တည်ငြိမ်သောငွေလဲလှယ်နှုန်း၊ ဟန်ချက်ညီဘဏ္ဍာရေးအခြေအနေ ထိန်းထားနိုင်မှု၊ သင့်တင့်လျောက်ပတ်သော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုစသော မေခရိုစီးပွားရေးစနစ်များ လိုအပ်မည်ဖြစ်ပါသည်။ အတိတ်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့အစည်းဆိုင်ရာများ၊ မူဝါဒမူဘောင်များ၊ အသုံးပြုသောနည်းလမ်းများ အားနည်းခြင်းတို့ကြောင့် အထက်ပါ အခြေအနေများရရှိရန် အခက်ကြုံခဲ့ပါသည်။ စီးပွားရေးတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများပွင့်လင်းလာခြင်း၊ အမျိုးအစားစုံလင်စွာ ထုတ်လုပ်လာခြင်း၊ နည်းပညာများ အဆင့်မြင့်လာခြင်း၊ စီးပွားရေးမတည်ငြိမ်မှုများ နှင့်အတူ မေခရိုစီးပွားရေး စီမံခန့်ခွဲမှုများ လိုအပ်လာပါသည်။ (ဥပမာ-တည်ငြိမ်မှုမရှိသော အရင်းအနှီးစီးဝင်မှုများ)

ဖွံ့ဖြိုးတိုးတက်မှုကို ရှေ့ရှုနေသည့် မြန်မာနိုင်ငံအတွက် ဈေးကွက်စီးပွားရေးနှင့် ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းရေးသည် မေခရိုစီးပွားရေးအတွက် လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မကြာသေးခင်နှစ်များအတွင်း မေခရိုစီးပွားရေး စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဖော်မှုတို့သည် နောက်ခံဖြစ်ရပ်များနှင့် ဆန့်ကျင်လျက် ထူးခြားသောစိန်ခေါ်မှုများနှင့် တွေ့ကြုံခဲ့ရပါသည်။ (ဇယား ၂-၁)

ငွေကြေးမူဝါဒမူဘောင်၊ အဖွဲ့အစည်းနှင့် နည်းလမ်းများ အားနည်းနေစဉ်အတွင်း မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စီမံခန့်ခွဲရန်အတွက် ငွေကြေးမူဝါဒသည် အဓိကကျပါသည်။ ဘတ်ဂျက်လိုငွေပြနေမှုကြီးမားနေခြင်း၊ လိုငွေပြမှုကို ကုစားခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခက်ခဲသည့် မေခရိုစီးပွားရေးပတ်ဝန်းကျင်အခြေအနေများ ဖန်တီးခြင်းသည် မြန်မာ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုတွင် အခက်အခဲဖြစ်စေပါသည်။ ဥပမာအားဖြင့် ၁၉၈၀ ခုနှစ် မှ ၂၀၀၀ ပြည့်နှစ် အတွင်း ဘတ်ဂျက်လိုငွေပြမှုကြီးမားနေခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေစက္ကူ အမြောက်အမြားကို ရိုက်နှိပ်ထုတ်ပေးခြင်းဖြင့် ဖြေရှင်းခဲ့သောကြောင့် ငွေကြေးဖောင်းပွမှုကို ကြီးမားစွာဖြစ်ပေါ်စေခဲ့ပါသည်။ (ဇယား ၂-၁)

ထို့ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဈေးနှုန်းမြင့်တက်လာပြီး ထုတ်လုပ်သူများနှင့် စားသုံးသူများအပေါ် ကြီးမားသော ဂနာမငြိမ်ဖြစ်မှုကို ဖြစ်စေခဲ့ပါသည်။ ငွေလဲလှယ်နှုန်းပိုမိုတန်ဖိုးသတ်မှတ်ခြင်း၊ ဈေးကွက်အတွင်းလှည့်လည်နေသော ငွေကြေးပမာဏလျော့ချခြင်း၊ အပ်ငွေအတိုးနှုန်းသည် ငွေကြေးဖောင်းပွမှုထက် ကျော်လွန်၍ တိုးမြှင့်ခြင်းတို့သည် ငွေကြေးဖောင်းပွမှုလျော့ချရန် အဟန့်အတားဖြစ်စေပါသည်။ ငွေလဲလှယ်နှုန်းပိုမိုသတ်မှတ်ခြင်းသည် သွင်းကုန်ဈေးနှုန်းများကို လျော့နည်းစေပြီး မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အစားထိုးမှုကို ဦးတည်သည့် ပြည်တွင်းဈေးကွက်ဖြစ်သော အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများဈေးနှုန်းပိုမိုကြီးမြင့်လာပြီး ယှဉ်ပြိုင်မှုနည်းလာပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အခြေခံထုတ်ကုန်ပစ္စည်းများ၏ ပို့ကုန်လုပ်ငန်းရှင်များအတွက်ဝင်ငွေ ကမောက်ကမဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများကို သိသိသာသာပျက်ပြားစေပြီး သဘာဝသယံဇာတဖြင့် ဆောင်ရွက်ရသော စီးပွားရေးလုပ်ငန်းများအထူးသဖြင့် ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ဝင်ငွေနှင့် အလုပ်အကိုင်ဖန်တီးမှုတို့ကို နှောင့်နှေးကြန့်ကြာစေမည်ဖြစ်ပါသည်။

## ဇယား ၂-၁: မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးညွှန်းကိန်းများ (ဇာစ်မြစ်: ADB, ၂၀၁၄)

| အကြောင်းအရာ | ခုနှစ် | | | | | | |
|---|---|---|---|---|---|---|---|
| | ၁၉၈၀ ခုနှစ်များ | ၁၉၉၀ ခုနှစ်များ | ၂၀၀၀ ခုနှစ်များ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ |
| စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)၊ (ဒေါ်လာ၊ ဘီလီယံ) | ၅.၆ | ၆.၈ | ၁၆.၁ | ၄၉.၆ | ၅၆.၂ | ၅၅.၃ | ၅၉.၄ |
| တစ်ဦးကျစုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)၊ (ဒေါ်လာ) | ၁၄၉.၆ | ၁၅၀.၁ | ၂၉၁ | ၇၄၂ | ၉၀၀ | ၉၀၇ | ၉၁၅ |
| တိုးတက်မှုနှုန်း (% )(ပုံမှန်ဈေးနှုန်းအရ) | ၁.၈ | ၅.၅ | ၄.၇ | ၅.၃ | ၅.၉ | ၆.၅ | ၆.၈ |
| လယ်ယာကဏ္ဍကြီး | ၂.၀ | ၄.၉ | ၉.၁ | ၄.၄ | ၄.၄ | ၄.၅ | --- |
| စက်မှုကဏ္ဍကြီး | -၂.၀ | ၉.၂ | ၁၈.၇ | ၆.၃ | ၆.၅ | ၇.၅ | --- |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၁.၄ | ၆.၂ | ၁၁.၉ | ၆.၁ | ၆.၃ | ၇.၁ | --- |
| အလုပ်လက်မဲ့နှုန်း (%) | --- | ၄.၁ | ၄.၀ | ၄.၀ | ၄.၀ | ၄.၀ | --- |
| စုစုပေါင်းပြည်တွင်းရင်းနှီးမြှုပ်နှံမှု (% ဂျီဒီပီ) | --- | ၁၃.၀ | ၁၃.၄ | ၂၃.၂ | ၂၉.၁ | ၃၀.၃ | --- |
| စုစုပေါင်းပြည်တွင်းစုဆောင်းမှု (% ဂျီဒီပီ) | --- | ၁၂.၃ | ၁၃.၄ | --- | --- | --- | --- |
| စားသုံးသူဈေးဆနှုန်းကိန်း (နှစ်စဉ်ပြောင်းလဲမှု %) | ၉.၇ | ၂၆.၅ | ၁၉.၅ | ၈.၂ | ၂.၈ | ၂.၈ | ၅.၆ |
| ပြည်တွင်းငွေကြေးမြီ (နှစ်စဉ်ပြောင်းလဲမှု %) | ၁၂.၄ | ၂၈.၅ | ၂၉ | ၃၄.၄ | ၂၅.၁ | ၆.၂ | ၂၉.၂ |
| ပြည်တွင်းငွေကြေးမြီ (% ဂျီဒီပီ) | ၅၇.၇ | ၃၄.၃ | ၂၄.၅ | ၂၆ | ၂၉.၉ | ၂၉ | ၃၃.၂ |
| အစိုးရ၏ ရငွေ (% ဂျီဒီပီ) | ၈.၅ | ၇.၄ | ၉ | ၁၁.၄ | ၁၂ | ၂၃ | ၂၃.၄ |
| အစိုးရ၏ အသုံးစရိတ် (% ဂျီဒီပီ) | ၁၁ | ၉.၂ | ၁၄.၉ | ၁၆.၉ | ၁၆.၆ | ၂၆.၆ | ၂၈.၄ |
| ဘဏ္ဍာရေး ပိုငွေ (လိုငွေ) ပြမှု (% ဂျီဒီပီ) | (၂.၄) | (၁.၈) | (၂.၉) | (၅.၅) | (၄.၆) | (၃.၇) | (၅.၀) |
| ပို့ကုန်တန်ဖိုး (ဒေါ်လာ-သန်းပေါင်း) | --- | ၁,၀၃၈ | ၄,၁၃၃ | ၇,၈၉၆ | ၉,၄၂၇ | ၉,၆၄၄ | ၁၁,၂၇၆ |
| ပို့ကုန်တန်ဖိုး (% ဂျီဒီပီ) | ၅.၅ | ၁.၀ | ၇.၇ | ၁၇.၄ | ၁၇.၉ | ၁၈.၆ | ၁၉.၉ |
| သွင်းကုန်တန်ဖိုး (ဒေါ်လာ-သန်းပေါင်း) | --- | (၂,၀၆၉) | (၃,၄၁၈) | (၇,၄၈၈) | (၉,၇၉၅) | (၁၁,၆၆၆) | (၁၂,၉၁၉) |
| သွင်းကုန်တန်ဖိုး (% ဂျီဒီပီ) | (၉.၃) | (၁.၉) | (၇.၀) | (၁၆.၅) | (၁၈.၆) | (၂၂.၅) | (၂၂.၈) |
| ကုန်သွယ်မှု (% ဂျီဒီပီ) | (၃.၈) | (၀.၉) | (၀.၇) | (၀.၉) | (၀.၇) | (၃.၉) | (၃.၀) |
| နိုင်ငံခြားငွေအရအသုံး (% ဂျီဒီပီ) | (၀.၉) | (၀.၇) | (၁.၃) | (၁.၉) | (၂.၄) | (၄.၄) | (၄.၃) |
| ပြည်ပကြွေးမြီ (% ပို့ကုန်) | ၄၈.၆ | ၁၂.၉ | ၂.၆ | ၇.၆ | ၁၀.၇ | ၂.၂ | ၄.၂ |
| နိုင်ငံခြားငွေအရန်ထားရှိမှု (သန်းပေါင်း) (လအလိုက်သွင်းကုန်တန်ဖိုး) | ၁၁၈ | ၃၂၀ | ၁,၃၈၁ | ၃,၇၅၄ | ၄,၀၂၆ | ၄,၅၉၉ | ၅,၅၃၇ |
| တရားဝင်ငွေလဲနှုန်း (ကျပ် /ဒေါ်လာ) | ၇.၃ | ၆.၁ | ၆.၀ | ၅.၄ | ၅.၆ | ၈၈၀ | --- |
| ဈေးကွက်နှင့်အပြိုင်ထားရှိသော ငွေလဲနှုန်း (ကျပ် /ဒေါ်လာ) | --- | --- | ၁,၀၃၅ | ၈၆၁ | ၈၂၂ | ၈၇၈ | --- |

မေခရီစီးပွားရေးစီမံခန့်ခွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အခက်အခဲများကို ဖြေရှင်းရာတွင် ၂၀၁၁ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲမှုများကို ထူးခြားသော ခြေလှမ်းများဖြင့် အစပျိုးခဲ့ပါသည်။ (အခန်း-၁၊ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များ) ငွေလဲလှယ်နှုန်းကို တူညီသော ငွေလဲလှယ်နှုန်းဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်အင်အားအပေါ် အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပါသည်။ ဗဟိုဘဏ်၏ ဥပဒေသစ်သည် ငွေကြေးမူဝါဒအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အခန်းကဏ္ဍကိုခိုင်မာစေခဲ့ပါသည်။ အခွန်မူဝါဒနှင့် ဝင်ငွေစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဘဏ္ဍာအခွန်ငွေ တိုးပွားရေးတွင် အထောက်အကူဖြစ်စေရန် စတင်ဆောင်ရွက်ခဲ့ပါသည်။ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုတို့ သည် တိုင်းဒေသကြီး/ ပြည်နယ်များအပါအဝင် ဦးစားပေးလုပ်ငန်းများတွင် သုံးစွဲမှု၊ သယံဇာတ ခွဲဝေသုံးစွဲမှုအပိုင်းတွင် ပိုမို ထိရောက်ကောင်းမွန်သော ပြန်လည်သုံးသပ် စစ်ဆေးမှုများကို အားဖြည့်ပေးလျက်ရှိပါသည်။

အနာဂတ်ကိုမျှော်ကိုးလျက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဓိကကျသော နေရာများစွာတို့တွင်စွမ်းဆောင်ရည်အားကောင်းလာရေးကို ရှေ့ရှုလျက် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့တွင်အရန်ငွေ စီမံထားမှု၊ ငွေကြေးဖလှယ်နှုန်း တည်ငြိမ်ရေး၊ ငွေကြေးမူဝါဒအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များပါဝင်ပါသည်။ ဥပမာအနေဖြင့် ဈေးကွက်ဆိုင်ရာ ထိန်းကျောင်း ကြပ်မတ်ခြင်း၊ ငွေကြေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဈေးနှုန်းတည်ငြိမ်မှု အာမခံချက်ရှိရေးအတွက် နိုင်ငံခြားငွေကြေးစီးဝင်မှု တိုးတက်ရေး ထိရောက်စွာ စီမံခန့်ခွဲမှုရှိခြင်းစသည့် လုပ်ငန်းများဖြစ်ပါသည်။ ဘဏ္ဍာရေးကဏ္ဍ အားဖြည့်ပေးရေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကမကထပြုမှုအရ အုပ်ချုပ်ရေး စွမ်းရည်တိုးမြင့်လာရေးနှင့်အတူ ဟန်ချက်ညီညီဖြင့်ဖြေလျှော့ပေးမှုများလည်းပါဝင်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးမူဝါဒမူဘောင် တိုးတက်အောင် ဆောင်ရွက်နေစဉ်အတွင်း ဘဏ္ဍာရေးမူဝါဒ စွမ်းရည်တိုးမြင့်မှုများကို ကာလတိုနှင့် ကာလလတ်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့သို့ဆောင်ရွက်ခြင်းဖြင့် မေခရီစီးပွားရေးမူဝါဒနှင့် ဆက်စပ်နေသော လုပ်ငန်းများကို ကျယ်ပြန့်စွာ အားဖြည့်လာစေမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု အပိုင်းတွင်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများတွင်များစွာ ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်ရှိရေးတွင် ဘဏ္ဍာရေးမူဝါဒ ဟန်ချက်ညီစွာ တည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ လိုအပ်ပါသည်။

## စီးပွားရေးပုံသဏ္ဍာန်သွင်ပြင်လက္ခဏာ

မြန်မာနိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ရေရှည်ဖွံ့ဖြိုး တိုးတက်ရန်အတွက် အမျိုးအစားစုံလင်စွာထုတ်လုပ်မှု၊ အဆင့်မြင့်နည်းပညာများဖြင့် တန်ဖိုးမြှင့်လုပ်ငန်းများဆောင်ရွက်မှု တို့ကို တွန်းအားပေးနိုင်ရန် စီးပွားရေးပြုပြင်ပြောင်းလဲမှု အုတ်မြစ်ကို ချပေးလျက်ရှိပါသည်။ စီးပွားရေးပုံသဏ္ဍာန်အသွင်လက္ခဏာတွင် အဓိက အချက်အလက် (၄) ချက်ပါဝင်ရာ (၁) ကဏ္ဍအလိုက်စီးပွားရေးပုံသဏ္ဍာန်၊ (၂) စီးပွားရေးပထဝီ ၊ (၃) အခြေခံ စီးပွားရေး အဆောက်အအုံ (၄) ရောပြွမ်းစီးပွားရေး လုပ်ငန်းများဖြစ်ပါသည်။

ထပ်ဆင့်တိုးတန်ဖိုး ထုတ်လုပ်မှုတွင် အကန့်အသတ်ရှိခြင်း၊ လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှုနယ်ပယ်ကျဉ်းမြောင်းခြင်းနှင့် သယံဇာတထုတ်ယူရေးလုပ်ငန်းများဖြင့်သာ မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုနှင့် ပို့ကုန်အပေါ် လွှမ်းမိုးလျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်စာရင်းများအရ (က) လယ်ယာကဏ္ဍကြီး ၃၂.၃ % (ခ) စက်မှုကဏ္ဍကြီး ၃၀.၃% နှင့် (ဂ) ဝန်ဆောင်မှုကဏ္ဍကြီး ၃၇.၄ % ပါဝင်ပါသည်။ (ပုံ ၂-၁)။ လယ်ယာကဏ္ဍတွင် အများအားဖြင့် တန်ဖိုးနည်းလယ်ယာထွက်ပစ္စည်းထုတ်ကုန်များပါဝင်ပါသည်။ စက်မှုလက်မှု

ကဏ္ဍတွင် အထည်အလိပ်၊ သစ်တောထွက်ပစ္စည်းများပါဝင်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်း အနေဖြင့် နိုင်ငံတကာခရီးသည် ရောက်ရှိမှုမှာ အာဆီယံနိုင်ငံများ၏ ၁.၂% သာရှိပြီး ၂၀၁၃ခုနှစ်တွင် ခရီးသည် (၁)သန်းခန့်သာရောက်ရှိလာမှုက ဝန်ဆောင်မှုလုပ်ငန်း နိမ့်ကျနေမှုကို ထင်ဟပ်လျက်ရှိပါသည်။ (၂၀၁၃-၂၀၂၀ မြန်မာ့ခရီးသွားလာရေးလုပ်ငန်း ပင်မ စီမံကိန်း အလွန်အလားအလာကောင်းမွန်သော ကဏ္ဍတစ်ခု။)




ပုံ-၂-၁ စီးပွားရေးပုံသဏ္ဌာန် (၂၀၁၃-၂၀၁၄)

မြန်မာ့ပို့ကုန်များသည် အများအားဖြင့် အခြေခံပို့ကုန်များ ဖြစ်ပါသည်။ ဥပမာအားဖြင့် ဓာတ်ငွေ့နှင့်ဆက်စပ်နေသောပို့ကုန်သည် စုစုပေါင်းပို့ကုန်၏ ၅၃%၊ သစ်တောထွက် ပစ္စည်းများနှင့် သက်ဆိုင်သောပို့ကုန်မှာ ၁၆% ဖြစ်ပါသည်။ စက်မှုပို့ကုန်များမှာ အများ အားဖြင့် အရည်အသွေးနိမ့်သော တန်ဖိုးနည်းကုန်စည်များသာဖြစ်ပါသည် (အဝတ် အထည် နှင့် ပတ်သက်သော လုပ်ငန်းများ)( ၁၁% ) (Eria/IDE-Jetro)။ ထို့ကြောင့် မြန်မာ့ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရန် အဓိကလိုအပ်ချက်တစ်ရပ်မှာ စီးပွားရေး ပုံသဏ္ဌာန်ကို ပြောင်းလဲရန်ဖြစ်ပါသည်။ ယင်းတွင်ထုတ်လုပ်မှုဈေးကွက် ကွဲကွဲပြားပြားရှိမှု၊ ထုတ်လုပ်မှု ကဏ္ဍအတွင်း ကဏ္ဍတစ်ခုနှင့်တစ်ခုအကြား အဆင့်မြင့်ရေး တို့ပါဝင်ပါသည်။


## လယ်ယာကဏ္ဍကြီး

မြန်မာနိုင်ငံသည်လယ်ယာလုပ်ငန်းအတွေ့အကြုံရှိသောနိုင်ငံဖြစ်ပြီး ရှေးယခင်များ က အာရှတိုက်၏စပါးကျီအဖြစ် ဖော်ပြခြင်းခံရပါသည်။ ကျေးလက် ဒေသလုပ်အားများ၊ မြေဆီသြဇာကောင်းသော မြေယာများ၊ လယ်ယာနှင့် လယ်ယာလုပ်ငန်းများသည် စီးပွားရေး ၏ ကျောထောက်နောက်ခံဖြစ်ပါသည်။ ကျေးလက်မှမြို့ပြသို့ရွှေ့ပြောင်းမှုတိုးတက်နေ သော်လည်း လူဦးရေ၏ ၆၇% ဖြစ်သောလယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ကျေးလက်နေ ပြည်သူများထဲမှ လူငယ်များသည် မြို့ပြသို့ရွှေ့ပြောင်းနေထိုင်ကြပါသည်။ အဓိကကျသော နေထိုင်စားသောက်ရေးတွင် ပါဝင်သည့် အသေးစား ကုန်ထုတ်လုပ်ငန်း (သို့မဟုတ်) အသေးစားလယ်ယာလုပ်ငန်းတို့သည် နိုင်ငံအလုပ်အကိုင် တစ်ဝက်ကျော်ကို ကိုယ်စားပြု နေပါသည်။ လယ်ယာလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိကကဏ္ဍမှ ပါဝင်လျက် (၁) ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှု၊ (၂) လယ်ယာကဏ္ဍမှဝင်ငွေ ရှာဖွေပေးမှု၊ (၃) ပိုလျှံထုတ်လုပ် မှုနှင့် သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် ကျေးလက်ဒေသဝင်ငွေများကို တိုးပွားလာစေမှုနှင့် (၄) လုပ်သားဈေးကွက်နှင့် အခွင့်အလမ်းများကို ဖြည့်တင်းပေးရန် ပိုလျှံလုပ်အား ထုတ်ပေး နိုင်မှုများဖြစ်ပါသည်။ ထို့ကြောင့် လယ်ယာလုပ်ငန်းသည် အနာဂတ်နိုင်ငံစီးပွားဖွံ့ဖြိုးတိုး တက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မရှိမဖြစ် လိုအပ်သော အခန်းကဏ္ဍ ဖြစ်ပါသည်။


မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် အလားအလာရှိပြီး စိုက်ပျိုးနိုင်သောမြေ ဟက်တာ ၈.၅ သန်း နှင့် ၁၂.၅ သန်းအကြားရှိလျက် နောက်ထပ်စိုက်ပျိုး၍ရနိုင်သော လယ်မြေဟက်တာ ၅.၇ သန်းရှိနေသေးပါသည်။ ထို့ပြင် နိုင်ငံတွင်းရှိ အဓိကမြစ်ကြီးများနှင့် ပြန်လည်ဖြည့်တင်းနိုင်သော ရေသယံဇာတအရင်းအမြစ်တို့မှလည်း လယ်ယာကဏ္ဍကို အထောက်အကူပြုလျက်ရှိသည်။ မြစ်ကြီး(၃)ခုမှာ နိုင်ငံအတွင်းတည်ရှိလျက် ပြင်ပ ထိန်းချုပ်မှုများနှင့် ကင်းလွတ်ပါသည်။ ကမ္ဘာပေါ်ရှိရေသယံဇာတရင်းမြစ်များ ရှားပါးလာ နေစဉ် အထူးသဖြင့် တရုတ်နိုင်ငံတွင် လယ်ယာထုတ်လုပ်မှု၌ အတားအဆီးဖြစ်လျက်ရှိရာ မြန်မာ့ရေသယံဇာတရင်းမြစ်များသည် လယ်ယာကဏ္ဍ တိုးတက်လာရေးအတွက် သိသာ သော နိုင်းယှဉ်အကျိုးကျေးဇူးဖြစ်ပါသည်။

> **အာရှ၏ဆန်အိုးကြီး**
>
> မြန်မာနိုင်ငံသည် ရှေးယခင်နှစ်များစွာကဒေသတွင်းနိုင်ငံများသို့ အရည်အသွေးကောင်း ဆန်ထုတ်လုပ်တင်ပို့သောအာရှ၏ဆန်အိုးကြီးအဖြစ်ရပ်တည်ခဲ့ပါသည်။ ပေါကြွယ်ဝသည့်စိုက်ပျိုးနိုင်သောမြေယာများကို အသုံးပြု၍ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုထုတ်လုပ်ခြင်း၊ ခေတ်မီမျိုးကောင်းမျိုးသန့်များအသုံးပြုခြင်းနှင့် အမျိုးမျိုးပြောင်းလဲထုတ်လုပ်ခြင်းဖြင့်လယ်ယာကဏ္ဍသည်စီးပွားရေးအတွက် အရေးပါသောကဏ္ဍအဖြစ်ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံဒေသများတွင် မတူကွဲပြားခြားနားသော ရာသီဥတုများက နှံစားသီးနှံများ၊ ပဲမျိုးစုံသစ်သီးဝလံများနှင့် ဥယျာဉ်ပန်းမျိုးစုံတို့ များစွာထုတ်လုပ်နိုင်ကြောင်းတွေ့ရှိရပါသည်။ အလားတူပင် တိရစ္ဆာန်မွေးမြူရေး၊ ငါးလုပ်ငန်း၊ ရေထွက်အစားအစာများကို ထုတ်လုပ်နိုင်ကြောင်းတွေ့ရှိရပါသည်။ လယ်ယာထုတ်လုပ်မှု ပုံသဏ္ဍာန်မှာအတန်းအစားနှစ်မျိုး ကွဲပြားခြားနားကြောင်းတွေ့ရှိရပါသည်။ (၁) ရာသီအလိုက် ထုတ်လုပ်မှုနှင့် (၂) လယ်ယာထွက်သီးနှံများ စိုက်ပျိုးမှုစနစ်တို့နှင့် ဆက်စပ်နေသော နည်းပညာများကို ဇုန်အလိုက် အကျိုးသက်ရောက်မှုများအရ ဒေသအလိုက်ရှိနေသော ရာသီဥတုအပေါ် အခြေခံသုတေသနပြုမှုဖြင့် ထူးခြားသောနည်းပညာ၊ တီထွင်ဆန်းသစ်မှုတို့ဖြင့်ဖွံ့ဖြိုး တိုးတက်မှုသို့ ဦးတည်ဆောင်ရွက်သွားနိုင်ပါသည်။




ပုံ-၂-၂ လယ်ယာကဏ္ဍထုတ်လုပ်မှုများ (၂၀၁၂)၊ ဇာစ်မြစ်၊ MCDV




ပုံ-၂-၃ လယ်ယာပို့ကုန်များ (၂၀၁၂)၊ ဇာစ်မြစ်၊ CSO


လယ်ယာကဏ္ဍသည် အလုပ်အကိုင်များစွာ ဖန်တီးပေးထားသော်လည်း ထုတ်လုပ်မှုနိမ့်ကျခြင်း၊ ထပ်ဆင့်တိုးတန်ဖိုးထုတ်ကုန်အရည်အသွေးမမှီခြင်း၊ ထုတ်လုပ်မှု အခြေခံကျဉ်းမြောင်းခြင်းတို့ကြောင့် အကျိုးကျေးဇူးရရှိမှုနည်းနေပါသည်။ စပါးထုတ်လုပ်မှုသည် စုစုပေါင်းလယ်ယာ ထုတ်ကုန်၏ ၉၅% ဖြစ်၍ နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုနှင့် အဓိကပို့ကုန်အဖြစ်စွမ်းဆောင်ပေးလျက်ရှိပါသည်။ လယ်ယာကဏ္ဍထုတ်လုပ်မှုစွမ်းအားသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကကျဆင်းလျက်ရှိပြီး အကျိုးဆက်အနေဖြင့် လယ်သမားများအတွက် လူမှုရေးပြဿနာများ ဖြစ်ပေါ်စေသည်။ လွန်ခဲ့သောဆယ်စုနှစ် ကာလများအတွင်း ကြွေးမြီမြင့်မားမှုကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် အတားအဆီးများ ဖြစ်နေသောအကြောင်းအရင်းများမှာ (၁) ရင်းနှီးမြှုပ်နှံမှု နိမ့်ကျနေမှု၊ (၂) နည်းပညာ နောက်ကျမှု၊ (၃) ကာလတိုမူဝါဒများချမှတ်မှု၊ (၄) ရေပေးဝေစီမံခန့်ခွဲမှု၊ (၅) မြေယာခွဲဝေမှု နှင့် ပိုင်ဆိုင်မှုအခွင့်အရေး မညီမျှမှုအပါအဝင် မြေယာစီမံခန့်ခွဲမှု၊ (၆) လယ်ယာကဏ္ဍ ဝန်ဆောင်မှုတွင် အကန့်အသတ်ရှိနေမှု၊ (၇) ကျေးလက်ဘဏ္ဍာရေးအဖွဲ့အစည်းများ အားနည်းမှုနှင့် စိုက်ပျိုးစရိတ်ချေးငွေရရှိရေး လက်လှမ်းမီနိုင်မှုချို့တဲ့ခြင်းတို့ဖြစ်ပါသည်။

လယ်ယာကဏ္ဍအခြေခံပို့ကုန်များမှာ အရည်အသွေးနိမ့် ထုတ်ကုန်များဖြစ်သည့် ပို့ကုန်အားလုံး၏ ၈၀% ဖြစ်သော စပါး၊ ပြောင်း၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ဖြစ်ပြီး အဓိက ဈေးကွက် မှာတရုတ်နှင့်အိန္ဒိယတို့ဖြစ်ပါသည်။ (ပုံ၂-၃)။ သယ်ယူပို့ဆောင်စရိတ် မြင့်မားမှု၊ ထုတ်လုပ်ရာတွင် ပျက်စီးဆုံးရှုံးမှုတို့အပါအဝင် ပို့ကုန်လုပ်ငန်းနှင့်သက်ဆိုင်သော ဈေးကွက် သတင်းအချက်အလက်နှင့် ဈေးကွက်ရရှိမှုတို့တွင်အတားအဆီးများဖြစ်ပေါ် လျက်ရှိပါသည်။

သို့သော်လည်း လယ်ယာကဏ္ဍသည် ကာလတိုအနေဖြင့် ကျေးလက်ဒေသဝင်ငွေ တိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ တိုင်းရင်းသားလူနည်းစုများနေထိုင်သည့် ဒေသများ အတွင်း အလားအလာကောင်းပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါ သော ကဏ္ဍတစ်ခုအဖြစ်ရပ်တည်လျက်ရှိပါသည်။ ကာလတိုနှင့်ကာလလတ်တွင် တန်ဖိုး မြင့်ထုတ်ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်အမယ်အမျိုးမျိုးကို ထုတ်လုပ်ပေးနိုင်သော လယ်ယာ အခြေခံစက်မှုလုပ်ငန်းများတိုးတက်လာနိုင်မှု အလားအလာကောင်းများလည်းရှိနေပါသည်။

## စက်မှုကဏ္ဍကြီး


မြန်မာနိုင်ငံသည် အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် တွေ့ကြုံခဲ့ရ မှုကို အခြေခံလျက် လယ်ယာထုတ်လုပ်မှုနိုင်ငံအဖြစ်မှ စက်မှုထွန်းကားသောနိုင်ငံအဖြစ် သို့ ပြောင်းလဲရန်အခွင့်အလမ်းရှိနေပါသည်။ ပို့ကုန်အခြေခံသော ကုန်စည်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှု ကုန်သွယ်ရေးလုပ်ငန်းများ (ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး) မှ တစ်ဆင့် မြန်မာနိုင်ငံအား ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းလာရေးအတွက် ပံ့ပိုးပေးနိုင်မည့် အပြင် အလားအလာကောင်းများဖြစ်ပေါ်ရန် တွန်းအားပေးနိုင်လာမည်ဖြစ်ပါသည်။




ပုံ-၂-၄ စက်မှုကဏ္ဍပေါင်းစပ်ပါဝင်မှု
ဇာစ်မြစ်၊ စီမံကိန်း (၂၀၁၄)

စက်မှုကဏ္ဍသည် မြန်မာနိုင်ငံစီးပွားရေး ၏၂၇.၈% ပါဝင်ပြီး ပြည်တွင်းဈေးကွက်ကို ဗဟိုပြုသောစက်မှုလုပ်ငန်းများမှ လွှမ်းမိုးလျက်ရှိပါသည်။ စက်မှုကဏ္ဍကြီးတွင် (၁) စွမ်းအင်၊ (၂) သတ္တု၊ (၃) စက်မှု၊ (၄) လျှပ်စစ်၊ (၅) ဆောက်လုပ်ရေး တို့ပါဝင်သည်။ (ပုံ၂-၄)။ စွမ်းအင်ကဏ္ဍတိုးတက်မှုသည် ရေနံ၊ ဓာတ်ငွေ့ထုတ်လုပ်မှုကို တိုးချဲ့လာနိုင်သောကြောင့် ဖြစ်သည်။ သတ္တုထုတ်လုပ်ခြင်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်း အမြစ်များရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းရန်မျှော်မှန်းထားပါသည်။

ကြီးမားသောစက်မှုလုပ်ငန်းအချို့မှာ ယခင်ကနိုင်ငံပိုင်လုပ်ငန်းများ ဖြစ်ခဲ့ပြီး ယခု အချိန်တွင်ပုဂ္ဂလိကသို့လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အလုပ်သမား (၅)ဦးအောက်ရှိ သည့် အသေးစား ပြည်တွင်းလုပ်ငန်းများချဲ့ထွင်ပေးရေးကိုလည်းဆောင်ရွက်ပေးလျက် ရှိပါသည်။ အသေးစားစီးပွားရေး လုပ်ငန်းများသာ ဆောင်ရွက်နေမှုကြောင့် စက်မှုလုပ်ငန်း များထုတ်လုပ်မှု စွမ်းရည်နိမ့်ကျလျက်ရှိပါသည်။




ပုံ-၂-၅ ကုန်သွယ်မှု
ဇာစ်မြစ်၊ ဗဟိုစာရင်းအင်း

မြန်မာနိုင်ငံ ဂျီဒီပီတွင် ကုန်သွယ်မှုပါဝင်မှုအချိုးမှာ နိမ့်ကျလျက်ရှိပြီး ၂၀၁၂ ကိန်းဂဏန်းများအရ ၅၅.၇% ဖြစ်ပြီး အာဆီယံ၏ ပျမ်းမျှ တန်ဖိုးတစ်ဝက်အောက် လျော့နည်းလျက်ရှိပါသည်။ ၂၀၁၂ခုနှစ် တွင် ပို့ကုန်တန်ဖိုးသည် ခန့်မှန်းခြေ ဒေါ်လာ ၉.၆ ဘီလီယံ ဖြစ်၍ ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၉၅.၃ ဘီလီယံ၊ မလေးရှားနိုင်ငံ ၏ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၉၈ ဘီလီယံ၊ ဗီယက်နမ်နိုင်ငံ၏ပို့ကုန်တန်ဖိုး ဒေါ်လာ ၇၂.၁ ဘီလီယံတို့နှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ပို့ကုန်တန်ဖိုးမှာ များစွာနည်းလျက်ရှိပါသည်။ လွန်ခဲ့သော(၃)နှစ်တာအတွင်း အဓိကကုန်သွယ်ဘက်နိုင်ငံများမှာ အာရှနိုင်ငံများ ဖြစ်ပြီး ကုန်သွယ်မှုအများဆုံးမှာ တရုတ်နိုင်ငံ ဖြစ်ပါသည်။ တရုတ်နိုင်ငံသို့ အခြေခံကုန်စည်များ နှင့် သဘာဝသယံဇာတများ တင်ပို့ရာတွင် ကန့်သတ်ချက်များ ရှိနေပါသည်။ ရေထွက်ပစ္စည်း၊ ပဲမျိုးစုံတို့ အဓိကတင်ပို့သော နိုင်ငံများမှာ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။

၂၀၁၁ မှ ၂၀၁၃ အထိ နယ်စပ်ကုန်သွယ်မှုမှာထပ်ဆင့်တိုးတန်ဖိုးမြင့်ထုတ်ကုန်များကို ထိုင်း နှင့် တရုတ်နိုင်ငံ ဈေးကွက်များသို့ စုစုပေါင်းပို့ကုန်၏ ၅၀%ကျော်ကို တင်ပို့ခဲ့ပါသည်။ ထိုအချက်သည် မြန်မာနိုင်ငံတိုးတက်ရန်အတွက် ပထမအဆင့်ဖြစ်ပြီး ပို့ကုန်လုပ်ငန်းကို အဆင့်မြင့်ရန်နှင့် ကြွယ်ဝသော အရင်းအမြစ်များကို အသုံးချပြီးကျေးလက်ဒေသအလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများကို ရယူလျက်၊ နောက်ကျခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို အသုံးချ၍ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ အဆင့်မြင့်နည်းပညာများနှင့် ယှဉ်တွဲပြီးကြီးမားသော အလားအလာ အကျိုးကျေးဇူးများကို အသုံးချနိုင်ပါသည်။ Flying geese model အရ အာရှနိုင်ငံများနှင့်အတူ စီးမျောရင်း ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ပေါ်များသော လုပ်သားဈေးကွက်နှင့် သယံဇာတပေါကြွယ်ဝမှု တို့ကို အခြေခံ၍ အောက်ဖော်ပြပါ အချက်(၄) ချက်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

- ကနဦးအနေဖြင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်၊ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များမှတစ်ဆင့်အကျိုးဖြစ်ထွန်းနိုင်သည့် ပို့ကုန်အလားအလာများကို ပံ့ပိုးပေးနိုင်သည့် နည်းပညာနိမ့်ကျသော လုပ်အားအခြေပြု စက်မှုထုတ်ကုန်လုပ်ငန်းများပေါ် အလေးထားရမည် ဖြစ်ပါသည်။

- ဒုတိယအချက်အနေဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုရှိစေရန်တိုးမြှင့်ခြင်းဖြင့် စွန့်ဦးတီထွင်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာရေးဆောင်ရွက်ရပါမည်။ စွန့်ဦးတီထွင်သည့် ပတ်ဝန်းကျင်တွင် ပုဂ္ဂလိက အသေးစား နှင့် အလတ်စားစက်မှုလုပ်ငန်း များမှ မြန်မာနိုင်ငံအလုံးစုံဖွံ့ဖြိုးတိုးတက်သည့် မျှော်မှန်းချက်ကို အခြေခံအဖြစ် သိရှိဆောင်ရွက်ရမည်ဖြစ်ပါသည်။


- တတိယအချက်အနေဖြင့်မဟာဗျူဟာမြောက်အနေအထားနှင့် အထူးစီးပွားရေးဇုန်များကို အသုံးပြုခြင်းဖြင့် စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းရန်စတင်ရမည်ဖြစ်ပါသည်။ စက်မှုနိုင်ငံသို့ ကူးပြောင်းရန် မြို့ပြ (၂) မြို့ကို အခြေခံပြီး နည်းပညာတိုးတက်ခြင်းနှင့် စီးပွားရေးဖြန့်ကျက်မှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

- စတုတ္ထအချက်အနေဖြင့် မြန်မာနိုင်ငံသည် အာရှ၏အသစ်လွင်ဆုံးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မှုအား အကောင်းဆုံးအနေအထားကို ထိရောက်စွာ အသုံးချပြီး အိမ်နီးချင်းနိုင်ငံများမှနိုင်းယှဉ်အကျိုးကျေးဇူးများအရထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည်အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံများအပေါ် အခြေခံပြီး အာရှ၏ "flying geese" model အသုံးပြုရမည်ဖြစ်ပါသည်။ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲရန် ကြီးမားသောအလားအလာကောင်း များကို အသုံးချခြင်း၊ တိုးတက်မှုအရှိန်အဟုန်မြင့်လာစေရန် နည်းပညာခုန်ပျံကျော်လွှားနိုင်မည့် အလားအလာများကိုအသုံးပြု၍ ကမ္ဘာ့စီးပွားရေးတွင်နိုင်ငံတကာနှင့်တန်းတူယှဉ်ပြိုင်နိုင်ရန်အတွက်စီးပွားရေးလျင်မြန်စွာအသွင်ကူးပြောင်းနိုင်ရန်ရည်ရွယ်ပါသည်။

## ဝန်ဆောင်မှုကဏ္ဍကြီး

မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍသည် GDP တွင် ၃၈.၃% ပါဝင်ပါသည်။ ဝန်ဆောင်မှုကဏ္ဍတွင် (၁) သယ်ယူပို့ဆောင်ရေး၊ (၂) ဆက်သွယ်ရေး၊ (၃) ငွေရေးကြေးရေး၊ (၄)လူမှုရေး၊ (၅) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့် (၆)ကုန်သွယ်မှုစသည့် ကဏ္ဍခွဲများ ပါဝင်ပါသည်။ ဝန်ဆောင်မှုကဏ္ဍတွင် ကုန်သွယ်မှု နှင့် ပို့ဆောင်ရေး ကဏ္ဍခွဲတို့သည် ၈၀% ပါဝင်လျက် ရှိပါသည်။




ပုံ-၂-၆ ဝန်ဆောင်မှုကဏ္ဍ ပေါင်းစပ်ပါဝင်မှု ဓာတ်မြစ်၊ စီမံကိန်း (၂၀၁၄)

ဝန်ဆောင်မှုကဏ္ဍသည် စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးမှုတွင် တွန်းအားပေးသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဆက်သွယ်ရေးကဏ္ဍနှင့် ငွေရေးကြေးရေး ကဏ္ဍတို့တွင် ဖြေလျှော့မှုများ ဥပဒေလုပ်ထုံးလုပ်နည်းများကို ထိရောက်စွာဆောင်ရွက်ခဲ့ ခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်တွင် ဝန်ဆောင်မှုကဏ္ဍကြီးလျင်မြန်စွာ တိုးတက်ရန် မျှော်မှန်း ထားပါသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍများဖြစ်သော ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်း၊ မီးရထားနှင့် ပြည်တွင်းပြည်ပတို့တွင် အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ခြင်းနှင့် စက်ပစ္စည်းများရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော ပြည်တွင်း ပြည်ပဝန်ဆောင်မှုများပေးနိုင်သည့် စက်မှုလုပ်ငန်းများတိုးမြှင့်လာပြီး ပြည်တွင်း စားသုံးမှုများ တိုးတက်လာမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကျယ်ပြန့်လာမှုနှင့်အတူ ဆက်စပ်လျက်ရှိသော လေဆိပ်ဂန်ဆောင်မှု၊ ပြည်တွင်းလေယာဉ်ခရီးစဉ်၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေယာဉ်လိုင်းများ တိုးချဲ့ပျံသန်းခြင်းတို့ဖြင့် (သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို) ဖွံ့ဖြိုးလာရေးအတွက် အရှိန်ရသွားစေမည်ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေး ကဏ္ဍမြင့်မားလာမှုတွင် လမ်းကွန်ယက်များ၊ မီးရထား သယ်ယူပို့ဆောင်ရေးစနစ်၊ ကုန်စည် ပို့ဆောင်ရေး၊ စက်မှုထွန်းကားလာမှုကြောင့် ကုန်စည်များစွာ သယ်ယူပို့ဆောင်နိုင်ခြင်းဖြင့် ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြီးမားသောတွန်းအားဖြစ်လာမည်ဖြစ်ပါသည်။


စိတ်လှုပ်ရှားဖွယ်ကောင်းသော ဆက်သွယ်ရေးကဏ္ဍပြုပြင် ပြောင်းလဲမှုများဖြစ်သည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာခွင့်ပြုခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက် ခြင်းတို့ဖြင့် မြန်မာနိုင်ငံသည် နောက်ကျခြင်းမှရရှိလာသည့် အကျိုးကျေးဇူးများ ခံစားရရှိ စေ မည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုနှင့် ဆက်သွယ်ရေးလိုင်းအရည်အသွေး အကန့်အသတ်ဖြစ်နေသော မြန်မာနိုင်ငံသည် digital စနစ်တဟုန်ထိုးဖွံ့ဖြိုးလာခြင်း ကြောင့် ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကို သင့်တင့်လျောက်ပတ်စွာ သုံးစွဲလာနိုင်ခြင်း၊ ကျေးလက်ဒေသရှိ ပြည်သူများ အင်တာနက်ဝန်ဆောင်မှုရရှိခြင်းစသည့်အကျိုးကျေးဇူး များ ကိုခံစားရရှိစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ခရီးသည်များကို ဆွဲဆောင်နိုင်သည့် သဘာဂအတိုင်းရှိနေသော နေရာများ၊ အလွန်ထူးခြားသောယဉ်ကျေးမှုနှင့် သမိုင်းဂင်နေရာ အချို့ရှိနေကြောင်း ဂုဏ်ယူပုံကြွားနိုင်ပါသည်။ ပုဂံမြို့ဟောင်းသည် ဗုဒ္ဓဘာသာဂင်တို့၏ ဘုရားကျောင်းများ၊ စေတီပုထိုးများ၊ ဂူဘုရားများ၊ ၁၁ ရာစုမှစ၍ ယနေ့ထက်တိုင်ရှိနေသော သမိုင်းဂင် အချက်အလက်များ စုစည်းထားရာဗဟိုဌာနတစ်ခုဖြစ်ပြီး မြန်မာဘုရင်မင်းဆက် များ ပျောက်ကွယ်ခဲ့သောနိုင်ငံအဖြစ် ထူးခြားစွာ လေ့လာမှတ်သားနိုင်သော နေရာဖြစ် ပါသည်။ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များသည် သမိုင်းဂင်မြို့များဖြစ်၍ ယခင် ခေတ်ကာလများက ကြွင်းကျန်ခဲ့သောအရာများကို တွေ့ရှိနိုင်ပါသည်။ မြန်မာ့ပင်လယ် ကမ်းရိုးတန်းသည် မပျက်မစီး၊ မိုင်ပေါင်းများစွာရှည်လျားသည့် ရွှေရောင်တောက်ပြောင်နေ သော သဲသောင်ပြင်များ ကပ္ပလီပင်လယ်ရှိ များစွာသော ကျွန်းစုများဖြင့် အလှမပျက် တည်ရှိနေပါသည်။ ကုန်းတွင်းပိုင်းရှိ မြန်မာနိုင်ငံသည် ဆီးနှင်း ဖုံးလွှမ်းနေသောတောင်ထိပ် များအပါအဂင် ခရီးသည်များအတွက် အရှေ့တောင်အာရှတွင် ရှုခင်းသာသောမြင်ကွင်းများ၊ သဘာဂ အံ့ဖွယ်ရာများဖြင့် ဆွဲဆောင်နိုင်စွမ်းရှိနေပါသည်။ ဓလေ့ထုံးတမ်းစဉ်လာ လက်မှု ပညာလုပ်ငန်းသည် မြန်မာနိုင်ငံ ကွဲပြားခြားနားသော လူမျိုးစုများ၏ လက်ရာများကို သတ်မှတ်ပေးလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာခရီးသွားများလာရောက်မှုသည် ၂၀၀၃ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း နှစ်ဆတိုးလာကာ ခရီးသည် ဦးရေတစ်သန်းအထိ တိုးလာပြီး တစ်နှစ်ပျမ်းမျှတိုးတက်လာမှုမှာ ၆.၆% ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ခရီးသည်များ တိုးတက် ရောက်ရှိလာမှုသည် (၂) သန်းကျော်အထိ ရောက်ရှိလာလျက် ခရီးသည် တိုးတက်လာမှု၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှင့် လုပ်ငန်းရှင်များအတွက် အခွင့်အလမ်း အလားအလာကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

## ကဏ္ဍအလိုက်စီးပွားရေးပုံသဏ္ဌာန်

မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံကို စီးပွားရေးလုပ်ငန်းများအရ ကဏ္ဍခွဲအလိုက် ဆောင်ရွက်နေကြသော ဌာနများမှတစ်ဆင့် စုစည်းတွက်ချက်ထားပြီး AIS ဖြင့်ခွဲခြားဖော်ပြထားပြီး ၅ နှစ်စီမံကိန်းများနှင့် အံဝင်ခွင်ကျဖြစ်အောင်စိစစ်တွက်ချက်ထားပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲမှုအနာဂတ်မျှော်မှန်းချက်ကို NCDP တွင် (၅)နှစ် စီမံကိန်းများအလိုက်ဖော်ပြထားပါသည်။ စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲမှုကို နယ်ပယ် (၃)ရပ် ဖြစ်သည့် (၁) လယ်ယာကဏ္ဍကြီး၊ (၂) စက်မှုကဏ္ဍကြီး နှင့် (၃) ဝန်ဆောင်မှုကဏ္ဍကြီးတို့ဖြင့်ဖော်ပြထားပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ (၅)နှစ်စီမံကိန်းဘောင်အတွင်း ဝန်ဆောင်မှုကဏ္ဍကြီး၏ပါဝင်မှုရာခိုင်နှုန်း သည် (၃၆.၂%) ဖြစ်ပြီး စက်မှုကဏ္ဍကြီး၏ပါဝင်မှုရာခိုင်နှုန်း (၃၆.၀%) သည် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုရာခိုင်နှုန်း (၂၇.၈%)ထက် (၉.၀%)ခန့် ပိုမိုမျှော်မှန်းထားပါသည်။ (ပုံ၂-၇)။ NCDP ၏မျှော်မှန်းချက်များသည် FESR (၂၀၁၂) မျှော်မှန်းချက်ဖြစ်သည့် လယ်ယာ ကဏ္ဍကြီး၏ပါဝင်မှုရာခိုင်နှုန်းကိုလျှော့ချပြီး စက်မှုကဏ္ဍကြီး၏ ပါဝင်မှုရာခိုင်နှုန်း (၃၂.၀%) ရှိရမည်ဆိုသည့် အချက်နှင့်လည်းလျော်ညီမှုရှိပါသည်။




ပုံ-၂-၇ ပထမငါးနှစ်စီမံကိန်း၏ စီးပွားရေးပုံသဏ္ဌာန်၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

NCDP ၏ ကာလတစ်လျှောက် GDP တွင် စက်မှုကဏ္ဍကြီးနှင့် ဂန်ဆောင်မှုကဏ္ဍကြီးတို့၏ ပါဝင်မှုရာခိုင်နှုန်း မြင့်တက်လာစေရန်မျှော်မှန်းထားပါသည်။ ဟန်ချက်ညီညီဖွံ့ဖြိုး တိုးတက်ရေးနှင့် ခေတ်မီလာရေးတို့အတွက် ပွင့်လင်းမြင်သာမှုရှိသော စီးပွားရေးပတ်ဂန်းကျင်၊ ထိရောက်၍ အရည်အသွေးပြည့်ဂသော ဘဏ္ဍာရေးစနစ်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဥပဒေစည်းမျဉ်းများနှင့် တရားစီရင်ရေးတို့ကို အဆင့်မြင့် နိုင်မည့် မူဂါဒများကို အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နောက်ကျသူတို့ရရှိသော အကျိုးကျေးဇူးကို အသုံးချလျက် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများကို ဆယ်စုနှစ် (၂)ခုခန့် အိမ်နီးချင်း အာရှနိုင်ငံများ၏ တိုးတက်ရရှိလာသော အတွေ့အကြုံကို လေ့လာ၍ ရေးဆွဲထားပါသည်။

NCDP တွင်ဖော်ပြထားသော မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးမဟာဗျူဟာရည်မှန်းချက်မှာ အကန့်အသတ်ဖြစ်နေသောကဏ္ဍများနှင့် ညီမျှမှုမရှိသော တိုးတက်မှုပုံစံကိုဖန်တီးထားသည့် အချက်များပေါ်တွင်မူတည်ခြင်းမရှိဘဲ၊ ခိုင်မာအားကောင်းသော အမျိုးအစားစုံလင်သည့် စီးပွားရေးပုံသဏ္ဍာန် ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်သည်။ လယ်ယာကဏ္ဍနှင့် ပတ်သက်၍ မဟာဗျူဟာမြောက်ရည်မှန်းချက်မှာ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာထုတ်ကုန်အသစ်များကို အလျှံပယ်စိုက်ပျိုးပြီး ပို့ကုန်လိုအပ်ချက်များကို ဖြည့်တင်းပေးရန်ဖြစ်ပါသည်။ GDP တွင် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့၏ ပါဝင်မှုသည်လည်း ဤဈေးကွက်တွန်းအားတုံ့ပြန်မှုကြောင့် တိုးတက်လာမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းတို့ တိုးချဲ့ဆောင်ရွက်လာခြင်းသည် ဝန်ဆောင်မှုကဏ္ဍ၏ တိုးတက်မှုကို အစပျိုးခြင်းဖြစ်သည့်အပြင် လုပ်သားအခြေပြုလုပ်ငန်းများကိုလည်း ပံ့ပိုးပေးလာနိုင်မည်ဖြစ်ပါသည်။ အရည်အသွေးကို ထိန်းချုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဈေးကွက်ကို လျင်မြန်စွာ အဆင့်မြှင့်တင်ပေးနိုင်ရန် ပညာရေးပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်လာနိုင်မှုတို့မှ ရုပ်လုံးဖော်ပေးနိုင်မည်ဖြစ်သည်။ အဆိုပါမူဂါဒများအရ ရရှိလာမည့် အကျိုးကျေးဇူးများဖြင့် ဂန်ဆောင်မှုကဏ္ဍ၏ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်စွမ်းရှိလာမည်ဖြစ်ပါသည်။ အဆင့်မြင့် နည်းပညာများကိုသုံးသည့် နည်းပညာဝန်ဆောင်မှုကဲ့သို့သော နယ်ပယ်များကိုလည်း အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ NCDP သည် နိုင်ငံအတွင်းရှိ ဒေသများဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေပြီး ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းတန်ဖိုးကွင်းဆက်များသို့ ပေါင်းစည်းနိုင်မည့် အလားအလာများဖြစ်ပေါ်စေမည် ဖြစ်ပါသည်။



## ကုန်သွယ်မှု

မြန်မာ့ကုန်သွယ်မှုသည် အပြည်ပြည်ဆိုင်ရာစီးပွားရေး ပိတ်ဆို့မှုကြောင့်၁၉၉၀နှစ်များအတွင်း ပြင်းထန်စွာ အကျပ်အတည်းနှင့်ကြုံကြိုက်ခဲ့ရပါသည်။ စီးပွားရေးပိတ်ဆို့မှုကြောင့် အဓိက ကုန်သွယ်မှုအနေဖြင့် အာရှနိုင်ငံများကိုသာ အားထားခဲ့ရပါသည်။

ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးနိုင်ငံကြီး (၂) နိုင်ငံအကြားရှိနေပြီး သဘာဝသယံဇာတ ပေါကြွယ်ဝ၍ ပထဝီအနေအထားကောင်းနေသော်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှု အလားအလာမှာ ကျဆင်းခဲ့ရပါသည်။ ကမ္ဘာ့ကုန်သွယ်မှု ကိန်းဂဏန်းများ (UNCTAD) အရ မြန်မာနိုင်ငံ၏ ပို့ကုန်သည် ဗီယက်နမ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက အဆင့်(၁၃) တွင်ရှိပြီး ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ပါက အဆင့် (၂၆) တွင် ရှိပါသည်။ ဒေသတွင်း တိုးတက်မှုအတွက် အဓိက မောင်းနှင်အားဖြစ်သည့် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်သို့ ချိတ်ဆက်ဆောင်ရွက်မှုတွင် ကန့်သတ်ချက်များနှင့် တွေ့ကြုံနေရပြီး ထုတ်လုပ်မှုဈေးကွက် များလည်း အလွန်ကျဉ်းမြောင်းလျက်ရှိနေပါသည်။

ထပ်ဆင့်တိုးတန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ရန် အကန့်အသတ်ရှိနေသော အခြေခံ ကုန်စည်များဖြင့်သာ ပို့ကုန်တွင် လွှမ်းမိုးထားပါသည်။ (ပုံ၂-၈) စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၅၃% ကို သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှနေရာယူထားပါသည်။ သဘာဝဓာတ်ငွေ့၊ သစ်နှင့်ချုပ်ပြီး အထည် များက ၈၀% ပါဝင်သည်။ ထပ်ဆင့်တိုးတန်ဖိုးကုန်စည်မဟုတ်သော အခြေခံကုန်စည်ဖြစ်သည့် အထည်အလိပ်(ချုပ်ပြီးထည်)၏ ပို့ကုန်တန်ဖိုးသည် ၁၁% ဖြစ်သည်။ အခြေခံပို့ကုန်များမှာ သစ်မာနှင့် သစ်အချောထည် ၁၆%၊ ခရမ်းရာဘာ ၄% နှင့် ကျောက်စိမ်းတို့ ဖြစ်သည်။ တန်ဖိုးနည်းပို့ကုန်များမှာ လယ်ယာထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ရေထွက်ပစ္စည်းတို့ဖြစ်၍ ယင်းတို့ကို တရုတ်၊ ထိုင်းနှင့် အိန္ဒိယသို့ တင်ပို့ပါသည်။




ပုံ-၂-၈ ပို့ကုန်များ
ဇာစ်မြစ်၊ UNCTAD (၂၀၁၂)

# ကုန်သွယ်ဘက်နိုင်ငံများ

နိုင်ငံတကာမှအရေးယူပိတ်ဆို့မှုများကြောင့် ၁၉၉၀ပြည့် နှစ်များတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသည် အကန့်အသတ်ဖြင့်ရှိနေခဲ့ပြီးအာရှနိုင်ငံများနှင့်သာကုန်သွယ်မှုပြုခဲ့ပါသည်။ အနောက်ဥရောပနိုင်ငံများနှင့်အမေရိကန်နိုင်ငံသို့ကုန်သွယ်မှုမှာ၂% သာရှိခဲ့ပါသည်။(ပုံ၂-၉) စီးပွားရေးပိတ်ဆို့မှုသည် အထူးသဖြင့် အထည်ချုပ် လုပ်ငန်းကို ထိခိုက်စေခဲ့ပြီး ပိတ်ဆို့မှု၏ ဒဏ်ရာဒဏ်ချက်ကို မျက်မြင်ကိုယ်တွေ့ ကြုံကြိုက်ခဲ့ရသည်။ ၂၀၀၁ တွင် အထည်ချုပ် လုပ်ငန်းမှ တင်ပို့မှုပမာဏမှာ အမေရိကန် ဒေါ်လာသန်း ၆၀၀(စက်မှုလုပ်ငန်းမှ အမြင့်ဆုံး တင်ပို့မှု) ထိ ရှိလာပြီး ၅၀% မှာ အမေရိကန်ဈေးကွက်သို့ တင်ပို့သည်။ ၂၀၀၃ တွင် စီးပွားရေးပိတ်ဆို့မှုကြောင့် အဆိုပါဈေးကွက် ဆုံးရှုံးသွားခဲ့ရပြီး အလားတူပင် ဥရောပ ဈေးကွက်ကိုလည်း ပြင်းထန်စွာ ထိခိုက်ခဲ့ပါသည်။

ယနေ့ခေတ်တွင် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု နှင့်အတူ ကုန်သွယ်မှုလုပ်ငန်းတွင် နောက်ကျခြင်းမှရရှိလာသည့် အကျိုးကျေးဇူးများ ကိုရရှိပြီး ဒေသတွင်း ဈေးကွက်များချဲ့ထွင်နိုင်သည့် အလားအလာကောင်းများရရှိနိုင်မည် ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးဖြစ်သည့် ကုန်သွယ်ဘက်နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း တန်ဖိုးကွင်းဆက်များနှင့် ကုန်သွယ်မှုစနစ်များသို့ လျင်မြန်စွာဝင်ရောက် ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။





ပုံ-၂-၉ ကုန်သွယ်ဘက်နိုင်ငံများ
ဇာစ်မြစ်၊ CSO (၂၀၁၄)


မြန်မာနိုင်ငံသည် လွန်ခဲ့သော ၃နှစ် အတွင်း အာရှနိုင်ငံများကိုသာ အဓိက ကုန်သွယ်ဘက်နိုင်ငံများအနေနှင့် ပို့ကုန် သွင်းကုန် လုပ်ငန်းများကို အားစိုက် ဆောင်ရွက်ခဲ့ပါ သည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု ပိုမိုမြင့်မားခဲ့ပါသည်။ ပို့ကုန်လုပ်ငန်းတွင် ထိုင်းနိုင်ငံနှင့် ( ၄၁% မှ ၄၆% )၊ တရုတ်နိုင်ငံနှင့် ( ၂၆% မှ ၃၁%) နှင့် အိန္ဒိယနိုင်ငံနှင့် (၈.၈%) အသီးသီးရှိပြီး သွင်းကုန်များကို တရုတ် (၃၅% မှ ၃၃%)၊ စင်ကာပူ ( ၃၁% မှ ၁၁% )နှင့် ဂျပန် ( ၁၂% မှ ၆%) တို့မှ တင်သွင်းပါသည်။ အဓိက သွင်းကုန်ပစ္စည်းများမှာ ပြည်တွင်းဈေးကွက်ဝယ်လိုအားဖြစ်သည့် လူသုံးကုန်ပစ္စည်းများ စက်ပစ္စည်းကိရိယာများဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးပစ္စည်းများနှင့် အဝတ်အထည်၊ စားသောက်ကုန်များကို အများအားဖြင့် ထိုင်းနိုင်ငံမှ တစ်ဆင့်တင်သွင်းပါသည်။

စင်ကာပူနိုင်ငံသည် သွင်းကုန်တွင် အဓိကကုန်သွယ်ဘက်နိုင်ငံအဖြစ်ရပ်တည် လျက်ရှိပြီး လျှပ်စစ်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အခြားတန်ဖိုးမြင့် စားသုံးကုန်များ တင်သွင်းပါသည်။ ဤကုန်ပစ္စည်းများအပေါ် မူလထုတ်လုပ်သော နိုင်ငံများ ကွဲပြားခြားနားသော်လည်း သယ်ယူပို့ဆောင်ရေး ကွန်ယက်အနေနှင့် စင်ကာပူသည် အချက်အချာ နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် SME များ အထူးသဖြင့် ဘဏ္ဍာရေးကဏ္ဍနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ (logistic) ဖွံ့ဖြိုးတိုးတက်ရေး အတွက် SME အခြေခံသော စင်ကာပူနိုင်ငံ၏ အတွေ့အကြုံများကို ရယူနိုင်ပါသည်။

ရေထွက်ပစ္စည်းနှင့်ပဲမျိုးစုံကုန်သွယ်မှုတွင် ထိုင်းနှင့် အိန္ဒိယသို့တင်ပို့လျက်ရှိသော အခြေခံပို့ကုန်များတွင်အရေအတွက်ကိုသာ ဦးစားပေးလျက်ရှိပါသည်။ လယ်ယာထွက်ကုန် ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများ တင်ပို့ရာတွင် ကန့်သတ်ချက်များ ရှိနေသောကြောင့် ထပ်ဆင့်တိုးတန်ဖိုးမြင့်ကုန်စည်များကိုပို့ဆောင်နိုင်ခြင်းမရှိပါ။ ဤအချက်များသည်သဘာဝ သယံဇာတများအား ထုတ်ကုန်တန်ဖိုးမြင့်မားလာရန် အဆင့်မြင့်ကုန်စည်အဖြစ်သို့ ပြောင်းလဲပေးရန်အတွက် ကန့်သက်ချက်ရှိနေသော နည်းပညာများကို အဆင့်မြှင့်ရန်




ပုံ-၂-၁၀ အဓိကတင်ပို့သည့် အာရှနိုင်ငံများ ၊ ဇာစ်မြစ်၊ CSO (၂၀၁၄)




ပုံ-၂-၁၁ အဓိကတင်သွင်းသည့် အာရှနိုင်ငံများ ၊ ဇာစ်မြစ်၊ CSO (၂၀၁၄)


လိုအပ်လျက် ရှိကြောင်းဖော်ပြလျက်ရှိပါသည်။ ထို့ပြင်အဓိကကျသော ကျေးလက်ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမှု တိုးတက်ရေးကို ရှေ့ရှုဆောင်ရွက်ရန် လိုအပ်ပါသည်။

ဥရောပသမဂ္ဂနှင့် အမေရိကန် ပြည်ထောင်စုသို့ အထည်အလိပ် (ချုပ်ထည်) များ တင်ပို့မှုတွင် ကုန်သွယ်မှု အတားအဆီးများကြောင့် ထိခိုက်ခဲ့ခြင်းအတွက် လက်ရှိကျွမ်းကျင်သောလုပ်အားကိုအသုံးပြုလျက်စက်မှုကဏ္ဍကုန်စည်ထုတ်လုပ်မှုပြန်လည်ဦးမော့လာရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။ စက်မှုလုပ်ငန်းထွန်းကားရေး မဟာဗျူဟာသည် ရေရှည်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသတွင်းထုတ်လုပ်မှုကွန်ယက်နှင့်ချိတ်ဆက်လျက်ရှိသော တန်ဖိုးမြင့် ကုန်စည်ထုတ်လုပ်မှုကို မြှင့်တင်ရန် ဖြစ်ပါသည်။ အထူးသဖြင့် ကားတပ်ဆင်သည့်လုပ်ငန်း၊ အပိုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများဖြစ်ပါသည်။


အာရှမဟုတ်သည့် အနောက်နိုင်ငံများမှ ကုန်ပစ္စည်းတင်သွင်းမှုများမှာ ၄.၇% ရှိခဲ့ပါသည်။ အနောက်ဈေးကွက် ၂၃ အနက် တင်ပို့မှုမှာ ခန့်မှန်းခြေအားဖြင့် သွင်းကုန်ပမာဏ တူညီသော်လည်း EU နှင့် ကုန်သွယ်မှုသဘောတူညီချက်များကို လက်ခံအကောင်အထည်ဖော်ခဲ့သည့်အချိန်တွင် EU မှ သွင်းကုန်များအနည်းငယ် အလေးသာခဲ့ပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများနှင့် ကုန်သွယ်ရာတွင် NCDP ဘောင်အတွင်း ထည့်သွင်းစဉ်းစားထားသောအချက်မှာ မြန်မာနိုင်ငံသည် ကမ္ဘာ့တန်ဖိုးကွင်းဆက်များသို့ ဝင်ရောက်မည်ဖြစ်ပြီး၊ ထိုဈေးကွက်မှတဆင့်ပြည်တွင်းလိုအပ်ချက်ရှိသည့် အဆင့်မီ ဥရောပထုတ်ကုန်များကို ရရှိစေလျက် နိုင်ငံတွင်း လူမှုစီးပွားအနေအထားမြင့်လာရန် ဖော်ဆောင်ပေးရမည် ဖြစ်ပါသည်။

ထို့ပြင် အစိုးရသည် မူဝါဒ ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ရေး မှတစ်ဆင့် ဥရောပသမဂ္ဂ၊ အမေရိကန် ပြည်ထောင်စုတို့နှင့် ကုန်သွယ်မှုသဘောတူညီချက်များအရ အကျိုးဖြစ်ထွန်းမှုများ ရရှိလာနိုင်ပါသည်။ ဤနည်းအားဖြင့် လက်ရှိဆောင်ရွက်နေသော အထည်ချုပ်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

# နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု




ပုံ-၂-၁၂ အဓိကတင်ပို့သည့် အာရှပြင်ပနိုင်ငံများ ၊ ဇာစ်မြစ်၊ CSO





ပုံ-၂-၁၃ အဓိကတင်သွင်းသည့် အာရှပြင်ပနိုင်ငံများ ၊ ဇာစ်မြစ်၊ CSO

မြန်မာနိုင်ငံသည် ကျယ်ပြန့်သော သဘာဝဓာတ်ငွေ့၊ ရေနံသိုက်များ အပါအဝင်၊ သဘာဝသယံဇာတများစွာ ပေါကြွယ်ဝသော်လည်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာအရ လိုအပ်လျက်ရှိသော စက်မှုထုတ်ကုန်နှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှုမှတစ်ဆင့် ဒေသတွင်းလူမှုအကျိုးစီးပွား ဖြစ်ထွန်းစေသော လုပ်ငန်းများကို အားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံမှုကို ချိတ်ဆက်၍ စက်မှုလုပ်ငန်းများ စုစည်းဖြစ်ထွန်းရေး မူဝါဒသည် အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်များတိုးချဲ့ရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရေး နှင့် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် အားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထား၊ ယှဉ်ပြိုင်နိုင်သည့် လုပ်သားအင်အား၊ ကြီးမားသည့် ပြည်တွင်းဈေးကွက် စသည့် နှိုင်းယှဉ်အကျိုးကျေးဇူးများအပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံသူ များကို ဖိတ်ခေါ်နိုင်မည်ဖြစ်ပါသည်။


နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံစုံစီးပွားရေးလုပ်ငန်း (MNEs) များ၊ ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) များ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ များအကြား အရှိန်အဟုန်ဖြင့် ပေါင်းစည်းစေမည်ဖြစ်ပြီး နည်းပညာနှင့် စီမံခန့်ခွဲမှု နည်းလမ်းများ ဖြန့်ကျက်ရရှိမည် ဖြစ်သည်။ ၁၉၇၀ခုနှစ်မှစ၍ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုပမာဏ သည် လွန်ခဲ့သော ဆယ်စုနှစ် (၄) ခုအတွင်း အဆ ၁၀၀ ကျော် တိုးတက်လာမှုတွင် အာရှတိုက်သည် ရင်းနှီးမြှုပ်နှံမှု စီးဝင်သည့်အဓိက နေရာဖြစ်ပြီး နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုပျမ်းမျှ အမေရိကန်ဒေါ်လာ ၄,၂၀၁၁ သန်းဖြင့် အများဆုံး စီးဝင်ရာနေရာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ သို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည် ၂၀၁၂ တွင် အမေရိကန်ဒေါ်လာ ၂,၂၄၃ သန်း ရရှိပြီး အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာပါသည် (UNCTAD)။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှု အာရှ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနက် ပျမ်းမျှတန်ဖိုး၏ တစ်ဝက်ခန့်သည် မြန်မာနိုင်ငံသို့ စီးဝင်ခြင်း ဖြစ်ပါသည်။ အာဆီယံ နိုင်ငံများသို့ FDI ဝင်ရောက်မှု အနေနှင့် မြန်မာနိုင်ငံသည် ၁၉၉၀ပြည့်နှစ် မှစ၍ ပျမ်းမျှခြင်းအားဖြင့် ၁.၃၄% ရှိပါသည်။ ၂၀၀၉ ခုနှစ် မှစ၍ ၂% ပုံမှန် တိုးတက်ခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ အားနည်းခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာတွင် လျော့ပါးလျက်ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် နောက်ကျခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများကိုအသုံးပြု၍ နိုင်ငံသားအားလုံးအတွက် စဉ်ဆက်မပြတ် အကျိုးကျေးဇူး ဖန်တီးပေးနိုင်မည့် တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေမည်ဖြစ်ပါသည်။




ပုံ-၂-၁၄ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုများ၊ ဇာစ်မြစ်၊ UNCTAD (၂၀၁၄)

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုအများစုမှာ (ပုံ-၂-၁၅) ၂၀၀၆ ခုနှစ်မှစ၍ အာရှတိုက်တွင် အရင်းခံ၍ တရုတ်နိုင်ငံ (၃၄.၇၂%) ဟောင်ကောင် (၁၉.၂၂%)၊ ထိုင်း ( ၅.၂%) နှင့် ယူနိုက်တက်ကင်းဒမ်း ( ၄.၇% ) တို့ ပါဝင်သည်။ တရုတ်နိုင်ငံမှ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုသည် ထိုင်းနိုင်ငံထက် (၆)ဆ ကျော်ရှိပါသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု စတင်ခဲ့ပါသည်။ အာရှတိုက်မှ အပ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသော နိုင်ငံမှာ ယူနိုက်တက်ကင်းဒမ်းဖြစ်၍ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၉၀၀ နီးပါး ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ယခင် စီးပွားရေးပိတ်ဆို့မှုကြောင့် နှောင့်နှေးခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည်ယခုအခါပြန်လည် ရရှိလာသည်။ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေးလုပ်ငန်းများတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ စီးပွားရေးပိတ်ဆို့မှုများလျော့နည်းလာခြင်း တို့ကြောင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သူများဖြစ်သည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများ ကျယ်ပြန့်စွာ ပေါ်ထွက်လာရန် မျှော်လင့်ချက်ထားရှိနိုင်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အဓိကဈေးကွက် (၂) နေရာတွင် လွှမ်းမိုးလာနိုင်ရာ လျှပ်စစ်ထုတ်လုပ်မှု (၄၄.၈%)၊ ရေနံနှင့်ဓာတ်ငွေ့(၄၄.၆%) ဖြစ်၍ ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းသို့ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှု ၈၉ % ရှိသည်။ (ပုံ ၂-၁၇) သတ္တုတူးဖော်မှုလုပ်ငန်းများသည် ၂၀၀၆ ခုနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှုကို အလေးထားဆွဲဆောင်မှုရှိခဲ့ရာ အမေရိကန်ဒေါ်လာ ၄၁၇၅ သန်း (၈.၂%) ရရှိခဲ့သည်။ အဆိုပါကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှု ၈၀%ရှိသော စက်မှုကဏ္ဍကြီးတွင် အမေရိကန်ဒေါ်လာ ၆၃၆ သန်း (၁.၂%) ဆွဲဆောင်နိုင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှု၏ ၉၇.၆% ရရှိသော သဘာဝသယံဇာတ ပစ္စည်းထုတ်လုပ်ရေးတွင်သာ အဓိကဖြစ်လာခဲ့ပါသည်။ ယင်းအခြေ အနေတွင်စက်မှုကဏ္ဍ ကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီး တိုးတက်စေရေးအတွက် စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲရန် တွန်းအားပေးဆောင်ရွက်နေစဉ် နိုင်ငံသားအားလုံးအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်လိုအပ်ပါသည်။




ပုံ-၂-၁၅ နိုင်ငံအလိုက် FDI စီးဝင်မှု၊ ဇာစ်မြစ်၊ DICA




ပုံ-၂-၁၆ ကဏ္ဍအလိုက် FDI စီးဝင်မှု၊ ဇာစ်မြစ်၊ DICA


မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပေါ် များစွာ အမှီသဟဲပြုရမည် ဖြစ်ပါသည်။ ယင်းကာလမတိုင်မီ အကြီးစား စီမံကိန်းများနှင့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိမည့် စီးပွားရေးကဏ္ဍများတွင် နိုင်ငံတော်၏ စုဆောင်းငွေများကို သုံးစွဲခဲ့ပါသည်။ ကမ္ဘာ့ကုန်သွယ်မှု အလားအလာကို ရည်ညွှန်းလျက် နှိုင်းယှဉ် အကျိုးကျေးဇူးအရ စက်မှုလုပ်ငန်းများသည် မြောက်-တောင် ပြောင်းလဲမှုကို တွေ့မြင်နိုင်ပါသည်။ လွန်ခဲ့သော (၁၀) စုနှစ် (၂) ခုအတွင်း ခေတ်မီ စီးပွားရေးလုပ်ငန်းများသည် အာရှတိုက်ထဲသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကြီးမားစွာ စီးဝင်လာခဲ့ပါသည်။

အာရှတွင်အဆင့်မြင့်နည်းပညာထုတ်လုပ်မှုကွန်ယက်များ ကြီးထွားလာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုဖြစ်စဉ်ပြောင်းလဲလာပြီးနိုင်ငံတကာကုန်သွယ်မှုမြင့်လာပါသည်။ (အထူးသဖြင့်စက်ပစ္စည်းအစိတ်အပိုင်းများ) ဤကွန်ယက်ချိတ်ဆက်မှုမှ နိုင်ငံတွင်းစုဆောင်းထားသောငွေဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလာပါသည်။

ဒေသတွင်းဆက်သွယ်ရေးလမ်းကြောင်းများတိုးတက်လာမှုနှင့်နည်းပညာအဆင့်မြင့်လာမှုတို့ကနိုင်းယှဉ်အကျိုးကျေးဇူးများအပေါ် အခြေခံကာ စက်မှုထုတ်လုပ်မှုဖြစ်စဉ်သံသရာတွင် စွမ်းဆောင်မှုတစ်ရပ်ကို ပေးအပ်နိုင်ခဲ့ပါသည်။(ပုံ-၁၈)

၎င်းဖြစ်စဉ်သည် ဒေသတွင်း ဆက်ဆံရေးပြောင်းလဲမှု၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၊ အတိုင်းအတာတစ်ခုထိ စီးပွားရေးပေါင်းစည်းမှုတို့ကို အကျိုးသက်ရောက်မှုအနေနှင့် ဖြစ်ပေါ်စေခဲ့ပါသည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် အဖွဲ့ဝင်တစ်ဦးအနေနှင့် ပါဝင်ထားသော အာဆီယံ စီးပွားရေးအသိုက်အဝန်း ထူထောင်မှု မူဝါဒပန်းတိုင်ကို ပေါ်လွင်ထင်ဟပ်စေပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်သောအခါ မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် သိသိသာသာ စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်နေရပါသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့သည် စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်ရန်အတွက် အထောက် အကူပြုရန် စီးပွားရေးပတ်ဝန်းကျင်ကောင်းဖြစ်စေရန် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ (၁) ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး၊ (၂) ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဖြေလျှော့ရေး (၃) ယှဉ်ပြိုင်နိုင်စွမ်း ရှိသောအခွန်စနစ်(၄) ခေတ်မီတိုးတက်သော စီးပွားရေး အခြေခံအဆောက်အအုံ(၅) လိုက်ဖက်ညီသော စွမ်းအင်ပံ့ပိုးမှု (၆) သင့်တော်သော ကျွမ်းကျင်လုပ်သား ပေါ်ထွက်လာရေး အစီအစဉ်တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှုသည် ၂၀၀၅ ခုနှစ်မှစ၍ စဉ်ဆက်မပြတ် တိုးတက်လာပြီး ခန့်မှန်းခြေအားဖြင့် အာဆီယံ နိုင်ငံများသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု၏ ၂% ပါဝင်ပါသည်။(ပုံ ၂-၁၅)





ပုံ-၂-၁၇ အပိုင်းလိုက်ခွဲခြားထုတ်လုပ်ခြင်းနှင့် ပြည်တွင်း SME များ ပေါင်းစည်းမှု အလားအလာ၊ ဇာစ်မြစ်၊ Kimura (၂၀၁၂)

အာရှတိုက်၏ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအကြား မြန်မာနိုင်ငံသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု အလားအလာ ကောင်းမွန်နေပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန်အတွက် နိုင်ငံတွင် အခွင့်အလမ်းဖွင့်ပေးခဲ့သည့်အတွက် ခန့်မှန်းထား သည်ထက်ပိုမို တိုးပွားလာဖွယ် ရှိပါသည်။ ဆီလျော်သော ဥပဒေပြဋ္ဌာန်းရန်အတွက် စံသတ်မှတ်ခြင်း၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊ စမ်းသပ်စစ်ဆေးမှုနှင့် ထိန်းချုပ်မှု တို့ကို ပို့ကုန် အလားအလာ မြင့်မားလာစေရေးမှတဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှု အကောင်အထည်ဖော်သွားရမည် ဖြစ်ပါသည်။

## စီးပွားရေးပထဝီ

(ပုံ၂-၁၉) တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၏ ထူးခြားသော ပထဝီ အနေအထားနှင့် အခြေခံသယံဇာတ အရင်းအမြစ်များပေါ်အခြေခံ၍ ဂျီဒီပီ ပါဝင်မှုသည် နိုင်ငံတစ်ဝှမ်း ကျယ်ပြန့်စွာ ကွဲပြားလျက်ရှိပါသည်။ တိုးတက်မှုနှုန်းထားများနှင့် ဂျီဒီပီ ပါဝင်မှုများသည် အဓိက မြို့ပြ ဧရိယာ(ဒေသ) ၂ ခု ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အပြင် ဧရာဝတီ၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ပါသည်။ ထိုဒေသကြီး ၅ ခု ၏ ဂျီဒီပီ ကို ၂၀၁၅ခုနှစ် တွင် ၂ ဆတိုးရန် ခန့်မှန်းထားပါသည်။




ပုံ-၂-၁၈ မြန်မာနိုင်ငံ ၏ စီးပွားရေးပထဝီ ၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၂-၂၀၁၃)


မြစ်ဝကျွန်းပေါ်ဒေသတွင်တည်ရှိသော ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ ထုတ်လုပ်မှု တိုးမြှင့်ရန်နှင့်သားငါးကဏ္ဍ၏ ပို့ကုန်တိုးမြှင့်ရေးတို့မှ ဂျီဒီပီ တိုးတက်မှုမြင့်မားရန် ရည်မှန်းထားပါသည်။

မကွေးတိုင်းဒေသကြီးသည် ကုန်းတွင်းပိုင်းဒေသဖြစ်၍ ရေနံသိုက်များရှိပြီး ဂျီဒီပီ တိုးတက်လာရေးအတွက် လျင်မြန်စွာ အားဖြည့်ပေးနိုင်သည်။ ထို့ပြင် နှမ်း၊ မြေပဲ ဆီထုတ်လုပ်ရေးလုပ်ငန်းများ၊ သံထုတ်လုပ်ရေးနှင့် ပတ်သက်သော စက်ရုံများသည် ဒေသစီးပွားရေး အတွက် အသက်သွေးကြောပမာ ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် အိန္ဒိယနှင့် နယ်စပ်ဒေသ ကုန်သွယ်မှုအနေဖြင့် သဘာဝသယံဇာတများကို တင်ပို့ခြင်းဖြင့် အကျိုးကျေးဇူးများကို သိသိသာသာ ရရှိနိုင်သည်။ တင်ပို့သောကုန်စည်များမှာ သတ္တု၊ ကျောက်မျက်ရတနာများ၊ လယ်ယာထွက်ကုန်များ၊ ဂါထွက်ကုန်များ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် သီးနှံမျိုးစုံ ထုတ်လုပ်နိုင်သော စိုက်ပျိုးမြေ အလျှံပယ်ရှိသော ဒေသကြီးတစ်ခု ဖြစ်ပါသည်။ ဆန်ကြိတ်ခွဲလုပ်ငန်း၊ ပဲမျိုးစုံထုတ်လုပ်သည့်လုပ်ငန်း၊ အစားအစာ ထုတ်လုပ်သည့်လုပ်ငန်း၊ လယ်ယာကဏ္ဍ ဂန်ဆောင်မှုလုပ်ငန်းနှင့် လယ်ယာထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးသည် သမိုင်းအစဉ်အလာ ကြီးမားသော မြို့တစ်မြို့ဖြစ်ပြီး တရုတ်၊ အိန္ဒိယတို့နှင့် ဆက်စပ်လျက်ရှိသည့် ကုန်သွယ်မှုဗဟိုဌာနကြီးတစ်ခုဖြစ်ပါသည်။ ကျောက်မျက်ရတနာ၊သတ္တု၊ကျောက်မျက်အကြမ်းထည်များ၊ ဆန်၊ ပဲဂွမ်းတို့ ရောင်းဝယ်ဖောက်ကားရာ ကြီးမားသောဒေသဆိုင်ရာဈေးကွက်ကြီးတစ်ခု ဖြစ်ပါသည်။ နိုင်ငံ၏ အဓိက အသက်သွေးကြောဖြစ်သောဧရာဝတီမြစ်ပေါ်တွင် တည်ရှိနေသောမန္တလေးတိုင်းဒေသကြီးသည် ကုန်သွယ်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းများ၏အရေးပါမှုကိုဆက်လက် ထိန်းသိမ်းထားပါသည်။ ထို့ပြင် ပဲ၊ ကျောက်မျက်အကြမ်းထည်၊ သတ္တုနှင့် လယ်ယာထွက်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ပေးသည့် ဗဟိုအချက်အချာဖြစ်ပြီး စက်မှုအခြေခံ မြို့တစ်မြို့အနေနှင့် တိုးတက် လျက်ရှိပါသည်။ မန္တလေး၏ ပထဝီ အနေအထားသည် အရှေ့အာရှနှင့် အနောက်အာရှကို ဆက်သွယ်ပေးသော အဓိကဆုံမှတ်ဖြစ်ပြီး အိန္ဒိယမှ တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းသို့ ချိတ်ဆက်ပေးသော လမ်းဆုံအဖြစ် တည်ရှိပါသည်။

ရန်ကုန်မြို့သည် ယခင် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ပြီး နိုင်ငံတွင် တစ်ဦးချင်းဝင်ငွေအမြင့်ဆုံးရှိသည့် ကမ်းရိုးတန်းဒေသနှင့် မြစ်ကြောင်း ကူးသန်းရောင်းဝယ်ရာဌာန၏ အချက်အချာကို ပိုင်ဆိုင်ထားပါသည်။ ရန်ကုန်မြို့သည် လူဦးရေ ၇,၂၄၃,၀၀၀ ရှိပြီး ယင်းတို့အနက် ၆၄%သည် လုပ်သားများ ဖြစ်လျက် မိုခိုသူအချိုးအစားမှာ ၄၁%ရှိပါသည်။ ရန်ကုန်မြို့တွင် စက်မှုဇုန်ပေါင်း ၁၂ ခုရှိပြီး တစ်နိုင်ငံလုံးရှိ စက်မှုဇုန်ပေါင်း အားလုံး၏ ၃၂%ကို ပိုင်ဆိုင်ထားပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် နှင့် ဆက်စပ်လျက် ခေတ်မီ ရေနက်ဆိပ်ကမ်းရှိသည်။ ရန်ကုန်မြို့သည် ယင်း၏ အခြေခံအဆောက်အအုံ၊ လုပ်သားအင်အား၊ ဒေသဆိုင်ရာ ဈေးကွက်များကြောင့် မြန်မာနိုင်ငံ၏ စက်မှုထုတ်ကုန် ဖြစ်ထွန်းရာ ဒေသတစ်ခုဖြစ်ပါသည်။




ပုံ-၂-၁၉ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကဏ္ဍကြီးများပါဝင်မှုအချိုး၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

တိုးတက်သော တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခု၏ စီးပွားရေးပုံသဏ္ဍာန်သည် နှိုင်းယှဉ်အကျိုးကျေးဇူးများအပေါ် အခြေခံ၍ ကွဲပြားခြားနားလျက် ရှိပါသည်။ ယင်းတို့အပေါ်ဦးတည်၍ လူမှုစီးပွားတိုးတက်ရေးမူဝါဒ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ ဖွံ့ဖြိုးလာရေး မဟာဗျူဟာများကိုတည်နေရာအနေအထားပေါ် မူတည်၍ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။


ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့စီးပွားရေးသည် စက်မှုနှင့် ဝန်ဆောင်မှုပေါ် အခြေခံထားပြီး ဧရာဝတီတိုင်းဒေသကြီး၏ စီးပွားရေးမှာ ရေချိုရေငန်ထွက် ပို့ကုန်ပစ္စည်းများအပေါ် မူတည်၍ စီးပွားရေးပုံသဏ္ဍာန်ကို မျှတအောင်ဆောင်ရွက်ပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှာ လယ်ယာထွက်ကုန်ပစ္စည်းများ ပေါကြွယ်ဝပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်တို့၏ စီးပွားရေးတွင် ပဓာနကျသောအချက်မှာ လယ်ယာလုပ်ငန်းအပေါ် မှီခိုအားထားနေရပြီး ၃၀% ကျော်ပါဝင်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကြီးမားသော စက်မှုလုပ်ငန်းများရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်နှင့် အခွင့်အလမ်းများအရ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို လယ်ယာစက်မှုလုပ်ငန်းနှင့် အခြေခံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မှုများမှတဆင့် ပြောင်းလဲသွားနိုင်မည်ဖြစ်ပါသည်။ စီးပွားရေး နိမ့်ကျနေသော ဒေသ(၃)ခု ဖြစ်သည့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို အစိုးရ၏ ပိုမိုပံ့ပိုးကူညီပေးခြင်းနှင့်အတူ လယ်ယာလုပ်ငန်းကို အားပြုဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

## နှိုင်းယှဉ်အကျိုးကျေးဇူးအပေါ် အခြေခံခြင်း

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တည်နေရာ၊ သဘာဝသယံဇာတ၊ လူသားအရင်းအမြစ်၊ စီးပွားရေး ပုံသဏ္ဍာန်စသည်ဖြင့်ဒေသအလိုက် အားသာချက်များရှိနေကြပါသည်။ (ပုံ၂-၂၁)။ ဒေသအလိုက်နှိုင်းယှဉ် အကျိုးကျေးဇူးအပေါ်အခြေခံ၍ ဒေသအလိုက် ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အဓိကတွန်းအားအဖြစ် အသုံးချနိုင်ပါသည်။

ပြည်နယ်နှင့်ဒေသအချို့တွင် ဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျွမ်းကျင်လုပ်သားရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုစီးဝင်ရေးတို့တွင် ကန့်သတ်ချက်များရှိသောကြောင့် အကျိုးကျေးဇူးများ မရရှိနိုင်သော်လည်း NCDP၏ ဖွံ့ဖြိုးရေး မဟာဗျူဟာသည် ပေါင်းစည်းမှုအမျိုးမျိုးဖြင့် လက်တွေ့ကျသော ဖွံ့ဖြိုးရေးပုံစံကို ချမှတ်ထားပါသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်လာရေး၊ ဒေသများနှင့် ချိတ်ဆက်ရေး၊ ဖွံ့ဖြိုးရေးဌာနများဖန်တီးရေး၊ သယံဇာတများကို အသုံးချ၍ နယ်စပ်ဒေသဖြတ်ကျော် စီးပွားရေး မြို့များ၏ ခိုင်မာစွာ ပေါင်းစည်းရေးဆောင်ရွက်မှုများသည် ရေရှည်စဉ်ဆက်မပြတ် အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာမှုကို အခြေခံကျကျ တည်ဆောက်ပေးနိုင်မည် ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ နိုင်ငံယှဉ်အကျိုးကျေးဇူးများမှာ (၁) ပထဝီအနေအထား(၂)လူဦးရေ(၂၀၁၂-၂၀၁၃)ဘဏ္ဍာနှစ်(၃)ဆက်သွယ်ရေးလမ်းကြောင်း(၄)စီးပွားရေးပုံသဏ္ဍာန် (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ် နှင့် (၅)အဓိက သယံဇာတများ ဖြစ်သည်။ NCDP၏ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ရာတွင် တိုးတက်မှုအလားအလာအရှိဆုံးဖြစ်သော တိုင်းဒေသကြီး / ပြည်နယ်များကိုစိစစ်သတ်မှတ်၍အဆိုပြုထားပါသည်။အခြေခံအဆောက်အအုံဖွံ့ဖြိုးလာရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးစကြံ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အာရုံစိုက်အလေးထားမှုနှင့် အစဉ်သဖြင့် ရှင်သန်ရေးမှာ ဖွံ့ဖြိုးမှုမဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းများဖြစ်ပါသည်။ ယင်းတို့အပေါ် မူတည်၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ နိုင်ငံယှဉ် အကျိုးကျေးဇူးများ နယ်စပ်ဒေသဖြတ်ကျော်ချိတ်ဆက်မှုများကို အားဖြည့် ပေးခြင်းတို့သည် NCDP အရ ပဓာနကျသော အချက်အလက်များဖြစ်ပါသည်။




ပုံ-၂-၂၀ မြန်မာနိုင်ငံတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နိုင်ငံယှဉ်ချက်ပြဇယား၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၂-၂၀၁၃)

## အခြေခံစီးပွားရေးအဆောက်အအုံ

အခြေခံစီးပွားရေးအဆောက်အအုံ၏ နယ်ပယ်သည် NCDPကပြဋ္ဌာန်းထားသော ရေရှည်ပန်းတိုင်(၂)ခု အပေါ်အခြေခံ၍ အထူးစီးပွားရေးဇုန်များ(SEZs)၊ စက်မှုဇုန်များ၊ နိုင်ငံအတွင်း အပြန်အလှန် ချိတ်ဆက်ပေးနိုင်မှု နည်းစနစ်နှင့်အခြေခံ အဆောက်အအုံတို့ အပေါ်အမှီသဟဲပြုလျက် တိုးတက်မှု ရရှိလာရေးပင် ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်များကို ကမ်းရိုးတန်းဒေသ တစ်လျှောက် ထူထောင်ပေးလျက်ရှိပြီး အထူးသဖြင့် သီလဝါ၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းများ၊ ထားဝယ်အထူးစီးပွားရေးဇုန်တို့ ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်အားလုံးတွင် ကမ်းရိုးတန်း ဆိပ်ကမ်းများ အဆင်ပြေချောမွေ့မှု၊ မီးရထား၊ အဝေးပြေး လမ်းမများ ချိတ်ဆက်ပေးနိုင်မှုနှင့် ကုန်သေတ္တာကြီးများ အကောက်ခွန် ဇရိယာအတွင်း သိုလှောင်ပေးနိုင်မှုတို့ ပါဝင်ပါသည်။

ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခု အနက် (၁၂) ခုတွင် စုစုပေါင်း စက်မှုဇုန်(၃၇)ခု ရှိပါသည်။ ပုံ(၂-၂၂)။ ယင်းစက်မှုဇုန်များသည် စီးပွားဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းသစ်များကို တွန်းအားပေးရန် ဝန်ဆောင်မှုများ၊ အထောက်အကူပြု စီမံကိန်းများဖြင့် စက်ရုံသစ်များကို တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များတွင် (၁)သက်သာသောမြေငှား၊ (၂)အဓိကစီးပွားရေး ဝန်ဆောင်မှု (လျှပ်စစ်ဓာတ်အား၊ ရေရရှိရေး) (၃) လုံခြုံစိတ်ချရမှု (၄) ထောက်ပံ့ ပို့ဆောင်ရေး စနစ်(logistics)နှင့် (၅) စည်းမျဉ်းစည်းကမ်းချက်များ ဖြေလျှော့ပေးရေးတို့ ပါဝင်ပါသည်။ စက်မှုဇုန်များကို ပိုမိုခေတ်မီသော စီးပွားရေး ပတ်ဝန်းကျင်နှင့် အလုပ်သမား ဈေးကွက်ပိုမို ရရှိရေးတို့ကို မြှင့်တင်ပေးလျက်မြို့ကြီးများ၏ ဆင်ခြေဖုံးများတွင် နေရာချ ထားပေးပါသည်။

အထူးစီးပွားရေးဇုန်များ၏ ဆက်သွယ်ဆောင်ရွက်မှုနှင့် အခြေခံအဆောက်အအုံ ချိတ်ဆက်ရေး တို့အတွက် စက်မှုဇုန်များကို စီးပွားရေးစင်္ကြံ များ၏ ဖွံ့ဖြိုးတိုးတက် လာရေး ပေါ် အခြေခံ၍ တည်ထောင်ထားပါသည်။ ဤစီးပွားရေးစင်္ကြံများသည် ခေတ်မီတိုးတက် သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား အမြဲရရှိမှု၊ စိတ်ချရသော ဆက်သွယ် ရေးလုပ်ငန်းများ၊ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီရေးတို့ကို ပေးဆောင်နိုင်စွမ်း ရှိလာမည် ဖြစ်ပါသည်။ အဓိကကျသော စီးပွားရေး စင်္ကြံ (၄)ခုကို NCDP ၏ သက်တမ်းကာလအတွင်းတိုးတက်မှု ရရှိလာရန် ခွဲခြားသတ်မှတ်ချက်များ ပေးထားပါ သည်။

| | ကချင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး | တနင်္သာရီတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မွန်ပြည်နယ် | ရန်ကုန်တိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး | ရခိုင်ပြည်နယ် | ရှမ်းပြည်နယ် | နေပြည်တော် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အထူးစီးပွားရေးဇုန် | | | ၁ | | | | | ၁ | | ၁ | | | ၃ |
| စက်မှုဇုန် | ၃ | ၂ | ၄ | ၁ | ၂ | ၄ | ၁ | ၁၃ | ၄ | ၁ | ၄ | ၁ | ၃၈ |
| စက်မှုဇုန်ခွဲ | | ၂ | | | | | | ၅ | | | | | ၇ |

ပုံ-၂-၂၁ မြန်မာနိုင်ငံတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီးပွားရေးအခြေခံအဆောက်အအုံ၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## တောင်- မြောက် စီးပွားရေးစင်္ကြံ




နိုင်ငံ၏ ဆက်သွယ်မှုကြောရိုးကို တောင် - မြောက် စင်္ကြံ အနေနှင့်သတ်မှတ်ထားပါသည်။ စီးပွားရေးစင်္ကြံ သည် ရန်ကုန်၊နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနားမြို့ကြီးများကို ဆက်သွယ် ပေးထားလျက် တိုးတက်လာသော စီးပွားရေးမြို့များပါဝင်ပါသည်။ တောင်-မြောက် စီးပွားရေး စင်္ကြံ သည်နေရာ (၅)ခု ကိုဖြတ်သန်းသွားရာ ယင်းတို့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့ဖြစ်ပြီး ဂျီဒီပီ၏ ၅၅% ကို ပံ့ပိုးလျက်ရှိပါသည်။ (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ် ဒေသများဖွံ့ဖြိုးရေးအတွက် အလားအလာ အကောင်းဆုံး အနေအထားတွင် ရှိပါသည်။ မြန်မာနိုင်ငံ၏ အဓိက အသက်သွေးကြောအနေနှင့် ဤစင်္ကြံတွင် အမြန်မီးရထားလမ်း၊ ကုန်လှောင်ရုံ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် သင့်တော်သော အားသာချက်များ ပေးစွမ်းနိုင်မည့် စီးပွားရေးဥယျာဉ်များပါဝင်လာမည်ဖြစ်ပါသည်။ ဤစီးပွားရေးစင်္ကြံ သည် နိုင်ငံ၏ အဓိကဝင်ရိုး (၂) ခု (ရန်ကုန်နှင့် မန္တလေး)ကို ချိတ်ဆက်ပေးထားပါသည်။ စီးပွားရေးနှင့်နည်းပညာ ဖြန့်ကျက်လာမှုသည် ဖွံ့ဖြိုးရေး ကွန်ယက် (၅) နေရာဖြစ်သည့် ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ မိတ္ထီလာနှင့် မြစ်ကြီးနားမြို့များသို့ တွန်းအားပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် NCDP ၏ ကာလတစ်လျှောက် တိုးတက်မှု အမြင့်ဆုံး အလားအလာကိုလည်း ကိုယ်စား ပြုထားပါသည်။ ပထဝီ နယ်မြေဒေသသည် လူဦးရေ အချိုးအစား ၄၈%ကို သြဇာကြီးမားသော နယ်ပယ်သို့ ရောက်ရှိလာအောင် ပို့ဆောင်ပေးမည် ဖြစ်ပါသည်။ ပထဝီနယ်မြေ ဒေသတွင်း ကျရောက် နေသည့် စီးပွားရေး အဆောက်အအုံများမှာ သီလဝါ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန် (၂၄)ခု၊ စက်မှုဇုန်ခွဲ (၇)ခု ပါဝင်လျက်ရှိပါသည်။

## အရှေ့- အနောက် စီးပွားရေးစင်္ကြံ




အရှေ့အနောက်စီးပွားရေးစင်္ကြံ သည် ထိုင်းနှင့်လာအိုကို ရှမ်းပြည်နယ်၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများနှင့် ချင်းပြည်နယ်တို့မှတစ်ဆင့် အရှေ့မြောက် အိန္ဒိယ မဏိပူရပြည်နယ်သို့ ချိတ်ဆက်ပေးထားပါသည်။ မန္တလေးမြို့၏ တောင်ပိုင်းကို ဖြတ်ကျော်လျက် စီးပွားရေးစင်္ကြံ သည် အလားအလာ ကောင်းမွန်သော ဖွံ့ဖြိုးရေး အချက်အချာ(၇) ခု (ကျိုင်းတုံ၊ လွယ်လင်၊ တောင်ကြီး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မုံရွာ၊ ကလေး) နှင့် ချိတ်ဆက်ထားပါသည်။ ယင်းဒေသများ ပိုမို အရေးပါလာသည်မှာ စီးပွားရေးစင်္ကြံသည် ဒေသတစ်လျှောက် ချိတ်ဆက်မှု (၁) မိုင်းလားတွင် တရုတ်နိုင်ငံ၊ (၂)တာချီလိတ်တွင် ထိုင်းနှင့် (၃) တမူးတွင် အိန္ဒိယတို့ဖြစ်ပါသည်။ ဤစီးပွားရေးစင်္ကြံ ၏ အရေးပါမှုသည် မြန်မာနိုင်ငံကို အခြားနိုင်ငံများနှင့် ချိတ်ဆက်ပေးနိုင်ပြီး၊ ကုန်သွယ်မှုတွင် ကြားခံနယ်မြေအဖြစ် အသုံးပြု ပေးနိုင်ခြင်းတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ ထိုစင်္ကြံ နှင့် ဆက်စပ်လျက် ဤဒေသအတွင်း နေထိုင်ကြသော လူဦးရေ ၃၂% နှင့်အတူ ( GDP တွင် ) ၂၈% ကို အထောက်ကူပြုပေးထားပါသည်။

၎င်းစီးပွားရေးစင်္ကြံ သည် စီးပွားအကျိုးပြုမှုကို ဖြစ်ပေါ်စေကာ ဆင်းရဲမှုနှုန်းမြင့်မားသော ရှမ်းပြည်နယ် (၁၅.၄%) ကို အရေးပါလာစေမည် ဖြစ်ပါသည်။ သို့ရာတွင် ချင်းပြည်နယ်သည် GDP ၏ ၃.၈ရာခိုင်နှုန်းသာ ပံ့ပိုးပေးနိုင်သည်။ စက်မှုနယ်မြေ(၉)ခုသည် ပြည်နယ် (၄)ခု အနက် (၃)ခုထဲတွင် ရှိနေပါသည်။ ရှမ်းပြည်နယ်ရှိ ကျိုင်းတုံသည် ရည်မှန်းထားသော စက်မှုဇုန်ကို ထူထောင်ရန် သင့်တော်သော နေရာ တစ်ခုဖြစ်၍ နယ်စပ်ဒေသတစ်လျှောက်မှ တရုတ်နှင့် ထိုင်းတို့သို့ ဖြတ်ကျော်၍ အကျိုးကျေးဇူးများကို ယူဆောင်လာနိုင်မည် ဖြစ်ပါသည်။

## အရှေ့မြောက်-အနောက်တောင် စီးပွားရေးစင်္ကြံ




အရှေ့မြောက်၊ အနောက်တောင် စီးပွားရေးစင်္ကြံ သည် ကျောက်ဖြူ အထူးစီးပွားရေးဇုန်မှ မကွေး၊ မန္တလေးတို့ကိုဖြတ်ကာ ရှမ်းပြည်နယ်မှတဆင့် တရုတ်နိုင်ငံသို့ ရောက်သည့်တိုင်အောင် မူဆယ်နယ်စပ်သို့ ဆက်သွယ်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြစ်ပါသည်။၎င်း စီးပွားရေး စင်္ကြံ သည် အထူးစီးပွားရေးဇုန်တစ်ခု နှင့် စက်မှုဇုန်(၁၀)ခု အပါအဝင် ကျောက်ဖြူ၊ မကွေး ၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်ထိ တိုးတက်မှု အလားအလာ၊ အချက်အချာ ဒေသများနှင့် ချိတ်ဆက်ထားသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် GDPသို့ ၃၀% ပံ့ပိုးပေးနိုင်သည့် တိုင်းဒေသကြီး/ပြည်နယ်(၄)ခုကို ဖြတ်သန်းလျက် ကျောက်ဖြူရှိ နိုင်ငံတကာ ရေနက်ဆိပ်ကမ်းမှ တရုတ်နိုင်ငံ ယူနန်ပြည်ထိ ရောက်ရှိအောင် ရခိုင်ပြည်နယ်မှစတင် ချိတ်ဆက်ထားပါသည်။ နယ်စပ်ဒေသရှိ စီးပွားရေးဇုန် အတွက်လည်း အရေးပါသည်။၎င်းစီးပွားရေးစင်္ကြံ သည်ကြီးမားသောစိန်ခေါ်မှုများဖြင့်လူမျိုးစုကွဲပြားသောဒေသ(၂)ခု အတွင်း ပါဝင်ကာ ရှေ့သို့တိုးတက် ရွေ့လျားနေသော စီးပွားရေး နယ်ပယ်တွင် ရှိပြီး လူဦးရေ ၃၇%ဖြင့် ဝိုင်းရံထားပါသည်။ မူဆယ်သည် စီးကရက်၊ ဆပ်ပြာ၊ ဓာတ်မြေသြဇာများ ထုတ်ပေးသော စီးပွားရေးလုပ်ငန်းများ ထူထောင်ထားသည့် စက်မှု ဒေသတစ်ခု ဖြစ်ပါသည်။ လားရှိုးသည် ဘိလပ်မြေ၊ သတ္တုထုတ်လုပ်မှုတို့နှင့်အတူ အစားအစာထုတ်လုပ်ရေးလုပ်ငန်းတို့ဖြင့် လွှမ်းခြုံထားရာဒေသ ဖြစ်ပါသည်။ ပြင်ဦးလွင်သည် ပြည်တွင်း တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းနှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိပြီး၊ နည်းပညာဝန်ဆောင်မှု လုပ်ငန်းနှင့် ထုတ်လုပ်မှုတို့မှာ လျင်မြန်စွာ တိုးတက်လျက်ရှိပါသည်။ မကွေးသည် ကုန်းတွင်း ရေနံ ထုတ်လုပ်မှု၊ သံထည်လုပ်ငန်း အပါအဝင် စက်မှုထုတ်ကုန်များ၏ ဗဟိုအချက်အချာ ဖြစ်ပါသည်။ ထို့ပြင် ဆီထွက်သီးနှံ ထုတ်လုပ်မှု လုပ်ငန်း၊ ပဲဆီ၊ ပြည်တွင်းလယ်ယာ အခြေခံ ထုတ်ကုန်လုပ်ငန်းများအတွက် အထောက်အကူပြုမှုတို့လည်း မကွေးတိုင်းဒေသကြီးတွင် ရှိပါသည်။ ကျောက်ဖြူသည် ကမ်းလွန်ဓာတ်ငွေ့(ရွှေစီမံကိန်း)အတွက် ကုန်းတွင်း ဝင်ပေါက် ဖြစ်ပါသည်။

## ရန်ကုန်မှ မြဝတီသို့ စီးပွားရေးစင်္ကြံ



ရန်ကုန်မြဝတီ စီးပွားရေးစင်္ကြံ သည် ရန်ကုန်၊ ပဲခူးနှင့်ကရင်ပြည်နယ်တို့ကို ဖြတ်သန်းလျက် ရန်ကုန်မှ ထိုင်းသို့ ချိတ်ဆက်ပေးထားပါသည်။ ဤ စီးပွားရေးစင်္ကြံ သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ GDP သို့ ၃၆% ထည့်ဝင်ပေးထားမှုနှင့်အတူ မဟာဗျူဟာမြောက် အရေးပါသော ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လမ်းကြောင်း တစ်ခု လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှပို့ကုန်အများစုမှာ မြဝတီ၊ မဲဆောက် နယ်စပ်မှတစ်ဆင့် နိုင်ငံတွင်းသို့ ဝင်ရောက်လာပါသည်။ ထိုင်းနိုင်ငံမှ မဲဆောက် အထူးစီးပွားရေးဇုန် ထူထောင်ထားမှုနှင့်အတူ စီးပွားရေးစင်္ကြံ သည် ကာလတို ဖွံ့ဖြိုး တိုးတက်ရေးနှင့် လုပ်သားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေးတွင်များစွာ အရေးပါလျက် ရှိသည်။ ယင်းဆောင်ရွက်ချက်များသည် နယ်စပ်မှတဆင့် ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးများတွင် အလားအလာကောင်းလာမည် ဖြစ်ပါသည်။ ပြည်နယ်နှင့် ဒေသကြီး (၄)ခုကို ဖြတ်သန်းထားသော ဤစီးပွားရေးစင်္ကြံသည် လူဦးရေ ၃၀.၁% ပါဝင်လျက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တွေ့ကြုံနေရသော မြို့ပြဆင်းရဲမှု အမြင့်ဆုံးအဆင့်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အကူအညီပေးလျက် ရှိပါသည်။ ဤစီးပွားရေးစင်္ကြံ သည် နိုင်ငံဖွံ့ဖြိုးရေး ဗဟိုချက် (ရန်ကုန်)၊ သီလဝါအထူးစီးပွားရေးဇုန်၊ အရေးကြီးသော နယ်စပ် စီးပွားရေးဇုန် (မြဝတီ)သို့ ဆိပ်ကမ်းဝန်ဆောင်မှု ပေးခြင်းတို့ဖြင့် အချိတ်အဆက်ရှိနေကာ ပဲခူး၊ သထုံ၊ ဖာပွန် ဖွံ့ဖြိုးရေးအလားအလာရှိသော ဒေသ(၃)ခုကိုလည်း ဆက်သွယ်ပေးထားပါသည်။

## မြန်မာနိုင်ငံ ရောပြွမ်းစီးပွားရေးလုပ်ငန်း

ရောပြွမ်းစီးပွားရေးလုပ်ငန်းများတွင် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ၊ ဖက်စပ် စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ ပါဝင်လာပါသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် အကျိုးဖြစ်ထွန်းစေရန်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အများအားဖြင့် ဆက်စပ်လျက်ရှိပြီး အကြီးစား၊ အသေးစား စက်ရုံများ အသွင်ဖြင့် အိမ်သုံးပစ္စည်းများ၊ စားသောက်ကုန်များကို ကဏ္ဍအလိုက် ထုတ်ပေးလျက်ရှိပါသည်။ SMEs လုပ်ငန်းများသည် အပေါ့စားကုန်ပစ္စည်း ထုတ်လုပ်သောစက်ရုံ၊ ကုန်ကြမ်းသန့်စင်လုပ်ငန်း၊ ဝန်ဆောင်မှု ပေးသော လုပ်ငန်းများ ဖြစ်ပါသည်။

## နိုင်ငံပိုင်လုပ်ငန်းများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ


ယခင်ဗဟိုချုပ်ကိုင်မှုရှိသော စီးပွားရေးစီမံကိန်း ဥပဒေအနေနှင့် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းကို နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းကြီးများနှင့် ဝန်ဆောင်မှုလုပ်ငန်းများက ဖြည့်တင်း ဆောင်ရွက်ခဲ့ပါသည်။ယင်းတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလည်း ပါဝင်သည်။ ယခင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း စုစုပေါင်း ၁၁၅ခုနှင့် စက်ရုံခွဲများကို ဒေသကြီး(၉)ခုတွင် တည်ထောင် ထားခဲ့ပါသည်။ SOEအများစုသည် မြို့ပြအဓိက အချက်အချာနေရာများတွင် တည်ရှိပြီး၊ ရန်ကုန်တွင် ၃၃%၊ မန္တလေးတွင် ၂၃%၊ မကွေးတွင် ၁၅% အသီးသီးရှိပါသည်။ နိုင်ငံပိုင်စက်ရုံများ၏ ၄၀%ကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးခဲ့ပြီးဖြစ်၍ ၅၄%မျှသာ အစိုးရပိုင်အဖြစ်၊ အစိုးရ၏ ထိန်းချုပ်မှု အောက်တွင်ရှိနေပါသည်။ နိုင်ငံပိုင်လုပ်ငန်းများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ စာရင်းအရ ပိုင်းခြားသတ်မှတ်ထားသော စက်ရုံသင်တန်းဌာနများ၏ ၆%သည် ပဲခူး၊ မကွေး၊ ရန်ကုန်တို့တွင် အများအားဖြင့် ရှိပါသည်။ (၄၀%+ ၅၄%+ ၆%=၁၀၀%)။ နိုင်ငံပိုင်လုပ်ငန်းများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် စက်မှုထုတ်လုပ်ရေး ကဏ္ဍအတွင်း ရှေ့သို့ တိုးတက်လာမည့် ရင်းနှီးမြုပ်နှံမှုအတွက် ထူးခြားသော

အခွင့်အလမ်းကို ပေးလျက်ရှိပါသည်။ အထည်အလိပ်လုပ်ငန်း၊ အကြီးစား စက်မှုလုပ်ငန်း၊ ဟင်းသီးဟင်းရွက်ဆီလုပ်ငန်း၊ ဆောက်လုပ်ရေး၊ အိမ်သုံးကုန်များနှင့် အစားအသောက်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုအလားအလာ ကောင်းမွန်လျက်ရှိပါသည်။

## ခိုင်မာအားကောင်းလာသော SME ကဏ္ဍ

SME ကဏ္ဍသည် စီးပွားရေးကဏ္ဍ(၁၃) ခု တွင် လုပ်ငန်းပေါင်း ၄၃၀၀၀ ဖြင့် မြန်မာနိုင်ငံတွင် အလုပ်သမားအရေအတွက်အများဆုံးကို အသုံးပြုလျက်ရှိပါသည်။ SME သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုအထောက်အကူပြုလျက် GDP သို့ များစွာပံ့ပိုးပေးလျက်ရှိပါသည်။

SME အတွက် အဓိကလုပ်ဆောင်ပေးနေသော နယ်ပယ်များမှာ ကျွမ်းကျင်မှုနည်းပါး၍ ကျဉ်းမြောင်းသောနယ်ပယ်နှင့် နိမ့်ကျသောလုပ်အားကိုသာ အားထားပြီး ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည့် အစား အသောက်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတို့ဖြစ်ပါသည်။ (ပုံ ၂-၂၃)။ လုပ်သားဦးရေ ၅၀ အောက် လုပ်ကိုင်နေသော SME လုပ်ငန်းများသည် စုစုပေါင်းမှတ်ပုံတင်ထားသော SME ၏ ၇၀%ဖြစ်ပြီးအလတ်စား စီးပွားရေး လုပ်ငန်းများမှာ ၁၇% ရှိပါသည်။ SME များ၏ ဖွံ့ဖြိုးမှု သို့မဟုတ် တိုးချဲ့လုပ်ကိုင်ရန် အကန့်အသတ်များမှာ ရင်းနှီးမြှုပ်နှံရန် ငွေပင်ငွေရင်း၊ ဘဏ္ဍာရေးနှင့် ဈေးကွက် အခြေခံအဆောက်အအုံဆိုင်ရာ ပြဿနာများက ထင်ဟပ်လျက်ရှိပါသည်။ အစိုးရ၏ မူဝါဒအရ စည်းမျဉ်းစည်းကမ်းများကို ဖြေလျော့ခြင်း၊ သက်ဆိုင်ရာဥပဒေများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကို လိုက်လျောညီထွေစွာ ဆောင်ရွက်ပေးမှုတို့ဖြင့် SME များကို တိုးချဲ့ဆောင်ရွက်နိုင်ပါသည်။ ပြည်တွင်းပြည်ပစီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဆွဲဆောင်နိုင်ပါသည်။ SME လုပ်ငန်းများတွင် အကြီးစားလုပ်ငန်းများပါဝင်မှုနည်းပါသည် (၁၁%)။ ယင်းတို့မှာ များစွာသောပြည်တွင်းကုမ္ပဏီများ၊ အဖွဲ့အစည်းကြီးများ၊ ပူးတွဲဆောင်ရွက်နေသော အစုစပ်လုပ်ငန်းများတွင် ကန့်သတ်ချက်များဖြင့် ဆောင်ရွက်နေမှုအပေါ် ထင်ဟပ်လျက်ရှိပါသည်။



ပုံ-၂-၂၂ ကဏ္ဍအလိုက် SME များ၊ ဇာစ်မြစ်၊ MCDV

နိုင်ငံတွင်းရှိနေသော သယံဇာတများသည် SMEs လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုလျက်ရှိပါသည်။ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများကိုလုပ်ငန်း အုပ်စုအလိုက် မဟာဗျူဟာများ အသုံးချလျက်SMEများကိုဆွဲဆောင်နိုင်ပါသည်။ ထုတ်လုပ်မှုကွင်းဆက်၊ ကမ္ဘာ့စီးပွား ရေး နှင့် ချိတ်ဆက်မှုတို့ သယဇာတ မဖြစ်ပါက ပြည်တွင်း SME လုပ်ငန်းများကို အရှိန် မြင့်တင် နိုင်ခြင်းမရှိဘဲ ပြိုပျက်သွားစေနိုင်ပါသည်။

စက်မှုထုတ်ကုန်များနှင့် လုပ်ငန်းတွင်းသုံးကုန်စည်ပစ္စည်းများ ကုန်သွယ်မှုသည် ကမ္ဘာလုံးဆိုင်ရာတန်ဖိုး ကွင်းဆက်များအတွင်း ချိတ်ဆက်လျက် ရှိပါသည်။ ပို့ကုန်ဦးတည်သည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် စက်မှုထုတ်ကုန်တိုးတက်ရေးလုပ်ငန်းများတွင် နောက်ကျနေသည့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များအတွင်း ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါသည်။

ဤကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်မူဝါဒနှင့် ဥပဒေသစ်ပြဋ္ဌာန်းပေးမှုသည် SME များ ရင်ဆိုင်နေရသည့် ကန့်သတ်ချက်များကို လျှော့ချရန်အတွက် ရည်ရွယ်ပါသည်။ ယင်းရည်ရွယ်ချက်တွင် (၁) ရင်းနှီးမြှုပ်နှံမှု ငွေပင်ငွေရင်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများသို့ လက်လှမ်းမီထိတွေ့နိုင်မှု၊ (၂) သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်အလုပ်သမား ဈေးကွက်ရရှိမှု၊ (၃) အချိန်နှင့်တပြေးညီနည်းပညာရရှိမှု ၊ ခေတ်မီစက်ကိရိယာနှင့် တန်ဆာပလာ အသုံးပြုမှု၊ ဈေးကွက်သတင်း အချက်အလက်များအချိန်နှင့် တပြေးညီရရှိမှု၊ ကုန်ကြမ်းပစ္စည်းများနှင့် အခြားထုတ်လုပ်ရေး သွင်းအားစုများရရှိမှု၊ (၄) ဈေးကွက် ဝင်ရောက်မှုနှင့် ဖြန့်ဖြူးမှု၊ (၅) ချိတ်ဆက်ဆောင်ရွက်မှုများ (၆) အကန့်အသတ်ရှိသော စည်းမျဉ်းစည်းကမ်းတို့ ပါဝင်ပါသည်။

## ငွေရေးကြေးရေးကဏ္ဍပုံသဏ္ဌာန်

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍကို နိုင်ငံတော်ဘဏ်(၄)ခု၊ ပုဂ္ဂလိကဘဏ်(၂၂)ခုအနက်၊ (၈) ခုမှာ အစိုးရအဖွဲ့အစည်းပေါင်းစပ်ပါဝင်ထားသော ပုဂ္ဂလိကဘဏ် နှင့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ၂၈ ခု တို့ဖြင့် ဆောင်ရွက် လျက်ရှိပါသည်။ ၂၀၁၁ မှ ၂၀၁၃ ခုနှစ် အတွင်း ဘဏ်လုပ်ငန်းများ (၃) ဆ တိုးလာသည်။ ဘဏ်လုပ်ငန်း များတိုးချဲ့ဆောင်ရွက်ခြင်းနှင့်အတူ ၂၀၁၅တွင် နိုင်ငံတကာဘဏ်များ ဝင်ရောက်ဆောင်ရွက်လာမည်ဖြစ်ပါသည်။ အာမခံလုပ်ငန်းကို အစိုးရအာမခံလုပ်ငန်းတစ်ခုနှင့် လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂလိက အာမခံကုမ္ပဏီ (၁၂) ခုက ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၁ ခုနှစ် နှင့် ၂၀၁၁ ခုနှစ် အတွင်း ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေခဲ့၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍသည် အခြား ASEAN နိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှု အနည်းဆုံးဖြစ်ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခြင်းကြောင့် စီမံကိန်းများအတွက် ချေးငွေများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေလုံးငွေရင်းရရှိမှုများနှင့် လုပ်ငန်းအသစ်များ စတင်တည်ထောင်ခြင်း၊ ချဲ့ထွင်ခြင်းတို့တွင် အဟန့်အတားများရှိနေခဲ့ပါသည်။ ငွေရေးကြေးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် Creditကဒ်များ စတင်အသုံးပြုလာခြင်း၊ မြို့ကြီးများတွင်အလိုအလျောက် ငွေထုတ်စက်များ (ATMs) တပ်ဆင်ခြင်း၊ ချေးငွေများပိုမိုရရှိနိုင်ခြင်းတို့ ကြောင့် ဘဏ်လုပ်ငန်းများပိုမို ကျယ်ပြန့်လာသည်။ ဘဏ္ဍာရေးဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တိုးတက်ကောင်းမွန်သည့် စည်းမျဉ်းစည်းကမ်းများမှတစ်ဆင့် ငွေရေးကြေးရေးကဏ္ဍ တိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။ ၂၀၁၂ ခုနှစ် ငွေရေးကြေးရေးကဏ္ဍ လျင်မြန်စွာ ပြုပြင်ပြောင်းလဲချိန်မှစ၍ ကုန်ပစ္စည်းများ မျိုးစုံထုတ်လုပ်လာနိုင်ခြင်း၊ ပိုမိုကောင်းမွန်သော ကုန်စည်များသုံးစွဲလာနိုင်ခြင်း၊ တရားဝင်ငွေရေးကြေးရေးကဏ္ဍတွင် ပြည်တွင်းစုဆောင်းငွေများတိုးလာခြင်းကို တွေ့ရှိရပါသည်။ ဘဏ္ဍာရေးတည်ငြိမ်မှုရရှိစေရန် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု အားကောင်းစေခြင်း၊ (၂) သီးခြားလွတ်လပ်ပြီး စွမ်းဆောင် ရည်ပြည့်ဝသော ဗဟိုဘဏ်ထူထောင်ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းစည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေသော စီမံခန့်ခွဲမှု စနစ်ရှိစေခြင်း၊ (၃) နိုင်ငံသားများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ငွေကြေးရရှိမှု တိုးတက် လာစေခြင်း၊ (၄) တည်ငြိမ်သော ငွေကြေးမူဝါဒကို ထိန်းထားသော်လည်း ရင်းနှီး မြှုပ်နှံမှု တိုးပွားလာစေမည့် ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်း ပေးခြင်းနှင့် (၅) နိုင်ငံတစ်ဝန်းလွှမ်းခြုံသည့် ဝန်ဆောင်မှုများကိုပေးစွမ်းနိုင်သည့် ယှဉ်ပြိုင် နိုင်စွမ်းရှိ၍ ဖြောင့်မတ်သော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဘဏ်လုပ်ငန်းကဏ္ဍကို ထူထောင်ပေးခြင်းတို့ပါဝင်ပါသည်။

**နိုင်မာအားကောင်းသည့် SME ကဏ္ဍ**

မြန်မာနိုင်ငံရှိ ပုဂ္ဂလိက မှတ်ပုံတင် စီးပွားရေးလုပ်ငန်းများ၏ ၇၀% ကျော်သည် SME လုပ်ငန်းများဖြစ်ပြီး ကိုယ်ပိုင်အရည်အချင်းရှိသော လုပ်သားအင်အားအများအပြားပါဝင်လုပ်ကိုင်ကြပါသည်။

ထို့ပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှလည်း လုပ်ငန်းသစ်များ စတင်ထူထောင်နိုင်ရန် အိမ်ထောင်စုများအတွက် ဝင်ငွေဖန်တီးပေးနိုင်ရန်အတွက် အသေးစားချေးငွေလုပ်ငန်းများ အကောင်အထည်ဖော် ခဲ့ပါသည်။ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုမည့် ချေးငွေထုတ်ချေးနိုင်ရန် ၊ သမရိုးကျ ချေးငွေများထုတ်ပေးရန်၊ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်အတွက် ငွေရေးကြေးရေးနယ်ပယ်ကိုဖွင့်လှစ်ပေးခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသောစတော့လက်မှတ်များထုတ်ဝေမှုကိုကုမ္ပဏီကြီးများ၊ဘဏ်များမှကန့်သတ်ထားပါသည်။ အဖွဲ့အစည်းဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့် ဖွဲ့စည်းပုံများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ခြင်းကြောင့် ငွေချေးသက်သေခံလက်မှတ်များ အရောင်းအဝယ်ပြုလုပ်ခြင်းတွင် အတွေ့အကြုံမရှိသေးပါ။ မြန်မာ့စတော့ရှယ်ယာရောင်းဝယ်ရေး ဖွဲ့စည်းဖြစ်ပေါ်မှုသည် ငွေကြေးစာချုပ်များလဲလှယ်ခြင်း ကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့အတွက် အခြေခံလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်သောပူးတွဲစတော့ကုမ္ပဏီများ ပေါ်ပေါက်လာရန်မြန်မာနိုင်ငံ စတော့အိတ်ချိန်းသည် အထောက်အကူပြုမည်ဖြစ်ပါသည်။



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့ချရေး

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ တွင် ဦးစားပေးနယ်ပယ်များမှာ နိုင်ငံရေး၊ စီးပွားရေးနှင့် အဖွဲ့အစည်း ဆိုင်ရာပြုပြင်ပြောင်းလဲမှုတို့ကို အဓိကထား၍ပေါင်းစည်းဆောင်ရွက် ရန်ဖြစ်ပါသည်။ ထိုဆောင်ရွက်မှုသည် ပြည်သူတရပ်လုံးရရှိ ခံစားနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးမည့်အပြင် ဒီမိုကရေစီစနစ်ထွန်းကားရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုအားပေးမြှင့်တင်ရန်ရည်ရွယ်ပါသည်။

ဆင်းရဲမှုလျှော့ကျရေးသည် အစိုးရ၏ အဓိက ဆောင်ရွက်ရမည့် အချက်ဖြစ်ပြီး ဆင်းရဲ၊ ချမ်းသာ ကွာဟမှုလျှော့နည်းစေရေး၊ ကျေးလက် နှင့် မြို့ပြကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို ကျဉ်းမြောင်းစေရေးနှင့် အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါသည်။

ပြည်သူ့ဗဟိုပြုမူဝါဒများကို မြှင့်တင်ရာတွင် အစိုးရသည် ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးချမ်းသာ ရရှိစေမည့်နယ်ပယ်များကို ကျား၊ မခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေး ရရှိစေရေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး

မြန်မာနိုင်ငံသည် ဆင်းရဲမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရှိဒေသအားလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အားထုတ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးညွှန်ကိန်း (HDI) ဖြင့် တိုင်းတာလျက်၊ ကဏ္ဍအားလုံး မူဝါဒချ ဆောင်ရွက်လျက်ရှိသော်လည်း စံသတ်မှတ်ထားသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုညွှန်းကိန်းများအဆင့်အောက် နိမ့်ကျလျက်ရှိပါသည်။ ဤအခြေအနေကိုထူးခြား သောမူဝါဒစိန်ခေါ် ချက်တစ်ရပ် အဖြစ်သတ်မှတ်ထားပါသည်။

ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ အဓိကသွင်ပြင်လက္ခဏာအရ၊ ပညာရေး ဝန်ဆောင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးမှု၊ လူမှုအကာအကွယ်ပေးမှုများဖြင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ ရသင့်ရထိုက်သောလုပ်ခ၊ လုပ်ငန်းခွင်လုံခြုံဘေးကင်းရေး၊ မြန်မာ့လူ့ဘောင်၏ တန်ဖိုးများကို မြှင့်တင်ရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးစံအမျိုးမျိုးကို ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် မူဝါဒများဖြင့် တွန်းအားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။


ဗဟိုမှချုပ်ကိုင်မှုကင်းသော ချဉ်းကပ်မှုဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးတို့ကို အခြေခံမူဝါဒအဖြစ်ချမှတ် ဆောင်ရွက်လျက် ရှိပါသည်။ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ် အစိုးရများကို တွေ့ကြုံရမည့် ပြဿနာများ ဖြေရှင်းရန် စနစ်ကျသော မူဝါဒရေးရာနှင့် စီမံကိန်းများ တိုးတက်လာရေးကို ထိပ်တန်းဦးစားပေး လုပ်ငန်းတစ်ရပ်အနေနှင့် ချမှတ်ဆောင်ရွက်ရန် အခွင့်အာဏာ ပေးအပ်ထားပါသည်။ အစိုးရအဖွဲ့အစည်းအဆင့်တိုင်းတွင် မူဝါဒနှင့် အစီအစဉ်များကို ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အောက်ပါတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

- လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊
- သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊
- ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
- အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
- သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊
- ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေး၊

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်း(၂၀၁၂)အရ မြန်မာနိုင်ငံသည် အဆင့် ၁၄၉ တွင် ရှိပြီး၊ အာဆီယံနိုင်ငံများထက် နိမ့်ကျလျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုရလဒ်ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းသည် ပြောင်းလဲလာပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံ၏ အလားအလာမှာ ယေဘုယျအားဖြင့် တူညီနေပါသည်။ (ပုံ ၂-၂၄)

မြန်မာနိုင်ငံသည် ပညာရေး၊ ကျန်းမာရေးနှင့်အခြားကဏ္ဍ အားလုံးတွင် ရင်းနှီးမြှုပ်နှံမှု မြင့်မားလာမည်ကို အသိအမှတ်ပြုရမည့်အပြင် တချိန်တည်းမှာပင် နောက်ကျခြင်းမှရရှိလာသည့် အကျိုးကျေးဇူးအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အတွေ့အကြုံများမှ စဉ်ဆက်မပြတ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အကျိုးကျေးဇူးများကို ရရှိစေမည့် လမ်းကြောင်းသို့ ဦးတည်ရန် အခွင့်အလမ်းသာလျက်ရှိပါသည်။




ပုံ-၂-၂၇ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်၍ မြန်မာနိုင်ငံ၏ HDI တိုးတက်မှုအခြေအနေ၊ ဇာစ်မြစ်၊ UNSTAT (၂၀၁၄)

## ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များ

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလက ထောင်စုနှစ်ကြေငြာချက်များကို လက်မှတ်ရေးထိုးခဲ့သော မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်စတင်ကျင့်သုံးချိန်မှစ၍ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း တိုးတက်မှု အပြောင်းအလဲကို နိုင်ငံတကာမှ အသိအမှတ်ပြုခြင်း နှင့်အတူ ဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ချက်များသည် ထောင်စုနှစ်ဖွံ့ဖြိုးရေး ပန်းတိုင်များ (MDGs) မဟာဗျူဟာ၊ ရည်မှန်းချက်နှင့်တစ်သားတည်းကျလျက်ရှိပါသည်။ တိုးတက်မှုသည် (MDGs) ရည်မှန်းချက်များကို ရရှိရေးအတွက် အလားအလာ ကောင်းမွန်လျက်ရှိသည်။ အထူးသဖြင့် အချိန်တိုအတွင်း အောင်မြင်မှုရရှိရေးကို အကောင်အထည်ဖော်ရာမှ ရရှိလာသော အကျိုးသက်ရောက်မှုများကြောင့် လွန်ခဲ့သော နှစ်နှစ်ခွဲကာလ အတွင်း ထူးခြားသောတိုးတက်မှုများရရှိခဲ့ပါသည်။ တိုးတက်မှုကို ရရှိနေစဉ် အတွင်းမှာပင် ထူးခြားသော စိန်ခေါ်မှုများလည်း ရှိနေပါသေးသည်။ ယင်းစိန်ခေါ်မှုများကို NCDP နှင့် ချိတ်ဆက်ထားသော ကဏ္ဍအလိုက် ပင်မစီမံကိန်းများနှင့် ထောင်စုနှစ်အလွန် ဖွံ့ဖြိုးမှု စီမံကိန်းများဖြင့် ကျော်လွှားသွားမည် ဖြစ်ပါသည်။

**၁။ အလွန်အမင်းဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုလုံးဝပပျောက်ရန်**

| | ၂၀၀၅ - ၂၀၁၀ |
|---|---|
| အလွန်အမင်းဆင်းရဲမှုကို ထက်ဝက် လျှော့ချရန် | ဆင်းရဲမှုနှုန်းကို ၃၂% မှ ၂၆% သို့လျှော့ချရန် |
| ငတ်မွတ်မှုကို ထက်ဝက်လျှော့ချရန် | အလုပ်အကိုင်နှင့် လူဦးရေအချိုး ၅၄.၃% မှ ၅၇.၁% တိုးမြှင့်ရန် |

**၂။ ကမ္ဘာအနှံ့ မူလတန်းပညာတတ်မြောက်ကြစေရန်**

| | ၂၀၀၅ - ၂၀၁၀ |
|---|---|
| နေရာအနှံ့ မူလတန်းပညာပြီးမြောက်ရေး (မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း၊ ကလေး ၁၀၀လျှင်) | စာတတ်မြောက်နှုန်း ၉၂% မှ ၉၆% ထိ |
| | မူလတန်းအသားတင်ကျောင်းဝင်နှုန်း ၈၈% နှင့် ပြီးမြောက်နှုန်း ၇၅% |

**၃။ ကျား၊မ တန်းတူညီမျှရေးအားမြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့်ရရှိစေရန်**

| | အခြေခံနှစ် | နောက်ဆုံးနှစ် | အာရှ |
|---|---|---|---|
| မူလတန်းကျောင်းဝင်နှုန်းတွင် မိန်းကလေးများ တန်းတူညီမျှရရှိရေး | ၁၉၉၀<br>၀.၉၄ | ၂၀၁၀<br>၁.၀၀ | ၂၀၁၁<br>၀.၉၉ |
| လုပ်လစာရသော အလုပ်တွင် အမျိုးသမီး များပါဝင်မှုရရှိရေး | ၁၉၉၀<br>၃၀.၇ | ၁၉၉၈<br>၃၀.၇ | ၂၀၁၁<br>၃၈.၆ |
| လွှတ်တော်တွင် အမျိုးသမီး ကိုယ်စားလှယ် များအချိုး | ၂၀၁၁<br>၄.၃ | ၂၀၁၃<br>၆.၀၀ | ၂၀၃၃<br>၁၈.၀၀ |

**၄။ ကလေးသေဆုံးမှု လျှော့ချရန်**

| | အခြေခံနှစ် | နောက်ဆုံးနှစ် | အာရှ |
|---|---|---|---|
| ၅နှစ်အောက်ကလေးသေဆုံးနှုန်းကို သုံးပုံ နှစ်ပုံအထိလျှော့ချရန် | ၁၉၉၀<br>၁၀၆.၄ | ၂၀၁၂<br>၅၂.၃ | ၂၀၁၂<br>၂၈ |

**၅။ သားဖွားမိခင် ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်**

| | အခြေခံနှစ် | နောက်ဆုံးနှစ် | အာရှ |
|---|---|---|---|
| သားဖွားမိခင်သေဆုံးနှုန်းလျှော့ချရန် (သားဖွားမိခင်သေဆုံးနှုန်း/ ကလေး ၁၀၀,၀၀၀) | ၁၉၉၀<br>၅၂၀ | ၂၀၁၀<br>၂၀၀ | ၂၀၁၁<br>၁၅၀ |
| ကမ္ဘာ့အနှံ့ မျိုးဆက်ပွားကျန်းမာရေးကို လက်လှမ်းမီစေရန် (သန္တာတားနည်းသုံးနှုန်း) | ၁၉၉၁<br>၁၆.၈ | ၂၀၁၀<br>၄၆.၀ | ၂၀၁၁<br>၆၂.၉ |
| ကမ္ဘာ့အနှံ့ မျိုးဆက်ပွားကျန်းမာရေးကို လက်လှမ်းမီစေရန် (မိသားစုစီမံချက်လိုအပ်မှု) | ၁၉၉၁<br>၂၀.၆ | ၂၀၁၀<br>၁၉.၀ | ၂၀၁၁<br>၁၂.၈ |

**၆။ HIV/AIDS၊ ငှက်ဖျားနှင့် အခြားရောဂါများကို တိုက်ဖျက်နှိမ်နင်းရန်**

| | အခြေခံနှစ် | နောက်ဆုံးနှစ် | အာရှ |
|---|---|---|---|
| HIV ရောဂါကူးစက်မှု ရပ်တန့်စေရန် (HIV infections / 100 people / an) | ၁၉၉၀<br>၅၂၀ | ၂၀၁၀<br>၂၀၀ | ၂၀၁၀<br>၁၅၀ |
| တီဘီရောဂါကူးစက်မှု ရပ်တန့်စေရန် (new cases / 100,000 pop) | ၁၉၉၁<br>၁၆.၈ | ၂၀၁၀<br>၄၆.၀ | ၂၀၁၀<br>၆၂.၉ |
| တီဘီရောဂါကူးစက်မှု ရပ်တန့်စေရန် (deaths / 100,000 pop) | ၁၉၉၁<br>၂၀.၆ | ၂၀၁၀<br>၁၉.၀ | ၂၀၁၀<br>၁၂.၈ |

**၇။ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုကို မုချသေချာစေရန်**

| | အခြေခံနှစ် | နောက်ဆုံးနှစ် | အာရှ |
|---|---|---|---|
| သစ်တောဆုံးရှုံးမှု ကာကွယ်ရန် (သစ်တောဖုံးလွှမ်းမှု %) | ၁၉၉၀<br>၅၉.၆ | ၂၀၁၀<br>၄၈.၃ | ၂၀၁၀<br>၄၉.၃ |
| သန့်ရှင်းသောသောက်သုံးရေမရရှိသည့် လူဦးရေအချိုးထက်ဝက်လျှော့ချရန် | ၁၉၉၁<br>၅၅.၆ | ၂၀၁၁<br>၈၄.၁ | ၂၀၁၁<br>၈၉.၀ |
| အခြေခံကျသည့်သန့်ရှင်းရေးစနစ်မရရှိ သည့်လူဦးရေအချိုးထက်ဝက်လျှော့ချရန် | ၁၉၉၁<br>၅၄.၅ | ၂၀၁၁<br>၇၇.၃ | ၂၀၁၁<br>၇၁.၀ |
| ဆင်းရဲသားရပ်ကွက်၌နေသူ၏ နေထိုင် မှုဘဝ သိသာစွာတိုးတက်စေရန် | ---<br>--- | ၂၀၀၅<br>၄၅.၆ | ၂၀၁၂<br>၃၀.၀ |

**၈။ ဖွံ့ဖြိုးမှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ပေါ်ပေါက်လာစေရန်**

| | အခြေခံနှစ် | နောက်ဆုံးနှစ် | အာရှ |
|---|---|---|---|
| အင်တာနက်သုံးစွဲမှု (လူ ၁၀၀ လျှင်) | ၁၉၉၀<br>၀.၀ | ၂၀၁၂<br>၁.၁ | ၂၀၁၁<br>၂၃.၆ |

ရင်းမြစ်၊
MDG ၁ နှင့် ၂ ထောင်စုနှစ်ဖွံ့ဖြိုးမှု အစီရင်ခံစာ (၂၀၁၃)
MDG ၃ မှ ၈ ထိ (mdgs.un.org/unsd/mdg)

ပုံ-၂-၂၄ မြန်မာနိုင်ငံ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များ အခြေအနေ

ပုံ(၂-၂၅) ဆောင်ရွက်ချက်များ၏ တိုးတက်မှုကို (MDGs) တွင်တွေ့မြင်နိုင်ပါသည်။ အရှေ့တောင်အာရှ ဒေသဆိုင်ရာကိန်းဂဏန်းများနှင့် နှိုင်းယှဉ်သောအခါ၊ ဒေသ အချို့တွင် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များမှာ မျှတမှုရှိပြီး အချို့နေရာများတွင် တိုးတက်ရန်လိုအပ်နေပါသေးသည်။


လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်များသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် မရှိမဖြစ်သော အချက်အလက်တစ်ခုဖြစ်ပါသည်။ ယင်းပြုပြင်ပြောင်းလဲမှုများသည် ဒီမိုကရေစီကို အဆင့်မြှင့်ရန် ရည်မှန်းချက်ထားရှိသော နယ်ပယ်၊ ငြိမ်းချမ်းရေးတိုးတက်လာအောင် ဆောင်ရွက်ရမည့် နယ်ပယ်များတွင် ၊ မူဝါဒအားလုံးကို ပိုမိုနိုင်မာလာအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ဆင်းရဲမှုလျှော့ချရေးအတွက် အစိုးရ၏ ဆောင်ရွက်ချက်များမှာ မညီမျှမှုကို လျှော့ချရေး၊ ဟန်ချက်ညီတိုးတက်ရေး၊ ပြည်သူ့ဗဟိုပြုတိုးတက်ရေးကို အဆင့်မြှင့်ခြင်းဖြင့် မြို့ပြကျေးလက်ဒေသများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းလာစေရေးတို့ ဖြစ်ပါသည်။

## ဆင်းရဲမှုနှင့် စီးပွားရေးချိန်ခွင်လျှာမညီမျှခြင်း

၂၁ ရာစုအတွင်း အာရှစီးပွားရေးတွင် စားနပ်ရိက္ခာဖူလုံရေးသည် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးအတွက် အခြေခံစိန်ခေါ်ချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရသည် ဆင်းရဲမှုနှင့် ပတ်သက်၍ ကျေးလက် နှင့် မြို့ပြဒေသများအကြား ကြီးမားသော ကွာဟချက်ကို ဖြေရှင်းရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာဖြင့်ချိတ်ဆက် ဆောင်ရွက်သည့်အပြင် အခြေခံဝန်ဆောင်မှုများဖြစ်သည့် (၁) လူမှုရေးဝန်ဆောင်မှုများ (ကျန်းမာရေး၊ ပညာရေး) (၂) အခြေခံအဆောက်အအုံ (၃) ဆက်သွယ်ရေး (၄) လျှပ်စစ်ဓာတ်အားရရှိရေးနှင့် (၅) သတင်းအချက်အလက် ရရှိမှုတို့ကို လည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အိမ်ထောင်စုစားဝတ်နေရေးဘက်စုံလေ့လာမှုစစ်တမ်း (၂၀၁၀) မှ ရရှိသော ကိန်းဂဏန်း စာရင်းအင်းများအရ မြန်မာနိုင်ငံ လူဦးရေ၏ ၂၅% မှာ ဆင်းရဲမှု အောက်တွင် ရှိနေပြီး ကျေးလက်ဒေသ ဆင်းရဲမှု နှုန်းသည် ၈၄% ဖြစ်သည်။ ဆင်းရဲမှုသည် ကျေးလက် ဒေသတွင် မြင့်မားလျက်ရှိပြီး မြို့ပြဆင်းရဲမှု နှုန်းသည် (၁၅%)ဖြစ်၍ ကျေးလက်တွင် နှစ်ဆနီးပါး (၂၉%) ဖြင့်ပိုမိုမြင့်မားလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေသည် ၂၀၁၁-၂၀၁၂ တွင် ၆၀.၃၈၄ သန်းရှိပြီး စုစုပေါင်း လူဦးရေ၏ ၇၀% မှာ ကျေးလက်တွင်နေထိုင်လျက်ရှိကြသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးတွင် တွေ့ရှိရသောဆင်းရဲမှု၏ ၂၅% မှာ ကျေးလက်တွင် ကျယ်ပြန့်စွာတွေ့ရှိနေရမှုကိုဖော်ပြပါသည်။အိမ်ထောင်စုစားဝတ်နေရေးဘက်စုံလေ့လာမှုစစ်တမ်း တွေ့ရှိချက်အရ လူဦးရေ၏ အဆင်းရဲဆုံး ၃၀%၏ အခြေခံ စားသုံးမှုသည် တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား၊ ကျေးလက်နှင့် မြို့ပြ အကြားကွာဟချက်များကိုလည်း တင်ပြထားပါသည်။ ဥပမာအားဖြင့် ဆင်းရဲနွမ်းပါးမှုကို ချင်းပြည်နယ်တွင် အမြင့်ဆုံးတွေ့ရပြီး လူဦးရေ(၄)ပုံ (၃) ပုံမှာ ဆင်းရဲကြပါသည်။ ကချင်ပြည်နယ်တွင် အနိမ့်ဆုံးဖြစ်၍ (၁၀)ယောက်လျှင် (၁) ယောက် ဆင်းရဲကြပါသည်။





ပုံ-၂-၂၅ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲမှုနှုန်း၊ ဇာစ်မြစ်၊ IHLCA (၂၀၁၀)

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူဦးရေအရွယ်အစားအလိုက် ဆင်းရဲမှု နှုန်းထားနှင့် ဦးစားပေးဒေသအလိုက် ရင်းနှီးမြှုပ်နှံရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအတွင်း ခန့်မှန်းလူဦးရေစာရင်းမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခြားနားလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် ၈,၇၃၂,၀၀၀ ရှိပြီး အမြင့်ဆုံးဖြစ်လျက်၊ ကယားပြည်နယ်တွင် ၁၄၇,၅၀၀ဦး ရှိပါသည်။ ပြန့်ကြဲနေသောလူဦးရေကို ထည့်သွင်းစဉ်းစားလျက် နိုင်ငံတော် အစိုးရမှ ချမှတ်ထားသော ဆင်းရဲမှုလျှော့ချရေးမူဝါဒနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းများကို ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဤကဲ့သို့လေ့လာဆန်းစစ်ထားချက်ပေါ်မူတည်၍ မြို့ပြဆင်းရဲမှုသည် ပြည်နယ်အလိုက် ဆင်းရဲမှုကို မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို ကျယ်ပြန့်သော ကိန်းဂဏန်းစာရင်းအင်းများပေါ် မူတည်ကာ တွက်ချက်တင်ပြထားပါသည်။ ထိုအချက်များအရ ဧရာဝတီ၊ မန္တလေး၊ ရှမ်း၊ ရခိုင် ကဲ့သို့သော အဓိကနေရာများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို အထူးအလေးထား လုပ်ဆောင်ပေးသင့်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီ၏ ဆင်းရဲမှုများသည် နိုင်ငံ၏ဆင်းရဲမှုနှင့် ချိတ်ဆက်နေခြင်းမှာ လူဦးရေ ကွာခြားချက်ကြီးမားခြင်းကြောင့်ဖြစ်ပါသည်။

အိမ်ထောင်စုစားဝတ်နေရေးဘက်စုံလေ့လာမှုစစ်တမ်း ၂၀၁၀ ခုနှစ် စာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ခန့်မှန်းခြေလူဦးရေ ကွဲပြားခြားနားမှုမှာ ကယားပြည်နယ်တွင် ၁၄၇,၅၀၀ ဦး ရှိပြီး ၊ ဧရာဝတီ တိုင်းဒေသကြီးတွင် ၇၃၂၀၀၀ ဦး ရှိနေပါသည်။




ပုံ-၂-၂၆ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲမှုနှုန်း၊ ဇာစ်မြစ်၊ IHLCA (၂၀၁၀)

မြန်မာနိုင်ငံ NCDP











အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၀)
နေပြည်တော် (၂၀၁၄)



# ၄

# အပြောင်းအလဲများ ကြားမှမြန်မာ

ကမ္ဘာ့စီးပွားရေးအခြေအနေသည် ဆယ်စုနှစ်များအတွင်း စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးခြင်းနှင့် မတည်ငြိမ်မှုများ ပေါ်ပေါက်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်ကမ္ဘာ့စီးပွားရေးအကြပ်အတည်း မပေါ်ပေါက်မီ စီးပွားရေးအခြေအနေသည် စဉ်ဆက်မပြတ် အားကောင်းလာခဲ့ပါသည်။

ထိုကဲ့သို့ သာဓကရှိခဲ့သော ကမ္ဘာ့အခြေအနေသည် နောက်လာမည့်နှစ်များအတွင်း တဖန်ပြန်လည်ဖြစ်ထွန်းလာနိုင်ဖွယ်မရှိကြောင်း ခန့်မှန်းရပါသည်။




| | |
|---|---|
| ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပေါ်နေသောအပြောင်းအလဲများကြားမှ မြန်မာ | ၃-၁ |
| ချိတ်ဆက်ခြင်း၊ ကမ္ဘာ့စီးပွားရေးမြင်ကွင်း | ၃-၂ |
| ချိတ်ဆက်ခြင်း၊ အာရှဒေသများ | ၃-၄ |
| အာရှစီးပွားရေးအသိုက်အဝန်း | ၃-၉ |
| ခိုင်မာအားကောင်းလာသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ | ၃-၁၁ |
| ခိုင်မာအားကောင်းလာသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများနှင့် တောင်အာရှဒေသ ချိတ်ဆက်မှု | ၃-၁၁ |
| အရှေ့တောင်အာရှနှင့် ချိတ်ဆက်မှု | ၃-၁၂ |
| နိဂုံး | ၃-၁၃ |

# ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများကြားမှမြန်မာ

ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံတကာ စီးပွားရေးဝန်းကျင်သည် မြန်မာနိုင်ငံ၏ ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် သိသာထင်ရှားသည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဖော်ပြနေပါသည်။ ကမ္ဘာလုံးဆိုင်ရာ မသေချာမှု၊ မတည်ငြိမ်မှုနှင့်ပြောင်းလဲမှုတို့ ဖြစ်ပေါ်နေချိန်တွင် မြန်မာနိုင်ငံသည် အဓိကကျသည့်စီးပွားရေးအသွင်ကူးပြောင်းခြင်းကိုစတင်ဆောင်ရွက်လျက်ရှိပါသည်။ ကာလလတ် နှင့် ကာလရှည်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအလားအလာမှာ မရေမရာ ဖြစ်နေပြီး၊ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေး အကြပ်အတည်းကို ပြန်လည်ထင်ဟပ်စေသည့် စီးပွားရေးပုံသဏ္ဍာန် မညီမျှခြင်း၊ ထိခိုက်ပျက်စီးလွယ်ခြင်းများ ဆက်လက်ဖြစ်ပေါ်နေရာ ယခုအချိန်အထိ မဖြေရှင်းနိုင်သေးသည့် ကိစ္စရပ်များရှိနေပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်က ယူရိုဇုန်အက်စ်၊ အီးယူနှင့် ဂျပန်ဈေးကွက် များသည် အာရှဒေသ၏ ရေရှည်စီးပွားရေးတိုးတက်မှု၊ ဖွံ့ဖြိုးမှုနှင့် စီးပွားရေး ပုံသဏ္ဍာန်ပြောင်းလဲမှုတို့အတွက် မောင်းနှင်အားများ ဖြစ်ခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုသည် ကျဆင်းလာသော တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်အတူ နှေးကွေးသော၊ မရေရာသော တိုးတက်မှုကို ဆက်လက် ရင်ဆိုင်နေပြီး ပို၍မသေချာသော ကမ္ဘာ့ကုန်သွယ်မှုနှင့် ဘဏ္ဍာရေး အခြေအနေများသည် အာရှ ထွန်းသစ်နိုင်ငံများအပေါ် သိသာစွာ သက်ရောက်ခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဇယား (၃-၁) တွင် ဖော်ပြထားပါသည်။

| | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄* | ၂၀၁၅* |
|---|---|---|---|---|---|---|---|
| ကမ္ဘာ့စီးပွားရေး | -၀.၇ | ၅.၁ | ၃.၉ | ၃.၂ | ၃.၀ | ၃.၆ | ၃.၉ |
| အမေရိကန် | -၃.၁ | ၂.၄ | ၁.၈ | ၂.၈ | ၁.၉ | ၂.၈ | ၃.၀ |
| အီးယူ | -၄.၄ | ၂.၀ | ၁.၅ | -၀.၇ | -၀.၅ | ၁.၂ | ၁.၅ |
| ဂျပန် | -၅.၅ | ၄.၅ | -၀.၆ | ၁.၄ | ၁.၅ | ၁.၄ | ၁.၀ |
| ဖွံ့ဖြိုးပြီးအာရှ | ၇.၀ | ၉.၅ | ၇.၈ | ၆.၇ | ၆.၅ | ၆.၇ | ၆.၈ |
| တရုတ် | ၉.၂ | ၁၀.၄ | ၉.၃ | ၇.၇ | ၇.၇ | ၇.၅ | ၇.၃ |
| အိန္ဒိယ | ၅.၉ | ၁၀.၁ | ၆.၃ | ၄.၇ | ၄.၄ | ၅.၄ | ၆.၄ |
| အာဆီယံ ၅ | ၁.၇ | ၇.၀ | ၄.၅ | ၆.၂ | ၅.၂ | ၄.၉ | ၅.၄ |

* ခန့်မှန်း

ဇယား-၃-၁ ကမ္ဘာ့တိုးတက်မှုနှုန်း , ဇာစ်မြစ်၊ IMF World Economic Outlook April 2014, Table 1.1, p.2

ဤမရေရာသော နိုင်ငံတကာ စီးပွားရေးဝန်းကျင်တွင် ကမ္ဘာ့စီးပွားရေး ရေရှည် ဖွံ့ဖြိုးမှုသည် ပြောင်းလဲနေပြီး မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မဟာဗျူဟာမြောက်အနေအထားတွင် ရှိနေပါသည်။ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ကမ္ဘာ့စီးပွားရေး တိုးတက်မှုသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ သိသာစွာရွေ့လျား လာခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေး ပြောင်းလဲလာသော ပုံသဏ္ဍာန်သစ်အရ အာဆီယံ၊ တရုတ်၊ အိန္ဒိယ (ACI) စီးပွားရေးသည် ဒေသဆိုင်ရာ စီးပွားရေး ဈေးကွက်များအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် တိုးတက်လာစေမည့် တွန်းအားပေးနေသောဖွံ့ဖြိုးမှု မောင်းနှင်အားများ ဖြစ်ပါသည်။ ရေရှည်တွင် တိုးပွားလာမည့် လူဦးရေ၊ မြင့်မားလာသည့် ဝင်ငွေတို့နှင့်အတူ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့စားသုံးသူ အသုံးစရိတ် ရှယ်ယာ ၏ ၄၀ % သည် အာရှဒေသမှဖြစ်ပြီး အထူးသဖြင့် ACI နိုင်ငံများမှဖြစ်ပါသည်။ ဤသို့ ဖြစ်လာရန် အတွက် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာမှ အရှိန်အဟုန်ပြင်းစွာဖြင့် ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကို အချိန်နှင့်တပြေးညီ ရွေ့လျားနိုင်ရန် လိုအပ်ပါသည်။ ထိုအပြောင်း အလဲများသည် မြန်မာနိုင်ငံ၏ ကာလရှည် တိုးတက်မှုနှင့် စီးပွားရေး ပုံသဏ္ဍာန် ပြောင်းလဲမှုအတွက် တစ်မူထူးခြားသော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဖော်ပြနေပါသည်။

# ခြုံငုံသုံးသပ်ချက်။ ကမ္ဘာ့စီးပွားရေး မြင်ကွင်း

၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၀ပြည့်နှစ်ကြားတွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ အခြေခံဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် EU ကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကြီးမားသော ကုန်သွယ်မှုနှင့် နိုင်ငံခြားငွေအရအသုံးစာရင်း မညီမျှမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ အမေရိကန် ပြည်ထောင်စုတွင် နိုင်ငံခြားငွေအရအသုံးစာရင်း လိုငွေပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေါ်လာအရန်ငွေကြေးများစွာ ကိုင်ဆောင်ထားသည့် နိုင်ငံခြားဗဟိုဘဏ်များမှ ဘဏ္ဍာငွေ ဖြည့်တင်းခဲ့ရပါသည်။ သို့သော် အရှေ့နှင့် အရှေ့တောင်အာရှနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံသည် နိုင်ငံခြားငွေအရအသုံးစာရင်း ပိုငွေများနှင့် ဒေါ်လာအရံငွေကြေး ပမာဏ ကြီးမားစွာ စုဆောင်းနိုင်ခဲ့ပါသည်။

ကြွေးမြီကိုအဓိကထားပြီး စီးပွားရေးဖွံ့ဖြိုးသည့်နိုင်ငံများ (တရုတ်၊ ဂျာမဏီ၊ ဂျပန်၊ အရှေ့ အာရှနှင့် အရှေ့တောင်အာရှ)တို့သည် အာရှပို့ကုန် ဈေးကွက်ဖန်တီးပေးခဲ့ပြီး ကုန်သွယ်မှုပိုငွေပြ နိုင်ငံများအတွက် ကုန်သွယ်မှု စီးဝင်စေခဲ့ပါသည်။ ဤဖြစ်စဉ်တွင် US နှင့် EU တို့၏ ဘဏ္ဍာရေးကို ထိခိုက်သွားစေပါသည်။ အကျိုးဆက်အနေဖြင့် စစ်ပြီးခေတ်နောက်ပိုင်း ဖြစ်ပွားခဲ့သည့် ၂၀၀၈ ခုနှစ် စီးပွားရေးအကျပ်အတည်းသည် ယနေ့တိုင် ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။

၂၀၀၈ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသည် နိုင်ငံတကာဆိုင်ရာ ကုန်သွယ်မှု မညီမျှမှုတွင် အခြေခံစိန်ခေါ်မှုများကို မဖြေရှင်းနိုင်ခဲ့ပေ။ ဥပမာအားဖြင့် ဖွံ့ဖြိုးဆဲအာရှနိုင်ငံများ၏ ကုန်သွယ်မှု ပိုငွေသည် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၁၃၀ ဘီလီယံထိ ကျဆင်းသွားခဲ့ပါသည်။ တရုတ်နိုင်ငံ ၏ ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ ၃၅၀ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၂၁၀ ဘီလီယံသို့ ကျဆင်းသွားခဲ့ပြီး ၂၀၀၇ခုနှစ်ရှိ ဂျီဒီပီသည် ၁၀% မှ ၂၀၁၂ခုနှစ်တွင် ၂.၆% သို့ကျဆင်းသွားခဲ့သည်။ တချိန်တည်းမှာပင် အမေ ရိကန်နိုင်ငံ၏ နိုင်ငံခြားငွေအရအသုံးစာရင်း လိုငွေသည် ၂၀၁၂ ခုနှစ် အကုန်တွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံထိကျဆင်းသွားခဲ့ပါသည် (IMF)။ သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ ကြီးမားသော မညီမျှမှုသည် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ ယင်းအခြေအနေက ကမ္ဘာ့စီးပွားရေး ရေရှည် တိုးတက်မှုကို မရေရာမှု အနေအထားသို့ ထပ်မံတွန်းပို့ပေးလျက်ရှိပါသည်။ ယင်းဖြစ်ရပ်တွင် တရုတ်၊ ဂျာမဏီတို့သည် ကုန်သွယ်ရေးပိုငွေဖြင့် ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်လျက် အမေရိကန်နှင့် အချို့သော အီးယူနိုင်ငံများသည် လိုငွေပြလျက်ရှိပါသည်။


ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုနှင့် သုံးစွဲမှုများသည် ကမ္ဘာ့ကုန်သွယ်မှုဖြစ်စဉ်တွင် သဟဇာတဖြစ်ရန်လိုအပ်လျက်ရှိပါသည်။ ဤလိုအပ်ချက်တွင် ကမ္ဘာ့စီးပွားရေးအရ ကုန်သွယ်ရေးပိုငွေနိုင်ငံများ (တရုတ်၊ ဂျာမနီ) နှင့် လိုငွေပြနိုင်ငံများ (US နှင့် အချို့သော အီးယူ) နိုင်ငံများ သဟဇာတ ဖြစ်ရေးပြန်လည်ဆောင်ရွက်ပေးရန် အဓိကလိုအပ်မည်။ ကမ္ဘာ့ကုန်သွယ်ရေးမျှတလာရန် ဆောင်ရွက်ပေးမှုတွင် ဖွံ့ဖြိုးပြီးစီးပွားရေးကို ငွေကြေးအရ ခိုင်မာအောင် ဆောင်ရွက် ပေးမှုနှင့် အကန့်အသတ်ဖြစ်နေသော ပုဂ္ဂလိကကဏ္ဍသုံးငွေများ ပါဝင်လာစေရေးကို ဆောင်ရွက်ပေးရန် လိုသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများ (ဂျီ-၃) သည် ယခင်ကကဲ့သို့ အာရှထွန်းသစ်စနိုင်ငံများသို့ စီးပွားရေးဈေးကွက် တိုးချဲ့သည့် နေရာအဖြစ် ဖန်တီးပေးနိုင်မည် မဟုတ်ပေ။ အရင်းအနှီးစီးဝင်မှုသည်လည်း အလားတူ အခြေအနေပင်ဖြစ်ပါသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသည် ထွန်းသစ်စဈေးကွက်များတွင် လုံခြုံ၍ ပြန်လည် စီးဆင်းမှုရှိသော အရင်းအနှီးစီးဆင်းမှုဖြစ်စေရေးကို အစပျိုး ဦးတည်စေခဲ့ပြီး ကြွေးမြီကျုံ့ခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။

ဤကဲ့သို့ဖြစ်ရခြင်းမှာ ကမ္ဘာလုံးဆိုင်ရာ စွန့်စားရမှုအန္တရာယ်ကင်းဝေးလိုမှု မြင့်မားလာခြင်း၊ ပိုမိုလုံခြုံမှုရှိသည့် ပိုင်ဆိုင်မှုများကို နှစ်သက်လာခြင်းနှင့် နိုင်ငံတကာဘဏ်များတွင် ချေးငှားမှု လျော့ကျလာခြင်းတို့ကြောင့်ဖြစ်ပါသည်။ အီးယူနိုင်ငံများမှ ထွန်းသစ်စနိုင်ငံဈေးကွက်များသို့ ပုဂ္ဂလိက အရင်းအနှီး စီးဆင်းမှု သိသာစွာ လျော့နည်း လာခဲ့ပြီး ၂၀၀၄ခုနှစ်မှ ၂၀၀၇ ခုနှစ် အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀၀ ရှိရာမှ ၂၀၀၈ ခုနှစ် မှ ၂၀၁၁ ခုနှစ် တွင် အမေရိကန် ဒေါ်လာဘီလီယံ ၃၀၀ ထိ ကျဆင်းသွားခဲ့ပါသည်။ ၄င်းမှာ အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံ ကျဆင်းမှုနှုန်းထက် မြင့်မားလာခဲ့ပါသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသည် စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်စေပြီး ကုန်ဈေးနှုန်းများ (အထူးသဖြင့် အရင်းအမြစ်များ၏ ဈေးနှုန်း) မတည်ငြိမ်မှုကို ဖြစ်ပေါ်စေပါသည်။ တစ်စိတ်တစ်ဒေသအားဖြင့် ဤဖြစ်ရပ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုနှုန်း နှေးကွေးလာပြီး ၎င်းနှင့် ဆက်စပ်နေသော ကုန်သွယ်ရေး ကျဆင်းသွားခဲ့ပါသည်။ အထူးသဖြင့် အရင်းအမြစ်များရရှိရာ အဓိက ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံတွင် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု လျော့ကျလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မကြာသေးမီနှစ်များက ရုတ်တရက် ကုန်ဈေးနှုန်း မြင့်တက်မှုနှင့် ရှည်ကြာနေသည့် ဈေးနှုန်းကြီးမြင့်မှုတို့သည် အနာဂတ်အတွက် အလားအလာကောင်းတစ်ရပ် မဖြစ်နိုင်ပေ။ ကာလလတ်နှင့် ကာလရှည် ကုန်ဈေးနှုန်း မျှော်မှန်းချက်သည်လည်း ရေရာမှုမရှိနိုင်ပါ။

၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေး အကျပ်အတည်း နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းသည် ဆက်လက်နှေးကွေးနေဆဲ ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများ (US, EU နှင့် ဂျပန်) တို့၏ စီးပွားရေးတိုးတက်မှုနှုန်းသည်လည်း နှေးကွေးမည်ဟု မျှော်လင့်ထားပြီးဖြစ်ပါသည်။ သို့ရာတွင် အာရှ၏ ထွန်းသစ်စ စီးပွားရေးအဆောက်အအုံ၏ တိုးတက်မှု နှေးကွေးနေဦးမည်ဟု မျှော်လင့်မထားပါ။




ပုံ-၃-၁

စုစုပေါင်း ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု၊ ဇာစ်မြစ်၊ Ollivaud Patrice and Cyrille Schwellnus,OECD

## ချိုင့်သုံးသပ်ခြင်း (အာရှဒေသများ)


မကြာသေးခင် ဆယ်စုနှစ်များအတွင်း၊ အာရှထွန်းသစ်စနိုင်ငံများသည် တိုးတက်မှုနှင့် ဖွံ့ဖြိုးမှု အထင်အရှား ရရှိခဲ့ပြီးဖြစ်ပါသည်။(ဇယား၃-၂)။ ထိုကာလအတွင်းသိသာထင်ရှားသည့် ကမ္ဘာ့စီးပွားရေး ပြောင်းလဲမှုတစ်ခုမှာ စီးပွားရေးဝန်းကျင် စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်စေခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များ တည်ထောင်ခဲ့ခြင်းသည် အာရှဒေသ၏ ကမ္ဘာ့စီးပွားရေးသို့ ပေါင်းစည်းဆောင်ရွက်နိုင်မှုပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဖြစ်သော ထိုင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် အာရှဒေသ၏ ကမ္ဘာ့စီးပွားရေးသို့ ချိတ်ဆက်ဆောင်ရွက်မှု ဖြစ်စဉ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မှု အားကောင်းစေခြင်းဖြင့် ကမ္ဘာ့စီးပွားရေးသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အတွက် ဖွံ့ဖြိုးပြီးဖြစ်သည့် အဆိုပါ အာရှထုတ်လုပ်မှု ကွန်ယက်တွင် ဆက်သွယ်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းမျိုးစုံ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အထည်ချုပ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းနှင့် မော်တော်ကားအပိုပစ္စည်း ထုတ်လုပ်မှုစသည့် တန်ဖိုးကွင်းဆက်တွင် ချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးပုံသဏ္ဌာန် ကူးပြောင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်သွယ်ရာ လမ်းဆုံအဖြစ် ပါဝင်နိုင်မည် ဖြစ်ပါသည်။

| | ၁၉၉၂ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၅ | ၂၀၁၀ |
|---|---|---|---|---|---|
| ဖွံ့ဖြိုးပြီးနိုင်ငံများ၏စီးပွားရေးများ | ၆၂.၁ | ၆၀.၆ | ၅၉.၁ | ၅၄.၈ | ၄၈.၂ |
| ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး (ဂျီ ၃) | ၃၈.၀ | ၃၇.၃ | ၃၆.၃ | ၃၃.၄ | ၂၉.၂ |
| အမေရိကန် | ၂၂.၈ | ၂၂.၉ | ၂၃.၅ | ၂၂.၂ | ၁၉.၄ |
| ဂျပန် | ၉.၄ | ၈.၉ | ၇.၇ | ၆.၈ | ၅.၉ |
| ဂျာမနီ | ၅.၉ | ၅.၆ | ၅.၁ | 4.4 | 4.0 |
| အခြား (ဂျီ ၇) နိုင်ငံများ၏ စီးပွားရေး | ၁၃.၃ | ၁၃.၀ | ၁၂.၆ | ၁၁.၆ | ၁၀.၀ |
| အခြားဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး | ၉.၈ | ၁၀.၃ | ၁၀.၃ | ၉.၈ | ၈.၉ |
| ဖွံ့ဖြိုးဆဲအာရှနိုင်ငံများ | ၁၄.၄ | ၁၆.၉ | ၁၈.၈ | ၂၂.၂ | ၂၈.၀ |
| အာရှနိုင်ငံများ * | ၂.၈ | ၃.၁ | ၃.၃ | ၃.၄ | ၃.၅ |
| အာဆီယံ | ၃.၃ | ၃.၈ | ၃.၆ | ၃.၉ | ၄.၂ |
| အာဆီယံ+၆ | ၃.၀ | ၃.၅ | ၃.၂ | ၃.၄ | ၃.၇ |
| တရုတ် | ၄.၃ | ၅.၇ | ၇.၁ | ၉.၄ | ၁၃.၆ |
| အိန္ဒိယ | ၃.၀ | ၃.၃ | ၃.၇ | ၄.၃ | ၅.၄ |
| အခြားဖွံ့ဖြိုးဆဲ အာရှနိုင်ငံများ | ၁.၀ | ၁.၀ | ၁.၁ | ၁.၂ | ၁.၃ |
| တတိယကမ္ဘာ့နိုင်ငံများ | ၂၄.၅ | ၂၂.၅ | ၂၂.၁ | ၂၃.၁ | ၂၃.၉ |
| အလယ်ပိုင်းနှင့် အရှေ့ပိုင်း ဥရောပနိုင်ငံများ | ၃.၁ | ၃.၂ | ၃.၃ | ၃.၅ | ၃.၄ |
| ယခင်ဆိုဗီယက်နိုင်ငံများ | ၅.၉ | ၄.၀ | ၃.၆ | ၄.၁ | ၄.၃ |
| ရုရှား | ၄.၂ | ၂.၉ | ၂.၆ | ၃.၀ | ၃.၀ |
| လက်တင်အမေရိကနှင့် အာရေဘီယံ | ၉.၁ | ၉.၂ | ၈.၉ | ၈.၄ | ၈.၆ |
| ဘရာဇီး | ၃.၀ | ၃.၂ | ၂.၉ | ၂.၈ | ၂.၉ |
| အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက | ၄.၃ | ၄.၂ | ၄.၃ | ၄.၈ | ၅.၁ |
| ဆာဟာရစ္စ အာဖရိကနိုင်ငံများ | ၂.၁ | ၂.၀ | ၂.၀ | ၂.၂ | ၂.၅ |

*ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်္ကာပူ

ဇယား-၃-၂ ကမ္ဘာ့ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်း၊ ဇာစ်မြစ် MCDV

ရေရှည်တွင် ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်များ ကျယ်ပြန့်လာသည်နှင့်အမျှ အာရှထွန်းသစ်စနိုင်ငံများ အထူးသဖြင့် အာဆီယံ၊ တရုတ်နှင့် အိန္ဒိယတို့၏ အခန်းကဏ္ဍသည် ပို၍ အရေးပါလာပါသည်။ ကမ္ဘာ့စီးပွားရေး နှေးကွေးလာသည့် ယနေ့အချိန်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ စီးပွားရေးပြန်လည်ဦးမော့လာရန် နှောင့်နှေးနေဦးမည်ဖြစ်ပါသည်။ ကမ္ဘာ့ထုတ်လုပ်မှုနှင့် ကမ္ဘာ့ ဂျီဒီပီတွင် အာရှဒေသ၏ စုစုပေါင်း ပါဝင်တိုးပွားလာမှုနှင့်အတူ အာရှဒေသ၏ စီးပွားရေးသည် အရေးပါလာပြီး အာရှဒေသပြင်ပရှိ အမေရိကန်ပြည်ထောင်စုနှင့် အီးယူနိုင်ငံများ၏ စားသုံးသူ ဈေးကွက်သည်လည်း ဒေသတိုးတက်မှုအတွက်များစွာ တွန်းအားပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဒေသတွင်း ကုန်သွယ်မှုတိုးချဲ့ခြင်းသည် အာရှဒေသစီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ၁၉၉၇-၁၉၉၈ အာရှစီးပွားရေးအကြပ်အတည်းသည် ဒေသတွင်း လုပ်ငန်းများ၏ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် ချိတ်ဆက် ဆောင်ရွက်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ ဤဖြစ်ရပ်တွင် အာရှနိုင်ငံများ၏ ထုတ်လုပ်မှုအခြေခံ အုတ်မြစ်ဖြစ်သည့် ဒေသတွင်း ကုန်သွယ်မှုကိုချဲ့ထွင်ရန် လိုအပ်ပါသည်။




ပုံ-၃-၂ အရှေ့အာရှ ပို့ကုန်နိုင်ငံများ၊ ဇာစ်မြစ်၊ Kim, Soyoung, Jong-Wha Lee and Cyn-Young Park; ADB

အရှေ့အာရှ၏ စက်မှုထုတ်ကုန်တင်ပို့မှု ရှယ်ယာအများစုမှာ ဒေသတွင်း ပြင်ပရှိ စီးပွားရေး ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် EU နိုင်ငံသို့ တင်ပို့ခြင်း ဖြစ်ပါသည်။ (ပုံ-၄) အာဆီယံ၊ တရုတ်၊ အိန္ဒိယစသည့် ACI ဒေသ တိုးတက်မှုနှုန်းသည် ကမ္ဘာ့တိုးတက်မှုနှုန်းထက် ဆက်လက်မြင့်မားနေဆဲဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ကုန်ထွက်များသည် ဒေသတွင်းနှင့် ပြည်တွင်းဝယ်လိုအားအပေါ် မူတည်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ACI ဈေးကွက်နှင့် စားသုံးသူ လက္ခဏာရပ်များသည် အနာဂတ်တွင် ပြောင်းလဲမှုမရှိဘဲတည်ရှိနေမည်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ နှင့် စားသုံးမှုပုံစံ ကွာခြားနေမည်ဖြစ်ပါသည်။ ထို့အတွက် စီးပွားရေးလုပ်ငန်းပုံစံများ ထိန်းညှိရန် လိုအပ်မည်ဖြစ်ပါသည်။

ကမ္ဘာ့စီးပွားရေးတွင် ဒေသ၏ ပါဝင်မှု အထူးသဖြင့် ACI ၏ ပါဝင်မှုသည် သိသာစွာ တိုးမြင့်လာခဲ့သော်လည်း တစ်ဦးကျ သုံးစွဲနိုင်သော ဝင်ငွေအရ ACI သည် အရေးကြီးသည့် ဈေးကွက်တစ်ခု မဖြစ်နိုင်တော့ပေ။ ကာလလတ်နှင့် ကာလရှည်အထိ ယင်းသို့ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်ပါသည်။ (ဇယား ၃-၃) အဆိုပါဈေးကွက်များအတွင်း အချိန်နှင့်အမျှ ဝင်ငွေတိုးတက်ရရှိမည် ဖြစ်ပြီး ဝင်ငွေအလယ်အလတ်အဆင့် စားသုံးသူများ (နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀၀၀ မှ ၁၅၀၀၀) တိုးပွားလာမည်ဖြစ်သဖြင့် ရေရှည်တည်တံ့သည့် စုစုပေါင်း ဝယ်နိုင်စွမ်းအား ရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေရှည်တွင် အာရှနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုသည် ပြည်တွင်း ဈေးကွက်ရောင်းလိုအားများ တိုးပွားလာစေပြီး ဖွံ့ဖြိုးပြီး နိုင်ငံများ၏ စားသုံးသူဈေးကွက်ကိုလည်း ပံ့ပိုးလာနိုင်မည်ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်တွင် ACI ၏ ဝင်ငွေသည် ကမ္ဘာ့ဝင်ငွေ၏ ၁၅.၈ % ရှိခဲ့ပါသည်။ (ညှိနှိုင်းတွက်ချက်ထားသည့် ငွေလဲနှုန်းအခြေခံ၍ တွက်ချက်ထားပါက ၃၀.၆% ဖြစ်သည်။) ၂၀၁၀ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်ဦးကျဝင်ငွေသည် ၁၉၅၀ ခုနှစ် အစောပိုင်းကာလများက ဂျပန်နိုင်ငံ ရရှိခဲ့သည့်နှုန်းဖြစ်နေပြီး အိန္ဒိယနိုင်ငံသည် ထက်ဝက်ခန့်သာ ရှိနေခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ကိုရီးယား (အမေရိကန်ပြည်ထောင်စု၏ တစ်ဦးကျဝင်ငွေ အဆင့်၏ ၅၂.၂%) နှင့် ထိုင်ဝမ် (အမေရိကန်ပြည်ထောင်စု၏ ၅၇.၉%) တို့သည် ၁၉၅၀ ခုနှစ်များက အီးယူနိုင်ငံများ ရရှိခဲ့သည့်နှုန်းခန့်သာရှိနေခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ၂၀၁၀ ခုနှစ် တွင် ရှိခဲ့သည့် တစ်ဦးကျဝင်ငွေ (ဝယ်နိုင်စွမ်းအားနှိုင်းယှဉ်ချက် (PPP) အခြေခံဖြင့်)သည် အမေရိကန်ပြည်ထောင်စု၏ ၂၃.၉ % နှင့် ၁၀.၈% အသီးသီးရှိခဲ့ပါသည်။ ခန့်မှန်းခြေအားဖြင့် ၁၉၅၀ ခုနှစ် အစောပိုင်းကာလများတွင် ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် နှိုင်းယှဉ်ချက် တူညီပါသည်။ ဖွံ့ဖြိုးဆဲအာရှနိုင်ငံများတွင် အလျှင်အမြန် တိုးတက်မှု ရရှိနေသော်လည်း အထက်ဖော်ပြပါ တစ်ဦးကျဝင်ငွေ ကွာခြားချက်ကြီးမားမှုသည် ဆက်လက် ဖြစ်ပေါ်နေမည် ဖြစ်ပါသည်။ ဝင်ငွေအလယ်အလတ်အပိုင်းအခြား၏ အောက်ခြေအဆင့်တွင် ဝင်ငွေတိုးတက်မည်ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် အာရှဒေသ၏ တစ်နှစ်ပျမ်းမျှ သုံးစွဲနိုင်သော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၀၀၀ ထက် မကျော်သော ပမာဏခန့် ရရှိမည်ဟု ခန့်မှန်းထားပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အမေရိကန် ဒေါ်လာ ၄၀၀၀၀ ရှိမည်ဟု ခန့်မှန်းထားပါသည်။ တရုတ်နိုင်ငံ တွင် တစ်ဦးကျစားသုံးသူအသုံး စရိတ်သည် ၂၀၁၂ ဈေးနှုန်းအရ ဒေါ်လာ ၃၈၂၂ ခန့်ရှိမည် ဖြစ်သည်။ ၂၀၅၀ ခုနှစ်တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ တစ်ဦးကျဝင်ငွေသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ တစ်ဝက်ခန့်ရှိပြီး အိန္ဒိယနှင့် အင်ဒိုနီးရှားတို့သည် လေးပုံတစ်ပုံခန့် ရှိမည်ဖြစ်သည် (အိုအီးစီဒီ ၂၀၁၂)။ ထို့ကြောင့် ACI နိုင်ငံများ၏ အရေးပါမှုများ တိုးမြင့်လာသော်လည်း ဒေသ စီးပွားရေး တိုးတက်မှုမောင်းနှင်နိုင်အား ဖြစ်လာရန်မှာမူ အချိန်ကာလ ကြာဦးမည်ဖြစ်ပါသည်။

| တစ်ဦးကျ ဂျီဒီပီ* | ၂၀၀၀ | ၂၀၁၀ | ၂၀၃၀ |
|---|---|---|---|
| တရုတ် | ၂.၇၀% | ၉.၃၄% | ၃၄.၃၂% |
| အိန္ဒိယ | ၁.၃၀% | ၃.၁၂% | ၈.၇၇% |
| အင်ဒိုနီးရှား | ၂.၂၀% | ၆.၁၅% | ၁၃.၆၃% |
| မလေးရှား | ၁၁.၅၅% | ၁၇.၇၈% | ၂၅.၃၅% |
| ဖိလစ်ပိုင် | ၂.၈၄% | ၄.၂၂% | ၅.၅၀% |
| စင်္ကာပူ | ၆၅.၄% | ၉၀.၅၉% | --- |
| ထိုင်း | ၅.၆၅% | ၁၀.၁၆% | ၁၈.၈၃% |
| ဗီယက်နမ် | ၁.၁၂% | ၂.၄၄% | ၅.၄၇% |
| စုစုပေါင်း | ၂.၃၄% | ၆.၅၄% | ၁၉.၉၀% |

*ညှိနှိုင်းငွေလဲနှုန်း

ဇယား-၃-၃ အာဆီယံ ၇ နိုင်ငံ၏ တစ်ဦးကျ ဂျီဒီပီ, ဇာစ်မြစ်၊ Lawrence R Z ,ADB (2013)

**တရုတ်နိုင်ငံ၏ အရေးပါမှု**

တရုတ်နိုင်ငံသည် ဒေသတွင်းစီးပွားရေး တိုးတက်မှုနှင့် ကုန်ထုတ်လုပ်မှု ပေါင်းစည်း ရေးတို့တွင် ထိုင်းနိုင်ငံကဲ့သို့ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး တိုးမြင့်လာသည့် ကမ္ဘာ့အခြေခံ ကုန်စည်ဝယ်လိုအားကို ဖြည့်ဆည်းပေးသည့် တစ်ခုတည်းသော ဈေးကွက်ကြီးအဖြစ် ထွက်ပေါ်လာပါသည်။

တရုတ်နိုင်ငံသည် ဒေသတွင်းစီးပွားရေး တိုးတက်မှုနှင့် ကုန်ထုတ်လုပ်မှု ပေါင်းစည်း ရေးတို့တွင် ထိုင်းနိုင်ငံကဲ့သို့ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး တိုးမြင့်လာသည့် ကမ္ဘာ့အခြေခံ ကုန်စည်ဝယ်လိုအားကို ဖြည့်ဆည်းပေးသည့် တစ်ခုတည်းသော ဈေးကွက် ကြီးအဖြစ် ထွက်ပေါ်လာပါသည်။ ထို့ကြောင့် မြန်မာ့စီးပွားရေးတိုးတက်မှု ရရှိရန် ဆောင်ရွက် ရမည့် လုပ်ငန်းများတွင် တရုတ်နိုင်ငံ၏ စီးပွားရေး သေချာမှုရှိရေးသည် တိုက်ရိုက် (သို့) သွယ်ဝိုက်သော နည်းလမ်းဖြင့် ဆက်စပ်နေပါသည်။

တရုတ်နိုင်ငံသည် စက်မှုပိုင်းဆိုင်ရာ စွမ်းရည်တိုးမြင့်နေခြင်း၊ ၎င်းနှင့်ဆက်စပ်သည့် စက်မှုထုတ်ကုန် တင်ပို့ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများကို ပမာဏကြီးမားစွာ မြှုပ်နှံနေသော်လည်း စီးပွားရေးတိုးတက်မှုနှုန်းသည် ရပ်တန့်နေပါသည်။ အတိုးနှုန်း များနိမ့်ကျနေပြီး အိမ်ထောင်စုများ၏ ဝင်ငွေနှင့် စားသုံးမှုများလည်း လျော့နည်း လျက်ရှိပါသည်။ ၂၀၀၈ခုနှစ် ကမ္ဘာ့စီးပွားရေး အကြပ်အတည်းဖြစ်ပေါ်မှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့၏ ဖွံ့ဖြိုးသော ဈေးကွက်များကျုံ့သွားသဖြင့် ပို့ကုန်သိသာစွာ ကျဆင်းလာမှုကြောင့် တိုးတက်မှုကို ဖြစ်ပေါ်စေမည့် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်သော်လည်း တိုးတက်မှုမရရှိခဲ့ပါ။ ဂျီဒီပီတွင် ပြည်ပပို့ကုန် ပါဝင်မှုလျော့ကျခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကစားသုံးမှုတို့အကြား ကွာဟမှု ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ ပြန်လည်ညီမျှမှုရှိသော မဟာဗျူဟာကျင့်သုံးရေး ဆောင်ရွက်လျက်ရှိပြီး ဂျီဒီပီ တွင် အိမ်ထောင်စုဝင်ငွေ ပါဝင်မှုတိုးမြှင့်ရေးနှင့် ရေရှည်တည်တံ့သည့် ပြည်တွင်း စားသုံးမှု ဦးဆောင်သည့် စီးပွားရေးတိုးတက်မှု ရရှိရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း ပြည်ပ ဝယ်လိုအား ရင်းမြစ်များ ပြန်လည်ဟန်ချက်ညီစေရန်နှင့် ပြည်တွင်း ရင်းနှီး မြှုပ်နှံမှုနှင့် စားသုံးမှု ပြန်လည်ဟန်ချက်ညီစေရန် ဆောင်ရွက်ခြင်းတို့ဖြင့် ကာလလတ်နှင့် ကာလရှည်တွင် တရုတ်နိုင်ငံသည် ယခင်က ရရှိခဲ့သည့် စီးပွားရေးတိုးတက်မှုနှုန်းထက် ပို၍နိမ့်ကျသော်လည်း တိုးတက်မှုနှုန်း တည်ငြိမ်မှုရရှိရေး ဆောင်ရွက်မည့် အနေအထား ရှိနေပါသည်။ လာမည့်နှစ်များအတွင်း တရုတ်နိုင်ငံ၏ ကုန်စည်ဝယ်လိုအား တိုးတက်နှုန်း သည် ယခင်နှစ်များထက် ပို၍နှေးနေမည် ဖြစ်ပါသည်။

တရုတ်နိုင်ငံကို ဒေသ၏ စက်မှုထုတ်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အဓိက အားထားရန် မျှော်မှန်းချက်ထား၍ မရနိုင်ပါ။ တရုတ်နိုင်ငံအနေဖြင့် (ACI) ဒေသတွင်း တစ်ခုတည်းသော ကြီးမားသည့် ပို့ကုန်ဈေးကွက်ဖြစ်သည့်အပြင် ယူအက်စ်နှင့် အီးယူ ဈေးကွက်များသို့ တင်ပို့သည့် ကုန်ချောများ ထုတ်လုပ်ရာနေရာအဖြစ် ဒေသတွင်း ကုန်သွယ် မှုအချက်အချာကျသည့် ဒေသတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် တရုတ်နိုင်ငံသည် အေစီအိုင် ဒေသတွင်းနိုင်ငံများအတွက် အစိတ် အပိုင်းနှင့် အပိုပစ္စည်းများ တင်ပို့နိုင်သည့် အချက်အချာဒေသ ဖြစ်လာသော်လည်း နောက်ဆုံးကုန်စည် (ကုန်ချော)များ တင်ပို့နိုင်သည့် အဓိကဈေးကွက် ဖြစ်မလာခဲ့ပါ။ တရုတ်နိုင်ငံမှ ယူအက်စ်နှင့် အီးယူဈေးကွက်များသို့ တင်ပို့မှုနှေးကွေးကျဆင်းလာခြင်း နှင့် ပြည်ပပို့ကုန်နှင့် ပြည်တွင်းစားသုံးမှုတို့ အကြား ပိုမိုဘက်ညီတိုးတက်မှုတို့ကြောင့် ဒေသတွင်းနိုင်ငံများ၏ အစိတ်အပိုင်းနှင့် အပိုပစ္စည်းတင်ပို့မှုတွင် နှေးကွေးလာမည် ဖြစ်ပါ သည်။ သို့ဖြစ်ရာ ဒေသ၏ ဦးဆောင်နိုင်ငံ ဖြစ်လာရန်အတွက် တရုတ်နိုင်ငံအနေဖြင့် ယင်း၏ ပြည်တွင်းစားသုံးမှုတိုးမြှင့်ရန် လိုအပ်မည်သာမက သွင်းကုန်တိုးမြှင့်ရန် အထူးသဖြင့် ကုန်ချောတင်သွင်းမှုကိုလည်း တိုးမြှင့်ရန် လိုအပ်မည်ဖြစ်ပြီး အချိန်ယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။


## အာဆီယံစီးပွားရေးအသိုက်အဝန်း

၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ရည်မှန်းထားသည့် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC)သည် မြန်မာနိုင်ငံအတွက် အလားအလာကောင်းများရှိသကဲ့သို့ ပြန်လည် ညှိနှိုင်းဆောင်ရွက်ရမည့် စိန်ခေါ်မှုများလည်း ရှိနေပါသည်။ လူဦးရေ သန်းပေါင်း (၆၀၀) ကျော်ရှိသော အာဆီယံသည် ဂျီဒီပီတန်ဖိုး အမေရိကန်ဒေါ်လာ ၂.၂ ထရီလီယံ (၂၀၁၂)၊ ပျမ်းမျှ ဂျီဒီပီ တိုးတက်မှုနှုန်း ၅.၁ % (၂၀၁၂)၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်တို့နှင့် ချုပ်ဆိုထားသည့် လွတ်လပ်သောကုန်သွယ်မှု သဘောတူ စာချုပ်များ ရှိခြင်းစသည်ဖြင့် အလားအလာကောင်းများစွာရှိသော ဒေသတစ်ခု ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်မှစ၍ အာဆီယံအသိုက်အဝန်းတွင် မဏ္ဍိုင်(၃)ရပ် ဖြစ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)၊ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း (APSC)၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) တို့ကို စတင်ခဲ့ပါသည်။ (AEC) ၏ ရည်ရွယ်ချက်မှာ - (၁) တစ်ခုတည်းသော ထုတ်လုပ်မှုနှင့် အခြေခံဒေသ (၂) ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသောစီးပွားရေးဒေသ၊ (၃) စီးပွားရေးဖွံ့ဖြိုးမှုမျှတသောဒေသ (၄) ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစပ်မှုရှိသောဒေသဖြစ်ပေါ်လာစေရန် မျှော်မှန်းလျက် အာဆီယံနိုင်ငံများ၏ စီးပွားရေးပေါင်းစည်းမှု ပိုမိုနက်ရှိုင်းကျယ်ပြန့်စေရန် ရည်ရွယ်ပါသည်။

**AEC ၏ အရေးပါမှု**

လူဦးရေ သန်းပေါင်း (၆၀၀) ကျော်ရှိသော အာဆီယံသည် ဂျီဒီပီတန်ဖိုး အမေရိကန်ဒေါ်လာ ၂.၂ ထရီလီယံ (၂၀၁၂)၊ ပျမ်းမျှ ဂျီဒီပီ တိုးတက်မှုနှုန်း ၅.၁ % (၂၀၁၂)၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်တို့နှင့် ချုပ်ဆိုထားသည့် လွတ်လပ်သောကုန်သွယ်မှု သဘောတူ စာချုပ်များ ရှိခြင်းစသည်ဖြင့် အလားအလာကောင်းများစွာရှိသော ဒေသတစ်ခု ဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း လုပ်ငန်းစဉ်များတွင် ကုန်သွယ်မှု ဖြေလျှော့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး ဘက်စုံအစီအစဉ်များကို ဖော်ပြထားပါသည်။ အေအီးစီ နိုင်ငံများအနေဖြင့် အကောက်ခွန်နှင့် အကောက်ခွန်မဟုတ်သောအတားအဆီးများ ဖြေလျှော့ခြင်း၊ စံချိန်စံညွှန်းများ တစ်ပြေးညီဖြစ်စေခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်ခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း (အကောက်ခွန်အပါအဝင်)၊ ဝန်ဆောင်မှုများ ဖြေလျှော့ပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့ပေးခြင်းနှင့် လွယ်ကူချောမွေ့စေခြင်း၊ ကျွမ်းကျင်လုပ်သား လွတ်လပ်စွာစီးဆင်းစေခြင်း၊ ငွေကြေးဈေးကွက် ဖွံ့ဖြိုးမှုဖြစ်ပေါ်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ အဆိုပါကနဦးအစီအစဉ်များသည် ဒေသတွင်း ဈေးကွက် သာမက ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ဝင်ရောက်ရန် ဒေသတွင်းကုန်ထုတ်လုပ်မှု ကွန်ယက် တိုးချဲ့ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု မျှော်မှန်းထားပါသည်။ အဓိကအားဖြင့် အေအီးစီဆိုင်ရာ အစီအစဉ်များသည် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများအတွက် အရေးကြီးသည့် မူဘောင်ဖြစ်ပါသည်။ အေအီးစီတွင် ပထမအာဆီယံ ၆ နိုင်ငံနှင့် ဒုတိယ ၄ နိုင်ငံတို့အကြား ဖွံ့ဖြိုးမှုကွာခြားချက်များ ရှိနေသဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများအနေဖြင့် အရေးကြီးသည့် ထိန်းညှိမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရပါသည်။ စီးပွားရေးပေါင်းစည်းမှု၏ အကျိုးသက်ရောက်မှုသည် ဒေသတွင်းပေါ် ပေါက်လာသည့် အခွင့်အလမ်းသစ်များကို ရယူအသုံးချနိုင်မည့် သက်ဆိုင်ရာနိုင်ငံများ၏ စွမ်းဆောင်ရည်နှင့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုအစီအစဉ်တွင် မူတည်နေပါသည်။ အေအီးစီသည် ပုဂ္ဂလိကကဏ္ဍပါဝင်မှုရရှိရန် မျှော်မှန်းထားသည်ဖြစ်ရာ အာဆီယံဒေသအတွင်း ပိုမိုအမြတ်အစွန်းရရှိနိုင်သော နေရာဒေသများသို့ စီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်နိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသော မညီမျှမှုများသည် ကာလလတ်တိုင်အောင် ဆက်လက်တည်ရှိမည့် အလားအလာများရှိနေပါသည်။




ပုံ-၃-၃ ဂျီဒီပီအပေါ်တွင် AEC ၏ အကျိုးသက်ရောက်မှု၊ ဇာစ်မြစ်၊ MCDV, EIRA (၂၀၁၄),

အေအီးစီကောင်းကျိုးများ ရရှိခံစားနိုင်ရန်အတွက် CLMV နိုင်ငံများတွင် စိန်ခေါ်မှုများ ရှိနေပါသည်။ စီးပွားရေးအခြေခံအဆောက်အအုံနှင့် လူမှုရေးအခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းရန် လိုအပ်ချက်၊ အစိုးရအဖွဲ့အစည်းများနှင့် ဥပဒေများ အားကောင်းခိုင်မာမှု၊ စီးပွားရေးဝန်းကျင်ကောင်းမွန်မှုနှင့် ပြည်တွင်းလုပ်ငန်းများ၏ စွမ်းဆောင်ရည်တို့သာမက အေအီးစီကြောင့် တွေ့ကြုံရမည့် စွန့်စားမှုအန္တရာယ်များ လျော့ပါး စေရေး ဆောင်ရွက်မှုများသည်လည်း CLMV နိုင်ငံများ၏ စိန်ခေါ်မှုများပင် ဖြစ်ပါသည်။

အာဆီယံနိုင်ငံအားလုံးမှ အေအီးစီမျှော်မှန်းချက်နှင့်စပ်လျဉ်း၍ ကတိကဝတ်များ အခိုင်အမာထားရှိသဖြင့် အေအီးစီ အကောင်အထည်ဖော်ရာတွင် ကြိုးပမ်းအားထုတ်မှုများ လိုအပ်မည်ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအတွင်း အရေးကြီးကုန်စည်များ၏ အကောက်ခွန် အတားအဆီးများလျှော့ချခြင်းနှင့် လုပ်သားလွတ်လပ်စွာ စီးဆင်းမှုတို့တွင် တိုးတက်မှု နှေးကွေးလျက် ရှိပါသည်။ အာဆီယံဒေသပြင်ပစီးပွားရေးနှင့် အာဆီယံဒေသ ကုန်သွယ်မှုများ ရှိနေပြီး လွန်ခဲ့သည့် ဆယ်စုနှစ် ၂ စုခန့်တွင် အာဆီယံစုစုပေါင်းကုန်သွယ်မှု၏ ၂၅% အောက် ဝန်းကျင်ခန့်သည် အာဆီယံဒေသအတွင်း ဖြစ်ပေါ်နေပါသည်။

ထို့ကြောင့် အေအီးစီ မျှော်မှန်းချက် အကောင်အထည်ပေါ်စေရန် နိုင်ငံအလိုက်နှင့် နိုင်ငံအများ စုပေါင်း၍ အချိန်ယူကာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ရာတွင် အေအီးစီဖြင့် ဒေသတွင်းပေါင်းစည်းရေးဆောင်ရွက်မှု ရည်မှန်းချက်တိုးမြှင့်ရန် မည်သို့အလျင်အမြန် ဆောင်ရွက်နိုင်မည်ဆိုသည်ကို ရှင်းလင်းစွာ မသိရသေးပါ။ သို့သော် မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများအားလုံး၏ ရေရှည်တည်တံ့သည့် စီးပွားရေး တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအလားအလာများ တိုးတက်ကောင်းမွန်မှုအတွက် အေအီးစီမှ ကတိကဝတ်ပြုထားပါသည်။

# ခိုင်မာအားကောင်းလာသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများနှင့် တောင်အာရှဒေသများသို့ ချိတ်ဆက်ခြင်း


၁၉၉၂ ခုနှစ်တွင် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ယခုကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ယူနန် ပြည်နယ်)၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှတစ်ဆင့် ဖွံ့ဖြိုးမှုအစီအစဉ်များ စတင်ခဲ့ပါသည်။ ဂျီအမ်အက်စ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၂.၆ သန်းနှင့် စုစုပေါင်း လူဦးရေ ၃၂၆ သန်းရှိပြီး၊ အာဆီယံ (၅) နိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ ဆက်စပ်တည်ရှိနေသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်ဒေသဖြစ်ပါသည်။ ဒေသတွင်းဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်များသို့ တင်ပို့နိုင်မည့် ကုန်စည်နှင့် ဝန်ဆောင်မှုမျိုးစုံ ထုတ်လုပ်ရာ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရာနေရာ ဖြစ်ပေါ်လာမည့် အလားအလာရှိနေပါသည်။ ဂျီအမ်အက်စ်အစီအစဉ်သည် ဒေသတွင်း ပိုမို ပေါင်းစည်းရေး၊ သာယာဝပြောရေးနှင့် ပိုမိုသာတူညီမျှဖြစ်ရေး မျှော်မှန်းချက်နှင့်အတူ ဆက်စပ် ယှက်နွယ်မှုတိုးမြှင့်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားစေခြင်း၊ လူထုအဖွဲ့အစည်း တည်ဆောက်မှု အလေးပေးခြင်းစသော မဟာဗျူဟာ (၃) ရပ်ဖြင့် သာယာဝပြောသော လူ့ဘောင် တည်ဆောက်မည် ဖြစ်ပါသည်။ ဂျီအမ်အက်စ်တွင် ပို့ဆောင်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်၊ လယ်ယာစိုက်ပျိုးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ရင်းမြှုပ်နှံမှု စသည့် ပူးပေါင်းဆောင်ရွက်သည့် ကဏ္ဍကြီး(၉)ခု ပါဝင်ပါသည်။

ဂျီအမ်အက်စ်-မဟာဗျူဟာ (၃) ရပ်

ဒေသတွင်းပေါင်းစည်းရေး၊ သာယာဝပြောရေးနှင့် သာတူညီမျှဖြစ်ရေး မျှော်မှန်းချက်များနှင့် အတူဆက်စပ်ယှက်နွယ်မှုတိုးမြှင့်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားခြင်း၊ လူထုအဖွဲ့အစည်း တည်ဆောက်မှု အလေးပေးခြင်းစသော မဟာဗျူဟာ (၃) ရပ်ဖြင့် သာယာဝပြောသော လူ့ဘောင် တည်ဆောက်မည်ဖြစ်ပါသည်။

ဒေသခွဲနိုင်ငံများတွင် ပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍ (လျှပ်စစ်စီမံကိန်းများနှင့် မဟာဓာတ်အားလိုင်းချိတ်ဆက်မှုများ)တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး၊ ဆက်သွယ်ရေး (ဒေသတွင်း ဖိုက်ဘာဆက်ကြောင်း ဆက်သွယ်ခြင်း) တွင် ဆောင်ရွက်နိုင်မှု အားနည်းနေပါသည်။ မဟာမဲခေါင်ဒေသတွင်း ကုန်သွယ်မှုတွင် နယ်စပ်ဖြတ်ကျော်စီးဆင်းမှုများ လွယ်ကူရှင်းလင်းစေရန် စစ်ဆေးခြင်း၊ တစ်နေရာတည်းတွင်ဆောင်ရွက်ခြင်း အပါအဝင် အကောက်ခွန်မဟုတ်သော အတားအဆီးများ ဖြေလျှော့ခြင်းတို့ကိုတိုးတက်ဆောင်ရွက်ခြင်းသည်အရေးကြီးကိစ္စရပ်ဖြစ်ပါသည်။

မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးပေါင်းစည်းမှု ကျယ်ကျယ်ပြန့်ပြန့်ရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့တွင် အထောက်အကူဖြစ်စေမည့် စီးပွားရေးစင်္ကြံဆက်စပ်ရန် ရည်ရွယ်ပါသည်။ ကမ္ဘာ့စီးပွားရေးတွင် မြန်မာနိုင်ငံပြန်လည် ပါဝင်လာမှုသည် မဟာမဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံလမ်းကြောင်းတွင်လိုအပ်နေသော ချိတ်ဆက်မှုများ ဆောင်ရွက်နိုင်မည့် အလားအလာများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အတူ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုမူဘောင်အတွင်း ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။



ပုံ-၃-၄ GMS စီးပွားရေးစင်္ကြံများ၊ ဇာစ်မြစ်၊ Original Map, UNESCAP(၂၀၁၂)

မြန်မာနိုင်ငံသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အနောက်ဘက်အစွန်တွင် တည်ရှိနေပါသည်။ နိုင်ငံတောင်ပိုင်း မွန်ပြည်နယ်တွင် မော်လမြိုင်ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်းဖြင့် အရှေ့-အနောက်စီးပွားရေးစင်္ကြံတစ်လျှောက်တွင် နယ်စပ်ကုန်သွယ် ရေးနှင့်သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးလာစေနိုင်မည်ဖြစ်ပါသည်။ ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံအကြားရှိ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းများ တိုးချဲ့ရန် သဘောတူညီချက်အရ လမ်းကြောင်းတွင် GMS နိုင်ငံများ၏ အဓိကမြို့များ၊ ရေနက် ဆိပ်ကမ်းများပါဝင်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း လိုအပ်သော လမ်းအခြေခံအဆောက် အအုံ တည်ဆောက်ပြီးစီးပါက အဆိုပါစင်္ကြံလမ်းကြောင်းအတွင်း ရန်ကုန်နှင့်သီလဝါ ရေနက်ဆိပ်ကမ်းများအထိပါ တိုးချဲ့ပါဝင်လာနိုင်မည်ဖြစ်ပါသည်။

အနောက်ဘက် စင်္ကြံလမ်းကြောင်းခွဲဖြစ်သည့် မြန်မာနိုင်ငံသည် ကူမင်း-ဘန်ကောက် လမ်းပိုင်းတစ်ခုဖြစ်ပြီး တောင်-မြောက်စီးပွားရေးစင်္ကြံ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ပြုလုပ်သော GMS ဝန်ကြီးအဆင့် အစည်း အဝေးတွင် ထားဝယ်ဒေသအား တောင်ပိုင်းစီးပွားရေးစင်္ကြံတွင် ပါဝင်ရေး အတည်ပြုခဲ့ ကြပြီး၊ မြန်မာနိုင်ငံသည် တောင်ပိုင်းစီးပွားရေးစင်္ကြံလမ်းကြောင်း၏ အစိတ်အပိုင်းတစ်ခု အဖြစ် ပါဝင်လာခဲ့ပါသည်။

# တောင်အာရှဒေသနှင့် ချိတ်ဆက်ခြင်း

မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) နိုင်ငံများဖြစ်သည့် လာအို၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ယူနမ်ပြည်နယ်တို့နှင့်သာမက ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယစသည့် တောင်အာရှနိုင်ငံများနှင့်လည်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ထို့ကြောင့်မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများအကြား အဓိက ဆက်စပ်ပေးသည့် ပေါင်းကူးတံတားကြီးသဖွယ် ဖြစ်လာပါသည်။ စစ်ပြီးခေတ်နောက်ပိုင်း ၁၉၉၀ ခုနှစ်တိုင်အောင် တောင်အာရှ နှင့် အရှေ့တောင်အာရှနိုင်ငံများသည် တသီးတခြား ရှိနေပြီး ဒေသခွဲများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပေါင်းစည်းမှု အနည်းငယ်သာ ရှိခဲ့ပါသည်။ နောက်ပိုင်းတွင် တောင်နှင့် အရှေ့တောင် အာရှဒေသများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ဒေသခွဲများအကြား နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် အခြားသော ကမ္ဘာ့နိုင်ငံများမှ အဆိုပါ ဒေသခွဲ အသီးသီးသို့ စီးဆင်းမှုနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေပြီး GMS နှင့် တောင်အာရှ ဒေသနှစ်ခုလုံး အထူးသဖြင့် တောင်အာရှဒေသတွင် မသိမသာ တိုးတက်လာခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသနှစ်ခုအကြား ရှိပြီးဖြစ်သော ဆက်ဆံရေး ပိုမိုခိုင်မာ အားကောင်း စေရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်) အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပါသည်။ ဘင်းမ်စတက်တွင် ဂျီအမ်အက်စ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှု (SAARC) အဖွဲ့ဝင် နိုင်ငံများမှ (၅) နိုင်ငံအပါအဝင် နိုင်ငံပေါင်း (၇) နိုင်ငံ (မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ ဘူတန်နှင့် ဘင်္ဂလားဒေ့ရှ်)တို့ ပါဝင် ပါသည်။ အခြေခံသဘောအရ ဘင်းမ်စတက်သည် အာဆီယံနှင့် ဆာအတ်တို့ကို ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားအဖြစ် တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကမ္ဘာ့စီးပွားရေးသို့ ပြန်လည်ပေါင်းစည်းရေးကြိုးပမ်းမှုသည် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ရှေ့လုပ်ငန်းစဉ်တို့တွင် အထူးအရေးကြီးသည့် ဖြစ်စဉ် တစ်ခုဖြစ်နေပြီး အရှေ့အာရှဒေသနှင့် ထပ်မံပေါင်းစည်းရန် ဒေသတွင်း စီးပွားရေး ဘက်စုံ ပူးပေါင်း ဆောင်ရွက်မှု (အာစီအီးပီ) ကို အလေးပေးဖော်ဆောင်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မဟာဗျူဟာ တည်နေရာအနေအထားအရ တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသနှစ်ခုကြားရှိ မြန်မာနိုင်ငံသည် ဒေသတွင်း စီးပွားရေးပေါင်းစည်းရေး အားထုတ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းသစ်များ ရရှိမည်ဖြစ်ပြီး တောင်အာရှနှင့် အရှေ့တောင် အာရှဒေသခွဲများတွင်လည်း အကျိုးကျေးဇူးများ ရရှိ နိုင်မည်ဖြစ်ပါသည်။ မဟာဗျူဟာ အနေအထားအရ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ဆုပ်ကိုင်နိုင်ရန် နိုင်ငံတွင်းဆက်သွယ်နိုင်မှု တိုးတက်ကောင်းမွန်စေခြင်းနှင့် မူဝါဒပြုပြင် ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေမည် ဖြစ်ပါသည်။

## နိဂုံး

ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးလျက်ရှိခြင်းနှင့် စီးပွားရေးဝန်းကျင် မတည်ငြိမ်မှုတို့ကြောင့် ကာလလတ်နှင့် ကာလရှည် ကမ္ဘာ့စီးပွားရေးအခြေအနေ အလားအလာများသည် ရေရာသေချာမှု မရှိသေးပါ။ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကြပ်အတည်း မတိုင်မီက ဖြစ်ပေါ်ခဲ့သည့် အာရှထွန်းသစ်စနိုင်ငံများအပါအဝင် ထွန်းသစ်စနိုင်ငံများ၏ ကမ္ဘာ့စီးပွားရေးတွင် ထူးခြားစွာ ပါဝင်မှုမှာ နောင်လာမည့်နှစ်များတွင် ထပ်မံဖြစ်ပေါ်ရန် မသေချာတော့ပေ။ ကမ္ဘာ့ငွေကြေးအခြေအနေ ကြပ်တည်းမှု၊ ဥရောပနိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု နှေးကွေးလာမှု၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး မတည်ငြိမ်မှုနှင့် အားလျော့နေမှုတို့ ဖြစ်ပေါ်နေသည့်အချိန်တွင် အာရှထွန်းသစ်စနိုင်ငံများသည် သင့်လျော်သည့် တိုးတက်မှုနှုန်းကို မည်သည့်အတိုင်းအတာအထိ ဆက်လက်ထိန်းထားနိုင်မည်ကိုမှု သိရှိနိုင်ခြင်းမရှိသေးပေ။

အာရှတွင် ဒေသတိုးတက်မှု မျှော်မှန်းချက်သည် တရုတ်နိုင်ငံအပေါ်များစွာ မှီတည်နေပါသည်။ တရုတ်နိုင်ငံသည် ယင်း၏ စီးပွားရေး ပြန်လည်ထိန်းညှိခြင်းနှင့် ဘက်ညီစေခြင်း ဆောင်ရွက်ရာတွင်ရရှိပြီး တိုးတက်မှုနှုန်းအား မည်သည့်အတိုင်း အတာထိ ဆက်လက်ထိန်းထားမည်ကိုမှု မသိရသေးသဖြင့် ဒေသတွင်းနိုင်ငံများမှ သွင်းကုန်အပေါ် အကျိုးသက်ရောက်မှု မည်သို့ရှိမည်ကို ခန့်မှန်းနိုင်ခြင်းမရှိပါ။ ထိုင်းနှင့် မလေးရှားကဲ့သို့ ထုတ်လုပ်မှုအားကောင်းသော အရှေ့တောင်အာရှနိုင်ငံများသည် ဝင်ငွေအလယ်အလတ်အဆင့် ထောင်ချောက်မှ ရုန်းထွက်နိုင်ခြင်း မရှိသေးဘဲ အရှေ့အာရှ စီးပွားရေးသို့ ချိတ်ဆက်ပေါင်းစည်းရန် အဆင့်မြှင့်တင်နိုင်ခြင်း မရှိသေးပါ။ အိန္ဒိယနိုင်ငံသည် အိုင်တီ (သတင်းအချက်အလက်နည်းပညာ) လုပ်ငန်းတွင် အောင်မြင်မှုရရှိနေသော်လည်း တိုးပွားလာသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းမရှိသေးပါ။

ရေရှည်တွင် အေစီအိုင်နိုင်ငံများသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှု မောင်းနှင်အားဖြစ်လာပြီး ၎င်းစီးပွားရေးကြောင့် ကမ္ဘာ့စီးပွားရေးလျှင်မြန်စွာ တိုးတက်လာနိုင်ပါသည်။ အမျိုးအစားစုံလင်သည့် ဈေးကွက်များလည်း ပေါ်ပေါက်လာနိုင်ပါသည်။ အနာဂတ်မျှော်မှန်းချက်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးနောက်ကျ ကျန်ခဲ့မည်ဖြစ်သော်လည်း ဒေသတွင်းရှိ သုံးစွဲနိုင်သည့် ဝင်ငွေများတိုးလာနိုင်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ယှဉ်ပြိုင်ရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စားသုံးသူဈေးကွက်များအတွက် ထုတ်လုပ်ခြင်းမှ ACI စီးပွားရေးဈေးကွက်ရှိ စားသုံးသူများသို့ ရောင်းချရန် ရွှေ့လျားသွားမည်ဖြစ်ပါသည်။ ယင်းအချက်သည် အခြေခံကုန်စည် ထုတ်လုပ်သည့် ဆင်းရဲသည့် နိုင်ငံများအတွက် ကာလရှည်တွင် စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ဒေသတွင်း သာမက ကမ္ဘာ့ဈေးကွက်များသို့ စက်မှုထုတ်ကုန်တင်ပို့ရောင်းချနိုင်မည့် အလားအလာကောင်းများလည်း ရှိလာမည်ဖြစ်ပါသည်။ အဆိုပါအခွင့်အရေးကို ဆုပ်ကိုင်နိုင်မည့် အချက်များမှာ-

(၁) ဖွံ့ဖြိုးပြီးနိုင်ငံများ (ဥပမာ-အမေရိကန်ပြည်ထောင်စု၊ အီးယူနိုင်ငံများ) သည် အေစီအိုင်ဒေသ စက်မှုထုတ်ကုန်တင်ပို့မှု၏ အဓိကဈေးကွက်အဖြစ် ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သော်လည်း ဝယ်ယူမှုပုံစံ ပြောင်းလဲသွားမည် ဖြစ်ပါသည်။ စားသုံးသူများတွင်လည်း ထွန်းသစ်စနိုင်ငံများမှ စားသုံးသူများနှင့်နှိုင်းယှဉ်ပါက သုံးစွဲနိုင်သည့် ဝင်ငွေမြင့်မားနေဆဲဖြစ်သည်။ ဤနေရာတွင် အာဆီယံ နှင့် အာရှဒေသ၌ ၎င်း၏ ထူးခြားသည့် လက္ခဏာရပ်ဖြစ်သည့် ဒေသပြင်ပ ဖွံ့ဖြိုးပြီး ဈေးကွက်များသို့ ကုန်ချောတင်ပို့ရန် ဒေသအတွင်း စက်မှုထုတ်ကုန်များ (စက်ပစ္စည်း အစိတ် အပိုင်းနှင့်အပိုပစ္စည်း) ထုတ်လုပ်ကုန်သွယ်မှု ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပါသည်။

(၂) တစ်ချိန်တည်းမှာပင် အာရှထွန်းသစ်စနိုင်ငံများ အထူးသဖြင့် အေစီအိုင်နိုင်ငံများသည် ရေရှည် ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည့် အခွင့်အလမ်းများ ရရှိနေပါသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် တူညီမှုမရှိပဲ ဒေသတွင်းစားသုံးသူအမျိုးမျိုး ကွဲပြားလျက်ရှိနေရာ အေစီအိုင်ဈေးကွက်သို့ ရောင်းချမည့် ကုန်စည်၊ ဝန်ဆောင်မှုနှင့် စီးပွားရေးပုံစံဆန်းသစ်တီထွင်မှု လိုအပ်လာမည် ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် တစ်ကျော့ပြန် ဆန်းသစ်တီထွင်မှုပြုရန် အဓိက လိုအပ်နေခြင်းပင် ဖြစ်ပါသည်။


အဓိကပြောင်းလဲမှု

ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ယှဉ်ပြိုင်ရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စားသုံးသူဈေးကွက်များအတွက် ထုတ်လုပ်ခြင်းမှ ACI စီးပွားရေးဈေးကွက်ရှိ စားသုံးသူများသို့ ရောင်းချရန် ရွေ့လျားသွားမည်ဖြစ်ပါသည်။

မသေချာမှုများဖြင့် အပြောင်းအလဲများ ဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးနှင့် ဒေသဆိုင်ရာ စီးပွားရေးအခြေအနေများတွင် မြန်မာနိုင်ငံသည် စီးပွားရေးအသွင်ကူးပြောင်းမှု အထောက်အကူပြုနိုင်မည့် အလားအလာကောင်းမွန်သည့် ပြည်ပဈေးကွက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးတို့ကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရန် ကမ္ဘာ့စီးပွားရေးစနစ်အတွင်း ပေါင်းစည်းရေး မဟာဗျူဟာကို အာရုံစူးစိုက်ရန် လိုအပ်နေပါသည်။ ရေရှည်တွင် စီးပွားရေးတည်ဆောက်မှုပုံစံပြောင်းလဲမှု ပီပြင်လာစေရန် အဖွဲ့အစည်းဆိုင်ရာနှင့် မူဝါဒဆိုင်ရာ အခြေခံကောင်းများရှိနေရန် လိုအပ်ပါသည်။ ရလဒ်ရရှိစေရန် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကာလလတ်ဖွံ့ဖြိုးမှု စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ရမည်ဖြစ်ပြီး၊ ဒေသတွင်းနိုင်ငံများ ကြုံတွေ့နေရသည့် ဝင်ငွေအလယ်အလတ်အဆင့် ထောင်ချောက်မှ ရှောင်လွှဲနိုင်မည့် အဖွဲ့အစည်းဆိုင်ရာနှင့် မူဝါဒဆိုင်ရာ အခြေခံလိုအပ်ချက်တို့ကို အရှေ့တောင် အာရှနှင့် တောင်အာရှနိုင်ငံများမှ သင်ခန်းစာယူကြရမည် ဖြစ်ပါသည်။

# အာဆီယံ စီးပွားရေး အသိုက်အဝန်း





# အာဆီယံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဆင့်သတ်မှတ်ချက်

| | မြန်မာ | ဘရူနိုင်း | ကမ္ဘောဒီးယား | အင်ဒိုနီးရှား | လာအို | မလေးရှား | ဖိလစ်ပိုင် | စင်ကာပူ | ထိုင်း | ဗီယက်နမ် | အာဆီယံ |
|---|---|---|---|---|---|---|---|---|---|---|---|
| ကုန်စည်များလွတ်လပ်စွာ စီးဆင်းမှု | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| ဝန်ဆောင်မှုများလွတ်လပ်စွာ စီးဆင်းမှု | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| ရင်းနှီးမြှုပ်နှံမှုများလွတ်လပ်စွာ စီးဆင်းမှု | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| အရင်းအနှီးများလွတ်လပ်စွာ စီးဆင်းမှု | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ |
| ကျွမ်းကျင်လုပ်သား လွတ်လပ်စွာ စီးဆင်းမှု | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ |
| ဦးစားပေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ |
| စားနပ်ရိက္ခာ၊ လယ်ယာကဏ္ဍကြီးနှင့် မူဝါဒ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| ယှဉ်ပြိုင်နိုင်သော မူဝါဒ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ |
| စားသုံးသူကာကွယ်ရေး | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| ဉာဏပစ္စည်းမူပိုင်ခွင့် | ⍓ | ⍓ | ⍓ | ◆ | ⍓ | ◆ | ◆ | ◆ | ◆ | ◆ | ⍓ |
| ပို့ဆောင်ရေး | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| စွမ်းအင် | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| ဓာတ်သတ္တု | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ |
| သတင်းအချက်အလက်၊ ဆက်သွယ်ရေး၊ နည်းပညာ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ |
| အခွန်စနစ် | ◆ | ◆ | ⊠ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ⊠ |
| ကူးသန်းရောင်းဝယ်ရေး | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ | ◆ |
| အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး | ⍓ | ⍓ | ⍓ | ◆ | ⍓ | ◆ | ⍓ | ◆ | ◆ | ⍓ | ⍓ |
| အာဆီယံပူးပေါင်းမှုအတွက် ကနဦးဆောင်ရွက်ချက် | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |
| ပြင်ပစီးပွားရေးဆက်ဆံရေး | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ | ⍓ |













အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)
နေပြည်တော် (၂၀၁၄)



# ၄

# ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်သောတိုးတက်မှုနှင့် စီးပွားရေးပုံသဏ္ဍာန်ဆိုင်ရာအသွင်ကူးပြောင်းမှု

မြန်မာနိုင်ငံသည် ပြည်သူလူထုတစ်ရပ်လုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာအသိုက်အဝန်းသို့ ဝင်ဆံ့နိုင်မည့်ဝင်ငွေအလယ်အလတ်အဆင့်ရှိသော နိုင်ငံဖြစ်လာစေရန် ၂၀၃၀ ပြည့်နှစ်တွင် တစ်ဦးချင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၀၀ နှင့် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံ ရှိရမည်ဖြစ်ပါသည်။




တိုးတက်မှုနှင့် စီးပွားရေးပုံသဏ္ဍာန်ဆိုင်ရာ အသွင်ကူးပြောင်းမှု ၄-၁

စီးပွားရေးပုံသဏ္ဍာန် အသွင်ကူးပြောင်းမှု ၄-၄

စီးပွားရေးပုံသဏ္ဍာန် အသွင်ကူးပြောင်းမှုဆိုင်ရာ အနာဂတ်ခန့်မှန်းခြေ ၄-၇

ကဏ္ဍအလိုက်တိုးတက်မှု လိုအပ်ချက်များ ၄-၁၁

အသွင်ကူးပြောင်းခြင်းဖြင့် အလုပ်အကိုင် အကျိုးသက်ရောက်မှုများ ၄-၁၂

ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် ၄-၁၇

စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ရရှိနိုင်သော အရင်းအမြစ်များ ၄-၁၉

ပြည်တွင်းစုဆောင်းမှု ၄-၂၀

တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ၄-၂၁

# တိုးတက်မှုနှင့်စီးပွားရေးပုံသဏ္ဌာန်ဆိုင်ရာအသွင်ကူး ပြောင်းမှု

အခန်း ၄ တွင် မြန်မာနိုင်ငံ၏ တိုးတက်မှုလမ်းကြောင်းနှင့် ကဏ္ဍအလိုက် အသွင်ကူးပြောင်းမှု အခြေနေများကို တင်ပြထားပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အသိုက်အဝန်းတွင် ဝင်ဆံ့နိုင်ပြီး ဝင်ငွေအလယ်အလတ်အဆင့်ရှိသော စီးပွားရေးအဆောက်အအုံတစ်ခု အနေအထားသို့ စတင်ချဉ်းနင်းဝင်ရောက်နိုင်စေရန် ရည်မှန်းကာ ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြထားပါသည်။ မြန်မာ့စီးပွားရေး အဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်စေရန် အသွင်ကူးပြောင်းမှုများ ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ဘက်စုံဆက်စပ် လွှမ်းခြုံ နိုင်သော မူဝါဒဆိုင်ရာ အခြေခံမူဘောင်ကို NCDP တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၀၀ မှ အမေရိကန်ဒေါ်လာ ၄၀၀၀ ရရှိစေရန် စီးပွားရေး အဆောက်အအုံကို အသွင်ကူးပြောင်းမှုများပြုလုပ်ရာတွင် ညင်သာပျော့ပျောင်းသော မေခရိုစီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများ ဖြစ်ထွန်းလာစေရမည် ဖြစ်ပါသည်။

ပြင်ပမှ သက်ရောက်မှုများကြောင့် စီးပွားရေးအရ ထိခိုက်လွယ်မှုကို ကန့်သတ်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အဆင့်ကိုမြှင့်တင်ရန်၊ ဆင်းရဲမှုကို လျှော့ချနိုင်ရန်၊ ဝင်ငွေအလယ်အလတ်အဆင့် အခြေအနေသို့ ရောက်ရှိရန်အတွက် တိုးတက်ဖြစ်ထွန်းမှုများရရှိရေးသည် မြန်မာနိုင်ငံအတွက် အထူးအရေးပါပါသည်။ မြန်မာနိုင်ငံ၏ တစ်ဦးကျ ဝင်ငွေသည် ခန့်မှန်းတွက်ချက်မှုများအရ ၉၁၅ ဒေါ်လာ ဖြစ်ပြီး အာရှရှိဝင်ငွေ အနိမ့်ဆုံးနိုင်ငံများထဲတွင် တစ်ခုအပါ အဝင်ဖြစ်ပါသည်။ IHLCA စစ်တမ်း (၂၀၁၀) အရ လူဦးရေ၏ လေးပုံတစ်ပုံမှာ ဆင်းရဲလျက်ရှိပြီး အခြားသော အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆင်းရဲမှုနှုန်းမှာ ပိုမိုမြင့်မားပါသည်။ ဥပမာ- ဗီယက်နမ် (၂၁%)၊ ကမ္ဘောဒီးယား (၂၁%)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၀%)။


မြန်မာနိုင်ငံတွင် ကောင်းမွန်သော အားသာချက်များစွာရှိပြီး မြေယာပိုင်ဆိုင်မှု၊ လူ့စွမ်းအား အရင်းအမြစ်ပိုင်ဆိုင်မှု၊ သဘာဝသွင်းအားစုပိုင်ဆိုင်မှုနှင့် ပြည်တွင်းသုံးရန် ဖူလုံသော စွမ်းအား အရင်းအမြစ်များရှိခြင်းတို့က ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော တိုးတက်မှုနှင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိုးတက်မှုများရရှိရန် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ကောင်းမွန်သော အထောက်အပံ့များ ဖြစ်စေပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သော "Flying geese model" ကို အတုယူရမည်ဖြစ်ပါသည်။ ဒေသတွင်း နိုင်ငံများသည် အလွန်တိုတောင်းလှသော ကာလအတွင်း စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးစနစ်မှ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးပြီး ဝန်ဆောင်မှုလုပ်ငန်းများ ထွန်းကားသည့် ပိုကုန်ဦးစားပေးသော စီးပွားရေးအဆောက်အအုံအဖြစ်သို့ ကူးပြောင်းခဲ့ကြပါသည်။ ထိုသို့ကူးပြောင်းရာတွင် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်များ၊ ကမ္ဘာ့တန်ဖိုးကွင်းဆက်များနှင့် အဆင်ပြေချောမွေ့သော ဝန်ဆောင်မှုလုပ်ငန်းများကို ချိတ်ဆက် ဆောင်ရွက်သည့် အခြေအနေများကို "Flying geese model" တွင် အထင်အရှားတွေ့နိုင်ပါသည်။

ဝင်ငွေအလယ်အလတ် အဆင့်ရှိသော အခြေအနေသို့ ရောက်ရှိရန် အရည်အသွေးရှိသော လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ပေါက်လာရေးအတွက် အဆိုပါနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှု များစွာပြုလုပ်ရေးသည် အထူးအရေးပါလှပါသည်။ သို့မှသာ အရည်အသွေးရှိသော လုပ်သား အင်အားထုများဖြင့် အိမ်နီးချင်းနိုင်ငံများ တက်လှမ်းနိုင်ခဲ့သော တိုးတက်မှု အခြေအနေကိုရရှိမည် ဖြစ်ပါသည်။ ကုန်ထုတ်လုပ်နိုင်စွမ်းမြင့်မားသော လုပ်သားအင်အားထု များရရှိနိုင် ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်သော ကျန်းမာရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန် လိုအပ်ပါသည်။ သို့မှသာ ကျန်းမာကြံ့ခိုင်၍ ကျွမ်းကျင်မှုရှိသော လုပ်သားများဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ၊ စွန့်ဦးတီထွင်မှုများ၊ ဆန်းသစ်သော အတွေးအခေါ်များကို ဖန်တီးနိုင်ကာ စီးပွားရေး အခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည် ဖြစ်ပါသည်။

တိုးတက်မှုများရရှိရန် ရှုထောင့်ပေါင်းစုံမှ ဆန်းစစ်ပြီး "pull up strategy" ကို ကျင့်သုံးရန် လိုအပ်ပါသည်။ "pull up strategy" တွင် ကနဦးတိုးတက်မှု (initial growth) ဖြစ်ပေါ်စေရန် စတင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်နှင့် မြို့ပြဒေသများတွင် ဆင်းရဲမှုကို လျင်မြန်စွာ လျှော့ချနိုင်ရန် ပြည်သူအားလုံး ရရှိခံစားနိုင်သော အလုပ်အကိုင်များကို ဖန်တီးပေး၍ တိုးတက်မှုများ စတင်ရရှိစေမည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဆင်းရဲသားပြည်သူများ ဝင်ငွေ စဉ်ဆက်မပြတ် ရရှိလာစေပြီး အဆင့်မြင့် လူ့ဘောင်အဖွဲ့အစည်း အဖြစ်ပေါ်ထွန်းလာစေရန် မူဝါဒများချမှတ်၍ ဆင်းရဲမှု အခြေအနေမှ ဆွဲတင် (pull up) ရမည် ဖြစ်ပါသည်။ အဆိုပါမူဝါဒကို ချမှတ်ရာတွင် နိုင်ငံအတွင်းရှိ ဒေသအလိုက် အခြေအနေပေါ် မူတည်၍ ဆင်းရဲမှုလျှော့ချရေးကို တိုက်ရိုက် အကျိုးသက်ရောက်မှု ရှိစေရန် အစီအစဉ်များ ချမှတ်ကာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့ပြင် ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပြည်သူများ ဝင်ငွေတိုးတက်အောင်ရှာဖွေရာတွင် ကောင်းမွန်သော အထောက်အပံ့ ဖြစ်စေမည် ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ အလားအလာနှင့် ပြင်ပမှ အကျိုးသက်ရောက်မှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အလားအလာသည် အသွင်ကူးပြောင်းမှု ကာလအတွင်း တိုးတက်မှုနှုန်း double digit ဖြစ်နိုင်သော်လည်း NCDP ကာလတစ်လျှောက်တွင် GDP တိုးတက်မှုနှုန်းသည် double digit အောက်နိမ့်သော နှုန်းဖြင့် တည်ငြိမ်သော အနေအထား ရရှိစေရန် မျှော်မှန်းထားသည်။

NCDP နှစ် ၂၀ နှစ်ရှည် စီမံကိန်းကို ကာလတို ငါးနှစ် စီမံကိန်း ၄ ပိုင်းဖြင့် အသေးစိတ် အကောင်အထည်ဖော်ကာ တိုးတက်မှုများရရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ IMF မှ လက်ရှိ ထုတ်ပြန်ထားသော စာရင်းအချက်အလက်များပေါ် အခြေခံ၍ တိုးတက်မှု ဖြစ်နိုင်ခြေကို ခန့်မှန်းထားပါသည်။ အိမ်နီးချင်း အာရှနိုင်ငံများ၏ အတွေ့အကြုံများပေါ် မူတည်၍ ရရှိနိုင်သော Per Capita GDP ကို ခန့်မှန်းထားပါသည်။ စီမံကိန်းများ အကောင်အထည်ဖော်နေသော ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပမှ သက်ရောက်မှုများကို လျှော့ပါး သက်သာ စေရန် ခေတ်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် မူဝါဒများကို အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံများပေါ် မူတည်၍ ချမှတ်ကာ မဟာဗျူဟာမြောက် စီမံကိန်းများ ရေးဆွဲရန် မျှော်မှန်းထားပါသည်။ သို့ဖြစ်ပါ၍ ယခုခန့်မှန်းထားသော တိုးတက်မှုလမ်းကြောင်းသည်အတိအကျ မဟုတ်ဘဲ အပြောင်းအလဲများ ရှိနိုင်ပါသည်။




ပုံ-၄-၁

တစ်ဦးကျ ဂျီဒီပီ တိုးတက်မှုနှုန်း အနာဂတ်ခန့်မှန်းခြေ ၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ IMF Article IV (၂၀၁၄)

အခြေခံမျှော်မှန်းချက်အဖြစ် Per Capita GDP ကို ၂၀၃၀ ပြည့်နှစ်တွင် US$ ၃၀၀၀ ရရှိရန် ရည်မှန်းချက်ထား၍ NCDP ကို ရေးဆွဲထားပါသည်။ ၂၀၁၃ခုနှစ်၏ Per Capita GDP US$ ၉၁၅ (IMF မှ ထုတ်ပြန်သော စာရင်းများအရ) ကို အခြေပြု၍ တိုးတက်မှုနှုန်း ၇.၂၃% ဖြင့် ရည်မှန်းချက်သို့ရောက်ရှိအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၁၉၉၀ နှင့် ၂၀၁၀ ပြည့်နှစ်များ အကြား အာရှ - ပစိဖိတ် စီးပွားရေးအဆောက်အအုံ၏ ပျမ်းမျှတိုးတက်မှုနှုန်းမှာ ၇.၆% ဖြစ်ပါသည်။ UN မှ ထုတ်ပြန်သော လူဦးရေစာရင်းများအရ Per Capita GDP တိုးနှုန်း ၇.၂၃% ရရှိရန် GDP တိုးတက်မှုနှုန်း ၇.၈% ရှိရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ Per Capita GDP တိုးနှုန်းသည် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ တွေ့ကြုံခဲ့ရသော အနေအထား နှင့် တူညီနေပါသည်။ ပျမ်းမျှ တိုးတက်မှုနှုန်း ၄.၇% တိုးတက်ပါက ၂၀၃၀ ပြည့်နှစ် တွင် Per Capita GDP အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့် ဝင်ငွေအလယ်အလတ်အဆင့်ထက် နိမ့်သည့် အခြေအနေကို ရရှိမည်ဖြစ်ပါသည်။ (အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် နိုင်ငံများ၏ လက်ရှိအနေအထားနှင့် တူညီပါသည်။) ပျမ်းမျှ တိုးတက်မှုနှုန်း ၉.၀၆% ဖြင့် သွားပါက Per Capita GDP အမေရိကန်ဒေါ်လာ၄၀၀၀ ရရှိမည်ဖြစ်ပြီး ယခုအနေအထားသည် ကမ္ဘာ့စီးပွားရေး တိုးတက်မှု ကြိုတင်ခန့်မှန်းမှုများနှင့် ချိန်ဆရာတွင် စိန်ခေါ်မှုအလွန်များသော အနေအထားဖြစ်ပါသည်။

| တိုးတက်မှုနှုန်း အနာဂတ်ခန့်မှန်းခြေ | တိုးလာမည့် တစ်ဦးကျဝင်ငွေ ခန့်မှန်းချက် (US$) | တစ်ဦးကျ ဂျီဒီပီ တိုးတက်မှုနှုန်း ခန့်မှန်းချက်(US$) | ၂၀၁၀ မှ တစ်ဦးကျ ဝင်ငွေပြောင်းလဲမှု |
|---|---|---|---|
| အခြေပြု သတ်မှတ်ချက်(၇.၂%) | ၇၄၂ - ၃,၀၀၀ | ၇.၈% | ၄ ဆ |
| အနိမ့်ဆုံး သတ်မှတ်ချက်(၄.၇%) | ၇၄၂- ၂,၀၀၀ | ၅.၃% | ၂.၆ ဆ |
| အမြင့်ဆုံး သတ်မှတ်ချက်(၉.၁%) | ၇၄၂ - ၄,၀၀၀ | ၉.၇% | ၅.၃ ဆ |

ဇယား-၄-၁

တိုးတက်မှုနှုန်း အနာဂတ်ခန့်မှန်းခြေ ၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန/ တစ်ဦးကျ ဂျီဒီပီ IMF Article IV (၂၀၁၄)

၂၀၁၀ ပြည့်နှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း တစ်ဦးချင်းဝင်ငွေ တိုးတက်မှုနှုန်း မျှော်မှန်းချက်ကို အနိမ့်ဆုံး ၂.၆ ဆမှ အမြင့်ဆုံး ၅.၃ ဆ အထိ အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ရာတွင် အမြင့်ဆုံးအဆင့်ရရှိရန် လျာထားပါသည်။ မြန်မာနိုင်ငံကို ၂၀၃၀ ပြည့်နှစ်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့၏ လက်ရှိဝင်ငွေ အလယ်အလတ်ရရှိသော အနေအထားသို့ ရောက်အောင် ရည်မှန်းရေးဆွဲထားပါ သည်။ အမြင့်ဆုံး GDP တိုးတက်မှုနှုန်း ၉.၇% ရရှိပါက Per Capita တိုးနှုန်း အမြင့်ဆုံး ၉.၁% နှင့် အမေရိကန်ဒေါ်လာ ၄၀၀၀ ရရှိရန် မျှော်မှန်းထားပါသည်။

မြန်မာနိုင်ငံ၏ ဂျီဒီပီ တန်ဖိုးကို နှစ်စဉ်တိုးတက်မှုနှုန်း ၇.၂% ဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံ ရရှိရန် ရည်မှန်းရေးဆွဲထားပါသည်။ မြန်မာနိုင်ငံသည် စိန်ခေါ်နေသော ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပြီး ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး ဖြစ်စဉ်တွင် စီးပွားရေးအဆောက်အအုံ၏ အဓိက ကဏ္ဍများဖြစ်သော လယ်ယာ၊ စက်မှု၊ ဆောက်လုပ်မှု၊ ငွေရေးကြေးရေး၊ စွမ်းအင်နှင့် သတ္တု၊ ခရီးသွားလာရေးကဏ္ဍများကို တိုးတက်မှုများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### တိုးတက်မှုနှုန်းယူဆချက်များ

- တိုးတက်မှုနှုန်းအခြေအနေများကို ၂၀၁၀ ခုနှစ် မှ ၂၀၁၃ ခုနှစ်အထိ IMF base line data များပေါ် အခြေခံ၍ ရေးဆွဲထားပါသည်။
- ပျမ်းမျှတိုးတက်မှုနှုန်းကို ၁၀% ထက်မကျော်စေရန် ရေးဆွဲထားပါသည်။
- ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သော လူဦးရေစာရင်းများပေါ် အခြေခံ၍ တွက်ချက်ထားပါသည်။
- တရားဝင်ငွေလဲလှယ်နှုန်း (အမေရိကန်ဒေါ်လာ/ မြန်မာကျပ်) ကို အသုံးပြုထားပါသည်။


---

အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံ
တစ်ဦးကျ ဂျီဒီပီ အမေရိကန်ဒေါ်လာ ၃၀၀၀

## စီးပွားရေးပုံသဏ္ဍာန်အသွင်ကူးပြောင်းမှု

အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးအသွင်ကူးပြောင်းမှု အတွေ့အကြုံကို အခြေခံ၍ စီးပွားရေးပုံသဏ္ဍာန် အသွင်ကူးပြောင်းမှု အခြေအနေ (၂) ခုကို တင်ပြထားပါသည်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကာလအပြီးတွင်မြန်မာစီးပွားရေး အဆောက်အအုံသည် အဆင့်မြင့်လာကာ တိုးတက်မှုများ ရရှိလာမည်ဖြစ်ပါသည်။ ထိုသို့ဖြစ်စေရန် ဆောင်ရွက်ရာတွင် (၁) ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ အပါအဝင် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များ (RPNs) နှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ ချိတ်ဆက်၍ စုစည်းဆောင်ရွက်နိုင်စေရန် (၂) ရေနံနှင့် ရေနံဓာတုထုတ်ကုန် ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းစုများကို ချဲ့ထွင်၍ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် (၃) လုပ်သားအခြေပြု ထုတ်လုပ်သော အထည်အလိပ်လုပ်ငန်းများကို အနောက်နိုင်ငံများ၏ ပို့ကုန်ဈေးကွက်များသို့ ပြန်လည်ပူးပေါင်း ဆောင်ရွက်ရန်၊ (၄) ကုန်သွယ်မှုပြုနိုင်သော ကဏ္ဍများ အထူးသဖြင့် ခရီးသွားလာရေး၊ စီးပွားရေး လုပ်ငန်းများအတွက် အထောက်အပံ့ပေးရန်၊ ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် (၅) တန်ဖိုးမြင့် စက်မှုလက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုဆိုင်ရာ အထောက်အပံ့ကောင်းများကို ပံ့ပိုးထောက်ပံ့ပေးနိုင်ရန်စသည့် အချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။


၁၉၉၅ ခုနှစ်မှ ၂၀၁၂ ခုနှစ် အတွက် အိမ်နီးချင်း နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သော AIS structure ၏ အသွင်ကူးပြောင်း မှုနှုန်းမှာ - ၄% မှ ၇% ကြားတွင် ရှိပါသည်။ ထိုအခြေအနေများပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အသွင် ကူးပြောင်းမှု အနာဂတ်ခန့်မှန်းခြေကို ရေးဆွဲထားပါသည်။





ပုံ-၄-၂

ပျမ်းမျှ AIS ပြောင်းလဲမှုအခြေအနေ (၁၉၉၅ မှ ၂၀၁၂)၊ ဇာစ်မြစ်၊ ADB, key indicators for Asia and Pacific (၂၀၁၃)


အိမ်နီးချင်းနိုင်ငံများ အနက် ထိုင်းနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့၏ စီးပွားရေးတွင်အဓိက ကဏ္ဍအလိုက် ပါဝင်မှုနှုန်း ပြောင်းလဲမှုအဆင့်မှာ အတက်အကျများစွာ မရှိသည်ကို တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံတွင် အမြင့်ဆုံး +၁၃% နှင့် အနိမ့်ဆုံး -၁၃% ကြားတွင်ရှိကာ ဗီယက်နမ်နိုင်ငံမှာ အမြင့်ဆုံး +၉% နှင့် အနိမ့်ဆုံး -၇% ကြားတွင်ရှိပါသည်။





ကမ္ဘောဒီယားနိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု




လာအိုနိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု




ထိုင်းနိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု




ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု

ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့၏ ကဏ္ဍအလိုက် အသွင်ကူးပြောင်းမှုနှုန်းမှာ ပိုမိုကွာဟချက်များပါသည်။ လာအိုနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုနှုန်းမှာ +၂၇% အထိ တိုးတက်လာပြီး ထိုနှစ်တစ်နှစ်အတွင်းတွင်ပင် လယ်ယာကဏ္ဍ၏ ပါဝင်မှုနှုန်း မှာ -၇.၆% သို့ ကျဆင်းသွားခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ် တစ်နှစ်ထဲမှာပင် ကမ္ဘောဒီးယားနိုင်ငံသည် စက်မှုကဏ္ဍ၏ ပါဝင်မှုနှုန်း ၂၀%အထိ မြင့်တက်သွားပြီး လယ်ယာကဏ္ဍ၏ ပါဝင်မှုနှုန်း ၁၃% သို့ ကျဆင်းသွားခဲ့ပါသည်။

NCDP ၏ ကဏ္ဍအလိုက် အသွင်ကူးပြောင်းမှု မျှော်မှန်းချက်ရေးဆွဲရာတွင် လယ်ယာကဏ္ဍကို အခြေခံသော သမားရိုးကျ စီးပွားရေးအခြေအနေမှ အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ဝင်ဆံ့နိုင်သည့် တိုးတက်ဖြစ်ထွန်းသော အဖွဲ့ဝင်နိုင်ငံတစ်ခု အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေရန် ရည်မှန်းထားပါသည်။ အလယ်အလတ်အဆင့် စက်မှုဖွံ့ဖြိုးသော အနေအထားမှ တန်ဖိုးမြင့် စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သော ဥပမာ - လျှပ်စစ် နှင့် အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်သည့် အခြေအနေသို့ ရောက်ရှိရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ လုပ်သားဈေးကွက်၏ စွမ်းဆောင်ရည်မြင့်မားစေရန် ပညာရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများအပေါ် အခြေခံ၍ အရည်အသွေးမြင့်သော ဝန်ဆောင်မှုများ ကို တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် ခရီးသွားလာရေး လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုး တိုးတက်ပြီး ဝင်ငွေမြင့်မားစွာရရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကဲ့သို့သော သွင်းအားစုပေါ် အခြေခံသော လုပ်ငန်းစုများ၏ အရေးပါမှုကို ချိန်ညှိကာ စက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စဉ်ဆက်မပြတ် အသွင်ကူးပြောင်းမှုများကို တဖြည်းဖြည်းချင်း ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေအလယ်အလတ်အဆင့်ရှိသော စီးပွားရေး အဆောက်အအုံတစ်ခု ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ NCDP ၏ မဟာဗျူဟာကို ရေးဆွဲထားပါသည်။

၂၀၁၃ ခုနှစ်တွင် ဖြစ်ပေါ်နေသော ဒေသတွင်း နိုင်ငံ ၄ နိုင်ငံ၏ စီးပွားရေး အဆောက်အအုံ (စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ၏ ပါဝင်မှုအဆင့်ကို မြှင့်တင်ပြီး လယ်ယာကဏ္ဍကြီး၏ပါဝင်မှုကို လျှော့ချခြင်း) အပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု အနာဂတ်ခန့်မှန်းခြေကို တင်ပြထားပါသည်။ စက်မှုဖွံ့ဖြိုးရေး မဟာဗျူဟာကို အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေသည် ထိုင်းနှင့် ဗီယက်နမ်တို့၏ ယခုလက်ရှိစီးပွားရေး ပုံသဏ္ဍာန် နှင့် အလားသဏ္ဍာန် တူညီမည် ဖြစ်ပါသည်။


## စီးပွားရေးပုံသဏ္ဍာန် အသွင်ကူးပြောင်းမှုဆိုင်ရာအနာဂတ်ခန့်မှန်းခြေ

အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု၏ ပျမ်းမျှအခြေ အနေမှာ လယ်ယာ ကဏ္ဍကြီး (၂၄%)၊ စက်မှုကဏ္ဍကြီး(၃၃%)၊ ဂန်ဆောင်မှု ကဏ္ဍကြီး(၄၃%) ဖြစ်ပါသည်။ စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အပံ့ ကောင်းများ ပေးနိုင်ရေးနှင့် ပြည်တွင်းပြည်ပနှင့် ချိတ်ဆက်ဆောင်ရွက်ရသော ငွေရေးကြေးရေး လုပ်ငန်းများ အဆင်ပြေစေရေးအတွက် ဂန်ဆောင်မှုကဏ္ဍသိသာစွာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ သို့မှသာ စီးပွားရေးအရ အကျိုးကျေးဇူးများရရှိရန် အလားအလာရှိသော ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

| | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ပျမ်းမျှ |
|---|---|---|---|---|---|---|---|---|---|
| လယ်ယာကဏ္ဍကြီး | ၂၄.၄၀ | ၂၃.၀၅ | ၂၃.၃၅ | ၂၄.၄၀ | ၂၄.၃၀ | ၂၄.၀၃ | ၂၄.၃၀ | ၂၅.၆၅ | ၂၄.၁၈ |
| စက်မှုကဏ္ဍကြီး | ၃၁.၇၀ | ၃၃.၈၅ | ၃၃.၃၀ | ၃၂.၀၈ | ၃၁.၃၅ | ၃၂.၈၅ | ၃၃.၀၀ | ၃၂.၇၀ | ၃၂.၇၂ |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၄၃.၉၀ | ၄၃.၁၀ | ၄၃.၃၅ | ၄၃.၅၃ | ၄၄.၃၅ | ၄၃.၁၂ | ၄၂.၇၀ | ၄၀.၇၀ | ၄၃.၁၀ |


ဇယား ၄-၂ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်း၊ လာအို နိုင်ငံတို့၏ ပျမ်းမျှစီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုအခြေအနေ
ဇာစ်မြစ်၊ ADB Key Indicators for Asia and the Pacific (၂၀၁၃)

မြန်မာနိုင်ငံ လက်ရှိစီးပွားရေးပုံသဏ္ဍာန်သည် အိမ်နီးချင်းနိုင်ငံများ၏ ကဏ္ဍအလိုက်ပါဝင်မှု ပျမ်းမျှအခြေအနေနှင့် အနည်းငယ်ကွဲလွဲမှုရှိပါသည်။ စက်မှုဖြစ်ထွန်းမှု မဟာဗျူဟာအရ မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍကြီး၏ ပါဝင်မှုသည် (၃၃.၈%) ရှိပါသည်။ ၂၀၃၀ပြည့်နှစ်တွင် ရည်မှန်းထားသော စီးပွားရေးပုံသဏ္ဍာန် (လယ်ယာကဏ္ဍကြီးပါဝင်မှု၂၄%၊ စက်မှုကဏ္ဍကြီး ပါဝင်မှု ၃၇%၊ ဝန်ဆောင်ကြီးမှု ၃၉%) ဖြစ်ထွန်းပေါ်ပေါက်စေရန် ရင်းနှီးမြှုပ်နှံမှု လိုအပ်မည် ဖြစ်ပါ သည်။ အနာဂတ်ခန့်မှန်းခြေ ပထမ ၅ နှစ်စီမံကိန်းကို အခြေခံ၍ ၅ နှစ်စီမံကိန်း ၄ ခုဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ရည်မှန်းချက်ကို ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။




ပုံ ၄-၄

စက်မှုနိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု အနာဂတ်ခန့်မှန်းခြေ ဇာစ်မြစ် စီမံကိန်းရေးဆွဲရေး (၂၀၁၄)




ပုံ ၄-၅

အသွင်ကူးပြောင်းမှု အနာဂတ်ခန့်မှန်းခြေ- ကဏ္ဍအလိုက်ပါဝင်မှုအချိုးပြောင်းလဲမှု၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေး (၂၀၁၄)

ကဏ္ဍအလိုက်ပါဝင်မှု အခြေအနေများအရ အသွင်ကူးပြောင်းမှု အနာဂတ် ခန့်မှန်းခြေသည် လက်ခံသင့်သော အခြေအနေတွင် ရှိရန်ဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်း ဒေသတွင်း ဖြစ်နိုင်ခြေအလားအလာအတွင်းသာ ကျရောက်နေရမည်ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်များ အတွင်း ပျမ်းမျှနှုန်းနှင့် နှိုင်းယှဉ်လျှင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိသော်လည်း အဆိုပါ ပြောင်းလဲမှုများသည် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ အသွင်ကူးပြောင်းမှုအနေအထားနှင့် နှိုင်းစာလျှင် လက်ခံနိုင်သောအနေအထားဖြစ်ပါသည်။

၂၀၁၅ခုနှစ်မှ ၂၀၃၀ပြည့်နှစ်အတွင်း ၅ နှစ်စီမံကိန်းကာလ၏ တစ်ခုချင်းတွင် ကဏ္ဍအလိုက် အသွင်သဏ္ဌာန် ပြောင်းလဲမှုနှုန်းသည် ဒေသတွင်းပျမ်းမျှမျှော်မှန်းထားသော အခြေအနေထက် အတိုးအလျော့ဖြစ်ပေါ်နိုင်ပါသည်။ ၂၀၃၀ ခုနှစ်အထိ ၅ နှစ် စီမံကိန်း တစ်ခုချင်းအလိုက် စီးပွားရေး ပုံသဏ္ဌာန်တွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုး သည် ၅% ခန့် လျော့နိုင်မည်ဟုခန့်မှန်းထားပါသည်။

နိုင်ငံတော်သမ္မတကြီး၏ စီးပွားရေးမူဝါဒ (၄)ချက်အရ မြန်မာ့သမိုင်းကြောင်းတွင် ကောင်းကျိုးများစွာ ရရှိခဲ့သော လယ်ယာကဏ္ဍကြီးကို ကျောထောက် နောက်ခံပြုကာ စက်မှုထွန်းကားသည့် နိုင်ငံအဖြစ် အသွင်ကူးပြောင်းရန် အနာဂတ်ခန့်မှန်းခြေကို ရေးဆွဲထားပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး ပုံသဏ္ဌာန်ခန့်မှန်းခြေရေးဆွဲရာတွင် လယ်ယာကဏ္ဍကြီးပေါ်တွင် အားထားမှုလျော့၍ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့အပေါ်တွင် ပိုမိုအားထားမည်ဖြစ်ပါသည်။

ဤပုံစံသည် ထိုင်းနှင့်ဗီယက်နမ်တို့တွင် ဖြစ်ပေါ်နေသော စီးပွားရေး ပုံသဏ္ဌာန်နှင့်လည်း လိုက်လျောညီထွေရှိပါသည်။ လယ်ယာကဏ္ဍကို ခေတ်နှင့်အမီ ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ခြင်း၊ မြေယာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းဖြင့် နှစ်ရှည်လယ်ယာကဏ္ဍစီမံကိန်းရေးဆွဲရာတွင် မဟာဗျူဟာကျသော အရေးပါသည့် အချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

ငွေရေးကြေးရေး၊ ဆက်သွယ်ရေး၊ ခရီးသွားလာရေးကဏ္ဍတို့တွင် ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်သော ဝန်ဆောင်မှုများ ပေါ်ပေါက်လာရေးကို ဦးစွာဆောင်ရွက်နိုင်ရန် မဟာဗျူဟာများ ချမှတ်ကာ အထူးအာရုံစိုက်ရန်လိုအပ်ပါသည်။ စက်မှုဖြစ်ထွန်းရန်အတွက် လိုအပ်သောအခြေခံ စီးပွားရေးပုံသဏ္ဌာန် ပေါ်ထွက်လာရေးမှာ အထူးအရေးပါပါသည်။ သို့မှသာ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အထောက်အပံ့များ ပေးနိုင်မည်ဖြစ်ပြီး လုပ်သားအင်အား ပါဝင်မှုအချိုးအစား မြင့်မားခြင်းအတွက် ကုန်ကျစရိတ်လျော့ချခြင်း၊ သတ္တုတူးဖော်ခြင်းနှင့် ကျောက်မိုင်းတူးခြင်းများ ဆောင်ရွက်ရာတွင် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

စီးပွားရေးပုံသဏ္ဌာန် အသွင်ကူးပြောင်းမှု အနာဂတ်ခန့်မှန်းခြေတွင် အဝတ်အထည်နှင့် အထည်အလိပ်လုပ်ငန်းများကဲ့သို့သော လုပ်သားအခြေပြု စက်မှုကဏ္ဍပို့ကုန်များ၏ အရေးပါမှု များလည်း ထင်ဟပ်ရေးဆွဲ ထားပါသည်။ သို့မှသာ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း ကုန်ကြမ်းထုတ်ကုန်များကို ထပ်ဆင့်တိုးတန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲတင်ပို့နိုင်ရန် အထောက်အပံ့ကောင်းများ ရရှိစေမည်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်အလွန်တွင် လျှပ်စစ်ပစ္စည်းများ၊ နည်းပညာ စွမ်းဆောင်ရည်

ပိုမိုမြင့်မားသော စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်မည့် စက်မှု လုပ်ငန်းထူထောင်ခြင်း ဖြစ်စဉ်အတွက် အခွင့်အလမ်းသစ်များ ရရှိစေမည်ဖြစ်ပါသည်။ ထို့ပြင် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှု များကို ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားသည့် ကျွမ်းကျင်မှုများ၊ အသိပညာဗဟုသုတများ ရှိရန် လိုအပ်ပါသည်။ သို့မှသာ အနာဂတ်မျှော်မှန်းချက်သည် အဝတ်အထည်ထုတ်လုပ်သည့် စက်ရုံများကဲ့သို့ လုပ်သား အခြေပြု စက်မှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားရုံသာမက အသေးစား နှင့် အလတ်စား စက်မှုလုပ်ငန်းများ စုပေါင်းတည်ထောင်ခြင်းနှင့် နိုင်ငံစုံ စီးပွားရေးလုပ်ငန်း အမြောက်အများကို ဆွဲဆောင်ခြင်းမှတဆင့် လျှင်မြန်သည့် စက်မှုလုပ်ငန်းတည်ထောင်ခြင်းဖြင့် ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်တွင် ပါဝင် ဆောင်ရွက်ရန်ကိုလည်း ထည့်သွင်းစဉ်းစား ထားပါသည်။ လုပ်သားအခြေ ပြုအသုံးပြုသည့် စက်မှုလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းများမှ ကျွမ်းကျင်မှုနည်းသော လုပ်သားများသည် မြို့ပြရှိစက်မှုလုပ်ငန်းများသို့ ပြောင်းရွှေ့ ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ လျှင်မြန်စွာ ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နှိုင်းယှဉ်အကျိုးကျေးဇူးများဖြစ်သည့် လုပ်ခလစာနည်းနည်းဖြင့် ရရှိနိုင်သော လုပ်သားပေါကြွယ်ဝခြင်း၊ စက်မှုလုပ်ငန်းများရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ အထူးစီးပွားရေးဇုန်များသည် မဟာဗျူဟာမြောက်အနေအထားတွင်ရှိခြင်းစသော အခြေ အနေများပေါ်အခြေခံ၍ အသွင်ကူးပြောင်းမှုကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းအနာဂတ် မျှော်မှန်းချက်သည် အာဆီယံ စီးပွားရေးအသိုက်အဝန်းမှတစ်ဆင့် ဒေသတွင်းခိုင်မြဲသည့် ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ကုန်သွယ်မှု ဆက်ဆံရေးအသစ်များ လျှင်မြန်စွာ ပေါ်ပေါက်လာရန်ဖြစ်ပါသည်။

(ပုံ ၄-၄ နှင့် ပုံ၄-၅)ရှိ အသွင်ကူးပြောင်းမှုတွင် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့ အတွင်း လျှင်မြန်သည့် စက်မှုလုပ်ငန်းထူထောင်ရန်အတွက် မြင့်မားသည့် စိန်ခေါ်မှုရှိသည်။ ၎င်းလုပ်ဆောင်ချက်သည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအလားအလာများ လွှမ်းမိုးမှုများအပေါ်တွင် မူတည်နေပါသည်။

ပြင်ပသက်ရောက်မှုများသည် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုနှင့် ဒေသတွင်းတိုးတက်မှု ရင်းနှီးမြှုပ်နှံသူ အခြေအနေများ စသည့်အချက်များနှင့် အထူးသဖြင့် ဒေသတွင်း နိုင်ငံရေး တည်ငြိမ်မှုနှင့် ဆက်စပ်နေပါသည်။ ပြည်တွင်း စိန်ခေါ်မှုများဖြစ်သော လျှင်မြန်သည့် စီးပွားရေးပုံသဏ္ဌာန်ကူးပြောင်းမှုသည် ဘဏ္ဍာရေးကိစ္စရပ်များနှင့် အချိန်ကန့်သတ်ချက် များဖြင့် ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် လုပ်သားအင်အားကို ထိရောက်စွာ တိုးမြှင့် ခြင်း၊ စီးပွားရေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ မြေယာလုပ်ပိုင်ခွင့် နှင့် ပြည်တွင်းစားသုံးမှုကို စဉ်ဆက်မပြတ် တိုးတက်ခြင်း စသည်တို့တွင် စိန်ခေါ်မှုများ ရှိနေခဲ့ ပါသည်။ ထို့အပြင် ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှုနှင့် သင့်တင့် လျှောက်ပတ်သော လုပ်ခလစာများ လျှင်မြန်စွာ ရရှိမှုတို့ဖြစ်ပါသည်။

လယ်ယာကဏ္ဍကြီး၏ပါဝင်မှုကို လျှော့ချခြင်းဖြင့် စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက် စေမည်မဟုတ်ပေ။ စားနပ်ရိက္ခာဖူလုံမှုနှင့်ဆက်စပ်နေသော တန်ဖိုးမြင့် လယ်ယာ ထုတ်ကုန် အမျိုးမျိုး ပြောင်းလဲထုတ်လုပ်ခြင်း၊ ရေသွင်းစိုက်ပျိုးခြင်းကို တိုးမြှင့်ခြင်းနှင့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့် အသစ်များကို အသုံးပြုစေခြင်းစသည့် ခေတ်မီစိုက်ပျိုးသည့် နည်းစနစ်များဖြင့် အဓိကသီးနှံများဖြစ်သော ဆန်စပါးနှင့်ပြောင်း ထုတ်လုပ်ခြင်းကို တိုးတက်စေမည်ဖြစ်ပါသည်။ စက်မှုလယ်ယာဖြစ်ထွန်းမှု မဟာဗျူဟာအရ တစ်ပိုင်တစ်နိုင်လယ်ယာလုပ်ကိုင်သူများကို စုစည်း၍ စက်မှုလယ်ယာအသွင် ကူးပြောင်းရန် လိုအပ်မည်ဖြစ်ပါသည်။

## ကဏ္ဍအလိုက်တိုးတက်မှုလိုအပ်ချက်များ

စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲမှုမဟာဗျူဟာအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှု အချိုးအစားအတိုးအလျော့ရှိနိုင်သော်လည်း ကဏ္ဍတစ်ခုချင်းအနေဖြင့် တိုးတက်ရန်လိုအပ် ပါသည်။ (ဇယား ၄-၃)လယ်ယာကဏ္ဍကြီးတွင် ၂.၆ဆ၊ စက်မှုကဏ္ဍကြီးတွင် ၅.၆ဆ နှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၄.ဝဆ တိုးတက်ရရှိရန်လိုအပ်ပါသည်။

| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၂၀ | ၂၀၂၅ | ၂၀၃၀ | တိုးတက်မှု |
|---|---|---|---|---|---|---|---|---|---|---|
| လယ်ယာကဏ္ဍကြီး | ၂၇၃ | ၃၁၁ | ၂၈၀ | ၂၇၄ | ၂၈၁ | ၂၉၂ | ၃၉၆ | ၅၃၄ | ၇၁၉ | ၂.၆ |
| စက်မှုကဏ္ဍကြီး | ၁၉၇ | ၂၄၄ | ၂၆၃ | ၃၀၉ | ၃၄၃ | ၃၇၂ | ၅၃၆ | ၇၇၁ | ၁၁၀၉ | ၅.၆ |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၂၇၂ | ၃၄၅ | ၃၂၅ | ၃၃၂ | ၃၅၇ | ၃၈၇ | ၅၆၀ | ၈၀၉ | ၁၁၆၉ | ၄.၃ |
| တစ်ဦးကျ ဂျီဒီပီ* | ၇၄၂ | ၉၀၀ | ၈၆၈ | ၉၁၅ | ၉၈၁ | ၁၀၅၁ | ၁၄၉၂ | ၂၁၀၄ | ၂၉၉၇ | ၄.၀ |

*၂၀၁၀ မှ ၂၀၁၃ ထိ တစ်ဦးကျ ဂျီဒီပီ IMF - art IV, data ၂၀၁၅ မှ ၂၀၃၀ ထိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

ဇယား ၄-၃ ကဏ္ဍအလိုက်အသွင်ကူးပြောင်းမှုတန်ဖိုးများ (တစ်ဦးကျ ဂျီဒီပီ, US$) နှင့် ကဏ္ဍအလိုက်တိုးတက်မှုလိုအပ်ချက် ဇာစ်မြစ်၊ IMF Art IV (၂၀၁၃), စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

စပါးထုတ်လုပ်မှု၏ စွမ်းဆောင်ရည်ကျဆင်းပါက လယ်ယာကဏ္ဍကြီးလည်း တိုးတက်မည်မဟုတ်ပါ။ ဝင်ငွေအလျော့အတင်းနည်းသော်လည်း ပြည်တွင်းစားနပ် ရိက္ခာဖူလုံရန် အတွက် အဓိကအရေးပါသည့် ကဏ္ဍဖြစ်သည်။ ပို့ကုန်အခွင့်အလမ်းတစ်ခုအနေဖြင့် စဉ်းစားမည် ဆိုပါက ကမ္ဘာ့ဈေးကွက်တွင် စွန့်စားမှုမြင့်မားသည့် ယှဉ်ပြိုင်မှုများရှိနေပါသည်။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့ လယ်ယာထုတ်ကုန်များ အမျိုးမျိုးပြောင်းလဲထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှုများတိုးတက်ခြင်း၊ သစ်တောထွက်ထုတ်ကုန်များ စဉ်ဆက်မပြတ်တိုးတက်ခြင်း စသည်တို့ကို လယ်ယာကဏ္ဍတိုးတက်ရန်အတွက် အဓိက မောင်းနှင်အားအဖြစ် အသုံးပြုရမည် ဖြစ်ပါသည်။

စက်မှုကဏ္ဍတိုးတက်မှုတွင် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ပြည်တွင်းစုဆောင်းငွေနည်းပါးမှု၊ လုပ်အားယှဉ်ပြိုင်ထုတ်လုပ်မှု၊ စွမ်းရည်နည်းပါးမှု စသည့်အချက်များသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေပြီး စိန်ခေါ်မှုများရှိနေပါသည်။ သို့သော်လုပ်သား အခြေပြုအဂတ်အထည် ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ပြန်လည်ထူထောင်ခြင်းဖြင့် စက်မှုလုပ်ငန်းများတွင် အလားအလာကောင်းစွာ စီးပွားရေးပြန်လည် နာလန်ထူလာနိုင်လိမ့်မည်ဖြစ်ပြီး အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ နှင့် နယ်စပ်ဒေသဖြတ်ကျော်၍ ထုတ်လုပ်မှုလုပ်ငန်းများ တည်ထောင်ခြင်းဖြင့် နိုင်ငံစုံ စီးပွားရေး လုပ်ငန်းများ ဝင်ရောက်လာပြီး စက်မှုလုပ်ငန်းများကို အဆင့်မြှင့်ပေးနိုင်မည် ဖြစ်ပါသည်။ ကဏ္ဍတိုးတက်မှုရရှိရန် ထုတ်လုပ်မှုစွမ်းရည်၊ လုပ်သား ဈေးကွက်စွမ်းရည်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရန်အတွက် ကာလရှည် နည်းဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါသည်။

ဝန်ဆောင်မှုကဏ္ဍကြီးသည် အခွင့်အလမ်းကောင်းအမြောက်အများကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး အထူးသဖြင့် လက်ရှိလုပ်သားစွမ်းဆောင်ရည် ထည့်တွက်ခြင်းဖြင့် ကဏ္ဍတိုးတက်မှုကို သိသိသာသာ လှုံ့ဆော်ပေးပါသည်။ ခရီးသွားလုပ်ငန်းမှ ကျွမ်းကျင်မှုနည်းသည့် လုပ်သားအခြေပြု လုပ်ငန်းများ လျင်မြန်စွာတိုးချဲ့ရန်အတွက် အလားအလာကောင်းများ ရရှိစေပါသည်။ ဘဏ္ဍာရေးကဏ္ဍတွင် ကျွမ်းကျင်သည့် စီမံခန့်ခွဲမှုနှင့် အထောက်အကူ ပြုဂုန်ထမ်းများအပေါ် မှီခိုအားထား နေရမည်ဖြစ်သည်။ သို့မှသာ ပြည်ပရောက် မြန်မာကျွမ်းကျင်ပညာရှင်များကိုလည်း ဆွဲဆောင်ရန် အားသာသည့် အခြေအနေတစ်ရပ်ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

## အသွင်ကူးပြောင်းခြင်းဖြင့် အလုပ်အကိုင်အကျိုးသက်ရောက်မှုများ

အသွင်ကူးပြောင်းမှုအနေဖြင့် စီးပွားရေးလုပ်ဆောင်မှုများတွင် သွင်းအားစု ပြောင်းရွှေ့မှုများကို သိသိသာသာတွေ့ရှိရပြီး လုပ်သားပြောင်းရွှေ့မှုမှာ အရေးပါဆုံးဖြစ်သည်။ လယ်ယာလုပ်ငန်းမှ လုပ်သားများကို လုပ်သားအခြေပြု စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများသို့ ပြန်လည်ခွဲဝေပေးသောကြောင့် အလုပ်အကိုင်ပုံစံများသည် အသွင်ကူးပြောင်း သွားမည်ဖြစ်သည်။ လုပ်သားရွှေ့ပြောင်းမှုသည် သဘာဝအားဖြင့် ပို၍မြင့်သည့် လုပ်ခလစာ ရရှိမှုနှင့် လူမှုရေးအခွင့် အလမ်းများပေါ်တွင် အခြေခံနေပါသည်။

စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြထားသော ADB Myanmar Country Diagnostic ,2014 ညွှန်းကိန်းများအရ ကဏ္ဍဆိုင်ရာမူဝါဒများကို ရေးဆွဲ သည့်အခါ ထည့်သွင်းစဉ်းစားထားပါသည်။ (ပုံ ၄-၄) ကျေးလက်နှင့်မြို့ပြအသွင်ကူးပြောင်းမှုကို ထင်ဟပ်စေသော ကျေးလက်ကဏ္ဍ အလုပ်အကိုင်ရရှိမှုမှ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍသို့ ပြောင်းလဲသည့် လုပ်သားပြောင်းလဲမှုပုံသဏ္ဌာန်ကို စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲခြင်းနှင့်အတူ ရေရှည်တွင် ထိန်းညှိဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ကျေးလက်အလုပ်အကိုင် ပြောင်းလဲလာခြင်းသည် ဈေးကွက်ဖြေလျှော့ပေးခြင်းနှင့်အတူ ဆန်စပါးထုတ်လုပ်မှုစွမ်းရည်များလည်း တိုးတက်လာပါမည်။ ထို့အပြင် လုပ်သားများသည် အခြား အလုပ်အကိုင်ရရှိနိုင်သော သားငါး၊ သစ်တောထုတ်ကုန်များ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့ ဈေးကွက်ဝင်သီးနှံများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများတွင် လွတ်လပ်စွာ ပြောင်းရွှေ့လုပ်ကိုင်နိုင်ပါသည်။ လယ်ယာထုတ်ကုန်ကဏ္ဍတွင် ထုတ်လုပ်မှုစွမ်းရည်များ တိုးလာခြင်းကြောင့် လုပ်သားလိုအပ်ချက် များလာမည်ဖြစ်ပြီး ကျေးလက်လုပ်သားအင်အားများသည် မြို့ပြရှိစက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ ပြောင်းရွှေ့ခြင်းဖြင့် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ အလုပ်အကိုင် အခွင့်အလမ်းများပေါ်တွင်လည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

လုပ်သားအခြေပြုသည့် စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ခြင်းဖြင့် ကျေးလက်မှ မြို့ပြသို့ လုပ်သားပြောင်းရွှေ့မှုနှုန်းများ လျင်မြန်လာမည်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတက်ခြင်း၊ မြို့ပြရှိ စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ခြင်းသည် လယ်ယာ စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးမှ ထုတ်လုပ်မှုကို အခြေခံသည့် တတိယ စီးပွားရေးသို့ ပြောင်းရွှေ့ခြင်းကို တွန်းအားပေးခြင်းဖြင့် ကဏ္ဍအလိုက်အလုပ်အကိုင်ရရှိမှုကို သိသိသာသာ တိုးတက်လာမည် ဖြစ်ပါသည်။

| | ဆန် | လယ်ယာ ထွက်ကုန် | တန်ဖိုးမြှင့် ထုတ်ကုန်တိုးတက်မှု | စက်မှု အရင်းအမြစ် | စက်မှု အသေးစား | စက်မှု ထုတ်လုပ်မှု | ခရီးသွားလုပ်ငန်း | ပုဂ္ဂလိက ဝန်ဆောင်မှု |
|---|---|---|---|---|---|---|---|---|
| ဆန် | -၅၆ | -၄၇ | -၆၂ | -၆၂ | -၆၁ | -၆၁ | -၆၀ | -၅၉ |
| အခြားသီးနှံများ | ၇ | ၁၀ | ၅၁ | ၄၀ | ၄၀ | ၄၁ | ၄၁ | ၄၅ |
| သားငါး | ၁၂ | -၃၀ | -၄၅ | -၄၂ | -၄၁ | -၄၁ | -၃၉ | -၃၇ |
| သစ်တော | ၄ | ၁၅ | ၁၉ | ၄၂ | ၄၄ | ၄၇ | ၅၅ | ၆၂ |
| ရေထွက်ပစ္စည်း | ၅ | ၁၅ | ၂၀ | ၁၅ | ၁၅ | ၁၅ | ၁၆ | ၁၇ |
| စက်မှု | ၄ | ၁၁ | ၁၀ | ၁၇ | ၁၈ | ၁၈ | ၂၂ | ၂၈ |
| ဝန်ဆောင်မှုများ | ၅ | ၁၇ | ၂၄ | ၃၁ | ၃၁ | ၃၃ | ၃၅ | ၃၉ |

ဇယား ၄-၄ ကဏ္ဍအလိုက်အသွင်ကူးပြောင်းခြင်းဖြင့် အလုပ်အကိုင် အကျိုးသက်ရောက်မှု ဇာစ်မြစ်၊ မေခရိုစီးပွားရေးတိုးတက်မှု ထိန်းသိမ်းရန် ကာလရှည်ခန့်မှန်းချက်, Park CY, Roland-Holst D (ABD ၂၀၁၄)

အထက်တွင် ဖော်ပြခဲ့သည့် ပြောင်းလဲမှု ဖြစ်စဉ်များသည် အခြားအောင်မြင်သည့် အာရှ နိုင်ငံများ၏ ပြောင်းလဲမှုနှင့် ကိုက်ညီမှု ရှိပါသည်။ လယ်ယာနှင့် လယ်ယာထုတ်လုပ်မှု တိုးမြှင့်ခြင်းသည် မြို့ပြရှိ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်သား လိုအပ်ချက်များကို လျော့နည်းစေပါသည်။

# အဓိကကဏ္ဍကြီး၏မှုဝါဒများ

## လယ်ယာကဏ္ဍကြီး

ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို ထိန်းသိမ်းခြင်းနှင့် ဆန်စပါးကဏ္ဍတွင် လုပ်သားများကို လွတ်လပ်စွာပြောင်းရွှေ့ လုပ်ကိုင်ခွင့်များပေးခြင်းတို့နှင့်အတူ ထုတ်လုပ်မှုစွမ်းရည် ပိုမိုမြင့်မားလာ နိုင်သော်လည်း လယ်ယာကဏ္ဍကြီး၏ ၂.၆ ဆဖြစ်ပေါ်မှုကို ပိုမိုရရှိနိုင်လိမ့်မည်မဟုတ်ပေ။ စိုက်ပျိုးရေး နည်းသစ်များကို စတင်အသုံးပြုလာခြင်း၊ သွင်းအားစုများနှင့် ရေအရင်းအမြစ်ကို တိုးမြင့်ဆောင်ရွက်ခြင်းတို့သည် ပို့ကုန်အတွက် ဆန်စပါးထုတ်လုပ်မှုနည်းလမ်းသစ်များ ဖွံ့ဖြိုး တိုးတက်ခြင်း နှင့် ထုတ်လုပ်နိုင်မှုစွမ်းရည် ပိုမိုတိုးတက်ခြင်း တို့ကို ဖြစ်စေပါသည်။ ဆန်မှထွက်ရှိသော ထုတ်ကုန် အမျိုးမျိုးတို့သည် ဝင်ငွေအလျော့အတင်းနည်းပါးခြင်းကြောင့် ပို့ကုန်လုပ်ငန်းတွင် ကမ္ဘာ့နိုင်ငံများ နှင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ပေ။ တစ်ပိုင်တစ်နိုင်ထုတ်လုပ်သူများသည် တန်ဖိုးမြင့်ဆန်များ ထုတ်လုပ်ခြင်း၊ ဒေသတွင်းဆက်သွယ်မှုလမ်းကြောင်းတိုးမြှင့်ခြင်းတို့ဖြင့် ကြီးမားသော အခွင့်အလမ်းများ ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ တိုးတက်မှု အလားအလာကောင်းများသည် ထုတ်လုပ်မှု စွမ်းရည်တိုးတက်ခြင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ အမျိုးအစားမျိုးစုံထုတ်လုပ်ခြင်းမှတစ်ဆင့် ရရှိလာလိမ့်မည် ဖြစ်ပါသည်။ တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်များ လက်ခံကျင့်သုံးသည့် နည်းလမ်းကို ကျင့်သုံးခြင်းဖြင့် သစ်သီး၊ ဟင်းသီး ဟင်းရွက်နှင့် မွေးမြူရေးလုပ်ငန်းများတွင် ဈေးကွက်ရှာဖွေခြင်း၊ ကိုယ်ပိုင်ထုတ်လုပ်ခြင်း၊ အမျိုး အစားမျိုးစုံထုတ်လုပ်ခြင်းဖြင့် မြို့ပြစားသုံးသူများမှ လယ်ယာလုပ်ငန်းရှင်များသို့ အကျိုးစီးပွား စီးဆင်းစေနိုင်ပါသည်။ သားငါးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာခြင်းအပေါ် စူးစိုက်လုပ်ဆောင်လာခြင်းမှာ ဝင်ငွေအလျော့အတင်းမြင့်မားခြင်းကို ဖြစ်ပေါ်စေပြီး မြို့ပြတိုးတက်မှုနှင့်အတူ ကျေးလက်ကိုပါ ရရှိခံစားစေနိုင်မည်ဖြစ်ပါသည်။

နောက်ကျသူတို့ရရှိသည့် အကျိုးကျေးဇူးဖြင့် ဒေသတွင်းအာရှနိုင်ငံများ၏ စားနပ်ရိက္ခာ ထုတ်လုပ်မှုပံ့သကွာန်ကွင်းဆက်များကိုပေါင်းစည်းပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မှု အတွက် ကြီးမားသော အခွင့်အလမ်းတစ်ခုကို ဖြစ်စေနိုင်ပါသည်။ ပိုမိုဖွံ့ဖြိုးသော အာရှ စီးပွားရေး အဆောက်အအုံများသည် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သဘောတူစာချုပ်များ၊ စားနပ်ရိက္ခာ ထောက်ပံ့မှုဆိုင်ရာသဘောတူစာချုပ်များနှင့် ပိုမိုရှုပ်ထွေးသော ထုတ်လုပ်မှု ကွင်းဆက်များမှ တစ်ဆင့် စိုက်ပျိုးရေး ထုတ်ကုန်ထုတ်လုပ်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး နောက်ပိုင်း တွင် ရေထွက်ပစ္စည်းထုတ်လုပ်မှု တို့ကိုပါ ဖြန့်ကျက်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

## စက်မှုကဏ္ဍကြီး

စက်မှုကဏ္ဍကြီးတွင် ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်တွင် ပါဝင်လုပ်ဆောင်လာမည့် အဖွဲ့အစည်းများ၊ လုပ်သားအခြေပြု စက်မှုလက်မှုလုပ်ငန်းများကို ချဲ့ထွင်ခြင်းနှင့် ဖွံ့ဖြိုးမှု အစီအစဉ်များမှတစ်ဆင့် တိုးတက်မှုနှုန်း ၅.၆% ရရှိလာမည်ဖြစ်သည်။ လုပ်သားအင်အား ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များသည် စက်မှုလက်မှုဆိုင်ရာ တန်ဖိုးမြှင့်ထုတ်ကုန်များကို တိုးပွားလာစေခြင်းကြောင့် စက်မှုကဏ္ဍအတွက် (၂၀၂၀ ပြည့်နှစ်) နှစ်ကုန်ပိုင်းတွင် တိုးတက်မှု အဆင့်မြင့်မားလာစေမည်ဖြစ်ပါသည်။

စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၊ နယ်စပ်ဖြတ်ကျော်ဒေသများတွင် စက်မှုလုပ်ငန်းများ စုစည်းလုပ်ကိုင်ခြင်းကြောင့် စက်မှုလုပ်ငန်းများဖြစ်ထွန်းအောင်မြင်လာမည် ဖြစ်ပါသည်။ စက်မှု လုပ်ငန်းများ ဖောက်ချ ထုတ်လုပ်ခြင်းဖြင့် နေရာဒေသအသီးသီးသို့ အကျိုးကျေးဇူး တူညီစွာပျံ့နှံ့ ရောက်ရှိ လိမ့်မည်မဟုတ်ပေ။ သို့သော် အဓိက ကုန်သွယ်မှုနယ်စပ်မြို့များဖြစ်သည့် မူဆယ်နှင့် မြဝတီမြို့များနှင့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (NCDP) တွင် ထည့်သွင်းထားသော တိုးတက်မှုဝင်ရိုး (၂) ခု ဖြစ်သည့် ရန်ကုန်နှင့် မန္တလေးဒေသများတွင် အကျိုးကျေးဇူးရရှိနိုင်မည် ဖြစ်ပါသည်။

## အဓိကကဏ္ဍကြီး၏မူဝါဒများ

စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် (၁) လုပ်သားထုတ်လုပ်မှုစွမ်းရည်မြင့်မားလာခြင်း၊ (၂) ရင်းနှီးမြှုပ်နှံသူများ၏ အခြေအနေတိုးတက်လာခြင်း၊ (၃) ပြည်တွင်း ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုး လာခြင်း၊ (၄) ခေတ်မီစီးပွားရေး အခြေခံ အဆောက်အအုံများမှ ဝန်ဆောင်မှုဆိုင်ရာ စရိတ်စက ပိုမို သက်သာလာခြင်းနှင့် (၅) အာဆီယံဒေသအတွင်းတွင် ပြည်တွင်းလုပ်ငန်းရှင်များ ယှဉ်ပြိုင်နိုင်စွမ်း ရှိခြင်းတို့ကို အလေးပေးဆောင်ရွက်သည့် မူဝါဒချမှတ်မှုများမှတစ်ဆင့် အဆင်ပြေချောမွေ့စေလိမ့်မည်ဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ၊ T-VET စနစ်ကို လျင်မြန်စွာ အဆင့်မြှင့်တင်ခြင်းများပါဝင်သော လုပ်သားအင်အား ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ တိုးပွားခြင်း၊ ပညာရေးနှင့် ကျန်းမာရေးတို့တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် လုပ်သားထုတ်လုပ်မှု စွမ်းရည်သည် တိုးပွားလာမည်ဖြစ်ပါသည်။

စီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးခြင်း(အထူးစီးပွားရေးဇုန်များနှင့်စက်မှုဇုန်များ)၊ နယ်စပ်စီးပွားရေးဂိတ်များနှင့် ဆက်သွယ်မှုလမ်းကြောင်း ကောင်းမွန်သော စီးပွားရေးစင်္ကြံများ (သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး) တို့သည် နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက် ဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ပြည်တွင်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးလာစေမည် ဖြစ်ပါသည်။ စက်မှု လုပ်ငန်းများ ဖောက်ချ ထုတ်လုပ်မှုများသည် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်လိမ့်မည်မဟုတ်ပေ။ စက်မှုလုပ်ငန်းများ ဖောက်ချထုတ်လုပ်မှုများသည် ဦးစားပေး လုပ်ဆောင်မည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တိုးချဲ့လုပ်ကိုင် သွားနိုင်မည် ဖြစ်ပါသည်။

### ဝန်ဆောင်မှုကဏ္ဍကြီး

ဝန်ဆောင်မှုကဏ္ဍကြီးသည် လက်ရှိ အခြေအနေထက် ၄.၃ဆရရှိရန် အလားအလာကောင်း များစွာရှိနေပါသည်။ ခရီးသွားလုပ်ငန်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း များနှင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ကြီးမားသောအခွင့်အလမ်းများရှိပါသည်။ ကျန်ကဏ္ဍ များတွင် လုပ်ခလစာ အနည်းငယ်ဖြင့် လုပ်သားအင်အား အများအပြားကို အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါသည်။ ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ကာလတို အချိန်အပိုင်းအခြားအတွင်း ဖြစ်ထွန်းကျယ်ပြန့်နိုင်လာပြီး နိုင်ငံတစ်ဝန်းလုံးသို့ တူညီစွာဖြန့်ကျက် အကျိုးဖြစ်ထွန်းစေပါသည်။

လုပ်သားအခြေပြု ခရီးသွားလာရေးလုပ်ငန်းသည် ဝန်ဆောင်မှုကဏ္ဍတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ခရီးသည်ဦးရေ ၂သန်းခန့် ဝင်ရောက်လာ၍ စီးပွားရေးအရ အောင်မြင်မှုများရရှိခဲ့သော ခရီးသွားလာရေး လုပ်ငန်းသည် အရှိန်အဟုန်ဖြင့် လုပ်ငန်းချဲ့ထွင်  ဆောင်ရွက်လာနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ခရီးသွားလာရေး ကဏ္ဍတွင် အောင်မြင်သော လုပ်ငန်းချဲ့ထွင်မှုများ ပြုလုပ်ခြင်းသည် အာရှနိုင်ငံများ၏ စီးပွားရေး တိုးတက်မှုကို မောင်းနှင်သော တွန်းအားတစ်ခု ဖြစ်စေပါသည်။ ထို့ပြင် ကျွမ်းကျင်မှု စွမ်းရည်နိမ့်ကျပြီး  အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသော နိုင်ငံတစ်ဝန်းရှိ လုပ်သားထုများ အတွက် ကောင်းကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

ဖြေလျှော့မှုများ ပြုလုပ်ခဲ့သောကြောင့် ငွေရေးကြေးရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာပြီး နိုင်ငံတကာမှဘဏ်များ၊ ဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသည့် ငွေရေးကြေးရေး လုပ်ငန်းများ အလျင်အမြန် စုပြုံဝင်ရောက်လာနိုင်မည် ဖြစ်ပါသည်။ ငွေရေးကြေးရေးကဏ္ဍ ပွင့်လင်းလွတ်လပ်လာခြင်းဖြင့် ကျွမ်းကျင်မှုရှိသော နိုင်ငံသား စီမံခန့်ခွဲသူများ ပေါ်ထွက်လာကာ မြန်မာနိုင်ငံအတွက် အသိပညာ ဗဟုသုတများစွာ ရရှိလာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ပြည်တွင်း စုဆောင်းမှုကို တိုးပွားစေပြီး ထိုစုဆောင်းမှုများ မှတစ်ဆင့် စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်စေမည် ဖြစ်ပါသည်။

# အဓိကကဏ္ဍကြီး၏မူဝါဒများ

## လူသားအရင်းအမြစ်များ

လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ကာလရှည်ယှဉ်ပြိုင်နိုင်ခြင်း အကျိုးကျေးဇူးရှိရန် ဆောင်ရွက်ရသည်နှင့် အလားသဏ္ဍန်တူပါသည်။ ကျွမ်းကျင်မှု ဖွံ့ဖြိုးစေမည့် မူဝါဒများသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးစေမည်ဖြစ်ပါသည်။ မူဝါဒများကို ပြဋ္ဌာန်းခြင်းဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေပြီး အစိုးရရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် အောင်မြင်သည့် အာရှနိုင်ငံများကဲ့သို့ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

ချမှတ်ထားသော မူဝါဒများနှင့် အညီ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေး အဆင့်မြှင့်တင်ခြင်းဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ ကျောင်းပညာ ဆက်လက်သင်ယူခြင်းမပြုနိုင်တော့သည့် သူများအား လုပ်သားအင်အားတွင် ပါဝင်အားဖြည့်နိုင်ရန် စွမ်းရည် မြှင့်တင်မှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။ T-VET System ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကဏ္ဍ အလိုက် အသွင်ကူးပြောင်းမှုများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အလုပ်အကိုင် အခွင့်အလမ်းသစ်များအတွက် လက်ရှိ လုပ်သားထု၏ ကျွမ်းကျင်မှုကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

တီထွင် ဆန်းသစ်မှုများကို ဖန်တီးနိုင်သော အသိပညာ ပြည့်ဝသည့် လုပ်သားထု ပေါ်ပေါက် လာရေး ဆောင်ရွက်ရာတွင် အစိုးရ ဘဏ္ဍာငွေတစ်ခုတည်းဖြင့် စွမ်းဆောင်နိုင်ခြင်း မရှိနိုင်ပါ။ ပညာရေးစနစ်တွင် ဖြေလျှော့မှုများ ပြုလုပ်ခြင်းဖြင့် ပညာရေး လုပ်ငန်းများတွင် စီးပွားရေး လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာနိုင်ပါသည်။ စွမ်းဆောင်ရည်ရှိသော လုပ်သားများစွာ ပေါ်ထွက်လာခြင်းဖြင့် ဝင်ငွေအဆင့်တိုးမြှင့်လာနိုင်ပါသည်။

## ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍ မြှင့်တင်ခြင်းသည် လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်း မြင့်မားရေးအတွက် အဓိက အရေးပါသော အချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော် အသုံးစရိတ် စုစုပေါင်း၏ ၃.၄%ကို ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။ အစိုးရ၏ ရငွေ ရရှိမှုပေါ် ချိန်ညှိ၍ အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲမည် ဖြစ်ပါသည်။ OECD နိုင်ငံများတွင် public investment အသုံးစရိတ်ကို ၇% နီးပါးသုံးစွဲကြပါသည်။ မြန်မာနိုင်ငံတွင် နောင်လာမည့် (၅)နှစ် စီမံကိန်း ကာလအတွင်း ကျန်းမာရေး အသုံးစရိတ်ကို OECD နိုင်ငံများနည်းတူ GDP၏ ၇% သုံးစွဲရန် ရည်မှန်းထားပါသည်။

## စီးပွားရေးအခြေခံအဆောက်အအုံ

အသွင်ကူးပြောင်းခြင်းဖြင့် စီးပွားရေးအရ အကျိုးအမြတ် ရရှိနိုင်သည့် လုပ်ငန်း အခြေအနေ အတိမ်အနက်ပေါ် မူတည်၍ အခြေခံအဆောက်အအုံများကို ချဲ့ထွင်ရမည်ဖြစ်ပါသည်။ စက်မှု လုပ်ငန်းများ စုစည်းဖြစ်ထွန်းလာခြင်းဖြင့် ဝန်ဆောင်မှုနှင့် ဆက်စပ် လုပ်ငန်း၏ ကုန်ကျစရိတ်များ လျော့ကျလာပြီး ကျေးလက်ဒေသရှိ ထုတ်လုပ်သူများ ကုန်ကျစရိတ် သက်သာစေမည် ဖြစ်ပါသည်။ ပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့၏ ပင်မစီမံကိန်းများပေါ် မူတည်၍ အခြေခံ အဆောက်အအုံများကို ဦးစားပေး တည်ဆောက်သွားရမည် ဖြစ်ပါသည်။ ရန်ကုန်-မန္တလေး ဒေသများ၊ SEZsများနှင့် မူဆယ်၊ မြဝတီမြို့များသို့ ချိတ်ဆက်ထားသော စီးပွားရေးစင်္ကြံ များ ဖွံ့ဖြိုး တိုးတက်စေရန် ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်


ခေတ်မီစက်မှု နိုင်ငံတော်ဖြစ်လာစေရန် အသွင်ကူးပြောင်းရာတွင် အာရှကျား နိုင်ငံများ၏ စီးပွားရေးအဆောက်အအုံနှင့် နှိုင်းဆကြည့်လျှင် မိမိတို့ရည်မှန်းထားသော တိုးတက်မှုများကို ရရှိခံစားနိုင်ရန် ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ ထိုက်သင့်မျှတစွာ ရှိရန်လိုအပ်မည်ဖြစ်ပါသည်။ နှိုင်းယှဉ်အကျိုးကျေးဇူးများအရ မြန်မာနိုင်ငံ၏ ပြည်တွင်းဈေးကွက်သည် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာနေရာအာရှ၏ နယ်ပယ်သစ်တစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။ အခွန်စီမံခန့်ခွဲမှု၊ အခွန်ကောက်ခံမှုစနစ်များနှင့် သက်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများကြောင့် အစိုးရ၏ရငွေများ လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ပါသည်။ စီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံကိန်းကြီးများကို နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကို (၁) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ၊ (၂) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ၊ (၃) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ (၄) တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ၊ (၅) အထောက်အပံ့၊ (၆) တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံမှု (portfolio investment)စသည်တို့မှ လည်းကောင်း ရရှိနိုင်မည် ဖြစ်ပါသည်။

စုစုပေါင်းပုံသေရင်းနှီးမြှုပ်နှံမှုတွင် အစိုးရနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု နှစ်ရပ်ပေါင်း ပါဝင်ပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ၏ တိုးတက်မှု အလားအလာလမ်းကြောင်းကို ၅.၂%၊ ၇.၈%၊ ၉.၇% စသည်ဖြင့် ခန့်မှန်းထားပါသည်။ ADB,ERIA,MCDV,IMF,JI-CA(MYT) တို့မှရရှိသော Dataများကို မှီငြမ်း၍ ICORကို အသုံးပြုပြီး GFCFကို ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်ပါသည်။

| ခုနှစ် | ဂျီဒီပီတိုးတက်မှုနှုန်း* | ပုံသေအရင်းအနှီး (ပါဝင်မှု)** |
|---|---|---|
| ၂၀၀၈ | ၅.၅ | ၁၂.၉ |
| ၂၀၀၉ | ၃.၆ | ၁၄.၇ |
| ၂၀၁၀ | ၅.၁ | ၁၆.၈ |
| ၂၀၀၈-၂၀၁၀ (ပျမ်းမျှ) | ၄.၇ | ၁၄.၈ |
| ICOR ခန့်မှန်းချက် | | ၃.၁ |

ဇယား ၄-၅ ICOR ခန့်မှန်းချက်၊ ဇာစ်မြစ် *IMF World Economic Outlook, **ADB Key Indicators (၂၀၁၂)

မြန်မာနိုင်ငံ၏ ၂၀၁၀ ပြည့်နှစ် ICORတန်ဖိုးကို ဒေသတွင်းနိုင်ငံများ၏ နှိုင်းယှဉ်ချက်များနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ထားပါသည်။ အာရှနိုင်ငံ (၈)နိုင်ငံ (ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်) ၏ စီးပွားရေးပေါ် မူတည် တွက်ချက်ပါက NCDPကာလအတွင်း ICOR တန်ဖိုးသည် ၃.၁(၂၀၁၀ပြည့်နှစ်)မှ ၅.၁(၂၀၃၀ပြည့်နှစ်) သို့ ရောက်ရှိလာနိုင်မည်ဟု ခန့်မှန်းထားပါသည်။ တိုးတက်မှုအနာဂတ်မျှော်မှန်းမှု တစ်ခုချင်းစီ အတွက် (GFCF) စုစုပေါင်း အရင်းအနှီးလိုအပ်ချက်မှာ အနိမ့်ဆုံးအမေရိကန်ဒေါ်လာ ၂၉၅ ဘီလီယံ မှ အမြင့်ဆုံး အမေရိကန်ဒေါ်လာ၈၅၀ဘီလီယံ အထိ လိုအပ်ပါသည်။ တိုးတက်မှုနှုန်း ၇.၈%ဖြင့် သွားမည်ဆိုပါက စုစုပေါင်း အရင်းအနှီးပမာဏ အမေရိကန်ဒေါ်လာ၅၂၀ဘီလီယံလိုအပ်ပါသည်။




ပုံ ၄-၆
စုစုပေါင်းပုံသေအရင်းအနှီးလိုအပ်ချက် (ဒေါ်လာ-ဘီလီယံ)၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေး(၂၀၁၄), JICA Study Team (MYT)

မြန်မာနိုင်ငံ၏ GDPတွင် ရင်းနှီးမြှုပ်နှံမှု ပါဝင်မှုအချိုးသည် ၂၀၁၀ပြည့်နှစ်တွင် ၁၆.၈%ရှိရာ အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နိမ့်ကျလျက် ရှိပါသည်။ ရည်မှန်းထားသော တိုးတက်မှုလမ်းကြောင်းကို ရောက်ရှိရန် အချိုးပမာဏ တိုးမြှင့်ခြင်းသည် စိန်ခေါ်မှု အလွန်များသော အခြေအနေ ဖြစ်ပါသည်။ ငါးနှစ်စီမံကိန်းကာလများနှင့် လိုက်လျောညီထွေမှု ရှိစေရန် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုသည် အမြင့်ဆုံး ၄၄.၁%အထိ တိုးမြှင့်နိုင်ရန် လိုအပ်ပါသည်။ အခြေခံ ခန့်မှန်းချက်ဖြစ်သော တိုးတက်မှုနှုန်း ၇.၈%ရရှိလျှင် တစ်ဦးကျ ဂျီဒီပီ အမေရိကန်ဒေါ်လာ ၃၀၀၀ နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် GDP အချိုးမှာ ၃၅.၄%ရရှိမည် ဖြစ်၍ စုစုပေါင်း အရင်းအနှီးပမာဏ အမေရိကန်ဒေါ်လာ ၅၁၈ ဘီလီယံ လိုအပ်ပါသည်။

| | စုစုပေါင်းပုံသေအရင်းအနှီးနှင့် ဂျီဒီပီအချိုး | | | | | စုစုပေါင်း ပုံသေအရင်းအနှီး |
|---|---|---|---|---|---|---|
| အနာဂတ်ခန့်မှန်းခြေ | ၂၀၁၀* | ၂၀၁၅ | ၂၀၂၀ | ၂၀၂၅ | ၂၀၃၀ | ဒေါ်လာ (ဘီလီယံ) |
| ခန့်မှန်းခြေ ၁ (၅.၅%) | ၁၆.၈% | ၁၈.၁% | ၁၉.၉% | ၂၁.၉% | ၂၄.၁% | ၂၉၅.၉ |
| ခန့်မှန်းခြေ ၂ (၇.၈%) | ၁၆.၈% | ၂၆.၆% | ၂၉.၃% | ၃၂.၂% | ၃၅.၄% | ၅၁၇.၈ |
| ခန့်မှန်းခြေ ၃ (၉.၇%) | ၁၆.၈% | ၃၃.၁% | ၃၆.၄% | ၄၀.၁% | ၄၄.၁% | ၈၅၂.၃ |

ဇယား ၄-၆
လိုအပ်သော GFCF နှင့် ဂျီဒီပီအချိုး ၊ စုစုပေါင်းအရင်းအနှီး။ ဇာစ်မြစ်၊*IMF World Economic Outlook (2013), စီမံကိန်းရေးဆွဲရေးဦးစီးဌာန

# စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ရရှိနိုင်သော အရင်းအမြစ်များ


စုစုပေါင်းရင်းနှီးမြှုပ်နှံမှု စီးဝင်နိုင်သော အဓိက အရင်းအမြစ် (၂)ခုမှာ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖြစ်ပါသည်။ ၂၀၁၂ခုနှစ်တွင် အစိုးရ၏ ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုသည် ဂျီဒီပီ၏ ၉.၇%ခန့် ရှိပြီး ၁၀.၅%အထိ တိုးမြှင့်နိုင်သည်ဟု ခန့်မှန်းထားပါသည်။ (IMF Article 4)NCDPကာလအတွင်း ၁၀.၅%ဖြင့် ဆက်လက်ထိန်းထားနိုင်မည် ဖြစ်ပါသည်။ ပုံတွင် ပြထားသော အနာဂတ်ခန့်မှန်းခြေ(၂)တွင် အစိုးရရင်းနှီးမြှုပ်နှံမှု ပမာဏထက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှု (၂)ဆဖြစ်စေရန် FDI,PPPများ ဝင်ရောက်လာရန် လိုအပ်ပါသည်။

| အနာဂတ်ခန့်မှန်းခြေ | အစိုးရ* | အစိုးရ မဟုတ်သည့် အခြား | အချိုး | စုစုပေါင်း ပုံသေ အရင်းအနှီး |
|---|---|---|---|---|
| ခန့်မှန်းခြေ ၁ (၅.၅%) | ၁၄၃ | ၁၅၃ | ၁.၀၇ | ၂၉၆ |
| ခန့်မှန်းခြေ ၂ (၇.၈%) | ၁၈၆ | ၃၈၆ | ၂.၀၇ | ၅၇၂ |
| ခန့်မှန်းခြေ ၃ (၉.၇%) | ၂၂၁ | ၆၃၁ | ၂.၈၅ | ၈၅၂ |

ဇယား ၄-၇ စုစုပေါင်းပုံသေအရင်းအနှီး (ဒေါ်လာ-ဘီလီယံ), ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄), JICA (MYT)၊* IMF Article IV (2013)

# ငွေရေးကြေးရေးမဟာဗျူဟာ

မြန်မာနိုင်ငံသည် အိမ်နီးချင်း အာဆီယံနိုင်ငံများ အောင်မြင်စွာ ကျင့်သုံးခဲ့သည့် အလားတူ လမ်းကြောင်းအတိုင်း ငွေရေးကြေးရေး မဟာဗျူဟာများကို ကျင့်သုံးရမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု၏ ပထမအဆင့်တွင် စီမံကိန်းကြီးများ ဆောင်ရွက်ရန် လိုအပ်သော ဘဏ္ဍာငွေများကို ODA, Loans, Grantsများမှ ရယူမည် ဖြစ်ပါသည်။ ပြည်တွင်းစုဆောင်းမှု မြင့်တက်လာပါက ဝင်ငွေအလယ်အလတ်အဆင့် အခြေအနေမှ ဝင်ငွေအလယ်အလတ်အဆင့် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အရှေ့အနောက်စကြံနှင့် အခြားလူမှုရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေများကို ODA များမှလည်း ရရှိနိုင်ပါသည်။ ထို့ပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းနှင့် FDI များ ဝင်ရောက်လာရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းတို့ဖြင့်လည်း ODA တစ်ခုတည်းပေါ်တွင် မှီခိုအားထားရန် မလိုအပ်ဘဲ ငွေရေးကြေးရေး အခြေအနေ တိုးတက်ကောင်းမွန် လာနိုင်မည်ဖြစ်ပါသည်။





*MLA's - အဖွဲ့အစည်းအမျိုးမျိုး၊ ECA's - ပို့ကုန်လုပ်ငန်းအောင်မြင်သည့် အဖွဲ့အစည်းများ

ပုံ ၄-၇ ငွေကြေးရရှိနိုင်မည့် အရင်းအမြစ်များ၊ ဇာစ်မြစ်၊ MCDV, EIRA (၂၀၁၄)

## ပြည်တွင်းစုဆောင်းမှု

မြန်မာနိုင်ငံ၏ ပြည်တွင်းစုဆောင်းမှုနှင့် GDPအချိုးသည် အာရှနိုင်ငံအများစုအောက် နိမ့်ကျနေပါသည်။ သို့သော် ပုံ(၄-၉)အရ ကမ္ဘောဒီးယားနိုင်ငံ၏ စုဆောင်းမှုနှင့် တူညီနေသည်ကို တွေ့ရပါသည်။ ကမ္ဘာ့စီးပွားအကျပ်အတည်းမတိုင်မီက ပြည်တွင်းစုဆောင်းမှုမှာ အမြင့်ဆုံးတွင်ရှိနေပြီး ခန့်မှန်းခြေအားဖြင့် ၂၄ရာခိုင်နှုန်းရှိပါသည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် မြန်မာနိုင်ငံ နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ နှစ်ဆနီးပါးရှိပါသည်။




ပုံ-၄-၈

ပြည်တွင်းစုဆောင်းမှု၊ ဇာစ်မြစ်၊ IMF World Economic Outlook (၂၀၁၃)


ဘဏ္ဍာရေးဆိုင်ရာဥပဒေနှင့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းဖြင့် ပြည်တွင်း ဘဏ္ဍာရေးဈေးကွက်ဖွံ့ဖြိုးမှုနှင့်အတူ နိုင်ငံတွင်း နိုင်ငံတကာဘဏ်များ ဝင်ရောက်လာပြီး ပြည်တွင်းစုဆောင်းမှုမှာ မြင့်တက်လာနိုင်ဖွယ်ရှိပါသည်။ ၎င်းသည် ၂၀၂၀ ပြည့်နှစ်အလွန်ခေတ်တွင် ပြည်တွင်းကူးသန်းရောင်းဝယ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်ရန် စေ့ဆော်ပေးမည်ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းစုဆောင်းမှု နည်းနေသောကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် လိုအပ်သည့် ဘဏ္ဍာငွေများကို အစိုးရမှ ကိုယ်တိုင်ဖြေရှင်းနိုင်ရန်အတွက် အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုသည် ဘဏ္ဍာငွေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ ဖွံ့ဖြိုးမှု အစပျိုးသည့် ကနဦးအရှိန်မြှင့်တင်ရန်အတွက် ပြည်ပဘဏ္ဍာရေး ဖြည့်ဆည်းပေးမှုများကို များစွာမှီခိုအားထားရမည် ဖြစ်ပါသည်။

## တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (ODA)

တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (ODA)သည် NCDPကာလအတွင်း လိုအပ်သော အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၊ ကဏ္ဍအလိုက် ကနဦးဆောင်ရွက်ချက်များ အခြား ဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များတွင် ဘဏ္ဍာငွေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

(ODA)သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေးဆောင်ရွက်ချက်များတွင် အရေးကြီးသည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာ ငွေကြေးဈေးကွက်များတွင် ဝင်ရောက်ရန် အကန့်အသတ်များ ရှိနေပါသည်။ မြန်မာနိုင်ငံသို့ နိုင်ငံတကာ ဘဏ္ဍာရေး စီးဝင်မှုများတွင် (၁)ပုဂ္ဂလိကဘဏ္ဍာရေးစီးဝင်မှု၊ (၂) အခြားတရားဝင်စီးဝင်မှုများ (OFF) နှင့် (၃) တရားဝင် အထောက်အပံ့ဖြစ်သည့် (ODA)တို့ ပါဝင်ပါသည်။




ပုံ-၄-၉ ဘဏ္ဍာငွေစီးဝင်မှု ဇာစ်မြစ်၊ OECD

ပုဂ္ဂလိက ဘဏ္ဍာရေးစီးဆင်းမှုတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမှု၊ တစ်ပိုင်တစ်နိုင် ရင်းနှီး မြှုပ်နှံမှုများနှင့် ဘဏ်ဈေးငွေများ ပါဝင်ပါသည်။ အခြားတရားဝင်စီးဝင်မှုများ(OOF) တွင် ပိုကုန်ဆိုင်ရာ ချေးငွေများပါဝင်ပြီး (ODA)တွင် အထောက်အပံ့များ၊ ချေးငွေများ၊ ဘဏ္ဍာရေး အထောက်အပံ့များနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များကို ဆောင်ရွက်ပါသည်။

၂၀၀၈ခုနှစ်မှစတင်၍ နိုင်ငံတကာစီးဝင်မှုမှာ ၅၄ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါသည်။ ပုံ(၄-၁၀)အရ ၂၀၁၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၅သန်းမှ အမေရိကန် ဒေါ်လာ ၈၂၃.၂ သန်း အထိ တိုးတက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများကို ပို၍ ဆွဲဆောင်ခြင်းဖြင့် ၎င်းတိုးတက်မှု အလားအလာသည် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးမှု မိတ်ဖက်များမှ ၎င်းတို့၏လုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုအတွက် ငွေကြေး အရင်းအနှီးများကို တိုးချဲ့ခြင်းဖြင့် မြန်မာနိုင်ငံတွင် ODA မြင့်မားလာမည် ဖြစ်ပါသည်။ ၂၀၀၉ခုနှစ် နာဂစ်ဖြစ်ပြီးနောက်တွင် ODA မှာ စတင် တိုးတက်ခဲ့ပြီး ၂၀၁၁ခုနှစ်နှင့် ၂၀၁၂ခုနှစ်များကြားတွင် ၃၅ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် နိုင်ငံ၏ မဟာဗျူဟာများနှင့် ဆက်နွယ်နေသည့် လိုအပ်သော ဘဏ္ဍာငွေများကို ဆောင်ရွက်ခြင်းဖြင့် ODAမှာ ဆက်လက် မြင့်တက်လာမည်ဟု မျှော်မှန်းပါသည်။

## မြန်မာနိုင်ငံဘတ်ဂျက်ကို အထောက်အပံ့ဖြစ်စေမည့် တရားဝင်ဖွံ့ဖြိုးမှုအစီအစဉ်

၂၀၀၈ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ မြန်မာနိုင်ငံအတွက် ODA မှ ငွေကြေး ထောက်ပံ့ စီးဝင်မှု အခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။ ဇယား(၄-၆)သည် ဇာစ်မြစ်အမျိုးမျိုးမှ စီးဝင်မည့် တရားဝင်ဖွံ့ဖြိုးမှု အစီအစဉ်ကို ခန့်မှန်းဖော်ပြထားပါသည်။ ဇယား(၄-၇)သည် နိုင်ငံတော် ဘတ်ဂျက်ကို ဖော်ပြထားပါသည်။ စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ODA အချိုးသည် ၂.၅၁ဖြစ်ပြီး ODAသည် မြန်မာနိုင်ငံဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အလားအလာကောင်းတစ်ခု ဖြစ်ပါသည်။

| အကြောင်းအရာ | ခန့်မှန်း (ဒေါ်လာ-သန်း) |
|---|---|
| ADB ချေးငွေ | ၁၀၀ |
| JICA အကူအညီ၊ ချေးငွေ | ၁,၀၀၀ |
| World Bank | ၇၀၀ |
| အခြားအကူအညီ၊ အထောက်အပံ့ | ၆၀၀ |
| စုစုပေါင်း | ၂,၄၀၀ |


ဇယား ၄-၈ ခန့်မှန်းခြေ ODA စီးဝင်မှု၊ ဇာစ်မြစ်၊ FERD(၂၀၁၄)

| အစိုးရ ဘတ်ဂျက် (၂၀၁၄) | ပမာဏ (ဒေါ်လာ-သန်း) |
|---|---|
| သာမန်အသုံးစရိတ် | ၁၂,၀၀၀ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၆,၀၀၀ |
| ငွေရေးကြေးရေးအသုံးစရိတ် | ၅၀၀ |
| စုစုပေါင်း | ၁၈,၅၀၀ |

ဇယား ၄-၉ အစိုးရ ဘတ်ဂျက် ဇာစ်မြစ်၊ MNPED- FERD (၂၀၁၄)

## မြန်မာနိုင်ငံအတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ

၂၀၀၈ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း တရားဝင်ဖွံ့ဖြိုးမှု အကူအညီဖြင့် ဘဏ္ဍာငွေ စီးဝင်မှုများကို အရင်းအမြစ် အုပ်စုအလိုက် အောက်ပါပုံပြဇယားတွင် ဖော်ပြထားပါသည်။ နာဂစ်ဖြစ်စဉ်အတွက် ကြီးမားသော စီးဝင်မှုများရှိခဲ့ပြီး ၂၀၀၉ခုနှစ်မှစ၍ ODA စီးဝင်မှု တစ်ဖြည်းဖြည်းချင်း မြင့်တက်လာပါသည်။ ၂၀၁၂ခုနှစ်တွင် တရားဝင်ဖွံ့ဖြိုးမှု အကူအညီမှာ အမေရိကန် ဒေါ်လာ ၅၂၈.၅သန်း ရှိပြီး ၂၀၀၉ခုနှစ်ထက် ရာခိုင်နှုန်း အားဖြင့် ၄၇ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ODAမှ ငွေကြေးထောက်ပံ့မှုသည် တစ်နှစ်ထက်တစ်နှစ် ဖြည်းဖြည်းချင်း မြင့်တက်လာပြီး ၂၀၁၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၀.၆ ဘီလီယံခန့် ဖြစ်လာမည်ဟု အနီးစပ်ဆုံး ခန့်မှန်းထားပါသည်။




ပုံ-၄-၁၀ ပြည်တွင်းစုဆောင်းမှု၊ ဇာစ်မြစ်၊ IMF World Economic Outlook (၂၀၁၃)

ချေးငွေသဘောတူညီချက်များကြောင့် ODAစီးဝင်မှုများသည် တစ်နှစ်ထက် တစ်နှစ် တိုးလာပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ဘီလီယံခန့် ရှိလာမည်ဟု ခန့်မှန်းရပါသည်။ ၎င်းယူဆချက်များအရ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကာလအတွင်း အစိုးရ၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ODA စီးဝင်မှုမှာ ၂၀၁၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၀ဘီလီယံ ဆက်လက်စီးဝင်မည် ဖြစ်ပါသည်။ ခန့်မှန်းချက်အရ အစိုးရမဟုတ်သည့် ငွေလုံးငွေရင်းအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၈၆ ဘီလီယံရှိပြီး ODA ပါဝင်မှု အလားအလာမှာ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်၏ ၈ရာခိုင်နှုန်း ရှိမည် ဖြစ်ပါသည်။










အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၀-၂၀၃၀)
နေပြည်တော် (၂၀၁၄)



# ၇

# ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကိုရင်ဆိုင် ဖြေရှင်းနိုင်ရန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ (၇) ရပ်ကို ချမှတ်ထားပါသည်။

အဆိုပါ မဟာဗျူဟာများသည် ကာလရှည် မျှော်မှန်းချက်နှင့် ရည်မှန်းချက်တို့ကို အထောက်အကူပြုမည်ဖြစ်ပြီး၊ ပြည်သူအားလုံး ချမ်းသာသုခကို ရရှိစေမည့် ကဏ္ဍနှင့် ဒေသဆိုင်ရာစီမံကိန်းများကို လမ်းညွှန်မှုပေးမည်ဖြစ်ပါသည်။



ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ၅-၁

အစိုးရအဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုစနစ်များ ခိုင်မာအားကောင်းစေရေး ၅-၃

အခြေခိုင်သော စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရေး ၅-၁၉

ပြည်တွင်း၊ ပြည်ပဆက်သွယ်ရေးလမ်းကြောင်းများချဲ့ထွင်ရေး ၅-၄၁

နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးကဏ္ဍများကို မြှင့်တင်ရေး ၅-၆၁

ပြည်တွင်းစီးပွားရေး အလားအလာကောင်းများ ပေါ်ထွန်းလာရေး ၅-၇၉


လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ၅-၁၀၁

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ၅-၁၂၁

# ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ

ဤကဏ္ဍသည် ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်ချက်များနှင့် ဆက်စပ်သည့် ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာ တစ်ခုချင်းအလိုက် ကျိုးကြောင်းဆင်ခြင် သုံးသပ်၍ တင်ပြထားပါသည်။ မူဝါဒနယ်ပယ်အသီးသီးအတွက် အဓိက မဟာဗျူဟာ အချက်အလက်များကို ရှင်းလင်းပီပြင်စွာ တင်ပြထားလျက် အဓိကတိုးတက်ဖွံ့ဖြိုးရေးမူဝါဒများကို လက်ရှိအခြေအနေနှင့် ဆက်စပ်လျက်စနစ်တကျ ဖော်ထုတ်ပြီး ခွဲခြားပြသထားသည်။ ဤကဏ္ဍတွင် တစ်ခုနှင့်တစ်ခုချိတ်ဆက် ထားမှုများအရ မူဝါဒအတိုင်း အကောင်အထည်ဖော်ရာတွင် အကျိုးသက်ရောက်မှုနှင့် မျှော်မှန်းရလဒ်များကို ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် ဆက်စပ်တင်ပြထားပါသည်။ အမျိုးသားအဆင့် ကဏ္ဍအလိုက် မဟာဗျူဟာများ၊ မူလစီမံကိန်းများ၊ ဒေသအလိုက် တိုးတက်မှု စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် မဟာဗျူဟာအရ အံဝင်ဂွင်ကျဖြစ်အောင် ဆောင်ရွက်ချိတ်ဆက်ထားပါသည်။

NCDP တွင် ချမှတ်ထားသော ရေရှည်ရည်မှန်းချက်ပန်းတိုင်များ၊ ဆက်စပ်ဖြစ်ပေါ်လာမည့် တိုးတက်မှုများကိုရရှိရန် အပြန်အလှန် အထောက်အကူပြုထားသော ရှင်းလင်းပြတ်သားသည့် ဖွံ့ဖြိုးမှု မဟာဗျူဟာ (၇)ခုဖြင့် ပေါင်းစပ်ပေးထားပါသည်။ ဖွံ့ဖြိုးမှု မဟာဗျူဟာအသီးသီးကို ရှင်းလင်းလွယ်ကူသော မဟာဗျူဟာ လမ်းပြမြေပုံ အသုံးပြုလျက် သရုပ်ဖော်ထားပါသည်။ ယင်းလမ်းပြမြေပုံသည် အမျိုးသားအဆင့် ကဏ္ဍအလိုက် စီမံကိန်း၊ ဗဟိုချုပ်ကိုင်မှု ကင်းသော စီမံကိန်းတို့၏ အစီအစဉ်တို့အပေါ်အခြေခံ၍ ပြည်သူ့ဗဟိုပြု စီမံကိန်းများ၊ ဆုံးဖြတ်ချက်များ ချမှတ်ရန် အထောက်အကူပြုမည့် မူဘောင်တစ်ခုဖြစ်ပါသည်။




ပုံ-၅-၁ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)




## အုပ်ချုပ်မှုစနစ်များ ခိုင်မာအားကောင်းစေရေး

မြန်မာနိုင်ငံသည် လယ်ယာကိုဗဟိုပြု၍ ဆောင်ရွက်ရသော စီးပွားရေးစနစ်မှ ခေတ်မီတိုးတက်သော စက်မှုနိုင်ငံသို့ ပြောင်းလဲဆောင်ရွက်မှုတွင် စိန်ခေါ်မှုများရှိနေပါသည်။ စက်မှုနိုင်ငံသို့ချီတက်ရာတွင် အမျိုးမျိုးသော စက်မှုထုတ်ကုန်ပေါ် အားထားလျက်ရှိပါသည်။ အုပ်ချုပ်ရေးကို အားဖြည့်ရာတွင် ဗဟိုချုပ်ကိုင်မှုကို လျှော့ချ၍ ဒီမိုကရေစီနည်းအရ တာဝန်ယူရသော စနစ်မှတဆင့် ကောင်းမွန်သန့်ရှင်းသော အုပ်ချုပ်ရေးနည်းလမ်းများကို ချမှတ်ကျင့်သုံးရန် လိုအပ်လာပါသည်။ အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများကို ခေတ်မီစေရန်ဆောင်ရွက်ခြင်းတို့မှ ထိရောက်သော၊ အရည်အချင်းပြည့်ဝသော ဥပဒေသစ်နှင့် စည်းမျဉ်း စည်းကမ်းများကို ပြဋ္ဌာန်းပေးခြင်းဖြင့် စွမ်းရည်ရရှိလာစေရန် NCDP တွင် ထင်ရှားသော အချက်အလက်များကို ထည့်သွင်းထားပါသည်။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများသည် ပြည်သူ ကိုအကျိုးပြုသည့် ပြည်သူ့ဝန်ထမ်းများအဖြစ် စိတ်အားထက်သန်စွာ ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ပြောင်းလဲမှုများကို ဖန်တီးနိုင်စေရန် ရည်ရွယ်ပါသည်။

## မဟာဗျူဟာ ၁ အစိုးရအဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုစနစ်များ ခိုင်မာအားကောင်းစေရေး

ပြည်သူတစ်ရပ်လုံးပါဝင်ခံစားနိုင်မည့် စဉ်ဆက်မပြတ်တိုးတက်မှု ရရှိရန်အတွက် ရိုးသား၊ ဖြောင့်မတ်၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြည်သူ့ရေးရာကိစ္စရပ်များကို စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝနှင့် ထိရောက်စွာ ဆောင်ရွက်၍ စီမံခန့်ခွဲနိုင်သော ကောင်းမွန်သည့် အုပ်ချုပ်ရေးသည် အခြေခံကျပါသည်။ ကောင်းမွန်သော အစဉ်အလာ၊ ဥပဒေ လိုက်နာရမည့် ကျင့်ဝတ်များနှင့် ပြည့်စုံနေသော အုပ်ချုပ်ရေးသည် ပြည်သူ့ဗဟိုပြု ဂန်ဆောင်မှုနှင့်လည်း ဆက်စပ်နေပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတွင် လိုအပ်နေသော အချက်(၃) ချက်မှာ (၁) ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းမှုဘောင် (၂) အုပ်ချုပ်မှုဆိုင်ရာ စွမ်းရည်နှင့် စွမ်းဆောင်မှုရှိခြင်း (၃) အစိုးရနှင့် လူမှုအဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းရန် ပွင့်လင်းမြင်သာမှု ရှိစွာဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

ဖော်ပြပါအချက်(၃)ချက်သည် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေး အဖွဲ့အစည်းများကို အဆင့်မြှင့်တင်မှုနှင့် ခေတ်မီသော ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် ကာလရှည် မဟာဗျူဟာအတွက် အခြေခံဖြစ်ပါသည်။ အစိုးရစနစ် ထိရောက်မှုကို တိုင်းတာသော ညွှန်းကိန်းများသည် ယနေ့မြန်မာနိုင်ငံ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။ အစိုးရစနစ်တွင် ဗဟိုမှချုပ်ကိုင်ပြီး ဆုံးဖြတ်ချက်ချခြင်း အထက်အောက် ဘေးဘယ်ညာ ဆက်ဆံမှုတွင် ကန့်သတ်ချက်များရှိနေခြင်း၊ ဆန်းသစ်တီထွင်မှုများ အားနည်းခြင်းများရှိနေပါသည်။




ပုံ-၅-၂ ထိရောက်သည့် အစိုးရ
ဇာစ်မြစ်၊ World Bank (၂၀၁၂)

အထက်အောက် ဆက်သွယ်မှုလမ်းကြောင်းများသည် တင်းကြပ်သောမူဝါဒ ပေါ်ထွက်လာမှုကို တိုးပွားစေလျက် အစိုးရ၏ ဖွဲ့စည်းဖြစ်ပေါ်မှုကို ခိုင်မာလာစေပါသည်။ ယင်းအချက်များက စီမံကိန်းချမှတ်ခြင်း၊ ဘတ်ဂျက်သုံးစွဲခြင်းနှင့် အကောင်အထည်ဖော်မှု အလေ့အကျင့်များတွင် ပြည်သူများပါဝင်ပူးပေါင်းဆောင်ရွက်မှုတွင် အကန့်အသတ်များ ရှိနေပါသည်။

အစိုးရ ပုံသဏ္ဍာန်ပြောင်းလဲမှုသည် ထိရောက်မှုမရှိခြင်းကို လျှော့ချခြင်းနှင့် လက်တွေ့ လုပ်ဆောင်ချက်များကို ချိန်ညှိခြင်းတို့ကို ရည်ရွယ်သည်။ ပြည်တွင်းပြည်ပဆိုင်ရာ ဥပဒေပြုမှုနှင့် စည်းမျဉ်းစည်းကမ်း ပြဌာန်းမှုများသည် အစိုးရအဖွဲ့အစည်းများနှင့် အစိုးရဌာနများကြား ပြီးပြည့်စုံမှုကို ဖြစ်စေပြီး ပို၍လေးနက်သော အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုလမ်းကြောင်းများကို ဖန်တီးပေးလိမ့်မည်ဖြစ်ပါသည်။

စွမ်းဆောင်ရည်ပေါ် အခြေပြုခြင်း

ထိရောက်သည့် ပြည်သူ့ဝန်ဆောင်မှုများရရှိရန် နိုင်ငံအတွင်းသို့ စွမ်းဆောင်ရည်မြင့်မားသည့် ပညာရှင်များ ဝင်ရောက်လာစေရန် ဆွဲဆောင်ရန်နှင့် ထိန်းထားနိုင်ရန် လိုအပ်ပါသည်။
ဝန်ထမ်းများအား အချိန်ကာလအပေါ်ကြည့်၍ အကဲဖြတ်ခြင်းထက် စွမ်းဆောင်ရည်ပေါ်ကြည့် အကဲဖြတ်သည့် စနစ်သို့ ပြုပြင်ပြောင်းလဲခြင်းဖြင့် ပြည်သူများသည် အရည်အသွေးပြည့်ဝသည့် ခေတ်မီဝန်ဆောင်မှုများ ရရှိလာမည်ဖြစ်ပါသည်။

အသွင်ကူးပြောင်းမှုကို အထောက်အကူပြုမည့် ဝန်းကျင်ဖန်တီးခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ခေတ်နှင့်အညီ ဖြစ်စေမည့် ပြည်သူ့ဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေခြင်းတို့အတွက် ဥပဒေပြုမှုနှင့် စည်းမျဉ်းစည်းကမ်းချမှတ်ခြင်းများကို ဦးစွာ စတင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါခေတ်နှင့်ညီသော ပြည်သူ့ဝန်ဆောင်မှုများသည် ပိုမိုထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊ အေဂျင်စီများဖြင့် ဆောင်ရွက်ခြင်းဖြင့် ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချခြင်းများအပေါ် အခြေခံထားပါသည်။

ပြည်သူ့ဝန်ဆောင်မှု ခေတ်မီတိုးတက်ရေးအတွက်အစိုးရ၏ ဆောင်ရွက်ချက်များသည် ဆွဲဆောင်မှုစွမ်းရည်၊ ပုဂ္ဂိုလ်ရေးရာ စွမ်းရည်မြင့်မားမှုကို ထိန်းထားနိုင်မှု မြန်မာပြည်သူလူထု၏ လူနေမှုဘဝ ပိုမိုကောင်းမွန်လာရေးကို ပေးအပ်နိုင်မှုတို့အပေါ် မူတည်ထားမည်ဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်း စွမ်းဆောင်ရည် ဆန်းစစ်ရာတွင် အချိန်ကာလပေါ်မူတည်ဆုံးဖြတ်ခြင်းထက် စွမ်းဆောင်ရည်ပေါ်မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်ပါသည် (OECD)။ လုပ်ငန်းစီမံခန့်ခွဲမှု အဆင့်အားလုံးတွင် ဝန်ဆောင်မှုအရည်အသွေးများတိုးတက်လာရေး၊ တာဝန်ယူမှု တာဝန်ခံမှု ရှိစေရေးတို့အတွက် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အရေးပါသော ပြုပြင်ပြောင်းလဲမှုမှာ ဗျူရိုကရေစီ စနစ်ကို ပပျောက်အောင်ဆောင်ရွက်ပြီး ကာလတိုအတွင်း လုပ်ဆောင်ချက်များပေါ် မူတည်၍ ချီးမြှောက်ခြင်းကို ဖန်တီးပေးရန်ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များ




မြန်မာနိုင်ငံ၏ လူမှုစီးပွား တိုးတက်လာရေးအတွက် အရှိန်မြှင့်တိုးချဲ့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက ထိရောက်သော မူဝါဒများချမှတ်ရန် လိုအပ်ပါသည်။ စဉ်ဆက်မပြတ် အလုံးစုံတိုးတက်လာမှုကို ရုပ်လုံးဖော်ရာတွင် အဖွဲ့အစည်းများဆိုင်ရာ အရင်းအမြစ်သည် အလွန်ရေးကြီးပါသည်။ ပြည်သူလူထု၏ လိုအပ်ချက်ကို ပေးစွမ်းနိုင်သည့် မူဝါဒများကို ထိန်းကြောင်းကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်း အကောင်အထည်ဖော်ခြင်းတို့အတွက် အုပ်ချုပ်မှုစနစ်များ ခိုင်မာအားကောင်းခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ပြည့်ဝခြင်းတို့သည် NCDP၏ ဖွံ့ဖြိုးရေးပန်းတိုင်အကောင်အထည်ဖော်ရာတွင် ထိရောက်မှုကို အဆုံးအဖြတ်ပေးသွားမည်ဖြစ်ပါသည်။ အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် ပြည်သူ့ဗဟိုပြု မူဝါဒများကို ချမှတ်နိုင်သော ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရေးအတွက်ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သည် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အားလုံးအတွက် အခြေခံကျပါသည်။ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် အုပ်ချုပ်မှုစနစ် ခိုင်မာအားကောင်းစေခြင်းတို့သည် အပြန်အလှန်ချိတ်ဆက်ရမည်ဖြစ်ပြီး ဖော်ပြထားသော အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင်လည်း အကျိုးသက်ရောက်မှုရှိစေရမည်ဖြစ်ပါသည်။

ဤဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမဟာဗျူဟာကို ထူးခြားသော နယ်ပယ်(၃)ရပ်ဖြင့် ခွဲခြားသတ်မှတ်ထားပါသည်။

- အုပ်ချုပ်မှုစနစ်တွင် ဗဟိုချုပ်ကိုင်ထားမှုကို လျှော့ချခြင်းနှင့် ဖြန့်ကျက် ဆောင်ရွက်ခြင်းတွင် ထိရောက်မှုရှိစေသော ခေတ်နှင့်အညီ စည်းမျဉ်းစည်းကမ်းများ ပါဝင်သည့် တရားဥပဒေစိုးမိုးရေး။

- အရည်အသွေးရှိရှိနှင့် ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန် အဆင့်အသီးသီးရှိ ပါဝင်ဆောင်ရွက်သူများ လုပ်ကိုင်ရာတွင် ဗျူရိုကရေစီစနစ်ကို ဖယ်ရှားလျက် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကိုဖော်ထုတ်ရေး။


- ပြည့်သူ့ဝန်ဆောင်မှုကို ခေတ်မီစေရန် အသွင်ပြောင်းလဲခြင်းတွင် အရည်အချင်းပေါ်မူတည်၍ ဆန်းစစ်သည့် အဖွဲ့အစည်းများပေါ်ထွက်လာရေးနှင့် နိုင်ငံသားအားလုံး တောင့်တနေသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ဖော်ထုတ်ခြင်း။

## မဟာဗျူဟာ ချဉ်းကပ်မှုအကျဉ်းချုပ်

၂၀၁၁တွင် သမ္မတဦးသိန်းစိန် တာဝန်ယူဆောင်ရွက်သည့်အချိန်မှစ၍ ပြည်ထောင်စု လွှတ်တော်သို့ မိန့်ကြားခဲ့သော မိန့်ခွန်းများတွင် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရမည့် မူဝါဒ များ ရည်မှန်းချက်များနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဆိုသည်မှာ ဗဟိုအုပ်ချုပ်မှုလျှော့ချခြင်းနှင့် အောက်ခြေ မှအစပြုသော စီမံကိန်းများကို ကျင့်သုံးခြင်းဖြစ်သည်ဟု လမ်းညွှန်ခဲ့ပါသည်။

မဟာဗျူဟာမြောက် လမ်းပြမြေပုံ (ပုံ ၅-၃) ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူ ဟာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(၆)ရပ်ကို မဟာဗျူဟာမြောက်မြေပုံတွင် ဖော်ပြ ထားပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့ အစည်းများသည် မဟာဗျူဟာများ၊ ပင်မစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်-

- အစိုးရလုပ်ပိုင်ခွင့်အာဏာ၊ ဥပဒေပြဋ္ဌာန်းမှုနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံ များကို ခေတ်နှင့်အညီမွမ်းမံခြင်း၊
- အစိုးရအဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊
- အုပ်ချုပ်ရေးတွင် ပြည်သူ့အဖွဲ့အစည်းများပါဝင်ခြင်း၊
- ဘဏ္ဍာရေး မူဝါဒနှင့် ပြည်သူ့အသုံးစရိတ် စီမံခန့်ခွဲမှုများ ခိုင်မာအားကောင်းစေခြင်း၊
- နိုင်ငံပိုင်စီးပွားရေး/ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊
- အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာမှုရှိစေခြင်း၊





ပုံ-၅-၃

မဟာဗျူဟာပြပုံ၊ အုပ်ချုပ်မှုနှင့် အစိုးရအဖွဲ့အစည်းများခိုင်မာအားကောင်းစေခြင်း၊ ဇာစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန (၂၀၁၄)

အစိုးရဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးနှင့် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေးတို့သည် ကာလရှည် မူဝါဒအဓိပ္ပါယ်ဖွင့်ဆိုချက်အရခေတ်နှင့်အညီ ပြုပြင်မွမ်းမံရန်လိုအပ်ပါသည်။ သို့ရာတွင် သတ်မှတ်ထားသော အချိန်ကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ထိရောက်သော ပြုပြင်ပြောင်းလဲမှုကိုရရှိမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၁-၁ ခေတ်နှင့်လျော်ညီသောဥပဒေနှင့်စည်းမျဉ်းပြဋ္ဌာန်းခြင်းဆိုင်ရာမူဘောင်များ




ပုံ-၅-၄ စည်းမျဉ်းစည်းကမ်း အရည်အသွေး
ဇာစ်မြစ်၊ World Bank (၂၀၁၂)


တရားဥပဒေ စိုးမိုးမှုဆိုသည်မှာ ယေဘုယျအားဖြင့် ထိရောက်သော၊ ယုံကြည်အားထားရသော၊ တရားမျှတမှုရှိသော ဥပဒေရေးဆွဲခြင်းနှင့် ယင်းဥပဒေအတွက် စည်းမျဉ်းစည်းကမ်း နှင့် ပြည့်စုံသော ဥပဒေမူဘောင်တစ်ခုပါဝင်ပါသည်။ အစိုးရ၏ ပြည့်ဝသော ဒီမိုကရေစီစနစ် ထူထောင်ခြင်းသည် ဥပဒေနှင့် အလုပ်မကွာဝေးသော ပြဋ္ဌာန်းချက်ကို ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်းဖြစ်ပြီး အောက်ပါအချက်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်- (၁) ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဆက်နွယ်မှုကို ရှင်းလင်းစွာ ခွဲခြားနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီအုပ်ချုပ်မှု အခန်းကဏ္ဍ ပြင်ဆင်ရေးဆွဲခြင်း၊ (၂) အစိုးရ၏ ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို အထောက်အပံ့ ဖြစ်စေမည့် ပဏာမအဆင့် ဥပဒေရေးဆွဲခြင်း၊ (၃) အစိုးရ၏ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း အခွင့်အာဏာကို အထောက်အကူ ဖြစ်စေမည့် တိကျသော ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်း၊ (၄) ဝန်ကြီးဌာနလုပ်ငန်းတာဝန်များ ပြန်လည်ခွဲဝေသတ်မှတ်ရန် နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာဖွံ့ဖြိုးစေခြင်း၊ (၅) အစိုးရဌာနများ၏ ထိရောက်သော စီမံခန့်ခွဲမှုများလုပ်ဆောင်ရန် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေပြဋ္ဌာန်းခြင်း၊ မြန်မာနိုင်ငံအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အရည်အသွေးညွှန်ကိန်းများနိမ့်ကျနေခြင်း၊ ပုံ (၅-၄)

အခြေခံဥပဒေနှင့်ဆိုင်သော ပြင်ဆင်ဖြည့်စွက်ချက်များသည် ၂၀၁၅ ခုနှစ်တွင် အပြီးသတ်လိမ့်မည်ဖြစ်ပါသည်။ ထိုအရာများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အုပ်ချုပ်မှုကဏ္ဍ၏တာဝန်များ နှင့် အခန်းကဏ္ဍကိုထင်ရှားစေသည့် မြင်ကွင်းများဖြင့် ပုံဖော်ဖန်တီးလိမ့်မည်ဖြစ်ပါသည်။ အခြေခံဥပဒေပြင်ဆင်ရေးဆွဲခြင်းသည် သင့်လျော်သည့် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာရေးဆွဲရေးတွင် လမ်းခင်းပေးရန် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာခွဲဝေသုံးစွဲမှုအာဏာ ၊ ကဏ္ဍအလိုက်တာဝန်ယူမှု၊ တာဝန်ခံမှု တို့အတွက်အထောက်အကူပြုမည်ဖြစ်ပါသည်။

တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် အာဏာခွဲဝေခြင်းများ၊ လူသားအခွင့်အရေးကာကွယ်ခြင်းများ၊ သာတူညီမျှဖြစ်သော သဘောတရားများအပေါ် အခြေခံသော တရားမျှတမှုဖြင့် အခွင့်အလမ်းပိုမိုတိုးတက်ရန် အားပေးထောက်ခံစေပါသည်။ ဤပြုပြင်ပြောင်းလဲမှုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်ပါသည်။ အစိုးရလူမှုအဖွဲ့အစည်းများ အကြားဆက်ဆံရေးကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် ယုံကြည်မှုတည်ဆောက်ခြင်းကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းမှု၊ လုံခြုံမှုရှိစေပြီး တရားဥပဒေစိုးမိုးမှုလုပ်ငန်းစဉ်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုလိုက်လျောညီထွေဖြစ်စေမည်ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန် ခေတ်မီအဖွဲ့အစည်းဆိုင်ရာ စီမံမှုတွင် ကျွမ်းကျင်ပညာရှင်များ ဖော်ထုတ်ရေး၊ လူ့အခွင့်အရေး၊ တရားစီရင်ရေး အကာအကွယ်ပေးမှုတို့တွင် နိုင်ငံတကာ စံချိန်စံညွှန်း နှင့်အညီ ဆောင်ရွက်ရေးစသည့် အချက်အလက်များသည် ကာလရှည် မဟာဗျူဟာအတွက် လိုအပ်ပါသည်။ ထပ်မံဖော်ထုတ်ရန် လိုအပ်သည့်အချက်မှာ လူမှုအဖွဲ့အစည်းအတွင်း တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဥပဒေရေးရာများတို့တွင် အသိပညာရှိစေရန် အားပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဥပဒေရေးရာလုံခြုံမှု ကွန်ယက်များစတင်ဆောင်ရွက်ခြင်း၊ လွတ်လပ်သည့် မီဒီယာများမှ အမျိုးမျိုးသော အသံများကိုလက်ခံခြင်း၊ လူမှုအဖွဲ့အစည်းများအတွက် နေရာများဖန်တီးပေးခြင်းဖြင့် ထိခိုက်လွယ်သောသူများနှင့် ဆင်းရဲသားများအတွက် တရားမျှတမှုကိုရရှိလိမ့်မည်ဖြစ်ပါသည်။ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများကို အရည်အချင်းတိုးမြှင့်ခြင်းဖြင့် ဥပဒေရေးရာ ကျွမ်းကျင်သူများပေါ်ထွက်လာပြီး ပြည်သူလူထုအတွင်း ဥပဒေရေးရာ အသိပညာများတိုးပွား လာစေမည်ဖြစ်ပါသည်။ ပြည်သူ့ရဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် လူ့အခွင့်အရေးပိုမိုကောင်းမွန်ရန် ဘက်ပေါင်းစုံမှဖြည့်ဆည်းပေးရေး၊ ပြည်သူ့ဝန်ဆောင်မှုကို အလေးပေးသည့် ပြည်သူ့ရဲများ၏အခန်းကဏ္ဍပြန်လည်ပီပြင်လာရေး၊ တရားဥပဒေဝန်းကျင်ကောင်းပေါ်ထွက်လာရေးစသည့် အချက်များပေါ် အခြေခံ၍ တရားမျှတမှုရှိရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။




ပုံ-၅-၅ တရားဥပဒေစိုးမိုးရေး
ဇာစ်မြစ်၊ World Bank (၂၀၁၂)

- International Covenant on Civil and Political Rights (ICCPR)
- International Covenant on Economic, Social and Cultural Rights (ICESCR)

အထက်ပါသဘောတူညီချက်များနှင့် ပြည်တွင်းဥပဒေကို ပေါင်းစည်းဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့အတွက် ထိန်းကျောင်းကြပ်မတ်မှုများကို ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်၊ အလားတူကာလအတွင်း ပြည်တွင်းရဲတပ်ဖွဲ့နှင့် နယ်စပ်ဒေသတပ်ဖွဲ့များပါဝင်သော ဥပဒေ စောင့်ရှောက်ရေး အင်အားစုများသည် စစ်အုပ်ချုပ်မှု ကင်းလွတ်မည့် အဖွဲ့များအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤဆောင်ရွက်ချက်ဖြင့် လူမှုအကာအကွယ်ပေးရေးဆိုင်ရာ နည်းလမ်းများဖွံ့ဖြိုးလာရန် အားပေးမြှင့်တင်နိုင်မည်ဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအလိုက်၊ ကျား/မ အလိုက် ကိုယ်ပိုင်ဘဝ ရပ်တည်ချက်များ ရရှိစေမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၁-၂ ပြည်သူ့ကဏ္ဍအဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု

အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များတွင် အရည်အချင်းနှင့် အရည်အသွေးရှိသော ဝန်ဆောင်မှုများ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံသူ/နိုင်ငံသားများ၏ အကျိုးစီးပွားကို ကိုယ်စားပြု ဝန်ဆောင်မှုပေးနေသော လွတ်လပ်သော အာဏာပိုင် အဖွဲ့အစည်းများ ပါဝင်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ခေတ်မီတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဖော်ပြပါအချက်များနှင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရမှ တစိုက်မတ်မတ် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

**PAR ၏ ရည်ရွယ်ချက်**


အစိုးရ အဖွဲ့အစည်းများနှင့် ပြည်သူ့ဝန်ဆောင်မှုများ ပြုပြင်ပြောင်းလဲရခြင်း၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီနည်းကျ တာဝန်ခံမှုအခြေခံမှုများ၊ ရှင်းလင်းသည့် စည်းမျဉ်းစည်းကမ်းများ၊ ပေါင်းစပ်ပါဝင်မှု၊ ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ အခြေခံမှုများအပေါ် အခြေခံ၍ စွမ်းဆောင်ရည်ရှိသော ထိရောက်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကောင်းများဖြစ်ပေါ်လာစေရေး တည်ဆောက်ရန်ဖြစ်ပါသည်။

အာဆီယံ စီးပွားရေး အသိုက်အဝန်း၏ မျှော်မှန်းချက်များ ပြည့်မီရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၊ ဗဟိုချုပ်ကိုင်မှုကိုလျှော့ချခြင်း၊ ဗဟိုအမိန့်ပေးစနစ်ကျင့်သုံးမှုကိုလျှော့ချခြင်း၊ ဒေသဆိုင်ရာ ပေါင်းစည်းမှု စသည့် ပြုပြင်ပြောင်းလဲမှုများတွင် အစိုးရဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များသည် ထိထိရောက်ရောက်ရှိရန် လိုအပ်ပါသည်။ အုပ်ချုပ်မှုကို ပြန်လည်ဆန်းစစ်ရာ၌ အစိုးရဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းမှုများ ကိုက်ညီမှုရှိ၊ မရှိ ကာလတိုတွင် သုံးသပ်ရန် လိုအပ်ပါသည်။ အစိုးရအဖွဲ့အစည်း ပုံသဏ္ဍာန်များကို ပြန်လည်ဖွဲ့စည်းပေးခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာ တရားဥပဒေများကို အစွမ်းထက်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် အစိုးရဌာနများ တိုးတက်မှု ရရှိလာမည်ဖြစ်ပါသည်။ ဖော်ပြပါ ပြုပြင်ပြောင်းလဲမှုများမှ အောက်ပါရလဒ်များ ရရှိမည်ဖြစ်ပါသည်-

- ပိုမိုကောင်းမွန်သော အုပ်ချုပ်မှုစွမ်းရည်ဖြင့် ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းဘဝ မြင့်မားလာမှုအပြင် စီးပွားရေးကဏ္ဍ လိုအပ်ချက်များကို အထောက်အကူပေးသွားမည် ထိရောက်ပြီး အရည်အသွေးပြည့်ဝသော ဗျူရိုကရေစီ၊

- တာဝန်ခံနိုင်သော ဥပဒေ၊ ကိုယ်တိုင်စီမံခန့်ခွဲနိုင်မှု၊ လွတ်လပ်စွာ တရားစီရင်နိုင်မှု စသည့်အချက်များနှင့် ပြည့်စုံသည့် စွမ်းရည်ပြည့်ဝပြီး ခိုင်မာတောင့်တင်းသည့် အဖွဲ့အစည်းများက အထောက်အကူပြုသည့် ဗျူရိုကရေစီ၊

အစိုးရ၏ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု ညွှန်ကိန်းအဆင့်ကို လက်ရှိအနေအထားမှ ပိုမိုမြင့်တက်လာစေရန် ဝန်ကြီးဌာနများမှ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုကို အထောက်အကူပြုစေရန် စည်းမျဉ်းဥပဒေများကို အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနများ၏ စည်းမျဉ်းစည်းကမ်းများသည် ပြည်သူ့ဝန်ထမ်းအရည်အသွေး၊ အုပ်ချုပ်မှု အရည်အသွေး၊ အလုပ်တာဝန်၊ ဖွံ့ဖြိုးမှု ပုံသဏ္ဍာန်နှင့် စွမ်းရည်အခြေပြုရွေးချယ်ခြင်းတို့နှင့် ဆက်စပ်လျက်ရှိပါသည်။




ပုံ-၅-၆ အစိုးရ၏ တာဝန်ခံမှု
ရင်းမြစ်၊ World Bank (၂၀၁၂)

အဖွဲ့အစည်းများ၏ နယ်ပယ်အလိုက် လူထုသို့ဝန်ဆောင်မှုပေးခြင်း၊ အုပ်ချုပ်ရေး နှင့် လုပ်ကိုင်မှုစွမ်းရည်တို့ဖြင့် ခေတ်မီတိုးတက်လာအောင် ဆောင်ရွက်ခြင်းတို့ကို PAR ပေါ် ဗဟိုပြု၍ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၁၅ခုနှစ် မှ ၂၀၂၀ ပြည့်နှစ် ကာလတို စီမံကိန်းအတွင်း အစိုးရသည် အများပြည်သူနှင့် သက်ဆိုင်သော ပြည်သူ့ဝန်ဆောင်မှု ဥပဒေ၊ ပြည်သူ့ဝန်ထမ်းများ ကျင့်ထုံးဥပဒေ၊ နိုင်ငံသားကိုယ်စားလှယ်များ ဥပဒေ၊ ပြည်သူ့ဝန်ထမ်းတာဝန် ဥပဒေအရ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူ့အလုပ်သမားများကဏ္ဍတို့ကို စတင်ရှပ်လုံးဖော်သွားမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အကြားတွင် စီးပွားရေးလုပ်ငန်းများ အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်လာနိုင်ခြင်းနှင့် ပြည်တွင်းပြည်ပနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အစိုးရမှ အီလက်ထရောနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်းကြောင့် လုပ်ငန်းဆောင်တာများစွာတွင် ပွင့်လင်းမြင်သာမှုရှိလာပြီး လုပ်ဆောင်ချက်များကို တိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဝန်ဆောင်မှုပေးသည့် ပြည်သူ့လုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် အထောက်အကူပြုလာမည်ဖြစ်ပါသည်။ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ သင်ခန်းစာများကို အသုံးချလျက် e-gov: နှင့် ပတ်သက်၍ အစိုးရ၏ မူဝါဒများကို ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အစိုးရလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ဆောင်နိုင်မည့် အလိုအလျောက်စနစ်များကို

အဟန့်အတားဖြစ်စေသည့် သီးခြားတပ်ဆင်သည့်စနစ်များကို အဆိုပါမူဝါဒမှ ကန့်သတ်ထားနိုင်မည်ဖြစ်ပါသည်။ SVMS (Single vendor modular system) ကို အသုံးပြုခြင်းဖြင့် စီးပွားရေးလုပ်ဆောင်ချက်များ အကောင်းဆုံး ဆောင်ရွက်လာနိုင်ပြီး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လာနိုင်ကာ အစိုးရဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၁-၃ အုပ်ချုပ်မှုစနစ်တွင် အရပ်ဖက်လူ့အဖွဲ့အစည်းများပူးပေါင်းပါဝင်ဆောင်ရွက်မှု

ဒီမိုကရေစီနယ်ပယ်ချဲ့ထွင်ခြင်းဖြင့် ပြောင်းလဲဖြစ်ပေါ်မှု၏ လက်ငင်းအကျိုးသက် ရောက်မှုအပေါ် အခြေခံပြီး အဓိက မူဝါဒရည်မှန်းချက်များကို ပံ့ပိုးပေးနိုင်မည့် နိုင်ငံ ရေးနှင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ် အဆင့်ဆင့်တွင် နိုင်ငံသားများ ပိုမိုပူးပေါင်းဆောင် ရွက်လာစေမည်ဖြစ်ပါသည်။ အခြေခံမူဝါဒ ပြောင်းလဲချက်မှ လိုအပ်ချက်များကိုပြုစု ပေးရာတွင် ဒီမိုကရေစီအဖွဲ့အစည်းများ ရင့်ကျက်လာခြင်း၊ သတင်းမီဒီယာများ လွတ်လပ်ခွင့်ရလာခြင်း၊ သတင်းအချက်အလက်များ ရရှိမှု တိုးတက်လာခြင်း၊ အစိုးရ၏ လုပ်ငန်းအဆင့်တိုင်းတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပါဝင်မှုတိုးမြင့်လာခြင်း၊ အဖွဲ့အစည်းများ၏ ယုံကြည်မှု တည်ဆောက်လာခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ တစ်ဦးချင်းစီ တက်ကြွစွာ ပူးပေါင်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

**ဒီမိုကရေစီနယ်ပယ်**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရန် ဒီမိုကရေစီနယ်ပယ်နှင့် ပြည်သူ့ အသံများသည် အခြေခံကျသော လက္ခဏာရပ်ဖြစ်ပါသည်။ မူဝါဒ အသစ်များအကောင်အထည် ဖော်ခြင်း၊ ဥပဒေများ ပြေလျော့ခြင်း၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေး တို့တွင် အရပ်ဖက်လူ့အဖွဲ့ အစည်းများပူးပေါင်းဆောင်ရွက် မှုတိုးမြှင့်ရေးကို တွန်းအားပေး ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေ စီရင့်သန်လာစေမည်ဖြစ်ပါသည်။

အစိုးရသည် သတင်းအချက်အလက်များ ရယူမှုနှင့် သတင်းထုတ်ပြန်မှုတို့တွင် ပြည်သူတို့ ယုံကြည်မှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး ပြောင်းလဲမှုအဆင့်တိုင်းတွင် ပြည်သူများ ပူးပေါင်းပါဝင်မှု ရှိရမည်ဖြစ်ပါသည်။

တရားဥပဒေများကို ခေတ်နှင့်အညီ ပြဌာန်းရမည်ဖြစ်ပြီး၊ လူမှုရေးမီဒီယာများ သတင်းရယူမှု လွတ်လပ်ခွင့်နှင့် သတင်းထုတ်ပြန်မှု ပွင့်လင်းမြင်သာမှု ရှိရန်လည်း လိုအပ်ပါသည်။ အစိုးရ၏ ဆုံးဖြတ်ချက်များကို အများပြည်သူ လွတ်လပ်စွာ တိုင်ပင် ဆွေးနွေးမှုပြုနိုင်ရမည်ဖြစ်ပါသည်။

အစိုးရသည် အိမ်နီးချင်း အာဆီယံနိုင်ငံများ၏ အတွေ့အကြုံကို ရယူ၍ အရပ်ဖက် လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ပီပြင်အောင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းကို ပီပြင်အောင် ဆောင်ရွက်ရာတွင် နိုင်ငံသားများကိုယ်စား မူဝါဒရေးဆွဲသည့် ဖြစ်စဉ်တွင် ဥပဒေရေးရာ မိတ်ဖက် အဖွဲ့အစည်းများအဖြစ် အရပ်ဖက် လူ့အဖွဲ့အစည်းများက ဆောင်ရွက်နိုင်ရမည်ဖြစ်ပါသည်။

အစိုးရအနေဖြင့် ဆောင်ရွက်ရန် အလုပ်မ်းဝေးကွာနေသော လုပ်ငန်းများကို အရပ်ဖက်လူ့အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ထိုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တိုးမြှင့်ခြင်းနှင့် မှတ်ပုံတင်ခြင်း ဥပဒေများကို စဉ်ဆက်မပြတ် သုံးသပ် ပြင်ဆင်ရမည်ဖြစ်ပါသည်။

ပေကျင်းပလက်ဖောင်း၏ မူဝါဒများကို အကောင်အထည်ဖော်ရန် အစိုးရ၏ ဂတိကဝတ်အရ အမျိုးသမီးများ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကာလလတ် (၁၀နှစ်) အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို အစိုးရနှင့်အရပ်ဖက်လူ့အဖွဲ့အစည်း များမှပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Convention on the Elimination of All Forms of Discrimination against Women (CEDAW) အရ လူ့အဖွဲ့အစည်း အသီးသီးရှိ


အမျိုးသမီးများ၏ အခန်းကဏ္ဍ တိုးမြှင့်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မြှင့်တင်ရန် ဖြစ်ပါသည်။ ဤထူးခြားသော ကတိကဝတ်ပေါ် မူတည်ပြီး အစိုးရ၏ ဖွံ့ဖြိုးမှုအစီအစဉ်တွင် ထည့်သွင်းရာ၌ အောက်ပါအချက်များကို အဓိကထားစဉ်းစားရမည်ဖြစ်ပါသည်-

- လူမှုဘဝတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုများ တိုးတက်ပါဝင်လာရေး၊
- လူ့ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများနှင့် ခံယူချက်များ နားလည်နိုင်စွမ်း တိုးမြှင့်စေရေး၊
- ကျား၊ မခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး၊
- ဥပဒေနှင့် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်မှတဆင့် အမျိုးသမီးအခွင့်အရေးများကို အားပေးမြှင့်တင်ရေး၊

## မဟာဗျူဟာ ၁-၄ ဘဏ္ဍာရေး မူဝါဒနှင့် ပြည်သူ့အသုံးစရိတ် စီမံခန့်ခွဲရေး

ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု မူဝါဒအရ ပို့ကုန်ဦးစားပေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန်၊ ပြည်တွင်းဈေးကွက် ပွင့်လန်းလာစေရန်၊ စီးပွားရေး အဆောက်အအုံ အသွင်ကူးပြောင်းရန်၊ တည်ငြိမ်ခိုင်မာသော မေခရိုစီးပွားရေး ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်ရမည်ဖြစ်ပါသည်။ မေခရိုစီးပွားရေး တည်ငြိမ်စေရန် လာမည့်ဆယ်စုနှစ် (၂)စု တိုင်အောင် ပြင်ပမှသက်ရောက်သော ကောင်းကျိုး၊ ဆိုးကျိုးများကို လက်ခံနိုင်စွမ်းရှိသည့် အားကောင်းသည့် မူဝါဒများကို အစိုးရအနေဖြင့် ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ-

- ငွေကြေးဖောင်းပွမှု ပျမ်းမျှ ၅% ထိန်းထားနိုင်သည့် ထိရောက်ခိုင်မာသည့် ငွေကြေး မူဝါဒ ဖြစ်စေရေး၊
- ငွေကြေးဈေးကွက် ဖွံ့ဖြိုးလာရန်နှင့် ကြွေးမြီ အခြေအနေ ထိန်းထားနိုင်မည့် ဘဏ္ဍာရေး မူဝါဒများ ဖြစ်စေရေး၊
- အခွန်ဘဏ္ဍာ ပိုမိုရရှိစေရန်နှင့် အခွန်ဇစ်မြစ် အမျိုးမျိုးမှ မျှတသော အခွန်ရရှိစေရန် ခိုင်မာသော ဘဏ္ဍာရေးမူဝါဒ ဖြစ်စေရေး၊
- ငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ရေရှည်ထိန်းသိမ်းထားနိုင်ရေး၊



ပုံ-၅-၇ ဒေသတွင်းနိုင်ငံများ၏ အစိုးရ အသုံးစရိတ် ၊ ဇာစ်မြစ်၊ ADB (၂၀၁၄)

အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှု အတွေ့အကြုံများမှ စီးပွားရေးမတည်ငြိမ်မှုနှင့် ငွေကြေးဖောင်းပွမှု ဖိအားကြောင့် မြို့ပြများတွင် မြေနှင့် အဆောက်အဦကဲ့သို့သော ကုန်သွယ်မှုတွင် အကျုံးမဝင်သည့် ကုန်စည်များ၏ ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုများကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် စီးပွားရေး အခွင့်အလမ်းများ ပွင့်လန်းနိုင်ပြီး ခိုင်မာစွာ ပြုပြင်ပြောင်းလဲနိုင်သည့် ကြုံတင်ခန့်မှန်းနိုင်သော စိန်ခေါ်မှု အလားအလာကောင်းများနှင့် ကြုံတွေ့ရလျက်ရှိပါသည်။

ငွေကြေးမူဝါဒ အခြေခံမူဘောင် အပြည့်အဝ မကျင့်သုံးမီ ဘဏ္ဍာရေးမူဝါဒသည် ကာလလတ်နှင့် ကာလရှည် မေခရိုစီးပွားရေး တည်ငြိမ်တိုးတက်မှု ရရှိရေးအတွက် အဓိက ကျပါသည်။ နိုင်ငံတော် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ဆက်စပ်နေသော ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများသည် ကာလတို ပြုပြင်ပြောင်းလဲမှု

အတွက် မူဝါဒများ အောင်မြင်စေရန် အထောက်အပံ့ပေးမည်ဖြစ်ပါသည်။ နိုင်ငံပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက် မြင့်မားမှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်သူ့ဘဏ္ဍာငွေကို ထိရောက်စွာ အသုံးပြုခြင်း၊ ဘဏ္ဍာငွေ အရအသုံးစာရင်းများ ပြင်ဆင်ရေးဆွဲခြင်း၊ ဦးစား ပေးအသုံးစရိတ်များကို ရှင်းလင်းပြတ်သားစွာ သတ်မှတ်ခြင်း၊ ဘဏ္ဍာရေး လိုငွေပြမှု ထိန်းချုပ်ရန် ဆောင်ရွက်ခြင်းတို့သည် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို မီးမောင်းထိုးပြမည်ဖြစ်ပါသည်။

ဆင်းရဲမှုလျှော့ချရေးနှင့် တိုးတက်မှုကို အထောက်အကူဖြစ်စေရန် အခြေခံ အဆောက်အအုံနှင့် လူစွမ်းအား အရင်းအမြစ်တွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးရန် လိုအပ်ကြောင်းကို ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးမှုအတွေ့အကြုံများမှ အတည်ပြုဖော်ပြထားပါသည်။ ၎င်းအချက်များကို သယံဇာတများ အကန့်အသတ်ဖြစ်ချိန်တွင် အထူးထည့်သွင်း စဉ်းစားရ မည် ဖြစ်ပါသည်။ အာဆီယံနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် လိုက်လျောညီထွေ ဖြစ်သော အဓိက စီးပွားရေးကဏ္ဍများတွင် ဘဏ္ဍာငွေကို ပိုမိုခွဲဝေချထားပေးရန် ကောင်းမွန်သော ဘက်ဂျက်စနစ်ကို စတင်ကျင့်သုံးနေပြီး ဖြစ်ပါသည်။ ထို့ပြင်အစိုးရသည် ဒေသတွင်း နိုင်ငံများနှင့် ပိုမိုလိုက်လျောညီထွေရှိစေရန် ဝန်ထမ်းများကို ဆွဲဆောင် ထိန်းထား နိုင်ရေးအတွက် ၂၀၂၀ပြည့်နှစ် တွင် အစိုးရ၏အသုံးစရိတ်ကို GDP၏ ၈% မှ ၁၅% သို့ တိုးမြှင့်သုံးစွဲရန်ရည်မှန်းထားပါသည်။

အစိုးရ၏ ဘဏ္ဍာငွေတိုးတက်စေရန် မူဝါဒအမျိုးမျိုး ချမှတ်ရှာဖွေ သွားမည် ဖြစ်ပါသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် အခြား သဘာဝသယံဇာတများမှ တိုးမြင့်ရရှိ သောဝင်ငွေများဖြင့် အကျိုးကျေးဇူးရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ သယံဇာတ တူးဖော်ထုတ်လုပ်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် (Extractive Industries Transparency Intiatives- EITI) အဖွဲ့ဝင်နိုင်ငံ ဖြစ်လာတော့မည့် မြန်မာနိုင်ငံသည် စွမ်းအင်ထုတ်လုပ်မှုမှ ဝင်ငွေများရရှိရန် ဆောင်ရွက်ရာတွင် နိုင်ငံတော် အနေဖြင့် အဂတိ လိုက်စားမှုကင်းစွာဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရန် လိုအပ်ပါသည်။

နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ ရရှိသော ဝင်ငွေများသည် ၂၀၃၀ ခုနှစ် အလွန် တွင် ဆက်လက်တိုးတက်လာမည်ဖြစ်ပါသည်။ ဘဏ္ဍာရငွေ တိုးမြင့်လာစေရန် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း (၄၀) ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်း (သို့) ကော်ပိုရေးရှင်း များသို့ လွှဲပြောင်းပေးခြင်းများကို ၂၀၁၅ခုနှစ် နှင့် ၂၀၂၀ပြည့်နှစ်ကြားတွင် ပြီးစီး အောင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျန်ရှိနေသော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်း များသည် အကြီးစား စက်မှုလုပ်ငန်းကြီးများဖြစ်ပြီး အလုပ်သမားများအတွက် အလုပ် အကိုင်အခွင့်အလမ်း ပေးစွမ်းနိုင်ပြီး စုစုပေါင်းရငွေ အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ကျော်ရရှိခဲ့ပါသည် (၂၀၁၃-၂၀၁၄)။ ကျန်နိုင်ငံပိုင်လုပ်ငန်းများသည် သယံဇာတရင်းမြစ် များကို ထုတ်ယူသုံးစွဲသော လုပ်ငန်းများ၊ စွမ်းအင်နှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဖြင့် ကာလရှည်တွင် အကျိုးအမြတ်များရရှိစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အခွန်ရငွေ နိမ့်ကျနေသော်လည်း စားသုံးမှုနှင့် ပစ္စည်းပိုင်ဆိုင်မှုတို့မှ အခွန်ကောက်ခံခြင်း၊ အခွန်ရရှိနိုင်သည့် နည်းလမ်း အမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်းဖြင့် ၂၀၁၈ ခုနှစ်တွင် အခွန်ရငွေနှင့် GDP အချိုး ၁၀% သို့ တိုးတက်လာမည်ဖြစ်ပါသည်။

ဘဏ္ဍာငွေလိုငွေပြမှုကို သက်သာစေရန် ဗဟိုဘဏ်မှ အစိုးရစာချုပ်စာတမ်းများကို ထုတ်ဝေခြင်းဖြင့် ကာလလတ် (၅နှစ်) (၂၀၁၅-၂၀၂၀) တွင် လိုငွေပြမှု ၄၀% သက်သာ စေမည်ဖြစ်ပါသည်။ ငွေချေးစာချုပ်များ အရောင်းအဝယ်ပြုသော ဈေးကွက် ပိုမိုတိုးတက် စေရန် ဥပဒေ ပြဋ္ဌာန်းမှုများ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး (PFMR) ကို နိုင်ငံတကာ၊ OECD အဆင့်အတန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကာလရှည် (၂၀၃၀) အတွင်း မူဝါဒများ ချမှတ်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံနိုင်မှု ရှိရမည်ဖြစ်ပြီး တရားဥပဒေ စိုးမိုးရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဥပဒေအချက်အလက်များနှင့် တိုက်ရိုက်ချိတ်ဆက်မှု ရှိရမည်ဖြစ်ပါသည်။ PFMR သည် ဘဏ္ဍာငွေအရအသုံးစနစ်၊ စီးပွားရေးစီမံကိန်း၊ အမျိုးသားစာရင်းအင်းစနစ်များ ဆောင်ရွက်ရာတွင် ကွန်ပျူတာစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လုပ်ထုံး လုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများတွင် အဆင့်မြင့်လာစေမည်ဖြစ်ပါသည်။ PFMR စနစ်အရ ဝန်ထမ်းအဆင့်တိုင်းတွင် အသုံးစရိတ်များကို တိကျစွာ တာဝန်ယူခြင်းဖြင့် စီမံကိန်းရေးဆွဲခြင်း ဘက်ဂျက်ရေးဆွဲခြင်းများကို ကာလတိုအတွင်း ထိရောက်စွာ အောင်မြင်စေမည်ဖြစ်ပါသည်။

ခေတ်မီဈေးကွက် စီးပွားရေးစနစ်ကို အထောက်အကူပြုရန် ဈေးကွက်အခြေပြု နည်းလမ်းများကို အသုံးပြုစေခြင်း၊ စွမ်းဆောင်ရည်များ တိုးမြှင့်လာစေခြင်းစသည့် ကိစ္စရပ်များ ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ မူဝါဒနှင့် ပြုပြင်ပြောင်းလဲခြင်းများကြောင့် စည်းမျဉ်းစည်းကမ်းများ တင်းကြပ်မှုမှ ဖြေလျှော့မှုရှိသော ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းသွားနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) သည် မေခရိုစီးပွားရေးနှင့် ဘဏ္ဍာရေး တည်ငြိမ်မှုရှိစေရန် ဖော်ပြပါ အချက် (၂) ချက်ကို ဆောင်ရွက်ခြင်းဖြင့် CBM အခန်းကဏ္ဍကို ပိုမိုတိုးတက်လာစေမည် ဖြစ်ပါသည်။ (၁) ထိရောက်သော စည်းမျဉ်း စည်းကမ်း ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဘဏ်လုပ်ငန်းများ ခိုင်မာအားကောင်းစေခြင်း၊ (၂) ငွေကြေးစနစ်တည်ငြိမ်စေပြီးငွေဖြစ်လွယ်မှု ခိုင်မာအားကောင်းစေခြင်း၊ CBM သည် ဘဏ်များ၏ ဘဏ္ဍာရေး အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ ပေးချေမှုများ နှင့် ပတ်သက်၍ လိုငွေပြမှုများကို ဖြေရှင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် ဘဏ်များ အားလုံး၏ နောက်ဆုံးအားထားရာအဖြစ် ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍကို ပြန်လည် ရရှိလာမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၁-၅ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု

ဈေးကွက် စည်းမျဉ်းများ တိုးတက်လာမှုမှ တဆင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (Corporatization) စွမ်းဆောင်ရည်ခိုင်မာအားကောင်းလာခြင်း၊ ပုဂ္ဂလိကကဏ္ဍ (Privitization) ပါဝင်မှုကို အားပေးလာခြင်းတို့သည် နိုင်ငံ့ ဝင်ငွေတိုးပွားရေးအတွက် ကြီးမားသော စွမ်းဆောင်ရည် တစ်ရပ်ဖြစ်စေပါသည်။

နိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင် ကျန်ရှိသော စီးပွားရေးလုပ်ငန်း (၄၄) ခုသည် ကျယ်ပြန့်သော ကဏ္ဍတစ်ရပ်ကို လွှမ်းခြုံလျက်ရှိသည်။ ၂၀၁၃-၂၀၁၄ စာရင်းအရ နိုင်ငံပိုင် စီးပွားရေးကဏ္ဍ (၉) ခုအနက် (၃) ခုတွင် အရှုံးပေါ်လျက်ရှိပါသည်။ ထိုအရှုံးပေါ်နေသော လုပ်ငန်းများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာသော စီးပွားရေးဈေးကွက်တွင် ၎င်းတို့၏ ယှဉ်ပြိုင် စွမ်းအား မြင့်မားလာရေးကို အချိန်တိုအတွင်း ဦးစားပေး လုပ်ဆောင်သွားမည်။ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းများကို ဖက်စပ်လုပ်ငန်းများအနေနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် ပူးတွဲလုပ်ကိုင်ခြင်း၊ ပုဂ္ဂလိကသို့ လွှဲပြောင်းခြင်း နည်းလမ်းများဖြင့် လမ်းခင်းသွားမည် ဖြစ်ပါသည်။

| | ရငွေများ | | အသုံးစရိတ်များ | | လက်ကျန် |
|---|---|---|---|---|---|
| | ကျပ် (ဘီလီယံ) | % စုစုပေါင်း | ကျပ် (ဘီလီယံ) | % စုစုပေါင်း | ကျပ် (ဘီလီယံ) |
| စွမ်းအင် | ၄၃၄၁ | ၄၈ | ၃၁၆၈ | ၃၉ | ၁၁၇၃ |
| သတ္တု | ၃၀၃ | ၃ | ၁၆၂ | ၂ | ၁၄၁ |
| ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး | ၃၈၅ | ၄ | ၃၂၀ | ၄ | ၆၅ |
| ဘဏ္ဍာရေးနှင့် အခွန် | ၇၀၇ | ၈ | ၆၅၃ | ၈ | ၅၄ |
| ဆောက်လုပ်ရေး | ၃၅၂ | ၄ | ၃၇၄ | ၅ | (၂၂) |
| စက်မှု | ၆၁၀ | ၇ | ၇၉၂ | ၁၀ | (၁၈၂) |
| လျှပ်စစ်စွမ်းအား | ၁၃၁၉ | ၁၅ | ၁၆၄၁ | ၂၀ | (၃၂၂) |
| ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ၆၂၃ | ၇ | ၅၃၇ | ၇ | ၈၆ |
| အခြား | ၃၉၉ | ၄ | ၅၁၁ | ၆ | (၁၁၂) |
| စုစုပေါင်း | ၉၀၃၉ | ၁၀၀ | ၈၁၅၉ | ၁၀၀ | ၈၈၀ |

ဇယား ၅-၁ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (၂၀၁၃-၂၀၁၄) ဇာစ်မြစ်၊ ဘတ်ဂျက်ဥပဒေ (၂၀၁၃-၂၀၁၄)

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုကို ဆက်လက်ဆောင်ရွက်ခြင်းဖြင့် လိုငွေကွာဟမှုကို ဖြည့်တင်းပေးခြင်း၊ ပုဂ္ဂလိကသို့ လွှဲပေးခြင်းဖြင့် နိုင်ငံတော် ဘဏ္ဍာငွေကို အားထားနေရသော စီးပွားရေးလုပ်ငန်းများကို လျှော့ချသွားမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော် ကုန်ထုတ်စွမ်းရည် တိုးမြှင့်မှု၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အရှုံးပေါ်မှုကို လျှော့ချမှုစသည့် အချက် (၂) ချက်၏ အကျိုးသက်ရောက်မှုဖြင့် နိုင်ငံတော်ဘတ်ဂျက် အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျန်ရှိနေသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း အရွယ်အစား၊ အစိုးရမှအလုပ်အကိုင်ပေးနိုင်မှု၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ကုန်ထုတ်စွမ်းရည် မြင့်မားစေရန် ပြုပြင်ပြောင်းလဲမှုတို့ဖြင့် အလုပ်သမားများကို အကာအကွယ်ပေးသွားမည်ဖြစ်ပါသည်။ အလုပ်အကိုင် အာမခံချက်ရရှိရေး၊ အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ရေး၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးစသော ပြုပြင်ပြောင်းလဲမှုများဖြင့် ရုပ်လုံးဖော်သွားမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၁-၆ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု


ခေတ်မီစီးပွားရေးနှင့် လူမှုရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် အစိုးရဘဏ္ဍာငွေမလုံလောက်မှုနှင့် လူသားအရင်းအမြစ်မလုံလောက်မှုတို့ကို ဖြေရှင်းရန် အစိုးရတွင် တာဝန်ကျ ရောက်လာပါသည်။ ပွင့်လင်းမြင်သာမှုရှိသော အစိုးရ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုသည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကာလတိုအစီအစဉ်တွင်မရှိမဖြစ် လိုအပ်ချက်တရပ်ဖြစ်ပါသည်။

**PPP များကို ဆွဲဆောင်ခြင်း**

အကြီးစား အခြေခံအဆောက်အအုံစီမံကိန်းများအတွက် ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းရန် PPP ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူ့အသုံးစရိတ်များ လုံလောက်မှုမရှိသောကြောင့် အစိုးရသည် PPP စုစုပေါင်း ၁၈.၇ ဘီလီယံရရှိရန် ရှာဖွေရမည်ဖြစ်ပါသည်။

အာရှဒေသတွင် အခြေခံအဆောက်အအုံများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရနှင့် ပုဂ္ဂလိကပေါင်းစည်းဆောင်ရွက်မှုမှတဆင့် ငွေကြေးအလုံးအရင်းဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းကြီးများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများမှ ဆောင်ရွက်နေသော (PPP) များ၏ သင်ခန်းစာနှင့် အတွေ့အကြုံများကို ရယူလျက်ဦးစားပေး စီးပွားရေးဇုန်များ အဆင့်မြှင့်တင်ခြင်း၊ မြို့ပြဒေသများ ပြန်လည်ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးပေးခြင်းတို့ဖြင့် စီမံကိန်းများကို အောင်မြင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိသော (PPP) လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ငွေကြေးပိုမိုနိုင်မာလာခြင်း၊ အကျိုးမရှိသောလုပ်ငန်းများလျှော့ချခြင်း၊ ကျင့်ဝတ်သိက္ခာနှင့်ညီသော ပြည်သူ့ဗဟိုပြု လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဂတိ လိုက်စားမှုပပျောက်ရေးကို ဆောင်ရွက်ခြင်းတို့ဖြင့် သန့်ရှင်းသော အစိုးရ ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။

လူမှုရေးကဏ္ဍဝန်ဆောင်မှု၊ စီးပွားရေးကဏ္ဍအတွက်အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ၂၀၃၀ ကာလအတွင်း နိုင်ငံပိုင်ကဏ္ဍရင်းနှီးမြှုပ်နှံမှု၏ ၁၀% မှ ၁၅% ကြားကို (PPP) လုပ်ငန်းများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံရန် အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ (PPP) လုပ်ငန်းပုံစံအမျိုးမျိုးတွင် စွန့်စားမှုများကို ရှောင်လွှဲနိုင်ရန် အစိုးရသည် သင့်လျော်သော မူဝါဒများကို ချမှတ်ထားပြီး အစိုးရ၏ စီမံကိန်းများသည်လည်း မဟာဗျူဟာ အရ အရေးပါမှုအပေါ် မူတည်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။




ပုံ-၅-၈ PPP ရည်မှန်းချက် (ဒေါ်လာ-ဘီလီယံ) ၊ ဇာစ်မြစ်၊ ADB (၂၀၁၄)

စီမံကိန်းကြီးများ အကောင်အထည်ဖော်ရာတွင် လိုအပ်သော ဘဏ္ဍာငွေ ဖြည့်ဆည်းနိုင်မည့် နည်းလမ်းသည် (PPP) ပါဝင်မှုကို မြှင့်တင်ရေးအတွက် ထိရောက်သော မူဝါဒများချမှတ် ရန်ရည်ရွယ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ပေါ်ထွက်လာမည့် အဆိုပါမူဝါဒများသည် (PPP) စတင် ကျင့်သုံးခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများကိုလျှော့ပါးသက်သာစေမည်ဖြစ်ပါသည်။ ယင်းတွင်ပါဝင်သောအချက်အလက်အချို့မှာ

- အရပ်ဘက်လူ့အဖွဲ့အစည်းများအပါအဝင် ပါဝင်ဆောင်ရွက်သူများ၏ ယုံကြည်မှုရရှိစေခြင်း၊
- လက်ရှိအသုံးပြုနေသောမူဝါဒများ၊ ဥပဒေများ လုပ်ထုံးလုပ်နည်းများကို (PPP) အတွက် ကျင့်သုံးနိုင်ရန် ပြင်ဆင်ခြင်း၊ ခေတ်နှင့်လျော်ညီစေရန်ဆောင်ရွက်ခြင်း၊
- အစိုးရအဆင့်အားလုံးတွင် (PPP) ကိုထိထိရောက်ရောက်အထောက်အကူပြုရန်အဖွဲ့အစည်းဆိုင်ရာ စီစဉ်ထားရှိခြင်းတို့ဖြစ်ပါသည်။


ကာလတို (၂၀၁၅-၂၀၁၈) တွင်ဦးစားပေးအနေနှင့် အစိုးရ၏ ကျယ်ပြန့်သော (PPP) ဆိုင်ရာ မဟာဗျူဟာနှင့်မူဘောင်သည် ဝန်ကြီးဌာနများတွင် စွမ်းရည်ပြည့်ဝစေခြင်းနှင့် ထိုမှတဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွင်း စွမ်းရည်ပြည့်ဝစေရေးဖြစ်ပါသည်။ ထိုကဲ့သို့သော ဆောင်ရွက်ချက်များတွင် ပြည့်သူ့အကျိုးကို မျှော်ကိုး၍ (PPP) လုပ်ငန်းများအားအကောင် အထည်ဖော်ရာရမည့် လုပ်ငန်းစဉ်များကို ခွဲခြား၍ စီမံခန့်ခွဲပြီး အောင်မြင်အောင် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

မဟာဗျူဟာနှင့် ၎င်းနှင့်ဆက်စပ်နေသည့် အခြေခံမူဘောင်သည် (PPP) ဆောင်ရွက်မှုအတွက် (၁) ပုဂ္ဂလိကအဖွဲ့ အစည်းများ၏ စားသုံးသူများထံမှ တိုက်ရိုက်ကောက်ခံရရှိသောရငွေများ၊ (၂) ဝန်ဆောင်မှုလုပ်ငန်းများ အတွက် အစိုးရမှ ပုဂ္ဂလိကသို့ ပေးရသည့် (PPP) ဘတ်ဂျက် စသည့် နယ်ပယ်များ လွှမ်းခြုံမှုရှိရမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများသည် (PPP) အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်သူများဖြစ်ပြီး တိကျသည့် ကိုယ်ပိုင်စွမ်းရည်များပိုင်ဆိုင်ရန်လည်း လိုအပ်ပါသည်။ အချိန်တိုကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အခြားအဆင့်တူဝန်ကြီးဌာနများအတွင်း (PPP) ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းတည်ထောင်မှုကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ (PPP) ကိုညီနှိုင်း ဆောင်ရွက်မှု တိုးတက်လာရန် ဝန်ကြီးဌာနမှ ကော်မတီများဖွဲ့၍ လေ့လာသုံးသပ်မှုများ ပြုခြင်းသည် စီမံကိန်းကော်မရှင်၏ တာဝန်တစ်ရပ်ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ

ဖွံ့ဖြိုးတိုးတက်မှုအဆင့်တိုင်းအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မရှိမဖြစ်လိုအပ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ အားလုံးအတွက် ထင်ဟပ်စေမည့် အဓိကမူဝါဒအဖြစ် အစိုးရမှ အသိအမှတ်ပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ပြည့်ဝပြီး တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းများပေါ်ထွက်လာခြင်းနှင့် အာဏာခွဲဝေမှုရှိခြင်းတို့ဖြင့် ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် တိုးတက်မှုနှင့် လူမှုရေးရာဖွံ့ဖြိုး တိုးတက်မှုများရရှိစေမည်ဖြစ်ပါသည်။


ဤဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမဟာဗျူဟာသည် NCDP ကို ထိန်းကျောင်းကြပ်မတ်မည့် လူမှုဘဝကောင်းကျိုးများခံစားနိုင်မည့် အောက်ဖော်ပြပါ ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းရလဒ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ပါသည်။




ပုံ-၅-၉ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (၂၀၁၄)

ကမ္ဘာ့ဘဏ်၏ အုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်းများဖြင့် တိုင်းတာချက်အရ စဉ်ဆက်မပြတ် တိုးတက်မှုများသည် ဤဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမဟာဗျူဟာမှ ရရှိနိုင်မည်ဖြစ်ပါသည်။ ယခင်စနစ် များကြောင့် မြန်မာနိုင်ငံ၏ လက်ရှိညွှန်းကိန်းများသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေကြောင်းတွေ့ရှိရသည်။ အထူးသဖြင့် ထိရောက်သည့် အစိုးရစနစ်၊ စည်းမျဉ်းစည်းကမ်းများ၏ အရည်အသွေး၊ တရားဥပဒေ စိုးမိုးရေးနှင့် တာဝန်ခံမှုစသည့်နယ်ပယ်များတွင် ရာခိုင်နှုန်း အားဖြင့် ၁၀% အောက်လျော့နည်းနေကြောင်းတွေ့ရှိရပါသည်။

အုပ်ချုပ်မှုစနစ်များတိုးတက်မှုရှိစေရန် ဆောင်ရွက်ခြင်းတွင် စိန်ခေါ်မှုများရှိမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ပြည့်ဝသည့် နိုင်ငံအဖြစ်မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် အခက်အခဲများနှင့်ရင်ဆိုင်ရမည်ဖြစ်ပြီး ၂၀၃၀ ခုနှစ်တွင် ထိရောက်သည့် အုပ်ချုပ်မှုစနစ်ဖြစ်လာစေရန် ကာလရှည်ရည်မှန်းချက်ထား၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် နှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်စေရန် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ထုတ်ပြန်ထားသော အချက်များအပေါ် အခြေခံ၍ ရည်မှန်းချက်ထားရှိပါသည်။




ပုံ-၅-၁၀
အုပ်ချုပ်မှုပိုင်း ဖွံ့ဖြိုးမှုရည်မှန်းချက်များ၊ ဇာစ်မြစ်၊ World Bank (၂၀၁၄)



## စီးပွားရေးဝန်းကျင်ကောင်းများဖန်တီးရေး

မြန်မာနိုင်ငံသည် စက်မှုကဏ္ဍဖွံ့ဖြိုးမှုကိုတွန်းအားပေး ဆောင်ရွက်မည့် ပုဂ္ဂလိကကဏ္ဍ ပါဝင်သည့် အသွင်ကူးပြောင်းမှုပုံစံများနှင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည့်ဝန်းကျင် အဆင့်သတ်မှတ်ချက်ကို ရာဂဏန်းအောက်သို့ရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ပါသည်။ စီးပွားရေး ဝန်းကျင်ကောင်း ထူထောင်ရေးအတွက် ကြိုးပမ်းရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များပါဝင်သော သုံးပွင့်ဆိုင်အဖွဲ့၏ ချိတ်ဆက်လုပ်ကိုင်နိုင်သည့် စီမံချက်အပေါ် အမှီသဟဲပြုလျက်ရှိပါသည်။ စီးပွားရေးဝန်းကျင်ကောင်းသည် ပို့ကုန်ဦးစားပေးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

## မဟာဗျူဟာ ၂ လုပ်ကိုင်နိုင်စွမ်းရှိသော စီးပွားရေးဝန်းကျင်ကောင်းများဖန်တီးရေး

မြန်မာနိုင်ငံသည် နောက်ကျခြင်းမှ ရရှိသော အကျိုးကျေးဇူးကို အသုံးချ၍ ပြည်သူလူထု တစ်ရပ်လုံးရရှိခံစားနိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် နည်းပညာအမှီလိုက်နိုင်ရေးနှင့် အသွင်ကူးပြောင်းမှု ပုံစံအတွက် အလားအလာကောင်းသည့် စီမံကိန်းများချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝမှုကို အခြေခံ၍ အောက်ဖော်ပြပါနည်းလမ်းများဖြင့် စက်မှုထွန်းကားရေးကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- လုပ်သားအခြေပြုကုန်ထုတ်လုပ်ငန်းများကို စတင်အလေးထားဆောင်ရွက်ပြီး ပို့ကုန်အလားအလာကို တိုးမြှင့်စေ၍ ပထမအဆင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်နှင့် ချိတ်ဆက်ခြင်းမှ ကမ္ဘာ့တန်ဖိုးကွင်းဆက်သို့ချိတ်ဆက်ခြင်း၊

- တီထွင်ဆန်းသစ်မှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပြည်တွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများအဆင့်မြှင့်တင်ခြင်းကို ဖွံ့ဖြိုးရေးမောင်းနှင်အင်အားအဖြစ် အသုံးပြုခြင်း၊

- ပို့ကုန်ဦးစားပေးသည့် ဘက်ပေါင်းစုံ ဘက်ညီဖွံ့ဖြိုးမှုမဟာဗျူဟာအတွင်း စက်မှုစုစည်းဖြစ်ထွန်းမှုကို အစပျိုးစေရန် မဟာဗျူဟာကျသည့် နေရာတွင် အထူးစီးပွားရေးဇုံများ ဖြစ်ထွန်းစေခြင်း၊

- လုပ်ငန်းကြီးများတွင် လူမှုရေးအရတာဝန်ယူမှုရှိသော စည်းမျဉ်းစည်းကမ်းများနှင့် အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် ဥပဒေများပြဋ္ဌာန်းခြင်း၊

- နိုင်ငံခြားနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် (TVET) ကဲ့သို့သော အသက်မွေးဝမ်းကျောင်းပညာရေးစနစ်များကို ချဲ့ထွင်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း၊

- ဖန်းတီးနိုင်မှုနှင့် တီထွင်ဆန်းသစ်နိုင်မှုတိုးတက်လာစေရန် အဆင့်မြင့်ပညာရေးစနစ်ကိုပြုပြင်ခြင်းနှင့် ပုံစံပြန်လည်ဖော်ထုတ်ခြင်း၊

စွမ်းဆောင်နိုင်သော စီးပွားရေးပတ်ဝန်းကျင်နှင့် ခိုင်မာသော လုပ်ငန်းရင်းမြစ်များဖန်တီးခြင်းသည် မြန်မာနိုင်ငံက လိုက်နာကျင့်သုံးရမည့် ဖွံ့ဖြိုးတိုးတက်ရေးပုံစံ၏ အမှန်တကယ်လိုအပ်သော ပြယုဂ်တစ်ခုဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်၍မရသေးပါ။ စီးပွားရေးစစ်တမ်း (၂၀၁၄) မှ မြန်မာနိုင်ငံကို နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် အဆင့် ၁၈၂ တွင် သတ်မှတ်ထားပါသည်။

| ညွှန်းကိန်း နယ်ပယ် | ဗီယက်နမ် | ကမ္ဘောဒီးယား | လာအို | မြန်မာ |
|---|---|---|---|---|
| လွယ်ကူသောစီးပွားရေးဝန်းကျင်အဆင့်သတ်မှတ်ချက် | ၉၉ | ၁၃၇ | ၁၅၉ | ၁၈၂ |
| စီးပွားရေးလုပ်ငန်းစတင်ခြင်း | ၁၀၉ | ၁၈၄ | ၈၅ | ၁၈၉ |
| ဆောက်လုပ်ရေး လုပ်ပိုင်ခွင့်ရရှိမှု | ၂၉ | ၁၆၁ | ၉၆ | ၁၅၀ |
| လျှပ်စစ်မီးရရှိမှု | ၁၅၆ | ၁၃၄ | ၁၄၀ | ၁၂၆ |
| ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း | ၅၁ | ၁၁၈ | ၇၆ | ၁၅၄ |
| ကြွေးမြီရရှိမှု | ၄၂ | ၄၂ | ၁၅၉ | ၁၇၀ |
| ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ရှိမှု | ၁၅၇ | ၈၀ | ၁၈၇ | ၁၈၂ |
| အခွန်စနစ် | ၁၄၉ | ၆၅ | ၁၁၉ | ၁၀၇ |
| နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု | ၆၅ | ၁၁၄ | ၁၆၁ | ၁၁၃ |
| စာချုပ်စာတမ်း ခိုင်မာမှု | ၄၆ | ၁၆၂ | ၁၀၄ | ၁၈၈ |
| ကြွေးမဆပ်နိုင်ခြင်းဖြေရှင်းနိုင်မှု | ၁၄၉ | ၁၆၃ | ၁၈၉ | ၁၅၅ |

ဇယား ၅-၂ စီးပွားရေးလုပ်ကိုင်နိုင်သည့် စစ်တမ်း၊ ဇစ်မြစ်၊ World Bank (၂၀၁၃)

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များ




ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ၏ စိန်ခေါ်ချက် (၆) ချက်အနက် ချိတ်ဆက်ဆောင်ရွက်ရမည့် မဟာဗျူဟာ(၄)ရပ်မှာ လုပ်ခလစာကောင်းများ ရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးခြင်း၊ စီးပွားရေးတည်ဆောက်မှု ပုံသဏ္ဍာန်ကိုချဲ့ထွင်လုပ်ကိုင်ခြင်း၊ တန်းတူညီမျှသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးနိုင်ခြင်းတို့ကြောင့် ဆင်းရဲမှုလျော့ချရေးကို ဆောင်ရွက်နိုင်ခြင်း စသည်တို့ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အုပ်ချုပ်မှုကိစ္စများတွင် အစိုးရသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဤလိုအပ်ချက်များကို ပြည့်စုံသောတရားဥပဒေနှင့် စည်းကမ်းတကျ ထိန်းချုပ်မှု၊ ရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်နိုင်မှုနှင့် စီးပွားရေးလုပ်ဆောင်နေကြသည့် လူအများကို လူမှုရေးအရ တာဝန်ယူမှု (CSR) ရှိသော အလေ့အကျင့်များနှင့် အကောင်အထည်ဖော်ဖြည့် ဆည်းရမည်ဖြစ်ပါသည်။ ထို့ကြောင့်ဆန်းသစ်တီထွင်မှုရှိသော(CSR)မဟာဗျူဟာကို ကျင့်သုံးသည့် ပြည်တွင်းပြည်ပ SME လုပ်ငန်းများ ဖြစ်ထွန်းစေမည့် စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် ခိုင်မာသော ပုဂ္ဂလိကစီးပွားရေးကဏ္ဍများ ထူထောင်ခြင်းဖြင့် ခေတ်မီသော အစိုးရပေါ်ထွန်းလာရေးသည် ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာအတွက် ထားရှိရမည့် အဓိကပန်းတိုင်ဖြစ်ပါသည်။ စီးပွားရေးဝန်းကျင်ကောင်း ခိုင်မာစွာ ထူထောင်ရန် မေခရို စီးပွားရေးမူဝါဒများစွာ ပါဝင်သောထူးခြားသည့်မဟာဗျူဟာဖြင့် ဆက်လက်ဆောင်ရွက်ရန် အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်မှုစီမံကိန်းကို ရေးဆွဲထားပါသည်။ မြန်မာနိုင်ငံ၏ နိုင်းယှဉ်အကျိုးကျေးဇူးရှိသော လုပ်သားဈေးကွက်၏ကောင်းကျိုးများကိုဖော်ထုတ်ခြင်းဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်နိုင်ခြင်း၊ ပြည်တွင်းအသေးစားအလတ်စား လုပ်ငန်းများကို စတင် လုပ်ဆောင်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများစီးဝင်စေခြင်း၊ စွမ်းရည်မြင့်လုပ်ငန်းများကို ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တို့ ချိတ်ဆက်ခြင်းဖြင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်သည့် အထူးစီးပွားရေးဇုန်မူဝါဒများ ချမှတ်ရာတွင် ဒေသအလိုက် ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်ခြင်း၊ ချဲ့ထွင်လုပ်ကိုင်ခြင်းတို့ဖြင့် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင်မှတ်တိုင်တစ်ခုဖြစ်လာစေမည်ဖြစ်ပါသည်။ အာဆီယံအတွင်း မြန်မာနိုင်ငံ ဝင်ရောက်ကုန်သွယ်မှုပြုရာတွင် (၁) ပြည်တွင်းအရင်းအနှီး လုံလောက်မှု၊ (၂) နည်းပညာစွမ်း ဆောင်ရည်ပြည့်မီမှု၊ (၃) အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုမှတဆင့် ကျွမ်းကျင်မှုရှိသည့် လုပ်သားဈေးကွက်တိုးတက်မှုတို့ကို ရရှိရန် လိုအပ်ပါသည်။

စက်မှုဖွံ့ဖြိုးတိုးတက်မှုပုံစံ၏ အဓိကရည်ရွယ်ချက်သည် လယ်ယာကဏ္ဍနှင့် မြို့ပြရှိ တရားမဝင် စီးပွားရေး ကဏ္ဍများ၏ ထုတ်လုပ်မှုစွမ်းရည်နိမ့်ကျသော လုပ်သားအင်အား များကို ရွှေ့ပြောင်းရန်ဖြစ်ပါသည်။ အစားအစာ၊ အဖျော်ယမကာနှင့် ဆက်စပ်နေသည့် စားသောက်ကုန် လုပ်ငန်းများရှိ လုပ်သားများကို ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်နှင့် ချိတ်ဆက်နေသည့် လုပ်သားအခြေပြု စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများသို့ ကူးပြောင်းသွားစေရန် ရည်ရွယ်ပါသည်။

ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်တွင် ဝင်ရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိက ကဏ္ဍကို နည်းပညာများနှင့် ပတ်သက်သောအသိပညာများရရှိရန် (၁) SME များကို စနစ်တကျခေတ်မီတိုးတက်စေရန်ဆောင်ရွက်ခြင်း၊ (၂) စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ (၃) အဖွဲ့အစည်းဆိုင်ရာ နည်းစနစ်များကို ဦးတည်၍ ဆန်းသစ်တီထွင်မှု အသစ်များကို ကျင့်သုံးခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံကို လယ်ယာအခြေပြုစီးပွားရေးပုံသဏ္ဌာန်မှ ပို့ကုန်ဦးစားပေးသည့် စက်မှုဖွံ့ဖြိုးသော စီးပွားရေးပုံသဏ္ဌာန်သို့ အသွင်ကူးပြောင်းရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းစုများ၏ SME အခန်းကဏ္ဍကိုချန်လှပ်ထား၍မရပေ။

စက်မှုလုပ်ငန်းများထူထောင်ရာတွင် မူဝါဒဆိုင်ရာအထောက်အပံ့များနှင့် စည်းမျဉ်း စည်းကမ်းများကိုပံ့ပိုးပေးရန်လိုအပ်ပါသည်။ SME ကဏ္ဍများ၏မူဝါဒများမြှင့်တင်ရာတွင် လုပ်ငန်းသစ်များစတင်ရန်နှင့် လုပ်ငန်းကြီးများ တိုးတက်မှု အရှိန်မြှင့်စေရန် အားပေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများသည် ဆန်းသစ်တီထွင်မှုများရှိခြင်း၊ လုပ်ခလစာကောင်းများ ပေးနိုင်ခြင်းဖြင့် တိုးတက်မှုမြင့်မားလာကာ ဒေသတွင်းထုတ် လုပ်မှုကွန်ယက်နှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များတွင် ချိတ်ဆက် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မူဝါဒသစ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ပြည်သူ့ရေးရာကဏ္ဍ စီမံချက်များကို အကောင်အထည်ဖော်ရာတွင် နောက်ကျသူတို့ ရရှိမည့်အခွင့်အလမ်းကို အသုံးချနိုင်ရမည် ဖြစ်ပြီး ညီမျှသော၊ လူမှုရေးအရ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဖန်တီးပေးနိုင် လိမ့်မည်ဖြစ်ပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာသည် လက်ရှိလည်ပတ်နေသော စီးပွားရေး လုပ်ငန်းများပိုမိုကြီးထွားလာစေရန်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းသစ်များပေါ် ထွက်လာစေရန်အတွက် နိုင်ငံခြားကုမ္ပဏီများကို ဆွဲဆောင်ရာတွင် အထောက်အပံ့ပေးနိုင် မည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍကို အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာရေးဆိုင်ရာနည်းလမ်းများ၊ ဘဏ္ဍာရေးနှင့် ဆက်နွယ်မှုမရှိသော နည်းလမ်းများကို စတင်ကျင့်သုံးရမည်- (၁) တည်ငြိမ်သော စီးပွားရေးအဆောက်အအုံ၊ (၂) မှန်ကန်စွာအဆုံးအဖြတ်ပေးနိုင်သော တရားစီရင်မှုယန္တရား၊ (၃) နိုင်ငံတကာဉာဏပစ္စည်းများပိုင်ဆိုင်မှုအခွင့်အရေးဥပဒေ ကျင့်သုံးခြင်းနှင့် လိုက်နာခြင်း၊ (၄) အရင်းအနှီးလက်လှမ်းမီနိုင်မှု၊ (၅) ခေတ်မီနိုင်ငံ တကာစံနှုန်းနှင့် လိုက်လျောညီထွေရှိသော အလုပ်သမားဥပဒေကို အသုံးပြုပြီး လုပ်သား အင်အားတိုးတက်စေခြင်း၊ (၆) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးခြင်း၊




ပုံ-၅-၁၁
မဟာဗျူဟာပြပုံ၊ စီးပွားရေးဝန်းကျင်ကောင်းများဖန်တီးခြင်း၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)

## မဟာဗျူဟာ ၂-၁ မေခရိုစီးပွားရေးတည်ငြိမ်စေရန် ထိန်းသိမ်းဆောင်ရွက်ရေး

နိုင်ငံတော်အစိုးရသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို စတင်ဆောင်ရွက်သည့် အချိန်မှစ၍ မေခရိုစီးပွားရေးလုပ်ငန်းများတည်ငြိမ်လာစေရန် အဆင့်များစွာ ဆောင်ရွက်ခဲ့ပါသည်။ ယင်းလုပ်ငန်းများ၏ တိကျသောလုပ်ငန်းစဉ်များမှာ- (၁) မြန်မာနိုင်ငံ၏ ငွေလဲလှယ်နှုန်းကို တသတ်မတ်တည်းဖြစ်စေပြီး ထိန်းကျောင်းမှုရှိသည့် ဈေးကွက်ကို အခြေခံသော နှုန်းရှင် ငွေလဲနှုန်းစနစ်ဆောင်ရွက်ခြင်း၊ (၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေသစ် အတည်ပြု ပြဋ္ဌာန်းခြင်းနှင့် သီးခြားရပ်တည်နိုင်သော ဗဟိုဘဏ်ဖြစ်စေခြင်း၊ (၃) ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုလျှော့ချ၍ ဘဏ္ဍာရေးလိုငွေပြမှုကို (GDP ၏ ၅%) လျှော့ချခြင်း၊ (၄) အခွန်စနစ် နှင့် ဝင်ငွေကြီးကြပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဆက်လက်ဆောင်ရွက်ခြင်း၊ (၅) ကန့်သတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ဖယ်ရှားပေးခြင်း၊ ဤမူဝါဒများ၏ အကျိုးသက်ရောက်မှုများသည် လက်ရှိမြန်မာနိုင်ငံ၏ မက်ခရိုစီးပွားရေး တည်ငြိမ်စေရန် အစိုးရကို အထောက်အကူဖြစ်စေပါသည်။

**လျင်မြန်သော ပြုပြင်ပြောင်းလဲမှုများ**

မြန်မာနိုင်ငံသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာဆောင်ရွက်ခဲ့ပြီး မေခရိုစီးပွားရေး တည်ငြိမ်ရေး အတွက်အောက်ပါအချက်များ ကိုဆောင်ရွက်ခဲ့ပါသည်။ တူညီသောငွေလဲနှုန်းထားရှိခြင်း ဗဟိုဘဏ်သီးခြားရပ်တည်ခြင်း ဘတ်ဂျက်လိုငွေပြမှု ၅% ထိန်းထားခြင်း။

## အခွန်စနစ်ပြုပြင်ပြောင်းလဲရေး

အစိုးရသည် တင်းကြပ်သော ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှု မူဝါဒအရ ၂၀၂၀ ခုနှစ်တွင် အခွန်စနစ်နှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးကို မဟာဗျူဟာမြောက်ဆောင်ရွက်မည်ဖြစ်ပါသည်။ အခွန်စနစ်၏ အုတ်မြစ်တစ်ခုမှာ ပြည်တွင်းအခွန်များဦးစီးဌာန၏ မဟာဗျူဟာဖြစ်ပြီး ယင်းသည် ဝင်ငွေနည်း အခွန်ထမ်းများ လိုက်နာရမည့် နည်းလမ်းများနှင့် ထိရောက်သော အဆင့်လိုက် အခွန်စည်းကြပ်နိုင်သည့် နည်းလမ်းများပါဝင်ပါသည်။ အဆိုပါနည်းလမ်းများသည် ဒေသဆိုင်ရာ အခွန်ဝန်ထမ်းများအတွက် လမ်းပြမြေပုံဖြစ်ပါသည်။ ယင်းမဟာဗျူဟာတွင် ကာလတိုနှင့် ကာလလတ် (၂၀၁၅ မှ ၂၀၂၀) အခွန်ကောက်ယူမှုစနစ်ကို အခွန်ပေးဆောင်သူ အတန်းအစားလိုက်သတ်မှတ်ခြင်း၊ အလယ်အလတ်နှင့် ဝင်ငွေနည်းအခွန်ထမ်းများ မိမိအစီအစဉ်ဖြင့် အခွန်ထမ်းဆောင်သည့် စနစ်ချမှတ်ပေးခြင်း၊ ကာလရှည် ရည်မှန်းချက်အနေဖြင့် e government အခွန်စနစ်သို့ စတင်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

အခွန်စနစ်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် အစိုးရသည် ကာလတိုမှ ကာလလတ် ၂၀၂၀ ခုနှစ်အတွင်း သုံးစွဲမှုအဆင့်အလိုက် ကောက်ခံသည့် အခွန်တစ်မျိုးဖြစ်သည့် ထပ်ဆင့်တိုးတန်ဖိုးခွန် (VAT) ကိုကောက်ခံရန်ရည်ရွယ်ပါသည်။ အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များတွင် အခွန်မက်လုံးပေးစနစ်ကို ကျင့်သုံးခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသစ်များကိုဆွဲဆောင်နိုင်ပြီး ပြည်တွင်းစက်မှုလုပ်ငန်းများကို ပေါင်းစည်းနိုင်မည်ဖြစ်ပါသည်။

## ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲခြင်း

အပြောင်းအလဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်ကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရာတွင်- (၁) ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲခြင်း၊ (၂) ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အသုံးစရိတ်ထိန်းချုပ်မှုနည်းလမ်းများ ခိုင်မာအားကောင်းစေခြင်း၊ (၃) ပွင့်လင်းမြင်သာသော ဘဏ္ဍာရေးစာရင်းများနှင့် အများပြည်သူ အစစ်ဆေးခံနိုင်သည့် အစီရင်ခံစာများထုတ်ပြန်ခြင်း တို့ကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဥပဒေပြဌာန်းမှုစည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများချမှတ်ပေးမှုတို့ပါဝင်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲခြင်းမှတဆင့် ငွေသားနှင့် ကြွေးမြီဆိုင်ရာ လုပ်ငန်းများ၊ ငွေချေးသက်သေခံလက်မှတ်များ သုံးစွဲမှုတို့ကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရသည် ကာလတိုနှင့် ကာလလတ် (၂၀၁၅-၂၀၂၀) တွင် ပြည်သူများအတွက် တာဝန်ခံမှုရှိသော ငွေတိုက်ဦးစီးဌာန ထူထောင်ရမည် ဖြစ်ပါသည်။

## မဟာဗျူဟာ ၂-၂ အဖွဲ့အစည်း၊ မူဝါဒနှင့် ဥပဒေစိုးမိုးမှုနယ်ပယ်များကို ခေတ်နှင့်အညီဖွဲ့စည်းဆောင်ရွက်ရေး

မြန်မာနိုင်ငံသည် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ခုကို ခိုင်မာစွာဖြစ်ထွန်း တိုးတက်လာစေရေးအတွက် အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများကို ခေတ်မီတိုးတက်လာစေရန် စနစ်ကျသော စည်းမျဉ်းစည်းကမ်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ ပုဂ္ဂလိကကဏ္ဍတွင် လူမှုရေးအရတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းညွှန်ကိန်း အဆင့် ၁၀၀ အောက်သို့ ရောက်ရှိလာစေရေး အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။

> **စီးပွားရေးလုပ်ကိုင်ခြင်း**
>
> ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းများတွင် CSR တိုးမြှင့်ဆောင်ရွက်နေစဉ် DICA FDI PP တွင် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းနှင့် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးနိုင်သည့် ညွှန်းကိန်းအဆင့်သတ်မှတ်ချက်ကို မြန်မာနိုင်ငံအနေဖြင့် ရာဂဏန်းအောက် ရောက်ရှိရန် ရည်မှန်းထားရှိပါသည်။

မူဝါဒလုပ်ငန်းစဉ်အဖြစ် ကာလတိုနှင့် ကာလလတ် (၂၀၁၅-၂၀၂၀)တွင် အစိုးရအနေဖြင့် ပဏာမ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာစေရေး၊ ဉာဏပစ္စည်း ပိုင်ဆိုင်မှုနှင့် နည်းပညာအကာအကွယ်ပေးရေး (IPR)၊ ယှဉ်ပြိုင်နိုင်သော အခွန်စနစ် (competitive taxation) ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရေးအတွက် ပိုမိုမက်လုံးပေး ဆောင်ရွက်ရေး၊ သွင်းကုန်ပို့ကုန်လုပ်ငန်း စည်းမျဉ်း ဥပဒေများနှင့် ငွေရေးကြေးရေးကဏ္ဍ လုပ်ငန်းစဉ်များ ဖြေလျှော့ပေးရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများထူထောင်ခြင်း၊ ပိတ်သိမ်းခြင်းတို့နှင့် ဆက်စပ်နေသော စီးပွားရေး ပြဿနာများကို ဖြေရှင်းရာတွင် မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းများကို အချိန်တိုတိုဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် အောက်ပါလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရပါမည်။

- မြေယာပိုင်ဆိုင်ခြင်းနှင့် အသုံးချခြင်း၊
- လိုအပ်သော အခွန်စည်းမျဉ်းစည်းကမ်းများဆောင်ရွက်ခြင်း၊
- စက်မှုလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(Dutch Disease) အဖြစ်လူသိများသော သဘာဝသယံဇာတကျိန်စာမှ ကာကွယ်ရန်နိုင်ငံ၏ အခြေခံ သယံဇာတအသုံးချခြင်းကို တတ်နိုင်သမျှ လျှော့ချရေးနှင့် သယံဇာတအသုံးချခြင်းနှင့် ဆက်စပ်သည့် စက်မှုလုပ်ငန်းများမှ ဆိုးကျိုးများကို လျှော့ချနိုင်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ကာလတိုနှင့် ကာလလတ် (၂၀၁၅-၂၀၂၀) တွင်ပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များ (EITI) နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် သဟဇာတဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။


အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းမူဘောင်များတွင် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များချမှတ်ရာ၌ ပုဂ္ဂလိကကဏ္ဍအား ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းမြင်သာစွာဖိတ်ခေါ်ခြင်း၊ ပြဋ္ဌာန်းချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အကောင်ထည်ဖော်ရာတွင် ထိန်းကျောင်းကြပ်မတ်ပေးခြင်း တို့ဖြင့် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်လိုအပ်မည် ဖြစ်ပါသည်။

အဆိုပါ စီးပွားရေးပတ်ဝန်းကျင်ကောင်း တိုးတက်လာစေရေးအတွက် အမျိုးမျိုးသော ဥပဒေများ နှင့် ပြဋ္ဌာန်းချက်များကို ဆက်လက်ဆောင်ရွက်သွားခြင်းဖြင့် ရည်မှန်းချက်များကို ပြည့်ဝလာစေမည်ဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ကို အပြည့်အဝ ဝင်ရောက်နိုင်ရန် နှင့် ကုန်သွယ်ဘက်နိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေး၊ လုပ်ငန်းစတင်လုပ်ကိုင်နိုင်မှု လွယ်ကူစေရေးတို့အတွက် တရားဝင် စည်းမျဉ်းများနှင့် လုပ်ငန်းများတိုးတက်လာစေရန် ပုဂ္ဂလိက ကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်အသစ်များသည် လုပ်ငန်းငယ်များ တရားဝင် စတင်လုပ်ကိုင်နိုင်စေရန်နှင့် လုပ်ငန်းဖျက်သိမ်းနိုင်စေရန်အတွက် ဖြေလျှော့မှုများ ပေးထားသဖြင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အသေးစားနှင့် အလတ်စား လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာစေနိုင်ပါသည်။ ထို့ပြင် ၎င်းစည်းမျဉ်းစည်းကမ်းများ၌ ပြည်တွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုလျှင်မြန်စွာ တိုးတက်ပြောင်းလဲနိုင်ရန် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်၊ ကမ္ဘာ့တန်ဖိုးကွင်းဆက်နှင့် ပြည်တွင်းဈေးကွက်များသို့ ဝင်ရောက်နိုင်ရေးကို ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါသည်။ ထိုမှတဆင့် စွန့်ဦးတီထွင်လုပ်ငန်းများဖြစ်ပေါ်လာစေခြင်း၊ အဆင့်မြင့် ကုမ္ပဏီများဖြစ်ထွန်းလာစေခြင်းတို့ကို ပံ့ပိုးပေးနိုင်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးရမည်ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီးပွားရေးလုပ်ငန်း စုစည်းဖြစ်ထွန်းမှုအကျိုးကျေးဇူးများသည် နိုင်ငံတစ်ဝန်းပျံ့နှံ့စီးဆင်းသွားမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၂-၃ ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြင့်မားလာစေရေး

အရှေ့အာရှထုတ်လုပ်မှုကွန်ယက်မှတဆင့် မူပါဒအမျိုးမျိုးဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို အထောက်အကူပြုမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုကွန်ယက်များသည် အများအားဖြင့် နိုင်ငံစုံစီးပွားရေးလုပ်ငန်းများက ရှေ့ဆောင်လမ်းပြပြုထားပါသည်။ နည်းပညာဆိုင်ရာ အချက်အလက်များနှင့် ခေတ်မီတိုးတက်သော စီမံခန့်ခွဲရေး အလေ့အကျင့်ကောင်းများရှိသော ပုဂ္ဂလိက ကဏ္ဍနိုင်ငံစုံစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်မှုကွန်ယက်များတွင် ဦးစီးဦးဆောင်ပြုသွားမည်ဖြစ်ပါသည်။ နိုင်ငံစုံစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ အပြန်အလှန် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် ဖြစ်ထွန်းစ မြန်မာ့အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SME) ကဏ္ဍကို များစွာအကျိုးပြုနိုင်မည် ဖြစ်ပါသည်။




ပုံ-၅-၁၂
စုစည်းဖြစ်ထွန်းခြင်း၊ SMEs နှင့် ထုတ်လုပ်မှုကွန်ယက်များချိတ်ဆက်ခြင်း၊ ဇာစ်မြစ်၊ ERIA (၂၀၁၂)

ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်နှင့် ချိတ်ဆက်လျက်ရှိသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အခြားပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ရင်ဆိုင်ကြုံတွေ့နေရသော အဖွဲ့အစည်းဆိုင်ရာ အခက်အခဲများမှာ- (၁) ပြည်ပငွေကြေးကိစ္စများနှင့် ပက်သက်၍ စီမံခန့်ခွဲဆောင်ရွက်ခြင်း၊ (၂) ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာစေခြင်း၊ (၃) သတင်းအချက် အလက်များရရှိနိုင်ခြင်း၊ (၄) ခေတ်မီသော စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ (၅) စွန့်ဦးတီထွင်မှုရှိခြင်းနှင့် ဖန်တီးနိုင်စွမ်းရှိခြင်း တို့ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည် တိုးမြင့်လာမည်ဖြစ်ပြီး ပထဝီဂင် အနေအထားအရစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စီးမျောလိုက်ပါခြင်းဖြင့် ဂင်ငွေ အလယ်အလတ်အဆင့် ကိုရရှိနိုင်မည့် အလားအလာကောင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။

အထူးစီးပွားရေးဇုန် နှင့် နယ်စပ်ဖြတ်ကျော်စီးပွားရေးနယ်ပယ်များတွင် နိုင်ငံစုံ စီးပွားရေး လုပ်ငန်းများကို ဆွဲဆောင်နေရာပေးထားမှုသည် ပြည်တွင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အပြန်အလှန်ချိတ်ဆက်မှုနှင့် နည်းပညာပျံ့နှံ့ရရှိနိုင်မှု တို့ကို အထောက်အကူ ဖြစ်စေမည်ဖြစ်ပါသည်။ ရရှိလာနိုင်သော အထောက်အကူများမှာ- (၁) နိုင်ငံစုံနှင့် တွဲဖက်၍ ထိရောက်အကျိုးရှိသော စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း၊ (၂) ထုတ်လုပ်မှုကွင်းဆက်တွင် ဝန်ဆောင်မှုနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အခြေခံ လုပ်ငန်းများကို အမျိုးမျိုးပြောင်းလဲ လုပ်ကိုင်လာနိုင်ရန် ပံ့ပိုးပေးခြင်း၊ (၃) နည်းပညာ များလွှဲပြောင်းရရှိနိုင်မှု အဆင်ပြေချောမွေ့စေခြင်းတို့ဖြစ်ပါသည် ။ (၂၀၂၀-၂၀၂၅) အထိ ကာလလတ် မူဝါဒအရ ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်တွင် အရည်အသွေး မြင့်မားသော ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချနိုင်ရန် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာ တွင် နိုင်ငံတကာနှင့် ပြည်တွင်းဒီဇိုင်းပုံစံများတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာခြင်း ထုတ်လုပ်မှု အခွင့်အလမ်းများ ပေါ်ထွက်လာခြင်းတို့ဖြင့် လူသားအရင်းအမြစ်များ နည်းပညာ နှင့် စွန့်ဦး တီထွင်မှုများကို အဆင့်မြှင့်တင်ရမည်ဖြစ်ပါသည်။

အစိုးရသည်ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းများ တိုးတက်စေရန် အထောက်အကူပြုခြင်းကို အဓိကအခန်းကဏ္ဍအနေဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါ သည်။ ထို့ပြင်နိုင်ငံဖွံ့ဖြိုးတက်မှုကို အဆင်ပြေချောမွေ့စွာ အုတ်မြစ်ချ ထူထောင်သွားရမည့် တာဝန် လည်းရှိပါသည်။ SME ဆိုင်ရာအမျိုးသားစာရင်းအင်းစနစ် (National database) ပေါ်ထွက်လာစေရန် အာဆီယံနှင့်လိုက်လျောညီထွေရှိသော SME လုပ်ငန်းများ အတန်း အစားခွဲခြားမှုစနစ်၊ အီလက်ထရောနစ် မှတ်ပုံတင် စနစ်အသစ်တို့ကို ကာလတို (၂၀၁၅- ၂၀၁၈) အတွင်း စတင် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ခေတ်မီ စီးပွားရေး အခြေခံအဆောက်အအုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သော လုပ်သားဈေးကွက်ပေါ်ပေါက်လာစေသည့် ပွင့်လင်းမြင်သာမှုရှိသော မူဝါဒများသည် ဒေသ တွင်း ထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်တို့သို့ ပိုမိုချိတ်ဆက်လာနိုင်မည် ဖြစ်ပါသည်။ ၂၀၂၀ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများ ပြီးပြည့်စုံစွာ အကောင်ထည်ဖော်နိုင်ရန် ကနဦးဆောင်ရွက်ရမည့် အချက်များမှာ-

- စည်းမျဉ်းစည်းကမ်းကို လိုက်နာမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေခြင်း၊
- ပြည်တွင်းအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေခြင်း၊
- အစိုးရ၊ လုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းအဖွဲ့ အစည်းများ၊ ပညာရှင်များ၊ သုတေ သန လုပ်ငန်းရှင်များနှင့် ဘဏ္ဍာရေးလုပ်ငန်းရှင်များ၏ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု ပေါ်ပေါက်လာစေခြင်း၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသေးစား၊ အလတ်စားလုပ်ငန်းများ အတွက် အထောက်အကူပြုကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း၊
- ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းများနှင့်သက်ဆိုင်သော ဈေးကွက် ဆိုင်ရာ သတင်းအချက်အလက် ရရှိနိုင်သည့် လမ်းကြောင်းများ ပိုမိုဖွံ့ဖြိုး တိုးတက် လာစေခြင်း၊
- ခေတ်နှင့်လျော်ညီပြီး ထိရောက်မှုရှိသည့် အလုပ်သမားဥပဒေ ပြဋ္ဌာန်းခြင်း၊ တို့ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်နှင့်စက်မှုဇုန်များရှိ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးခြင်းသည် မူဝါဒများ၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ အဆင့်မြင့်ပညာရေးနှင့် နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရေးစနစ်တို့ကို ပြုပြင်ပြောင်းလဲခြင်းဖြင့် လုပ်ငန်းခွင်တွင် လိုအပ်သော လုပ်သားထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းသို့ စီးဝင်လာစေရန်ဖိတ်ခေါ်ရာတွင် လုပ်သားဈေးနှုန်း အားသာချက်နှင့် နိုင်ငံ၏ ပထဝီအနေအထား အားသာချက်တို့က ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။




ပုံ-၅-၁၃

SME ဖွံ့ဖြိုးမှု အဆင့်မူဝါဒများ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (၂၀၁၄)

## မဟာဗျူဟာ ၂-၄ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစနစ်များနှင့် လုပ်ငန်းစဉ်များခိုင်မာအားကောင်းစေရေး

ပြည်တွင်းအသေးစားနှင့် အလတ်စား လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်- (၁) အခြေခံထုတ်ကုန်များ အမျိုးအစားစုံလင်စွာထုတ်လုပ်နိုင်ရေးအတွက် လုပ်သား အခြေပြုစက်မှုလုပ်ငန်းများဖြင့် အားဖြည့်ဆောင်ရွက်ရန်၊ (၂) လုပ်သားအခြေပြု စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို လျှော့ချ၍ တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ခြင်းသို့ ဦးတည်ဆောင်ရွက်ရန်၊ (၃) ပညာရေး ပြုပြင်ပြောင်းလဲမှုဖြင့် တီထွင်ဆန်းသစ်မှုကို စတင်ကျင့်သုံး သွားမည် ဖြစ်ရာ အဆိုပါ ပညာရေးပြုပြင်ပြောင်းလဲမှုသည် လုပ်သားအင်အားထုပေါ် အခြေခံမှုကို လျှော့နည်းစေပြီး ထုတ်ကုန်သစ်များပေါ်ထွက်စေသည့် ဖန်တီးနိုင်စွမ်းရှိသော အဆင့်မြင့် ပညာရေး၊ စွမ်းရည်မြင့် အသက်မွေးဝမ်းကျောင်း ပညာရေးစနစ်တို့ဖြင့် ညှိနှိုင်း ဆောင်ရွက်သွားရန်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒသည် အရှိန်အဟုန်ဖြင့်တိုးတက်နေသော အာရှစီးပွားရေး တိုးတက်မှုပုံစံဖြစ်သည့် ပို့ကုန်ဦးစားပေးဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးလာစေရေးကို အဓိက မောင်းနှင်အင်အားအဖြစ် ရည်မှန်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပပို့ကုန်ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတွင်းရှိ ကုမ္ပဏီများ စွမ်းအားမြင့်မားလာစေရေး၊ နည်းပညာသစ်များနှင့် စက်ကိရိယာသစ်များ ဝင်ရောက်လာနိုင်ရေးသည်အလွန်အရေးပါပြီး စွမ်းဆောင်ရည် မြှင့်တင်မှု အားကောင်းစေမည် ဖြစ်ပါသည်။

ပြည်တွင်းသို့စီးဝင်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ၂၀၀၆-၂၀၀၇ မှစ၍ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ယခုအခါတွင် ၂၀၀၆ခုနှစ် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးထက် သုံးဆကျော်မြင့်တက်လာခဲ့ပါသည်။ ဤသို့တိုးတက်လာမှုသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး အကောင်ထည်ဖော်ဆောင်ရွက်ခြင်း၏ တိုက်ရိုက်အကျိုး သက်ရောက်မှုများ ဖြစ်ပါသည်။ နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုများအပေါ် ကြီးမားစွာ မျှော်လင့်ထားသော်လည်း အထောက်အကူပြုမူဝါဒများကို အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (NCDP) ကာလအတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

လူမှုရေးအရတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုပုံစံဖြစ်ပေါ်လာစေရန် ရင်းနှီးမြှုပ်နှံသူများ နှင့် ဒေသတွင်း ဦးဆောင်တာဝန်ယူနေသူများ အကြား မျှတသော မူဝါဒများ ချမှတ်ရန် ဖြစ်ပါသည်။ ယင်းမူဝါဒများအရ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ လုပ်ငန်းအရေအတွက်နှင့် တန်ဖိုးပေါ်မူတည်၍ အကျိုးအမြတ်ရရှိမှုများကို အာရှဒေသ၏ ခိုင်မာသော အထောက်အထားများဖြင့် ဖော်ပြထားသည်။ ယင်းမူဝါဒလုပ်ငန်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်- (၁) ပို့ကုန်သွင်းကုန် လုပ်ငန်းဆိုင်ရာ စည်းမျဉ်း ဥပဒေများ ဖြေလျှော့ပေးခြင်း၊ (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တီထွင်ဆန်းသစ်မှုဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုများအား မက်လုံးပေးခြင်း၊ (၃) စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ဖြေလျှော့ပေးခြင်း၊ (၄) စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ (၅) ဘဏ္ဍာရေးနှင့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ တိုးချဲ့လုပ်ကိုင်စေခြင်း။

## ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်အဆင့်များ


အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (NCDP) တွင် GDPတိုးတက်မှုကို အနာဂတ် ခန့်မှန်းခြေ(၃)ရပ်နှင့် ခန့်မှန်းထားပြီး အရင်းနှင့် ကုန်ထွက်အချိုး(ICOR) ကို ၃.၃% မှ ၄.၄% အထိ ခန့်မှန်းချက်ပေါ်မူတည်၍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများ ကို ခန့်မှန်းထားပါသည်။ ပထမခန့်မှန်းခြေမှာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုသည် GDP၏ ၂၁.၆၃% လိုအပ်ပြီး ဒုတိယအနေဖြင့် ၂၉.၈၉ %နှင့် တတိယ အနေဖြင့် ၃၆.၁၆% လိုအပ်မည် ဖြစ်ပါသည်။ မျှော်မှန်းထားသောစီးပွားရေး တိုးတက်မှုကို ရေရှည် ထိန်းထားရန် စီမံကိန်းကာလအတွင်း ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်သည် ပျမ်းမျှအားဖြင့် GDP ၏ ၂၉.၂၃% ရှိရမည်ဖြစ်ပါသည်။

| FDI ခန့်မှန်းခြေ (ဂျီဒီပီ တိုးနှုန်း) | ၅ နှစ်စီမံကိန်းကာလများ - (ဂျီဒီပီတွင် ရင်းနှီးမြှုပ်နှံမှု ပါဝင်မှုရာခိုင်နှုန်း) | | | | ပျမ်းမျှ |
|---|---|---|---|---|---|
| | ၂၀၁၀-၁၅ | ၂၀၁၅-၂၀ | ၂၀၂၀-၂၅ | ၂၀၂၅-၃၀ | |
| ခန့်မှန်းခြေ ၁ ( ၅.၃%) | ၂၃.၇၁ | ၁၈.၉၇ | ၂၀.၈၈ | ၂၂.၉၇ | ၂၁.၆၃ |
| ခန့်မှန်းခြေ ၂ (၇.၈%) | ၂၇.၀၉ | ၂၇.၉၂ | ၃၀.၇၃ | ၃၃.၈၁ | ၂၉.၈၉ |
| ခန့်မှန်းခြေ ၃ (၉.၇%) | ၂၉.၆၆ | ၃၄.၇၃ | ၃၈.၂၁ | ၄၂.၀၄ | ၃၆.၁၆ |
| ခန့်မှန်းခြေ ICOR | ၃.၃ | ၃.၆ | ၄.၀ | ၄.၄ | |

ဇယား ၅-၃ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် (% ဂျီဒီပီ)၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)၊ JICA Study Team (FDIPP) 2013

GDP တွင်ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းစုဆောင်းငွေ ရာခိုင်နှုန်းသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရသည် (ပုံ ၅-၁၄)။ ပုံတွင် ပြည်တွင်းစုဆောင်းငွေနှင့် ရင်းနှီးမြှုပ်နှံမှု နှစ်ခုလုံးသည် ၂၀၁၉ ခုနှစ်မှစ၍ လျှင်မြန်စွာ တိုးတက်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် ချိတ်ဆက်ရမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှု ကျဆင်းသွားပါက စုဆောင်းမှုပါ နိမ့်ကျသွားသည်ကိုတွေ့မြင်ရသည်။ ဘဏ္ဍာရေးဆိုင်ရာ ဖြေလျှော့မှုများမှ ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများကို ပိုမို ကောင်းမွန်သော အစီစဉ်များပံ့ပိုးပေးလိုသည့်အတွက် ပြည်တွင်းစုဆောင်းမှုသည်လည်း ကာလတိုမှ ကာလရှည် (၂၀၂၀-၂၀၃၀)တွင် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ အတွက် မောင်းနှင် အားများဖြစ်လာမည်ဖြစ်ပါသည်။




ပုံ-၅-၁၄ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းစုဆောင်းမှု၊ ဇာစ်မြစ်၊ADB(၂၀၁၃)

FDI ဝင်ရောက်မှုအစောပိုင်းကာလများတွင် ပြည်တွင်းဈေးကွက်အလားအလာ ဖြစ်ထွန်းမှုအပေါ် ဦးတည်နေသော်လည်း ရေရှည်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မဟာဗျူဟာ (၂၀၁၄) အရ အစိုးရ၏ ဒေသတွင်းထုတ်လုပ်မှုကွန်ယက်တွင် ပိုကုန်၏ ထုတ်လုပ်မှုဆိုင်ရာ မူဝါဒများကို အလေးထားဆောင်ရွက်သွားရန် ဖော်ပြထားပါသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် နည်းပညာလွှဲပြောင်းရယူမှု၊စီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးမှု နှင့် သုတေသန လုပ်ငန်းများစသည့် ပံ့ပိုးမှုများဖြင့်များစွာ အကျိုးကျေးဇူး ဖြစ်ထွန်းစေ မည်ဖြစ်ပြီး အထူးသဖြင့် လုပ်သားအခြေပြုကဏ္ဍများတွင် အလုပ်အကိုင်များ ဖန်တီး ပေးနိုင်မည်ဖြစ်ပါသည်။ FDI စီးဝင်မှု မြှင့်တင်ရေး၏ အဓိကလက္ခဏာများကို DICA ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အောက်ဖော်ပြပါမဟာဗျူဟာများကို ထည့်သွင်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်-

- ပွင့်လင်းမြင်သာမှုရှိသော မူဝါဒများ အကောင်အထည်ဖော်ခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရန်၊

- နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော မူဝါဒများကို အလေးပေးဖော်ဆောင် ခြင်းဖြင့် လူမှုရေးအရတာဝန်ယူမှုရှိသော စက်မှုလုပ်ငန်း နှင့် အခြေခံအဆောက် အအုံများ ဖွံ့ဖြိုး တိုးတက်လာစေရန်၊

- ပုဂ္ဂလိက ကဏ္ဍပါဝင်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုရရှိရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်၊

**၂၀၁၄မှ ၂၀၃၀ ကာလအတွင်း FDI တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၀ ဘီလီယံဖြင့် တိုးတက်မှုနှုန်း လျင်မြန်စွာ ရရှိရေးဦးတည်ဆောင်ရွက်ခြင်း**

| ကာလ | ဆောင်ရွက်ချက် | FDI ပမာဏ |
|---|---|---|
| ကာလတို (၂၀၁၆ ထိ) | FDI တိုးလာစေခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များရရှိစေခြင်း၊ ပြည်တွင်း ဈေးကွက်နှင့် ပို့ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေခြင်း။ | တစ်နှစ် ဒေါ်လာ ၄ ဘီလီယံ |
| ကာလလတ် (၂၀၁၇မှ ၂၀၂၁) | စက်မှုလုပ်ငန်းမျိုးစုံအခြေခံခြင်း၊ မြန်မာနိုင်ငံသည် AEC တွင် နှိုင်းယှဉ်အကျိုးကျေးဇူးအသုံးချခြင်း၊ FDI နယ်ပယ်တွင် အပြည့်အဝယုံကြည်မှုရရှိစေရန်ဆောင်ရွက်ခြင်း။ | တစ်နှစ် ဒေါ်လာ ၆ ဘီလီယံ |
| ကာလရှည် (၂၀၂၁မှ ၂၀၃၀) | စဉ်ဆက်မပြတ် တိုးတက်မှုကို အဓိကထား၍ လုပ်ငန်းများအတွက် အမျိုးမျိုးသောအထောက်အပံ့ပေးခြင်း၊ အခြေခံအထောက်အအံ့များစုစည်းဖြစ်ထွန်းစေခြင်းဖြင့် FDI စဉ်ဆက်မပြတ်ရှိလာပြီး စက်မှုလုပ်ငန်းတိုးတက်စေခြင်း။ | တစ်နှစ် ဒေါ်လာ ၈ ဘီလီယံ |

ပုံ ၅-၁၅

ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် (% ဂျီဒီပီ)၊ ဇာစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန(၂၀၁၄)၊ JICA Study Team (FDIPP) 2013

## မဟာဗျူဟာ ၂-၅ စွမ်းဆောင်ရည်ပြည့်ဝသော လုပ်သားဈေးကွက်များ ပေါ်ထွက်လာစေရေး


မြန်မာနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ် အဆင့်မြှင့်တင်ရေးနှင့် ထပ်ဆင့်ကျွမ်းကျင်ရန် ဆောင်ရွက်ရေးတို့တွင် ထူးခြားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ နိုင်ငံအနေဖြင့် လူသားအရင်းအမြစ် ပေါများမှုကို ပိုင်ဆိုင်ထားသော်လည်း ကုန်ထုတ်စွမ်းရည်နှင့် နည်းပညာစွမ်းရည် အရည်အသွေးတို့မှာ အိမ်နီးချင်းနိုင်ငံများ၏ လုပ်သားအင်အားစုများထက် နိမ့်ကျလျက်ရှိပါသည်။ စာတတ်မြောက်မှု အဆင့်မြင့်မားနေမှုကို မှတ်တမ်းတင်ထားနိုင်သော်လည်း နည်းပညာကျွမ်းကျင်မှုမှာ ခေတ်မီ ကုန်ထုတ်လုပ်မှုဖြစ်စဉ် ချိတ်ဆက်မှုတွင် ကန့်သတ်ချက်များ ရှိနေပါသည်။ စက်မှုပညာ ကျွမ်းကျင်တတ်မြောက်သော လူသားအရင်းအမြစ် အဓိကလိုအပ်နေသည့် SME အတွက် မူဝါဒချမှတ်သူများ အနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လျက်ရှိနေပါသည်။

**လုပ်သားဈေးကွက် အဆင့်မြှင့်တင်ခြင်း**

အစိုးရသည် မြန်မာနိုင်ငံ လုပ်သားဈေးကွက် ကာလရှည် ဖွံ့ဖြိုးရေးအတွက် မူပေါင်း ဆောင်ရွက်ခြင်းဖြင့် အထောက်အကူပြုမည်ဖြစ်ပါသည်။ အရွယ်ရောက်ပညာရေးစနစ်သည် နိုင်ငံသားအားလုံး အလယ်တန်းလွန်ပညာရေးတိုးမြှင့်ရေးရရှိရေးအတွက် အရေးပါသော အခန်းကဏ္ဍဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲမှုကို အကောင်အထည်ဖော်နေစဉ် လယ်ယာကဏ္ဍမှ အလုပ်သမား အင်အားစု ခန့်မှန်းခြေ (၅၀%)မှာ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ ပြောင်းရွှေ့နိုင်ရေး လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါ အလုပ်သမား ပြောင်းရွှေ့လာမှုကို အထောက်အကူပြုရန် ကာလတို၊ ကာလလတ် (၂၀၂၀) စီမံကိန်း ချမှတ်ရာတွင် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာရေးသင်တန်း အစီအစဉ်များ၊ အရည်အချင်းပြည့်ဝသည့် အမျိုးသား အသက်မွေးဝမ်း ကျောင်းပညာရေးအစပျိုးခြင်း နှင့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတို့ကို အဓိက မူဝါဒလမ်းစဉ်အဖြစ် ထည့်သွင်းရမည် ဖြစ်ပါသည်။

ထို့ကြောင့် နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းကဏ္ဍကို တိုးချဲ့ဆောင်ရွက်ခြင်းသည် ကာလတို မဟာဗျူဟာအရ လတ်တလော လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးအဖြစ် ပုဂ္ဂလိကကဏ္ဍနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရှင်များ အပါအဝင် ပါဝင်ဆောင်ရွက်သူ အားလုံးကို ကျွမ်းကျင်သင်တန်းများပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ သုတေသန ထုထောင်ရေးလုပ်ငန်းနှင့် ကုန်သည်ကြီးများအသင်းစသော ပြည်သူ့အဖွဲ့အစည်းများအတွက် ကျွမ်းကျင်သော အလုပ်သမား အင်အားစုသစ်ကို ဖန်တီးခြင်းစသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။




ပုံ ၅-၁၆
မြန်မာနိုင်ငံ လုပ်သားဈေးကွက်ဖွံ့ဖြိုးရန် TVET နှင့် အဆင့်မြင့်ပညာရေးစနစ်၊ ဖာစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန (၂၀၁၃)

မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန် လုပ်ခလစာနည်းပါးသည့် ကျွမ်းကျင်မှုနည်းပါးသော လုပ်သား အခြေပြု စက်မှုလုပ်ငန်းများကို ဆွဲဆောင်ခြင်းသည် ကနဦး စက်မှုလုပ်ငန်းများဖြစ်ထွန်းလာရေးအဆင့်တွင်မရှိမဖြစ်သော သွင်ပြင်လက္ခဏာတစ်ရပ် ဖြစ်ပါသည်။

**အမျိုးသားအသက်မွေးဝမ်းကျောင်းအရည်အသွေးပြည့်ဝမှု**

ကာလတိုနှင့် ကာလလတ်အတွင်း NVQs ကိုနိုင်ငံတကာစံနှုန်းနှင့် လိုက်လျောညီထွေရှိရန်စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊ NVQs သည်မြန်မာနိုင်ငံကာလရှည်ယှဉ်ပြိုင်နိုင်စွမ်းအတွက်အထောက်အကူဖြစ်ရန် အလုပ်ရှင်များနှင့် လုပ်အားအတွက် အဆင့်အတန်းမီ အရည်အသွေးများကိုပေးစွမ်းနိုင်မည်ဖြစ်ပါသည်၊

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ခလစာသည် ရင်းနီးမြှုပ်နှံသူများအတွက် အဓိကအချက်တစ်ခု ဖြစ်ပါသည်။ အလုပ်သမားဈေးကွက်ဖွံ့ဖြိုးလာရေးသည် လုပ်အားကို ပဓာနမထားပဲဆောင်ရွက်ရသည့် စက်မှုလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် ပိုမိုကျွမ်းကျင်မှုရှိရန် ကနဦးအနေဖြင့် ဦးတည်ထားသော်လည်း နိုင်ငံအနေဖြင့် ကုန်ပစ္စည်း မျိုးစုံထုတ်လုပ်ခြင်း များ ဖွံ့ဖြိုးလာစေရေး၊ အခြေခံပို့ကုန်များ တိုးမြင့်လာစေရေး၊ ပိုမိုကျယ်ပြန့်သော စက်မှုဆိုင်ရာ ကျွမ်းကျင်မှုရှိလာစေရေး၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကျွမ်းကျင်မှုများ ရှိလာစေရေးတို့ လိုအပ်မည်ဖြစ်ပါသည်။

လုပ်သားဈေးကွက် ဖွံ့ဖြိုးမှု မူဝါဒများဖြစ်သည့် လူသားအရင်းအမြစ် စီမံခန့်ခွဲရေး၊ အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်မှုတိုးမြှင့်ရေး၊ စီမံကိန်းရေးဆွဲရေးတို့ကို ဖော်ဆောင်မည့် မဟာဗျူဟာအောက်တွင် ချိတ်ဆက်နေသည့် အဓိကအချက်များကို လုပ်သားကိုယ်စားလှယ်များ ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

ပညာရေး၊ လေ့ကျင့်ရေးနှင့် လုပ်သားဈေးကွက်ဝယ်လိုအားအကြား သဟဇာတဖြစ်မှုမရှိခြင်း လျော့နည်းစေရန် အဆိုပါမူဝါဒဖြစ်ပေါ်စေရေး ပံ့ပိုးသွားမည်ဖြစ်ပါသည်။ အတန်းကျောင်းပညာ တစ်ဝက်တစ်ပျက်နှင့် ကျောင်းမှထွက်သွားသူများအတွက် အမျိုးသားအသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေးပြည့်ဝမှု အစီအစဉ်ဖြင့် လိုအပ်သောလုပ်ငန်းခွင် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်မည် ဖြစ်ပါသည်။ စီးပွားရေး နယ်ပယ်အမျိုးမျိုးတွင် အလုပ်အကိုင်ရှာဖွေသူများကို အလုပ်အကိုင် ပေးနိုင်ခြင်းနှင့် အလုပ်အကိုင်ပုံသဏ္ဌာန် အသွင်ကူးပြောင်းခြင်းတို့ကို အထောက်အပံ့ပေးသည့် နည်းလမ်းအဖြစ် အမျိုးသားအသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေးပြည့်ဝမှု အစီအစဉ်ကို အသုံးပြုသွားမည်ဖြစ်ပါသည်။

တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုအပေါ် အခြေခံထားသည့် အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုသည် ဒေသတွင်းထုတ်လုပ်မှုကွန်ယက် ၊ ကမ္ဘာ့တန်ဖိုးကွင်းဆက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် စီးပွားရေးလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသေးစား အလတ်စားလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်သည့် စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန်ဖြစ်သည်။ စွန့်ဦးတီထွင်ခြင်းသည် ပညာရေးစနစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ စီးပွားရေး လုပ်ငန်းများ၏ အရည်အသွေးပြည့်ဝမှု၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းကျနမှုတို့ကို ဖန်တီးနိုင်စွမ်းရှိသည့်ပညာရေး (tertiary) နှင့် ချိတ်ဆက်လျက်ရှိပါသည်။

စွန့်ဦးတီထွင်မှုတွင် မက်လုံးပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန်ပံ့ပိုးပေးခြင်း၊ စွန့်ဦးတီထွင်သူများကို အထောက်အပံ့ပေးသည့်နေရာများ ဖန်တီးပေးခြင်းစသည်တို့ကို အထူးစီးပွားရေးဇုံများနှင့် စက်မှုဇုံများတွင် ဖြစ်ထွန်းစေခြင်းဖြင့် ဒေသတွင်းကွန်ယက်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် လုံခြုံစိတ်ချမှုရရှိစေမည်ဖြစ်ပါသည်။

နည်းပညာနှင့် တီထွင်ဆန်းသစ်မှုတို့ကို ဖွံ့ဖြိုးလာစေခြင်းဖြင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်နှင့် ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်တို့တွင် တန်ဖိုးမြှင့်ထုတ်ကုန်များကို လျင်မြန်စွာ ပြောင်းလဲထုတ်လုပ်နိုင်စေရေး၊ ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် မြန်မာနိုင်ငံအနေဖြင့် နောက်ကျသူတို့ရရှိသော အကျိုးကျေးဇူးကို အသုံးပြု၍ ဖော်ဆောင်သွားရမည်ဖြစ်ပါသည်။ ပညာရေး၊ သင်ကြားရေးနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးတို့ကို တိုးတက်စေခြင်းဖြင့် ဖြစ်ပေါ်လာမည့် လုပ်သားများ၏ ကုန်ထုတ်စွမ်းအား တိုးမြှင့်ခြင်းသည် တန်ဖိုးမြှင့်လုပ်ငန်းများ နှင့် အသေးစား၊ အလတ်စား လုပ်ငန်းများ ဖြစ်ထွန်းစေရေးအတွက် ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများတွင် ပညာရှင်များ ပူးပေါင်းပါဝင်စေခြင်း၊ ပညာရေးနှင့် သင်ကြားရေးလုပ်ငန်းများအတွက် မက်လုံးပေးခြင်းစသည်တို့ကို ကာလတို၊ ကာလလတ် (၂၀၁၅-၂၀၂၀) ကာလတွင် မူဝါဒများချမှတ် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ နည်းပညာသစ်များ၏ အကျိုးကျေးဇူးဖြင့် စွမ်းရည်မြင့်မားသော တီထွင်ဆန်းသစ်မှုများကို ဖြည့်စွက် ဆောင်ရွက်နိုင်သည့် ပြည်တွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာစီးပွားရေး လုပ်ငန်းများနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှုသည် လုပ်ငန်းစတင်ရန် ခြေလှမ်းသစ်ဖြစ်ပါသည်။ တီထွင်ဆန်းသစ်မှုစင်တာများကို ပြည်နယ်တက္ကသိုလ်များတွင် ကာလလတ်မှ ကာလရှည်( ၂၀၂၀ မှ ၂၀၃၀ ) ကာလတွင် တည်ထောင်ရန် စီစဉ်ရေးဆွဲ မည်ဖြစ်ပါသည်။ အလားတူပင် စီးပွားရေး ဦးဆောင်သူများ၏ အတွေ့အကြုံ ဗဟုသုတများမှ ပညာရရှိနိုင်မည်ဖြစ်ပါသည်။

ငှင်းပညာများကို သင်ကြားမှုစနစ်နှင့် လွတ်လပ်သော သင်ရိုးညွှန်းတမ်းများတွင် မျှဝေနိုင်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ တက္ကသိုလ်များတွင် လိုအပ်နေသော ပညာရှင်များမွေးထုတ်ခြင်းနှင့် သုသေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ အဆင့်မြင့်ပညာရပ်များကို ဦးစားပေးဆောင်ရွက်နေသည့် သိပ္ပံနှင့်နည်းပညာ နယ်ပယ်များတွင် မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၃၀ ပြည့်နှစ်အလွန်ကာလတွင် အဆင့်မြင့်ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုကို နှစ်ရှည်မူဝါဒအဖြစ် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရမည့်အချက်မှာ ဒေသတွင်းနိုင်ငံများရှိ တက္ကသိုလ်များတွင် သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်များကို မြန်မာကျောင်းသားများသင်ကြား ခွင့်ရရှိရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါနှစ်ရှည်မဟာဗျူဟာတွင် နိုင်ငံ တကာကျွမ်းကျင်ပညာရှင်များဖိတ်ခေါ်ရန်နှင့် ပြည်ပရောက်မြန်မာနိုင်ငံသားပညာရှင်များ ပြန်လည်ဝင်ရောက်လာရန် တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၀၁၅-၂၀၂၀ ခုနှစ်တွင် အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံအလုပ်သမား ဥပဒေကို ခေတ်နှင့်အညီပြင်ဆင်ရမည်ဖြစ်ပါသည်။ အလုပ်ချိန်၊ လုပ်ခလစာများနှင့်ပတ်သက်၍ အလုပ်သမားကိုယ်စားပြုသော နိုင်ငံတကာ စံနှုန်းများကိုသာ အသုံးပြုပါက အလုပ်သမားဈေးကွက်ယှဉ်ပြိုင်မှုတွင် ဆိုးကျိုးများဖြစ်ပေါ်စေ နိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် လုပ်သားအခြေပြုထုတ်လုပ်မှု ကဏ္ဍများတွင် ထိရောက်သည့် အလုပ်သမားဥပဒေကို အစိုးရ၏ဦးစားပေးမူဝါဒအဖြစ်ချမှတ် ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၁၅- ၂၀၂၀ ကာလတိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံခြင်းများကို ဆွဲဆောင်ခြင်းဖြင့် စက်မှု ဖြစ်ထွန်းရေးကနဦးလုပ်ငန်းစဉ်များကို ထိရောက်သည့် ထိန်းကျောင်းမှုများ၊ စည်းမျဉ်း စည်းကမ်းများဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပညာတတ်မြောက်ပြီးလုပ်ခလစာ ကောင်းမွန်စွာဖြင့် ကာကွယ်စောင့်ရှောက်မှုရှိသော အရွယ်ရောက်သည့်လုပ်သားများကို အသုံးပြု၍ အရည်အသွေးကောင်း ကုန်စည်ထုတ်လုပ်သူများ တိုးပွားလာပြီး ကမ္ဘာတဝှမ်းမှ ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ရည်မှန်းချက်ကိုပြည့်ဝလာစေနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မူဝါဒများကို အကောင်အထည်ဖော်ခြင်းဖြင့် အလုပ်သမားမိသားစုများကို ကာကွယ်မှုပေးနိုင်သည့် ထိရောက်သောအလုပ်သမားဥပဒေကို ၂၀၂၀ ပြည့်နှစ်တွင် ပေါ်ပေါက်လာရန် ရည်မှန်းထားပါသည်။

## မဟာ ဗျူဟာ ၂-၆ အရင်းအနှီးရရှိမှုများ တိုးပွားလာစေရေး၊

ငွေရေးကြေးရေးကဏ္ဍ၏ အခြေအနေများကို ဆန်းစစ်ရာတွင် စီးပွားရေး အဆောက်အအုံတစ်ခုလုံးတွင် လည်ပတ်နေသော စုစုပေါင်းချေးငွေပမာဏကို ထည့်သွင်း စဉ်းစားရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍသည် အခြားအာဆီယံ နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်ပြီး ၂၀၀၁ခုနှစ် မှ ၂၀၁၁ ခုနှစ်ကြားတွင် တိုးတက်မှုနှုန်း နှေးကွေးနေခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှစတင်ခဲ့သည့် လျင်မြန်သောပြုပြင် ပြောင်းလဲမှုများသည် ကဏ္ဍအလိုက်ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှု၏ အစဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ**

ငွေရေးကြေးရေးကဏ္ဍသည် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေများ၊ အာမခံလုပ်ငန်းများ ကို ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ ငွေရေးကြေးရေးကဏ္ဍ တိုးတက်မှုသည် စီးပွားရေး အခြေအနေကို တိုင်းတာချက် အနေဖြင့် အမှန်တကယ် ဆောင်ရွက်နေသည့် စီးပွားရေး ပေါ်အကျိုးသက်ရောက်စေမည် ဖြစ်ပါသည်။

ငွေရေးကြေးရေးကဏ္ဍတွင် အများအားဖြင့် ဘဏ်လုပ်ငန်းများမှသာ နေရာယူထားပြီး အသေးစားချေးငွေလုပ်ငန်းများကို စတင်ဆောင်ရွက်လာနိုင်ကာ ငွေချေးစာချုပ်ဈေးကွက် (Security Market) ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်မည်ဖြစ်ပါသည်။ ငွေစုစာချုပ် ဈေးကွက် (Bond Market) ကို လက်ရှိအခြေအနေတွင်အစိုးရ၏ ငွေစုစာချုပ်များဖြင့်သာ ကန့်သတ်ထားပြီး အသင်းအဖွဲ့ငွေစုစာချုပ်များ တည်ထောင်နိုင်ခြင်းမရှိသေးပါ။ ယေဘူယျအား ဖြင့်နိုင်ငံပိုင်ဘဏ်များက အစိုးရ၏ ငွေစုစာချုပ်များကို ဝယ်ယူကြပြီး သက်တမ်းစေ့သည်အထိ ကိုင်ဆောင်ထားကြပါသည်။

အစိုးရအနေဖြင့် ဘဏ္ဍာရေးကဏ္ဍဖြေလျှော့မှုများ ဆောင်ရွက်ခြင်းသည် ပြုပြင်ပြောင်းလဲမှုများကို အတိုင်းအတာတစ်ခုအထိ ရောက်ရှိနိုင်ရန်ရည်ရွယ်ပါသည်။ ပြုပြင်ပြောင်းလဲမှုအနေဖြင့် ၂၀၁၅-၂၀၂၀ ကာလတိုအတွင်း စည်းမျဉ်းစည်းကမ်းများဖြင့် ဆောင်ရွက်နေသော ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် ကြားခံဘဏ္ဍာရေးလုပ်ငန်း များတည်ထောင်ရန်ဖြစ်ပါ သည်။ ခေတ်နှင့်လျော်ညီမှုမရှိသော ဘဏ္ဍာရေးဝန်ဆောင် မှုလုပ်ငန်းများနှင့် လက်ရှိဘဏ်လုပ်ငန်း ဆောင်ရွက်ချက်များကို အဆင့်မြှင့်တင်ရန် ဘဏ္ဍာရေးကဏ္ဍစည်းမျဉ်းစည်းကမ်းများကို အတည်ပြုခြင်းနှင့် ဥပဒေသစ်များချမှတ်ရန် ပါရှိသောမူဝါဒများကို စတင်ကျင့်သုံး ရမည်ဖြစ်ပါပြီး စည်းမျဉ်းစည်းကမ်းများနှင့်ကိုက် ညီမှုမရှိသော ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကို ခွင့်ပြုမည်မဟုတ်ပေ။ ထို့ပြင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ နိုင်ငံတကာစံချိန် စံညွှန်းများနှင့် ကိုက်ညီမှုရှိရေး၊ ပွင့်လင်းမြင်သာမှုရှိရေးနှင့် လက်ခံနိုင်ဖွယ်ရှိ ရေးတို့ကိုလည်း ကြီးကြပ် စစ်ဆေးသွားမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်အတွင်းအကောင်အထည်ဖော်မည့် ဘဏ္ဍာရေးကဏ္ဍ ပင်မစီမံကိန်း သည် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုများလျင်မြန်စွာဖြစ်ပေါ်လာ စေရန် လေးနက်သည့်မူဝါဒများ၊ ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေနိုင်သည့် အသေးစား ချေးငွေဥပဒေ၊ ငွေချေးစာချုပ်ဥပဒေ၊ စာရင်းကိုင်ဥပဒေ၊ အသေးစား၊ အလတ်စား လုပ်ငန်းဥပဒေနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများဥပဒေစသည့် ခေတ်နှင့်လျော်ညီသည့် ဥပဒေများကို ပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင်ပြီးမြောက်အောင်ဆောင်ရွက် မည့် အဆိုပါ ဥပဒေများနှင့် ဆက်စပ်သော လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းဖြင့် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်မှုကို အဓိကအထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။ စည်းမျဉ်းဥပဒေများ အတည်ပြုပြဋ္ဌာန်းခြင်းဖြင့် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်များ မြှင့်တင်ရန် ခေတ်မီ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေး အတွက် လိုအပ်ချက်များကို NCDP တွင်ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထိုကဲ့သို့သော အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက် မှုများနှင့် အသွင်ကူးပြောင်းမှုများကို ကာလလတ်နှင့် ကာလရှည်မူဝါဒများအဖြစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လက်ရှိတွင်ဖွံ့ဖြိုးမှုမရှိသေးသည့် အရင်းအနှီးဈေးကွက်များကို လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းမှုများပေါ် ပေါက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ငွေရေးကြေးရေး ဝန်ဆောင်မှု ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်အခြေခံဥပဒေများပါဝင်သော ငွေချေးစာချုပ်ဥပဒေသစ် ကို ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ဥပဒေသစ်သည် အောက်ပါအချက်များကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်-

- ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများဖန်တီးပေးခြင်း၊
- ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအတွက် ငွေလုံးငွေရင်းမြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်း များဖန်တီးပေးခြင်း၊
- မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍများချဲ့ထွင်ဆောင်ရွက်နိုင်ရန် တွန်းအားပေးခြင်းဖြင့် နိုင်ငံပိုင် နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများ စွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်နိုင်ရန် မြှင့်တင်ပေးခြင်း၊
- ငွေချေးစာချုပ်ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်များကို တရားဥပဒေ နည်းလမ်းအရကာကွယ်မှုပေးခြင်း၊
- နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုကို ဖြစ်စေသည့် ဈေးကစားမှုများကို လျှော့ချနိုင်ခြင်း (ဥပမာ အိမ်ခြံမြေဈေးကွက်နှင့် မော်တော်ကားဈေးကွက်)

**SMEs များဘဏ္ဍာငွေရရှိမှု**

ပြည်တွင်း SME များအဓိက ရင်ဆိုင်နေရသည့် အချက်မှာ အရင်းအနှီးရရှိရေးပင်ဖြစ်ပါသည်။ စွန့်ဦးတီထွင်သူ အများစုသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ပြင်ပမှဘဏ္ဍာငွေသုံးစွဲခြင်းမရှိဘဲ ကိုယ်ပိုင်စုဆောင်ငွေများဖြင့် ဆောင်ရွက်နေရပါသည်။

အသေးစား ၊ အလတ်စား လုပ်ငန်းများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၊ ပြည်သူများသို့ အစုရှယ်ယာ ရောင်းဝယ်ခြင်းများပါဝင်သည့် ကာလတိုအတွင်း အကောင်အထည်ဖော်မည့် စတော့အိတ်ချိန်းဈေးကွက်နှင့် ပတ်သက်သော ဥပဒေသည် လုပ်ငန်းများ ဆန်းသစ်တီထွင်မှုများ နှင့် အဆင့်မြှင့်တင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှု စီးဝင်စေရန် အထောက်အကူပြုမည့် လိုအပ်သည့် နည်းလမ်းများကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ စတော့အိတ်ချိန်း ဈေးကွက်သည် နည်းပညာသစ်များကို အသုံးပြုနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများ အစပျိုးနိုင်ရန်အတွက် အခွင့်အလမ်းကောင်းများကို ပံ့ပိုးနေနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်း စီးပွားရေးလုပ်ငန်းနှင့် အသေးစား ၊ အလတ်စား လုပ်ငန်းများသည် အရင်းအနှီးရရှိရန် ( ဘဏ္ဍာရေး ဝန်ဆောင်မှုများ အကန့်အသတ် ရှိနေခြင်းကြောင့် ) ခက်ခဲနေပါသည်။ ဤအခက်အခဲများကို ဖြေရှင်းနိုင်ရန် အောက်ပါနည်းလမ်းများကိုဆောင်ရွက်ရမည်ဖြစ်ပါသည်- (၁) ဥပဒေသစ်များ ရေးဆွဲချမှတ်ခြင်း၊ (၂) SME များနှင့် ဘဏ္ဍာရေးဖြေလျှော့မှုကို အထောက်အကူပြု ဖြစ်စေမည့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊(၃) SME များကို အထောက်အကူဖြစ်စေမည့် one stop shop များ ထူထောင်ခြင်း၊ (၄) အခြေခံအဆောက်အအုံ နှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံစေခြင်း၊

နိုင်ငံအနှံ့ကျယ်ပြန့်သော ဆက်သွယ်ရေးစီမံကိန်းများ ဆောင်ရွက်ခြင်းသည် ငွေရေး ကြေးရေးကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှု အနေအထားကို ပိုမိုအားကောင်းလာစေရန် အထောက် အကူ ပြုစေမည်ဖြစ်ပါသည်။ ပြည်တွင်း ပုဂ္ဂလိက ကဏ္ဍသည် ငွေလုံးငွေရင်း ရရှိရေးအတွက် ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် မိမိအရည်အသွေးကို မြှင့်တင်ရန် လိုအပ်ပါသည်။ SME များ၏ စီမံခန့်ခွဲမှု အားနည်းခြင်းသည် ဘဏ္ဍာငွေ ရရှိမှု အခွင့်အလမ်းအပေါ် အကန့် အသတ်များ ဖြစ်စေပါသည်။


စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းခြင်းများတွင် စစ်ဆေးခံနိုင်သော စနစ်တကျ လုပ်ဆောင်ထားသည့် ဘဏ္ဍာရေး အစီရင်ခံစာများ မရှိခြင်း၊ သင့်လျော်သော စီးပွားရေး နှင့် ဘဏ္ဍာရေး စီမံကိန်းများမရှိခြင်း ၊ ဘဏ္ဍာရေးကဏ္ဍတွင် ထိရောက်စွာ သုံးစွဲနိုင်သည့် နည်းလမ်း ၊ အတွေ့ အကြုံ နည်းပါးခြင်းတို့ ပါဝင်သည်။ DICA ၏ ကာလရှည် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး စီမံကိန်းတွင် ပြည်တွင်း SME လုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုအတွက် အထောက်အကူပြုစေမည့် နည်းလမ်းများ ၊ ဘဏ္ဍာငွေကြေး ပံ့ပိုးမှု မူဝါဒများလည်း ပါဝင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရရှိစေနိုင်မည့် အောက်ဖော်ပြပါ လမ်းညွှန်မူဝါဒများကို ကာလတိုနှင့်ကာလလတ်တွင် စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

| | |
|---|---|
| အကန့်အသတ်ရှိနေသော ငွေစုစာချုပ်ဈေးကွက် ( Bond Market ) . | ငွေစု စာချုပ်များကို အစိုးရ တစ်ဦးတည်းကသာ ထုတ်ပေးခဲ့ရာမှ ၂၀၁၅ မှ ၂၀၂၀ ကာလတိုမှ ကာလလတ်အတွင်း အစိုးရနှင့် အစိုးရမဟုတ်သော ငွေစုစာချုပ်များ ရောင်းဝယ်မှု စနစ်ကို စတင်တည်ထောင်ခြင်း။ |
| ဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ခြင်း | ဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်ခြင်း၊ အဖွဲ့ အစည်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုး တိုးတက်မှုနှင့် ဆက်စပ်သော ဥပဒေများ အကောင်အထည်ဖော်ခြင်း။ |
| ဘဏ္ဍာရေးဝန်ဆောင်မှု အားနည်းခြင်း | ဘဏ္ဍာရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အသစ်များကို ဆွဲဆောင်နိုင်ရန် စီးပွားရေးဝန်ဆောင်မှု အသစ်များ စတင်ခြင်းနှင့် ဘဏ္ဍာငွေ စီးဆင်းမှုတွင် ကုန်ကျ စရိတ် သက်သာစွင့်နှင့် ယှဉ်ပြိုင်နိုင်သည့် အခွင့်အရေး ရရှိစေခြင်း။ |
| အဟန့်အတားဖြစ်နေသည့် ဘဏ္ဍာရေးဆိုင်ရာနည်းဥပဒေများ | အကန့်အသတ်များ ရှိနေသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ၊ ဘဏ် ချေးငွေများတွင် မရွှေ့ပြောင်းနိုင်သော အာမခံ ပစ္စည်း (မြေယာ) များ အပေါ်ထား၍ ဘဏ်ချေးငွေ ထုတ်ပေးသည့် စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ပြီး ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ အပေါ်ထားသည့် စနစ်ကိုခွင့်ပြုရန် |
| ဘဏ္ဍာရေးကဏ္ဍတွင် လူ့စွမ်းအား အရင်းအမြစ် အကန့်အသတ် ရှိနေခြင်း | အဆင့်မြင့် ပညာရေးမူဝါဒတွင် နှစ်ရှည် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရန် |
| ပုဂ္ဂလိက ကဏ္ဍ စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု အားနည်းခြင်း | ဘဏ္ဍာရေး၊ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် စီမံခန့်ခွဲမှုများ တိုးတက်လာစေရန် တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ SME အထောက်အကူပြု centre များ ဖွံ့ဖြိုးတိုးတက်လာ ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်အတွက် အထောက်အကူပြု နည်းလမ်းများ ချမှတ်ခြင်း |

ဇယား ၅-၄ အရင်းအနှီးရရှိမှု တိုးမြှင့်ရန် လမ်းညွှန်မူဝါဒများ၊ ဇာစ်မြစ် စီမံ၊ စီးပွားဝန်ကြီးဌာန၊ GIZ (Financial Sector Review)

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ

အဓိက ဆောင်ရွက်ချက် အသီးသီးအတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များကို အောက်တွင် ဖော်ပြထားပါသည်။ ဤဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာသည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စီးပွားရေးပုံသဏ္ဍာန် အသွင်ကူးပြောင်းခြင်းကို အကောင်အထည်ဖော်ရန် အရေးပါသော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ထိုသို့ အသွင်ပြောင်းလဲခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအား နိမ့်ကျသော လယ်ယာကဏ္ဍမှ ထုတ်လုပ်မှုစွမ်းအားမြင့်မားသော စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ လုပ်အား ဈေးကွက်ပြောင်းရွှေ့ခြင်းကို တွေ့မြင်ရမည် ဖြစ်ပါသည်။




ပုံ-၅-၁၇

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ။ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (၂၀၁၄)

စီးပွားရေးဝန်းကျင်ကောင်း နှင့် အခြေခိုင်မာသည့် စီးပွားရေးလုပ်ငန်းများ ဖန်တီးနိုင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာသည် ဝန်ဆောင်မှုများ နှင့် စက်မှုလုပ်ငန်းသစ်များတွင် တူညီသော အလုပ်အကိုင် အခွင့်အလမ်းများဖွံ့ဖြိုးလာခြင်းဖြင့် စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲလာပြီး ဆင်းရဲမှုလျော့ကျလာစေရေး အထောက်အကူ ပြုစေရန် ရည်ရွယ်ပါ သည်။အထူးသဖြင့် ဤရည်ရွယ်ချက်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျား၊မ မရွေးလူမှုစီးပွား တိုးတက်မှုကိုရရှိခံစားနိုင်စေရန်ဖြစ်ပါသည်။

စီးပွားရေးဝန်းကျင်ကောင်း နှင့် အခြေခိုင်မာသည့် စီးပွားရေးလုပ်ငန်းများ ဖန်တီးနိုင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာအရ ဆောင်ရွက်ရမည့် အချက်များသည် လူမှု ဘဝ အရည်အသွေးနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာအခြေအနေများ တိုးတက်ခြင်းမှတဆင့် လူမှုဘဝ ပြည့်စုံလာစေမည် ဖြစ်ပါသည်။ ထို့ပြင် ထိန်းကျောင်းကြပ်မတ်မှု ဆိုင်ရာမူဘောင်အတွင်းရှိ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိမှုအပေါ် အဓိက အကျိုးသက်ရောက်စေမည်သာမက လူမှုရေးအရ တာဝန်ယူမှုရှိသော SME လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများမှတဆင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

သတင်းအချက်အလက်နည်းပညာကို အသုံးပြု၍နှီးနွှယ်နေသော လုပ်ငန်းစဉ်များ၊ ထုတ်လုပ်မှု လုပ်ငန်းများတွင်ကျွမ်းကျင် လုပ်သားများပေါ် ပေါက်လာစေရန် သင်ကြားရေး၊ သင်ယူရေးတို့ကို တိုးမြှင့်ရမည်ဖြစ်သည်။ TVETနှင့်NVQs ပါဝင်သည့် အရွယ်ရောက် ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုသည်လည်း မရှိမဖြစ်လိုအပ်ပြီး စက်မှုကဏ္ဍ နှင့် ဝန်ဆောင်မှုကဏ္ဍ တို့ကို အထောက်အပံ့ဖြစ်စေမည့် ကာလရှည်နှင့် ကာလလတ် မူဝါဒအဖြစ် ထည့်သွင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။



## ဆက်သွယ်ရေးလမ်းကြောင်းများချဲ့ထွင်ရေး

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အထူထပ်ဆုံး နိုင်ငံနှစ်နိုင်ငံ (တရုတ်နိုင်ငံ နှင့် အိန္ဒိယနိုင်ငံ) တို့ကြားတွင် ထူးခြားစွာ တည်ရှိနေပြီး ဒေသတွင်း ဆက်သွယ်နိုင်မှုအတွက် ချိတ်ဆက်ပေးရာနေရာ ဖြစ်လာပါသည်။ နိုင်ငံတွင်း တိုးတက်မှုအတွက် ပေးလံသော ဒေသများနှင့် ခေတ်မီ စီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေပြီး အခြေခံ အဆောက်အအုံ တည်ဆောက်မှုကြောင့် ကုန်သွယ်မှု နှင့် ဂန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်စေကာ စီးပွားရေး တိုးတက်မှု ရရှိနိုင်မည်ဖြစ်ပါသည်။ လူမှု-စီးပွားနယ်ပယ် အသီးသီး၌ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ကျေးလက် နှင့် အစွန်အဖျား ဒေသများ ဆင်းရဲမှု လျော့ချရေးတွင် အကျိုးဖြစ်ထွန်းစေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာသို့ ဆက်သွယ်နိုင်မှု ဆောင်ရွက်ရာတွင် ဖြည့်ဆည်းရန် လိုအပ်နေသည့် ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖော်ပြနေပါသည်။

## မဟာဗျူဟာ ၃ ပြည်တွင်းပြည်ပဆိုင်ရာဆက်သွယ်ရေးလမ်းကြောင်းများချဲ့ထွင်ရေး



မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ သီးခြားရပ်တည်နေထိုင်ခဲ့ရာမှ ဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းသို့ပြန်လည် ဝင်ရောက်လာနေပြီ ဖြစ်ပါသည်။ ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်နှင့် ကမ္ဘာ့တန်ဖိုး ကွင်းဆက်တွင် ပါဝင်ဆောက်ရွက်လာခြင်းဖြင့် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအတွက် အခြေခံကျသည့် လူမှု-စီးပွား အကျိုးကျေးဇူးများ ရရှိခံစားရမည် ဖြစ်ပါသည်။ နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပ ဆက်သွယ်နိုင်မှုတို့တွင် (၁) ဘက်စုံ သယ်ယူပို့ဆောင်ရေးစနစ်များ ၊ (၂) လျှပ်စစ်စွမ်းအား ၊ (၃) ဆက်သွယ်ရေးနှင့် (၄) ပိုမိုကျယ်ပြန့်သည့် ဆက်သွယ်ရေးဆုံချက်များ ပါဝင်ပြီး ဆက်သွယ်နိုင်မှု တိုးမြှင့်ခြင်းဖြင့် စက်မှုလုပ်ငန်းများ စုစည်းတည်ရှိမှု ၊ စီးပွားရေးစင်္ကြံ လမ်းကြောင်းများ ချိတ်ဆက်မှု မဟာဗျူဟာများဖြင့် ဘက်ညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စီမံအုပ်ချုပ်မှု အရည်အသွေးနှင့်အတူ အခြေခံအဆောက်အအုံ တိုးချဲ့မှု၊ နိုင်ငံတွင်း ဆက်သွယ်မှု ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်နိုင်မှုများ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် မိမိ၏ ပထဝီအနေအထားအရ ဖြစ်ပေါ်လာသည့် တမူထူးခြားသည့် အလားအလာကို အကောင်အထည်ဖော်နိုင်ရန်-

- စီးပွားရေးစင်္ကြံများ ဆက်သွယ်ခြင်းဖြင့် တိုးတက်မှု ဗဟိုအချက်အချာ နေရာများ ဖွံ့ဖြိုးစေခြင်းနှင့် ရေရှည်တည်မြဲစေခြင်း၊
- သုံးခု (သို့) သုံးခုထက်ပိုသည့် အထူးစီးပွားရေးဇုန်များအား မက်လုံးပေး အစီအစဉ်များ နှင့်အတူ ကမ်းရိုးတန်းနှင့် နယ်စပ်ဒေသများတွင် ဦးစားပေး တည်ထောင်ခြင်း၊ မက်လုံးပေး အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများ ပျံ့နှံ့ တည်ရှိမှုနှင့် နိုင်ငံစုံစီးပွားရေး လုပ်ငန်းများ လာရောက်မှုကို ဆွဲဆောင်နိုင်မည်ဖြစ်ခြင်း၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လုပ်ငန်း တည်နေရာ အလေးပေး စက်မှုဇုန် တည်ထောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊
- နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု ပုံစံများကို အသုံးပြုခြင်းဖြင့် ဝေးလံခေါင်သီသော နေရာများတွင် စီးပွားရေး သာယာဝပြောမှုရရှိရန် နယ်စပ်စီးပွားရေးဇုန်များ တည်ထောင်ခြင်း၊
- မြန်မာနိုင်ငံ အနေဖြင့် နောက်ကျသူတို့ရရှိသော အခွင့်အရေးကို အသုံးချနိုင်ရန် ခေတ်မီ အိုင်စီတီ နည်းပညာ အသုံးပြုဖြေရှင်းခြင်း၊
- ခေတ်မီစီမံကိန်း ရေးဆွဲမှုနည်းလမ်းများ ၊ နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ် အကဲဖြတ်မှုနှင့် မဟာဗျူဟာမြောက် သဘာဝ ပတ်ဝန်းကျင် ဆန်းစစ်အကဲဖြတ်မှုစသည့် အကောင်းဆုံး ကျင့်သုံးမှုနည်းလမ်းများ အသုံးပြုခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း ရေး ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စွန့်စားရမှုများ လျော့နည်းစေခြင်းတို့ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များ




လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုကျော်များတွင် အရှေ့အာရှ နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးမှုရရှိရန် ကျင့်သုံးခဲ့သည့် "Flying geese" ဖွံ့ဖြိုးမှုပုံစံနှင့် အလားတူ မူဝါဒများ အကောင်အထည်ဖော်ရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာ ကွန်ယက်များကို ချိတ်ဆက်နိုင်မှုသည် မြန်မာနိုင်ငံအတွက် အရေးပါသည့် ကိစ္စရပ်တစ်ခု ဖြစ်လာပါသည်။

အဆိုပါ ဆက်သွယ်နိုင်မှု မဟာဗျူဟာသည် (၁) ဆင်းရဲမှု နှင့် မညီမျှမှု (၂) ဒေသတွင်းကွာဟချက်များ၊ (၃) စီးပွားရေး ပုံသဏ္ဌာန် ကျယ်ပြန့်စေခြင်း၊ (၄) ပြည်တွင်း နှင့် နိုင်ငံတကာ ဆက်သွယ်နိုင်မှု တိုးတက်ကောင်းမွန်နိုင်စေခြင်းနှင့် (၅) ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှု အထောက်အကူပြုခြင်းစသည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပါဝင်အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

အဆိုပါ ဆက်သွယ်နိုင်မှု မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကဏ္ဍစုံ ချဉ်းကပ်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး (၁) နည်းဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊ (၂) ပင်မစီမံကိန်းများ အသေးစိတ်ရေးဆွဲခြင်းနှင့် ပြည်သူ့ဘဏ္ဍာခွဲဝေသုံးစွဲခြင်း၊ (၃) ကဏ္ဍဆိုင်ရာ ပင်မစီမံကိန်းများ ( ဥပမာ- ပို့ဆောင်ရေးပင်မစီမံကိန်း -၂၀၁၄) ကို ပြည်ထောင်စုအဆင့် ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရမူဝါဒများတွင် ပေါင်းစပ် အကောင်အထည်ဖော်ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေး ကျင့်သုံးဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဒေသတွင်း ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှု အားပေးမည့် အာရှ အဝေးပြေး လမ်းမကြီးကို မဟာမဲခေါင်ဒေသခွဲ အစီအစဉ်အရ ချိတ်ဆက်မည့် လမ်းပိုင်းများ၏ဆုံမှတ်ဖြစ်ပါသည်။ ထို့ကြောင့် ဆက်သွယ်နိုင်မှုအတွက် စီးပွားရေး အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းသည် အဓိက လိုအပ်ချက် တစ်ရပ်ဖြစ်ပြီး ဘက်စုံ သယ်ယူပို့ဆောင်မှုစနစ် (မီးရထား၊ ရေလမ်း နှင့် ကုန်းလမ်း ) တို့ကို ခေတ်နှင့်လျော်ညီစေရန် နိုင်ငံတော်အဆင့်တွင် ပို့ဆောင်ရေးဂန်ကြီးဌာန ပင်မစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ သတင်းအချက်အလက် နည်းပညာ အခြေခံအဆောက်အအုံ အဆင့်မြှင့်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း ( ဓာတ်အားလိုင်းနှင့်ဓာတ်အားလိုင်းပြင်ပ) နှင့် ဖြန့်ဖြူးခြင်းတို့ကို ပြည်ထောင်စုအဆင့် ပင်မစီမံကိန်းများအရ အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ဆက်သွယ်နိုင်မှု အားလုံးပါဝင်သည့် စီမံကိန်းကြီးများ ဆောင်ရွက်ရာတွင် အစိုးရ ရင်းနှီးမြှုပ်နှံမှုလျော့နည်းစေရန် အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် တရားဝင် ဖွံ့ဖြိုးမှု အစီအစဉ်အရ ချေးငွေ ၊ အထောက်အပံ့တို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

သွားလာရန် ခက်ခဲသော ဒေသများ ၊ ဖွံ့ဖြိုးမှု နောက်ကျ ကျန်ရစ်သည့် ဒေသများသို့ လျှပ်စစ်ဓာတ်အားလိုင်းများ ရောက်ရှိရေး ဦးစားပေး ဆောင်ရွက်ခြင်းသည် ဆက်သွယ်မှု မဟာဗျူဟာအတွက် လမ်းပြကြယ်သဖွယ် ဖြစ်လိမ့်မည်ဖြစ်ပါသည်။ အဆိုပါမဟာဗျူဟာ အကောင်အထည်ဖော်ခြင်းဖြင့် ဓာတ်အားလိုင်းတွင်းနှင့် ဓာတ်အားလိုင်းပြင်ပ မှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုများကို ( ပြန်လည် ပြည့်ဖြိုးမှုမရှိသော စွမ်းအင်နှင့် ရေရှည်အသုံးပြုနိုင်သည့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြု၍ ပြည်တွင်းတွင် ထုတ်လုပ်သောလျှပ်စစ်ဓာတ်အား ) အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ဖော်ပြပါ


မူဝါဒဆိုင်ရာ အတွေးအမြင်သည် မြန်မာနိုင်ငံတွင် နေစွမ်းအင် ၊ ရေ အရင်းအမြစ်နှင့် ဇီဝလောင်စာတို့မှ စွမ်းအင်ထုတ်ယူရာတွင် ပြည်တွင်းဆန်းသစ်တီထွင်မှုကို အထောက်အကူပြုစေမည့် နိုင်ငံတကာမှ ရန်ပုံငွေ အထောက်အပံ့များ ရရှိစေနိုင်မည် ဖြစ်ပါသည်။ ရေရှည်တည်တံ့စေမည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချခြင်းဖြင့် မဟာဓာတ်အားလိုင်းအတွင်း လျှပ်စစ်ဖြန့်ဖြူးမှုမှ လက်လှမ်းမမီသည့် နယ်မြေများရှိ ကျေးလက်ဒေသများ လျှပ်စစ်မီး ရရှိရေးအတွက် ဦးစားပေး ဆောင်ရွက်မည် ဖြစ်ပါသည်။ တယ်လီဖုန်းဆက်သွယ်နိုင်မှု နှင့် အင်တာနက် အသုံးပြုနိုင်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍ တစ်ခုဖြစ်ပါသည်။ လက်ရှိ စနစ်အား အဆင့်မြှင့်တင်ခြင်းအစား နည်းပညာ ခုန်ပျံကျော်လွှားခြင်း နှင့်အတူ စနစ်သစ်များ တပ်ဆင်အသုံးပြုခြင်းဖြင့် ခေတ်မီ နည်းပညာများ စတင်နိုင်မည်ဖြစ်ပြီး အစိုးရ ကဏ္ဍတွင် သာမက ပုဂ္ဂလိက ကဏ္ဍတွင်ပါ အလုံးစုံ ပြောင်းလဲလာစေမည် ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေး ကျယ်ပြန့်လာသည်နှင့်အမျှ ပုဂ္ဂလိက ဆက်သွယ်ရေး လုပ်ငန်းများသည် ကြော်ငြာ ၊ မိုဘိုင်းဘဏ်စနစ် ၊ ငွေလွှဲပြောင်းမှု ၊ သတင်းအချက်အလက် ဖြန့်ဝေခြင်း စသည့်လုပ်ငန်းများတွင် ကုန်ပစ္စည်းသစ်နှင့် ဝန်ဆောင်မှု ပုံစံသစ်များ မိတ်ဆက်လာကြမည် ဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်း နှင့် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား နိုင်ငံတွင်းမှာသာမက နိုင်ငံတကာသို့ ဆက်သွယ်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

## မဟာဗျူဟာ ခြုံငုံသုံးသပ်ချက်

ဒေသတွင်းဆက်သွယ်နိုင်မှု တိုးမြှင့်ခြင်းနှင့် စီးပွားရေး ပေါင်းစည်းမှုတို့သည် အစိုးရ၏ ဖွံ့ဖြိုးမှု မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် ရေရှည်တွင် ကြုံတွေ့ရမည့် လူမှုရေး သက်ရောက်မှုများနှင့် ငွေရေးကြေးရေး အကန့်အသတ်များကြောင့် စိန်ခေါ်မှုအများဆုံး ဖြစ်ပါသည်။မြေယာပိုင်ဆိုင်မှု နှင့် မြေအသုံးပြုမှု ၊ ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် နိုင်ငံရေးပေါင်းစည်းမှု ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် နိုင်ငံတည်ဆောက်ရေးဆိုင်ရာ ပြဿနာ အခက်အခဲများသည် ဆက်သွယ်နိုင်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် ဒေသ လိုအပ်ချက်နှင့် ကဏ္ဍဆိုင်ရာ လိုအပ်ချက်များကို အခြေခံ၍ ဆောင်ရွက်ခြင်းဖြင့် အဆိုပါ ပြဿနာ အခက်အခဲများအား ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

နိုင်ငံပြင်ပ ဆက်သွယ်နိုင်မှု မူဝါဒတွင် သတ်မှတ်နယ်စပ်ဂိတ်များ၌ အဓိက စီးပွားရေး အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးစေခြင်းနှင့် ခေတ်မီ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းတို့ ပါဝင်ပါသည်။ တစ်ပြိုင်နက်တည်းတွင် ကုန်သွယ်မှု အဆင်ပြေ ချောမွေ့စေရေး ၊ ကုန်သွယ်မှုဆိုင်ရာ ဥပဒေ အခြေခံကောင်းမွန်စေရန် ခေတ်နှင့်လျော်ညီစေရန် ဆောင်ရွက်ရေး၊ အကောက်ခွန်စနစ် (e- customs) ကျင့်သုံးရေး ၊ ကုန်သေတ္တာနှင့် ကုန်စည်သိုလှောင်သယ်ယူပို့ဆောင်မှုစနစ် တိုးတက်ကောင်းမွန်စေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါသည်။




ပုံ-၅-၁၈

မဟာဗျူဟာပြပုံ၊ ဆက်သွယ်ရေးလမ်းကြောင်းများ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)

နိုင်ငံတွင်းဆက်သွယ်နိုင်မှု မူဝါဒအရ နယ်စပ်ဒေသ ကုန်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းအစုအဝေးများ တည်ရှိရာ အချက်အချာနေရာများတွင် ကနဦး လူမှုစီးပွား ဖွံ့ဖြိုးစေရန် ဖွံ့ဖြိုးမှု ဇုန်ဖြစ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဖော်ပြပါ စီးပွားရေး စင်္ကြံချဉ်းကပ်မှု နှင့် စီးပွားရေး စင်္ကြံလမ်းကြောင်းများ ပေါင်းစည်းမှုတို့ဖြင့် ဆက်သွယ်ရေး အခက်အခဲများအား ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ ယင်းသို့ ဖြေရှင်းရာတွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များ ပါဝင်သည့် မဟာဗျူဟာတစ်ရပ် အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်-

- စီးပွားရေးအခြေခံအဆောက်အအုံ ( အထူးစီးပွားရေးဇုန်များ ၊ စက်မှုဇုန်များ၊ နယ်စပ်ဂိတ်များ ) တည်ထောင်ခြင်း ၊ လုပ်ငန်းများပိုမို အားကောင်းစေရန် ဆောင်ရွက်ခြင်း ၊ စီးပွားရေးစင်္ကြံချဉ်းကပ်မှုဖြင့် မဟာဓါတ်အားလိုင်းသို့ ပေါင်းစည်း ချိတ်ဆက်နိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်စနစ်များ ပေါင်းစည်းရေးတို့ ဆောင်ရွက်ခြင်း၊

- နိုင်ငံတော်၏ လူမှု-စီးပွားဖွံ့ဖြိုးမှု လျာထားချက်ဘောင်အတွင်း နယ်မြေဒေသ အားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရန် နယ်စပ်ဒေသ စီးပွားရေးဇုန်များနှင့် ကုန်သွယ်နိုင်မှု လမ်းစ ရရှိရေးတို့ကို အထူးအလေးပေးလျက် သွားလာရန် ခက်ခဲသော ဒေသများသို့ ဆက်သွယ်နိုင်မှု အရှိန်မြင့် ဆောင်ရွက်ခြင်း၊

- မြန်မာ့ပို့ဆောင်ရေးပင်မစီမံကိန်းအရ ၂၀၃၀ ခုနှစ် အထိ စင်္ကြံလမ်းကြောင်း ၄ ခု အဆင့် မြှင့်တင်ခြင်းနှင့် ဖောက်လုပ်ခြင်းအား ပို့ဆောင်ရေး ပင်မလမ်းအူကြောင်းအဖြစ် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ခြင်း ၊ အဆိုပါ စင်္ကြံလမ်းကြောင်းများဖြင့် တရုတ် ၊ ထိုင်း ၊ ဗီယက်နမ် နှင့် လာအို တို့ရှိ ထုတ်လုပ်မှုဇုန်များသို့ ဆက်သွယ်နိုင်မည် ဖြစ်ခြင်း ၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများ

ဆောင်ရွက်နိုင်မည် ဖြစ်ခြင်းတို့ကြောင့် နိုင်ငံတကာသို့ ဆက်သွယ်နိုင်မည် ဖြစ်ရာ အဓိက ဆက်သွယ်နိုင်မှု အချက်အခြာ နေရာများ (ရေနက်ဆိပ်ကမ်း) ဖြစ်သော သီလဝါ (ရန်ကုန်) ၊ ကျောက်ဖြူ နှင့် ထားဝယ်တို့သည် ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်များနှင့် ကမ္ဘာ့တန်ဖိုး ကွင်းဆက်တို့တွင် မြန်မာနိုင်ငံ၏ ပေါင်းစည်းမှုကို အထောက်အကူပြုမည်ဖြစ်ခြင်း၊

- မြန်မာနိုင်ငံသည် AEC ၂၀၁၅ ၊ မဟာမဲခေါင် ဒေသခွဲ အစီအစဉ် စတင်သည့် ဒေသတွင်းကနဦး ပေါင်းစည်းရေးလုပ်ငန်းများနှင့် နိုင်ငံတကာ ကနဦး ပေါင်းစည်းရေး လုပ်ငန်းများတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာပေါင်းစည်းရေး လုပ်ငန်းစဉ်များတွင် လိုက်ပါဆောင်ရွက်မည်ဖြစ်ခြင်း၊ ပို့ကုန်အလေးပေး ဖွံ့ဖြိုးမှုမဟာဗျူဟာအရ ဒေသတွင်းနှင့်ကမ္ဘာ့ကုန်မှုများ တွင် ပိုမိုထိတွေ့ခွင့်ရမည်ဖြစ်ရာ အစိုးရမှ နိုင်ငံဖွံ့ဖြိုးမှု အစီအစဉ်များကို အထောက်အကူ ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ နောက်ကျသူတို့ရရှိသော အခွင့်အရေးအရ ဆောင်ရွက်နိုင်မည့် လုပ်ငန်းများဖွံ့ဖြိုးရေးကို အားပေးကူညီနိုင်သော ကုန်သွယ်မှု သဘောတူစာချုပ်များချုပ်ဆို နိုင်မည်ဖြစ်၍ အာဆီယံပြင်ပ နိုင်ငံများနှင့် ကုန်သွယ်မှု မိတ်ဖက်ပြုမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊

- ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ရာတွင်အခြေခံ လိုအပ်ချက်များ အားခေတ်နှင့်လျော်ညီစေရန် စနစ်တကျ ပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ တစ်ပြေးညီဖြစ်စေခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြေပြစ် ထိရောက်စေခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်များ နှင့် နယ်စပ်စီးပွားရေးဇုန်များ တည်ထောင်မှု၊ အရှိန်မြှင့် ဆောင်ရွက်မှုတို့ ချိတ်ဆက်ဆောင်ရွက်ရာတွင် အကောက်ခွန် လုပ်ထုံးလုပ်နည်း၊ အကောက်ခွန် စနစ်များကို ခေတ်နှင့်အညီ ဆီလျော်စေမည် ဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ထောက်ပံ့ ပို့ဆောင်ရေး လွယ်ကူစေရန် အိုင်တီနည်းပညာများ အသုံးပြုခြင်း၊

**ဆက်သွယ်မှုမဟာဗျူဟာ**

မြန်မာနိုင်ငံ၏ ဆက်သွယ်မှု မဟာဗျူဟာ ပုံစံမှာ-

- အဓိကအခြေခံအဆောက်အအုံ များခိုင်မာအားကောင်းစေခြင်း၊
- အလှမ်းဝေးကွာသောဒေသများ နှင့် ချိတ်ဆက်မှုအရှိန်မြှင့်တင် ခြင်း၊
- ဦးစားပေးစင်္ကြံများဖွံ့ဖြိုးစေခြင်း၊
- နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊
- ကုန်သွယ်ဖက်နိုင်ငံများ
- ကုန်သွယ်မှု လွယ်ကူစေခြင်း၊

## စုစည်းတည်ရှိစေခြင်းဖြင့် စီးပွားရေးတိုးတက်မှုဖော်ဆောင်ရေး


မြန်မာနိုင်ငံသည် နိုင်ငံတွင်းရှိ ဒေသများအကြား မျှတစွာ ဖွံ့ဖြိုးတိုးတက်မှုရှိရေးနှင့် နိုင်ငံတွင်း မည်သည့်နေရာဒေသ၌ နေထိုင်သည်ဖြစ်စေ နိုင်ငံသားတိုင်း ဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးခံစားနိုင်ရေး ကြိုးပမ်းလျက်ရှိပါသည်။ အာဆီယံနိုင်ငံများ၏ အတွေ့အကြုံများ နှင့် စီးပွားရေး တည်ဆောက်မှုပုံစံ ကူးပြောင်းမှု မူဝါဒများကို လေ့လာ၍ ထုတ်လုပ်မှု နိမ့်ကျသော ကဏ္ဍများ (စိုက်ပျိုးရေးနှင့်မှတ်ပုံတင်ထားခြင်း မရှိသောစီးပွားရေးကဏ္ဍများ) မှ စွမ်းအားစု အရင်းအမြစ်များကို ထုတ်လုပ်မှု မြင့်မားသော ကဏ္ဍများနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အသုံးပြုမည် ဖြစ်ပါသည်။

စီးပွားရေးတိုးတက်မှုပုံစံ စဉ်းစားရာတွင် ပထဝီ အနေအထားအရ နှိုင်းယှဉ် အကျိုးကျေးဇူးရှိမှုတွင် အခြေခံလျက် စဉ်းစားပါသည်။ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း အသေးစား နှင့် အလတ်စား လုပ်ငန်းများအား အထူးစီးပွားရေးဇုန်များ အတွင်း လုပ်ငန်းများ စုစည်း တည်ရှိစေလျက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြရန် အားပေးမည် ဖြစ်ပြီး နည်းပညာနှင့် ဗဟုသုတများ ရရှိစေနိုင်မည် ဖြစ်ပါသည်။

စက်မှုလုပ်ငန်းများထူထောင်ရာ၌ ကနဦးအဆင့်တွင် စီးပွားရေးစကြံ့ ကို မဏ္ဍိုင်ပြု၍ ချိတ်ဆက်ထားသည့် ဖွံ့ဖြိုးမှု အချက်အချာ နေရာနှစ်ခုအတွင်း အခြေခံမည် ဖြစ်သည်။ လုပ်ငန်းများစုစည်း လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် လုပ်အားရရှိနိုင်မှု ၊ နည်းပညာ ဗဟုသုတ ရရှိနိုင်မှုတို့ ဖြစ်ပေါ်စေပြီး အခြားဒေသတစ်ခုသို့ လုပ်ငန်းများ ပြောင်းရွှေ့ခြင်းကို အထောက်အကူပြုမည် ဖြစ်ပါသည်။ လုပ်ငန်း အမျိုးအစားအလိုက် စုစည်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေး အခြေခံ အဆောက်အအုံ (ရုပ်ဝတ္ထုနှင့် အဖွဲ့အစည်း ဆိုင်ရာ ၊ ဥပဒေဆိုင်ရာ ) တည်ဆောက် ရာတွင် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အစိုးရ၏ အကန့် အသတ်ဖြင့် ရှိနေသော ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များဖြင့် အကောင်းဆုံးသော မူဝါဒများ ချမှတ်နိုင်မည် ဖြစ်ပါသည်။

## တိုးတက်မှုဝင်ရိုး မဟာဗျူဟာ

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် စီးပွားရေးလုပ်ငန်းများ စုစည်းလုပ်ကိုင်မှုကောင်းစွာ အခြေတည်ပြီးဖြစ်သည့် ရန်ကုန်နှင့် မန္တလေး ဒေသများတွင် စက်မှုပိုမို ထွန်းကားလာရေး အလေးထား ဆောင်ရွက်မည်ဖြစ်ပါသည်။ စီးပွားရေး အခြေခံအဆောက်အအုံ ၊ ပညာရေး ၊ ကျန်းမာရေး စောင့်ရှောက်မှု စသည့် ဖွံ့ဖြိုးရေး မူဘောင်များနှင့် စည်းမျဉ်းဥပဒေဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် မဟာဗျူဟာကျကျ ချဉ်းကပ်ဆောင်ရွက်မည်ဖြစ်ပါသည်။




ပုံ-၅-၁၉ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဆင်းရဲမှု၊ ဇာစ်မြစ်၊IHLCA (၂၀၁၀)


တိုးတက်မှုဝင်ရိုး မဟာဗျူဟာဖြင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှု လျှော့ချရေး မဟာဗျူဟာတွင် ထိရောက်စွာ ပေါင်းစပ်ပါဝင်စေမည်ဖြစ်ပြီး အထူးသဖြင့် မြို့ပြ ဆင်းရဲမှု ပြဿနာများကို ဖြေရှင်းမည်ဖြစ်ပါသည်။ အနီးဝန်းကျင် ဒေသများနှင့် ပြည်နယ်များတွင် ဖြစ်ပေါ်နေသည့် ဆင်းရဲမှု အခြေအနေတို့ကို ထည့်သွင်းစဉ်းစားလျက် (အလုပ်အကိုင်အခွင့်အလမ်း ၊ အခြေခံအဆောက်အအုံ၊ ဝန်ဆောင်မှုများရရှိခံစားနိုင်မှု) ရန်ကုန်ဒေသတွင် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးကျေးဇူးသည် ဧရာဝတီနှင့် ပဲခူးဒေသများသို့ ပျံ့နှံ့ ရောက်ရှိနိုင်မည်ဖြစ်ပြီး ဆင်းရဲမှု ၂၉% လျှော့ချနိုင်မည် ဖြစ်ပါသည်။ ထိုနည်းတူ နိုင်ငံမြောက်ပိုင်း စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိကကျသည့် မန္တလေး ဒေသတွင် ရင်းနှီးမြှုပ်နှံမှု အကျိုးဆက်များ သည် စစ်ကိုင်း ၊ မကွေးဒေသ တို့သို့ပျံ့နှံ့မည်ဖြစ်ပြီး ဆင်းရဲမှု ၂၅% ကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

## မဟာဗျူဟာ ၃-၁ စီးပွားရေးစင်္ကြံ လမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်စေရေး

ဖွံ့ဖြိုးမှုဝင်ရိုး မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးရရှိ ခံစားနိုင်မည့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပြီး တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ဖြစ်ပေါ်နေသည့် ဆင်းရဲမှု ၅၄% ကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ဟန်ချက်ညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ဖွံ့ဖြိုးမှု ဗဟိုဌာနများ၊ ဒေသတွင်း နှင့် နိုင်ငံတကာ ဆက်သွယ်နိုင်မှု ဆုံမှတ်များအကြား စီးပွားရေး စင်္ကြံများကို ချိတ်ဆက်ခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

စီးပွားရေးစင်္ကြံများအား ကုန်စည် ကူးသန်းရောင်းဝယ်မှုများ အဓိက ဖြစ်ထွန်းနိုင်မည့် နယ်ပယ်ဒေသများ တစ်လျှောက် ချိတ်ဆက်မည်ဖြစ်ပါသည်။ အဆိုပါဒေသများတွင် စွမ်းအင် ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး စသည့် ဝန်ဆောင်မှုများ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ပို့ဆောင်ရေး ပင်မစီမံကိန်းအရ နိုင်ငံတစ်ပှမ်း အရှေ့-အနောက် ၊ တောင်-မြောက် ဆက်သွယ်ဖောက်လုပ်ရန် အဆိုပြုထားသည့် စီးပွားရေး စင်္ကြံများ ၊ အဆိုပါ စီးပွားရေး စင်္ကြံများနှင့် ဆက်စပ်သွယ်တန်းမည့် ကျေးလက်လမ်းများသည် NCDP ၏ အခြေခံ ဖြစ်သည့် နိုင်ငံတွင်းဒေသများအကြား အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်မှုတွင် ပါဝင်အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ မဟာဗျူဟာ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် နည်းပညာရရှိနိုင်မှု အကျိုးဆက်များ ရရှိနိုင်ရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ စင်္ကြံလမ်းကြောင်းများ ချိတ်ဆက်ခြင်းဖြင့် ပြည်သူအများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်သဖြင့် ဆင်းရဲမှုလျှော့ချရေး မဟာဗျူဟာ လုပ်ငန်းစဉ်များကို အထောက်အကူ ပြုမည် ဖြစ်ပါသည်။




ပုံ-၅-၂၀ အဓိက စီးပွားရေးစင်္ကြံများ
ဇာစ်မြစ်၊ MYT (၂၀၁၄)

ဒုတိယဦးစားပေး လမ်းကြောင်းများနှင့် နယ်စပ်ဒေသများသည် စက်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် အနာဂါတ်တိုးတက်မှုမောင်းနှင်အားဖြစ်လာစေရန် အလားအလာကောင်းများကို ပိုင်ဆိုင်ထားပြီး စီးပွားရေးမက်လုံးပေးမှုများနှင့်တိုးတက်လာသော အခြေခံအဆောက်အအုံများမှ အကျိုးကျေးဇူးများကို လည်း ရယူနိုင်မည်ဖြစ်ပါသည်။ အဆိုပါ တိုးတက်မှုလမ်းကြောင်းများ ရှိခြင်းဖြင့် ဒေသဆိုင်ရာ အစိုးရများအတွက် အခွန်ငွေများ ရရှိနိုင်ပြီး ဆင်းရဲမှုနှင့် တရားစီရင်မှုအားနည်းသော ဒေသများအတွက် လူမှုရေးဖွံ့ဖြိုးမှုမူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

နယ်စပ်ဒေသဆက်သွယ်ရေးလမ်းကြောင်းများသည် လက်ရှိအာဆီယံဒေသတွင်း စီးပွားရေးစင်္ကြံများနှင့် ချိတ်ဆက်ခြင်းဖြင့် အာရှ အဝေးပြေးလမ်းမကြီး မဟာဗျူဟာနှင့် မဲခေါင်ဒေသခွဲ နိုင်ငံများအစီအစဉ်အတွင်းချမှတ်ထားသည့် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံများအကြား ဘက်စုံ ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေး ချိတ်ဆက်မှုများကို အထောက်အကူ ဖြစ်စေမည်ဖြစ်ပါသည်။

သတ်မှတ်ထားသော စီးပွားရေးစင်္ကြံများကို လက်ရှိ အကောင်းဆုံး အလေ့အကျင့်များအပေါ် အခြေခံ၍ အောက်ပါ အချက်အလက်များကို ထည့်သွင်းစဉ်းစားထားပါသည်-

- အနည်းဆုံး အဓိက စီးပွားရေးအချက်အချာဒေသ နှစ်ခုနှင့် ချိတ်ဆက်ခြင်း၊
- ကျေးလက်ဒေသများ နှင့် အချက်အချာကျသောဒေသများကို ချိတ်ဆက်ခြင်း၊
- အထူးစီးပွားရေးဇုန်များနှင့် နယ်စပ်ဂိတ်များကို ချိတ်ဆက်ခြင်း၊
- ဖြစ်နိုင်ချေရှိသည့် အချက်အချာနေရာများကို မဟာမဲခေါင်ဒေသခွဲနိုင်ငံများထိ ချိတ်ဆက်ခြင်း၊
- စက်မှုဖြစ်ထွန်းရာ ဒေသများနှင့် ကမ္ဘာ့ကုန်သွယ်မှု အချက်အချာဒေသများ ချိတ်ဆက်ခြင်း၊

## မဟာဗျူဟာ ၃-၂ ဖွံ့ဖြိုးမှုနိမ့်ကျသည့် ဒေသများတွင် ဆက်သွယ်ရေးလမ်းကြောင်းများ အရှိန်မြှင့်တင်ရေး



အလှမ်းဝေးသော ဒေသများတွင် ဖွံ့ဖြိုးမှုနည်းပါးပြီး နေရာအနှံ့ ပျံ့နှံ့နေသော ဆင်းရဲမှုသည် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးမှု မူဝါဒကိစ္စရပ်များကို စိန်ခေါ်လျက်ရှိနေပါသည်။ အလှမ်းကွာဝေးသော ဒေသများသည် ပြည်တွင်း ၊ ပြည်ပ ဆက်သွယ်မှုတွင် အတားအဆီး များဖြစ်နေခြင်း၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံများနှင့် ပတ်သက်၍ အဟန့်အတား ဖြစ်နေပါသည်။

မြန်မာနိုင်ငံတစ်ဝန်း မညီမျှမှုများ များပြားနေခြင်းကြောင့် အလှမ်းကွာဝေးသည့် နေရာများ တွင် ဒေသအလိုက် တိုးတက်လာစေရန် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာလမ်း များ၊ ရထားလမ်း များ ၊ ရေကြောင်းလမ်းများနှင့် တယ်လီဖုန်း ဆက်သွယ်ရေး စသည်တို့တွင် အစိုးရမှ စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုရှိသော နယ်စပ်ဖြတ်ကျော်စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုများ နှင့် ဆက်စပ်လျက်ရှိသော အလှမ်းဝေးကွာသည့် ဒေသများသည် ပထဝီအနေအထားအရ လည်းကောင်း ဆက်သွယ်မှုလမ်းကြောင်းများကြောင့်လည်းကောင်း အကျိုးဖြစ်ထွန်းရရှိနိုင် ပါသည်။ အထူးသဖြင့် တရုတ် ၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်စပ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းဖြင့် ချင်း ၊ရှမ်း ၊ ကချင်ပြည်နယ်များ၏ ဆက်သွယ်ရေးလမ်းကြောင်းများ အရှိန်မြှင့်လာမည့် အခွင့်အရေးများ နှင့် အလားအလာကောင်းများကို ပေးနိုင်မည်ဖြစ်ပါ သည်။

စီးပွားရေးစင်္ကြံများ၊ ဖွံ့ဖြိုးမှုရှိသော ပြည်တွင်းနှင့် နိုင်ငံတကာ ဆက်သွယ်ရေး လမ်းကြောင်းများကို အသုံးပြု၍ ပို့ဆောင်ရေး စနစ်များကို ကာလတိုမှ ကာလလတ် (၂၀၁၅ မှ ၂၀၂၅) အတွင်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၃၀ အလွန်တွင် မဟာ ဓာတ်အားလိုင်း ဖြန့်ဖြူးမှုကို ကာလရှည် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများအဖြစ် ဆောင်ရွက်မည် ဖြစ်ပါသည်။





ပုံ-၅-၂၁ ကျေးလက် ဆက်သွယ်ရေးလမ်းကြောင်းများအတွက် မဟာဗျူဟာအဆင့်များ ၊ဇာစ်မြစ်၊ စီမံစီးပွား ဝန်ကြီးဌာန (၂၀၁၄)

ဆက်သွယ်ရေးကဏ္ဍတွင် မူပါဒနှင့် ဥပဒေ တိုးတက်လာမှု ကြောင့် မိုဘိုင်းလ်စနစ်နှင့် မိုဘိုင်းလ်ဝန်ဆောင်မှုများ နိုင်ငံတစ်ဝန်းလုံး ခြုံငုံ၍ လျင်မြန်စွာ တိုးတက်လာမှုကို တွေ့မြင်ရမည်ဖြစ်ပါသည်။ အလုပ်းကွာဝေးသော ဒေသများအတွင်း ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ မှတဆင့် ဆက်သွယ်ရေး လျင်မြန်စွာ တိုးမြင့်လာစေပြီး ဈေးငွေ၊ ငွေကြေး လွှဲပြောင်းမှု၊ သတင်းအချက်အလက် ၊ အသိပညာမျှဝေမှု ၊ အင်တာနက်ချိတ်ဆက်ရေး တို့အပါအဝင် ပုဂ္ဂလိက ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ လက်လှမ်းမီရေးထိ ရရှိလာစေမည်ဖြစ်ပါသည်။

## ဆက်သွယ်ရေးများ အရှိန်မြှင့်တင်ရေး ဦးစားပေးဆောင်ရွက်မှု

အလုမ်းဝေးသော ဒေသများနှင့် ပြည်တွင်းပြည်ပ ချိတ်ဆက်မှုတွင် စိန်ခေါ်မှုများ စွာဖြင့် ပြည့်နှက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် အစိုးရသည် အလုမ်းဝေးသော ဒေသများသို့ ဆက်သွယ်ရေး လမ်းကြောင်း များလျင်မြန်စေရန် နှင့် အကျိုးရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပထမ အဆင့်အနေဖြင့် မိုဘိုင်းလ် တယ်လီဖုန်းဖြင့် ချိတ်ဆက်ခြင်းမှ လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာသော အခြားအခြေခံ အဆောက်အအုံများမှတဆင့် လည်းကောင်း ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးမှုများအတွက် မဟာဗျူဟာမြောက် ဦးစားပေးရေးကို ပထဂီအနေ အထား၊ လူဦးရေ၊ စီးပွားရေး စသည်တို့အရ ရှိနေသော နိုင်းယှဉ်အကျိုးကျေးဇူးများ အပေါ် အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံနှင့်ဒေသခံတို့၏ လိုအပ်ချက် များကို ဖြည့်တင်းပေးရန်အတွက် နယ်စပ်ဖြတ်ကျော် စီးပွားရေး ဖွံ့ဖြိုးမှုဇုန်များ နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ခက်ခဲမှုရှိပြီး ပထဂီ အနေအထားအရ ကန့်သတ် ချက်ရှိသော နေရာများကို ဆက်သွယ်ရေး လမ်းကြောင်းများ ကျယ်ပြန့်စွာ အစီအစဉ်ချ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။





ပုံ-၅-၂၂ ကျေးလက် ဆက်သွယ်ရေးလမ်းကြောင်းများအတွက် မဟာဗျူဟာအဆင့်များ ၊ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

## ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပေးဝေမှုသည် အကန့်အသတ်ဖြင့်ရှိနေပြီး အားထားနိုင်ခြင်းမရှိသည့် အနေအထား ဖြစ်နေပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိမှု နည်းပါးလျက်ရှိပါသည်။ လူဦးရေ အချိုးအစားများပြီး ပင်မဓာတ်အားလိုင်း စနစ်ဖြင့် ပေးဝေမှု မရရှိနိုင်သောဒေသအများအပြားရှိနေသောကြောင့် တစ်ဦးချင်း လျှပ်စစ် ဓာတ်အား သုံးစွဲမှုသည် ဒေသတွင်းနိုင်ငံများအကြား အနိမ့်ဆုံးဖြစ်နေပါသည်။

ပုံတွင်ဖော်ပြထားသည့်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပြနှင့် ကျေးလက်ဒေသ လျှပ်စစ်ဓါတ်အား သုံးစွဲမှုနှုန်းသည် ၂၇% သာ ရှိနေပြီး အထူးသဖြင့် မြစ်ဝကျွန်းပေါ် ဒေသ၊ တနင်္သာရီ ၊ ချင်း နှင့် ကရင်ပြည်နယ် တို့တွင်နိမ့်ကျလျက်ရှိပါသည်။




ပုံ-၅-၂၃ လျှပ်စစ်မီးရရှိမှုနှုန်း
ဇာစ်မြစ်၊ JICA Team (၂၀၁၃)

ကျေးလက်ဒေသ လျှပ်စစ်ဓါတ်အား ရရှိခြင်း၏ လက်ငင်း အကျိုးသက်ရောက်မှုများမှာ ဝေးလံခေါင်ပါးသော ဒေသများတွင် အသေးစား စီးပွားရေးလုပ်ငန်းနှင့် အိမ်တွင်းစီးပွားရေး ဆောင်ရွက်မှုများ တိုးတက်စေရန် လှုံ့ဆော်ပေးပြီး ပညာရေးလုပ်ငန်းများ ၊ ကျန်းမာရေး အဆင့်အတန်း မြင့်မားလာစေရန် ထောက်ပံ့ပေးမည့် ရေဆိုးနုတ်စနစ်၊ ပို၍ အဆင့်မြင့်သော ရေသန့်စစ်ထုတ်ခြင်း (pump clean filtered water) ကဲ့သို့ အခြေခံဝန်ဆောင်မှုများအား တိုးမြင့်စေပြီး အိမ်တိုင်း မီးလင်းရေး ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံသားများ၏ လူနေမှု အဆင့်အတန်း မြင့်တင်ရာတွင် အထောက်အပံ့ ဖြစ်စေပါသည်။ ကျေးလက်ဒေသ လျှပ်စစ်ဓါတ်အား တိုးမြင့်ရရှိခြင်းဖြင့် ကျေးလက်လက်ဒေသ အသေးစား စီးပွားရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ခေတ်မီတိုးတက်စေရန် ဆောင်ရွက်ရာတွင် အထောက်အကူပြုစေမည် ဖြစ်ပါသည်။

လျှပ်စစ်ဝန်ကြီးဌာန၏ ပင်မစီမံကိန်းတွင် ဖော်ပြထားသည့် အစိုးရမှ ပေးသည့် (on-grid) လျှပ်စစ်ဓာတ်အားသုံးစနစ်နှင့် ကျေးလက်ဒေသ ပုဂ္ဂလိက စနစ်ဖြစ်သည့် (off- grid) လျှပ်စစ်ဓါတ်အားသုံးစနစ်များ တိုးချဲ့ရာတွင် ဟန်ချက်ညီအောင် ထိန်းထားသည့် စွမ်းအင်ထုတ်လုပ်မှုမှတဆင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသွားမည်ဖြစ်ပြီး နိုင်ငံလုံးဆိုင်ရာ မူဝါဒ များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးမှု နိမ့်ကျသောဒေသများတွင် ဆက်သွယ်ရေးလမ်းကြောင်းများ အရှိန်အဟုန်မြင့်လာစေရန် အထောက်အကူပြုမည့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် နေရောင်ခြည် သုံးစွမ်းအင်စနစ်၊ အသေးစားရေအားလျှပ်စစ်စက်ရုံများနှင့် ဇီဝလောင်စာသုံး စွမ်းအင်စနစ်များကို အသုံးပြုခြင်းဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

နယ်စပ်ဒေသ စီးပွားရေးဇုံများကို အထောက်အကူပြုစေရန် ဝေးလံခေါင်သီသော ဒေသများတွင် အစိုးရမှပေးသည့် လျှပ်စစ်ဓါတ်အား ရရှိနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီးပွားရေးစကြံ့များမှတဆင့် လျှပ်စစ်မီးဖြန့်ဖြူးမှုနှင့် အချက်ပြဆက်သွယ်မှုစနစ်များပါဝင်သော ဆက်သွယ်မှုအခြေခံအဆောက်အအုံများကို အားပေးမြှင့်တင်ဆောင်ရွက် ခြင်းနှင့် ဆက်သွယ်မှု လမ်းကြောင်းများသာမက စကြံ့ဝန်ဆောင်မှုများ အလွယ်တကူရရှိနိုင်သော စကြံ့တလျှောက်ရှိမြို့များနှင့် ကျေးလက်ဒေသများအတွက် ခိုင်မာသည့် အခြေခံကောင်းများပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

နိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အစိုးရက ဦးစားပေး ဆောင်ရွက်ရမည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ (NCDP) ကာလတလျှောက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများမှာ (၁) ကဏ္ဍအလိုက် စီမံကိန်းရေးဆွဲခြင်း ၊ (၂) ဥပဒေပြဌာန်းခြင်း ၊ (၃) ဘဏ္ဍာရေး စဉ်ဆက်မပြတ် ရရှိခြင်း၊ (၄) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ (၅) ဓာတ်အားလိုင်းသွယ်တန်းခြင်း နှင့် ဖြန့်ဖြူးခြင်း၊ (၆) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးခြင်းတို့ဖြစ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ကဏ္ဍစီမံကိန်း | စွမ်းအင်(မဟာစီမံကိန်း)<br>အနှစ် (၂၀)<br>Exp ၂၀၁၄ | အမျိုးသားလျှပ်စစ်စီမံကိန်း<br>(လျှပ်စစ်ဓာတ်အားကဏ္ဍ)<br>အနှစ် (၂၀)<br>Exp ၂၀၁၄ | အမျိုးသားလျှပ်စစ်မီးရရှိရေး<br>စီမံကိန်း<br>အနှစ် (၂၀)<br>Exp ၂၀၁၄ | စွမ်းအင်အကျိုးရှိစွာအသုံးပြုမှု<br>မူဝါဒ<br>Exp 2014 | ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်<br>အသုံးပြုမှုနှင့် ဖြိုးမှုမဟာဗျူဟာ |
| ဥပဒေ | EITI အသုံးပြုမှု<br>Exp ၂၀၁၅ | လျှပ်စစ်ဓါတ်အားဥပဒေနှင့်<br>နည်းဥပဒေများ<br>Exp ၂၀၁၄ | ကျေးလက်လျှပ်စစ်မီးရရှိရေး<br>ဥပဒေ | သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေး<br>ကာကွယ်စောင့်ရှောက်မှု<br>Exp ၂၀၁၄ | |
| ဘဏ္ဍာရေးစဉ်ဆက်မပြတ်ဖြစ်ခြင်း | ဘဏ္ဍာရေးအလားအလာကောင်း<br>များအတွက်ရေ့လုပ်ငန်းစဉ်များ<br>Exp ၂၀၁၄ | ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှိုင်ဟ<br>အားကောင်းစေခြင်း<br>Exp ၂၀၁၄ | ကာလရှည်ဘဏ္ဍာရေးစီမံကိန်း<br>Exp ၂၀၁၄ | သဘာဝဓာတ်ငွေ့ဈေးနှုန်းချခြင်း<br>အပေါ် စီးပွားရေးအရတာန်ဖိုး<br>သတ်မှတ်ခြင်း<br>Exp ၂၀၁၄ | |
| လျှပ်စစ်စွမ်းအင်လည်ပတ်မှု | ရန်ကုန်(သာကေတ) လျှပ်စစ်<br>ဓာတ်အားပေးစက်ရုံအဆင့်မြှင့်<br>တင်ခြင်း<br>Exp ၂၀၁၅ | သထုံသဘာဝဓာတ်ငွေ့စက်ရုံ<br>အဆင့်မြှင့်ဆောင်ရွက်ခြင်း<br>Exp ၂၀၁၇ | ကျင်နရေတာအသစ်များ<br>13 YESB<br>Exp ၂၀၁၃ | မြင်းခြံ IPP<br>လျှပ်စစ်ဓာတ်အားပေးစက်ရုံ<br>တင်ဒါ ၂၀၁၃ | |
| လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးခြင်း | ပင်မဓာတ်အားလိုင်း မိတ္ထီလာမှ<br>ရန်ကုန်<br>Exp ၂၀၁၈ | လျှပ်စစ်ဖြန့်ဖြူးမှုအဆင့်မြှင့်တင်<br>ဆောင်ရွက်ခြင်း<br>(ရန်ကုန် ၅ မြို့နယ်)<br>Exp ၂၀၁၆ | လျှပ်စစ်စွမ်းအင်ဖြန့်ဖြူးမှု<br>ပြန်လည်ရရှိစေရန်ဖွဲ့စည်းခြင်း<br>230 kV | လျှပ်စစ်ဖြန့်ဖြူးမှုအဆင့်မြှင့်တင်<br>ဆောင်ရွက်ခြင်း<br>(ရန်ကုန် ၂၃ မြို့နယ်)<br>Exp ၂၀၂၀ | |
| ကျေးလက်စွမ်းအင်တိုးတက်မှု | ကျေးလက်စွမ်းအင်အခြေခံ<br>အဆောက်အအုံပြန်လည်ရရှိ<br>စေရန်နှင့်အဆင့်မြှင့်တင်<br>ဆောင်ရွက်ခြင်း Exp ၂၀၁၆ | ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး<br>စီမံကိန်းများ<br>Exp ၂၀၁၅ | ကျေးလက်လျှပ်စစ်မီးရရှိရေး<br>စီမံကိန်း<br>၂၀၁၅ မှ ၂၀၂၀ | ပင်မဓာတ်အားလိုင်းမရနိုင်သော<br>ဒေသများတွင်အသေးစား<br>ရေအားလျှပ်စစ်စီမံကိန်း<br>Exp Start ၂၀၁၄ | |

ပုံ-၅-၂၄ ကျေးလက် ဆက်သွယ်ရေးလမ်းကြောင်းများအတွက် မဟာဗျူဟာအဆင့်များ ၊ဓာတ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

## ဒီဂျစ်တယ်စနစ်ဖြင့် ဆက်သွယ်ချိတ်ဆက်မှု

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ICT ကဏ္ဍသည် အရေးကြီးသည့်အခန်း ကဏ္ဍတစ်ခုဖြစ်သောကြောင့် နည်းပညာခုန်ပျံကျော်လွှားမှု မူဝါဒတစ်ခုကို ချမှတ်ခဲ့ပါသည်။ ICT မူဝါဒ အခိုင်အမာရှိခြင်းသည် GDP တိုးတက်မှုအတွက် တန်ဖိုးမြင့်တက်စေမည်ဖြစ်ပြီး စီးပွားရေးနယ်ပယ်အားလုံးတွင် ICT နည်းပညာအသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ နည်းပညာ ခုန်ပျံကျော်လွှားခြင်းဖြင့် ခေတ်မီအခြေခံ အဆောက်အအုံများဖြစ်ပေါ်လာစေပြီးနောက်ဆုံးပေါ်နည်းပညာများအတွက် အထောက်အကူပြုခြင်းနှင့် ဆက်သွယ်ချိတ်ဆက်မှုနှင့် အချက်အလက်များ အဖြေရှာရာတွင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ခေတ်သစ် ပညာရေးစနစ်တွင် အစိုးရသည် သတင်း အချက်အလက်နည်းပညာများကို မိတ်ဆက်ပေးခြင်းအားဖြင့် နည်းပညာများနှင့် လိုက်လျောညီထွေစွာ အလုပ်လုပ်နိုင်သည့် လုပ်အားများ အနာဂတ်တွင် တိုးတက်လာ မည်ဖြစ်ပါသည်။

အဆင့်မြင့် နည်းပညာများ အသုံးပြုခြင်းဖြင့် ဒေသအသီးသီး၏ စီးပွားရေးကို တိုးတက်စေပြီး အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများအတွက် အလှမ်းဝေးကွာဒေသများသို့ ထောက်ပံ့ ကူညီနိုင်လိမ့်မည်ဖြစ်ပါသည်။ Digital on-line စနစ်သည် ပြည်သူများနှင့် ကိုယ်ပိုင်ဘဏ်စနစ် ၊ အစိုးရ၏ ဝန်ဆောင်မှု လုပ်ငန်းများ ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လက်လီလုပ်ငန်း ၊ ပညာရေးစသည့် ပြည်သူ့ဝန်ဆောင်မှု များကိုလည်း ဆောင်ရွက်ပေးနိုင်ပါမည်။ လယ်ယာကဏ္ဍ အတွက် ဈေးကွက်ရရှိရန်နှင့် သတင်းအချက်အလက် ရရှိရန် အစိုးရ၏ ခေတ်သစ် လယ်ယာစနစ် လုပ်ဆောင်ခြင်းမှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ဤစနစ်များသည် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ တိုးတက်ဖွံ့ဖြိုးစေရန် E-government ဖြေရှင်းချက်များကို အဓိက စတင် လုပ်ဆောင်နိုင်ပြီး ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရန် ၊ အခွန်ရငွေ တိုးတက်စေရန် ၊ အကောက်ခွန်စနစ်များ ပွင့်လင်းမြင်သာမှုရှိစေရန် နှင့် ပြည်သူ့ဝန်ဆောင်မှုများကို ကူညီပေးရန် ဆောင်ရွက်ပေးနိုင်ပါသည်။

## မဟာ ဗျူဟာ ၃-၃ ပြည်တွင်း နှင့် နိုင်ငံတကာ ဆက်သွယ်မှုချိတ်ဆက်ရေး

စီးပွားရေးစင်္ကြံများသည် နိုင်ငံတော် တိုးတက်မှုဗဟိုဌာနများ ၊ ပြည်တွင်း စက်မှုဇုန်များ နှင့် နယ်စပ် စီးပွားရေးဇုန်များအကြား လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်စပ်ပေးနိုင်ပါသည်။ ပြည်တွင်း အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများသည် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များအတွင်း ဝင်ရောက်ပြီး တရုတ် ၊ အိန္ဒိယ ၊ လာအို ၊ ထိုင်း ၊ဗီယက်နမ် နိုင်ငံများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနှင့် ဒေသန္တရ အစိုးရတို့၏ မူဝါဒများနှင့် စီမံကိန်းများတွင် နိုင်ငံတကာ ဝင်ထွက်သွားလာခွင့်များကို မြှင့်တင်ဆောင်ရွက်ခြင်းအပြင် နယ်စပ်ဒေသများ၌ ပြည်ပကုမ္ပဏီများကို ကုန်ကျစရိတ် သက်သာ၍ နိုင်းယှဉ် အကျိုးကျေးဇူး ရရှိစေခြင်းအားဖြင့် ဆွဲဆောင်လျက်ရှိပါသည်။

မှတ်ချက်။ (အခြေခံ အဆောက်အအုံများတွင် ကုန်းလမ်း ပို့ဆောင်ရေးစနစ်၊ အထူးစီးပွားရေးဇုန်များ ၊ စက်မှုဇုန်များ နှင့် ICT စနစ်များ ပါဝင်ပြီး ကာလတိုငါးနှစ် ( ၂၀၁၅-၂၀၂၀ ) တွင် နယ်စပ်ဒေသများကို အဓိက ဦးစားပေး၍ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ အဓိက စီးပွားရေး အခြေခံ အဆောက်အအုံ တိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များကို သက်ဆိုင်ရာ ပို့ဆောင်ရေးပင်မစီမံကိန်းတွင် အသေးစိတ် ဖော်ပြထားပါသည်။ GDP ပါဝင်မှု ရာခိုင်နှုန်း နှင့် နိုင်ငံ၏ လူဦးရေ ရာခိုင်နှုန်း လွှမ်းခြုံနိုင်မှုကို အခြေပြု၍ စင်္ကြံဖွံ့ဖြိုး တိုးတက်မှု ဆန်းစစ်ချက်ကို ထောက်ပံ့ပေးနိုင်ပါသည်။

စီးပွားရေးစင်္ကြံဖွံ့ဖြိုးမှုအတွက် အဓိကအချက်သည် တိုးတက်မှုဝန်ရိုးနှစ်ခုဖြစ်သည့် ရန်ကုန်နှင့် မန္တလေးကို ကောင်းမွန်သော ပို့ဆောင်ရေးစနစ်နှင့် ဂန်ဆောင်မှုများ အပြည့်အဝ ပေးနိုင်သည့် အဓိက မဏ္ဍိုင် စင်္ကြံ လမ်း ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ဖြစ်ပါသည်။ ဦးစားပေး စင်္ကြံ လမ်း (အဓိက တောင်- မြောက် ) သည် လူဦးရေ၏ ၄၁% နှင့် (၂၀၁၃) GDP ၏ ၅၀% ပါဝင်ပြီး အပြိုင်ဖြစ်နေသော အနောက်မြောက်တောင် စင်္ကြံလမ်းသည် လူဦးရေ၏ ၃၃% နှင့် GDP ၏ ၄၂% ပါဝင်ပါသည်။ GMS အရှေ့-အနောက် စင်္ကြံလမ်း (ရန်ကုန်မှ မြဝတီ နှင့် ထားဝယ် ဆက်သွယ်သည့်လမ်း ) သည် လူဦးရေ၏ ၂၈% နှင့် GDP ၏ ၃၅ % ပါဝင်ပါ သည်။ အရှေ့-အနောက် စင်္ကြံလမ်း (မန္တလေး မှ တမူး ) သည် လူဦးရေ၏ ၁၄% နှင့် GDP ၏ ၁၅%ပါဝင်ပါသည်။

| စီးပွားရေးစင်္ကြံများ | လမ်းပိုင်းများ (မြို့ပြ) | လူဦးရေ (၂၀၁၂) | မြို့ကြီးတလျှောက် လူဦးရေ | ၂၀၁၂ ဂျီဒီပီ (ကျပ်-ဘီလီယံ) | မြို့ကြီးတလျှောက် ဂျီဒီပီ |
|---|---|---|---|---|---|
| တောင်- မြောက် | ရန်ကုန် - နေပြည်တော် | ၁၁၇၁၄ | ၄၁% | ၁၃,၁၇၀ | ၅၀% |
| | နေပြည်တော် - မန္တလေး | ၆၃၂၃ | | ၄၄၅၇ | |
| | မန္တလေး - မြစ်ကြီးနား | ၇၀၃၅ | | ၅၆၄၈ | |
| GMS အရှေ့- အနောက် | ရန်ကုန် - ဘားအံ - မြဝတီ | ၁၄၀၅၂ | ၂၈% | ၁၄၅၄၃ | ၃၅% |
| | မော်လမြိုင် - ထားဝယ် | ၂၇၅၃ | | ၂၀၃၉ | |
| GMS မြောက်ပိုင်း | မန္တလေး - မူဆယ် | ၆၀၄၂ | ၁၀% | ၄၅၀၃ | ၁၀% |
| မန္တလေး - တမူး | မန္တလေး - တမူး | ၈၇၂၂ | ၁၄% | ၆၉၉၂ | ၁၅% |
| အရှေ့- အနောက် (လမ်းပိုင်းသစ်) | တာချီလိတ်-မိတ္ထီလာ-ကျောက်ဖြူ | ၁၀၆၃၆ | ၁၇% | ၆၉၃၈ | ၁၅% |
| အရှေ့- အနောက် (ပေါင်းကူးတံတား) | ဖားဆောင်း - ပြည် | ၂၆၆၄ | ၁၂% | ၁၇၂၇ | ၁၁% |
| | လှိုင်ကော်- မကွေး | ၄၇၆၇ | | ၃၂၁၄ | |
| မြစ်ဝကျွန်းပေါ်ဒေသ | ရန်ကုန်-ပုသိမ် | ၈၉၉၂ | ၂၁% | ၁၀၀၇၆ | ၂၇% |
| | ပုသိမ်-ဟသ်ာတ | ၃၇၆၆ | | ၂၆၅၁ | |
| တောင်ပိုင်းဒေသ | သံဖြူဇရပ်-ဘုရားသုံးဆူ | ၂၅၃၇ | ၈% | ၁၄၈၂ | ၈% |
| | ထားဝယ်-ထိုင်းနယ်စပ် | ၈၁၁ | | ၇၈၁ | |
| | ထားဝယ်-ကော့သောင်း | ၁၇၅၆ | | ၁၆၇၉ | |
| အနောက်ပိုင်း တောင်-မြောက် | ရန်ကုန်-ပြည်-မကွေး | ၁၂၈၁၀ | ၃၃% | ၁၄၃၈၈ | ၄၂% |
| | မကွေး-မန္တလေး | ၇၀၉၆ | | ၅၄၆၈ | |
| အရှေ့ပိုင်း တောင်-မြောက် | ဘီးလင်း-လှိုင်ကော် | ၃၈၉၆ | ၁၂% | ၂၅၅၀ | ၉% |
| | လှိုင်ကော်-နောင်ချို | ၃၂၄၇ | | ၁၉၀၀ | |

ဇယား ၅-၅ ဦးစားပေးစင်္ကြံစီမံကိန်းများ ၊ဇာစ်မြစ်၊ ပို့ဆောင်ရေး ပင်မစီမံကိန်း (၂၀၁၄)

လက်ရှိတည်ရှိနေသော စက်မှုဇုန်များ ၊ နယ်စပ်ကုန်သွယ်ရေး နယ်ပယ်များနှင့် စီးပွားရေးဇုန်များကို ဆွဲဆောင်မှုတိုးမြှင့်နိုင်ရန်အတွက် ထုတ်လုပ်မှုစရိတ်များနှင့် ပို့ဆောင်ရေးစနစ်ကြောင့် ပျက်စီးမှုများ လျှော့ချခြင်း၊ ခေတ်မီ ပို့ဆောင်ရေး ကွန်ယက်များ ထူထောင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကုန်ကျစရိတ်သက်သာသော လျှပ်စစ်စွမ်းအားရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု စနစ်များကို အဆင့်မြှင့်တင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများရရှိရေး၊ စီးပွားရေးလုပ်ငန်း အချင်းချင်း ဝန်ဆောင်မှုများပေးရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိစေရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးအခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။

ပို့ဆောင်ရေးအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပို့ဆောင်ရေး ပင်မစီမံကိန်း အရ စုစုပေါင်း ပံ့သေ ရင်းနှီးမြှုပ်နှံမှု တည်ထောင်မှု၏ ၅ မှ ၁၀% အထိ နှင့် ၂၀၃၀ မှာ ဒေါ်လာ ၄၈ ဘီလီယံ တိုးချဲ့ရင်းနှီး မြှုပ်နှံမှုပြုရန် လိုအပ်ပါသည်။

> **အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု**
>
> ဘက်စုံပို့ဆောင်ရေး အခြေခံ အဆောက်အအုံ တိုးတက်ရန် ၂၀၃၀ ခုနှစ်တွင် ခန့်မှန်းခြေအမေရိကန် ဒေါ်လာ ၄၈ ဘီလီယံနှင့် စုစုပေါင်း ပံ့သေ အရင်းအနှီး ၏ ၅% မှ ၁၀% အထိ ရှိရမည်ဖြစ်ပါသည်။
>
> (ပို့ဆောင်ရေးပင်မစီမံကိန်း)

ထို့ပြင် အစိုးရ၏ အခြေခံ အဆောက်အဦ ဖွံ့ဖြိုးမှုသည် ဒေသဆိုင်ရာ ထုတ်လုပ်မှု ကွန်ယက်များ၊ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်မှုများနှင့် မြန်မာနိုင်ငံ အနေဖြင့် အာဆီယံ စီးပွားရေး အသိုက်အဂန်းသို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် သိမ်မွေ့သော မူဂါဒများကို ချမှတ်ခြင်းအားဖြင့် အကောင်အထည်ဖော် နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု သဘောတူညီမှုတွင် ပြန်လည်ဂင်ရောက်နိုင်ခြင်းအားဖြင့် ပြန်လည် ဖွံ့ဖြိုး တိုးတက်မှုကို လျင်မြန်စွာဆောင်ရွက်နိုင်ပြီး လက်ရှိလုပ်သားများ သုံးစွဲနေမှုကို တိုးချဲ့နိုင်မည် ဖြစ်ပါသည်။

ကုန်သွယ်မှုလွယ်ကူစေခြင်းကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး စီမံကိန်းတွင် ဖော်ပြထားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုအတွက် အကူအညီဖြစ်စေရန် ဥပဒေအသစ်များကို အခြေခံထားပါသည်။ WB နှင့် IFC တို့၏ စံသတ်မှတ်ချက် အညွှန်းကိန်းများကို အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် တိတိကျကျ ဖော်ပြထားပြီးဖြစ်ပါသည်။

## မဟာဗျူဟာ ၃-၄ ကုန်သွယ်မှုသဘောတူညီချက်များ

ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များသို့ မြန်မာ့ထုတ်ကုန်များ ရောက်ရှိစေရန် ကာလရှည် ရပ်တည်နိုင်မည့် ကုန်သွယ်မှု သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင် ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် WTO တွင် မူလ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး GATT တွင် လက်မှတ်ရေးထိုးခြင်းအားဖြင့် ဥပဒေများပြင်ဆင်ခြင်း၊ တရားရုံးနှင့်ဆိုင်သော လုပ်ငန်းများ၊ အစိုးရ နည်းစနစ်များနှင့် နိုင်ငံတကာစံသတ်မှတ်မှုဖြစ်စဉ်များကို အထောက်ကူပြုမည့် မူဝါဒနှင့်လက်တွေ့လုပ်ငန်း ကိုက်ညီမှုရှိစေရန် ဆောင်ရွက်နိုင်ပါသည်။

တတိယကမ္ဘာ့နိုင်ငံများဖြစ်သည့် ဩစတြေးလျ နှင့် နယူးဇီလန်၊ တရုတ်၊အိန္ဒိယ၊ဂျပန်နှင့် ကိုးရီးယား သမ္မတနိုင်ငံအပါအဝင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်နှင့်အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပူးပေါင်းပါဝင်ခြင်းအားဖြင့် ကုန်သွယ်ရေးမူဝါဒများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံများ နှင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုသဘောတူစာချုပ်များကို အဆုံးသတ်ပြီး နိုင်ငံတကာ မိတ်ဖက်နိုင်ငံသစ်များ ပိုမိုတိုးချဲ့နိုင်ရန် နည်းလမ်းရှာဖွေလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် မကြာသေးမီက ရေးထိုးခဲ့သော ဥရောပသမဂ္ဂနှင့် နော်ဝေနိုင်ငံမှ ပြန်လည်ပေးခဲ့သည့် အထူးကုန်သွယ်မှု အခွင့်အရေးများမှ အကျိုးအမြတ်များ ရရှိမည်ဟု မျှော်မှန်းထားပါသည်။

| နိုင်ငံများ | လတ်မှတ်ရေးထိုးသည့်နေ့ | အကောင်အထည်ဖော်မှု |
|---|---|---|
| တရုတ် | ၂၀၁၁ ဒီဇင်ဘာလ ၁၂ | ၂၀၁၂ မေလ ၂၁ |
| အိန္ဒိယ | ၂၀၀၈ ဇွန်လ ၂၄ | ၂၀၀၉ ဖေဖော်ဝါရီလ ၈ |
| ဂျပန် | ၂၀၁၃ | ----- |
| လာအို | ၂၀၀၃ မေ ၅ | ----- |
| ဖိလစ်ပိုင် | ၁၉၉၈ ဖေဖော်ဝါရီ ၁၇ | ၁၉၉၈ စက်တင်ဘာလ ၁၈ |
| ထိုင်း | ၂၀၀၈ မတ်လ ၁၄ | ----- |
| ဗီယက်နမ် | ၂၀၀၀ ဖေဖော်ဝါရီ | ----- |

ဇယား ၅-၆ ကုန်သွယ်မှု သဘောတူညီချက်များ ဇာစ်မြစ်၊ UNCTAD/WTO (၂၀၁၄)

## ရင်းနှီးမြှုပ်နှံမှုစာချုပ်များ

ရင်းနှီးမြှုပ်နှံမှု စာချုပ်များသည် နိုင်ငံခြားကုမ္ပဏီများအတွက် ရင်းနှီး မြှုပ်နှံမှု အခြေအနေ တိုးတက်လာစေပါသည်။ ယင်းစာချုပ်များကို EUနှင့် USA တို့က စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံသည်လည်း ကုန်သွယ်မှု နှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်(TIFA)တွင် ပါဝင်လာခဲ့ပါသည်။ အာဆီယံ အဖွဲ့ဝင် အနေဖြင့် AEC ၏အလားအလာရှိသော ကုန်သွယ်မှု မျှော်မှန်းချက်များ နှင့် ရင်းနှီးမြှုပ်နှံမှု စာချုပ်များတွင်ပါဝင်ပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဂုဏ်သတင်းများကြောင့် ဒေသ တွင်းထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာ့တန်ဖိုး ကွင်းဆက်များအတွက် နိုင်ငံတကာ အချက် အချာအဖြစ် ထူထောင်ရန် ဖြစ်ပါသည်။

ပို့ကုန်ဦးစားပေး ဖွံ့ဖြိုးမှုမဟာဗျူဟာသည် ဒေသနှင့်နိုင်ငံတကာကုန်သွယ်မှုကို အပြည့်အဝဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရပါသည်။ ယင်းဆောင်ရွက်မှုများသည် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာ့တန်ဖိုး ကွင်းဆက်များ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့်အပြင် ပို့ကုန်ပစ္စည်းများ၊ ထုတ်လုပ်သော ပစ္စည်းများနှင့် စားသုံးကုန်စည် တင်သွင်းမှုအတွက် အထောက်အကူပြုပါသည်။ လက်ရှိကုန်သွယ်မှု အများစုသည် အာရှကို ဦးတည်သော်လည်း နောင်တွင် မြန်မာအတွက် အခွင့်အလမ်းများပေးမည့် EU နှင့် USA ကို အဓိက ဈေးကွက်အဖြစ်ဦးတည်ရန် ရည်ရွယ်ပါသည်။

အစိုးရသည် ၂၀၂၀တွင် အာဆီယံမဟုတ်သည့် အခြားသောကုန်သွယ်မှု မိတ်ဖက် များနှင့် ထိရောက်ပြီး အကျိုးရှိသော ကုန်သွယ်မှု သဘောတူညီချက်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးမှု ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ၄င်းသည် နိုင်ငံ၏ ဖွံ့ဖြိုးမှုအစီအစဉ်ကို ထောက်ပံ့နိုင်ပြီး ထုတ်လုပ် ခြင်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ ထူထောင်ခြင်းကို ကူညီနိုင်မည်ဖြစ်ပါသည်။

**AEC အဖွဲ့ဝင်များ**

AEC အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ခိုင်မာမှုရှိသော ကုန်သွယ်ဘက်နိုင်ငံဖြစ်ရေး နှင့် အမည်ကောင်းရရန် တွန်းအားပေးဆောင်ရွက် ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နှိုင်းယှဉ်အကျိုးကျေးဇူးများသည် RRNs နှင့် GVCs အတွက် အချက် အချာအနေဖြင့် နိုင်ငံဖွံ့ဖြိုးမှု အတွက် အခြေခံအုတ်မြစ်ဖြစ်ပါ သည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိအမှတ်ပြုအစီအစဉ်များနှင့် ပို့ကုန်အရည်အသွေးကို ထောက်ပံ့နိုင်သည့် နိုင်ငံတကာစံနှုန်းအတိုင်း အသုံးပြုခြင်းဖြင့် နိုင်ငံတကာ ပတ်ဝန်းကျင်ဆိုင်ရာ ပဏာမခြေလှမ်း လှုပ်ရှားမှု ပူးပေါင်းဆောင်ရွက်ခြင်းကို ထောက်ပံ့နိုင်ပါသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးသည် စံချိန်မီအရည်အသွေး သတ်မှတ်ထားရှိမှုနှင့် ကိုယ်တိုင် အသိအမှတ်ပြုခြင်းများဖြင့် အထူးသဖြင့် လယ်ယာ၊ သစ်တော နှင့် ထုတ်လုပ်မှုကဏ္ဍ၌ စစ်ဆေးမှုစနစ်အား မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေများကို ခေတ်စနစ်နှင့် လျော်ညီစွာ ပြင်ဆင်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအတွက် အရည်အသွေးစံ သတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်မည်ဖြစ်ပြီး နိုင်ငံတကာ လိုက်နာကျင့်သုံးနေသော CSR ကိုလည်း မြင့်မားလာစေမည်ဖြစ်ပါသည်။ ပြည်တွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများ လျင်မြန်စွာ တိုးတက်ရေးနှင့် မြန်မာ့ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝင် ရောက်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

## ကြားဝင်စေ့စပ်ပေးခြင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၏ အရေးကြီးသော ပြုပြင်ပြောင်းလဲမှု လက္ခဏာသွင်ပြင်တစ်ရပ်မှာ စာချုပ်ပါတာဝန်များ၊ ပစ္စည်းပိုင်ဆိုင်မှုများကို အကျိုးသက်ရောက်မှုရှိစေရန်၊ မြေယာနှင့် အလုပ်သမားတို့၏ အငြင်းပွားမှုများကို ဖြေရှင်းရန် အတွက် တရားရေးနှင့် ဥပဒေရေးရာ မူဘောင်များ အဆင်မြှင့်တင်ခြင်းနှင့် ဆက်စပ်နေပါသည်။ မြန်မာနိုင်ငံအနေဖြင့် အရေးကြီးသော ပြုပြင်ပြောင်းလဲမှု အဆင့်အဖြစ် ပြည်တွင်းရှိ အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် တရားစီရင်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ပိုမိုဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏မူဝါဒများကို အထောက်အကူပြုရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် နှင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များကိုထူထောင်မှုကို အထောက်အကူပြုစေရန် အစိုးရမှ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကြားဝင်စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာ မူဘောင်နှင့် နိုင်ငံခြား စေ့စပ်ဆွေးနွေးခြင်း ဆိုင်ရာဆုရ ၁၉၅၈ ခုနှစ်၊ နယူးယောက်ကွန်ဗင်းရှင်းမှ တစ်ဆင့်ဖြစ်လာခဲ့သော နိုင်ငံတကာ စံချိန်မီ ကြားဝင်စေ့စပ် ဆွေးနွေးခြင်းဆိုင်ရာ မူဘောင်တို့ကို ဆောင်ရွက်ရပါမည်။ ကြားဝင်စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာ မူဘောင်၏ ထိရောက်သော အကောင်အထည်ဖော်နိုင်မှုသည် IPR အတွက် အခြေအနေကောင်းကို ဖွဲ့စည်းရမည် ဖြစ်သကဲ့သို့ SME နှင့်ဝန်ဆောင်မှုကဏ္ဍများ၏ ကွဲပြားခြားနားမှုအမျိုးမျိုးကို သိရှိနိုင်ရန် နည်းပညာများကို တွန်းအားပေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၃-၄ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး

အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည်ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို တိကျစွာ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး အေဂျင်စီ(IPA)ကို ဖော်ဆောင်သည့် DICA ၏ ဆောင်ရွက်ချက်များသည် ဆန်းသစ်တီထွင်မှု၏ အားကောင်းသော မောင်းနှင်အားတစ်ခု ဖြစ်သကဲ့သို့ အစိုးရ၏ စွမ်းအားစုများကို စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုနိုင်ခြင်းနှင့် ပြည်သူ့ဘဝသာယာဝပြောရေးကို တိုးတက်စေခြင်းတို့ဖြင့် ရှင်းလင်းသော ပူးပေါင်းဆောင်ရွက်မှု၊ ထင်သာမြင်သာရှိမှု တို့ကို ဖြစ်ပေါ်စေပါသည်။



သံလွင်တံတား၊ မြန်မာနိုင်ငံ (၂၀၁၄)


ရင်းနှီးမြှုပ်နှံမှု ပန်းတိုင်တစ်ခု အနေဖြင့် မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှု တိုးမြင့်လာခြင်းသည် ကမ္ဘာ့အလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထောက်ပံ့ရန် အစိုးရအေဂျင်စီများအပေါ် တာဝန်ရှိမှုများ တိုးတက်လာစေပါသည်။ DICA သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများကို ထောက်ပံ့ရန် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို အဆင့်အတန်းမီစွာ ထိန်းသိမ်းလုပ်ကိုင်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တိုးမြှင့်ရန်အတွက် အွန်လိုင်းစနစ် ကျင့်သုံးခြင်းနှင့် ခေတ်မီအကောက်ခွန်ဆိုင်ရာ ဖွံ့ဖြိုးစေရေးအတွက် လုံခြုံသောကုန်ပစ္စည်း သိုလှောင်ခြင်းစနစ်များ ဖွံ့ဖြိုးလာခြင်းသည် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကို ချောမွေ့စေပြီး ပို့ဆောင်ရေးကြောင့် ပျက်စီးစေမှုများကို (အထူးသဖြင့် စိုက်ပျိုးရေး နှင့် စားသောက်ကုန်စည်များကို) လျှော့နည်းစေပါသည်။ ကာလတိုမှ ကာလလတ် အထိ (၂၀၁၅ မှ၂၀၂၀) ကုန်သွယ်မှုကို လွယ်ကူစေရန် သတ်မှတ်ဖြေရှင်းရမည့် မူဝါဒဆိုင်ရာ နယ်ပယ်များတွင် အောက်ပါအချက်များ ပါဝင်ရမည်ဖြစ်ပါသည်-

- ပြည်တွင်းနှင့်ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို ဖြေလျှော့ပေးခြင်း၊
- ထိရောက်မှုရှိသော G2B feed-back channels ထောက်ပံ့ရန် မူဝါဒဆိုင်ရာ ဖြည့်ဆည်း ထောက်ခံချက်များ အားကောင်းခြင်း၊
- ပြည်သူ-ပုဂ္ဂလိက အပြန်အလှန် ဆွေးနွေးမှုများဆောင်ရွက်ခြင်း နှင့်လုပ်ငန်းလည်ပတ်မှု ကောင်းစွာဖွံ့ဖြိုးခြင်း၊
- ပုဂ္ဂလိကကဏ္ဍ တိုးတက်စေသည့် မူဝါဒများကိုအစိုးရ၏ လုပ်နိုင်စွမ်းအားဖြင့် ထောက်ခံအား ဖြည့်ခြင်း၊
- ဥပဒေပြဋ္ဌာန်းချက် မှတစ်ဆင့် အစိုးရ၏ သီးခြားရပ်တည်မှု များအပေါ် single-point authority ထူထောင်ခြင်းအပါအဝင် One Stop Shop ကို တိုးမြှင့်လုပ်ဆောင်ခြင်း၊
- နိုင်ငံတကာ ကွန်ယက်များကို အသုံးပြုခြင်းနှင့် သံရုံးများနှင့် ဆက်သွယ်၍ ရင်းနှီးမြှုပ်နှံမှု ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊
- ပြည်သူများလေ့လာရန် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် ပတ်သက်၍ ပုံနှိပ်ထုတ်ဝေခြင်း၊

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ

ဖွံ့ဖြိုးတိုးတက်မှု ရလဒ်သည် တိုးတက်မှုဗဟိုဌာန၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်မှုကို အဓိကအားဖြင့်ဖော်ပြပြီးဒေသများ၏ အခြေခံ အဆောက်အအုံ အရည်အသွေးနှင့် တိုက်ရိုက်ဆက်စပ်မှုရှိပါသည်။ စီးပွားရေးစကြံ့ ဖွံ့ဖြိုးမှုသည် လူဦးရေ နှင့် GDP အပေါ် အခြေခံပြီး ဆင်းရဲမှုလျော့ချရေးမူဝါဒ နှစ်ခုဖြစ်သည့်-(၁)ဝန်ဆောင်မှု လုပ်ငန်းများ ဖြည့်ဆည်းပေးခြင်း (၂) အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။





ပုံ-၅-၂၅

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (၂၀၁၄)


ယေဘုယျအားဖြင့် နည်းဗျူဟာဆိုလိုရင်းသည် ရုပ်ဝတ္ထုဆိုင်ရာ အခြေအနေများ တိုးတက်ခြင်းနှင့် လူမှုဘဝသာယာဝပြောရေး ညွှန်းကိန်းများ တိုးတက်ခြင်းဖြင့် ဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်စေပါသည်။ အဓိကအားဖြင့် ဝင်ငွေ၊ ကြွယ်ဝမှု ၊ အလုပ်အကိုင်နှင့် ဝင်ငွေ ရရှိမှုအလားအလာများဖြစ်ပါသည်။ စီမံကိန်းနှင့်ဖွံ့ဖြိုးမှု လုပ်ဆောင်ချက်များဖြင့် နည်းဗျူဟာ ဆိုင်ရာများသည် ပတ်ဝန်းကျင် အရည်အသွေး တိုးတက်မှုနှင့် လူမှုဘဝသာယာဝပြောရေး ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

# စက်မှုလုပ်ငန်းများစုစည်းဖြစ်ထွန်းရာဒေသ




မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံတွင် ပါဝင်သော ကဏ္ဍတိုင်း ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသအသီးသီးတွင် နေထိုင်သော နိုင်ငံသားတိုင်း ဘက်ညီမျှတသော တိုးတက်မှုများကို ပိုမိုရရှိခံစားနိုင်စေရန် စက်မှုလုပ်ငန်းများ စုစည်းဖြစ်ထွန်းရေးမှာ အထူးအရေးပါ ပါသည်။

စက်မှုလုပ်ငန်းများ စုစည်းဖြစ်ထွန်းလာပါက အခြေခံ စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်မှုအတွက် ဦးစား ပေးအစီအစဉ်များကို ချမှတ်နိုင်မည်ဖြစ်ပါသည်။ အစိုးရသည် အကန့်အသတ်ဖြင့်ရှိသော အရင်းအနှီးအင်အားစုများကို အကျိုးကျေးဇူး အများဆုံး ရရှိနိုင်မည့် နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံရန် မူဝါဒများချမှတ်နိုင်မည် ဖြစ်ပါသည်။



## ယှဉ်ပြိုင်နိုင်စွမ်းရှိသောကဏ္ဍများကို အားပေးမြှင့်တင်ရေး

အမျိုးအစားစုံလင်ပြီး ကျယ်ပြန့်သည့် စီးပွားရေးအခြေခံမှုရှိခြင်းသည် စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲခြင်းရလဒ်အဖြစ်မျှော်မှန်းနိုင်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားလည်း ဖြစ်လာမည် ဖြစ်ပါသည်။

အစိုးရ၏ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု နှင့် တိုးတက်မှုနှုန်းမြင့်မားရေး မဟာဗျူဟာအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကို ထူထောင်ခြင်းသည် အခြေခံကျသော အချက်ဖြစ်ပါသည်။

ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားစရိတ်နှင့် ခရီးသွားလုပ်ငန်းအလားအလာများရှိသော မြန်မာနိုင်ငံသည် စီးပွားရေးအခွင့်အလမ်းများကိုပေးစွမ်းနိုင်ပြီး စဉ်ဆက်မပြတ်နှင့် တာဝန်ယူမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၄ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသောကဏ္ဍများကို အားပေးမြှင့်တင်ရေး

မြန်မာနိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲရာတွင် ကုန်ပစ္စည်းမျိုးစုံ ပြောင်းလဲထုတ်လုပ်နိုင်ပြီး ကျယ်ပြန့်သော စီးပွားရေးအပေါ် အခြေခံပါသည်။ ၄င်းတို့မှာ (၁) ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ခေတ်မီသော လယ်ယာကဏ္ဍ ထွက်ကုန်အမျိုးမျိုး ထုတ်လုပ်ခြင်း၊ (၂) ကုန်ထုတ်စွမ်းအား မြင့်မားစေခြင်း၊ (၃) စက်မှုလုပ်ငန်းသစ်များထူထောင်ပြီး နိုင်ငံစုံစီးပွားရေး လုပ်ငန်းများဝင်ရောက်လာစေခြင်း၊ (၄) ခရီးသွားလုပ်ငန်းနှင့် သတင်းအချက်အလက် နည်းပညာဝန်ဆောင်မှု လုပ်ငန်းများစသည့် ခေတ်မီဝန်ဆောင်မှု လုပ်ငန်းများ တည်ထောင်ခြင်းတို့ ဖြစ်ပါသည်။

စီးပွားရေးအခြေခံ ကျယ်ပြန့်လာပြီး ကဏ္ဍအသီးသီး ပါဝင်မှုသည် အရှေ့တောင်အာရှ၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ဖြစ်ပေါ်စေသော အခြေခံ အုတ်မြစ်ဖြစ်ပါသည်။ လုပ်ခလစာနည်းပါးမှုနှင့် လုပ်သား အင်အားစု ကြီးမားမှုတို့သည် နှိုင်းယှဉ်၍ရသော လုပ်ခနည်းနည်းဖြင့် လုပ်ကိုင်နိုင်၍ ထုတ်လုပ်မှုစွမ်းအားတိုးတက်လာစေပြီး ခေတ်မီစက်မှုထုတ်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပို့ကုန်ဈေးကွက်များ ဖွံ့ဖြိုးလာရေး အလားအလာရှိပါသည်။ ပြည်တွင်း၊ ဒေသတွင်း နှင့် ကမ္ဘာ့ဈေးကွက်ဝယ်လိုအားများသည် မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးရေး မဟာဗျူဟာတွင် အဓိကထားစဉ်းစားရမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအကျိုးကျေးဇူးများ**

မြန်မာနိုင်ငံသည် တမူထူးခြားသည့် ပထဝီအနေအထား၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားအင်အားနှင့် ပေါကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို အသုံးချ၍ ကမ္ဘာ့ဈေးကွက်၊ အာဆီယံဈေးကွက်၊ ပြည်တွင်းဈေးကွက်များစသည့် ကြီးမားပြီး၊ အမျိုးစုံလင်သော ဈေးကွက်များကို အခြေပြု၍ အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

အင်အားကောင်းလာသော ဒေသတွင်းထုတ်လုပ်မှု လုပ်ငန်းစဉ်အတွင်း အာရှစီးပွားရေး ပေါင်းစည်းနိုင်ရန် မြန်မာနိုင်ငံသည် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသည့် ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်သို့ ဝင်ရောက်ခြင်းနှင့် အခြေတကျ ထူထောင်ပြီး ဖြစ်သည့် အိမ်နီးချင်းနိုင်ငံများ၏ စက်မှုလုပ်ငန်းများနှင့် ကမ္ဘာ့ထုတ်လုပ်မှုတွင် ဝင်ရောက်ရာတွင် တင်းမာသော စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ကမ္ဘာနှင့် ဒေသဆိုင်ရာ စီးပွားရေးတိုးတက်မှုကို ခန့်မှန်းတွက်ချက်ရာတွင် ကမ္ဘာ့စားသုံးသူများ၏ ဝယ်လိုအားအဆင့်ကျဆင်းလာမှုကို မြင်တွေ့နိုင်ပါသည်။(အခန်း-၃)

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ဆက်စပ်တည်ရှိနေသဖြင့် အာရှ၏ ရင်းနှီးမြှုပ်နှံမှု အဓိက ရရှိနိုင်သည့် အလားအလာကောင်းများ ရှိပါသည်။ ထို့အပြင် နိုင်ငံစုံစီးပွားရေးလုပ်ငန်းများအခြေချကျလာရောက်ခြင်း၊ စက်မှုလုပ်ငန်းသစ်များ စုစည်းဖြစ်ပေါ်ခြင်း၊ ပြည်တွင်းရှိ အသေးစားအလတ်စား စက်မှုလုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်းစသည့် အလားအလာရှိပါသည်။ ကုန်သွယ်မှုသဘောတူချက်အရ ပြည်ပပို့ကုန်တင်ပို့နိုင်သော အခွင့်အလမ်းနှင့် လုပ်အားစူးစိုက်ဆောင်ရွက်သော အထည်ချုပ်လုပ်ငန်း ပြန်လည်ထူထောင်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍသည် စားသောက်ကုန် လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ သစ်တောထွက်ကုန်လုပ်ငန်း စသည့် သယံဇာတကို အခြေခံသော အငယ်စားစက်မှုလုပ်ငန်းများက ပံ့ပိုးပေးလျက် ရှိပါသည်။ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်သော အိမ်သုံးပစ္စည်းများ၊ ဆောက်လုပ်ရေး ပစ္စည်းများ၊ စက်ကရိယာနှင့် သယ်ယူပို့ဆောင်ရေး ကိရိယာများထုတ် လုပ်ငန်းများသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာကောင်းမွန်သည့် အခွင့်အလမ်းများ ဖြစ်ပါသည်။ စက်မှုကဏ္ဍသည် ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်ပေါင်းစည်း ပါဝင်လာသဖြင့် စက်မှုထွန်းကားလာမှု ပိုမိုနက်ရှိုင်းလာခြင်း နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်နိုင်မည့်

ရေရှည်အလားအလာကောင်းများ ဖြစ်ပြီး NCDP မှ ကြိုတင်မျှော်မှန်းသည့်အတိုင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာမှု အရှိန်မြှင့်တင်ရေးတွင် အထောက်အကူပြုနိုင်သည့် စနစ်ကျသော ချဉ်းကပ်မှုတစ်ခု ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းနှင့် ပုဂ္ဂလိက ကဏ္ဍဝန်ဆောင်မှု (ကုန်သွယ်မှုနှင့်လက်ကားလုပ်ငန်း) တို့သည် အနာဂတ်တွင် ဝန်ဆောင်မှုကဏ္ဍကို အဓိကအထောက်အကူ ပြုမည် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းနှင့် IT ဝန်ဆောင်မှုတို့သည် နိုင်ငံခြားငွေရရှိမှု အရင်းအမြစ်ကို အဓိကအထောက် အကူပြုသည့် အလားအလာကောင်းများဖြစ်ပြီး ခရီးသည်များ ရောက်ရှိလာတတ်သည့် နေရာတိုင်းတွင် ကျေးလက်ဒေသအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်လိမ့်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပို့ကုန်လုပ်ငန်း တိုးမြှင့်ရေးအတွက် အောက်ပါ ယှဉ်ပြိုင်မှုကဏ္ဍများမှတစ်ဆင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

- ပြည်တွင်း ထုတ်လုပ်မှုမြှင့်တင်ခြင်းနှင့် ကဏ္ဍစုံထုတ်လုပ်ခြင်း၊ ကုန်ထုတ် စွမ်းအားမြင့်မားစေခြင်းနှင့် လယ်ယာထုတ်ကုန်၊ စက်မှုထုတ်ကုန်နှင့် ဝန်ဆောင်မှုတို့၏ ထပ်ဆင့်တိုး တန်ဖိုးမြှင့်တင်ခြင်း၊

- မြန်မာနိုင်ငံသည် သစ်တောကဏ္ဍ အခြေခံထုတ်ကုန်များ၊ အဖိုးတန်ကျောက်မျက်ရတနာ ကျောက်ချောကျောက်ရိုင်းများ နှင့် သတ္တုပစ္စည်းများအား ပြည်ပသို့တင်ပို့သည့် သဘာဝသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။ ဤပြည်ပပို့ကုန်များကို ထပ်ဆင့်တန်ဖိုးမြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးမှုနည်းပါးသော ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း၊

- မြန်မာနိုင်ငံ၏ လုပ်သား၊ ကုန်ကျစရိတ်၊ တည်နေရာ အားသာချက်များကို အသုံးပြုလျက် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက် များတွင် ရောင်းချသူများအဖြစ် ပါဝင်ဆောင်ရွက်ပေးမှုဖြင့် ပြည်ပပို့ကုန် တိုးမြှင့်ခြင်းနှင့် ပြည်တွင်းစက်မှုလုပ်ငန်း ဖွံ့ဖြိုးတောင့်တင်းခိုင်မာလာစေခြင်း၊

- SEZ များနှင့် စက်မှုဇုန်များ တည်ထောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်စေခြင်းမှတစ်ဆင့်ဒေသအတွင်း ထုတ်လုပ်မှုကွန်ယက်များ ထူထောင်ပေးမှုဖြင့် စီးပွားရေးလုပ်ငန်းများ အစုအဖွဲ့ဖြင့် ပေါင်းစည်းခြင်း၊

- အဆင့်မြင့်ပညာရေးနှင့် သုတေသနလုပ်ငန်း ပညာရေး ပြုပြင်ပြောင်းလဲမှုမှ တစ်ဆင့်ပြည်တွင်း တီထွင်စွမ်းအား နှင့် ဖန်တီးနိုင်မှု စွမ်းရည်ကို အထောက် အကူပြုခြင်း၊

- မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်နိုင်သော အလုပ်သမားဈေးကွက်၊ စက်မှုကဏ္ဍအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးနှင့် အစိမ်းရောင်နည်းပညာ အသုံးပြုသည့်ပြည်တွင်းဝန်ဆောင်မှုများ၏ အားသာချက်များကို အခွင့်ကောင်းယူ၍ အစိမ်းရောင်နည်းပညာကို စတင်အသုံးပြုခြင်း၊

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ် ချက်များ




အပြည်ပြည်ဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းရှိသောကဏ္ဍများ တိုးတက်ရေးအတွက် အောင်မြင်မှုရရှိရန် ရေရှည်စီးပွားရေး ပြုပြင်ပြောင်းလဲမှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု အဆင့်မြင့်လာစေရေးအတွက် ကုန်စည်မျိုးစုံထုတ်လုပ်ခြင်း နှင့်အဆင့်မြင့်တင်ရေးတို့မှာ တန်ဖိုးကွင်းဆက်များအတွင်း အရေးကြီးသောအချက်အလက်များဖြစ်ပါသည်။ ဤဖွံ့ဖြိုးမှု မဟာဗျူဟာသည် ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်များနှင့် ကမ္ဘာ့တန်ဖိုး ကွင်းဆက်များအတွင်း ပေါင်းစည်းရေးကို ကြီးမားစွာ အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်း၌ ကုန်စည်မျိုးစုံ ထုတ်လုပ်မှု ဈေးကွက် အမျိုးအစားကွဲပြားခြားနားမှု အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို အဆင့်မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။ ပို့ကုန် တိုးတက်ရေးသည် စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးမှုအတွက်မောင်းနှင်အားတစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးမှု မဟာဗျူဟာသည် အဓိကကျသော ဖွံ့ဖြိုးမှု စိန်ခေါ်ချက်များကို ခွဲခြားသတ်မှတ်ရာတွင် (၁) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး (၂) စီးပွားရေး အဆောက်အအုံကို ကျယ်ပြန့်လာစေရန်တိုးချဲ့ရေးနှင့် (၃) ပိုမိုထိရောက်သော အစိုးရအဖွဲ့အစည်းများ ဖွံ့ဖြိုးလာရေးတို့ဖြစ်ပါသည်။

စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုသည် တိုင်းဒေသကြီးများ နှင့် ပြည်နယ်များရှိ စက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးလာစေခြင်းဖြင့် ဒေသဆိုင်ရာ မတူညီကွဲပြားမှုနှင့် ဆင်းရဲမှုကို လျှော့ချနိုင်မည် ဖြစ်ပါသည်။ မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ခြင်းသည် နိုင်ငံသားအားလုံး၏ အကျိုးအတွက် ထုတ်လုပ်မှုစွမ်းအား မြင့်မားသော အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ကုန်စည်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုကဏ္ဍ တိုးတက်ရေးအတွက် တွန်းအားပေးမည့် ဖွံ့ဖြိုးမှုရင်းမြစ်များမှာ (၁)လျင်မြန်စွာကျယ်ပြန့်လာနေသော ဖွံ့ဖြိုးမှု အားနည်းသည့် ပြည်တွင်းဈေးကွက်၊ (၂) အာရှဒေသ ဈေးကွက်များ နှင့် (၃) ဖွံ့ဖြိုးပြီးနိုင်ငံများအတွင်းရှိ စားသုံးသူဈေးကွက် အနေအထားတို့ဖြစ်ပါသည်။

ပြည်တွင်းဈေးကွက် ကျယ်ပြန့်လာမှုသည် လုပ်ငန်းသစ်များ၊ အပေါ်စားပစ္စည်း ထုတ်လုပ်နိုင်သော အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ စားသောက်ကုန်နှင့် အဖျော်ယမကာများ၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ဆောက်လုပ်ရေး၊ ဖြန့်ဖြူးရေး၊ ခေတ်မီနည်းပညာများနှင့် အစိမ်းရောင် ထုတ်လုပ်မှု နည်းစနစ်အသုံးပြုမှုမှတစ်ဆင့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများကို အဆင့်မြင့်ရေးအတွက် အခွင့်အလမ်းများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။


မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီအနေအထားနှင့် လုပ်ခသက်သာ သည့် လုပ်သားထုရှိသည့် အာရှဒေသအတွင်း ထုတ်လုပ်မှုကွန်ယက်များထဲသို့ လျင်မြန်စွာ ဝင်ရောက်နိုင်သော အခွင့်အလမ်း တစ်ရပ်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ထုတ်လုပ်မှု ကွန်ယက်များကို ပြန်လည်နေရာချထားပေးခြင်းနှင့် တိုးချဲ့ဆောင်ရွက်ခြင်းတို့ဖြင့် အာရှနိုင်ငံများ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးကျေးဇူးများကိုလည်း ရရှိစေပါသည်။ လယ်ယာနှင့် သစ်တောထုတ်ကုန်များအား ထပ်ဆင့်တိုးတန်ဖိုးရှိ ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းဖြင့် ဒေသတွင်း ပို့ကုန်မြှင့်တင်ရေး ထူးခြားစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကုန်သွယ်မှုစာချုပ် ချုပ်ဆိုပြီးသောအခါ ဖွံ့ဖြိုးပြီးသော နိုင်ငံများသို့ တင်ပို့သော မြန်မာနိုင်ငံမှ စက်မှုလုပ်ငန်း ပို့ကုန်များ တိုးတက်လာမည်ဖြစ်ပါသည်။ ဒေသတွင်းထုတ်လုပ်မှု လုပ်ငန်းများ အချက်အချာကျလာမှုကြောင့် ယခင်အတွေ့အကြုံကောင်းများ အပေါ်အခြေခံ လျက် ကျွမ်းကျင်မှုများစွာ မလိုအပ်သော လုပ်ငန်းများ၊ ဥပမာ - အထည်ချုပ်လုပ်ငန်းများ၊ စက်ပစ္စည်းအစိတ်အပိုင်း တပ်ဆင်ပြုပြင်ရေးလုပ်ငန်းများကို စတင်ထူထောင်နိုင်မည်ဖြစ်ပါ သည်။

## မဟာဗျူဟာ ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံသည် သယံဇာတအလျှံပယ်ကြွယ်ဝမှုများနှင့် အချိန်နှောက်ကျခြင်းမှ ရရှိသည့် အားသာချက်များကို အသုံးချလျက် ပို့ကုန်လုပ်ငန်း၏ အလားအလာများကို တိုးတက်လာရန် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါသည်။ မဟာဗျူဟာမျှော်မှန်းချက်သည် စီးပွားရေးကို ကဏ္ဍစုံမှ ဆောင်ရွက်မှုနှင့် နိုင်ငံတစ်ဝှမ်းတိုးတက်လာသော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ရန် ရည်ရွယ်ပါသည်။ လယ်ယာနှင့် သစ်တော ထွက်ပစ္စည်း ထပ်ဆင့်တိုး တန်ဖိုးမြှင့် ထုတ်လုပ်တင်ပို့ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို ဖြန့်ကျက်၍ လူမှုဘဝတိုးတက်လာရေးကို အဆင့်မြှင့်ပေးနိုင်မည် ဖြစ်ပါသည်။ သယံဇာတ ရှိရာ နေရာဒေသအနီးတွင် အခြေခံကုန်စည်ထုတ် လုပ်ငန်းသစ်များ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိပြီး ထိုဒေသရှိ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်လာ ရေးကို ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်နှင့် မြို့ပြ ဆင်းရဲမှုကို အဆက်မပြတ် လျှော့ချ ပေး၍ မညီမျှမှုများကို လျော့နည်းစေမည့် တိုးတက်မှုအရည်အသွေး ရရှိစေရန် ဦးစားပေး ဆောင်ရွက်၍ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုမှ ရရှိလာသော အကျိုးရလဒ်များကို နိုင်ငံသားအားလုံး အပြည့်အဝ ခံစားနိုင်စေမည်ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် အလုပ်အကိုင်များ




ပုံ-၅-၂၆ မဟာဗျူဟာပြပုံ၊ နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းရှိသော ကဏ္ဍများကို အားပေးမြှင့်တင်ခြင်း။ ဇစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန (၂၀၁၄)

ဖန်တီးပေးရေး၊ ယင်းအလုပ်အကိုင် အခွင့်အလမ်းများ အပြည့်အဝရရှိ ရေး၊ ဝန်ဆောင်မှုများ တိုးတက်လာခြင်းတို့ကို ဤမဟာဗျူဟာရည်မှန်းချက်မှ ခိုင်မာစွာ ချမှတ်ထားပြီး ဖြစ်ပါသည်။

မဟာဗျူဟာရည်မှန်းချက်ဖြစ်သော နိုင်ငံတကာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်ငန်းကဏ္ဍများအား အားပေးမြှင့်တင်ရာတွင် အောက်ပါအချက်အလက်များကို အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်-

- အခြေခံကုန်စည်များ၊ လယ်ယာနှင့် စက်မှုကဏ္ဍ ထုတ်လုပ်မှုများကို အမျိုး အစားအစုံ ထုတ်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊

- လယ်ယာ၊ သစ်တော၊ သတ္တုကဏ္ဍများတို့မှ ကုန်ချောအဆင့် မရောက်ရှိသေးသည့် ကုန်ကြမ်းများကို စက်မှုကဏ္ဍမှ ထပ်ဆင့်တန်ဖိုးထုတ်ကုန်အဖြစ် ထုတ်လုပ်ရမည်။ စတင်အသုံးပြုမှုမှတစ်ဆင့် ပို့ကုန်ဝင်ငွေ တိုးတက်စေပြီး နိုင်ငံခြားဂင်ငွေတိုးတက်လာကာ ကုန်သွယ်မှု စာရင်းအပေါ် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ ထပ်ဆင့်တိုးတန်ဖိုးရှိ ထုတ်ကုန်များကို သယံဇာတပစ္စည်း ထွက်ရှိရာနေရာ ဒေသအနီးတွင် ဆောင်ရွက်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေး နှင့်သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့အလေ့အကျင့်သည် ကျေးလက်ဒေသ ဆင်းရဲမှုမြင့်မားသော ပြည်နယ်များနှင့် နယ်စပ်ဒေသများတွင် အရည်အသွေး မြင့်မြင့် နှင့် အခကြေးငွေကောင်းစွာရရှိမည့် အလုပ်အကိုင် အခွင့်အလမ်းများကို ပေါ်ထွက်စေမည် ဖြစ်ပါသည်။

- ပြည်တွင်း စီးပွားရေးလုပ်ငန်းများသည် လယ်ယာ၊ အခြေခံကုန်စည်များ၊ အထည်ချုပ်နှင့် အဝတ်အထည်စသည့် ပို့ကုန်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလားတူပင် ကမ္ဘာ့တန်ဖိုးကွင်းဆက်သို့ ပါဝင်လာစေရန် ကုန်ထုတ် စွမ်းအားမြှင့်တင်ခြင်းနှင့် မြန်မာ ကုမ္ပဏီများ၏ ယှဉ်ပြိုင်မှု စွမ်းအားတိုးတက်လာခြင်းသည် ပို့ကုန်တင်ပို့ခြင်း အင်အား တောင့်တင်း ခိုင်မာလာစေပါသည်။

- နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင်းသို့ ပြောင်းရွှေ့ ဆောင်ရွက်နိုင်ရန် အထူးစီးပွားရေးဇုန်များ တည်ဆောက်ပြီး ပြည်တွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဂင်လာ၍ စီးပွားရေး လုပ်ငန်းစုများ စုစည်းလာမှုကို အထောက်အကူပြုပါသည်။ စီးပွားရေးလုပ်ငန်းများကို စုစည်းဆောင်ရွက် ခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် ဆက်စပ်သော ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှု ကုန်ကျစရိတ်များနှင့် အခြားထုတ်လုပ်မှု အစိတ်အပိုင်းတို့ကို လိုက်လျောညီထွေဖြစ်စေမည် ဖြစ်ပါသည်။ လုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်ခြင်းသည် နည်းပညာ နှင့်ထုတ်လုပ်မှု ပြည့်လျှံဖြစ်ပေါ်လာမှု မှတစ်ဆင့် နိုင်ငံအတွင်း စက်မှုထွန်းကားရေးပုံစံကို ကျယ်ပြန့်လာစေမည်ဖြစ်ပါသည်။

- ဒေသတွင်းကြုံတွေ့နေရသော အလယ်အလတ် ဝင်ငွေကျွံဟာချက် အန္တရာယ်လျှော့ချနိုင်ရန်၊ စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲ ဆောင်ရွက်ခြင်းသည် ရေရှည်မဟာဗျူဟာ တစ်ရပ်အနေဖြင့် ထပ်ဆင့်တိုးတန်ဖိုးရှိ ကုန်စည်ထုတ်လုပ်မှု လုပ်ငန်းများ နိမ့်ကျနေမှု နှင့် ဝန်ဆောင်မှုတို့ကို ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုတို့ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**စက်မှုလုပ်ငန်းများ**

အိမ်နီးချင်းနိုင်ငံများ၏ သင်ခန်းစာများကိုရယူ၍ ဒေသတွင်း အစိုးရများသည် ပို့ကုန်ဈေးကွက်များတွင် စက်မှုလုပ်ငန်းများ အမျိုးအစားစုံထုတ်လုပ်ခြင်းနှင့်ချဲ့ထွင် ခြင်းအတွက် အထောက်အကူပြုမူဝါဒများကိုကျင့်သုံးလာပါသည်။ အဆိုပါယူဆချက်သည် မြန်မာနိုင်ငံအတွက်အပေါင်းလက္ခဏာဆောင်သည့် တိုးတက်မှုမဟာဗျူ ဟာကိုပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

- စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျော့နည်းစေမည့် ဖွံ့ဖြိုးမှုနှင့် အစိမ်းရောင်နည်းပညာ အသုံးပြုမှုကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်များ ရရှိစေမည် ဖြစ်ပါသည်။ တိုးတက်လာသောနည်းပညာ၊ အထူးသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ သယံဇာတ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများ၊ သစ်တောထွက် ပစ္စည်းမျိုးစုံထုတ်လုပ်မှုလုပ်ငန်းတို့တွင် အစိမ်းရောင် နည်းပညာအသုံးပြုမှုကို မြှင့်တင်အားပေးရမည် ဖြစ်ပါသည်။

## မဟာဗျူဟာ ၄-၁ ထုတ်လုပ်မှုအဆင့်မြှင့်တင်ခြင်းနှင့် အမျိုးအစားစုံလင်စွာထုတ်လုပ်ခြင်း

မကြာသေးမီနှစ်များအတွင်းမြန်မာနိုင်ငံသည်ပြန်လည်ပြည့်ဖြိုးခြင်းမရှိသည့် သယံဇာတများအား ထုတ်ယူသုံးစွဲသောစက်ရုံများနှင့် ဆက်စပ်နေသည့် အခြေခံပို့ကုန်များ အပေါ်တွင်သာ မှီခိုအားထားနေခဲ့ပါသည်။ ၂၀၁၂ ခုနှစ်ထိနိုင်ငံ၏ အဓိကပို့ကုန် (၁၀) မျိုးမှာ သဘာဝသယံဇာတများအပေါ် လုံးဝမှီခိုအားထားနေကြောင်း တွေ့ရှိရပါသည်။ ၂၀၁၂ ခုနှစ်၏ တရားဝင် ပို့ကုန်စာရင်းအရ သဘာဝဓာတ်ငွေ့နှင့် သစ်တောထွက်ပစ္စည်းများမှာ ၅၃ % နှင့် ၁၆% နှင့် အထည်အလိပ်နှင့် အလားတူ ပစ္စည်းထုတ်လုပ်မှုမှာ ၁၁% ရှိပြီး ယင်းတို့မှာ အခြေခံပို့ကုန်များ ဖြစ်ပြီးနိုင်ငံ၏ ပို့ကုန်တွင် ၈၀ % ခန့်ပါဝင်နေပါသည်။




ပုံ-၅-၂၇ မြန်မာနိုင်ငံ ပို့ကုန်များ
ဇာစ်မြစ်၊ UNCTAD (၂၀၁၃)

ပြည်ပပို့ကုန်များကို အောက်ပါမဟာဗျူဟာအရ ထုတ်လုပ်မှု နည်းလမ်းသစ်များနှင့် ထုတ်ကုန်အမယ်သစ်များဆောင်ရွက်ခြင်းဖြင့်ရရှိနိုင်ပါသည်-

- လုပ်ငန်းကျွမ်းကျင်မှုများစွာ မလိုအပ်သည့် လုပ်သားစုးစိုက် ထုတ်လုပ်ရသည့် လုပ်ငန်းများဖြစ်သည့် အထည်ချုပ်၊ ထုတ်လုပ်မှုများကို ကနဦးဖွံ့ဖြိုး တိုးတက်စေရန်ဆောင်ရွက်ရန်၊

- အခြေခံထုတ်ကုန်များကို ထပ်ဆင့်တိုး တန်ဘိုးမြင့် ထုတ်ကုန်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းရည်မြင့်တက်စေရန် ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန်၊

- စက်မှုလုပ်ငန်းများ တစ်ပေါင်းတစ်စည်းဖြစ်စေရန် နိုင်ငံစုံစီးပွားရေး လုပ်ငန်း များကိုအထူးစီးပွားရေးဇုန်များတွင် ဝင်ရောက်လာအောင် ဆွဲဆောင်ခြင်းနှင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကိုလည်း ယင်းထုတ်လုပ်မှု ကွင်းဆက်များအတွင်း ဝင်ရောက်လာအောင် ဆွဲဆောင်ရန်၊

- နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများကို ထုတ်လုပ်မှုကွန်ယက်အတွင်း ပေါင်းစည်းရာတွင် အထောက်အကူပြုစေရန်နှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို အဆင့်မြှင့်တင်ပေးရန်နှင့် ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်များအတွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများပါဝင်လာအောင် စီစဉ်ဆောင်ရွက်ပေးရန်၊

- လုပ်ငန်းကျွမ်းကျင်မှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်စေခြင်းဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားဈေးကွက်အဖြစ် မြှင့်တင်ပေးရန်တို့ဖြစ်ပါသည်။

အခြေခံစီးပွားရေးလုပ်ငန်းများ ခွဲခြားသတ်မှတ်ပေးခြင်းသည် ကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလွန်အရေးပါပါသည်။ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို အကျိုးသက်ရောက်မှုရှိစေရန် အစိုးရ၏ မူဝါဒဆိုင်ရာပံ့ပိုးမှုများကို ဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်သို့ဦးတည်ပြီး အစိုးရမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ (၁) လုပ်သားဈေးကွက်နှင့် (၂) မြေယာအသုံးချမှုနှင့် မြေယာပိုင်ဆိုင်မှုများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။


လုပ်ငန်းခွင်အခြေအနေ၊ အလုပ်သမားများအားအကာအကွယ်ပေးမှု နှင့် မျှတသည့် လုပ်အားခပေးဝေမှုများတွင် ထိရောက်မှုရှိစေရန် ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ စည်းကမ်းသတ်မှတ်ပေးခြင်းနှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းစသည်တို့ဖြင့် နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ မြေယာအသုံးချမှု၊ မြေယာသိမ်းဆည်းမှုနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့မှာ အလွန်သိမ်မွေ့သည့် ပြဿနာရပ်များ ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နစ်နာဆုံးရှုံးမှုမရှိစေရန် အထူးဂရုပြု ဖြေရှင်းပေးရမည့် ကိစ္စများဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များ တည်ထောင်ရာတွင် မြေယာပိုင်ဆိုင်မှု၊ မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ ရှင်းရှင်းလင်းလင်းရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဒေသဆိုင်ရာဖွံ့ဖြိုးမှုစီမံကိန်းများတွင် ထည့်သွင်းစဉ်းစားရမည့်အချက်မှာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ နှိုင်းယှဉ်အကျိုးကျေးဇူးများ အသုံးပြုခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများ အဆင့်မြင့်မားလာစေရန် တွန်းအားပေး လုပ်ဆောင်ရမည်ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့ လယ်ယာကုန်ထုတ်စွမ်းအား မြင့်မားသည့်ဒေသများတွင် လယ်ယာနှင့် ဆက်စပ်သည့် စီးပွားရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီးအစိုးရမှ ဖွံ့ဖြိုးမှု မူဝါဒများ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ငွေးရမ်းခနှင့်၊ ဝန်ဆောင်မှုများပေး၍ တည်ထောင် လုပ်ကိုင်လျက်ရှိသည့် စက်မှုဇုန်များအတွက် သတ်မှတ်ထားသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းမျိုးစုံ အလားအလာကို မြင့်မားလာစေမည်ဖြစ်ပါသည်။ အဆိုပါ မူဝါဒများကြောင့် အခြေခံပို့ကုန်များကို ထပ်ဆင့်တိုးတန်ဖိုးမြင့် ပို့ကုန် အဖြစ်ပြောင်းလဲ ထုတ်လုပ်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

## မဟာဗျူဟာ ၄-၂ အခြေခံပို့ကုန်များကို ထပ်ဆင့်တိုးတန်ဖိုးမြင့်ပို့ကုန်အဖြစ်ဆောင်ရွက်ခြင်း

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ၏ ပံ့ပိုးမှုဖြင့် ထပ်ဆင့်တိုးတန်ဘိုးမြင့် ပို့ကုန်အနည်းငယ်သာ ဆောင်ရွက်နိုင်ပြီးအများစုမှာ အခြေခံပို့ကုန်များကိုသာ တင်ပို့နေရဆဲဖြစ်ပါသည်။ ကုန်သွယ်ဘက်နိုင်ငံများသို့ တင်ပို့သည့် တန်ဖိုးမြင့်ပို့ကုန်များမှာလည်း အများအားဖြင့် ကုန်ကြမ်းအနေအထားများသာ ဖြစ်ပါသည်။ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းမှအပ မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်ပစ္စည်းထုတ်လုပ်မှု စွမ်းရည်မှာ သိသိသာသာ နိမ့်ကျနေလျက်ရှိပါသည်။




| ပုံ-၅-၂၈ | မြန်မာနိုင်ငံ စက်မှုပို့ကုန်များ<br>ဇာစ်မြစ်၊ UNCTAD (၂၀၁၃) |
|---|---|

စုစုပေါင်းပို့ကုန်တွင်လည်း အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက မြန်မာ့ပို့ကုန်ပစ္စည်းများမှာအဆင့်အတန်း နိမ့်ကျလျက်ရှိကြောင်းတွေ့ပါသည်။ ၂၀၀၀ပြည့်နှစ်မှစ၍ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး အခြေခံ ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့မှုတန်ဖိုးမှာ ၁၆ ဆမြင့်တက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်မှစ၍ မြန်မာ့ပို့ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့မှုတန်ဖိုးမှာ ၅ ဆသာ မြင့်တက်ခဲ့ရာ အဓိကပို့ကုန်များမှာ ရော်ဘာ၊ သစ်အချောထည်ပစ္စည်းနှင့် ပရိဘောဂ စသည့်ပစ္စည်းများ ဖြစ်ပါသည်။ မြန်မာ့ပို့ကုန်များမှာ အခြားနိုင်ငံများ၏ ပို့ကုန်များနှင့် မတူညီဘဲအခြေခံကုန်စည်များနှင့် သဘာဝသယံဇာတပစ္စည်းများနှင့် ဆက်စပ်နေသည့် ပစ္စည်းများသာ တင်ပို့ခြင်းဖြစ်ပါသည်။

အခြေခံကုန်စည်များ၏ တန်ဖိုးမြင့်တက်လာစေရန် ရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူဖြစ်စေမည့် အစိုးရ၏မူဝါဒများဖြင့် ဝင်ရောက်ဆောင်ရွက်ခြင်း၊ စီးပွားရေး လုပ်ငန်းများ၏ ထုတ်လုပ်မှုဖြစ်စဉ်များဖန်တီးပေးခြင်းနှင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှုကွင်းဆက် (supply chain) များအတွင်းပေါင်းစပ်ပေးခြင်း တို့ဖြင့် တန်ဖိုးမြင့် ကုန်စည်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်လာစေရန် ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်ပါသည်။

အခြေခံကုန်စည်များကို တန်ဖိုးမြင့်ကုန်စည်အဖြစ် ပြောင်းလဲ၍ ပြည်ပတင်ပို့ရာတွင် အနိမ့်ဆုံး လိုအပ်ချက်မှာ ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (သို့မဟုတ်) ဖက်စပ်စီးပွားရေးလုပ်ငန်းများ၏ ပထမအဆင့် ပြုပြင်မွမ်းမံ ထုတ်လုပ်မှုကို စက်မှုဇုန်များ (သို့မဟုတ်) နယ်စပ်ဒေသများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် စဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ တန်ဖိုးမြင့်ကုန်စည်များ တိုးတက်စေရန် ကုန်ထုတ်လုပ်မှု နည်းသစ်များဖြင့် စတင်ဆောင်ရွက်ပြီး အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ ထုတ်လုပ်မှု ပမာဏ မြင့်တင်ပေးခြင်းဖြင့် မြန်မာ့ပို့ကုန်များ၏ ထုတ်လုပ်မှု အခြေခံနှင့် ပို့ကုန်ဈေးကွက်များ ရရှိလာမည် ဖြစ်ပါသည်။ ဇယား ၅ - ၇ ၏ မဟာဗျူဟာ ( ၂ ) ခု အရ ကာလတို၊ ကာလလတ် (၁-၁၀နှစ်) နှင့် ကာလရှည် ၁၀ နှစ်ကျော် စီမံကိန်းများအတွက် တန်ဖိုးမြင့်ကုန်စည်မျိုးစုံကို အခြေခံပို့ကုန်များ အဖြစ် တင်ပို့လာနိုင်မည်ဖြစ်ပါသည်။

| အမျိုးအမည် | လက်ရှိအခြေအနေ | ကာလတို၊ ကာလလတ် | ကာလရှည် |
|---|---|---|---|
| သစ်မာ | သစ်လုံး | သစ်ဖြတ်သား | ကုန်ချောထုတ်လုပ်ခြင်း |
| ဓာတ်ငွေ့ | ဖြန့်ဖြူး | ဖြန့်ဖြူး | စွမ်းအင် |
| ရေနံ | ဖြန့်ဖြူး | စွမ်းအင်၊ | ရေနံဓာတု |
| ကျောက်စိမ်း | ကျောက်အရိုင်း | ပြုပြင်ပြီး | ကျောက်မျက်ပို့ကုန် |
| ကျောက်မျက်ရတနာ | အရိုင်း | ပြုပြင်ပြီး | ကျောက်မျက်ပို့ကုန် |
| ကြေးနီ၊ သတ္တု | သတ္တု | သံရိုင်းတုံးများ | ကြေးနန်းကြိုးများ |
| ရာဘာ | ရာဘာကုန်ကြမ်း | ကုန်ချော | ထုတ်ကုန် (တာယာ) |
| ဆီအုန်း | ကုန်ကြမ်း | ကုန်ချော | လူသုံးကုန်ပစ္စည်း |
| လယ်ယာထွက်ကုန် | အခြေခံအဆင့် | ကုန်ချော | ပို့ကုန်အမယ် |
| ငါးသယံဇာတ | အခြေခံအဆင့် | ကုန်ချော | တန်ဖိုးမြင့်ပို့ကုန် |
| အသား | အခြေခံအဆင့် | ကုန်ချော | တန်ဖိုးမြင့်ပို့ကုန် |

ဇယား ၅-၇ တန်ဖိုးမြင့် ပို့ကုန်မဟာဗျူဟာ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)

## မဟာဗျူဟာ ၄-၃ ပြည်တွင်း SME ကဏ္ဍ ပို့ကုန်အလားအလာများခိုင်မာအားကောင်းစေခြင်း


မြန်မာနှင့် တိုးတက်လာသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပို့ကုန်ကွာဟချက်သည် ၁၉၉၅ မှစ၍ ကျယ်ပြန့်လာခဲ့သည်။ ပို့ကုန်လုပ်ငန်း ကွာဟသည့် အကြောင်းရင်းများမှာ (၁) ပို့ကုန်အမျိုးအစားကန့်သတ်ချက်ရှိနေခြင်း၊ (၂) စက်မှုထုတ်ကုန်များကို အားထားရမည့်အစား အခြေခံကုန်ပစ္စည်းများကိုသာ ပို့ကုန်အဖြစ်အားထားနေခြင်း၊ (၃) အရှေ့အာရှ၏ ထုတ်လုပ်မှု ဖြန့်ဖြူးမှုကွန်ယက်အတွင်း အကန့်အသတ်ဖြင့်သာ နေရာယူနိုင်ခြင်း နှင့် (၄) စီးပွားရေးနှင့်ဆက်နွယ်နေသောနိုင်ငံရေးကိစ္စရပ်များကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပို့ကုန်အဖြစ် အခြေခံကုန်စည်များကိုသာ ဆက်လက်တင်ပို့လျက်ရှိပါသည်။ အကြောင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများသည် နိုင်ငံတွင်းဝယ်လိုအားများသော စားသောက်ကုန်နှင့် အိမ်သုံးပစ္စည်း ထုတ်လုပ်မှုများကိုသာ အဓိက ဖြည့်တင်းပေးပြီး ပြည်ပဈေးကွက်များသို့ ဝင်ရောက်ရန် နည်းလမ်းရှာဖွေမှုမပြုသောကြောင့်ပင် ဖြစ်ပါသည်။ ထိုအကျိုးဆက်ကြောင့် ပြည်တွင်း အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး အပိုင်းတွင် အကန့်အသတ်ရှိကြောင်း အထည်ချုပ်လုပ်ငန်းနှင့် အပတ်အထည် ထုတ်လုပ်မှု လုပ်ငန်းများတွင် တွေ့မြင်ရပါသည်။

စက်ပစ္စည်းသစ်များ၊ အုပ်ချုပ်ရေး နည်းပညာများ၊ နည်းပညာအသုံးချမှုပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ထားသောကြောင့် ကုန်ထုတ်စွမ်းရည် နိမ့်ကျပြီး အဆင့်အတန်းမီ ပို့ကုန်များ ထုတ်လုပ်မှု မပြုနိုင်ပေ။ ပြိုင်ဆိုင်မှုများရှိသော ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် မြန်မာ့အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ စွမ်းရည်နှင့် ကုန်ထုတ်စွမ်းရည် မြန်မြန်ဆန်ဆန် တိုးတက်လာရေးတို့အတွက် အရည်အသွေးနှင့် စီမံခန့်ခွဲမှု အဆင့်မြှင့်တင်ရေးတို့ကို မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပြည်တွင်းပြည်ပသွင်းအားစုများအပေါ် အားပြုနေသော ဘက်စုံမဟာဗျူဟာ (၃) ရပ်သည် ပြည်တွင်း SME များ၏ အလားအလာရှိသည့် ပို့ကုန်ထုတ်လုပ်မှု တိုးတက်လာရေးကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကာလတိုနှင့် ကာလလတ် (၂၀၁၅ ခုနှစ် မှ ၂၀၂၀ ခုနှစ်) အတွင်း ရည်မှန်းထားသော အကောင်အထည် ဖော်ဆောင်ရွက်ရမည့် မူဝါဒများတွင် (၁) ယုံကြည်အားထားရသော အခြေခံအဆောက်အအုံများ ပံ့ပိုးပေးရေး၊ (၂) နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်တွဲဘက် လုပ်ကိုင်နေသော အဖွဲ့အစည်းများမှ ပြည်တွင်း SME ပို့ကုန် စွမ်းအား တိုးမြှင့်ရေးနှင့် (၃) စီမံခန့်ခွဲမှု စွမ်းရည်နှင့် ဈေးကွက် ယှဉ်ပြိုင်မှု စွမ်းအား တိုးတက် ကောင်းလာမှုမှတဆင့် SME အရည်အသွေး မြင့်မားလာစေရေးတို့ ပါဝင်ပါသည်။

လုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုနည်းလမ်းကို ကျင့်သုံးခြင်းဖြင့် ပြည်တွင်း အသေးစား နှင့် အလတ်စားလုပ်ငန်းများ ပို့ကုန်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေး နိုင်ပါသည်။ နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ အုပ်စုဖွဲ့ဆောင်ရွက်ခြင်း (Clustering activity) သည် ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းနှင့် ထုတ်လုပ်မှု အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်မည်ဖြစ်ပါ သည်။ ဤနှစ်လမ်းသွားလမ်းစဉ်သည် Piggy backing ဟု လူသိများသော နာမည်ရှိ နိုင်ငံခြား ကုမ္ပဏီများကို ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာစေမည် ဖြစ်ပါသည်။ ဒေသဆိုင်ရာ ဈေးကွက်နှင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များအတွင်းသို့ ဝင်ရောက်ရန် အခွန်ကောက်ခံမှု ပုံစံသစ်ကို ကျင့်သုံးခြင်းဖြင့် ပြည်တွင်းဈေးကွက်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ နိုင်ငံခြားကုမ္ပဏီရှယ်ယာများ တိုးတက်လာနိုင်မည် ဖြစ်ပါသည်။




ပုံ-၅-၂၉
တန်ဖိုးမြှင့် ပို့ကုန် မဟာဗျူဟာ၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

ဘဏ္ဍာရေးဝန်ဆောင်မှုများ (ဘဏ်စာရင်းဖွင့်လှစ်ခြင်း) သည် ပို့ကုန်လုပ်ငန်းနှင့် ပတ်သက်၍ ယေဘုယျလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ငွေရေးကြေးရေးနှင့် ကုန်သွယ်မှု ကဏ္ဍတို့တွင် ဖြေလျှော့ပေးသည့် ဥပဒေ နှင့် စည်းမျဉ်းဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်း နှင့်အတူ စက်မှုဇုန်နှင့် နယ်စပ်ဂိတ်များတွင် One stop shop (OSS) များ ဖွံ့ဖြိုးလာခြင်းမှ ဘဏ္ဍာရေးဝန်ဆောင်မှုများကို အလွယ်တကူ ရရှိနိုင်သည့် အခွင့်အလမ်းရရှိစေနိုင်မည် ဖြစ်ပါသည်။

ပြည်တွင်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ပို့ကုန်စွမ်းရည် တိုးတက်မှုဖြစ်ရန်အတွက် အဆင့်မြင့်သည့် စီမံခန့်ခွဲမှုစနစ်များ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လူ့စွမ်းအား အရင်းအမြစ်များ လိုအပ်ပါသည်။ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆင့်မြင့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲပုံနှင့် နိုင်ငံတကာ စံချိန်မီ စီးပွားရေးလုပ်ငန်းသုံး နည်းပညာများကို လွှဲပြောင်း ရယူနိုင်မည်ဖြစ်ပါသည်။ စီးပွားရေးအဖွဲ့အစည်းများနှင့် အုပ်စုဖွဲ့ လုပ်ငန်းများ ဆောင်ရွက်ခြင်းမှတဆင့် သတင်းအချက်အလက်နှင့် နည်းပညာများဖြင့် အဖြေရှာဖွေမှုကို ပြုလုပ်မည် ဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာ အကောင်အထည်ဖော်မှုအရ သတင်းအချက် အလက်နှင့်နည်းပညာကို အခြေခံ၍ ဈေးကွက်ရှာဖွေ ဖော်ထုတ်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်း ရှာဖွေခြင်း၊ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်သည့် ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။ အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ရန် e-Government စနစ်ကို ကျင့်သုံးခြင်းသည် ပို့ကုန် ဦးစားပေးလုပ်ငန်းဖြစ်သည့် ကုန်ထုတ် လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအား ဆွဲဆောင်ရန်အတွက် ပြည်တွင်း အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၏ စွမ်းရည်နှင့် အလားအလာကို မြှင့်တင်ပေးသော ထပ်တိုးသွင်းအားစု တစ်ခုဖြစ်လာမည် ဖြစ်ပါသည်။။

## မဟာဗျူဟာ ၄-၄ အလွှာစုံစီးပွားရေးလုပ်ငန်းများချိတ်ဆက်ထုတ်လုပ်ခြင်း

စုစည်းဖြစ်ထွန်းခြင်း တိုးတက်မှု မဟာဗျူဟာဖြင့် အဓိက ကမ်းရိုးတန်းဒေသများတွင် တည်ရှိသော သီလဝါ၊ စစ်တွေနှင့် ထားဝယ်မြို့တို့ရှိ အထူးစီးပွားရေးဇုန်များ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို ကြိုတင်ခန့်မှန်းထားပါသည်။ အထူးစီးပွားရေးဇုန်များ၏ အဓိကလုပ်ငန်းများမှာ လုပ်အားခသက်သာသည့် အလုပ်သမား ဈေးကွက်၊ ခေတ်မီ စီးပွားရေးအဆောက်အအုံ၊ သက်သာသည့်ဝန်ဆောင်မှုစရိတ်၊ ကောင်းကျိုးရရှိနိုင်သည့် အခွင့်အရေးများ၊ အစိုးရကို အပြည့်အဝ ပံ့ပိုးပေးနိုင်သည့် စီးပွားရေး ပတ်ဝန်းကျင် တို့နှင့် ဆက်စပ်ပြီး မြန်မာနိုင်ငံအတွင်းသို့ အခွင့်အလမ်းရှိသည့် နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍသစ်များ တည်ထောင်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းသို့ အာရှဒေသရှိ နိုင်ငံစုံစီးပွားရေးလုပ်ငန်း ပြန်လည်နေရာယူနိုင်ရန်အတွက် ပံ့ပိုးပေးရန် အထူးစီးပွားရေးဇုန်များကို ထူထောင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် အထူးစီးပွားရေးဇုန်များသည် စက်ကိရိယာ အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ရောင်းချခြင်းတို့တွင် အထောက်အကူပြုလိမ့်မည် ဖြစ်ပါသည်။

နိုင်ငံစုံစီးပွားရေးလုပ်ငန်းများသည် နည်းပညာအဆင့်မြင့်တင်ခြင်း၊ ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများနှင့် အဖွဲ့အစည်းများ ဖွံ့ဖြိုးလာစေခြင်း၊ လုပ်ငန်းခွင် လေ့ကျင့်ရေးနှင့် သင်တန်းများဖွံ့ဖြိုးလာစေခြင်းဖြင့် ဒေသတွင်းရှိ လုပ်သားများ၏ စွမ်းဆောင်ရည်ကို မြင့်တင်ခြင်းမှ အချိန်တိုကာလအတွင်း ထုတ်လုပ်မှုကွန်ယက်များသို့ ပြည်တွင်း အထူးစီးပွားရေးဇုန်များ ပူးပေါင်းလာစေရန် အခွင့်အလမ်းအဖြစ် တွန်းတင်ပံ့ပိုးပေးမည် ဖြစ်ပါသည်။

စီးပွားရေးအရ ဆွဲဆောင်မှုရှိသော အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်စေခြင်းသည် နည်းပညာအသစ်များ လေ့လာသင်ယူနိုင်စွမ်းရှိသော၊ ပြည်တွင်း SME များ၏ အရည်အသွေးကို မြင့်မားစေသော၊ ကျွမ်းကျင်မှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အား မျိုးစုံရရှိရန် ကုန်ထုတ်စွမ်းအား အဆင့်မြှင့်တင်ပေးနိုင်မှုများဖြင့် ဂေဟာစနစ် ဖန်တီးသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် နည်းပညာ ရရှိလာပြီး ထုတ်လုပ်မှုကွန်ယက်များတိုးချဲ့ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု အခြေခံသည့် လုပ်ငန်းများ တိုးပွားလာစေမည်ဖြစ်ပါသည်။

နည်းပညာနှင့်ကုန်ထုတ်လုပ်မှု အတွေ့အကြုံများ ရရှိလာသည်နှင့်အမျှ အထူးစီးပွားရေး ဇုန်များနှင့် ဖွံ့ဖြိုးတိုးတက်မှုဝင်ရိုးများ၊ နယ်စပ်စီးပွားရေးဇုန်များ၊ သယ်ယူပို့ဆောင်ရေး ဇာတိုချက်များနှင့် အမျိုးသားပို့ဆောင်ရေးကွန်ယက်များ ဆက်သွယ်ထားသည့် စီးပွားရေးစကြံများသည် စီးပွားရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးစားပေး စီးပွားရေး စကြံများဖွံ့ဖြိုးတိုးတက်မှုသည် ကာလတိုနှင့်ကာလလတ် (၂၀၁၅မှ၂၀၂၀) အတွင်း သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်သော ခေတ်မီပို့ဆောင်ရေးပုံစံများ ပေါ်ပေါက်လာရန်ကူညီပေးမည်ဖြစ်ပါသည်။

စကြံ့များချိတ်ဆက်ပေးခြင်းဖြင့် လုပ်ငန်းများ အုပ်စုဖွဲ့ ဆောင်ရွက်မှုအတွင်း အကျိုးအမြတ်ရရှိစေရန် စီးပွားရေးလုပ်ငန်းများ အပြန်အလှန်ဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်မှု၊ အစိတ်အပိုင်း ထုတ်လုပ်မှုများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ကမ်းရိုးတန်းဒေသတွင် မဟာဗျူဟာအရ ဖွံ့ဖြိုးလာသော အထူးစီးပွားရေးဇုန်များသည် အပြည်ပြည်ဆိုင်ရာ ကွန်တိန်နာလုပ်ငန်းကို ချောမွေ့စေရန် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ စဉ်ဆက်မပြတ် ဆောင်ရွက် ပေးနိုင်မှု၊ နည်းစနစ်များကို နေရာတကျစီစဉ်ပေးနိုင်မှုများဖြင့် ပင်လယ်ရေကြောင်း ချိတ်ဆက်မှုကို ကူညီဆောင်ရွက်ပေးပါသည်။ ဤမရှိမဖြစ် အသွင်လက္ခဏာများသည် အထူးစီးပွားရေးဇုန်များအတွင်း၊ နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ သက်တမ်းရှည်လာမှု နှင့် SME များ ပေါင်းစည်းဆောင်ရွက်ခြင်းကို အထောက်အကူပြုမည်ဖြစ်ပါသည်။

ဤသို့ဖြင့် ယုံကြည်စိတ်ချရပြီး ကုန်ကျစရိတ်သက်သာသော အခြေခံအဆောက်အအုံများ ထုတ်ကုန်၊ သွင်းကုန်၊ ဝန်ဆောင်မှုအတွက် ထွက်ပေါက်ကို တစ်ကြိမ်တည်းဖြင့် ဆောင်ရွက်ပေးသည့် တစ်ခုတည်းသော ဝန်ဆောင်မှု ပါဝင်သည့် စွမ်းဆောင်ရည်ပြည့်ဝသော စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ ပံ့ပိုးပေးမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၄-၅ ပြည်တွင်းတီထွင်ဆန်းသစ်မှုများကို အထောက်အပံ့ပေးရေး

စက်မှုဖွံ့ဖြိုးရေး၏ ကနဦးအဆင့်တွင် ပြည်တွင်းတီထွင် ဆန်းသစ်မှုနှင့် သုတေသန စွမ်းရည်ဖွံ့ဖြိုးရေး လိုအပ်ကြောင်းကို အိမ်နီးချင်းနိုင်ငံများ ဖြတ်သန်းခဲ့ရသော စီးပွားရေး ပုံသဏ္ဍာန်ပြောင်းလဲမှုနှင့်ဆိုင်သော အတွေ့အကြုံများကပြသခဲ့ပါသည်။

ပြည်တွင်းဆန်းသစ် တီထွင်မှုများသည် မြန်မာနိုင်ငံအား နောက်ကျခြင်းဖြင့် ရရှိသော အခွင့်အရေးများရယူရန် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ သုတေသနလုပ်ငန်းများဖြင့် အမီလိုက်နိုင်၍ စက်မှုဖွံ့ဖြိုးရေးကို အကူအညီဖြစ်စေပါသည်။ ပြည်တွင်းဆန်းသစ် တီထွင်မှုများနှင့် ဖန်တီးနိုင်စွမ်းသည် တက္ကသိုလ်များနှင့်သုတေသန အဖွဲ့အစည်းများမှ တစ်ဆင့် မျိုးစေ့ချပေးနိုင်ခဲ့ပြီး ကမ္ဘာ့တန်ဖိုး ကွင်းဆက်များ၊ ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်များသို့ ဝင်ရောက်နိုင်စေပြီး ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အခွင့်သာစေမည် ဖြစ်သည့်အပြင်၊ ဂင်ငွေမြင့်မားလာမှုနှင့် အလယ်အလတ်အဆင့် ဂင်ငွေကျွာဟချက်ကို သက်သာရာရစေမည့် အလားအလာများရှိပါသည်။

ဝင်ငွေအလယ်အလတ်
အဆင့်ကျွာဟမှု

စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးသာဦးတည်ပြီး ကျဉ်းမြောင်းသည့် မူဝါဒနယ်ပယ်များဖြင့်ဆောင်ရွက်ခဲ့သည့် အာရှ နိုင်ငံများ၏ အတွေ့အကြုံကိုယူ၍ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ဖန်တီးမှုနှင့် တီထွင်ဆန်းသစ်မှုရှိသော အဖွဲ့အစည်းများဖြစ်ထွန်းလာစေခြင်းဖြင့် မြန်မာနိုင်ငံသည်ဝင်ငွေ အလယ်အလတ်အဆင့် ထောင် ချောက်သို့ကျရောက်ခြင်းမှလျော့ပါးသက်သာစေမည်ဖြစ်ပါသည်။

ကမ္ဘာ့အလားအလာနှင့် နည်းပညာ တိုးတက်မြင့်မားလာမှုများ နှင့်အညီ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးနည်းပညာနှင့် ဆန်းသစ်တီထွင်မှု၏ အဓိကတွန်းအားအဖြစ် ရှိနေမည်ဖြစ်ပါသည်။ နည်းပညာသစ်နှင့် ထုတ်လုပ်မှုများပေါ်ထွက်လာခြင်း၊ ဈေးကွက်အတွင်း တိုးတက်လာမှုနှင့် တိုးတက်သော နည်းစနစ်များ အသုံးပြုမှုတို့သည် အနာဂတ် စီးပွားရေး လုပ်နည်းလုပ်ဟန်ကို လွှမ်းမိုးလာမည်ဖြစ်ပါသည်။ ဤတိုးတက်လာမှုကို တုံ့ပြန်နိုင်စွမ်းရှိရန် ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စည်းမျဉ်းများ သတ်မှတ်ရေးများကို အောက်ဖော်ပြပါ မူဝါဒအရ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

- စက်မှုထုတ်ကုန်များသည် နိုင်ငံတကာစံချိန်စံညွှန်းမီ စံသတ်မှတ်ချက်များ ဖြစ်စေရေး၊

- နိုင်ငံတကာ ယုံကြည်မှုရရှိစေရန်အတွက် နည်းပညာစွမ်းရည်နှင့် စံချိန်စံနှုန်းမီ အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ စည်းမျဉ်းများသတ်မှတ်ရေး၊ ပြည်ပပို့ကုန် ဈေးကွက်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်ရေး၊

- ဈေးကွက်ဝယ်လိုအားနှင့် ပြောင်းလဲမှုများကို အချိန်မှီ တုန့်ပြန်နိုင်စွမ်းရှိရေးနှင့် ပြည်တွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာ အပါအဝင် တိုးတက်သော နည်းပညာများ အသုံးချနိုင်မှုကို ပြဋ္ဌာန်း၍ မြှင့်တင်ပေးရေး၊

- အစိုးရသုတေသန အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ နိုင်ငံစုံစီးပွားရေး လုပ်ငန်းများနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ဆောင်ချက်များ မြှင့်တင်ရန်အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အထောက်အကူပြုပေးသော အဖွဲ့ အစည်းများ အကြားမက်လုံးပေးပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုမှတစ်ဆင့် ဖွံ့ဖြိုးမှု ရရှိလာရေး၊

- သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများမှ ပေါ်ထွက်လာသော အခွင့်အလမ်း ထုတ်ယူ သုံးစွဲမှုနှင့် နည်းပညာလွှဲပြောင်းပေးမှုမှ ကျွမ်းကျင်မှုတိုးတက် ဖြစ်ပေါ်လာစေရန်၊ ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်း များကဲ့သို့သော သုတေ သနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများကဲ့သို့ ပြည်တွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွင်း လိုက်ဖက်ညီမည့် အစီအမံ များထူထောင်ရေး၊

အသိပညာ၊ နည်းပညာလွှဲပြောင်းပေးမှု၊ နည်းပညာပေး သင်တန်းတို့တွင် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများတက်ကြွစွာပါဝင်လာစေရန် ဆွဲဆောင်သောမူဝါဒများမှ တစ်ဆင့် ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုများကို ဦးစွာအားပေး ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင် ဖြေလျှော့ပေးမှုဖြင့် သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်သော မြန်နှုန်းမြင့် အင်တာနက် ချိတ်ဆက်မှုကို ကျယ်ကျယ်ပြန့်ပြန့် ထူထောင်ပေးရမည် ဖြစ်ပါသည်။

အဆင့်မြင့်ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးသည် နည်းပညာသုံး စီးပွားရေး လုပ်ငန်းများ ဝင်ရောက်လာရေးအတွက် အဓိကမူဝါဒ တစ်ရပ်ဖြစ်ပြီး ဤနည်းဖြင့် အလယ် အလတ်ဝင်ငွေကျွံဟာမှုကို လျော့နည်းစေရန်၊ တီထွင်ဆန်းသစ်မှု နှင့် သုတေ သန လုပ်ငန်း ကို စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုစက်ဝန်းအတွင်း ရောက်ရှိရန် ဦးစွာအကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် အစိုးရမူဝါဒများသည် အာရှတိုက်တွင် တွေ့မြင်ခဲ့ရသော လျင်မြန်စွာ တိုးတက်လာသောရလဒ်ရရှိစေ၍ အနာဂတ်ကာလတွင် အလယ်အလတ်ဝင်ငွေအဆင့်ရရှိလာမှုကို မထိခိုက်စေရန် အစိမ်းရောင် စက်မှုကုန်ထုတ် လုပ်ငန်းများ၊ အဆင့်မြင့်နည်းပညာနှင့် သုတေသနဝန်ဆောင်မှုလုပ်ငန်းများအတွက် မက်လုံးပေး ဆွဲဆောင်ရမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၄-၆ တိုးတက်မှု မောင်းနှင်အားအဖြစ် အစိမ်းရောင်နည်းပညာအသုံးပြုရေး

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသော နည်းပညာများ ဖွံ့ဖြိုးလာရေးအတွက် နိုင်ငံတော် ဘတ်ဂျက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုတို့မှတဆင့် စဉ်ဆက်မပြတ် တိုးတက်လာမှုကို မြှင့်တင်ရန်အတွက် နိုင်ငံတော် အစိုးရ၏ မူဝါဒအစီအစဉ်တွင် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ရေးရာ မူဝါဒ အဖြစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမှတစ်ဆင့် ရေရှည်တည်တံ့စေမည့် နည်းပညာ အခြေခံသည့် ကုန်စည် ထုတ်လုပ်မှုများတွင် တွေ့ကြုံရသော ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှု အချို့ကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး ပြန်လည် ပြည့်ဖြိုးမြဲဖြစ်စေကာ ပတ်ဝန်း ကျင်ဆိုင်ရာ သုံးစွဲမှု၊ ထုတ်လုပ်မှုများကိုလည်း ကူညီဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော ပြဿနာများကို ဖြေရှင်းရာတွင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းသော နည်းပညာများသည် မြန်မာနိုင်ငံအတွင်း ပြည်တွင်းသုံးစွဲမှုနှင့် ပို့ကုန်ဦးစားပေးထုတ်လုပ်သော အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများအနေဖြင့် လိုအပ်ပါသည်။ သက်ဆိုင်ရာကဏ္ဍအတွင်း အစိမ်းရောင်နည်းပညာများအား ကျင့်သုံး လိုက်နာခြင်းဖြင့် ကုန်စည်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့ကို အထူးအလေးအနက်ထား ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**အစိမ်းရောင် နည်းပညာ**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေး ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများအတွက် အစိမ်း ရောင်နည်းပညာအသုံးပြုမှုများကို တွန်းအားပေးသည့် မူဝါဒများကျင့် သုံးခြင်းဖြင့် မြန်မာနိုင်ငံသို့ နိုင်ငံ တကာမှ ငွေကြေးထောက်ပံ့မှုများ စီးဝင်လာစေမည်ဖြစ်ပါသည်။ ပြန် လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြု၍ ပြည်တွင်းစီးပွားရေး လုပ်ငန်းအသစ်များနှင့် အလုပ် အကိုင်အခွင့်အလမ်းများကိုဖန်တီး ပေးခြင်းဖြင့် ကျေးလက်ဒေသဆင်း ရဲမှုနှင့် ကွာဟချက်ကိုလျှော့ချပေး နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးသည့် လယ်ယာကဏ္ဍ နှင့် စွမ်းအင်ကဏ္ဍများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို လက်တွေ့ကျင့်သုံးပြီး တီထွင် ဆန်းသစ်မှု ပြုလုပ်ပေးနေသူများကြောင့် တိုးတက်မှုရရှိ လာမည်ဖြစ်ပါသည်။ ဤတီထွင် ဆန်းသစ်မှုများသည် လယ်ယာကဏ္ဍအဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး (Agricultural diversification) အတွက် တစ်စိတ်တစ်ဒေသ အခြေခံထားပါ သည်။ ဥပမာအားဖြင့် တရားမျှတသော ကုန်သွယ်မှုစနစ်တွင် လယ်ယာကဏ္ဍ ထွက်ကုန်များကို နိုင်ငံတကာမှ လက်ခံနိုင်သော နိုင်ငံတကာအသိအမှတ်ပြု အရည် အသွေးရှိသည့် ပို့ကုန် အဆင့်သို့ ရောက်ရှိရန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ လယ်ယာ ကဏ္ဍထွက်ကုန်များ နိုင်ငံတကာ အသိအမှတ်ပြုခံရမှုမှ တဆင့်အပြည်ပြည်ဆိုင်ရာ စားသုံးသူဈေးကွက်၊ အထူးသဖြင့် ဥရောပသမဂ္ဂနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင် မည်ဖြစ်ပါသည်။

သဘာဝနည်းလမ်းများနှင့် လူထုပါဝင်ဆောင်ရွက်မှုတို့ပေါ် အခြေခံ၍ သစ်တော ထွက် ကုန်မျိုးစုံအဆင့်မြင့် ထုတ်လုပ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက် သည့် နည်းပညာကို အသုံးပြုရမည်ဖြစ်ပါသည်။ ကြက်ပေါင်စေးနှင့် ဆီအုန်းသည် နိုင်ငံ၏ တောင်ပိုင်းဒေသရှိ လူထုအဖွဲ့အစည်း အခြေပြု စီးပွားရေးလုပ်ငန်းကို မြန်ဆန်စွာ တိုးတက်စေမည့် အခွင့်အလမ်းကို ပေးလျက်ရှိပါသည်။ ထို့အပြင်ဆီအုန်းသည် ထပ်ဆင့်တိုး တန်ဖိုးရှိ ထုတ်ကုန်နှင့် စားသုံးကုန်ကို ဖန်တီးပေးနိုင်သော အရေးပါသည့် ပြည်ပပို့ကုန်ဖြစ်ပါသည်။

ဝေးလံခေါင်းပါး၍ သွားလာရန်ခက်ခဲသည့် ဒေသများတွင် အခြေခံ ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ရန် ခက်ခဲသော်လည်း သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သော နည်းပညာကို အသုံးပြု၍ ကျေးလက်ဒေသ မီးလင်းရေး ၊ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေရေး၊ ရေဆိုး ထုတ်လုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းတို့သည် ဈေးကွက်လိုအပ်ချက်အတွက် ကုန်စည် ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းအသေးစား နှင့် အလတ်စား လုပ်ငန်းများအတွက် ထုတ်လုပ်မှုအထောက်အကူပစ္စည်းသစ်များဖြင့် ထူးခြားသော အကျိုးရရှိစေနိုင်ပါသည်။


မြန်မာနိုင်ငံ၏ လူဦးရေ (၅၁)သန်းကျော်သည် ပြည်တွင်းဈေးကွက် လိုအပ်ချက် နှင့် ကျေးလက်အိမ်ထောင်စုများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းထုတ်လုပ်သူများအတွက် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ် ၊ ဇီဝလောင်စာနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ရာ၌ ကြီးမားသော ဈေးကွက်အရွယ်အစား ဖြစ်ပါသည်။ နေရောင်ခြည်မှ ဓာတ်အားထုတ်ယူသုံးစွဲမှုသည် မဟာဓာတ်အားလိုင်းပြင်ပရှိ ဝေးလံခက်ခဲသော ကျေးရွာများနှင့် အဖွဲ့အစည်းများသို့ လျှပ်စစ်ဓာတ်အား ပေးပို့နိုင်ပြီး ကျေးလက် ဒေသ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု ကွာဟချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပါသည်။ ဤစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုသော အိမ်နီးချင်းနိုင်ငံများတွင် နည်းပညာနှင့် စက်မှု အခြေခံလုပ်ငန်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း အစိမ်းရောင်စွမ်းအင် ထုတ်လုပ်မှုကို မြှင့်တင်ပြီး အထူးသဖြင့် အနီးအနား ဒေသများတွင်ယင်းအစိမ်းရောင်ကရိယာများကို အသုံးပြု၍ စားသုံးကုန်စည် အခြေခံထုတ်လုပ်သည့် လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် အားပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ (ဥပမာအားဖြင့်ပြည်နယ်များတွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ထုတ်လုပ်မှုကိုအားပေးဆောင်ရွက်ရမည်။)


## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ

လူမှုဘဝပြည့်စုံမှုအတွက် ဆောင်ရွက်ရမည့် အချက်များ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များကို (ပုံ - ၅-၃၀) တွင်ဖော်ပြထားပါသည်။ နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ ဦးစီးဦးဆောင်ပြုလုပ်သော စက်မှုလုပ်ငန်း အစုအဖွဲ့များ ပေါင်းစည်းတိုးတက်လာခြင်းမှ စက်မှုထွန်းကားရေး မဟာဗျူဟာကို တွန်းအားပေး နိုင်မည်ဖြစ်ပါသည်။ ပြည်နယ်များနှင့် အလှမ်းဝေးသော ဒေသများသည် ထပ်ဆင့်တိုးတန်ဖိုးရှိ အခြေခံပို့ကုန်များကို ဒေသတွင်း စက်မှုလက်မှု လုပ်ငန်းများမှ ထုတ်လုပ်ခြင်းဖြင့် အကျိုးခံစားခွင့် ရရှိလာမည်ဖြစ်ပြီး၊ သယံဇာတ အခြေခံလုပ်ငန်းနှင့် ပြည်တွင်းဈေးကွက်များ ဖန်တီးပေးခြင်းကဲ့သို့ အရည်အသွေး ရှိသောအလုပ်အကိုင်များသို့ ထိတွေ့နိုင်သည့် အခွင့်အလမ်းများ ပေးခြင်းဖြင့် အစိမ်းရောင် တိုးတက်မှုအားသာချက်ကို ရရှိစေမည်ဖြစ်ပါသည်။

တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုစွမ်းရည် လိုအပ်ချက်ကို အဆင့်မြင့်ပညာရေးစနစ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် သုတေသန အဖွဲ့အစည်းများ ထူထောင်ခြင်းကို အထောက်အကူ ပြုသည့် ကနဦးကာလ အစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် PPP များမှတစ်ဆင့် ဦးစားပေး ဆောင်ရွက် လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ပေးမှုဖြင့် ခေတ်မီနည်းပညာများကို ချမှတ် သုံးစွဲမှုသည် မြန်မာနိုင်ငံ၏ ရှင်သန်တိုးတက်လာသော အသေးစားနှင့် အလတ်စားလုပ်ငန်း များဖွံ့ဖြိုးမှုတွင် အားသစ်တစ်ခုဖြစ်လာပါသည်။ ကျေးလက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး၊ ရေရရှိရေးစီမံချက်၊ ပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ထုတ်လုပ်မှုစနစ်၊ ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဂယ်လိုအားနှင့် ရောင်းလိုအားကို ဖြည့်တင်း ပေးရန် အဖြေရှာပေးနိုင်မည့် အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသော နည်းပညာများ၊ ထုတ်လုပ်မှုစနစ်များကို အသုံးပြုလျက် ခန့်မှန်းမှုပြုလုပ်သွားမည်ဖြစ်ပါသည်။




ပုံ-၅-၃၀
ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)



## ပြည်တွင်း စီးပွားရေး အလားအလာကောင်းများ ပေါ်ထွန်းလာရေး

မြန်မာနိုင်ငံသည် ခန့်မှန်းလူဦးရေ သန်း ၅၁ သန်းကျော်နှင့် တိုင်းရင်း သားလူမျိုးစုများစွာဖြင့် အရှေ့တောင်အာရှတွင် အကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ထို့ပြင် ရှည်လျားကျယ်ပြန့်သော ပင်လယ်ကမ်းရိုးတန်း အပါ အဝင် သစ်မာများ၊ သဘာဝ ဓာတ်ငွေ့ နှင့်ရေနံ၊ ရေအား လျှပ်စစ် ထုတ်ယူ ရရှိနိုင်မည့် ရေသယံဇာတ အလားအလာများ၊ တွင်းထွက်ပစ္စည်း အမျိုးမျိုး၊ သတ္တုနှင့် အဖိုးတန် ကျောက်မျက်ရတနာများစသည့် သဘာဝ သယံဇာတများဖြင့် ကြွယ်ဝသောနိုင်ငံလည်း ဖြစ်ပါသည်။ ထိုသို့ သယံဇာတမျိုးစုံရှိနေခြင်းသည် မြန်မာနိုင်ငံအတွက် ထူးခြားသော စီးပွားရေး အလားအလာများနှင့် ယဉ်ကျေးမှုများမှ အကျိုးအမြတ်ရရှိရန် ပြိုင်ဘက်ကင်းသော အခွင့်အလမ်း ဖြစ်ပါသည်။

## မဟာဗျူဟာ ၅ ပြည်တွင်းစီးပွားရေး အလားအလာကောင်းများ ပေါ်ထွန်းလာရေး

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ ကုန်းတွင်းနိုင်ငံများတွင် အကျယ်ဝန်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ်းရိုးတန်းအရှည်စုစုပေါင်း ၂၈၃၈ ကီလိုမီတာ နှင့် ကုန်းမြေအကျယ်အဝန်း ဧရိယာ ၆၇၆၅၇၇ စတုရန်းကီလိုမီတာရှိပါသည်။ တိုင်းဒေသကြီး (၇) ခု နှင့် ပြည်နယ်(၇)ခု ပါဝင်ပြီး အများအားဖြင့် ပြည်နယ်များတွင် တောင်ကုန်း တောင်တန်းများနှင့် နယ်နိမိတ် သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံ၏ ဗဟိုအချက်အချာရှိဒေသများသည် နိုင်ငံ၏ စီးပွားရေးကိုအဓိကပံ့ပိုးပေးလျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးသည် လူဦးရေအများဆုံး နေထိုင်သည့် မြို့ကြီးများဖြစ်ပါသည်။

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်းအခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါကမြန်မာနိုင်ငံတစ်ပွမ်းရှိ မြို့ပြနှင့်ကျေးလက်ဆင်းရဲမှုဖြစ်ရပ်များမှာ မြင့်မားစွာရှိနေပြီး ယင်းမှာ မညီမျှမှုအတိုင်းအတာများကိုထင်ဟပ်လျက် ရှိပါသည်။ အထူးသဖြင့်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လက်လှမ်းမမှီခြင်း၊ လူမှုရေးဆိုင်ရာ လွပ်လပ်ခွင့်များ၊ နိုင်ငံရေးနှင့် တရားဥဒေဆိုင်ရာကိုယ်စားပြုမှုများတွင်လည်း အဆင့်အတန်း (Degree) အမျိုးမျိုး ဖြင့် တည်ရှိနေပါသည်။

မညီမျှမှုများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကွာဟချက်များသည် အသွင်ကူပြောင်းရေး ကာလအတွင်းပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများကို ဆုံးရှုံးစေပြီး လူမှုရေးဆိုင်ရာ မငြိမ်မသက်မှုများဖြစ်ပေါ်စေရန် တွန်းအားပေး လျက်ရှိ ပါသည်။ အစိုးရ၏ ဖွံ့ဖြိုးမှု မူဝါဒများ၊ ရသုံးမှန်ခြေငွေစာရင်း ခွဲဝေအသုံးပြုမှုများနှင့် စီမံကိန်းများရေးဆွဲရာတွင် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တန်းတူရည်တူ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး သာတူညီမျှအခွင့်အလမ်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ညီမျှသော ဖွံ့ဖြိုးမှု**

မညီမျှမှုနှင့် လူမှုစီးပွားကွာဟချက်များကြောင့် ဘေးဖယ်ခံလူတန်းစားများအတွက် ဖွံ့ဖြိုးမှုအခွင့်အလမ်းများ နှင့် ပတ်သက်၍ လူမှုရေး ဆူပူမှုများ ဖြစ်စေပါသည်။ အထူးသဖြင့် အသွင်ကူးပြောင်း ရေးကာလများတွင်ဖြစ်ပါသည်။ အစိုးရ၏ ဖွံ့ဖြိုးမှုမူဝါဒများ၊ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုများ၊ စီမံကိန်းရေးဆွဲမှုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှစေရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရုပ်ကြွင်းလောင်စာများ၊ သံနှင့် သံမဟုတ်သည့် သတ္တုများ၊ အဖိုးတန် သတ္တုသိုက်များ၊ အဖိုးတန် ကျောက်မျက်ရတနာများနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပါသည်။ ထို့အပြင် အဖိုးတန်သစ်မာ၊ အပူပိုင်းသစ်တောများ၊ ရေအား လျှပ်စစ်ထုတ်ယူနိုင်ရန် အလားအလာရှိသည့် အဓိကမြစ်ကြီးများ၊ ရေဝေရေလဲဧရိယာများ၊ ကျယ်ပြောသည့် ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် မြေဆီသြဇာကောင်းမွန်သည့် မြေယာများလည်း ပိုင်ဆိုင်ထားပါသည်။

ပြည်နယ်များနှင့် ဂေလ်ခေါင်ဖျားဒေသများတွင် သဘာဝသယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းများကို တွေ့ရှိရပါသည်။ ယင်းသယံဇာတများတွင် သိသာထင်ရှားသည့် နှိုင်းယှဉ်အကျိုးကျေးဇူးများရှိနေသည့်အတွက် နိုင်ငံတွင်းဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးရန်၊ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ ပံ့ပိုးပေးရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရန်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တည်ဆောက်ရာတွင်ပံ့ပိုးပေးရန်နှင့် တိုင်းရင်းသားမျိုးနွယ်စု အသိုက်အဝန်းများအကြား လူမှုဘဝကောင်းကျိုးများ ရရှိလာစေရန် သဘာဝသယံဇာတများကို ထိန်းချုပ်အသုံးပြုရမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များ၏ ပထဝီအနေအထားအရ နှိုင်းယှဉ်အကျိုးကျေးဇူးများလည်း ကွဲပြားခြားနားလျက်ရှိပြီး ပင်လယ်ဆိပ်ကမ်းများကို ချိတ်ဆက်ထားသည့် သီလဝါ (ရန်ကုန်) နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းများ၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ၊ အာဆီယံဒေသတွင်း ထုတ်လုပ်မှုကွန်ယက်များနှင့် တရုတ်နှင့် ထိုင်းနိုင်ငံတို့ရှိ ကုန်ထုတ်လုပ်မှုဗဟိုဌာနများအား ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း စသည့်ဖွံ့ဖြိုး တိုးတက်မှုအလားအလာများရှိနေပါသည်။

မြေဆီဩဇာကောင်းမွန်သည့် စိုက်ပျိုးမြေများပေါများပြီး သင့်တင့်မျှတသည့် ရာသီဥတုရှိသည့် တိုင်းဒေသကြီးများနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် ခေတ်မီလယ်ယာများ ဖော်ထုတ်စိုက်ပျိုးခြင်းနှင့် တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်ခြင်းတို့ဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာမြောက် ပံ့ပိုးလျက်ရှိပါသည်။ ထို့အပြင် ယင်းဒေသများတွင် ငါးဖမ်းလုပ်ငန်း နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့် အလားအလာများလည်း ရှိပါသည်။

မြန်မာနိုင်ငံ ကျယ်ကျယ်ပြန့်ပြန့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရရှိစေမှုသည် အောက်ဖော်ပြပါ အချက်များအပေါ် အခြေခံနေပါသည်-

- လူမှုအဖွဲ့အစည်းတစ်ခုလုံးကို လွှမ်းခြုံနိုင်ရန် လုံလောက်သည့် စီးပွားရေးအခွင့်အလမ်းများ၊ အရည်အသွေးရှိသည့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် စီးပွားရေး တိုးတက်မှုအဆင့်မြင့်မားတည်တံ့စေရေး၊

- ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကိုပေါင်းစည်းပြီး ဥပဒေပြုခြင်း၊ မူဝါဒ ချမှတ်ခြင်း၊ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့် စီမံကိန်းများ နှင့် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်းများတွင် ထိရောက်မှုဖြစ်စေရေး၊

- ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးမှုနိမ့်သည့် ဒေသများတွင် ကုန်ထုတ်လုပ်မှု ဆိုင်ရာပိုင်ဆိုင်မှုများဖြစ်သည့် မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေး လုပ်ငန်းများအား လူတိုင်းလက်လှမ်းမီပြီး ကျယ်ကျယ်ပြန့် ပြန့် ရရှိခံစားနိုင်ရေး၊

- သက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင် နှောင့်နှေးစေမည့် ဖြစ်ရပ်များကို သက်သာရာရစေရန် အိမ်ထောင်စုများနှင့် ထိခိုက်လွယ်သောအုပ်စုများအား အထောက်အကူဖြစ်စေမည့် ယုံကြည်စိတ်ချရသည့် လူမှုဝန်ဆောင်မှုကွန်ယက်များထူထောင်ရေးတို့ ဖြစ်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စုအဖွဲ့အစည်းများ၊ သမိုင်းဖြစ်ရပ်များ၊ ပြည်တွင်းမတည်ငြိမ်မှုများဖြင့် ရှုပ်ထွေးသော်လည်း ဗဟိုချုပ်ကိုင်မှုဖြေလျှော့ထားသည့် မူဝါဒများဖြင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ဒေသခံပြည်သူများ ပါဝင်လာအောင်တွန်းအားပေးခြင်းနှင့် သယံဇာတ အရင်းအမြစ်များကို သာတူညီမျှ ရရှိခံစားစေခြင်းစသည့် လွှပ်လပ်ခွင့်ကိုပေးရမည်ဖြစ်ပါသည်။

ယင်းတို့ကို ကာလရှည်ရည်မှန်းချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ဒေသန္တရစီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရာတွင် ထိရောက်စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အဖွဲ့အစည်း၏ စွမ်းဆောင်ရည်နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ထိန်းကျောင်းမှု စွမ်းရည်များမြှင့်တင်ရန်ကာလတိုမှကာလလတ် (၂၀၂၀) မူဘောင်အတွင်း ကြိုးပမ်းအားထုတ်မှုကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးသည့် မူဝါဒများအရ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

| တိုင်းဒေသကြီး၊ ပြည်နယ် | အဓိက ကဏ္ဍကြီးများ (၂၀၁၂-၁၃) | အဓိက ကဏ္ဍကြီးများ (၂၀၃၀) |
|---|---|---|
| ဧရာဝတီ | လယ်ယာ | လယ်ယာနှင့် ဝန်ဆောင်မှု |
| ပဲခူး | လယ်ယာ | စက်မှု |
| ချင်း | လယ်ယာ | လယ်ယာ |
| ကချင် | ဝန်ဆောင်မှု | စက်မှုနှင့် ဝန်ဆောင်မှု |
| ကယား | လယ်ယာ | ဝန်ဆောင်မှု |
| ကရင် | ဝန်ဆောင်မှုနှင့် လယ်ယာ | ဝန်ဆောင်မှု |
| မကွေး | လယ်ယာ | လယ်ယာနှင့် စက်မှု |
| မန္တလေး | ဝန်ဆောင်မှု | တိုးတက်မှု ဗဟိုဌာန |
| မွန် | ဝန်ဆောင်မှုနှင့် လယ်ယာ | ဝန်ဆောင်မှု |
| ရခိုင် | ဝန်ဆောင်မှုနှင့် လယ်ယာ | လယ်ယာနှင့် စက်မှု |
| စစ်ကိုင်း | လယ်ယာ | လယ်ယာနှင့် စက်မှု |
| ရှမ်း | လယ်ယာ | လယ်ယာနှင့် ဝန်ဆောင်မှု |
| တနင်္သာရီ | စက်မှု | စက်မှုနှင့် ဝန်ဆောင်မှု |
| ရန်ကုန် | တိုးတက်မှု ဗဟိုဌာန | တိုးတက်မှု ဗဟိုဌာန |

ဇယား ၅-၈ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မဟာဗျူဟာအရ အသွင်ကူးပြောင်းရေး ဦးတည်ချက်၊ ဇာစ်မြစ် စီမံကိန်းရေးဆွဲရေး

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များ




ဒေသန္တရ စီးပွားရေးအလားအလာများ ဖွံ့ဖြိုးလာခြင်းသည် အားလုံးပါဝင်နိုင်သည့် တိုးတက်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် ပြည်သူ့ဝန်ဆောင်မှုများအား ရရှိမှုဖြင့် ဆင်းရဲမှု လျှော့ချရေးကို အထောက်အကူပြုသော စီးပွားရေး ပုံသဏ္ဍာန်ပြောင်းလဲမှု မဟာဗျူဟာကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာသည် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် မှီတည်နေသော်လည်း နိုင်းယှဉ်အကျိုး ကျေးဇူးများရရှိရန် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးရာတွင် အစိုးရသည် အရေးကြီးသော အခန်းကဏ္ဍမှ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ဆောင်ချက်များ ဖွံ့ဖြိုးတိုးတက်မှု၊ လုပ်ခလစာမြင့်မားသည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၊ လက်လှမ်းမီနိုင်မှုများမှ တစ်ဆင့် ဆင်းရဲမှုလျှော့ချရေးကို ဆောင်ရွက်မည် ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ တည်ငြိမ်မှုနှင့် အဓိကစီးပွားရေးနယ်ပယ်များအတွင်း ဘေးဖယ်ခံအုပ်စုများ ပြန်လည်ပေါင်းစည်းရေး (marginalized groups) သည် အလွန်အရေးပါပါသည်။ တာဝန်သိမှုဖြင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲခြင်းသည် သဘာဝသယံဇာတများ ပူးတွဲပိုင်ဆိုင်မှု (co- ownership) များတွင် လူမှုရေးအရ အကျိုးကျေးဇူးများ ရရှိစေပါသည်။ သို့သော်လည်း (၁) ဒေသတွင်း ကွာဟချက်များလျော့နည်းစေခြင်း (၂) ဆင်းရဲမှုနှင့် မညီမျှမှုများ လျှော့ချခြင်း နှင့် (၃) အစိုးရ အဖွဲ့အစည်းများ၏ အားနည်းချက်များကို အရေးယူဆောင်ရွက်ခြင်းများတွင် စိန်ခေါ်မှုများရှိနေပါသေးသည်။

စီးပွားရေးအဆောက်အအုံတိုးချဲ့ရာတွင် ဖြစ်ပေါ်လာမည့် သက်ရောက်မှု အလားအလာများတွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ထုတ်လုပ်မှုများမှတစ်ဆင့် နိုင်ငံအတွင်း ပုဂ္ဂလိက လုပ်ငန်းများ၏ အခန်းကဏ္ဍ တိုးချဲ့ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများကိုချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည် နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကွာဟချက်များကို လျော့နည်းစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံထုတ်ကုန်များကို ထပ်ဆင့်တိုးတန်ဖိုးရှိ ထုတ်ကုန်များအဖြစ် ပံ့ပိုးပေးခြင်း၊ ဆင်းရဲမှုမှရုန်းထွက်နိုင်ရန် ဝေးလံခေါင်ဖျားဒေသများရှိ အိမ်ထောင်စုများအတွက် လုပ်အားခမြင့်မားသည့် အလုပ်အကိုင်များဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ဒေသဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုအတွက် နိုင်းယှဉ်အကျိုး ကျေးဇူးအပေါ် အခြေခံထားသည့် တိုးတက်မှု ရည်မှန်းချက်များသည် လယ်သမားများ၏ ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်စေပြီး လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှု နှင့် ပြန်လည် ဖွံ့ဖြိုးမှုကို အထောက်အကူပြုပါသည်။ ပွင့်လင်းမြင်သာမှုနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိသည့် ဒေသဆိုင်ရာ စီမံကိန်းများ၊ ရသုံးမှန်းခြေငွေစာရင်းများ၊ လုပ်ငန်းအကောင်အထည်ဖော်မှုများ နှင့် အကဲဖြတ်လုပ်ဆောင်မှုများတွင် ပြည်သူများပါဝင်လာစေမည့် အလေ့အကျင့်ကောင်းများ ရရှိလာပါက ဒေသဆိုင်ရာ ကွာဟချက်များကို ထိရောက်စွာ လျှော့ချပေးနိုင်မည်ဖြစ်ပါ


သည်။ အစိုးရ၏ စွမ်းဆောင်ရည်မြင့်မားမှုသည် အရေးပါသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာနယ်ပယ်များတွင် အကြောင်းအရာတစ်ရပ် ဖြစ်လာပါသည်။ မဟာဗျူဟာအရ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် ဘဏ္ဍာငွေဖြင့် လုပ်ငန်းဆောင်ရွက်ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ကာလလတ်နှင့် ကာလရှည်တာဝန်များဖြစ်ပါသည်။

## မဟာဗျူဟာခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများကြွယ်ဝမှုနှင့် လူမျိုးစုများနှင့်ယဉ်ကျေးမှုမျိုးစုံ ထွန်းကားပြီးအင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြား မဟာဗျူဟာမြောက်စွာ တည်ရှိမှုကြောင့် နိုင်ငံတွင်းရှိ ဒေသများအကြား ကွာဟချက်ကို လျှော့ချနိုင်ရန်အတွက် အခြေခံကောင်းများအဖြစ် အထောက်အကူပြုနေပါသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များသည် ထူးခြားသော အားသာချက်များဖြစ်သည့် သယံဇာတ၊ တည်နေရာ၊ လူဦးရေစသည့် အနေအထားများပိုင်ဆိုင်ထားကြပါသည်။ ဒေသတွင်း စီးပွားရေးလုပ်ဆောင်ချက်များ အပါအဝင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် မဟာဗျူဟာမြောက် အချက်အချာကျမှုကိုလည်းပိုင်ဆိုင်ထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုးတက်မှု အလားအလာများသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ထုတ်ကုန်များ၊ လယ်ယာကဏ္ဍထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍလုပ်ငန်းများကို ပိုမိုကောင်းမွန်စေပြီး အတန်းအစားအလိုက် တိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ အမျိုးမျိုးသော ပင်မစီမံကိန်းများ၊ မဟာဗျူဟာမြောက် အကောင်အထည်ဖော်မှုများနှင့် ဆက်စပ်နေသော အပြန်အလှန်ချိတ်ဆက်နေသည့် မဟာဗျူဟာ ၅ချက်မှာ အခြေခံ သဘောတရား ၅ ခု နှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတွင် ပါဝင်လျက်ရှိပါသည်။




ပုံ-၅-၃၁ မဟာဗျူဟာပြပုံ၊ ဒေသတွင်းအလားအလာများပေါ်ထွက်လာစေခြင်းနှင့် ကွာဟမှုလျော့ချခြင်း၊ ဇာစ်မြစ်၊ စီမံ၊ စီးပွား ဝန်ကြီးဌာန (၂၀၁၄)

ပြည်တွင်းစီးပွားရေး အလားအလာကောင်းများ ပေါ်ထွန်းလာရေးနှင့် ဒေသတွင်း မညီမျှချက်များ လျော့ချရေးတွင် အောက်ဖော်ပြပါ အဓိက အချက်(၅)ချက် ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။ အဆိုပါ လိုအပ်ချက်များကို အစိုးရမဟုတ်သည့် အခြားသောအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ၊ နိုင်ငံတော်အဆင့် အစိုးရအဖွဲ့များနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့များက ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများချမှတ် အကောင်အထည်ဖော်ခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းများ သုံးစွဲရာတွင် ထိန်းကျောင်းကြပ်မတ်ခြင်း ကို တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

- ဒေသဆိုင်ရာနှင့် နိုင်ငံတော်အဆင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်သူအားလုံးရရှိ ခံစားနိုင်သော ဒေသအလိုက် စီမံကိန်းများရေးဆွဲခြင်း နှင့် မူဝါဒများကို အကောင်အထည် ဖော်ခြင်းကိုဆောင်ရွက်ရာတွင် သွင်းအားစု ပိုင်ဆိုင်မှုနှင့် မဟာဗျူဟာအရ အချက်အချာ ရှိသောနေရာတွင် တည်ရှိခြင်း၏ ကောင်းကျိုးအားသာချက်များအပေါ် အခြေခံထား၍ဆောင်ရွက်ရမည်ဖြစ် ပါသည်။

- အသေးစားနှင့် အလတ်စား လုပ်ငန်းမျိုးစုံ အလျှာလိုက် ဖြစ်ထွန်းလာစေရန်နှင့် ဒေသတွင်းနှင့် ကမ္ဘာ့ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်အားပေးနိုင်ရန် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ ပေါ်ပေါက်လာရေးနှင့် စက်မှုကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုဆောင်ရွက်ရန် အထူးစီးပွားရေးဇုန်များ နယ်စပ်ဂိတ်များ အနီးတွင် ပေါ်ပေါက်လာရေးသည် အထူးအရေးပါပါသည်။ စီးပွားရေးနယ်စပ်ဂိတ်များ စတင်တည်ထောင်ရာတွင် ဖြည့်စွမ်းနိုင်မည့် သွင်းအားစုများပေါ်တွင် အခြေခံထား၍ ဆောင်ရွက်ရမည် ဖြစ်ပြီး လုပ်သားစရိတ်သက်သာမှုကို ရရှိနိုင်မည်ဖြစ်ကာ ဖွံ့ဖြိုးပြီး အိမ်နီးချင်းနိုင်ငံများမှလည်း လိုအပ်သော သွင်းအားစုများဖြစ်သည့် နည်းပညာ၊ သွင်းအားစုပစ္စည်း၊ စက်ပစ္စည်းကိရိယာနှင့် အရင်းအနှီးများစသည်တို့ကို ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

- ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းများ စုစည်းတည်ရှိသော စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ အချက်အချာဒေသများ ဖြစ်ထွန်းလာစေရန် နယ်စပ်စီးပွားရေး ဇုန်များနှင့် ပြည်တွင်း စီးပွားရေးဇုန်များ အောင်မြင်မှုရှိရေးနှင့် ရေရှည်တည်တံ့ စေရန် ထိန်းသိမ်းနိုင်ရေးသည် နိုင်ငံတွင်းရှိဒေသများ အပြန်အလှန်ချိတ်ဆက်မှုပေါ်တွင် များစွာတည်မှီနေပါသည်။ စီးပွားရေး အခြေခံအဆောက်အအုံများ၊ ဆက်သွယ်ရေး လမ်းကြောင်းများနှင့် သက်ဆိုင်သည့် စီမံချက်များကို ဂန်ဆောင်မှုစရိတ် ပိုမိုနည်းပါးစွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ထောင်စု ဘက်ဂျက်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဘက်ဂျက်များအရ ခွဲဝေသုံးစွဲ ဆောင်ရွက်ရမည့် ကာလတိုနှင့်ကာလလတ် စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးကိုလည်း အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။

- ပြည်သူ့ဂန်ဆောင်မှုများကို တိုးမြှင့်ရရှိခြင်းဖြင့် ဒေသတွင်းကွာဟချက်များ လျော့နည်းလာမည်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အထူးအလေးထား ဆောင်ရွက်ခြင်းဖြင့် လုပ်သားဈေးကွက်၏ စွမ်းဆောင်ရည် ပြည့်မီသော လုပ်သား အရည်အသွေး၊ အရေအတွက် လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မည့် ပမာဏကြား ကွာဟချက်ကို လျော့နည်းစေမည် ဖြစ်ပါသည်။ ထိုအချက်သည် ဝေးလံခေါင်ဖျား ဒေသများတွင် အထူးတလည်ဆောင်ရွက်ရမည့် ကိစ္စ တစ်ရပ်ဖြစ်ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးအရ သိသာသော ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါသည်။

- အစိုးရ၏ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပြည်သူများပါဝင်ဆွေးနွေး တင်ပြခွင့်ရှိခြင်းဖြင့် ဒီမိုကရေစီ နည်းလမ်းတကျ တာဝန်ခံနိုင်မှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို အားပေးမြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ပြည်သူလူထု ၏ သဘောထားများ ပါဝင်သော စီမံကိန်းများ ( အထူးသဖြင့် သဘာဝ သယံဇာတ ထုတ်ယူသုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များ) သည် သမရိုးကျ အသက်မွေးဝမ်းကျောင်း ပြုသူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း တို့ကို ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။ ဒေသဆိုင်ရာ အစိုးရ အဖွဲ့များမှ ထိရောက်သော လုပ်ငန်းများ နှင့် အကောင်အထည်ဖော်မှုများ ဆောင်ရွက်ခြင်းဖြင့် သဘာဝသယံဇာတအခြေပြု လုပ်ငန်းများတွင် အဂတိ လိုက်စားမှု အလေ့အကျင့်များ လျော့ပါးသက်သာစေမည်ဖြစ်ပါသည်။


## မဟာဗျူဟာ ၅-၁ တိုင်းဒေသကြီးနှင့်ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေး

တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဌာန် ပြောင်းလဲရေးတွင် အဓိကမောင်းနှင်အားများဖြစ်ပါသည်။ ယခင်ကဖော်ပြထားခဲ့သည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီတွင် ကွဲပြားခြားနားမှုများ လျော့ကျစေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများကိုရေးဆွဲလျက် ပဲ့ကိုင်ဆောင်ရွက်ရန် သီးခြားအကျိုးကျေးဇူးကို အသုံးပြုရမည် ဖြစ်ရမည်ဖြစ်သည်။ အစိုးရသည်ဒေသတွင်းနှင့် ကမ္ဘာ့အတွေ့အကြုံများကို အခြေခံလျက် ကာလရှည် ရည်မှန်းချက်ဖြင့် အနာဂတ်ကာလ၏ လိုအပ်ချက်များအား ကြိုတင်ခန့်မှန်း၍ ကျယ်ပြန့်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

မည်သည့်စီးပွားရေး အဆောက်အအုံတွင်မဆို ဗျူဟာချက်ကိုပပျောက်ရန် မဖြစ်နိုင်သော်လည်း ဗျူဟာချက်အနည်းဆုံးရရန် အစိုးရအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျိုးကြောင်းညီညွတ်သော မူဝါဒများနှင့်ဖွံ့ဖြိုးမှုစီမံကိန်း ချမှတ်ဆောင်ရွက်သင့်ပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များသည်လူမှုစီးပွားတိုးတက်လာရေးအတွက် စီမံကိန်းနှင့် ငွေလုံးငွေရင်းသုံးစွဲမှုကို ဒေသအလိုက်မတူညီသော အားသာချက်များပေါ် မူတည်၍ (၁) ပထဝီ အနေအထားတည်ရှိမှု (၂) သယံဇာတကြွယ်ဝမှု (၃) ပြည်တွင်း ပြည်ပဆက်သွယ် ဆောင်ရွက်မှုနှင့် (၄) လူသားအရင်းအမြစ်များအပေါ် အခြေခံဆောင်ရွက်ရမည်ဖြစ်ပါသည်။


လူမှုစီးပွားပုံစံပြုပြင်ပြောင်းလဲမှုတွင်တွန်းအားများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသည် မြို့နယ်နှင့်ခရိုင်အပါအဝင် စီမံကိန်းအဆင့် အားလုံးအတွက် အထောက်အကူပြုနိုင်သည့် စီးပွားရေးပုံသဏ္ဌာန် မဟာဗျူဟာကို ချမှတ်ကျင့်သုံးရမည်ဖြစ်ပါသည်။




ပုံ-၅-၃၂
တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် စီးပွားရေးပုံသဏ္ဌာန် အသွင်ကူးပြောင်းမှု၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှု အလားအလာကို မြေပုံကားချပ် (ပုံ၅-၃၃) ဖြင့် ပြသထားပါသည်။ စီးပွားရေး ပုံသဏ္ဍာန်ပြောင်းလဲမှု (သို့) ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို ဦးစားပေးကဏ္ဍ နှင့် ဒုတိယဦးစားပေးကဏ္ဍ တွဲလျက် သင့်တော်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ရန် အောက်ပါအတိုင်း ရှင်းလင်းစွာဖော်ပြထားပါသည်-

- စီးပွားရေးအဆောက်အအုံတွင် အဓိက ပါဝင်နေဆဲဖြစ်သော လယ်ယာကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။ ထိုသို့ဆောင်ရွက်ရာတွင် (၁) စိုက်ပျိုးမှု နည်းလမ်းသစ်ကို ကျင့်သုံးခြင်း၊ (၂) ကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ခြင်း၊ (၃) လယ်ယာထွက်ကုန် အမျိုးအစားစုံထုတ်လုပ်ခြင်းတို့ကိုဆောင်ရွက်ရေး၊
- ပို့ကုန်ဦးစားပေးကုန်စည် အဓိကထုတ်လုပ်သည့် စက်မှုလုပ်ငန်း ထူထောင်ခြင်းအားဖြင့် RPNs နှင့် GVCs သို့ ပေါင်းစည်းဝင်ရောက်ရေး၊
- ခရီးသွားလုပ်ငန်း IT ဝန်ဆောင်မှု၊ ပြည်တွင်းဈေးကွက်အတွင်း ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အမျိုးမျိုးသော ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊



ပုံ-၅-၃၃

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလားအလာအတွက် စီးပွားရေးပုံသဏ္ဍာန်၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေး(၂၀၁၄)

## မဟာဗျူဟာ ၅-၂ နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ ဖွံ့ဖြိုးလာရေး

မြန်မာ့စီးပွားရေးသည် အခြားအာဆီယံနိုင်ငံများနှင့် ကင်းကွာလျက်ရှိ နေခဲ့သည်။ အာရှ၏အောင်မြင်မှုကို ဖြစ်စေသော ဒေသဆိုင်ရာထုတ်လုပ်မှု ကွင်းဆက်တွင် ထူးခြားစွာ ဆောင်ရွက်နိုင်မှုမရှိပေ။ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံများပါဝင်သည့် နှစ်ကာလကြာရှည်စွာ တည်ထောင်လာခဲ့သည့် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်တွင် ချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်းဖြင့် မြန်မာနိုင်ငံသည် အဆိုပါ ကွန်ယက်အတွင်းသို့ လျင်မြန်စွာ ပေါင်းစပ်ပါဝင်လာနိုင်ပြီး လူမှုအကျိုးစီးပွားခံစားခွင့်ကို ပိုမိုရရှိစေနိုင်မည်ဖြစ်ပါသည်။

နယ်စပ်စီးပွားရေးဇုန်များ တိုးတက်လာမှုသည် မြန်မာနိုင်ငံအတွက် ထုတ်လုပ်မှုကွန်ယက်များ သို့ ပါဝင်ဆက်သွယ်ရန် ဖြတ်လမ်း (Shortcut) သဖွယ်ဖြစ်လာပြီး ကမ္ဘာကြီးကို အလှုပ်အခတ်များသော စီးပွားရေးအင်အားကြီး နိုင်ငံ (၃) နိုင်ငံဖြစ်သည့် (၁) တရုတ်၊ (၂) အိန္ဒိယ၊ (၃) အာဆီယံနိုင်ငံများ၏ ဆုံစည်းရာ ဆုံမှတ်တစ်ခုလည်း ဖြစ်လာပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံ၏အသွင်အပြင်လက္ခဏာတို့သည် ချိတ်ဆက်မှုဆုံမှတ်များ ဖြစ်လာပြီး တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်လာမည့် အခွင့်အလမ်းများရှိလာမည် ဖြစ်ပါသည်။ ပြည်နယ် ၇ ခုတွင် နယ်စပ်ဖြတ်ကျော်ဂိတ်များ တရားဝင် (၁၂) ခုနှင့် တရားမဝင် (၆) ခု ရှိနေပါသည်။ ဇယား (၅-၉)

| တရားဝင်နယ်စပ်ဂိတ်များ | နိုင်ငံ |
|---|---|
| မူဆယ် | တရုတ် |
| လွယ်ဂျယ် | တရုတ် |
| ချင်းရွှေဟော် | တရုတ် |
| လိုင်ဇာ | တရုတ် |
| တာချီလိတ် | ထိုင်း |
| မြဝတီ | ထိုင်း |
| ကော့သောင်း | ထိုင်း |
| မြိတ် | ထိုင်း |
| တမူး | အိန္ဒိယ |
| ရိဒ် | အိန္ဒိယ |
| စစ်တွေ | ဘင်္ဂလားဒေ့ရှ် |
| မောင်တော | ဘင်္ဂလားဒေ့ရှ် |

| နယ်စပ်ဖြတ်ကျော်ဂိတ်များ | Country |
|---|---|
| ပန်ဆန်း - မိုင်းလား | တရုတ် |
| ထားဝယ် | ထိုင်း |
| နတ်သိမ်တောင် | ထိုင်း |
| မောတောင် | ထိုင်း |
| ဘုရားသုံးဆူ | ထိုင်း |
| ပလက်ဝ - ပန်ဆောင်း | အိန္ဒိယ |


ဇယား ၅-၉ မြန်မာနိုင်ငံရှိ တရားဝင်နှင့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဂိတ်များ၊ ဇာစ်မြစ်၊ စီးပွား၊ ကူးသန်းဝန်ကြီးဌာန (၂၀၁၄)

နယ်စပ်ဒေသ စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်လာရေးကို (၁) နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု၊ (၂) နယ်စပ်ဒေသ စက်မှု လုပ်ငန်း၊ (၃) ဆက်သွယ်ရေး နှင့် (၄) ဒေသတွင်း သယံဇာတပစ္စည်းများစသည့် ရှုထောင့်များဖြင့် စဉ်စားနိုင်ပါသည်။ နယ်စပ်ဒေသ ကုန်သွယ်မှုများ မြင့်မားလျက်ရှိပြီး အထူးသဖြင့် မြန်မာ၊ တရုတ်၊ ထိုင်းတို့အကြား ကုန်သွယ်မှုများ ဆက်လက်ကြီးထွားလျက်ရှိပါသည်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် ကုန်သွယ်မှုမှာ အထူးသဖြင့် အစားအစာနှင့် တန်ဖိုးနည်း အိမ်သုံး ပစ္စည်းများ အနာဂတ်တွင် အလားအလာကောင်းများ ရှိနေသည်ဟု ယူဆနိုင်သော်လည်း ယခုအချိန်တွင် နည်းပါးလျက်ရှိနေသေးပါသည်။ ခန့်မှန်းခြေအရ နယ်စပ်ကုန်သွယ်မှု၏ ၈၀% မှာ မူဆယ် (၁၀၅) မိုင် နှင့် မြဝတီ ဂင်ပေါက် (၂) ခုမှ ဖြတ်သန်းလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် မူဆယ် (၁၀၅) မိုင်သည် အကြီးမားဆုံးနှင့် ပထမဆုံးဖြစ်ပါသည်။ ယင်းကို ၂၀၀၅ ခု တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ကူးစက်ရောဂါ တားဆီးရေးအဖွဲ့ စသည်တို့ကို တစ်နေရာတည်း စစ်ဆေးဆောင်ရွက်ပြီး ကုန်လှောင်ရုံ၊ အဒေါးခန်း၊ သိုလှောင်ရုံ နှင့် ကျယ်ပြန့်သော ဆက်သွယ်ရေးနည်းလမ်းများဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံနှင့် ချိတ်ဆက်မည့် လာအိုနိုင်ငံ နယ်စပ်ဂိတ်ကို ဖွံ့ဖြိုးမှုရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဓိကကျသည့် နယ်စပ်ဂိတ်များတွင် လိုအပ်ချက်များ ပြည့်စုံမှုမရှိသော်လည်း ဝန်ဆောင်မှု နှင့် စစ်ဆေးမှုများအားလုံးတစ်နေရာတည်းဆောင်ရွက်မှုတို့ကို တိုးချဲ့ခြင်းဖြင့် မူဆယ် (၁၀၅ မိုင်)ကဲ့သို့ ဖွံ့ဖြိုးတိုးတက်စေသည့် အခွင့်အလမ်းများကို ရရှိစေနိုင်ပါသည်။ သီလဝါ SEZ နှင့် ပဲခူးစက်မှုဇုန်များ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် နယ်စပ်ကုန်သွယ်မှု ပမာဏ အများဆုံးဖြစ်သည့် မြဝတီဂိတ်ကို ဦးစားပေး အနေဖြင့် သတ်မှတ်ထားရမည် ဖြစ်ပါသည်။

## နယ်စပ်ဂိတ် ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ

ကာလတိုမှ ကာလလတ်အတွင်း နယ်စပ်စီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးလာစေရန် ဦးစားပေး မဟာဗျူဟာတွင် အလားအလာရှိသော ကုန်သွယ်မှုပမာဏများ နှင့် ပထဝီ အနေအထားတို့ ဟန်ချက်ညီရေးကို ချိတ်ဆက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။




ပုံ-၅-၃၄
နယ်စပ်ဂိတ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခြေအနေ ဇာစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန (၂၀၁၄)

## နယ်စပ်စက်မှုလုပ်ငန်းများ

နယ်စပ်ဒေသ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးကို အဓိက ကုန်သွယ်ဖက်ဖြစ်သော တရုတ်နှင့် ထိုင်းနိုင်ငံအပါအဝင် မြန်မာနိုင်ငံ၏ ထူးခြားသော သွင်ပြင်လက္ခဏာများ နှင့် တိုးတက်လာသည့် အိမ်နီးချင်းနိုင်ငံများမှ အကျိုးကျေးဇူးရရှိနိုင်သော ဒေသ၏ တည်နေရာအပေါ်တွင် အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တည်နေရာအားသာချက်များတွင် သင့်လျော်သည့် သွင်းအားစုများ ပေါ်ကြွယ်ဝမှု၊ နယ်စပ်ဒေသတစ်လျှောက် အခြေခံအဆောက်အအုံ ဝန်ဆောင်မှုများ (ဆက်သွယ်ရေး နှင့် လျှပ်စစ်မီး၊ ရေ၊ လျှပ်စစ်ဓာတ်အား စသည့်ဝန်ဆောင်လုပ်ငန်းများ) အားထားမှုပြုနိုင်သည် အထိ ရရှိနိုင်မှုတို့ပါဝင်သည်။

ထိုင်းနိုင်ငံမှ နည်းပညာ၊ ရုပ်ဝတ္ထုသွင်းအားစုများ၊ ငွေကြေးအရင်းအနှီး သွင်းအားစုများနှင့်အတူ မြန်မာနိုင်ငံမှ ပေါများသည့် ဈေးသက်သာသည့် အလုပ်သမားများဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရန် အထူးသဖြင့် ရောဂတီဒေသ ဖွံ့ဖြိုးတိုးတက်မှု ရှိလာရန် ပေါကြွယ်ဝသည့် သွင်းအားစု အသုံးပြုရမည် ဖြစ်ပါသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းသည် ကုန်ထုတ်လုပ်မှုနှင့် စပ်လျဉ်းသည့် ဂန်ဆောင်မှုစရိတ်များကို လျှော့ချစေပြီး မလိုလားအပ်သည့် ဂန်ဆောင်မှု ကုန်ကျစရိတ်များ (ရေ၊ လျှပ်စစ်မီး၊ အင်တာနက်နှင့် ဆက်သွယ်ရေး၊ အမှိုက်သိမ်းဆည်းမှု၊ စီးပွားရေး အထောက်အကူပြု ဂန်ဆောင်မှုလုပ်ငန်းများ) ကို သက်သာစေပါသည်။ စီးပွားရေး အဆောက်အအုံကန့်သတ်ချက် များရှိသော မြန်မာနိုင်ငံတွင် မူဆယ် (၁၀၅) မိုင် ဖွံ့ဖြိုး တိုးတက်မှုကို နမူနာယူ၍ (၁) မြဝတီ၊ (၂) တာချီလိတ်နှင့် (၃) တမူးတို့ကို ဦးစားပေး အလိုက် တိုးတက်ရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြဝတီ-မဲဆောက် နယ်စပ် စီးပွားရေးဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ကာလတို (၂၀၂၀) အတွင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကာလက ထိုင်းနိုင်ငံသည် Tak ပြည်နယ်တွင် လုပ်သား(၂၇၀၀၀) အလုပ်လုပ်ကိုင်လျက်နေသော မဲဆောက်မြို့ရှိ စက်ရုံအများစုဖြင့် လုပ်သား စူးစိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

## နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် စိန်ခေါ်မှုများနှင့် မဟာဗျူဟာ

နိုင်ငံ၏တည်နေရာအနေအထား အားသာချက်မှ အကျိုးခံစားခွင့် ရရှိရန် မူဆယ် (၁၀၅) မိုင်ကို အခြေခံသည့် နယ်စပ်စီးပွားရေးဇုန် နမူနာပုံစံနှင့်အတူ လိုက်လျော ညီထွေရှိသည့် ပေါ်ကြွယ်ဝသော သွင်းအားစုများ၊ အုပ်စုဖွဲ့ ဆောင်ရွက်ခြင်းများ၊ ဂန်ဆောင်မှုနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များဖြင့် မြဝတီ၊ တာချီလိတ်နှင့် တမူးတို့ကို ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လွတ်လပ်သော ကုန်သွယ်မှုဇုန် နှင့် လုပ်ငန်း ကုန်ကျစရိတ်နှင့် ပို့ဆောင်ရေး စရိတ်လျှော့ချရန် ပို့ကုန်ထုတ်လုပ်မှုဇုန်တို့ ပါဝင်သည့် နယ်စပ်စီးပွားရေးဇုန်ကို ဖွဲ့စည်းရန် ပေါင်းစည်းထားသော ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာမှုအတွက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

နယ်စပ်ဒေသ စီးပွားရေးဇုန်များ တိုးတက်လာရန်နှင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများအား မြှင့်တင်ပေးရန်အတွက် ပြည်တွင်းနှင့် ပြည်ပချိတ်ဆက်မှု မြင့်မားလာခြင်းသည် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ နယ်စပ်ဖြတ်ကျော်မှုလုပ်ငန်း (အခွန်ကောက်ခံမှု၊ သင်္ဘော (သို့) လေယာဉ်ပျံတို့ဖြင့် တင်သောကုန်ပစ္စည်းများ၊ ကုန်စည် အတင်အချနှင့် ဆက်သွယ်ရေးလုပ်ငန်းများ) များ ထိထိရောက်ရောက်စွမ်းဆောင်ရည် ပြည့်ဝစွာဆောင်ရွက်ပါက စီးပွားရေးလုပ်ဆောင်ချက်များအတွက် နယ်စပ်ဒေသ၏ တည်နေရာသည် အားသာချက်ပင် ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ထို့အပြင် ပြည်တွင်း (မြန်မာ) နှင့် ပြည်ပ သယ်ယူပို့ဆောင်ရေး ကွန်ယက်များတွင် ဂန်ဆောင်မှုနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို အသက်သာဆုံးဖြစ်စေရန် စနစ်တကျ သတ်မှတ်ထားရမည် ဖြစ်ပါသည်။ စီးပွားရေးစင်္ကြံ (၄) ခု တွင် သတ်မှတ်ထားသည့် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုများ နှင့် ခေတ်မီ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခြင်းသည် နယ်စပ်ဒေသများဆုံစည်းရာ လမ်းကြောင်းများ (နယ်စပ်ဂိတ်များ)၊ အထူးစီးပွားရေးဇုန်များနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာနများကို အထောက်အကူပြုမည် ဖြစ်ပါသည်။

**လူ့သားအရင်းအမြစ် အကျိုးသက်ရောက်မှု**

နယ်စပ်ဒေသစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လုပ်သားအင်အားအပေါ် များစွာ အကျိုးသက်ရောက်မှုရှိစေမည် ဖြစ်ပါသည်။ သင့်လျော်ပြီး ကိုက်ညီမှုရှိသည့် လုပ်သားအင်အားများဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုရှိခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုများ၊ ပညာရေး၊ အိမ်ရာအခြေအနေများ ကောင်းမွန်လာပြီး သမရိုးကျ လယ်ယာကဏ္ဍ မှ လုပ်သားများသည် ထုတ်လုပ်မှုကဏ္ဍသို့ ပြောင်းရွှေ့လာမည်ဖြစ်ပါသည်။

နယ်စပ်ဒေသစီးပွားရေးဇုန်များအတွင်း လူ့စွမ်းအားအရင်းအမြစ်များနှင့် လုပ်ငန်းခွင်နှင့် ကိုက်ညီသည့် လုပ်သားများ ဖွံ့ဖြိုးတိုးတက်စေမှုသည် အလုပ်အကိုင်ရရှိရန် သိသာထင်ရှားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ ယင်းတို့မှာ (၁) သင့်တင့်လျောက်ပတ်သော လုပ်သား အင်အား ရရှိရေး၊ (၂) အိမ်ရာနှင့် ပြည်သူ့ဝန်ဆောင်မှု ရရှိရန်ခက်ခဲသော မဖွံ့ဖြိုးသေးသည့် ဒေသများသို့ အစုအပြုလိုက် အလုပ်သမားများ ဝင်ရောက်လာမှု ပြဿနာ၊ (၃) ကျေးလက်နေ လူငယ်များ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များကို ရှာဖွေရန် စက်မှုဇုန်များအတွင်းသို့ ပြောင်းရွှေ့လာမှုကြောင့် လယ်ယာထုတ်ကုန်အပေါ် ထိခိုက်ခြင်းနှင့် (၄) အထူးသဖြင့် လူမျိုးစုများအကြား လစာကောင်းမွန်စွာ ရရှိစေသော အလုပ်သမားဈေးကွက်အတွင်း စီးပွားရေး လုပ်ငန်းရှင်များ နှင့် ကျွမ်းကျင်လုပ်သားတို့ အကြား လူမှုရေးဆိုင်ရာ တင်းမာမှုများ ဖြစ်ပေါ်ခြင်းတို့ပင် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ နယ်ပယ်များသို့ အလုပ်သမားများ ရွှေ့ပြောင်းရန်နှင့် လစာကောင်းသောလုပ်ငန်းခွင်များသို့ ဝင်ရောက်ရန် အားပေးမှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။ သို့သော် ဒေသခံတိုင်းရင်းသားများကို စီးပွားရေးလုပ်ငန်းများတွင် အံ့ဝင်ခွင်ကျစွာ လုပ်ကိုင် ဆောင်ရွက် တတ်စေရန် သင်တန်းများ ပို့ချပေးရမည် ဖြစ်သည်။ သင်တန်းနှင့် အတွေ့အကြုံများကို TVET မှ ရရှိစေမည် ဖြစ်သည်။ ဤသို့ဖြင့် နယ်စပ်ဒေသ စီးပွားရေးဇုန်များအတွင်း ဖွံ့ဖြိုးတိုးတက်မှု ကို ရရှိစေမည် ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်ပပညာရေးအဖွဲ့အစည်းများ ပူးပေါင်းခြင်းဖြင့် လုပ်သားများ၏ စွမ်းဆောင်ရည် တက်လာစေမည်ဖြစ်ပါသည်။


နယ်စပ်ဒေသများ၏ မြို့ပြဖြစ်ထွန်းရေးသည် ၂၀၃၀ ခုနှစ် အလွန်တွင် ဆောင်ရွက်ရမည့် အစိုးရ၏ ကာလရှည်မူဝါဒများအနက် တစ်ခုဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ အခြေခံလိုအပ်ချက်များ ပေါ်မူတည်၍ မြို့ပြအခြေခံအဆောက်အအုံကို တည်ထောင်မည်ဖြစ်ပါသည်။ သတ်မှတ်ထား သောဒေသများ၏ဖွံ့ဖြိုးတိုးတက်မှုပေါ် အခြေခံပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို တိုးမြှင့်မည် ဖြစ်ပါသည်။

လယ်ယာကဏ္ဍမှ စက်မှုကဏ္ဍသို့ လုပ်သားအင်အား ရွှေ့လျားမှုမြင့်မားလာခြင်း၏ အကျိုးသက်ရောက်မှုလျော့ပါးစေရန် ခေတ်မီလယ်ယာစနစ်ကို လုပ်ကိုင်စေခြင်းဖြင့် ထုတ်လုပ်မှုတိုးလာပြီး လုပ်သားပြောင်းရွှေ့မှု လျော့နည်းလာစေမည်ဖြစ်ပါသည်။ နိုင်းယှဉ် အကျိုးကျေးဇူးများအပေါ် အခြေခံ၍ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ရေးဆွဲပြီးဆောင်ရွက်ရမည်ဖြစ်သည့်အပြင် လယ်ယာကဏ္ဍ၏ ဖွံ့ဖြိုးမှုမဟာဗျူဟာကိုလည်း အထောက်အကူဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နယ်စပ်ဒေသများတွင် လူတိုင်း အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်ရန် အထူးသဖြင့် ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်များရှိ အလုပ်လုပ်ကိုင်မှုအဆင့်တိုင်းတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၅-၃ လုပ်ငန်းအလှာလိုက်ဖြစ်ထွန်းမှုတိုးမြှင့်ရန်ဆက်သွယ်ရေးလမ်းကြောင်းတိုးမြှင့်ခြင်း

တိုးတက်မှုဗဟိုဌာနများ၊ တိုးတက်မှု ၊ နယ်စပ်ဂင်ပေါက်များနှင့် အထူးစီးပွားရေးဇုန်များအတွင်း အပြန်အလှန်ချိတ်ဆက်မှုကိုတိုးချဲ့မြှင့်တင်ရန် ဦးစားပေး သတ်မှတ်ထားသည့် စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးမှုမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နယ်စပ်ဂင်ပေါက်များနှင့် အထူးစီးပွားရေးဇုန်များသည် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်နှင့် ကမ္ဘာ့တန်ဖိုး ကွင်းဆက်များသို့ ပြင်ပချိတ်ဆက်မှုများဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

လုပ်ငန်းမျိုးစုံအလှာလိုက်ဖြစ်ထွန်းပေါ်ပေါက်မှု တိုးမြှင့်ရန် အရေးပါသည့် စင်္ကြံနှစ်ခုမှာ သီလဂါ-မြဂတီစင်္ကြံနှင့် ကျောက်ဖြူ-မူဆယ်စင်္ကြံတို့ဖြစ်ပါသည်။




ဖွံ့ဖြိုးတိုးတက်မှုရှိသော ဦးစားပေးစင်္ကြံသည် သီလဝါအထူးစီးပွားရေးဇုန်မှ မြဝတီနယ်စပ်သို့ ရန်ကုန်နှင့် ပဲခူးမြို့များမှတဆင့်ချိတ်ဆက်ထားပါသည်။ အဆိုပါ စင်္ကြံသည် မြန်မာနိုင်ငံအတွက် (၁) စက်မှုလုပ်ငန်းဆောင်ရွက်ချက်များ၊ (၂) ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှု၊ (၃) မြစ်ဝကျွန်းပေါ်ဒေသမှ လယ်ယာနှင့် ရေထွက်ပစ္စည်းပို့ကုန်များအတွက် ကောင်းမွန်သည့် ပို့ဆောင်ရေးစနစ်များပေးစွမ်းနိုင်မည်ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်ဖြင့် မဟာဗျူဟာအရ ချိတ်ဆက်မှုဆိုရာတွင် နိုင်ငံစုံစီးပွားရေးလုပ်ငန်းများကို အထူးစီးပွားရေးဇုန်များ၊ ပဲခူး၊ မြဝတီသို့ ဆွဲဆောင်နိုင်ရန်နှင့် အလှာလိုက် လုပ်ငန်းများကို အထောက်အကူပြုရန် လုံလောက်သော စီးပွားရေး အခြေခံအဆောက်အအုံများပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ပဲခူးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကားတပ်ဆင်သည့် အချက်အချာနေရာနှင့် ထိုင်းနိုင်ငံသို့နယ်စပ်ဖြတ်ကျော်ဆက်သွယ်နိုင်မည်ဖြစ်ပါသည်။

မူဆယ် (၁၀၅) မိုင်ရှိ တရုတ်နယ်စပ်သည် စီးပွားရေး အခြေခံအဆောက်အအုံများနှင့် ချိတ်ဆက်ထားသော ပြည်ပဂန်ဆောင်မှုများဆောင်ရွက်ပြီးဖြစ်ပါသည်။ မူဆယ်၊ မန္တလေး ကားလမ်းနှင့် မီးရထားလမ်းကွန်ယက်အဆင့်မြှင့်တင်ခြင်းကို တရုတ်နှင့် ကုန်သွယ်ရေးတိုးမြှင့်ရန် ကာလတိုမူဂါဒ လုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် ဦးစားပေး သတ်မှတ်ထားပါသည်။ မန္တလေး-ကျောက်ဖြူလမ်းပိုင်း ကာလတို မှ ကာလရှည်အထိ ဖွံ့ဖြိုးတိုးတက်မှုကို ၂၀၂၀ ကာလအလွန်တွင် အကောင်အထည်ဖော်မည် ဖြစ်ပါသည်။



လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုသည် စီးပွားရေးစကြံ့ ဖွံ့ဖြိုးတိုးတက်မှုမှုဂါဒကို အထောက်အကူပြုစေပါသည်။ မူဆယ်နယ်စပ်ဒေသသည် ရှမ်းပြည်နယ်ရှိ ရေအားလျှပ်စစ် ထုတ်လုပ်မှုစွမ်းရည်နှင့် လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ်ထုတ်လုပ် ဖြန့်ဖြူးပေးမည့် ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းများ နောက်ထပ်ဖွံ့ဖြိုးတိုးတက်လာခြင်းမှ အကျိုးဖြစ်ထွန်း လာစေမည်ဖြစ်ပါသည်။ ပင်မလျှပ်စစ်ဓာတ်အားလိုင်း ဖြန့်ဖြူးမှုစနစ်တိုးချဲ့ဆောင်ရွက်ခြင်းနှင့်အတူ ဘီလူးချောင်းလျှပ်စစ်ဓါတ်အား စီမံကိန်း(၁)နှင့် (၂) မှ လျှပ်စစ်ဓာတ်အား ၁၂၂၂ မဂ္ဂါဝပ်နှင့် သံတောင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစက်ရုံကို အဆင့်မြှင့်တင်ခြင်းတို့ဖြင့် မြဝတီနယ်စပ် ဒေသတွင်လျှပ်စစ်ဓာတ်အားကို ရရှိနိုင်မည်ဖြစ်ပါသည်။

မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း တိုးချဲ့အသုံးပြုမှုသည် မိုဘိုင်းစနစ်ဘဏ်လုပ်ငန်းနှင့် အင်တာနက်ဝန်ဆောင်မှုတို့မှ နယ်စပ်ဒေသကိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

စီးပွားရေးစကြံ့ဖွံ့ဖြိုးတိုးတက်မှုတွင် ပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး နှင့် ရေစသည်တို့ပါဝင်သော စီးပွားရေး အဆောက်အအုံအသစ် အဆင့်မြှင့်တင်ခြင်းနှင့် ဆောက်လုပ်ခြင်းများ ပါဝင်ပါသည်။ အိမ်ရာ၊ ရေစီမံခန့်ခွဲမှုစနစ်များ၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ပညာရေးနှင့် စီးပွားရေးများပါဝင်သော လူမှုရေး ဆိုင်ရာ အခြေခံအဆောက်အအုံသည် လုပ်သားအင်အား ကူးပြောင်းရေးကို အထောက်အကူဖြစ်စေရန် ဖွံ့ဖြိုးတိုးတက်မှုရှိရမည်ဖြစ်ပါသည်။ NCDP ကာလအတွင်း စကြံ့ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရန် စိန်ခေါ်မှုများရှိနေပါသည်။

## မဟာဗျူဟာ ၅-၄ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများလက်လှမ်းမီရရှိစေခြင်း

မြန်မာ့သမိုင်းတစ်လျှောက်တွင် ဖြစ်ပေါ်ခဲ့သည့် ဆူပူအုံကြွမှုများ၊ ဝင်ငွေ ခွဲဝေမှု နှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မညီမျှမှုများသည် လူမှုရေးဆိုင်ရာ စည်းလုံး ညီညွတ်မှုများနှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးရရှိစေမည့်ရေရှည်ဖွံ့ဖြိုးမှုများကို အဟန့်အတားဖြစ်စေခဲ့ပါသည်။

အိမ်ရာများ၊ သန့်ရှင်းသောသောက်သုံးရေရရှိမှု၊ ကောင်းမွန်သည့် မိလ္လာရေဆိုးထုတ်စနစ်စသည့် ပြည်သူ့ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိ ခံစားမှုများတွင် မညီမျှမှုများကို တွေ့မြင်ရပါသည်။ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လွှမ်းခြုံနိုင်မှု နှင့် စံနှုန်းများသည် ကျေးလက်ဒေသတွင် မညီမျှမှုများနှင့်ဆင်းရဲမှုကွာဟချက်များကို ဖြစ်စေပါသည်။

ဆင်းရဲမှုမှာ ပထဝီအနေအထားနှင့် ဆက်စပ်လျက်ရှိပြီးကျေးလက်ဒေသတွင် နေထိုင်သူ ၈၄ ရာခိုင်နှုန်းတွင် ဆင်းရဲသူဦးရေမှာ ၂၉ ရာခိုင်နှုန်းနှင့် မြို့ပြဆင်းရဲသူ ဦးရေမှာ ၁၆ ရာခိုင်နှုန်းရှိနေပါသည်။ ယင်းအချက်သည် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဆင်းရဲမှုနှုန်းကွာဟချက်ကို ဖော်ပြထားခြင်းဖြစ်ပြီး ချင်းပြည်နယ်တွင် ၇၃ ရာခိုင်နှုန်းနှင့် ကယားပြည်နယ် (မြဝတီ- မဲဆောက်) တွင် ၁၁ ရာခိုင်နှုန်းဆင်းရဲမှုရှိသည်ကိုတွေ့ရှိရပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ မညီမျှမှုကွာဟချက်များကို လျှော့ချရာတွင် စီးပွားရေး လုပ်ဆောင်မှုများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါပါသည်။

ပြည်သူ့ဝန်ဆောင်မှုများကိုအရည်အသွေး နှင့် အရေအတွက်အရ လုံလောက်စွာရရှိရန် မှာ ဝေးလံခေါင်ဖျားဒေသများနှင့် မဖွံ့ဖြိုးသေးသည့် ဒေသများ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုတွင် အလွန်အရေးပါပါသည်။ ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်လာခြင်းမှ ကုန်ထုတ်လုပ်နိုင်စွမ်း မြင့်မားသည့် လုပ်သားအင်အားတစ်ရပ်ကို ဖန်တီးရရှိနိုင်မည်ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်းအဆင့် ပညာရေး (အရည်အသွေး)၊ တတိယအဆင့် နည်းပညာရပ်များ၊ အလုပ်အကိုင်နှင့် စိုက်ပျိုးရေးဆိုင်ရာပညာရပ်များ တိုးမြှင့်ခြင်းဖြင့် လူမှုအဖွဲ့အစည်းများကို ဆင်းရဲမှုမှ ရုန်းထွက်နိုင်ရန် အကူအညီပေးနိုင်မည့် လက်နက်များဖြစ်လာပါသည်။

ပြည်သူ့ဝန်ဆောင်မှုများ အရည်အသွေးချို့တဲ့ခြင်း၏ အကြောင်းအရာသုံးခုမှာ (၁) အခြေခံအဆောက် အအုံရရှိမှု၊ (၂) လေ့ကျင့်ပေးထားသည့် အရည်အသွေးပြည့် လူသားအရင်းအမြစ်နှင့် (၃) ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ကွာဟမှုများကြောင့်ဖြစ်ပါသည်။

လက်ရှိတွင် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံ၏ အစိတ်အပိုင်းများဖြစ်သည့် ရေရရှိမှုစနစ်၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများ၊ ပညာရေးနှင့် သင်တန်းပေးမှုများဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ကျန်ရှိနေပါသေးသည်။ ကုန်ထုတ်လုပ်မှုစွမ်းရည်တိုးတက်လာပြီး ခေတ်မီလယ်ယာကဏ္ဍအား ပံ့ပိုးပေးနိုင်ရန်အတွက် ကျေးလက်လမ်းနှင့် တံတားများကိုချဲ့ထွင်ခြင်းနှင့် အဓိကစကြံလမ်းမကြီးများနှင့်ချိတ်ဆက်ရန်၊ ပြုပြင်ထိန်းသိမ်းခြင်းများ လိုအပ်ပြီး ကျောက်ခင်းလမ်း၊ ကွန်ကရစ်လမ်းများအဖြစ်ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပါသည်။

အထူးသဖြင့် ကျေးလက်ဒေသနှင့် ဝေလံခေါင်ဖျားဒေသရှိ လူသားအရင်းအမြစ်များ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အရည်အသွေးပြည့် လေ့ကျင့်သင်ကြားမှုများကို အခြားအာဆီယံနိုင်ငံများတွင် လေ့ကျင့်သင်ကြားမှုပုံစံများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အရည်အချင်းပြည့်ဝသည့် ဆရာဝန်များ နှင့် ကျောင်းဆရာများအားမက်လုံးပေးဆွဲဆောင်မှုများဖြင့် ယင်းဒေသများတွင် တာဝန်ထမ်းဆောင်ရန် နေရာချထားသော်လည်း မြို့ပြဒေသနှင့် နှိုင်းယှဉ်လျှင် လူမှုရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဝန်ဆောင်မှုများနိမ့်ကျပြီး အဆင်ပြေမှု မရှိသည့်အတွက် တာဝန်ထမ်းဆောင်ရန် ဝန်လေးနေကြပါသည်။ ယင်းအခြေအနေများအား ဖြေရှင်းရာတွင် ထိုင်းနိုင်ငံ၌ ကျင့်သုံးနေသည့်စနစ်ဖြစ်သော အလျှင်အမြန်ရာထူးတိုးပေးခြင်း နှင့် အရည်အချင်းကွာခြားမှုအရ ဆုပေးသည့် နည်းလမ်းများအတိုင်း ထူးချွန်မှုနှင့် ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများအားထိုက်တန်သည့် နေရာပေးမှုများ၊ တွန်းအားပေး လုပ်ဆောင်မှုများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ မူဝါဒများတွင် ထည့်သွင်း ဆောင်ရွက်မှု ပြုရမည်ဖြစ်ပါသည်။

အစိုးရသည် ရန်ပုံငွေကွာဟမှုကို တတ်နိုင်သမျှလျော့နည်းစေရန် ဘက်ညီသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် ပြဿနာများကို ဖြေရှင်းပေးရမည် ဖြစ်ပါသည်။ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အစိုးရ နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

**ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိမှု**

ဖွံ့ဖြိုးမှုနိမ့်ကျသည့် ဒေသများနှင့် အလှမ်းဝေးကွာသောဒေသများတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရန်အတွက် အရည်အသွေးနှင့် စွမ်းဆောင်ရည်ရှိသောဝန်ဆောင်မှုသည် အခြေခံသောအချက်ဖြစ်ပါသည်။ လူသားအရင်းအမြစ်၊ ဘဏ္ဍာရေးနှင့်ပထဝီအနေအထားအရ စိန်ခေါ်မှုများကို ဖြေရှင်းရန် ပွင့်လင်းမြင်သာစွာဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

ယင်းတို့ကိုအစိုးရ၏မူဝါဒများဖြင့် ရင်ဆိုင်ဖြေရှင်းရန် ကြိုးပမ်းရာတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပို၍ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ပြုရမည်ဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှု ကွာဟချက် လျော့နည်းစေရန် ဘက်လိုက်မှုကင်းသည့် ရင်နီးမြှုပ်နှံမှုများကို ခွင့်ပြုပေးရမည်ဖြစ်ပါသည်။

၎င်းမူဝါဒတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လူမှုစီးပွားကွာဟချက်များ လျော့နည်းစေရန် မြို့ပြနှင့်ကျေးလက်ဒေသတည်ရှိမှုအကြား ကျယ်ပြန့်သည့် မညီမျှမှုများနှင့်ဆက်စပ်နေသည့် အရည်အသွေးပြည့်ဝသည့် ပြည်သူ့ဝန်ဆောင်မှုများတွင် ပြည်သူတစ်ရပ်လုံးခံစားနိုင်ခွင့် ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ပထဝီအနေအထား အရ စဉ်းစားချက်**

ဝန်ဆောင်မှုလုပ်ငန်းများကို အညီအမျှဆောင်ရွက်ပေးရမည် ဖြစ်သော်လည်း ပထဝီအနေအထားအရ စီးပွားရေးအခွင့်အလမ်းများတွင် အကန့်အသတ်ရှိနေပြီး ဆင်းရဲမှုမြင့်မားသည့် ဒေသများတွင် ငွေကြေးထောက်ပံ့မှုများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုမှသည် ဒေသဆိုင်ရာ စီးပွားရေးအခွင့်အလမ်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ (ဥပမာ- ရေစီမံခန့်ခွဲမှုစနစ်တွင် လုပ်ငန်း လည်ပတ်ရန်နှင့်ရေထိန်းသိမ်းထားရှိနိုင်မည့် နည်းပညာများကျင့်သုံးပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ပထဝီအနေအထားအရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဖွံ့ဖြိုးမှု စီမံကိန်းများနှင့်အတူ တိုးတက်မှုမဟာဗျူဟာများ (သင်ရိုးညွှန်းတမ်းအသစ်များ စတင်သင်ကြားခြင်းမှတစ်ဆင့် အမျိုးသားပညာရေး ရည်မှန်းချက်များ) နှင့် နိုင်ငံအဆင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများကို ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအလိုက် ချဉ်းကပ်မှုနည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤသို့ဖြင့် ဒေသဆိုင်ရာစီမံကိန်းများနှင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် အမျိုးသားရေးမူဝါဒများတွင် ပါဝင်လာမည်ဖြစ်ပါသည်။

မဟာဗျူဟာအရအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုအကြောင်းအရာ(၃) ခုအပေါ်တွင် အလေးထားဆောင်ရွက်ရပါမည်။

- အခြေခံအဆောက်အအုံများဖြစ်သည့် ရေရရှိရေးစီမံခန့်ခွဲမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာ အလားအလာများကို အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အလှူရှင်များ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုတင်မျှော်မှန်း ပြင်ဆင်ခြင်း၊

- လေ့ကျင့်ပေးထားသည့် အရည်အသွေးရှိ လူသားအရင်းအမြစ်ရရှိရန် ကျွမ်းကျင်မှု အတွေ့အကြုံရှိသည့် အသက်မွေးဝမ်းကျောင်း ပညာရှင်များကို ဖိတ်ခေါ်ပြီး သင်တန်းပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်ပေးခြင်းတို့ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

- ပြည်သူ့ဘဏ္ဍာ ကွာဟချက်များကိုစီမံခန့်ခွဲခြင်း၊ အရည်အသွေးရှိပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ထောက်ပံ့ခြင်းနှင့် မညီမျှသည့် သုံးစွဲခွင့်များကို ဖြေရှင်းရန်မှာ အဓိကအချက်ဖြစ်ပါသည်။ ဘဏ္ဍာရေးအရင်းအမြစ် များသည် မြန်မာနိုင်ငံတွင် အကန့်အသတ်နှင့် ရှိနေပြီး ၂၀၂၅ ခုနှစ် တွင် အစိုးရအသုံးစရိတ်ကို ၁၀.၅ ရာခိုင်နှုန်းနှင့် ဘတ်ဂျက်လိုငွေ ၅ ရာခိုင်နှုန်းသာဖြစ်ရန် တင်းကြပ်သည့် ငွေကြေးမူဝါဒများဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်များ ချမှတ်ထားပါသည်။

အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းမှု

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ပုံငွေ လိုအပ်ချက်များလုံလောက်စွာ ရရှိရန် ကျွမ်းကျင်မှုမရှိသည့်အတွက် စွမ်းရည်ပြည့်ဝသည့် အချို့ဝန်ဆောင်မှု လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ သဘောတူစာချုပ်ချုပ်ဆို၍ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အစိုးရမှ ချမှတ်ထားသည့် မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရ၏မူဝါဒ ဆိုင်ရာခွင့်ပြုချက်ဖြင့် တရားဝင် ဖွံ့ဖြိုးမှုအကူအညီ(ODA) များရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ (၂၀၂၀ မှ ၂၀၂၅ ထိ) ကာလလတ်ဘောင်အတွင်း ရသုံးမှန်ခြေငွေစာရင်း (ဘတ်ဂျက်) အထောက်အပံ့အဖြစ် အသုံးပြုရန် တရားဝင် ဖွံ့ဖြိုးမှုအကူအညီပံ့ပိုးမှုများဖြင့် ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၅-၅ နိုင်ငံသားများ၏ ပြောရေးဆိုခွင့်နှင့်ပါဝင်ခွင့်တိုးမြင့်လာခြင်း

ဒေသဆိုင်ရာအစိုးရအဖွဲ့တွင် နိုင်ငံသားတို့၏ ပြောရေးဆိုခွင့်နှင့် ပါဝင်ခွင့် တိုးမြင့်လာ စေသောဒေသ၏လူမှုစီးပွားရေးအခြေအနေ တိုးတက်မှုကိုများစွာ ဖြည့်ဆည်း ပေးနိုင်မည့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးထားပါသည်။ ဤနည်းအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက်များကို လျော့နည်းစေရန် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ခေတ်နှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ တိုးတက် ကောင်းမွန်လာသည့် တရားစီရင်ရေးစနစ်များ၊ လူမှုအဖွဲ့အစည်းများ ပါဝင်မှုနှင့်အစိုးရ၏ စွမ်းဆောင်ရည် တိုးမြင့်ခြင်းများဖြင့် ပေါင်းစပ်ရေးဆွဲထားသည့် အမျိုးသားဘက်စုံဖွံ့ဖြိုးမှု စီမံကိန်း (NCDP) ကို အကောင်အထည်ဖော် ဆောင်ရွက်စဉ်ကာလအတွင်း မူဝါဒများ စဉ်ဆက် မပြတ်ဖော်ထုတ်လျက် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံသားတို့၏ ပြောရေးဆိုခွင့်နှင့် ပါဝင်ခွင့် တိုးမြင့်လာခြင်းဖြင့် မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များကို ပံ့ပိုးဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဒီမိုကရေစီ အုပ်ချုပ်မှုတွင် အစိုးရ နှင့် အဖွဲ့အစည်းများကြား ကန့်သတ်ထားခြင်း မရှိသည့် ပြည်သူအားလုံးပါဝင်သည့် အခြေအတင်ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ရန် အတွက် ထိရောက်မှုရှိသော အုပ်ချုပ်မှုယန္တရားဖြင့် ဒီမိုကရေစီကို အခြေခံသည့် နေရာ တစ်ခုဖြစ်ရန်လိုအပ်ပါသည်။

ဒီမိုကရေစီကို အခြေခံသည့်နေရာကို ကျယ်ပြန့်စေရာတွင် အခြေခံကျကျနှင့် နှစ်ဦးနှစ်ဖက် အထောက်အကူပေးမှုများဖြင့် ကွာဟချက် အဆင့်မြင့်မားမှုလျော့ပါးစေရန် ဖြည့်ဆည်းပေးနိုင်မည့် ကောင်းမွန်သည့်အုပ်ချုပ်မှု ရှုထောင့် နှစ်ခုဖြစ်သော အားလုံးပါဝင် နိုင်မှုနှင့် ပြန်လည်တုန့်ပြန်မှုရှိသည့် အဖွဲ့အစည်းများမှ ကူညီနိုင်မည်ဖြစ်ပါသည်။ ပြည်သူများ

၏ ပြောရေးဆိုခွင့်နှင့် နိုင်ငံ၏ တုန့်ပြန်နိုင်မှုများအကြား ဒီမိုကရေစီအခြေခံ လုပ်ဆောင်မှုကို တိုးမြှင့်ရန်ပိုမိုထိရောက်သည့် လုပ်ဆောင်မှု ယန္တယား တည်ဆောက်ရာတွင် မူဝါဒများကို ကာလတို (၂၀၁၅ခုနှစ်) တွင် ဆောင်ရွက်ရမည်ဖြစ်ပါ သည်။

ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲမှုများကို (၁) ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ (၂) သတင်းမီဒီယာဥပဒေ၊ (၃) ရုပ်သံထုတ်လွှင့်မှုဥပဒေနှင့် (၄) ပြည်သူ့ဝန်ဆောင်မှု သတင်းမီဒီယာဥပဒေများအပါအဝင် အနည်းဆုံးဥပဒေအသစ် (၆) ခုဖြင့် ၂၀၁၅ ခုနှစ်တွင်ပြဋ္ဌာန်းပေးရမည်ဖြစ်ပါသည်။ ယင်းဥပဒေများမှပြည်သူ့ဝန်ဆောင်မှု သတင်းမီဒီယာ လွပ်လပ်ခွင့်နှင့် ထင်မြင်ချက်များ ရှင်းလင်းထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံသားများရရှိလာမည်ဖြစ်ပါသည်။

**ဒီမိုကရေစီနယ်ပယ်**

ဒီမိုကရေစီနယ်ပယ်ဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူများအကြား အပြန်အလှန်တာဝန်ယူမှု၊ အခြေ အတင်ဆွေးနွေးချက်များ၊ နိုင်ငံရေး ကိစ္စများတွင် မိမိတို့၏ ထင်မြင်ယူဆချက်များ နှင့် ဆန္ဒများကို ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိခြင်းများစသည်တို့ ဖြစ်ပါသည်။

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ဒေသဆိုင်ရာ အစိုးရအဆင့်များ၏ ဝန်ဆောင်မှုပေးခြင်းများတွင် သမိုင်းတလျှောက်ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းလုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်းအစိုးရမှအသိအမှတ်ပြုထား ပြီးပြည်သူ့ဝန်ဆောင်မှုပေးရာတွင် ဒေသဆိုင်ရာအစိုးရများကိုစနစ်တကျ ပံ့ပိုးပေးရန် အလှူရှင်များ၏ ရန်ပုံငွေအခြေပြု လုပ်ငန်းစီမံချက်များဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အခွင့်အရေးကို ချဉ်းကပ်မှုနည်းလမ်းနှင့် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းတို့ တွင် အခြေခံလျက်၏ အာမခံချက်ပေးနိုင်ရေးအတွက် နိုင်ငံတကာအကူအညီအထောက်အပံ့များရရှိရန် လိုအပ်သည့် နယ်ပယ်ဇရိယာများတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ဝန်ဆောင်မှုဆိုင်ရာ နည်းလမ်းများအရ ကာလတိုမှ ကာလတ်သို့ ဆက်လက် အထောက်အကူပြုနေမည်ဖြစ်ပါသည်။

တိုးတက်လာသည့်စွမ်းဆောင်ရည်နှင့် သယံဇာတရင်းမြစ်ကို အသုံးပြုသည့်အခါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံကိန်းများတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ထောက်ခံမဲဆွယ်စည်းရုံးရန်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများဖြင့် အစိုးရမှ တွန်းအားပေးလုပ်ဆောင်ရမည်ဖြစ်ပါသည်။

ပြည်သူများ၏ဘဝရပ်တည်မှုတွင် အမျိုးသမီးများပါဝင်လာရန် တွန်းအားပေးဆောင်ရွက်ခြင်းသည် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်သည့် အမျိုးသမီးများဘဝတိုးတက်စေမည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂ -NSPAW) မှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**အမျိုးသမီးများ၏ အခန်းကဏ္ဍပါဝင်မှု**

အစိုးရသည် မြန်မာနိုင်ငံဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုပါဝင်လာရေးအတွက် အမျိုးသမီးများအဆင့်တိုးမြှင့်ရေးအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို NCDP ကာလအတွင်း အပြည့်အဝကာင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။


ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှု မြှင့်တင်ရန်ရည်ရွယ်၍ ကြားဝင်ဆောင်ရွက်ခြင်းကို ကာလတိုတိကျသော အမျိုးသားမူဝါဒ ချမှတ်၍ နိုင်ငံတော်မှ ပြည်သူတို့၏ အသံတိုးမြှင့်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၂၀ခုနှစ်တွင် စနစ်များ၊ စွမ်းရည်သတ္တိများကို စတင်ထူထောင်ပေးရာတွင် (၁) ပြည်သူ့ဝန်ဆောင်မှုနှင့် အခွင့်အလမ်းခွဲဝေမှုဆိုင်ရာနိုင်ငံသားများ၏ ပဋိညာဉ်စာတမ်း (၂) ဥပဒေသစ်ပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံသားများ၏ တိုင်ကြားချက်များကို ပြုပြင်၍ အထောက်အပံ့ပေးရေး၊ (၃) ပြည်သူများ၏ အခွင့်အလမ်းအရ ငွေလုံးငွေရင်းဘတ်ဂျက် အသုံးစရိတ်များကို ပွင့်လင်းမြင်သာမှုရှိစေရန် မီဒီယာအမျိုးမျိုးကို အသုံးပြု၍ ပြည်သူ့ ဘဏ္ဍာရေးအစီရင်ခံစာမှတဆင့်ပြည်သူများသိရှိစေရေး၊ (၄) ပြည်သူ့ရေးရာတွင် အမျိုးသမီးများ၏ဘဝ ပိုမိုပါဝင်လာရေးနှင့် ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် တက်တက်ကြွကြွပါဝင်လာစေရေး၊ (၅) ဒေသဆိုင်ရာအစိုးရ စီမံကိန်းကော်မတီကို ပိုမိုကောင်းမွန်စေရန် စီမံကိန်းတွင် ပါဝင်သူများနှင့် အလေ့အကျင့်များမြှင့်တင်ပေးရေးတို့ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမျှော်မှန်းရလဒ်များ

တိုင်းဒေသကြီး၊ ပြည်နယ်များအကြားကွဲပြားခြားနားမှုသည် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် စီးပွားရေးအခွင့်အလမ်းများ၊ အုပ်ချုပ်မှုစနစ်ကောင်းမွန်မှုများ၊ နိုင်းယှဉ်အကျိုးကျေးဇူးများကို အသုံးပြုဆောင်ရွက်ချက်များတွင် စိန်ခေါ်မှုများရှိနေပါသည်။ ဤမဟာဗျူဟာသည် လူမှုဘဝကောင်းကျိုးများဖြစ်သည့် စီးပွားရေးအခွင့်အလမ်းများ ရရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ် အဆင့်အတန်းတိုးမြှင့်ရရှိမှုတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

တာဝန်သိမှုနှင့်ပွင့်လင်းမြင်သာမှုရှိရေးအတွက် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်မှုတိုးတက်လာခြင်း၊ အစိုးရ၏တာဝန်ခံမှုရှိခြင်း၊ ပြည်သူ လူထုနှင့် လူမှုအဖွဲ့အစည်းများတွင် ချိတ်ဆက်မှု တိုးမြင့်လာခြင်းတို့သည် ယုံကြည်မှု တည်ဆောက်ရာတွင် အထောက်အပံ့အဖြစ် အဓိက တိုးတက်မှုရလဒ်များဖြစ်လာမည်ဖြစ် ပါသည်။

ယေဘူယျအားဖြင့် မဟာဗျူဟာများကို အကောင်အထည်ဖော်ခြင်းသည် စီးပွား ရေး အခွင့်အလမ်းများဖန်တီးခြင်း၊ အတူးသဖြင့်ပညာရေး၊ ကျန်းမာရေး၊ ရေကောင်း ရေသန့်ရရှိရေး၊ မိလ္လာစနစ်ကောင်းမွန်ရေးစသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ အရည် အသွေးတိုးတက်လာခြင်းအပေါ် မူတည်ပါသည်။ သို့ရာတွင် အစိုးရသည် ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်တိုးမြှင့်ရန်အတွက် အခွန်ဘဏ္ဍာများတိုးတက်မှုရရှိရန် လိုအပ်သောနေရာ များသို့ ခွဲဝေထောက်ပံ့ရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အချက်များနှင့် ဆက်စပ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စီမံကိန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် ထားရှိ ရမည်ဖြစ်ပါသည်။




ပုံ-၅-၃၅
ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဆွဲရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)



## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု မြှင့်တင်ရေး

မြန်မာနိုင်ငံအား မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဆင်းရဲမှု မြင့်မားခြင်းကို ခံစားနေရသော ဒေသတွင်း အဆင်းရဲဆုံးနိုင်ငံ အဖြစ် သတ်မှတ်ထားပါသည်။ ပြည်သူလူထုအား ဆင်းရဲမှုမှ လွတ်မြောက်ရန် လူ့စွမ်းအား အရင်းအမြစ်ပံ့ပိုးမှုနှင့် စာတတ်မြောက်မှုနှုန်းမြင့်မားရေး၊ စီးပွားရေးအခွင့်အလမ်း ဖန်တီးပေးခြင်းတို့အပေါ် တည်ဆောက်ပေးခြင်းဖြင့် ကြီးမားသောအစိတ်အပိုင်းအဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှု မြှင့်တင်ခြင်းဖြင့် စဉ်ဆက်မပြတ်ထုတ်လုပ်မှုများ တိုးတက်ဖြစ်ပေါ်စေ၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူ့အဖွဲ့အစည်း တစ်ရပ်လုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုဘဝ သာယာဝပြောရေးအတွက် တိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

# မဟာဗျူဟာ ၆ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုမြင့်တင်ရေးနှင့်ဆင်းရဲမှုလျှော့ချရေး

မြန်မာနိုင်ငံသည် ဆယ်စုနှစ်နှင့်ချီ၍ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းနှင့် ကင်းကွာခဲ့ပြီး ပြည်တွင်းပဋိပက္ခများကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အရှေ့တောင်အာရှ၏ အဆင်းရဲဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ခဲ့သည်။ နိုင်ငံတော် အစိုးရမှ ဆင်းရဲမှုလျှော့ချရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လိုအပ်ချက်တစ်ရပ်အနေဖြင့် ရှင်းလင်းစွာ အသိအမှတ်ပြုထားပါသည်။

ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက် ပန်းတိုင်များ တိုးတက်မှု အစီရင်ခံစာ ၂၀၁၃ နှင့် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေဘက်စုံ စစ်တမ်း IHLCA ၂၀၁၀ တို့၏ ညွှန်ပြချက်အရ မြန်မာနိုင်ငံ၏ လူဦးရေ ၂၅%သည် ဆင်းရဲမှုပြမျဉ်း အောက်တွင် ရှိနေပြီး ၎င်းတို့အနက် ကျေးလက်နေလူဦးရေ၏ ၈၄%သည် ဆင်းရဲကြောင်း ဖော်ပြထားပါသည်။ ကျေးလက်ဒေသ၏ ဆင်းရဲမှုနှုန်းသည် ၂၉% ရှိပြီး မြို့ပြ၏ ဆင်းရဲမှု နှုန်း ၁၅% ထက် (၂) ဆနီးပါးရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံလူဦးရေ စုစုပေါင်းသည် ၂၀၁၁ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂစာရင်းအရ ၅၂.၃၈၃ သန်းရှိပြီး ကျေးလက်ဒေသတွင် နေထိုင်သူများမှာ လူဦးရေ၏ ၇၀% ကို ကိုယ်စားပြုကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ၂၅% သော ဆင်းရဲမှု ပျံ့နှံ့မှု သည် ကျေးလက်ဒေသတွင် ကျယ်ပြန့်စွာ တည်ရှိနေကြောင်း တွေ့ရှိရပါသည်။ အစောပိုင်းကာလများက စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု မညီမျှမှုများကြောင့် ဆင်းရဲမှုမှာ နိုင်ငံအနှံ့ ကွဲပြားစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဆင်းရဲမှုလျှော့ကျလာပြီး IHLCA စစ်တမ်းလေ့လာတွေ့ရှိချက်တွင် မြန်မာနိုင်ငံလူဦးရေ၏ အဆင်းရဲဆုံး ၃၀% မှာ အခြေခံ စားသုံးမှု တိုးတက်လာကြောင်း ဖော်ပြထားပါသည်။

၂၀၁၃ခုနှစ် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ အစီရင်ခံစာ (UNDP) မှ ၂၀၀၅ ခုနှစ် နှင့် ၂၀၁၀ ခုနှစ်များအတွင်း ဆင်းရဲမှုလျှော့ချရေးတွင် မြန်မာနိုင်ငံသည် ထူးခြားစွာ ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားပါသည်။ ၂၀၀၅ ခုနှစ် UN အချက်အလက်ကို အခြေခံ၍ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်တွင် ဆင်းရဲမှုနှုန်းကို ၁၆% ထိ တစ်ဝက်တိတိလျှော့ချရန် ရည်မှန်းထားပါသည်။ မူဝါဒချမှတ်သူများနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများကို ပံ့ပိုးပေးခြင်းဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ရှိ ဆင်းရဲမှုလျှော့ချရေး သတ်မှတ်ချက်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စိန်ခေါ်မှုများဖြစ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အောက်ပါလုပ်ငန်းများဖြင့် ရင်ဆိုင်ကျော်လွှား သွားမည်ဖြစ်ပါသည်- (၁) ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် တိုးတက်မှုကို စဉ်ဆက်မပြတ်ရရှိစေရန် ထိန်းထားခြင်း၊ (၂) အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများ ဖန်တီးခြင်း၊ (၃) ထိခိုက်ခံစားလွယ်သူများအတွက် လူမှုဘဝလုံခြုံမှုနှင့် လူမှုရေးကာကွယ်မှုများပေးခြင်း၊ (၄) အုပ်ချုပ်ရေး ကဏ္ဍတွင် ပြည်သူများ ပူးပေါင်းပါဝင်စေ၍ ဗဟိုချုပ်ကိုင်မှုများ ဖြေလျှော့ခြင်းဖြင့် ဆောင်ရွက် မည့် ဒေသစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာများ၊ ဖွံ့ဖြိုးမှုမူဝါဒများမှတဆင့် ၂၀၃၀ ပြည့်နှစ်ကာလအတွင်း ပြည်သူများ၏လူမှုဘဝကောင်းကျိုးများကို တိုးတက်ရရှိ စေမည်ဖြစ်ပြီး ဆင်းရဲသူများအတွက် ဖွံ့ဖြိုးမှုကိုရရှိစေခြင်း၊

**ညီမျှသော ဖွံ့ဖြိုးမှု**

မညီမျှမှုနှင့် လူမှုစီးပွားကွာဟချက်များကြောင့် ဘေးဖယ်ခံလူတန်းစားများအတွက် ဖွံ့ဖြိုးမှုအခွင့်အလမ်းများ နှင့် ပတ်သက်၍ လူမှုရေး ဆူပူမှုများ ဖြစ်စေပါသည်။ အထူးသဖြင့် အသွင်ကူးပြောင်း ရေးကာလများတွင်ဖြစ်ပါသည်။ အစိုးရ၏ ဖွံ့ဖြိုးမှုမူဝါဒများ၊ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုများ၊ စီမံကိန်းရေးဆွဲမှုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှစေရန် လိုအပ်မည်ဖြစ်ပါသည်။

ဆင်းရဲမှုလျော့ချရေး လုပ်ဆောင်ချက်တစ်ခုအနေဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် အောက်ပါမူဝါဒ လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်ရန် သမ္မတ ဦးသိန်းစိန်က လမ်းညွှန်ခဲ့ပါသည်-

- လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
- သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊
- ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
- အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
- သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊
- ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေး၊

## ဆင်းရဲသောအိမ်ထောင်စုများ၏သွင်ပြင်လက္ခဏာများ

အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံအခြေအနေ လေ့လာမှုစစ်တမ်း အစီရင်ခံစာမှ တွေ့ရှိချက်များအရ ဆင်းရဲသော အိမ်ထောင်စုဝင်များ၏ စီးပွားရေးလုပ်ငန်းများ၊ မြေယာပိုင်ဆိုင်မှု၊ ရေရရှိမှု၊ အိုးအိမ်ပိုင်ဆိုင်မှု၊ ရေနှင့်မိလ္လာစနစ်ကောင်းမွန်မှု၊ ကျန်းမာရေးနှင့် အဟာရပြည့်ဝမှု ပညာရေးစသည့် အချက်များအပေါ် အခြေခံ၍ တိုင်းတာတွက်ချက်ပါသည်။ အဆိုပါစစ်တမ်းတွေ့ရှိချက်အရ ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုများပြီး မိသားစုဝင်များသည့် ဝင်ငွေနိမ့်ကျသော ကျပန်း အလုပ်များကို လုပ်ကိုင်နေကြရပါသည်။

| | ဆင်းရဲမှု | မဆင်းရဲမှု |
|---|---|---|
| **မြေယာ** | | |
| လယ် အရွယ်အစား | ၄.၄ ဧက | ၇.၃ ဧက |
| မြေယာမဲ့ | ၃၄% | ၁၉% |
| **ဝန်ဆောင်မှု ရရှိခြင်း** | | |
| အိမ်ရာ | ၃၂% | ၅၉% |
| သန့်ရှင်းသောရေ | ၆၂% | ၇၂% |
| မိလ္လာစနစ် | ၇၂% | ၈၄% |
| လျှပ်စစ်မီး | ၂၈% | ၅၅% |
| **ပညာရေး** | | |
| စာတတ်မြောက်မှု* | ၈၄% | ၉၃% |
| အောင်မြင်မှု* | ၂၂% | ၄၀% |
| မူလတန်း** | ၇၅% | ၃၇% |

* အိမ်ထောင်စု
** ပညာရေးအောင်မြင်မှု၊ ကျေးလက် - မြို့ပြ

ဇယား ၅-၁၀ ဆင်းရဲမှုအချက်အလက်များ
ဇာစ်မြစ်၊ UNDP IHLCA (၂၀၁၀)

ဆင်းရဲမှုအကျိုးဆက်များကို ကလေးနှင့်အမျိုးသမီးများတွင် ပိုမိုခံစားရပြီး အထူးသဖြင့် ဆင်းရဲမှုသံသရာတွင် ထိခိုက်ခံစားလွယ်မှု အရှိဆုံးဖြစ်ခြင်း၊ အဟာရချို့တဲ့ခြင်း၊ သားဖွားမီခင်ကျန်းမာရေး စောင့်ရှောက်မှုနိမ့်ကျခြင်း၊ သားဖွားမိခင် သေဆုံးမှုနှုန်း မြင့်မားခြင်းတို့ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံသည် သားဖွားမိခင်သေဆုံးနှုန်း၊ မွေးကင်းစကလေး သေဆုံးနှုန်း၊ ၅ နှစ်အောက်ကလေး သေဆုံးနှုန်းတို့ အမြင့်ဆုံးဖြစ်ပါသည်။ ကျေးလက်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ကန့်သတ်ချက်ရှိနေခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေး နိမ့်ကျခြင်းတို့ကြောင့် သားဖွားမိခင်သေဆုံးနှုန်းသည် မြို့ပြထက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။

ကျား၊ မ ခွဲခြားထားသောစာရင်းများ မရှိသောကြောင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးမူဝါဒတွင် အမျိုးသမီးများ၏ လိုအပ်ချက်ကို သီးခြားဖော်ပြထားခြင်းမရှိကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်အတွက် မိုက်ခရို အဆင့်များတွင် ကျား၊ မ ဆိုင်ရာစာရင်းများကောက်ယူခြင်းသည် NCDP ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွင် အဓိကကျသောအချက်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ရည်မှန်းထားသည့် MDG ရည်မှန်းချက်များ ရရှိရန်အတွက် အစိုးရသည် ၂၀၁၀ ခုနှစ်မှစ၍ မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အလွန်တွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးစသည့် အရေးကြီးသော ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်အလွန်မှ ၂၀၂၀ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

| | ၂၀၁၀ | ၂၀၁၅ |
|---|---|---|
| ဝတ်မွတ်မှုနှင့် ဆင်းရဲမှု | ထက်ဝက်လျော့ချရန် | |
| အသားတင်ကျောင်းဝင်နှုန်း (အလယ်တန်း) | ၄၆.၄% | ၇၀% |
| ၅ နှစ်အောက်ကလေးသေဆုံးနှုန်း (အရှင်မွေး ၁၀၀၀လျှင်) | ၆၆% | |
| မွေးကင်းစကလေးသေဆုံးနှုန်း | ၅၀ | ၂၈.၃ |
| သားဖွားမိခင်သေဆုံးနှုန်း (၁၀၀၀၀၀ လျှင်) | ၂၀၀ | ၁၀၅ |
| လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှု၊ (လယ်ယာကဏ္ဍမဟုတ်) | ၃၅.၇% | ၅၅% |
| ငှက်ဖျားရောဂါကျဆင်းမှုနှုန်း (လူ ၁၀၀၀၀၀ လျှင်) | ၇,၉၄၃ | ၄,၀၀၀ |
| ကျေးလက်ဒေသ သန့်ရှင်းသောရေရရှိရေး | ၇၈% | ၉၀% |
| သစ်တောဖုံးလွှမ်းမှု | ၄၈.၃% | ၆၈% |

ဇယား ၅-၁၁ လူသားအရင်းဖွံ့ဖြိုးမှု ရည်မှန်းချက်များ၊ ဇာစ်မြစ်၊ UN,MCDV-ERIA (၂၀၁၄)

## စီးပွားရေးတိုးတက်မှု၏အရေးပါမှု

လွန်ခဲ့သော နှစ် ၂၀ ကာလအတွင်း အာရှနိုင်ငံအချို့၏ ဆင်းရဲမှုလျော့ချခြင်းနှင့် တိုးတက်မှုနှုန်းဖော်ပြချက်တွင် နိုင်ငံများသည် စီးပွားရေးတိုးတက်မှုရှိပြီး ဆင်းရဲမှုလျော့ချရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်းအောက်ပါဇယားတွင်တွေ့ရှိရပါသည်။ ထိုအချက်များအရ မြန်မာနိုင်ငံသည် ဆင်းရဲမှုလျော့ချနိုင်ရန်အတွက် နှစ်စဉ်တိုးတက်မှုနှုန်း ၇% ခန့်ရှိရ မည်ဖြစ်ပါသည်။

| နိုင်ငံ | နှစ်စဉ်တိုးတက်မှုနှုန်း | ဆင်းရဲမှုမျဉ်းအောက်ရှိလူဦးရေ (%) (တစ်နေ့ဒေါ်လာ ၁.၂၅) | | ပြောင်းလဲမှုနှုန်း (%) |
|---|---|---|---|---|
| တရုတ် | ၉.၃၀(၁၉၈၉ မှ ၂၀၁၀) | ၆၀.၂ (၁၉၉၀) | ၁၅.၉ (၂၀၀၅) | ၇၃.၆ |
| အိန္ဒိယ | ၈.၃၇(၂၀၀၄ မှ ၂၀၁၀) | ၄၉.၄ (၁၉၉၄) | ၄၁.၆ (၂၀၀၅) | ၁၅.၈ |
| လာအို | ၈.၃၄ (၂၀၀၀ မှ ၂၀၀၃) | ၅၅.၇ (၁၉၉၂) | ၄၄.၀ (၂၀၀၂) | ၂၁.၀ |
| ကမ္ဘောဒီးယား | ၈.၀၉ (၂၀၀၀ မှ ၂၀၀၉) | ၄၈.၆ (၁၉၉၄) | ၂၅.၈ (၂၀၀၇) | ၄၆.၉ |
| ဗီယက်နမ် | ၇.၂၆ (၂၀၀၀ မှ ၂၀၀၃) | ၆၃.၇ (၁၉၉၃) | ၂၁.၅ (၂၀၀၆) | ၆၆.၂ |
| ဘင်္ဂလားဒေ့ရှ် | ၅.၃၆ (၁၉၉၂ မှ ၂၀၀၈) | ၆၆.၈ (၁၉၉၂) | ၄၉.၆ (၂၀၀၅) | ၂၅.၇ |
| မြန်မာ* | ၅.၀၁ (၂၀၀၄ မှ ၂၀၀၉) | ၃၂.၀ (၂၀၀၅) | ၂၅.၆ (၂၀၁၀) | ၂၀ |

* တိုးတက်မှုနှုန်းနှင့် ဆင်းရဲမှုနှုန်းသည် ၂၀၁၄ လူဦးရေစာရင်းပေါ်မူတည်၍ ပြန်လည်စိစစ်ရမည်ဖြစ်ပါသည်။

ဇယား ၅-၁၂ အာရှနိုင်ငံအချို့၏ တိုးတက်မှုနှုန်းနှင့် ဆင်းရဲမှုနှုန်း၊ ဇာစ်မြစ်၊ အာရှအတွက် ADB ၏ ညွှန်းကိန်းများ(၂၀၁၀)

သို့သော်လည်း တိုးတက်မှုနှုန်းတစ်ခုတည်းဖြင့် ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်ကို ရရှိနိုင်မည်မဟုတ်ပေ။ သင့်လျော်သည့် အချိန်ကာလအတွင်း စဉ်ဆက်မပြတ်နှင့် ပြည်သူတရပ်လုံး ရရှိခံစားမှုရှိရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ သဘာဝအရင်းအမြစ်များပြုန်းတီးမှုမရှိစေမည့် တိုးတက်မှုနှုန်းအတွက် ပြည်သူတရပ်လုံးရရှိခံစားနိုင်မည့်မဟာဗျူဟာလိုအပ်မည်ဖြစ်ပါသည်။

NCDP ၏ရည်ရွယ်ချက်ဖြစ်သည့် ပြည်သူတရပ်လုံးရရှိခံစားနိုင်မည့် တိုးတက်မှုတွင် အောက်ပါအချက်များထည့်သွင်းစဉ်းစားထားပါသည်-

- လုပ်ငန်းစဉ်- အခွင့်အလမ်းအားလုံးတန်းတူ ညီမျှရရှိစေမည့်အပြင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွင် ခွဲခြားမှုမရှိသည့် လုပ်သားအခြေပြုတိုးတက်မှုများ ဖြစ်စေရန်၊

- မျှော်မှန်းရလဒ်- ဆင်းရဲမှုကိုဖြစ်စေသည့် အကြောင်း (၂) ရပ်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ (က) လုံးဝဆင်းရဲမှုကို ဖြစ်စေခြင်း- ဆိုလိုသည်မှာ ဝင်ငွေနိမ့်ကျမှု ဆက်လက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ (ခ) အတန်အသင့် ဆင်းရဲမှုကို ဖြစ်စေခြင်း- ဆင်းရဲသူများ၏ ဝင်ငွေသည်လည်း အတန်အသင့် ဆင်းရဲသူများကဲ့သို့ အချိုးတူမြင့်မားလာခြင်းဖြစ်သည်။ ဤသို့ဖြင့် ဝင်ငွေမညီမျှမှုများ လျော့နည်းလာစေမည်ဖြစ်ပါသည်။ ပြည်သူတရပ်လုံးရရှိခံစားနိုင်သော တိုးတက်မှု ရလဒ်အနေဖြင့် နေရာဒေသခွဲခြားမှု၊ တိုင်းရင်းသားမျိုးနွယ်စုခွဲခြားမှု၊ ကျား၊မ ခွဲခြားမှုများ လျော့ကျစေရန်၊

ကျေးလက်ဒေသစီးပွားရေး အလုံးစုံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့်မဟာဗျူဟာတွင် အောက်ပါချိတ်ဆက်မှုမဏ္ဍိုင် (၄) ရပ်ပါဝင်ပါသည်-

- လူမှုစီးပွား အကျိုးဖြစ်ထွန်းမှု မရှိသေးသည့်နယ်ပယ်များနှင့် ကျေးလက်ဒေသများတွင် အခြေခံပြည်သူ့ဝန်ဆောင်မှုကောင်းများ စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်ရေး၊
- နေရာဒေသအလိုက်ခွဲခြား၍ ပြည်သူ့ဝန်ဆောင်မှုပေးခြင်းကိုလျှော့ချပြီး အရည်အသွေးရှိသော ပြည်သူ့ဝန်ဆောင်မှုများ ပြည်သူတရပ်လုံးရရှိခံစားနိုင်မှု တိုးမြှင့်ရေး၊
- ကျား၊ မ ခွဲခြားမှုမရှိဘဲ ပြည်သူတရပ်လုံး အလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေး အခွင့်အလမ်းရရှိမှု စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေး၊
- အစိုးရလုပ်ငန်းများတွင် ပြည်သူတရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးမြှင့်ရေး၊

အထက်ဖော်ပြပါ မဏ္ဍိုင် (၄) ရပ်ကို အကောင်အထည်ဖော်ရန် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဲ့သို့သော အပြန်အလှန် ချိတ်ဆက်မှုရှိသည့် မဟာဗျူဟာ (၂) ရပ်ကို အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

- ထိခိုက်ခံစားလွယ်သော အုပ်စုများအတွက် ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများ နှင့် သဘာဝ ဘေးအန္တရာယ်ကျရောက်မှုများ လျော့ပါးသက်သာစေရန် လူမှု ကာကွယ်ပေးရေး နှင့် လူမှုဘဝလုံခြုံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

- ကျား၊ မ တန်းတူညီမျှအခွင့်အရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ရရှိရန်၊ (၁) အခွင့်အလမ်းကောင်းများပေါ် ထွန်းလာရေးနှင့် တိုးတက်မှုပုံစံများ ကို စိစစ်ခြင်း၊ (၂) လယ်ယာ ကုန်ထုတ်လုပ်မှုစွမ်းအားများ၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများနှင့် လယ်ယာမဟုတ် သောအခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် လွှမ်းမိုးမှု ရှိနေသော ချိတ်ဆက်မှုများကို ကြိုတင်ခန့်မှန်းခြင်း၊

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များ




NCDP ၏ အဓိကရည်ရွယ်ချက်ဖြစ်သော ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ဆင်းရဲမှုလျှော့ချရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆင်းရဲမှုနှင့် မညီမျှမှုသည် အဓိက ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်ဖြစ်ကြောင်း မဟာဗျူဟာ (၆) တွင်ဖော်ပြထားပါသည်။ စီးပွားရေး အခြေအနေကောင်းများဖြစ်ပေါ်စေရန် (၁) အရည်အသွေးမြင့်ပြည်သူ့ဝန်ဆောင်မှုများ ရရှိရေး ဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများတွင် ရင်းနှီးမြှုပ်နှံရန် အစိုးရ၏ ရငွေများ အချိန်နှင့်အမျှ တိုးမြှင့်ရရှိရေး၊ (၂) သုံးစွဲမှု အဆင့်မြင့်မားလာခြင်းဖြင့် ရငွေများ တိုးမြှင့်ရရှိစေရေး၊ (၃) ပြည်သူလူထုလူမှုဘဝ ကောင်းကျိုးများ ခံစားရရှိစေရန်အတွက် အခြားအရင်းအမြစ်များ (သို့မဟုတ်) အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ မှတဆင့် ပုဂ္ဂလိက ဝန်ဆောင်မှုများတိုးမြှင့်ရရှိစေရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရန်အတွက် ဒီမိုကရေစီစနစ် ပြည့်ဝစွာဆောင်ရွက်မှုနှင့် ယုံကြည်စိတ်ချနိုင်ဖွယ်ရှိသည့် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများ လိုအပ်မည်ဖြစ်ပါသည်။ ဒေသဆိုင်ရာအစိုးရများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော ဝန်ဆောင်မှုများပေးခြင်း၊ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိစေခြင်း၊ ဘတ်ဂျက်တိုးမြှင့် ရရှိစေခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ခြင်း ကဲ့သို့သော ကနဦး ဆောင်ရွက်ချက်များကို ကျယ်ပြန့်စွာဆောင်ရွက်ခြင်းဖြင့် လက်ရှိတွင် လူမှုဘဝ ကောင်းကျိုး ခံစားရရှိမှု ကွာဟချက်ကြီးမားနေခြင်းကို လျှော့ချနိုင်မည်ဖြစ်ပါသည်။


တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုသည် NCDP တွင်ပါဝင်သော အခြားမဟာဗျူဟာများကဲ့သို့ အရေးကြီးပါသည်။ လူ့အခွင့်အရေး ကာကွယ်ရန်အတွက် တက်ကြွသော မူဝါဒများချမှတ်ခြင်းဖြင့် အဓိက စီးပွားရေးတွင် ဘေးဖယ်ခံအုပ်စုများပြန်လည်ပေါင်းစည်းဆောင်ရွက်ရေးကို မြှင့်တင်နိုင် မည်ဖြစ်ပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုတိုးမြှင့်ခြင်းကို အထောက် အပံ့ပေးခြင်း၊ အရည်အသွေးရှိ အခြေခံဝန်ဆောင်မှုများပေးစွမ်းခြင်း၊ စီးပွားရေးလုပ် ဆောင်ချက်များဖန်တီးပေးခြင်း မှတဆင့် လူမှုစီးပွားအကျိုးခံစားခွင့်ရရှိမှုနည်းပါးသည့် လူ့အဖွဲ့အစည်းများအတွက် လူမှုဘဝကောင်းကျိုး များကို တိုးမြှင့်ရရှိစေမည်ဖြစ်ပါသည်။

မဟာဗျူဟာ (၆)သည် (၁) ဆင်းရဲမှုနှင့်မညီမျှမှုလျှော့ချခြင်း၊ (၂) ဒေသတွင်းကွာဟ ချက်လျှော့ချခြင်း၊ (၃) အစိုးရအဖွဲ့အဆင့်တိုင်း၏ အားနည်းချက်များကို ဖော်ထုတ်ခြင်း စသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များအပေါ်တွင်လည်း အကျိုးသက်ရောက် စေမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ခြုံငုံသုံးသပ်ချက်

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးသည် NCDP ကာလတလျှောက်နိုင်ငံတော်အဆင့် ဆက်လက်ဆောင်ရွက်ရမည့် ဦးစားပေး အစီအစဉ် ဖြစ်ပါသည်။ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုစိန်ခေါ်ချက်များကို ဖြေရှင်းရန် ၂၀၁၅ ခုနှစ်မှ စတင်ကာ ဆင်းရဲမှုလျှော့ချရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အလွန်ကာလများအထိ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများ ဆက်လက်ဆောင်ရွက်ခြင်းဖြင့် လူမှုဘဝကောင်းကျိုးများ ရရှိခံစားမှုတိုးမြှင့်ရေးနှင့် လူမှုစီးပွားနယ်ပယ်အသီးသီး တိုးတက်မှုရရှိစေမည် ဖြစ်ပါသည်။

မဟာဗျူဟာ (၆) တွင် အချင်းချင်းအပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ရမည့် အချက် (၄) ချက်နှင့် သီးခြားဆောင်ရွက်ရမည့် အချက် (၂) ချက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာမည့် လူသားချင်းစာနာ ထောက်ထားမှုမရှိမည့် အခြေအနေများကို လျှော့ပါးသက်သာစေရန် ဆောင်ရွက်ခြင်းနှင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကာကွယ်စောင့်ရှောက်မှုများပေးခြင်း၊ စိတ်ချလုံခြုံမှုများဖြစ်ပေါ် စေခြင်းများသည် သီးခြားဆောင်ရွက်ရမည့် ဆောင်ရွက်ချက် (၂) ချက်ဖြစ်ပါသည်။




ပုံ-၅-၃၆

မဟာဗျူဟာပြပုံ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချခြင်း၊ ဇာစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန (၂၀၁၄)

## အမျိုးသားအဆင့်မူဝါဒပုံစံ


ဆင်းရဲမှုလျှော့ချရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် လွှမ်းခြုံမှုရှိသော မူဝါဒပုံစံတွင် ပုံတွင်ဖော်ပြထားသည့် အခိုင်အမာရှိသော မူဝါဒလုပ်ငန်းစဉ် (၄) ရပ်ကို ဖော်ပြထားပါသည်။ အဆိုပါမူဝါဒလုပ်ငန်းစဉ်များကို ဦးစားပေးအနေဖြင့် ထားရှိသော ဝန်ဆောင်မှုများရရှိစေခြင်း၊ အခြေခံဝန်ဆောင်မှုများ ရရှိစေခြင်းစသည်တို့ဖြင့် အချိတ်အဆက် မိမိအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ခြင်း၊ ထိရောက်စွာ ထိန်းကျောင်း ကြပ်မတ်ခြင်းတို့ဖြင့် ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်ရှိအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် အမျိုးသားအဆင့်မူဝါဒကို ၂၀၁၈ ခုနှစ်တွင် အကောင်အထည်ပေါ်လာမည့် ကဏ္ဍအလိုက် ပင်မစီမံကိန်းများနှင့် ပေါင်းစည်း၍ အသေးစိတ်ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| အမျိုးသားရေးမူဝါဒ | | **ကာလရှည်ရည်မှန်းချက် (၁)**<br>စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးစနစ်တည်ဆောက်ရန် | **ကာလရှည်ရည်မှန်းချက် (၂)**<br>ပြည်သူအားလုံးရရှိခံစားနိုင်မည့် တိုးတက်မှုဖြစ်စေရန် | |
| အဓိကမူဝါဒ | **လွှမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချရေး**<br>လူ့စွမ်းအားအရင်းအမြစ်ညွှန်းကိန်း တိုးတက်လာရေး / ကျောင်းနေအရွယ်တိုင်းကျောင်းနေနိုင်ရေး / ဒေသနှုန်းကျဆင်းရေး / အမျိုးသမီးများအလုပ်အကိုင်ရရှိစေရေး | | | |
| လုပ်ငန်းစဉ် | **ဝန်ဆောင်မှုစနစ်**<br>အရည်အသွေးပြည့်ဝ၍ ဒေသအားလုံးရရှိနိုင်သော ဝန်ဆောင်မှုစနစ်ဖြစ်စေရန် | **အခြေခံပြည့်ထည်းပေးမှုများ**<br>အခြေခံအဆောက်အအုံနှင့် ဝန်ထမ်းများလုံလောက်စေရန် | **အလုပ်အကိုင်အခွင့်အလမ်း**<br>အိမ်ထောင်စုများ၏ ဝင်ငွေ အဆင့်အတန်းမြင့်မားစေရန် သင့်လျော်သောလုပ်ခလစာရရှိစေရန် | **ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု**<br>ဒေသဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ပြည်သူများ ပူးပေါင်းပါဝင်စေရန် |
| အဓိကထည့်သွင်းစဉ်းစားရမည့်အချက်များ | **အဓိကအချက်များ**<br>အစားအစာနှင့် သောက်သုံးရေ ဖူလုံစေရေး<br>သန့်ရှင်းသောမိလ္လာစနစ်ထားရှိရေး<br>အိမ်ရာပိုင်ဆိုင်မှုရှိရေး | **အဓိကအချက်များ**<br>လူတိုင်းကျန်းမာ၍ ပညာသင်ကြားခွင့်ရှိရေး<br>လူမှုရေးကာကွယ်စောင့်ရှောက်မှုရရှိစေရေး | **အဓိကအချက်များ**<br>တန်ဖိုးမြင့်ကုန်စည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး<br>စက်မှုလယ်ယာစနစ်အကောင်အထည်ဖော်ရေး<br>အိမ်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး | **အဓိကအချက်များ**<br>သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး<br>စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး |

ပုံ-၅-၃၇ ဆင်းရဲမှုလျှော့ချရေး အမျိုးသားအဆင့် မူဝါဒပုံစံ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (၂၀၁၄)

## မဟာဗျူဟာ ၆-၁ ပြည်သူ့ဝန်ဆောင်မှု အရည်အသွေးများတိုးမြင့်လာစေခြင်း

ပြည်သူတရပ်လုံးရရှိခံစားနိုင်မည့် ဘက်ညီဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အစိုးရ၏ ပြောင်းလဲဖြစ်ပေါ်နေသော မူဝါဒကို အခြေခံဝန်ဆောင်မှုများ ပေးခြင်းဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ သို့ရာတွင် အခြေခံဝန်ဆောင်မှုများနှင့် အခြားပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ကာလရှည် စဉ်ဆက်မပြတ်ပံ့ပိုးပေးနိုင်ရန် ပြည်သူ့ ဘဏ္ဍာငွေ တိုးမြှင့်ရရှိမှု၊ ပွင့်လင်းမြင်သာမှု၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ဖြင့် အပြန်အလှန် ဆက်စပ်နေပါသည်။




ပုံ-၅-၃၈ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်
ဇာစ်မြစ်၊ ဘဏ္ဍာရေးဝန်ကြီးဌာန(၂၀၁၄)

ပြည်သူတရပ်လုံးရရှိခံစားနိုင်မည့် အရည်အသွေးရှိသော ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပညာရေးဝန်ဆောင်မှုကောင်းများဖြစ်ထွန်းလာစေရေးသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကရည်မှန်းချက်ဖြစ်ပါသည်။ အခြေခံဝန်ဆောင်မှုများဆောင်ရွက်ရန်အတွက် အမျိုးသားရေးမူဝါဒအရ အုပ်ချုပ်ပိုင်ခွင့်နှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲနိုင်ခွင့်ရှိသော ဒေသဆိုင်ရာအစိုးရများနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ တာဝန်ဖြစ်လာပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ကာလများတွင် မြို့ပြ၌ ဦးစားပေးဆောင်ရွက်ခဲ့ရာမှ ယခုအခါ ကျေးလက်ဒေသ၊ အလှမ်းဝေးကွာသော ဒေသများနှင့် နယ်စပ်ဒေသများတွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် လူမှုရေးဝန်ဆောင်မှုများ တိုးတက်လာရေးတို့ကို ရေရှည်တွင်အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂၀၁၅- ၂၀၂၀ တွင် လက်ငင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အစိုးရများမှ အောက်ပါအချက်များပေါ် မူတည်၍ မူဝါဒများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

- ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့မှ ရလဒ်နိမ့်ကျနေခြင်းကို လျော့ပါးစေရန် သင့်တော်သောနေရာများတွင် အစိုးရမှ အထောက်အပံ့ပေးဆောင်ရွက်ရန်၊
- ဝန်ဆောင်မှုပေးနေသူများ၏ အတတ်ပညာပိုင်းဆိုင်ရာ အရည်အသွေး တိုးမြှင့်လာစေရန်၊
- နိုင်ငံတော်ဘဏ္ဍာငွေကို ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုရမည့် နည်းလမ်းများ စတင်ကျင့်သုံးရန်၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွက် ဝန်ဆောင်မှုလုပ်ငန်းများတွင် စီမံလုပ်ပိုင်ခွင့်ပေးရန်၊
- အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစပျိုးဆောင်ရွက်ရန်၊
- ကျေးလက်ဒေသများတွင် ပညာရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရေးတို့တွင် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ရန် အတွက် ခေတ်နှင့် လျော်ညီသော ဥပဒေများ၊ လွယ်ကူချောမွေ့စေသော လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ခြင်းဖြင့် မက်လုံးပေး ဆောင်ရွက်ရန်၊

အဆင့်မြင့် ဝန်ဆောင်မှုလုပ်ငန်းများကို လူမှုစီးပွားအကျိုးခံစားမှု နည်းပါးသော ဒေသများတွင် ရရှိခံစားနိုင်ရန်အတွက် ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် စီမံခန့်ခွဲနိုင်စွမ်းရှိသည့် အဖွဲ့အစည်းများကိုခန့်ထားဆောင်ရွက်ရန် နှင့် အရည်အသွေးပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပညာရှင်များအား ထိန်းထားနိုင်ခြင်း နှင့် ဆွဲဆောင်နိုင်ခြင်းတို့ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပထမငါးနှစ်စီမံကိန်းကာလအတွင်း ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အစိုးရ၏ ဘဏ္ဍာရေးမူဝါဒအရ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များကို စုစုပေါင်းအစိုးရအသုံးစရိတ်၏ ၆.၇% နှင့် ၃.၄% အသီးသီးသုံးစွဲရန် လျာထားပါသည်။ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်နေသော်လည်း ဘတ်ဂျက်လိုငွေပြမှုကို ထိန်းထားလိုသည့် အဓိကရည်ရွယ်ချက်ကြောင့် ပညာရေးနှင့် ကျန်းမာရေးအတွက် ပြည်သူ့အသုံးစရိတ်တိုးမြှင့်သုံးစွဲရေးတွင် အကန့်အသတ်ဖြစ်နေပါသည်။

၂၀၂၀မှ ၂၀၂၅ ခုနှစ်အတွင်း အခွန်စနစ်ပြုပြင်ပြောင်းလဲခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ချဲ့ထွင်ခြင်းတို့ကြောင့်အစိုးရ၏ ရငွေများ တိုးမြင့်လာပြီး နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုကွင် ကိုးမြှင့်ခွဲဝေသုံးစွဲနိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၆-၂ အရည်အသွေးရှိသော ပြည်သူ့ဝန်ဆောင်မှုများ ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်ရေး

အခြေအနေအမျိုးမျိုးကြောင့် အရည်အသွေးရှိ ပြည်သူ့ဝန်ဆောင်မှုများ ရရှိခံစားနိုင်မှုသည် မြန်မာနိုင်ငံတစ်ဝှမ်း ကွဲပြားခြားနားလျက်ရှိပါသည်။ ကာလတို၊ ကာလလတ် (၂၀၁၅-၂၀၂၀) အတွင်း ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဝန်ဆောင်မှုများကို အောက်ပါအချက်အလက်များ မှတဆင့် ရရှိမည်ဖြစ်ပါသည်-

- အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု
- စားသုံးသူများအတွက် စီးပွားရေးအရ အထောက်အပံ့ပေးမှု

အားထားယုံကြည်ပြီး လက်ခံနိုင်ဖွယ်ရှိသော ပြည်သူ့ဝန်ဆောင်မှုများ ရရှိရန် လမ်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ အဆောက်အအုံနှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စေရေး၊ အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီး၊ မိလ္လာစနစ်နှင့် သန့်ရှင်းသောရေ ရရှိရေးစသော အခြေခံ အဆောက်အအုံ လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဝန်ဆောင်မှုကို ရရှိရန် ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ဝန်ကြီးဌာနများ အကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုတွင် အောက်ပါအချက်အလက်များကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- လူ့အဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့် ကွာဟချက်များအပေါ် အခြေခံ၍ ဝန်ဆောင်မှု ပေးရာတွင် မရှိမဖြစ်လိုအပ်သော အချက်များကို ဦးစားပေး လုပ်ဆောင်မှု၊
- အဆိုပါ ဦးစားပေးဆောင်ရွက်ချက်များသည် အခြေခံလိုအပ်ချက်များနှင့် အပြည့်အဝ အချိတ်အဆက်ရှိစေမှု၊
- ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် အံဝင်ခွင်ကျ ဖြစ်စေမှု၊
- ပြည်သူပိုင်လမ်းများ၊ လူသွားလမ်းများနှင့် တည်နေရာ ဆက်စပ်မှုတို့ အပြည့်အဝ ရရှိစေမှု၊
- ဘတ်ဂျက်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန် PPP စနစ်အသုံးပြုမှု၊

ဝန်ဆောင်မှုများ တိုးမြှင့်ရရှိရန်အတွက် ကျေးလက်ဒေသများတွင်သယ်ယူ ပို့ဆောင်ရေးသည် အရေးကြီးသည်။ လယ်သမားများအတွက် ဈေးကွက်ဝန်ဆောင်မှု ချဲ့ထွင်ရန်နှင့် ပညာရေး၊ ကျန်းမာရေးစသော လူမှုဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်ရန် ယုံကြည် အားထားရသော၊ တတ်နိုင်သော သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို တိုးမြှင့်ရရှိရန် လိုအပ်ပါသည်။ ထိုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာအစိုးရ စီမံကိန်းများအရ ဆောင်ရွက်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများနှင့် လယ်ယာကဏ္ဍ ဝန်ဆောင်မှု အတွက် နိုင်ငံတော်အဆင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များသည် အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်မှု ရှိရမည်ဖြစ်ပါသည်။ စီးပွားရေးစကြံ့များ၏ အနေအထားအရ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် စွမ်းအင်ရရှိရေးတို့ကို အမျိုးသား အဆင့်အနေဖြင့် အကောင်အထည်ဖော် ရမည်ဖြစ်ပါသည်။ ဒေသဆိုင်ရာလူမှု အဖွဲ့အစည်းများမှ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးစကြံ့များနှင့် ကျေးလက်ဒေသများ ဆက်သွယ်နိုင်ရန် ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**ကျေးလက်လမ်းများ**

အဝေးပြေးလမ်းမများနှင့်ချိတ်ဆက်နေသောကျေးလက်လမ်းကွန်ယက်များကို စီးပွားရေးစကြံ့များထိ ရောက်ရှိရန်ချဲ့ထွင်ရမည်ဖြစ်ပါသည်။ ဤသို့ဖြင့် ကျေးလက်နေဆင်းရဲသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ၊ ပြည်သူ့ဝန်ဆောင်မှုကောင်းများ၊ ပို့ဆောင်ရေးစနစ်ကောင်းများ ရရှိခံစားနိုင်မည်ဖြစ်ပြီး နေ့စဉ်လူနေမှုဘဝဝန်ထုပ်ဝန်ပိုးများလျော့ကျလာနိုင်မည်ဖြစ်ပါသည်။

ဝင်ငွေနိမ့်ကျမှုကြောင့် ဝန်ဆောင်မှုများ ခံစားရရှိရန် အကန့်အသတ်ဖြစ်နေသော နိုင်ငံသားအချို့ကို စီးပွားရေး အထောက်အပံ့ပေးခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ လွယ်ကူစွာ ရရှိခံစားစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လူမှုကာကွယ်ပေးမှုနှင့် ပတ်သက်၍ အာမခံထားရှိမှုအပိုင်းတွင် တရားဝင်အလုပ်သမားများသာ ရရှိခံစားနိုင်သောကြောင့် အကန့်အသတ်ရှိနေပါသည်။ လူမှုစီးပွား အကျိုးခံစားခွင့် နည်းပါးသည့် အုပ်စုများအတွက် လူမှုဖူလုံရေး အစီအစဉ် အချို့ထားရှိသော်လည်း လွှမ်းခြုံနိုင်မှု နည်းပါးနေကြောင်း တွေ့ရှိရပါသည်။ ထိခိုက်ခံစားလွယ်သော အုပ်စုများနှင့် ဆင်းရဲသော လူ့အဖွဲ့အစည်းများ ခံစားနေရသော သဘာဝဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ လျော့ပါးသက်သာစေရန် အစိုးရအနေဖြင့် ၂၀၁၅ မှ ၂၀၂၀ အတွင်း လူမှုဖူလုံရေး အစီအစဉ်များ အတွက် တိုးမြှင့်သုံးစွဲသွားရမည် ဖြစ်ပါသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ကာလလတ် (၂၀၂၀) အတွင်း အဆိုပါ အစီအစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျေးလက်ဒေသများတွင် (၁) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း (၂) စားနပ်ရိက္ခာဖူလုံမှုရှိစေရန် ဆောင်ရွက်ခြင်းနှင့် (၃) လိုအပ်သည့်နေရာ များတွင် ငွေကြေးဆိုင်ရာ အထောက်အပံ့ပေးခြင်း တို့အတွက် အစိုးရမှ ဝင်ရောက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းများသည် ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖန်တီးပေးခြင်းနှင့် ကျေးလက်နေ အိမ်ထောင်စုများအကြား အစားအစာ အလွယ်တကူ ရရှိနိုင်မှု (သို့) ငွေပေးချေမှုများ လျှင်မြန်စွာဆောင်ရွက်နိုင်မှု (cash fast) တို့ကို အထောက်အကူ ဖြစ်စေပါသည်။ သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် အဆိုပါ လုပ်ငန်းစဉ်များကို ၂၀၁၅ မှ ၂၀၂၅ အတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## မဟာဗျူဟာ ၆-၃ အလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးအခွင့်အလမ်းများ

စီးပွားရေး တိုးတက်မှုနှင့် ချိတ်ဆက်လျက်ရှိသည့် ဆင်းရဲမှုလျော့ချခြင်းသည် ကျေးလက်နေ ပြည်သူများအတွက် လုပ်ခလစာ ကောင်းမွန်သော အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒ အတွက် ပဓာနကျသော အချက်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရန် တိုးတက်မှု မောင်းနှင်အား လိုအပ်မည် ဖြစ်ပါသည်။ အဆိုပါတိုးတက်မှု မောင်းနှင်အားကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်မှုရှိစေမည့် ဒေသအလိုက် နှိုင်းယှဉ် အကျိုးကျေးဇူးများ အပေါ်အခြေခံသည့် ဒေသဆိုင်ရာ စီမံကိန်းများမှ ရရှိနိုင်မည်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသော လူဦးရေ အများစု (၇၀%) မှာ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းအနေနှင့် အခကြေးငွေနိမ့်ကျပြီး ဝင်ငွေ နိမ့်သော လုပ်ငန်းခွင်များတွင် ရှိနေကြပါသည်။ လယ်ယာလုပ်ငန်းမှာ ရာသီဥတုပေါ် အမှီသဟဲပြု၍ ဆောင်ရွက်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်၍ အိမ်ထောင်စု ဝင်ငွေများနှင့် ထုတ်လုပ် နိုင်စွမ်း တို့မှာ ရာသီဥတု၏ အကျိုးသက်ရောက်မှုပေါ် တည်မှီနေပါသည်။ ထို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုကို တစ်နှစ်ပတ်လုံးတွေ့ရှိရပြီး ၊အထူးသဖြင့် မေ နှင့် ဇွန်လများတွင် အများအားဖြင့် တွေ့ရှိရပါသည်။

| အလုပ်အကိုင်ရရှိမှု နိမ့်ကျမှုအခြေအနေ | ဆင်းရဲမှု | | Strata | | ကျား၊ မ | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | ဆင်းရဲမှု | မဆင်းရဲမှု | ကျေးလက် | မြို့ပြ | ကျား | မ | |
| ၂၀၀၄ မှ ၂၀၀၅ | ၃၄.၅ | ၃၃.၇ | ၃၃.၈ | ၃၄.၆ | ၃၈.၀ | ၃၁.၀ | ၃၃.၉ |
| ၂၀၀၉ မှ ၂၀၁၀ | ၃၈.၀ | ၃၇.၃ | ၃၈.၃ | ၃၄.၈ | ၄၁.၀ | ၃၄.၉ | ၃၇.၅ |
| ၁၅ မှ ၂၄ (၂၀၀၉-၁၀) | ၃၄.၃ | ၃၄.၈ | ၃၅.၇ | ၂၉.၃ | ၃၇.၀ | ၃၂.၈ | |
| ၂၅ မှ ၅၉ (၂၀၀၉-၁၀) | ၃၉.၃ | ၃၇.၈ | ၃၉.၀ | ၃၅.၉ | ၄၂.၃ | ၃၅.၀ | |

ဇယား ၅-၃၃ အလုပ်အကိုင်ရရှိမှု နိမ့်ကျမှု အခြေအနေ ၊ ဇာစ်မြစ်၊ IHLCA (၂၀၁၀)

ဆင်းရဲသော အိမ်ထောင်စုများ ဆင်းရဲမှုမှ လွတ်မြောက်ရန်အတွက် လယ်ယာ လုပ်ငန်းအပြင် အခြားဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများဆောင်ရွက်သွားရန် တွန်းအားပေး ရမည် ဖြစ်ပါသည်။ သီးနှံဈေးနှုန်းများ ကျဆင်းခြင်းကြောင့်လည်းကောင်း၊ သီးနှံများ ပျက်စီး ဆုံးရှုံးခြင်းကြောင့် လည်းကောင်း ဝင်ငွေအခြေအနေယိမ်းယိုင်မှု မရှိစေရန် အိမ်ထောင်စုများ အနေဖြင့် အခြားဝင်ငွေရရှိစေမည့် အရင်းအမြစ်များကို ရှာဖွေရမည်ဖြစ်ပါသည်။ အခြား ဝင်ငွေရရှိစေမည့် အရင်းအမြစ်များသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အာမခံ ချက်ရှိသော လုပ်ငန်းဖြစ်ပါသည်။

လယ်ယာမဟုတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အောက်ပါအချက်များနှင့် ချိတ်ဆက်နေသည်-

- ကျွမ်းကျင်မှုရှိရန်မလိုသော လုပ်သားဈေးကွက်အတွက် အလုပ်အကိုင် အခွင့်အလမ်း ပေးစွမ်းရန်အတွက် ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေသည့် လုပ်သားအခြေပြု လုပ်ငန်းများ ထူထောင်ခြင်း၊
- စက်မှုလယ်ယာလုပ်ငန်း ဖြစ်ထွန်းရန်အတွက် လယ်ယာအခြေပြုလုပ်ငန်း ထူထောင်ခြင်း၊
- ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း ကဲ့သို့သော လယ်ယာလုပ်ငန်း ဝန်ဆောင်မှုများချဲ့ထွင်ခြင်း၊
- ကျေးလက်ဒေသများသို့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် သဘာဝ အရင်းအမြစ်များမှ အခြေခံတန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊
- အထောက်အကူပြုအဖွဲ့အစည်းများနှင့် အပြည့်အဝ ဝန်ဆောင်မှုပေးသော စီးပွားရေးလုပ်ငန်းများ ထူထောင်ခြင်းဖြင့် အိမ်တွင်းလက်မှုလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူဖြစ်စေခြင်း။

ဆက်သွယ်ရေး၊လျှပ်စစ်မီးရရှိရေး၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများသည် ကျေးလက်အိမ်ထောင်စုများအတွက် အမြဲတမ်း အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ ပိုမိုရရှိစေမည် ဖြစ်ပါသည်။ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ချိတ်ဆက်နေသည့် အဆိုပါ အလုပ်အကိုင် အခွင့်အလမ်းများသည် ကျေးလက်ဒေသ ထုတ်လုပ်မှုနှင့် စားသုံးမှုပုံစံများ၊ ပွင့်လန်းလာသော လူမှုစီးပွား အခွင့်အလမ်းကောင်းများ၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလုပ်ငန်းများအပေါ် လွှမ်းမိုးမှုရှိမည် ဖြစ်ပါသည်။

## မဟာဗျူဟာ ၆-၄ အစိုးရနှင့်ပြည်သူပူးပေါင်းပါဝင်မှုတိုးမြှင့်ခြင်း

မဟာဗျူဟာ(၆)သည် ဆင်းရဲသောကျေးလက်နေ အိမ်ထောင်စုများ၏ ဝင်ငွေတိုးမြှင့်လာစေရန်နှင့် ရေရှည်တည်တံ့မည့် အသက်မွေးဝမ်းကျောင်းကို ပေးစွမ်းရန် ဇီဝမျိုးကွဲနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုတွင် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍတိုးမြှင့်ရန် ဖြစ်ပါသည်။ မဟာဗျူဟာ ၁ တွင် ဖော်ပြထားသော အုပ်ချုပ်မှုစွမ်းရည် မြှင့်တင်ရန် အစိုးရမှ ထိရောက်စွာ ကျင့်သုံးရမည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များသည် မဟာဗျူဟာ (၆) နှင့် အပြန်အလှန် ချိတ်ဆက်နေပါသည်။ ဒေသဆိုင်ရာအစိုးရနှင့်ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းဆင်းရဲမှုလျှော့ချခြင်းနှင့် တိုးတက်မှုအတွက် ထိရောက်သော စီမံကိန်းများ ရေးဆွဲခြင်းတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အောက်ဖော်ပြပါ အခြေခံမှုများကိုလည်း ပေးစွမ်းနိုင်မည်ဖြစ်သည်-

- ငြိမ်းချမ်းမှုတည်ဆောက်ခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်း၊
- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊
- ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုမှတစ်ဆင့် တာဝန်ခံမှုရှိလာစေခြင်း၊
- ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လာဘ်ပေးလာဘ်ယူမှု လျှော့ချရန် ဆောင်ရွက်ခြင်း၊
- ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်း၊

**အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်မှု**

ဒေသဆိုင်ရာအစိုးရနှင့် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဆင်းရဲမှုလျှော့ချခြင်းနှင့် တိုးတက်မှုအတွက် ထိရောက်သော စီမံကိန်းများ ရေးဆွဲခြင်းတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ အုပ်ချုပ်မှုအဖွဲ့အစည်းများ ရင်ဆိုင်နေရသော ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်ချက်များကို အစီအစဉ်ကျနစွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အဆိုပါအစိုးရ၏ ပြုပြင်ပြောင်းလဲမှု အခြေခံမူများသည် ဗဟိုချုပ်ကိုင်မှုကို လျော့ကျစေမည်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံသားများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဘေးဖယ်ခံထားရသောအုပ်စုများ၊ ကျေးလက်နှင့်မြို့ပြ ဆင်းရဲသူများအတွက် စီးပွားရေးတိုးတက်မှု၏ အကျိုးကျေးဇူးများနှင့် ဖွံ့ဖြိုးမှုများကို ဆောင်ကြဉ်းပေးမည် ဖြစ်ပါသည်။

ဒေသတွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ရန် ဒေသဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲသားများနှင့် ထိခိုက်လွယ်အုပ်စုများ လူမှုဘဝကို မြှင့်ပေးနိုင်မည်ဖြစ်သည့်အပြင် သယံဇာတသုံးစွဲမှုတွင်လည်း ပိုမိုတာဝန်ခံမှုရှိလာမည် ဖြစ်ပါသည်။

ရည်မှန်းချက်များရရှိရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လိုအပ်ချက်အရ ချမှတ်ထားသော မဟာဗျူဟာများအပေါ် အခြေခံ၍ အောက်ဖော်ပြပါအဓိက မဟာဗျူဟာများကို ဖော်ထုတ်ကျင့်သုံးရမည်ဖြစ်ပါသည်-

- ပြည်သူများ၏ လိုအပ်ချက်များကို တောင်းဆိုနိုင်ရန်နှင့် မကျေနပ်ချက်များကို တင်ပြနိုင်ရန် အစိုးရအဆင့်တိုင်းတွင် ကာဝန်ယူမှု၊ ကာဂန်ခံမှုများကို ဥပဒေနည်းလမ်းတကျ ဆောင်ရွက်ပေးခြင်း၊
- ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပြည်သူများပိုမို ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် အထောက်အထား အခိုင်အမာဖြင့် တင်ပြနိုင်သော မြို့နယ်အဆင့်၊ ခရိုင်အဆင့် စီမံကိန်းများဖြစ်ပေါ်စေရန် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊
- အစီအစဉ်စနစ်ကျစွာ အကောင်အထည်ဖော်နိုင်ပြီး အစိုးရ၏ ဘတ်ဂျက်များ လေလွင့်မှု မရှိစေရန် နှစ်အလိုက်နှင့် ကာလလတ် ဘတ်ဂျက်သုံးစွဲမှု သတ်မှတ်ချက်များပေါ် မူတည်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းများ ရေးဆွဲခြင်း၊
- ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းလုပ်ငန်းစဉ်များနှင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုများနှင့် ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ဆောင်ရွက်ချက်ကို မြှင့်တင်ခြင်း၊
- နှစ်စဉ်သုံးစွဲခဲ့သည့် သယံဇာတနှင့် အသုံးစရိတ်များပေါ် အခြေခံ၍ ပြည်သူ့ဘဏ္ဍာငွေ စနစ်တကျ ခွဲဝေသုံးစွဲမှုအတွက် သတင်းအချက်အလက် ရရှိစေရန် ဆောင်ရွက်ခြင်း၊

ပြည်သူ့အသံများကို ပိုမိုသိရှိနိုင်ရန် ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများကိုယူ၍ ကာလတိုမှ ကာလလတ်(၂၀၁၅ မှ ၂၀၂၀) အတွင်း အမျိုးမျိုးသော နည်းလမ်းများ ဖော်ထုတ်သွားရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဗဟိုချုပ်ကိုင်မှုလျော့ချရေး အသေးစိတ်အစီအစဉ်များပေါ်ထွက်လာစေရန် အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံကောင်းများကို ယူ၍ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဗဟိုချုပ်ကိုင်မှုစနစ်လျော့ကျခြင်းဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုနှင့် တာဝန်ခံမှုအပိုင်းများကိုလည်း လွှဲပြောင်း ဆောင်ရွက်စေမည် ဖြစ်ပါသည်။ ၂၀၁၅ မှ ၂၀၂၀ အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် စုစည်းမှုရှိသော မူဝါဒများ အကောင်အထည်ပေါ်လာမည်ဖြစ်သည်-

**ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချခြင်း**

ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံနှင့် ဗဟုသုတများအပေါ် အခြေခံ၍ မြန်မာနိုင်ငံသည်ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချခြင်းအတွက် စီမံကိန်းတစ်ရပ် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာတာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ဘဏ္ဍာရေး ဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတို့ကို စနစ်တကျနှင့် မဟာဗျူဟာကျကျ တမူထူးခြားစွာ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

- ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဖြန့်ကျက် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပြည်သူ့ဝန်ထမ်း ဥပဒေသစ်များ ပေါ်ထွက်လာခြင်း၊


- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်း အသီးသီးတွင် ပူးပေါင်း ဆောင်ရွက်မှုနှင့် တာဝန်ခံမှုအပိုင်းများ တိုးမြှင့်လာစေရန် အစိုးရ၏ ဖွဲ့စည်းပုံ ပြောင်းလဲမှု အစီအစဉ်များကို ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

- ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ဒီမိုကရေစီစနစ် ဖြစ်ထွန်းမှုတို့ကို အထောက်အပံ့ ဖြစ်စေရန် အရွေးချယ်ခံ ပုဂ္ဂိုလ်များဖြင့် နိုင်ငံတစ်ဝှမ်း လွှမ်းခြုံမှုရှိသော ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်အဆင့်အဖွဲ့အစည်းများ တည်ထောင်ခြင်း၊

- ဒေသဆိုင်ရာ အစိုးရများအနေဖြင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း၊ စီမံကိန်း ရေးဆွဲခြင်း၊ ဝန်ဆောင်မှုများပေးခြင်းနှင့် ပတ်သက်၍ တာဝန်ခံမှုအပိုင်းနှင့် အစီရင်ခံစာများကို ပြည်သူများသို့ ရှင်းလင်းပြောကြားနိုင်ရန် ပြည်သူ့ရေးရာ ဆွေးနွေးပွဲများ (Forum) တည်ထောင်နိုင်ရန်အတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊

- NCDP မူဘောင်အတွင်း ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည့် အမျိုးသားအဆင့် ထိန်းကျောင်းကြပ်မတ်မှုဆိုင်ရာစနစ်နှင့် လိုက်လျောညီထွေမှုရှိသော လူမှုဘဝကောင်းကျိုးများပေါ် အခြေခံသည့် ပြည်သူ့အစီရင်ခံစာမှတ်တမ်းများ ထုတ်ပြန်ရေးနှင့် ပေါ်ထွက်လာရေးအတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့် ကော်မတီများ ဖွဲ့စည်းခြင်း၊

ဥပဒေ၊ နည်းဥပဒေများ ဖွံ့ဖြိုးတိုးတက်စေရန် ကနဦးဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အုပ်ချုပ်မှု အဖွဲ့အစည်းများ ရင်ဆိုင်နေရသော ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို အစီအစဉ်ကျနစွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ လုပ်ငန်းအလိုက် တာဝန်ခွဲဝေပေးခြင်း၊ ဝန်ဆောင်မှုများပေးခြင်းဖြင့် လိုက်လျောညီထွေရှိစေမည့် အဖွဲ့အစည်းများ ပြန်လည် ဖွဲ့စည်းရေးကို အလျှင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ အဆိုပါ ဆောင်ရွက်ချက်များသည် ဒေသဆိုင်ရာအစိုးရနှင့် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှုမြှင့်တင်ရန်အတွက် နိုင်ငံတစ်ဝှမ်းဖြေရှင်းရမည့် နည်းလမ်းများကို အစပြုပေးနိုင်မည်ဖြစ်ပါသည်။




ပုံ-၅-၃၉ ဒေသဆိုင်ရာ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ ၊ ဇာစ်မြစ်၊ စီမံ၊ စီပွားဝန်ကြီးဌာန (၂၀၁၄)

## မဟာ ဗျူဟာ ၆-၅ လူမှုရေးအကာအကွယ်ပေးရေးလုပ်ငန်းများ ထူထောင်ခြင်း

လူမှုအကာအကွယ်ပေးရေး လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အဓိကကဏ္ဍများ ၌သာ ရရှိနေသဖြင့် အကန့်အသတ်ရှိနေပါသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံစားရပြီးနောက် စတင်ဆောင်ရွက်ခဲ့သော လူမှုကာကွယ်ပေးရေးနည်းလမ်းများမှ ကောင်းကျိုးများသည် နိုင်ငံတော် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အနေဖြင့် အရေးပါမည် ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသည် အခြေခံလူမှုလုံခြုံမှု အစီအစဉ်များအတွက် ဘဏ္ဍာငွေရရှိရေးနှင့် ရုပ်လုံးဖော်နိုင်ရေးအတွက် တာဝန်ရှိသည်။ အဆိုပါအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးဒဏ်အရသော်လည်းကောင်း၊ လူသားများ၏ ဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာနိုင်မည့် အိမ်ထောင်စုများအတွက် ကာလတို ဝင်ငွေအတက်အကျဖြစ်စေခြင်းမှ ကူညီဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်များ ဆောင်ရွက်ခြင်းသည် ဆိုးကျိုးများ ဖြစ်ပွားနေသော နေရာများတွင် နေထိုင်ကြသည့် ထိခိုက်ခံစားလွယ်အုပ်စုများကို ရည်ရွယ်၍ သီးနှံနှင့် ကျန်းမာရေးအတွက် ငွေကြေး အထောက်အပံ့နှင့် အာမခံချက်များကို ကာလတိုအစီအစဉ်အနေဖြင့် ထောက်ပံ့နိုင်မည် ဖြစ်ပါသည်။

**လူမှုအကာအကွယ်ပေးခြင်း**


သဘာဝဘေးဒဏ်အရသော်လည်းကောင်း၊ လူသားများ၏ ဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်းဖြစ်ပေါ်လာနိုင်မည့် ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေအတက်အကျဖြစ်စေခြင်းမှ လျော့ပါးသက်သာစေရန် လူမှုအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို အစပျိုးဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဘဏ္ဍာငွေ အကန့်အသတ်ဖြစ်ခြင်းနှင့် ကာလရှည် အလုပ်လက်မဲ့ပြဿနာများကြောင့် ပေါ်ပေါက်လာသည့် ဆင်းရဲမှု တာရှည်ခြင်းမှ လွတ်မြောက်ရန် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ အဆိုပါ အစီအစဉ်များသည် ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး (၁) ကျေးလက် လမ်းများ တည်ဆောက်မှု (၂) ရေနှင့် မိလ္လာစနစ် (၃) ကျေးလက်လျှပ်စစ်မီးရရှိရေး တို့ဖြစ် ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ ဝန်ကြီး ဌာနများ ပူးပေါင်းဆောင်ရွက်ပြီး တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (ODA) ဖြင့် ဆောင်ရွက်သော စီမံကိန်းများ အနေဖြင့် ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါ သည်။ စားနပ်ရိက္ခာဖူလုံမှု ကနဦး ဆောင်ရွက်ချက်များသည် ကျေးလက်နှင့် မြို့ပြဒေသနှစ်ခုစလုံးတွင် ကြုံတွေ့နိုင် မည်ဖြစ်ပါသည်။ စားနပ်ရိက္ခာရှားပါးမှု အခက်အခဲများကို ဖြေရှင်းရန်အတွက် အဓိက လုပ်ဆောင်ချက်များ ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အရန်ဆန်ထားရှိမှု အစီအစဉ်များနှင့် အစားအစာ ပို့ကုန်များအတွက် ကုန်သွယ်မှုမြှင့်တင်ခြင်း (ပို့ကုန်ခွန်ကင်းလွတ်ခွင့် ပေးခြင်း) မှတဆင့် ကျေးလက်ဒေသ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အပံ့ဖြစ်စေမည့် မူဝါဒများ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဤကဲ့သို့ ငွေကြေးပိုင်းဆိုင်ရာ အထောက် အပံ့ပေးသည့် အစီအစဉ်များသည် နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသည့် စရိတ်စကများ သက်သာခြင်းကြောင့် ဆောင်ရွက်ချက်များကို စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပြီး အလေအလွင့် နည်းပါးမည် ဖြစ်ပါသည်။

ထိုကဲ့သို့သော အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသရှိ ဝင်ငွေအဆင့် နိမ့်ကျသည့် တောင်သူလယ်သမားများသို့ တိုက်ရိုက်ကူညီ ထောက်ပံ့ခြင်းနှင့် နှိုင်းယှဉ်လျှင် စွမ်းဆောင်ရည်ပြည့်ဝသော ဘဏ္ဍာရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

အဝိက လူမှုလုံခြုံရေး အစီအစဉ်များ ဆောင်ရွက်ရာတွင် ပြည်သူတို့ လက်လှမ်းမီရောက်ရှိရန် ခက်ခဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ကုန်ကျစရိတ် ကြီးမားလျက်ရှိပါသည်။ ရေရှည် (၂၀၂၀ အလွန်) တွင် ကဏ္ဍအသီးသီးရှိ အစိုးရ အဖွဲ့များနှင့် ပိုမိုကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အရေးပေါ် ကူညီစောင့်ရှောက်မည့် အဖွဲ့များဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။





ပုံ-၅-၄၀ လူမှုအကာအကွယ်ပေးရေးဆိုင်ရာ မဟာဗျူဟာ ၊ ဇာစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန (၂၀၁၄)

## မဟာဗျူဟာ ၆-၆ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စာရင်းအင်းဆိုင်ရာအရည်အသွေးကောင်းမွန်ရေး

ကျေးလက်ဒေသများအတွင်း ထိရောက်သော စီမံကိန်းရေးဆွဲရန်အတွက် ခိုင်လုံ၍ အသုံးဝင်သော အချက်အလက်များရရှိရန် ခက်ခဲပါသည်။ ကာလတိုနှင့် ကာလလတ်အတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒ ရှေ့ပြေးဆောင်ရွက်မှုအဖြစ် စာရင်းအင်းအချက်အလက်များ ကောက်ယူခြင်းနှင့် စိစစ်သုံးသပ်မှုများ အဆင်မြင့်လာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ စာရင်းအင်းအချက်များ ကောက်ယူမှုနှင့် စိစစ်သုံးသပ်မှု အဆင့်မြင့်လာစေရန်အတွက် ၂၀၁၅ အလွန် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် အမျိုးသားအဆင့် ထိန်းကျောင်းကြပ်မတ်မှု စနစ်များအပေါ် အခြေခံ၍ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ လက်ရှိစီမံကိန်းရေးဆွဲခြင်းနှင့် ထိန်းကျောင်း ကြပ်မတ်မှုစနစ်များအပေါ် အခြေခံ၍ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

လက်ရှိစီမံကိန်း ရေးဆွဲခြင်းနှင့် ထိန်းကျောင်းကြပ်မတ်သည့်စနစ် အပေါ်အခြေခံ၍ ၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အခြေခံအချက်အလက်များ ချိတ်ဆက်အသုံးပြုသည့် တိကျသည့်စနစ်များဖြင့် စတင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ လုပ်ဆောင်ချက်များပေါ် မူတည်၍ အကဲဖြတ်သည့် စနစ်အပေါ် အခြေခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အခြေခံအချက်အလက်များ ချိတ်ဆက်အသုံးပြုသည့် တိကျသည့်စနစ်များဖြင့် စတင်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ လုပ်ဆောင်ချက်များပေါ် မူတည်၍ အကဲဖြတ်သည့်စနစ်ပေါ် အခြေခံ၍ တိုင်းဒေသကြီး နှင့် ပြည်နယ် ၊ ခရိုင်၊ မြို့နယ်များအလိုက် ထိန်းကျောင်းကြပ်မတ်သည့် အစီရင်ခံစာများကို ထုတ်ပြန်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး ဆောင်ရွက် စေရမည်ဖြစ်ပါသည်။ ဤနည်းလမ်းသည် လူမှုဘဝပြည့်စုံမှုသတ်မှတ်ချက်အရ ဒေသအလိုက် အောင်မြင်မှုနှင့် အဆင့်အတန်းများကို မီးမောင်းထိုးပြမည်ဖြစ်ပါသည်။ အစီရင်ခံစာ မှတ်တမ်းများသည် စီမံကိန်း ရေးဆွဲရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန် ခိုင်မာသော အထောက်အထားများကို ပေးသွားမည်ဖြစ်ပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ပိုမိုတိကျသော စာရင်းအင်း အချက်အလက်များ ကောက်ယူရေးနှင့် စိစစ်သုံးသပ်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် ဦးဆောင်ဦးရွက် ပြုရမည်ဖြစ်ပါသည်။



ပုံ-၅-၄၀
ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အချက်အလက် စီမံခန့်ခွဲမှုစနစ် ဇာစ်မြစ်၊ စီမံ၊ စီးပွားဝန်ကြီးဌာန (၂၀၁၇)


## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ

မဟာဗျူဟာ၆ တွင် ဆောင်ရွက်ရမည့် အချက်တစ်ခုချင်းစီအတွက် ဖြစ်ပေါ်လာမည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များကို ပုံတွင်ဖော်ပြထားပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် ချိတ်ဆက်၍ တိကျရှင်းလင်းစွာ ဖော်ပြထားခြင်းကြောင့် ဆောင်ရွက်ချက် တစ်ခုချင်းစီသည် ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍအပေါ် အကျိုးရလဒ်ကောင်းများ ရရှိစေမည်ဖြစ်ပြီး ဆောင်ရွက်ချက်အများစုမှာ အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေရရှိမှု၊ ဝင်ငွေ အဆင့်အတန်းနှင့် ချမ်းသာကြွယ်ဝမှု စသည့်တို့ကို ခံစားရရှိစေမည်ဖြစ်ပါသည်။

ဆောင်ရွက်ချက်အချို့တွင် အစိုးရနှင့် ပြည်သူပူးပေါင်း အကောင်အထည်ဖော်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီး ပြုန်းတီးမှု ကာကွယ်လျော့ချရေး လုပ်ငန်းစဉ်များတွင် အကျိုး ရလဒ်ကောင်းများ ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ရေရရှိမှု စီမံခန့်ခွဲရေးနှင့် ကျေးလက်ပြည်သူများ လျှပ်စစ်မီးရရှိရေးတို့ ပါဝင်သည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်ဆောင်ရွက်မှုသည် သဘာဝသစ်တောထွက်ကုန်များ အသုံးပြု၍ ချက်ပြုတ်ခြင်း ၊ အပူပေးခြင်းနှင့် မီးထွန်းခြင်းလျော့ချရန် အထောက်အပံ့ပေးနိုင်မည် ဖြစ်ပါသည်။ ကျေးလက်ဒေသအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် အကျိုးရလဒ်ကောင်းများ ရရှိစေပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကြောင့် လက်ရှိနေအိမ်များ အဆင်မြင့်လာပြီး အရည်အသွေးမြင့် အိမ်ရာများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ နောက်ပိုင်းတွင် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် နည်းပညာများကို အသုံးပြုခြင်းဖြင့် လူမှုဘဝ ကောင်းကျိုးများ ရရှိခံစားစေမည့် ကျန်းမာရေး အဆင့်အတန်းမြင့်မားလာခြင်း အဆင်မြင့်အိမ်ရာ တည်ဆောက်ခြင်းတို့အပေါ် အထောက်အကူပြုစေမည်ဖြစ်ပါသည်။

ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ခေတ်မီလာခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်များ လျှော့ချလာခြင်း၊ ပွင့်လင်းမြင်သာမှု တိုးတက်လာခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေမည့် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ လာဘ်ပေးလာဘ်ယူမှုနှင့် အလေအလွင့်ရှိသော ကိစ္စရပ်များလျှော့ချခြင်းနှင့် ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချခြင်းတို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ခံမှုတို့ နှင့်အတူ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်းများ ရရှိစေမည်ဖြစ်ပါသည်။




ပုံ-၅-၄၂ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ၊ ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

# လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု လမ်းပြမြေပုံ

၂၀၃၀ပြည့်နှစ်တွင်
လယ်ယာမဟုတ်သည့် လုပ်ငန်း
တွင် အလုပ်အကိုင်၁သန်း ရရှိရန်

ဇစ်မြစ်၊ MCDV (2014)

မူလတန်းပညာရေးတွင်
ကျောင်းဝင်နှုန်း ၁၀၀%
ဖြစ်စေရန်

ဇစ်မြစ်၊ MDGs

စက်မှုနှင့် ဝန်ဆောင်မှု
ကဏ္ဍများသို့ လုပ်သားအင်အား
၅၀% ပြောင်းရွှေ့လုပ်ကိုင်မှုရှိရန်

ဇစ်မြစ်၊ ADB Country Diagnostic Study (2014)

အရှင်မွေးကလေး ၁၀၀၀ လျှင်
မွေးကင်းစကလေးသေနှုန်း ၅၀
အောက်လျော့ကျစေရန်

ဇစ်မြစ်၊ MDGs

လယ်ယာမဟုတ်သည့် ကဏ္ဍ
များတွင် အမျိုးသမီးများ ပါဝင်မှု
တိုးမြှင့်လာစေရန်

ဇစ်မြစ်၊ MDGs

အခြေခံဝန်ဆောင်မှုများဖြစ်သည့်
သန့်ရှင်းသောရေနှင့် လျှပ်စစ်မီး
ပြည့်စုံစွာရရှိစေရန်

ဇစ်မြစ်၊ MDGs



## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး

မြန်မာနိုင်ငံသည် ရုပ်ကြွင်းလောင်စာများ၊ ဓာတ်သတ္တုများ၊ ကျောက်မျက်ရတနာများ၊ သစ်မာများ၊ ဒီရေတောများ နှင့် ရေအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာအခြေခံသောနိုင်ငံမှ စက်မှုအခြေခံသော နိုင်ငံသို့ ကူးပြောင်းရာတွင် အနာဂတ်မျိုးဆက်သစ်များအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် သဘာဝပတ်ဝန်းကျင်နှင့် မြေယာသုံးစွဲမှုတို့ကို ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်ရမည်ဖြစ်ပါသည်။ စက်မှုနိုင်ငံဖြစ်ထွန်းရေးသို့ ဦးတည်ဆောင်ရွက်ရာတွင် အစိမ်းရောင်နည်းပညာများ သုံးစွဲရေး သဘာဝအရင်းအမြစ်များကို စနစ်တကျသုံးစွဲရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် ပြန်းတီးမှုများမရှိစေရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်သည်ကို NCDP တွင် ဖော်ပြထားပါသည်။

## မဟာ ဗျူဟာ ၇ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများဖြစ်သော မြေဆီဩဇာကြွယ်ဝသော မြေယာ၊ ရေသယံဇာတ၊ ဓာတ်သတ္တုသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲတို့ဖြင့် ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သယံဇာတများပေါကြွယ်ဝခြင်းဖြင့် အစားအစာ၊ ရေ၊ စွမ်းအင်ဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ စသည့်အခြေခံ လိုအပ်ချက်များကို ပံ့ပိုးပေးသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပေးစွမ်းနိုင်မည် ဖြစ်ပါသည်။ ယင်းသယံဇာတများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများ၊ သဘာဝ ဘေးအန္တရာယ်များကို လျော့နည်းသွားစေသည့် ကြားခံအနေ ဖြင့်လည်း ရပ်တည်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဓာတ်သတ္တုတူးဖော်ရေး၊ သဘာဝဓာတ်ငွေ့ ထုတ်ယူရေးတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးလာခြင်းဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရန်နှင့် မြို့ပြ ဖြစ်ထွန်းရေးလုပ်ငန်းစဉ်များ လျင်မြန်စွာ တိုးတက်လျက် ရှိပါသည်။

လွန်ခဲ့သောဆယ်စုနှစ်များတွင် သဘာဝသယံဇာတများနှင့် အခြေခံကုန်စည်များ တင်ပို့ခြင်းတို့ဖြင့် ကနဦးအဆင့် စီးပွားရေးတိုးတက်မှုကို တွန်းအားပေး ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရပါသည်။ သစ်တောဖုံးလွှမ်းမှု ဧရိယာလျော့သွားမှု၊ ဓာတုဗေဒသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအသုံးပြုမှုဖြင့် မြင့်တက်လာခြင်း ၊ သတ္တုတူးဖော်ရေးနှင့် နီးစပ်သောဒေသ များတွင် ရေသယံဇာတ ညစ်ညမ်းမှု၊ ဒီရေတောများ ဆုံးရှုံးမှုတို့ကို တွေ့ကြုံခဲ့ရပါသည်။

NCDP သည် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု နည်းလမ်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးကို အဓိကစဉ်းစားထားခြင်းဖြင့် ဖွံ့ဖြိုးမှုဆိုင်ရာ အစီအမံများအပေါ် အဟန့်အတားများပေါ်ပေါက်မှုမရှိစေရန် အကာအကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မောင်းနှင်အားတရပ်အနေဖြင့် သဘာဝသယံဇာတများ စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းကို အထူးဂရုပြု ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သဘာဝသယံဇာတ အခြေခံ ထုတ်လုပ်မှုလုပ်ငန်းများ၏ ထုတ်လုပ်နိုင်စွမ်း တိုးမြှင့်ရေး မူဝါဒသည် တန်ဖိုးမြင့်ပို့ကုန်များ စဉ်ဆက်မပြတ် တိုးမြှင့်စေမည် ဖြစ်ပါသည်။ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ကို ထိန်းချုပ်နိုင်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် ပြည်တွင်းဖြစ် စက်ပစ္စည်းများကို အသုံးပြုခြင်းသည် မြန်မာနိုင်ငံ၏ တိုးတက်မှုမဟာဗျူဟာနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် စဉ်းစားရမည့် ရှုထောင့်သစ် တစ်ခုဖြစ်ပါသည်။

ရီယို+၂၀ ဆွေးနွေးပွဲရလဒ် ဖြစ်သော " ကျွန်ုပ်တို့ အလိုရှိသော အနာဂတ်" ဆောင်ပုဒ်အရ မြန်မာနိုင်ငံသည် သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် မူဝါဒတရပ်ကို ရှာဖွေဖော်ထုတ်လျက်ရှိပါသည်။ ၎င်းမူဝါဒသည် အနာဂတ် မျိုးဆက်သစ် လူငယ်များအား သဘာဝသယံဇာတ အရင်းအမြစ်ကြွယ်ဝမှုမှ အကျိုးကျေးဇူး ရရှိစေမည် ဖြစ်ပါသည်။

NCDP သည် သဘာဝသယံဇာတများ စဉ်ဆက်မပြတ် ဖြစ်ထွန်းမှုနှင့် စွမ်းရည်ပြည့်ဝစွာ အသုံးချမှုတို့ကို မြှင့်တင်နိုင်မည့် စနစ်တကျ စီမံခန့်ခွဲထားသော သဘာဝသယံဇာတများနှင့် သက်ဆိုင်သည့် ရည်မှန်းချက်များကို ချမှတ်ထားပါသည်။

ငှင်းအသုံးချမှုတွင် ရေကို စွမ်းအင် အရင်းအမြစ်အဖြစ် အသုံးပြုခြင်း ၊ ပို့ကုန်အတွက် ဓာတ်သတ္တုအဖြစ် အသုံးပြုခြင်း ၊ ပို့ကုန်အတွက် ဓာတ်သတ္တုပစ္စည်းများကို ကုန်ချော ထုတ်လုပ်ခြင်း၊ စိုက်ပျိုးမြေဧရိယာ ချဲ့ထွင်ခြင်းစသည်တို့ ပါဝင်ပါသည်။ ဤကဲ့သို့ စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှု တိုးတက်မှုအတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ် ချက်များ




သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန် စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်စွမ်းရှိသော အစိုးရအဖွဲ့အစည်းသစ်များ လိုအပ်ပါသည်။ ထိုအဖွဲ့အစည်းများသည် ထိရောက်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကြီးကြပ်နိုင်စွမ်းနှင့် ပြဋ္ဌာန်းနိုင်ရန် လိုအပ်ပါသည်။ အစိုးရအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အလေ့အကျင့်သစ်များနှင့် နည်းပညာအသစ်များကို စတင်အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံအတွက် အဓိကကျသော အခွင့်အလမ်းကို ရရှိနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ရှေ့ဆက်ဆောင်ရွက်သွားမည့် ကနဦးဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးများကို ရယူနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည့် အစိုးရအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရန် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နည်းပညာများကို အသုံးပြုရမည်ဖြစ်သည်။

သဘာဝသယံဇာတများကို ရေရှည်တည်တံ့နိုင်မြဲစေပြီး သတိတရားဖြင့် ယှဉ်တွဲသုံးစွဲရေးသည် အနာဂတ်မျိုးဆက်များအတွက် ၎င်းသယံဇာတများ ထိန်းသိမ်းပေးရန် နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုရန် မရှိမဖြစ်လိုအပ်သည်။ အခြေခံပို့ကုန်များနှင့် ဆက်စပ်နေသော တန်ဖိုးမြင့် ထုတ်ကုန်လုပ်ငန်းများသည် ရေရှည်တွင် သဘာဝသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ သယံဇာတ အရင်းအမြစ်များတည်ရှိရာ ဒေသများတွင် အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရရှိလာမည့် ဒေသဆိုင်ရာအစိုးရ၏ အခွန်ရငွေဖြင့် ကျေးလက်လူ့အဖွဲ့အစည်းအတွင်း ဖြစ်ထွန်းစေမည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ရရှိ လာခြင်း၊ ဒေသတွင်းကွာဟချက်လျော့ကျလာခြင်း၊ ဘက်ညီဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာခြင်းတို့ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။


သစ်မာခွဲခြင်း၊ ကျောက်ခွဲခြင်းနှင့် ရာဘာထုတ်လုပ်သည့် လုပ်ငန်းများကဲ့သို့ သယံဇာတအဓိက အသုံးပြုသောလုပ်သားအခြေပြုလုပ်ငန်းများ ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ခြင်းသည် သယံဇာတအခြေပြု စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ကနဦးအခြေခံလိုအပ်ချက်များကို အထောက်အပံ့ဖြစ်စေမည်။ အခြေခံကုန်စည်ထုတ်လုပ်ရာမှ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့ခြင်းဖြင့် စီးပွားရေးအကျိုးအမြတ်များ ထပ်မံရရှိစေမည်ဖြစ်ပါသည်။

၂၀၂၅-၂၀၃၀ အတွင်း ရေနံဓာတုထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်လုပ်ခြင်းဖြင့် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ သယံဇာတအဓိကအခြေခံသော စက်ရုံများတိုးတက်လာမှုနှင့် ထုတ်လုပ်မှုစွမ်းရည် မြင့်မားမှုတို့တွင် သစ်တောထွက်ပစ္စည်းများ၊ နိုင်ငံခြားပို့မည့် သစ်အချောထည်ထုတ်ကုန်များ၊ သစ်ပါးလွှာများ၊ ဝါးနှင့် ရေထွက်ပစ္စည်းများ၊ တန်ဖိုးရှိသော ရေထွက်ပစ္စည်းများ၊ တွင်းထွက်ပစ္စည်းများ၊ စက္ကူထုတ်ကုန်များ၊ သန့်စင်ပြီး ရေနံထွက်ပစ္စည်းများ၊ ဇီဝရုပ်ကြွင်းလောင်စာ ထုတ်လုပ်မှုများ ပါဝင်ပါသည်။

## မဟာဗျူဟာချုပ်သုံးသပ်ချက်

မြန်မာနိုင်ငံသည် ဆင်းရဲမှုလျှော့ချရေးနှင့် ရေရှည်လူမှုစီးပွားတိုးတက်မှုကို ဟန်ချက်ညီ ဖြစ်စေရန်သဘာဝသယံဇာတကြွယ်ဝမှုကို ဆင်ဆင်ခြင်ခြင် အသုံးပြုသွား ရမည် ဖြစ်ပါသည်။ မျှော်လင့်ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားစွာ စီးဆင်းဝင်လာမှု၊ အခြေခံ အဆောက်အအုံ စီမံကိန်းများ အတိုင်းအတာကြီးမားစွာလိုအပ်လာမှု တို့ကြောင့် သယံဇာတ ပစ္စည်းများအား အရည်အသွေးရှိရှိ အသုံးပြုမှုတွင် ဖိအားပေးမှုများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်မှန်းချက်ကို အထောက်အကူဖြစ်စေရန် အောက်ပါမဟာဗျူဟာ (၄) ရပ်ကို ချမှတ်ထားပါသည်- (၁) မြေ၊ သစ်တောများ၊ ရေ၊ ကမ်းရိုးတန်းဂေဟစနစ် စသည်တို့ ရေရှည်တည်တံ့စေမည့် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲခြင်း၊ (၂) နိုင်ငံသားအားလုံး အကျိုးဖြစ်ထွန်းရေးနှင့် သယံဇာတများကို ရေရှည်သုံးစွဲနိုင်ရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ တွင်းထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲမှု၊ ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲမှု၊ အခြေခံ အဆောက်အအုံနှင့် လယ်ယာစသည့် လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုတွင် ပွင့်လင်းမြင်သာမှုရှိပြီး စဉ်ဆက်မပြတ် တိုးတက်စေခြင်း၊ (၃) စွမ်းအင်၊ ရေနှင့် သန့်ရှင်းရေးတို့ တိုးတက်အသုံးပြုလာမှုတို့ကြောင့် ရေထု၊ လေထုညစ်ညမ်းမှု မှတဆင့် ဖြစ်ပေါ်စေသော ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး ဆိုးကျိုးများကို လျှော့ချခြင်း၊ (၄) သဘာဝဘေးအန္တရာယ်များနှင့် ဆက်စပ်နေသော ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ထိခိုက်ခံစားရမှုလျှော့ကျစေခြင်း၊




ပုံ-၅-၄၃ မဟာဗျူဟာပြပုံ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)

## မဟာဗျူဟာ ၇-၁ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲစေရေးစီမံခန့်ခွဲမှု

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် သဘာဝသယံဇာတများကိုထိန်းသိမ်းရန် မြန်မာနိုင်ငံအတွက် အခြေခံကျသောမဟာဗျူဟာမြောက်နည်းလမ်းမှာ ထိရောက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ၎င်းစီမံခန့်ခွဲမှုသည် ကုန်းမြေ၊ ကမ်းခြေ၊ ရေပြင်နှင့် သဘာဝဂေဟစနစ်၊ ကျွန်းများစသော သဘာဝသယံဇာတအား ထိရောက်စွာ အသုံးပြုမှုကို မြှင့်တင်နိုင်မည်ဖြစ်ပြီး၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် စီးပွားရေးနှင့် လူမှုရေးအကျိုးအမြတ်အများဆုံး ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် အရေးကြီးသော သဘာဝသယံဇာတဖြစ်သည့် သစ်တောများ ကာကွယ်ခြင်း နှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ပထမဦးစားပေး အဖြစ်ထားရှိပါသည်။ မြန်မာ့ရွေးချယ်မှုစနစ် (MSS) နှင့် ၁၉၉၅ သစ်တောမူဝါဒတို့သည် သဘာဝသစ်တောများကို ထိန်းသိမ်းရန်နှင့် ရှင်သန်စေရန်၊ သစ်တောကြိုးဝိုင်း၊ ဧရိယာကို ချဲ့ထွင်ရန် လှုံ့ဆော်တွန်းအားပေးပါသည်။ သစ်အချောထည်ထုတ်လုပ်နိုင်ရန် သစ်လုံးများကို နိုင်ငံခြားသို့ တင်ပို့ခြင်းအား တားမြစ်မှုမှတဆင့် သစ်သယံဇာတများကို ကာကွယ်ထိန်းသိမ်း နိုင်မည်ဖြစ်ပါသည်။

သစ်တောများကို အောင်မြင်စွာစီမံခန့်ခွဲနိုင်ရန် အဓိကသော့ချက်မှာ သစ်တောရေးရာစီမံခန့်ခွဲမှုနှင့် သစ်ထုတ်လုပ်ခြင်းကိစ္စများတွင် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများအား ပါဝင်လာစေခြင်း၊ နိုင်ငံတကာတွင်ကျင့်သုံးနေသော နည်းလမ်းများကို အသုံးပြု၍ အနာဂတ် မျိုးဆက်သစ်များအတွက် သစ်တောများပြန်လည်စိုက်ပျိုးပေးခြင်း စသည်တို့ဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းနှင့် ဝင်ငွေရရှိရေးအတွက် သစ်တောဆိုင်ရာ အရင်းအမြစ်များအပေါ်တွင် မှီခိုနေရသော ဒေသခံအဖွဲ့အစည်းများအား သစ်တောမြေယာများကို ရေရှည်ထိန်းသိမ်းစီမံခန့်ခွဲရန်နှင့် တရားမဝင် လုပ်ဆောင်မှုများကို ဆန့်ကျင်ပြီး တရားဝင်ဆောင်ရွက်နိုင်ရန် အနေအထားမျိုးတို့ကိုလည်း မက်လုံးပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။

သစ်တောများကို စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုကို မြှင့်တင်ရန် " သစ်တောထိန်းသိမ်းမှုနှင့် ပတ်သက်သည့် စံသတ်မှတ်ချက်များ" Criteria for Forest Stewardship (FSC) နည်းလမ်းများနှင့် သစ်တောထိန်းသိမ်းမှု စံနှုန်းများကဲ့သို့သော နိုင်ငံတကာ စံချိန်စံနှုန်းများကို အသုံးပြုရမည်ဖြစ်ပါသည်။ သစ်တောထွက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းကို အထောက်အကူ ဖြစ်စေရန်အတွက် ငွေဖြစ်လွယ်သော သစ်တောထွက်ကုန်ပစ္စည်းများ (ဆီအုန်းနှင့် ရာဘာပင် စသောအပင်များ)မှ ဒေသခံများ အကျိုးကျေးဇူးရရှိနိုင်ရန် ဒေသတွင်းအစိုးရအဖွဲ့ စီမံကိန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ညှိနှိုင်းဆောင်ရွက်မှုအသစ်များကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

စီးပွားဖြစ်ထုတ်လုပ်နေသော အလားအလာကောင်းသော သစ်မျိုးစိတ်များ ကျယ်ပြန့်စွာရှိနေသည့် မြန်မာနိုင်ငံသည် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် OECDမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သစ်တောထွက်ပစ္စည်းခုတ်ထွင်ခြင်းနှင့် မျိုးစိတ်များမပြုန်းတီးရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### အာဆီယံ

ဒေသတွင်းနိုင်ငံများ၏ ရေထုသည်ညမ်းမှုစီမံခန့်ခွဲမှု၊ ရေရရှိမှု ဆည်မြောင်းများဖြင့် ရေသွယ်တန်းခြင်းတို့နှင့်ပတ်သက်၍ဖြေရှင်းနိုင်မည့် ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးစီမံခန့်ခွဲမှုကို အထောက်အပံ့ဖြစ်စေသည့် အာဆီယံသဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်ရေး မူဝါဒနှင့် လိုက်လျောညီထွေဖြစ်စေမည့်မူဝါဒကို မြန်မာနိုင်ငံအနေဖြင့် ဖော်ထုတ်ရမည်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် IWRM စီမံကိန်းကို အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

ရေကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ရန် ရေရရှိရေးနှင့် အရည်အသွေးကောင်းမွန်မှု ထိန်းသိမ်းခြင်း ဆိုင်ရာမူဝါဒများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ဥပဒေများကို ၂၀၂၀ ခုနှစ်တွင် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကာလတိုအတွင်း ရေရရှိရေး ဆောင်ရွက်ချက်ကို အရေးကြီးအချက်အနေဖြင့် သတ်မှတ်ဆောင်ရွက်ခြင်းဖြင့် ၂၀၂၅ တွင် လူသားအားလုံး ကောင်းမွန်သန့်ရှင်းသော ရေရရှိခံစားရမည်ဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အဓိကရေအရင်းအမြစ်များဖြစ်သည့် မြစ်ကြီးများ၊ ရေကန်များ၊ စိုစွတ်သောကုန်းမြေများ၊ မြေအောက်ရေကြောများကို ဥပဒေများ၊ အစိုးရ၏ ကြီးကြပ်မှုနည်းလမ်းများဖြင့် ကာကွယ်သွားရမည်ဖြစ်သည်။ အထူးသဖြင့် မြို့ပြများတွင် ဖြစ်ပေါ်သည့် ရေအရင်းအမြစ်များအတွင်းသို့ တိုက်ရိုက်ကျရောက်သည့် ရေထုညစ်ညမ်းစေမှုကို ရှောင်ရှားနိုင်ရန် ရေကောင်း ရေသန့်ရရှိရေးနှင့် ရေထုညစ်ညမ်းမှုဖယ်ရှားရေး ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲရေးဆောင်ရွက်မှု (IWRM) ကိုအထောက်အကူပြုစေမည့် အာဆီယံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေရှိစေမည့်မူဝါဒကို မြန်မာနိုင်ငံအနေဖြင့် ရှာဖွေဖော်ထုတ်ရမည် ဖြစ်ပါသည်။ ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲရေးဆောင်ရွက်ခြင်းသည် ရေထုညစ်ညမ်းမှု၊ ရေသွင်းစိုက်ပျိုးမှု၊ ရေပေးဝေမှုများ စသည့်ဒေသတွင်း ရေအရင်းအမြစ်နှင့်ဆက်စပ်သည့် ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အမျိုးသားဘက်စုံ ရေအရင်းအမြစ် စီမံခန့်ခွဲမှု စီမံကိန်းကို ၂၀၂၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လူနေမှုဘဝ

သဘာဝအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်များကို အခြေခံသည့် လယ်ယာနှင့် ငါးလုပ်ငန်းများသည် ပြည်သူလူထုအတွက် အဟာရနှင့် သင့်တင့်လျောက်ပတ်သော ဝင်ငွေများကို ပေးစွမ်းနိုင်ပါသည်။ ထို့ပြင် ဆင်းရဲသော ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့အတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုများကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်ပါ သ

၂၀၁၈ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအရ ကျေးလက်လူနေမှုဘဝ မြှင့်တင်ရန်၊ စီးပွားရေးလုပ်ငန်းအမျိုးမျိုးတိုးတက်ရန်၊ သဘာဝ ပတ်ဝန်း ကျင်ထိန်းသိမ်းစောင့်ရှောက်ရန် နှင့် လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်ရန် စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သဲကန္တာရများဖြစ်ပေါ်လာခြင်း၊ စိုက်ပျိုးမြေများ မြေဆီလွှာကုန်ခမ်းခြင်း၊ သီးနှံတစ်မျိုးထဲ စိုက်ပျိုးခြင်းနှင့် သစ်တောပြုန်းတီးမှုကို ထိရောက်စွာ ကာကွယ်ခြင်းများ ဆောင်ရွက်နိုင်ရန် အရေးကြီးသောမူဝါဒများ ချမှတ်ရမည်ဖြစ်ပါသည်။

ဥရောပတွင် ပြဋ္ဌာန်းထားသော ပုံစံများကို ရည်ညွှန်းထားသော ငါးလုပ်ငန်းဆိုင်ရာမူဝါဒသစ်သည် ကမ်းရိုးတမ်းဒေသပျက်စီးမှုကို ထိန်းသိမ်းကာကွယ်ရေး၊ ပင်လယ်နှင့်ကျွန်းစုများ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ဒီရေတောများကာကွယ်ခြင်းကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။


ငါးမျိုးစိတ်များရေရှည်တည်တံ့ခိုင်မြဲစေရန် နှင့် ပုဇွန်သားပေါက်ကဲ့သို့သော ပင်လယ်ရေ သယံဇာတများ ဖမ်းဆီးရန်အတွက် သင့်တော်သော အခြေအနေများကို ဖန်တီးပေးနိုင်သော ငါးဖမ်းခြင်းဆိုင်ရာ မူဝါဒနှင့် ကန့်သတ်ချက်များကို ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ် ကာလတို၊ ကာလလတ်အတွင်း စတင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း(ASCC) လုပ်ငန်းစဉ် ၂၀၀၉-၂၀၁၅ ကို လိုက်နာလျက် ကမ်းရိုးတန်းနှင့် ပင်လယ်သယံဇာတများ ရေရှည်သုံးစွဲနိုင်မည့် နည်းလမ်းများကို ၂၀၁၅ ခုနှစ်တွင် စတင်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံနှင့် နယ်စပ်ဖြတ်ကျော်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများစီမံခန့်ခွဲခြင်းနှင့် ပင်လယ်ရေဂေဟစနစ်ကို မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံသည် အာဆီယံပင်လယ်ရေ အရည်အသွေးစံသတ်မှတ်ချက်များကို ချမှတ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် သဘာဝခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာများစွာရှိပါသည်။ ကာကွယ်ထားသော အင်းလေးကန်ဒေသသို့ ခရီးသည် တစ်သိန်းခွဲခန့် ၂၀၁၃ ခုနှစ်ကုန်တွင် လည်ပတ်ခဲ့ကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ သဘာဝခရီးသွားလုပ်ငန်းအခြေခံမှုတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများလျော့နည်းစေခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာအသိပညာများပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် တိုက်ရိုက်အကျိုးကျေးဇူးရရှိခြင်းတို့ပါဝင်ပါသည်။

ခရီးသွားလုပ်ငန်းပင်မစီမံကိန်းသည် ဆင်းရဲသော လူ့အဖွဲ့အစည်းများတွင် ဒေသဆိုင်ရာ အလုပ်အကိုင် ဖန်တီးမှုဝင်ငွေ တိုးတက်ရရှိလာမှုစသည့် အလားအလာကောင်းများစွာကို ဖွင့်လှစ်ပေးပါသည်။ ဤအချက်ကို အသိအမှတ်ပြုလျက် မြန်မာနိုင်ငံတွင် ဒေသခံများကို အကျိုးပြုစေမည့် ခရီးသွားလုပ်ငန်း အစီအစဉ်များကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုဆိုင်ရာစံသတ်မှတ်ချက်များကို အာဆီယံခရီး သွားလုပ်ငန်းမှ သင်ခန်းစာရယူရမည်ဖြစ်ပါသည်။

## မဟာဗျူဟာ ၇-၂ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှု



ပုံ-၅-၄၄ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှု ဇာစ်မြစ်၊ DICA (၂၀၁၄)

၂၀၀၆ ခုနှစ်မှ စတင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုသည် အများအားဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့ ၊ သတ္တုနှင့် လျှပ်စစ်လုပ်ငန်းများအပေါ် အခြေစိုက်ခဲ့ပါသည်။ FDI စီးဝင်မှုအသစ် အနေဖြင့် စက်မှုကုန်စည်ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အတန်အသင့်ကြီးမားသော သတ္တုထုတ်လုပ်မှုလုပ်ငန်းများအပေါ် မျှော်လင့်ထားသကဲ့သို့ ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ကွက်သစ်များကိုလည်း မျှော်လင့်ထားပါသည်။ ထပ်မံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အထူးသဖြင့် ရေအားလျှပ်စစ်ဖြန့်ဖြူးသည့် လုပ်ငန်းများတွင် PPP ဖြင့် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပွင့်လင်းမြင်သာသော ရင်းနှီးမြှုပ်နှံမှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံထိတိုးတက်လာမည်ဖြစ်သည်။ ဤကဲ့သို့တိုးတက်လာခြင်းကြောင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးအကျိုးအမြတ်များဖန်တီးပေးနိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

ပထမအနေဖြင့် နိုင်ငံတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်စောင့်ရှောက်မှု အာမခံချက်ရရှိရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ရရှိရေးတို့အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေးနှင့် ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှု စာချုပ်၊ လုပ်ပိုင်ခွင့်စာချုပ်များကို DICA မှ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအသစ်များတွင် မြေယာဖော်ထုတ်ရေးအတွက် ကုန်ကျစရိတ်များကို ရင်နှီးမြှုပ်နှံသူများ ကျခံရမည့် အရေးအသားများ ၊ ပြဌာန်းချက်များပါဝင်ရမည်ဖြစ်ပါသည်။ သတ္တုတူးဖော်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နေရာဒေသအလိုက် ထုတ်လုပ်မှုနည်းလမ်းများအလိုက် အသုံးပြုသည့် ပုံစံတို့ကိုလည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုသဘောတူညီချက်တွင် အစိတ်အပိုင်းတစ်ရပ် အဖြစ်ပါရှိရမည်ဖြစ်ပါသည်။

ဒုတိယအနေဖြင့် ရေရှည်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများနှင့် အဆိုပြုချက်များတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်ချက်များပါဝင်ရမည် ဖြစ်ပြီး လေးစားလိုက်နာရန်လည်းလိုအပ်ပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များတွင် ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ၌ သန့်ရှင်းသောနည်းပညာ အသုံးပြုမှု၊ သတ္တုတူးဖော်ပြီး ဓရိယာများကို ပြန်လည်အသုံးပြုမှုတို့ ပါဝင်ပါသည်။ ထို့ပြင် သက်ဆိုင်ရာဒေသခံများအား လုပ်ငန်းခွင်တွင် အင်အားအသုံးပြုစေနိုင်မှုကို ရှောင်ကြဉ်ရမည် ဖြစ်ပြီး ဒေသဆိုင်ရာ အစိုးရဝန်ဆောင်မှုပိုမိုတိုးမြှင့်စေရန် သဘာဝသယံဇာတအသုံးပြုမှုနှင့် ပတ်သက်၍ စံသတ်မှတ်ပြီး ပွင့်လင်းမြင်သာမှုရှိစေရမည်ဖြစ်ပါသည်။

သဘာဝသယံဇာတ သွင်းအားစုများကို အသုံးပြုသည့်အခါ၌လည်း ရင်းနှီးမြှုပ်နှံသူများနှင့် ကန်ထရိုက်တာများ ဥပဒေနှင့်အညီ တာဝန်ယူရမည့်အချက်များမှာ-(၁) ပြန်လည်သန့်စင်ထားသော သန့်ရှင်းသည့်ရေကို မူလရေအရင်းအမြစ်သို့ ပြန်လည်ထည့်သွင်းသည့် ထိရောက်သောရေစီမံခန့်ခွဲမှုစနစ်၊ (၂) အသုံးပြုသော သယံဇာတများအတွက် ဝန်ဆောင်ခများ နှင့် ဒေသဆိုင်ရာ အခွန်အခများပေးဆောင်ခြင်း၊ (၃) လိုအပ်သောနေရာများတွင် သင့်လျော်သော အဆောက်အအုံများ တည်ဆောက်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းများ အား ဝန်ဆောင်မှုပေးခြင်း၊ တို့ဖြစ်ပါသည်။

သတ္တုတူးဖော်ခြင်း၊ လုပ်ငန်းများမှထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ စီမံမည့်ပစ္စည်းအားလုံးအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ မှန်ကန်သော စီမံခန့်ခွဲမှု ဥပဒေသက်ဝင်ပေါ်ထွက်လာစေရန် အစိုးရမှ အမိန့်အာဏာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤတွင်စွန့်ပစ်ပစ္စည်းများ စုပုံများပြားလာမှုအတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သစ်တောပြန်လည်ပြုစု ပျိုးထောင်ခြင်း အပါအဝင် မြေယာရှုခင်း လက်တွေ့လုပ်ဆောင်ခြင်းကို ကြိုတင်စီစဉ်၍ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကာကွယ် စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေစဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေသစ်မူကြမ်းကို ရေးဆွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုကဏ္ဍများ၏ အခွန်ရငွေများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာရှိမှုတိုးတက်စေရန် EITI လုပ်ငန်းစဉ်များ ချိတ်ဆက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည်ရေအားလျှပ်စစ်ကဏ္ဍ၊ သစ်တောကဏ္ဍများ၊ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် အမှီပြုလျက် EITI လုပ်ငန်းများတိုးချဲ့ရန် အခွင့်အလမ်းများကို စစ်ဆေးလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

## မဟာဗျူဟာ ၇-၃ သဘာဝပတ်ဝန်းကျင်ကြောင့်ကြုံရမည့် ကျန်းမာရေးဆိုးကျိုးများလျော့ပါးသက်သာစေခြင်း

သဘာဝပတ်ဝန်းကျင်ကြောင့်ကြုံတွေ့ရမည့် ကျန်းမာရေးဆိုးကျိုးများသည် မြို့ပြနှင့် ကျေးလက်နေပြည်သူအားလုံးကိုထိခိုက်စေနိုင်ပါသည်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၏ အကျိုးသက်ရောက်မှု၊ မြို့ပြစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်သောလေထုညစ်ညမ်းမှုများသည် မြို့ပြတွင်နေထိုင်ကြသောလူများစွာကိုထိခိုက်စေနိုင်ပါသည်။ ရေထုညစ်ညမ်းခြင်း၊ မိလ္လာစနစ်နှင့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်နှင့် ဆိုင်သောကျန်းမာရေးဆိုးကျိုးများကိုတိုးပွားစေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများ (ဓာတုဓာတ်မြေဩဇာ၊ပိုးသတ်ဆေး) များကြောင့်လည်းကောင်း သစ်တောဖုံးလွှမ်းမှုလျော့ချခြင်း၊သယံဇာတထုတ်လုပ်ခြင်းတို့နှင့် ဆက်စပ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးဆိုးကျိုးများကို မြန်မာနိုင်ငံရှိကျေးလက်နေပြည်သူများတွေ့ကြုံခံစားနေရပါသည်။

သတ္တု၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများထုတ်လုပ်သောဒေသအနီးတွင် တည်ရှိသောကျေးရွာများ၏ သဘာဝပတ်ဝန်းကျင်ကြောင့် တွေ့ကြုံရမည့် ကျန်းမာရေးဆိုးကျိုးများကို လျော့ချရန် ၂၀၂၀ ခုနှစ် ဥပဒေ ပြဌာန်းမှုများ မှတဆင့် ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရေ၊ လေထုညစ်ညမ်းမှု အဆင့်ကိုလျော့ချရန် အကောင်အထည်ဖော်သွားရမည် ဖြစ်ပါသည်။

## မြို့ပြပတ်ဝန်းကျင်ကြောင့်တွေ့ကြုံရမည့်ကျန်းမာရေးဆိုးကျိုးများလျော့ချခြင်း

မြေယာအသုံးချမှု စီမံကိန်း ကန့်သတ်ချက်များရှိသော မြို့တွင်းဆောက်လုပ်ရေးစီမံကိန်းတို့ ပေါင်းစပ်ဖြစ်ပေါ်လာသောထိရောက်သည့် မြို့ပြစီမံကိန်းသည် ၂၀၂၀ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသဆိုင်ရာအစိုးရအားလုံး၏ ပြယုဂ်သဖွယ် ဖြစ်ပါသည်။ ရှေ့ပြေးစနစ်၏ ကနဦးဖွံ့ဖြိုးတိုးတက်မှုများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါစနစ်တွင် ပါဝင်သောသွင်ပြင်လက္ခဏာများမှာ- (၁) မြို့ပြဒေသနှင့် မြို့တော်နယ်နိမိတ်များရှိ စက်မှုကုန်ထုတ်လုပ်ငန်းများကို ၂၀၂၀ ခုနှစ် တွင် သတ်မှတ်ထားသောစက်မှုဇုန်များသို့ ပြန်လည်နေရာချထားရမည်ဖြစ်ပါသည်။ (၂) ရန်ကုန်မြို့ နှင့် မန္တလေးမြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုများနှင့် ပို့ဆောင်ရေးကြောင့် ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုကိုလျော့ချရန် ပြည်သူ့ပို့ဆောင်ရေးစနစ်ချဲ့ထွင်ခြင်း၊ ယာဉ်ကန့်သတ်ချက်များဆောင်ရွက်ခြင်း (ယာဉ်အတန်းအစားခွဲခြားခြင်း၊ လော်ရီကား၊ ကုန်တင်ကား)၊ (၃) ကျေးလက်ဒေသ၊ ဝေးလံဒေသများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေသည့် ချက်ပြုတ်ရေးအထောက်အကူပစ္စည်းများအသုံးပြုခြင်း၊ (၄) မြို့ပြဆောက်လုပ်ရေးစနစ် ကန့်သတ်ခြင်းနှင့် မြို့တွင်းရှိစိမ်းလန်းဒေသများကိုထိန်းသိမ်းခြင်း၊ (၅) စွန့်ပစ်ပစ္စည်းများကိုမြေဖို့ စွန့်ပစ်ခြင်းကိုအနည်းဆုံး ဖြစ်စေရန်နှင့် ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊

## ကျေးလက်ပတ်ဝန်းကျင်ကြောင့်တွေ့ကြုံရမည့် ကျန်းမာရေးဆိုးကျိုးများလျှော့ချခြင်း

ကျေးလက်ဒေသ သဘာဝပတ်ဝန်းကျင်ကြောင့်တွေ့ကြုံရမည့် ကျန်းမာရေးဆိုးကျိုးများကိုလျှော့ချခြင်းသည် အောက်ပါအချက်များနှင့် ဆက်စပ်နေပါသည်- (၁) စက်မှုဖြစ်ထွန်းခြင်းမှ ပေါ်ပေါက်လာသောဆိုးကျိုးများကိုလျှော့ချရေး၊ (၂) သန့်ရှင်းသော ရေရရှိရေးနှင့် စနစ်ကျသော သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုမြှင့်တင်ရေး၊ (၃) ထိရောက်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် အသုံးပြုရေး၊ (၄) အိမ်ထောင်စုများ၏ ချက်ပြုတ်ရေးနှင့် စွမ်းအင်သုံးစွဲရေးတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ် အသုံးပြုရေး၊

ကျေးလက်လူမှုအဖွဲ့အစည်းကို ကာကွယ်ရန် မူဝါဒအရ လုပ်ဆောင်ချက်များကို စက်မှုလုပ်ငန်း၊ လေထုညစ်ညမ်းမှု စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့ကို ထိန်းချုပ်မည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက် ပေးရမည်ဖြစ်ပါသည်။ ၂၀၂၀ခုနှစ် အလွန်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသည် သဘာဝအရင်းအမြစ်များ မှ ထုတ်လုပ်သော စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် သဘာဝအရင်းအမြစ်များကိုအလွန်အကျွံ ထုတ်ယူသောစက်မှုလုပ်ငန်းများ၏ လုပ်ဆောင်ချက်များကိုစောင့်ကြည့်ရန်နှင့် စစ်ဆေးရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစောင့်ရှောက်ရေးအဖွဲ့အစည်းများကိုဖွဲ့စည်းခြင်းနှင့် လုပ်ပိုင်ခွင့် ပေးခြင်းများဆောင်ရွက်ရမည်ဖြစ်ပါသည်။

ချက်ပြုတ်ရာတွင် ထင်းမီးလောင်စာ အသုံးပြုခြင်း၊ ဒီဇယ်အင်ဂျင်များ အသုံးပြုခြင်း တို့ကို လျှော့ချနိုင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အစားထိုး အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကြောင့် တွေ့ကြုံရမည့် ဆိုးကျိုးများကိုလျှော့ချရာတွင် ကျေးလက် အိမ်ထောင်စုများသည် အဓိကနေရာမှ ပါဝင်လျှက်ရှိပါသည်။ အမျိုးသားရေးမူဝါဒ အစီအစဉ်များကို ၂၀၁၅-၂၀၂၀ ကာလတိုတွင် အသုံးပြုမည်ဖြစ်ပြီး အိမ်တွင်းထုတ်လုပ်မှု လုပ်ငန်းများ ၊ ကျေးလက်အိမ်ထောင်စုများအတွက် နေရောင်ခြည်စွမ်းရည်သုံး ဖြန့်ဖြူးခြင်း ကို မက်လုံးပေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## မဟာ ဗျူဟာ ၇-၅ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ခြင်း

ရာသီဥတုပြောင်းလဲမှုဆိုးကျိုးနှင့် သဘာဝဘေးအန္တရာယ် တိုးပွားမှုတို့ကို တုံ့ပြန်ရန် မြန်မာနိုင်ငံသည် HYOGO အပြည့်အဝ အသုံးပြုမှုမူတဆင့် ထိခိုက်လွယ်မှုကို လျှော့ချရန် ရည်ရွယ်ပါသည်။ သဘာဝဘေးအန္တရာယ် လျှော့ချရန် ရှေ့လုပ်ငန်းစဉ်အနေဖြင့် ထားရှိရမည့် ရည်မှန်းချက်မှာ " သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိခြင်းနှင့် လုံခြုံစိတ်ချမှုရှိခြင်းကြောင့် ဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်များကို ခံစားရမည်ဖြစ်ပါသည်။"

ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများသည်၊ သဘာဝဘေးအန္တရာယ်ကို ထိရောက်စွာ တားဆီးပေးနိုင်သော အရာများအနေဖြင့် အစိုးရက အသိအမှတ်ပြု ပေးထားပါသည်။ ဒီရေတောများသည် လေမုန်တိုင်းကို ဖြိုခွဲပစ်နိုင်ပါသည်။ ထို့ပြင် စိမ်းလန်းသောနေရာများဖြစ်သည့် သစ်တောများ၊ လယ်မြေများသည် ရေလွှမ်းမိုးမှုကို တားဆီးနိုင်ရန် ရေကိုထိတွေ့စုတ်ယူနိုင်ပါသည်။ ဤသဘာဝသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းသည့် နည်းလမ်းများကို စုစည်းဆောင်ရွက်ခြင်းသည် ရှေ့လုပ်ငန်းစဉ်များ အားဖြည့်ကူညီပေးရာတွင် အပြန်အလှန် ဆက်စပ်နေသော မူဝါဒတစ်ရပ် အနေဖြင့် ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်ပါသည်။

လူမှုဘဝပြည့်စုံမှု အကဲဖြတ် မူဘောင်ကို ပံ့ပိုးပေးသည့် အမျိုးသားအဆင့် ထိန်းကျောင်းကြပ်မတ်သည့် နည်းလမ်းများ ၊ လုပ်ပိုင်ခွင့်ရှိသောအစိုးရအဖွဲ့အစည်းများ ပြဋ္ဌာန်းထားသော ဥပဒေများတို့သည် Hyogo နှင့် ရှေ့လုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

## မဟာ ဗျူဟာ ၇-၄ မြေယာပိုင်ဆိုင်မှုနှင့် မြေယာအသုံးချမှု

မြေယာသည် အခြေခံ သဘာဝအရင်းအမြစ် တစ်ခုဖြစ်ပြီး အိမ်ရာနှင့် မြေယာပိုင်ဆိုင်မှု အခွင့်အရေးများရရှိခြင်းသည် ငြိမ်းချမ်းပြီးညီမျှသော ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အသွင်ကူးပြောင်းခြင်းအတွက် အထောက်အကူ ဖြစ်စေပါသည်။ ဆင်းရဲမှု လျှော့ချရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခေတ်မီစိုက်ပျိုးစနစ် အသုံးပြုမှု ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများအတွက် မြေယာအသုံးချမှုနှင့် မြေယာပိုင်ဆိုင်မှု အခွင့်အရေးဥပဒေသည် အရေးကြီးသော အချက်ဖြစ်သည်ကို NCDP တွင် ထည့်သွင်းဖော်ပြထားပါသည်။

ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်နှင့်အညီ မြေယာလုပ်ပိုင်ခွင့်စနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ စသော မြေယာဥပဒေသစ်နှစ်ရပ်ကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်သူတို့၏ တိုင်းကြားစာများကို စုံစမ်းစစ်ဆေးရန် လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သော လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ မြေယာအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သော်လည်း လူတစ်ဦးချင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများတွင် အထက်ဖော်ပြပါ ဥပဒေများအတိုင်း ပိုင်ဆိုင်မှု အထောက်အထားများရရှိနိုင်ပါသည်။

၂၀၁၅ ခုနှစ်တွင် အမျိုးသား မြေအသုံးချမှုမူဝါဒ ပေါ်ထွက်ရေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အပြီးသတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ အဆိုပါမူဝါဒတွင် သဘာဝအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရန် အဓိကကျသည့် အချက်များဖြစ်သော မြေယာအသုံးချမှု စီမံခန့်ခွဲရာတွင် လူအဖွဲ့အစည်းပါဝင်မှု နှင့် မြေယာပိုင်ဆိုင်မှုကို ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းများကိုဖော်ပြထားပါသည်။


မြေယာစီမံခန့်ခွဲမှု၊ မြေယာပိုင်ဆိုင်မှုနှင့် ရပိုင်ခွင့်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေရှည်မူဝါဒရည်မှန်းချက် တစ်ခုမှာ ၂၀၃၀ ခုနှစ်တွင် (Cadestra) စနစ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် ဖြစ်ပါသည်။ အဆိုပါစနစ်တွင် e-government Registration System အတွက် လွယ်ကူစွာရောင်းချခြင်းလွှဲပြောင်းခြင်းများပါဝင်ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ

ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ မျှော်မှန်းရလဒ်များမှာ မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးများ တိုးတက်ကောင်းမွန်လာခြင်း၊ ကျေးလက်ဒေသလူအဖွဲ့အစည်းများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများတိုးပွားလာခြင်း၊ အစိမ်းရောင်နည်းပညာ ထုတ်လုပ်မှုလုပ်ငန်းများတွင် အခွင့်အလန်းတိုးတက်လာခြင်း၊ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲလာနိုင်ခြင်း၊ သဘာဝအရင်းအမြစ်များကို ပိုမိုစွမ်းဆောင်ရည်ပြည့်ဝစွာ ထုတ်လုပ်နိုင်ခြင်းနှင့် လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးများ ရရှိလာခြင်းတို့ဖြစ်ပါသည်။ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အစိမ်းရောင်စီးပွားရေးနှင့် မြန်မာပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှု အတွက် လူမှုစီးပွား ပြုပြင်ပြောင်းလဲမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်ရေးကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။


ဖော်ပြပါပုံတွင် ဆောင်ရွက်ချက်တစ်ခုခြင်းအတွက် ဖြစ်ပေါ်လာမည့် မျှော်မှန်းရလဒ်များကို ဖော်ပြထားပါသည်။ အခြားမူဝါဒနယ်ပယ်များနှင့် အပြန်အလှန် ချိတ်ဆက်သည့် မူဝါဒရရှိခြင်းဖြင့် မျှော်မှန်းရလဒ်များကို ကျယ်ပြန့်စွာရရှိနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် ဤမူဝါဒများသည် သစ်တောဖုံးလွှမ်းမှု ၊ လေထုညစ်ညမ်းမှု ကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးပေါ်တွင် သက်ရောက်မှု ရှိစေမည်ဖြစ်ပါသည်။ အိမ်တွင်း စက်မှုလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်သည့် လုပ်ငန်းများတွင် အစိမ်းရောင် နည်းပညာသစ်များကို အသုံးပြုခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းရလဒ်များကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို စုပေါင်းဖြေရှင်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုးကျိုးများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထိုမှတဆင့် ကျေးလက်နှင့်မြို့ပြ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အကျိုးကျေးဇူးရရှိစေမည့် ပညာရေးသင်ကြားမှု အခွင့်အလမ်းများကို တိုးတက်ပေးစွမ်းနိုင်မည် ဖြစ်ပါသည်။ ပတ်ဝန်းကျင် ဆိုင်ရာအဓိကပြဿနာများကို ကျေးလက်စက်မှုလက်မှုလုပ်ငန်းများနှင့် သဘာဝအရင်းအမြစ်များ အလွန်အကျွံ ထုတ်ယူသုံးစွဲသောလုပ်ငန်းများတွင် တွေ့ရှိရပါသည်။ ထိုလုပ်ငန်းများကြောင့် မြစ်ကြောင်းများနှင့် မြေအောက်ရေညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ လယ်ယာစိုက်ပျိုးရေး နည်းပညာသစ်များနှင့် မျိုးစေ့အမျိုးမျိုးထုတ်လုပ်ခြင်းတို့အတွက် လိုအပ်သော ဓာတုပစ္စည်းများကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်ပါသည်။





ပုံ-၅-၄၅
ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းရလဒ်များ၊ ဇာစ်မြစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (၂၀၁၄)









အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၁)
နေပြည်တော် (၂၀၁၄)



# ၆

# အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းနှင့် ထိန်းကျောင်းကြပ်မတ်ခြင်း

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကို အာရှစီးပွားရေး အသိုက်အဝန်းအတွင်း စီးပွားရေးတိုးတက်မှုဆိုင်ရာ စံပြနိုင်ငံအဖြစ် ရပ်တည်နိုင်စေမည့် ကာလရှည် မဟာဗျူဟာတစ်ရပ်ဖြစ်ပါသည်။

အဆိုပါစီမံကိန်းကို ကဏ္ဍစီမံကိန်းနှင့် ဒေသစီမံကိန်းများ ပါဝင်သော ငါးနှစ်စီမံကိန်း၊ နှစ်စဉ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်မည် ဖြစ်ပါသည်။

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ပြည်သူလူထု၏ လိုအပ်ချက်များအပေါ် မူတည်၍ ငါးနှစ်စီမံကိန်းများတွင် ပြုပြင်ပြောင်းလဲရေးဆွဲသွားမည် ဖြစ်ပါသည်။





| | |
|---|---|
| အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော်ခြင်း | ၆-၁ |
| အခြေခံမူဝါဒများ | ၆-၄ |
| အောင်မြင်မှုရှိသော အကောင်အထည်ဖော်မှုအတွက် မရှိမဖြစ်လိုအပ်ချက်များ | ၆-၅ |
| ဘဏ္ဍာရေးမူဝါဒပြုပြင်ပြောင်းလဲရေး | ၆-၅ |
| အစိုးရအဖွဲ့အစည်းအတွင်းရှိ ဗျူရိုကရက်တစ်စနစ် ပြုပြင်ပြောင်းလဲမှု | ၆-၆ |
| အထောက်အကူပြု ပူးပေါင်းဆောင်ရွက်မှု ဝန်းကျင် | ၆-၇ |
| အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မူဘောင် | ၆-၇ |
| တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဆောင်ရွက်ခြင်း | ၆-၈ |
| အကောင်အထည်ဖော်မှုဆိုင်ရာလမ်းညွှန်ချက်များ | ၆-၉ |
| ပင်မစီမံကိန်းများနှင့် ကဏ္ဍဆိုင်ရာမဟာဗျူဟာများ | ၆-၁၇ |
| ကဏ္ဍအလိုက် စီမံကိန်းရေးဆွဲခြင်း | ၆-၁၇ |
| တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံကိန်းများ ရေးဆွဲခြင်း | ၆-၁၈ |
| အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ထိန်းကျောင်းကြပ်မတ်ခြင်း | ၆-၂၁ |
| အကောင်အထည်ဖော်မှု ကော်မရှင် | ၆-၂၁ |
| ဝန်ကြီးဌာနများ ချိတ်ဆက်မှု ကော်မတီ | ၆-၂၁ |
| ထိန်းကျောင်းကြပ်မတ်သည့်အဖွဲ့ | ၆-၂၁ |

# အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ခြင်း

မြန်မာနိုင်ငံကို ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန် အတွက်မရှိမဖြစ်လိုအပ်သော စည်းမျဉ်းများ၊ မူဝါဒများဖြင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ကျယ်ပြန့်စွာဖွင့်ဆို ရေးဆွဲထားပါသည်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမူဘောင်၏ မဟာဗျူဟာများအတိုင်း ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် သက်ဆိုင်သူအားလုံး တက်ကြွစွာပါဝင်ဆောင်ရွက်လာစေခြင်း၊ အသိပညာများ ဖလှယ်နိုင်ခြင်း နှင့် လိုက်လျောညီထွေဖြစ်စေခြင်းတို့ကို ရရှိစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ချမှတ်ထားသော ကာလရှည်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်အတိုင်း အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ရေးမှာ စီမံကိန်းများ အောင်မြင်ရေးအတွက် အဓိကထားရမည့် အချက်ဖြစ်ပါသည်။ ရေရှည်မျှော်မှန်းချက်နှင့် ပန်းတိုင်ကို ရောက်ရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစွာရရှိရန် လိုအပ်ပါသည်။ ပြည်ပမိတ်ဖက်များ၏ ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အပံ့ပေးမှုများကို စီမံကိန်းများနှင့် ချိန်ညှိ ဆောင်ရွက်ရန်လိုအပ်ပြီး၊ နှစ်စဉ်စီမံကိန်းများအပေါ် အခြေပြု၍ ဂရုတစိုက် နှင့်စနစ်တကျ ထိန်းကျောင်းကြပ်မတ်သွားရမည်ဖြစ်ပါသည်။

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၂၀၃၀ ပြည့်နှစ်အထိ ကာလတို ငါးနှစ်စီမံကိန်းများနှင့် လိုက်လျောညီထွေရှိစေရန် အောက်ပါအတိုင်း အဆင့် (၄) ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-




ပုံ-၆-၁
ငါးနှစ်စီမံကိန်းများနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်မည့်အဆင့်များ ၊ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(၂၀၁၄)

ဇယား ၆-၁ တွင်ဖော်ပြထားသကဲ့သို့ ငါးနှစ်စီမံကိန်းတစ်ခုစီရှိ အဓိက ရည်မှန်းချက်များမှာ တူညီမှုမရှိ သည်ကိုတွေ့ရှိရပါသည်။ ပထမငါးနှစ်အမျိုးသားစီမံကိန်းတွင် နိုင်ငံတော်သမ္မတကြီး၏ ပြုပြင်ပြောင်းလဲမှုများအပေါ် အဓိကရည်မှန်းထားပြီး၊ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုမူဘောင်တွင် ချမှတ်ထားသည့် လျင်မြန်သည့် အောင်မြင်မှု (quick win) ကို အစပျိုးဆောင်ရွက်မှုများ ဖြစ်ပေါ်စေရန်ဖြစ်ပါသည်။ ပထမငါးနှစ် အမျိုးသား စီမံကိန်း ကာလတစ်လျှောက် ကျောထောက်နောက်ခံအချက်သည် မေခရိုစီးပွားရေး တည်ငြိမ်နေစေခြင်းဖြစ်ပြီး၊ ဒီမိုကရေစီဖြစ်ထွန်းမှုကို အထောက်အကူဖြစ်စေရန် ဥပဒေအသစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုးတက်မှုနှုန်း ရရှိစေရန်အတွက်လည်း ဖြစ်ပါသည်။

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အကောင်အထည်ဖော်မှု ကော်မတီမှ တာဝန်ယူကြီးကြပ်ရမည် ဖြစ်ပါသည်။ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်မှု ကော်မတီသည် မကြာမီ ထွက်ပေါ်လာမည့် ဥပဒေများ၊ ခွင့်ပြုမိန့်များ ကြန့်ကြာမှုမရှိစေရန် နှင့် ဦးစားပေး ရင်းနှီးမြှုပ်နှံမှုများ စတင်ရန် ပြင်ဆင်ထားရမည် ဖြစ်ပါသည်။ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အကောင်အထည်ဖော်မှု ကော်မတီ တည်ထောင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြီးမြောက်စေရန် အထောက်အကူ ဖြစ်စေမည့် ဥပဒေအသစ်များ၊ စည်းမျဉ်းအသစ်များ ခေတ်နှင့်အညီပြုပြင်ရန်နှင့် ထုတ်ပြန်ကြေညာရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ကာလတိုရလဒ်များ(၂၀၁၅-၂၀၂၀)**

ပင်မစီမံကိန်းများပြီးစီးမှု
ကာလလတ် ဘတ်ဂျက်မူဘောင်
အထူးစီးပွားရေးဇုန်များနှင့် နယ်စပ်ဂိတ်များဖွံ့ဖြိုးခြင်း
ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်
ပညာရေးပြုပြင်ပြောင်းလဲမှု
အစိုးရအဖွဲ့အစည်းများပြုပြင်ပြောင်းလဲမှု

အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း၏ ဒုတိယကာလတို စီမံကိန်းဖြစ်သည့် ၂၀၁၅-၂၀၂၀တွင် ဝန်ကြီးဌာနများနှင့် ကဏ္ဍအလိုက်ပင်မစီမံကိန်းများ၏ အကောင်အထည်ဖော်နိုင်မှုနှင့် အပြီးသတ်ဆောင်ရွက်မှု အခြေအနေများနှင့် ငွေကြေးခိုင်မာတောင့်တင်းမှု အစီအစဉ်များရေးဆွဲခြင်းများအပေါ် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် ကာလလတ် ဘဏ္ဍာရေးဆိုင်ရာ မူဘောင်များချမှတ်ခြင်းများကို ပြီးမြောက်စေရန် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါစီမံကိန်းများသည် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်မည့်အဆင့်နှင့် လိုက်လျောညီထွေရှိပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်အကောင်အထည်ဖော်ရမည့် မဟာဗျူဟာပင်ဖြစ်ပါသည်။ ဒုတိယကာလတို ငါးနှစ်စီမံကိန်းအတွင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှုများဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ခိုင်မာမှုများ ရရှိလာမည်ဖြစ်ပါသည်။ ပြည်တွင်းအခြေခံ စီးပွားရေး အဆောက်အအုံများဖြစ်သော လမ်း၊ မီးရထား၊ ရေ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုများနှင့် ဆက်သွယ်ရေး အစရှိသည်များ တည်ဆောက်ခြင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးတွင် အဓိကကျသော အထူးစီးပွားရေးဇုန်များနှင့် ဦးစားပေး နယ်စပ်ဂိတ်များကို တည်ဆောက် အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

ကျောင်းထွက်သွားရသူများနှင့် ကျေးလက်လုပ်သားထုများအား လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် ပြန်လည်ကျွမ်းကျင်မှုရရှိလာပြီး ယင်းတို့မှ စီးပွားရေးလုပ်ငန်းသစ်များ၏ လုပ်သားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စီးပွားရေးစကြ်ံတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပညာရေး၊ သုတေသနနှင့် နည်းပညာပိုင်းဆိုင်ရာများ တိုးမြှင့်ပါဝင်လာနိုင်မည်ဖြစ်ပါသည်။ ဆန်ထုတ်လုပ်မှု၊ တိရစ္ဆာန်မွေးမြူမှု၊ ငါးမွေးမြူမှုစသည့်ထုတ်လုပ်မှု အမျိုးမျိုး တိုးချဲ့ထုတ်လုပ်ရန်မြှင့်တင်ပေးရာမှ စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီအောင် ဆောင်ရွက်ရန်ဖြစ်သည်။ အဆိုပါဆောင်ရွက်မှုများသည် ဒုတိယငါးနှစ်စီမံကိန်းတွင် ပါရှိသည့် ဆင်းရဲမှုလျှော့ချရေး စီမံကိန်းကို အားဖြည့်အထောက်အကူပေးမည်ဖြစ်သကဲ့သို့မြို့ပြများတွင် ပေါ်ထွန်းလာမည့် စက်မှုလုပ်ငန်းများအတွက် လွတ်လပ်သော လုပ်သားပြောင်းရွှေ့မှုကို ဖြစ်ပေါ်စေပြီး စားနပ်ရိက္ခာ ဖူလုံမှုအတွက် ထိန်းညှိဆောင်ရွက်ရာတွင်လည်း အားဖြည့်ပေးနိုင်ပါသည်။ ဖွံ့ဖြိုးမှုဦးစားပေး ဧရိယာတစ်ခုတွင် ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှု စနစ်ပြောင်းလဲခြင်း၊ အဖွဲ့အစည်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် မြို့ပြဝန်ဆောင်မှုလုပ်ငန်းများ ခေတ်မီလာစေရန် စတင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ထို့အပြင် ဒေသဆိုင်ရာ အစိုးရများ၏ အခွင့်အာဏာတိုးတက်လာခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချလာစေခြင်းတို့ အတွက်လည်း အထောက်အကူပေးမည် ဖြစ်ပါသည်။

ဥပဒေပြုမှုဆိုင်ရာမူဘောင်သည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုင်ရာလုပ်ငန်းများ အစပျိုးစေရန်အတွက် အထောက်အကူပေးမည်ဖြစ်ပါသည်။ (ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် အဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်းအပေါ်တွင် မူတည်မည်ဖြစ်ပါသည်။)

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ ကာလလတ် (၂၀၂၀-၂၀၂၅) တွင် အခြေခံအဆောက်အအုံများ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ ဗဟိုချုပ်ကိုင်အုပ်ချုပ်မှုကို လျှော့ချခြင်း၊ ပြိုင်ဆိုင်မှု အပြည့်အဝရှိသော စွန့်ဦးတီထွင်မှု လုပ်ငန်းများ တိုးတက်များပြားလာခြင်း၊ လုပ်ငန်းနယ်ပယ်အသီးသီးအတွင်း စီးပွားရေးစီမံခန့်ခွဲမှုစနစ်များ တိုးတက်လာခြင်းနှင့် ခေတ်မီစက်မှုနည်းပညာအသစ်များကို အားပေးဆောင်ရွက်ပေးခြင်း (ကုန်ချောအဆင့်အထိ ဖန်တီးနိုင်ခြင်း) စသည်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အစိုးရ၏ အခွန်အခများ တိုးမြှင့်ကောက်ခံရာမှ ရရှိသော ဝင်ငွေများကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စည်ပင်သာယာရေး၊ သန့်ရှင်းရေးစနစ် စသည်တို့ကို ပတ်ဝန်းကျင်မထိခိုက်စေသော နည်းပညာများအသုံးပြု၍ ဆောင်ရွက်သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် နောက်ပိုင်းတွင် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများသို့ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ ဒီမိုကရေစီစနစ်ဆိုင်ရာ တာဝန်ယူမှု တိုးတက်လာခြင်း၊ အစိုးရကဏ္ဍ အကောင်အထည်ဖော်မှုဆိုင်ရာ စီမံခန့်ခွဲမှုများကို အထောက်အပံ့ပြုစေခြင်းများနှင့်အတူ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှု တိုးတက်လာစေမည်ဖြစ်ပါသည်။ ပညာရေး၊ သိပ္ပံ၊ နည်းပညာနှင့် သုတေသနဆိုင်ရာ နယ်ပယ်များတွင် ရှေးဦးစွာ ရင်းနှီးမြှုပ်နှံထား ပြီး ထွက်ပေါ်လာသည့် ရလာဒ်များဖြင့် စက်မှုအခြေခံလုပ်ငန်းများကို ကျယ်ပြန့်လာစေ ရန် အစပျိုးဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါဆောင်ရွက်မှုများသည် တန်ဖိုးမြှင့် ထုတ်ကုန်များကို ဖန်တီးပေးနိုင်သည်သာမက မြန်မာနိုင်ငံအား ဒေသတွင်း ထုတ်လုပ်မှုကွန်ယက် တန်ဖိုးမြှင့်ထုတ်ကုန်များ ဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များနှင့် ချိတ်ဆက်လာစေမည်ဖြစ်ပါသည်။

ကာလလတ် ရလဒ်များ
(၂၀၂၀ - ၂၀၂၅)

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်လာခြင်း
ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် အုပ်ချုပ်မှု
စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှု မြှင့်တင်ခြင်း
အဆင့်မြင့်နည်းပညာသုံး စက်မှုဖွံ့ဖြိုးမှု

အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း၏ ကာလရှည် ( ၂၀၂၅ မှ ၂၀၃၀ ) တွင် စီးပွားရေးစကြံများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်မှုများကို ဆက်လက်တွေ့မြင်ရမည်ဖြစ်ပါသည်။ နောင်ကာလတွင် တိုင်းဒေသကြီး/ ပြည်နယ်များ အကြားမညီမျှမှုများကို လျှော့ချရန် ရည်မှန်းချက်ထား၍ ရရှိနိုင်မည့် အခွန်ဝင်ငွေများပေါ်တွင် အခြေခံပြီး မြန်မာနိုင်ငံ၏ လူမှုရေးအသိုက်အဝန်းတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည် ဖြစ်ပါသည်။ ခိုင်မာသောယှဉ်ပြိုင်နိုင်မှုများရှိရန်လိုအပ်ပြီး လယ်ယာ နှင့် စက်မှုကဏ္ဍများမှ ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများနှင့် ရရှိနိုင်မည့်အခွင့်အလမ်းများကို ရင်ဆိုင်နိုင်ရန် အတွက် စတုတ္ထကာလတို ငါးနှစ်စီမံကိန်းနှင့် နိုင်ငံတော်၏မူဝါဒ အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များတွင် ထည့်သွင်းဖော်ပြပေးရမည်ဖြစ်ပါသည်။ ပညာရေးနှင့် သုတေသနပြုလုပ်ခြင်း လုပ်ငန်းများတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံ၍ အဆင့်မြင့်နည်းပညာများကိုအသုံးပြုပြီး လိုက်လျောညီထွေမှုရှိစေရန် ပြုပြင်ပြောင်းလဲခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

ကာလရှည် ရလဒ်များ
(၂၀၂၅ - ၂၀၃၀)

အခြေခံအဆောက်အအုံတိုးချဲ့ခြင်း
စီးပွားရေးစကြံဖွံ့ဖြိုးမှု
OECD ၏ ၇-၈% နှင့်အညီ လူမှုရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံမှု
လယ်ယာနှင့် စက်မှုကဏ္ဍတွင်ယှဉ်ပြိုင်မှုအားကောင်းစေခြင်း
အဆင့်မြင့်နည်းပညာလက်ခံလာနိုင်ခြင်

## အခြေခံမူဝါဒများ

အမျိုးသားဘက်စုံဖွံ့ဖြိုးမှု စီမံကိန်းအကောင်အထည်ဖော်ရာတွင် အောင်မြင်စေရန် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးမှ စက်မှုလုပ်ငန်းတစ်ပိုင်းပါဝင်သည့် စီးပွားရေး ပုံစံသို့ ပြောင်းလဲနေမှုကို ကြိုတင်မှန်းဆ သိမြင်နိုင်သည့် ဖော်ပြပါ အခြေခံမူဝါဒများဖြင့် သတ်မှတ်ထားပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် စီးပွားရေးလုပ်ငန်းမျိုးစုံပါဝင်သည့် စက်မှု စီးပွားရေးပုံစံသို့ အပြည့်အဝပြောင်းလဲရန် မျှော်မှန်းထားပါသည်။ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရန် အောက်ပါအခြေခံမူဝါဒများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- မြန်မာနိုင်ငံသား အားလုံးအတွက် အပေါင်းလက္ခဏာဆောင်သည့် ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုများဖြစ်ပေါ်စေရန်၊

- အစိုးရ၊ အစိုးရအဖွဲ့အစည်းများ၊ အလုပ်သမားများသည် လူမှုအဖွဲ့အစည်း၏ အဆင့်အားလုံး ပုံသဏ္ဍာန်ပြောင်းလဲမှုတွင် ရပ်တည်မှု ရှိစေရန်၊

- စီးပွားရေး ပြုပြင်ပြောင်းလဲရာတွင် လူမှုရေးနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာစေရန်၊

- ယှဉ်ပြိုင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှု နှင့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်စေရန်၊

- ကမ္ဘာပေါ်တွင်ကျင့်သုံးသော ဖွံ့ဖြိုးတိုးတက်မှု ပုံစံအသစ်ဖြင့် ထုတ်လုပ်နိုင်စွမ်းအား၊ ဆန်းသစ်တီထွင်မှု၊ ဖန်တီးမှုတို့ဖြစ်ပေါ်စေရန်၊

- ကဏ္ဍအားလုံးတွင် လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားများ၏ ထုတ်လုပ်နိုင်စွမ်းအားရှိစေရန်နှင့် ကောင်းမွန်သော ကျန်းမာရေးမြှင့်တင်မှုဆိုင်ရာ ရှုထောင့်၊ လူမှုရေးဆိုင်ရာ ပေါင်းစည်းညီညွတ်မှုနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ တိုးမြှင့်လာစေရန်တို့အတွက် မရှိမဖြစ်လိုအပ်သည့် လူသားအရင်းအမြစ်တိုးတက်မှု ဖြစ်ပေါ်စေရန်၊

- မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အနှစ်သာရရှိသော အခန်းကဏ္ဍ တစ်ခုဖြစ်သည့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပေါ်စေရန်၊

- မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များအားလုံးတွင် ရေရှည်တည်တံ့ခိုင်မြဲ၍ ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုနှင့် တိုးတက်မှုဖြစ်ပေါ်စေရန်၊

- ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအားလုံးတွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုကို ထည့်သွင်းစဉ်းစားရန်၊

## အောင်မြင်မှုရှိသော အကောင်အထည်ဖော်မှုအတွက် မရှိမဖြစ်လိုအပ်ချက်များ

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်နှင့် အထောက်အကူပြုနိုင်ရန် အောက်ပါ မရှိမဖြစ်လိုအပ်ချက်နှင့် အခြေအနေများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- နိုင်ငံတော်ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှု၊
- အစိုးရအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှု၊
- ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုသည့် ပတ်ဝန်းကျင်ဖြစ်ထွန်းစေမှု၊
- အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု မူဘောင်ဖြစ်ပေါ်စေမှု၊
- တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဆောင်ရွက်မှု၊

## ဘဏ္ဍာရေးမူဝါဒ ပြုပြင်ပြောင်းလဲရေး

ဘဏ္ဍာရေးမူဝါဒသည် ယုံကြည်စိတ်ချရလောက်ပြီး ရေရှည်ထိန်းထားနိုင်မှု ရှိသည့် နိုင်ငံတော်ဘတ်ဂျက်ရှိရမည်ဖြစ်ပါသည်။ ထို့သို့ဖြစ်ပေါ်စေရန် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာတူညီမျှမှုရှိသည့် စီးပွားရေး တိုးတက်မှုနှုန်း အရှိန်အဟုန်မြင့်နိုင်သည့် အောက်ပါအချက်များဆောင်ရွက်ရမည်ဖြစ်ပါသည်-

- ထိခိုက်ခံစားလွယ်သူများနှင့် ဆင်းရဲသူများအတွက် လူမှုရေးကာကွယ် ထောက်ပံ့မှု၊ အခြေခံပြည်သူ့ ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်မှုရှိသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံ၏ဘဏ္ဍာငွေခွဲဝေမှုကို ဦးစားပေး ဆောင်ရွက်ခြင်း၊
- အစိုးရ၏ချေးငွေများအား လုပ်ရိုးလုပ်စဉ် အသုံးစရိတ်များတွင် သုံးစွဲနေခြင်း အစား ငွေကြေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ခွဲဝေသုံးစွဲခြင်း၊
- အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု ပြန်ရချက်သည် ကြွေးမြီ ကုန်ကျစရိတ်ထက်မြင့်မား စေရန် ဆောင်ရွက်ခြင်း၊
- ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေခြင်း၊
- ပြန်လည်ပြည့်ဖြိုးနိုင်ခြင်းမရှိသည့် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲသောလုပ်ငန်းများတွင် လက်ရှိဝင်ငွေရရှိရေးကို ရှေးရှု၍ တိုးချဲ့ထုတ်လုပ်ခြင်း မပြုလုပ်သင့်ဘဲ အနာဂတ် မျိုးဆက်သစ်များ၏ အကျိုးအတွက် အချိန်အတိုင်း အတာတစ်ခုအထိ ထိန်းသိမ်းထားနိုင်မည့် အစီအစဉ်များဆောင်ရွက်ရန်လိုအပ်ခြင်း၊
- ပြန်လည်ပြည့်ဖြိုးနိုင်သည့် သဘာဝအရင်းအမြစ်များမှ ရရှိလာသည့် အကျိုးအမြတ်များကို လူစွမ်းအားနှင့် နည်းပညာအရည်အသွေး မြှင့်တင်ရေးတို့တွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်ခြင်း၊
- ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှု တိုးတက်ရရှိရန် ဆောင်ရွက်ပေးခြင်း၊
- လူ့အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် ပြည်သူ့ဝန်ဆောင်မှုအရည်အသွေးကောင်းများ တိုးတက်ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

**ဘဏ္ဍာရေး မူဝါဒ ပြုပြင်ပြောင်းလဲမှု**

ဘဏ္ဍာရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှု၊ ပြည်သူ့ဝန်ဆောင်မှုများတိုးမြှင့်ရရှိမှုနှင့် ဆင်းရဲသားများနှင့် ထိခိုက်လွယ်သူများအတွက် လူမှုအကာအကွယ်ပေးမှု စသည်တို့တွင် နိုင်ငံတော်ဘတ်ဂျက် စဉ်ဆက်မပြတ်ရှိမှုနှင့် ယုံကြည်အားကိုးနိုင်လောက်မှုအပေါ် အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အခွန်အမျိုးမျိုးနှင့် သွင်းကုန်ခွန်များသည် စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် လိုအပ်ချက် တစ်ရပ်ဖြစ်ပြီး၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကိုလည်း ကျယ်ပြန့်လာစေပါသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးသည် အမှန်လိုအပ်ပြီး၊ အခွန်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဖော်ပြပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

**အခွန်စနစ် ပြုပြင်ပြောင်းလဲမှု**

လက်ရှိအခွန်စနစ် အဆင့်မြင့်ခြင်းနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲခြင်းဖြင့် နိုင်ငံတော်ရငွေများ တိုးပွားလာပြီး နိုင်ငံတစ်ဝန်း လူမှုရေးရာများတွင် ပြန်လည် ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းစေရန်နှင့် အခွန်စနစ်ရှုပ်ထွေးမှုကြောင့် အခွန်ရှောင်တိမ်းမှုမရှိစေရန် အခွန်စနစ်ပြောင်းလဲရခြင်းဖြစ်ပါသည်။

- အခွန်နှုန်းထားများနှင့် သွင်းကုန်ခွန်များကို စီးပွားရေးလည်ပတ် ဆောင်ရွက်နိုင် မှုနှင့် ချိန်ညှိဆောင်ရွက်သင့်ခြင်း၊
- အမှန်တကယ် အခွန်ပေးဆောင်သူ အရေအတွက် တိုးတက်စေခြင်း၊
- အခွန်ပေးဆောင်ရန် သင့်တော်သောဥပဒေအရ နိုင်ငံသားတိုင်း ဝင်ငွေအဆင့်အလိုက် အခွန်ပေးဆောင်နိုင်စေရန် အာဏာပိုင်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်း၊
- နောက်ဆုံးစားသုံးသူများအခွန်ပေးဆောင်မှုစနစ်ဖွံ့ဖြိုးလာစေခြင်း၊
- အခွန်စည်းကြပ်ခြင်းကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် အခွန်အကောက်ဆိုင်ရာ စီမံချက်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ခြင်း၊
- အခွန်ရှောင်တိမ်းမှုကို လျှော့ချရန် ရင်းနှီးမြှုပ်နှံသူများအတွက် မျှတသော အခွန်မက်လုံးပေးရန်၊ ရင်းနှီးမြှုပ်နှံသူများအကြား ယှဉ်ပြိုင်မှုတိုးတက်စေရန်၊ အခွန်နှုန်းထားများကို အိမ်နီးချင်းနိုင်ငံများ၏ နှုန်းထားများနှင့် ချိန်ဆသတ်မှတ်ခြင်း၊
- အခွန်နှစ်ဆကောက်ခြင်းကို ရှောင်ရှားခြင်း၊

## အစိုးရ အဖွဲ့အစည်းအတွင်းရှိ ဗျူရိုကရက်တစ်စနစ်ပြုပြင်ပြောင်းလဲမှု

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ချဲ့ထွင်ခြင်းနှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းတို့သည် ခေတ်မီတိုးတက်မှု နှင့် ဗျူရိုကရက်တစ်စနစ် ပြုပြင်ပြောင်းလဲမှုများ ပါဝင်သော အစိုးရ၏ အားကောင်းသော အထောက်အပံ့ပေးမှုများအပေါ် မူတည်နေပြီး၊ အောက်ဖော်ပြပါ အခြေခံမှုများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေသော၊ ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးသော၊ စီးပွားရေး လုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်တင်းပေးသော ထိရောက်သည့် ဗျူရိုကရေစီစနစ်ကို ဖန်တီးပေးခြင်း၊
- ဥပဒေပြုမှု၊ လွတ်လပ်စွာ တရားစီရင်နိုင်သည့် အဖွဲ့အစည်းများ ဖြစ်ပေါ်စေမှု၊ ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်များကို ဖန်တီးပေးနိုင်မည့် ထိရောက်ထက်မြက်သည့် အဖွဲ့အစည်းများပေါ်ထွန်းလာရန် ထောက်ကူပြု သည့် ဗျူရိုကရေစီစနစ်ပေါ်ထွန်းလာစေခြင်း၊
- ဗဟိုထိန်းချုပ်မှုကို လျှော့ချသည့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုစေခြင်း၊

## အထောက်အကူပြုသည့် ပူးပေါင်းဆောင်ရွက်မှု ဝန်းကျင်

အစိုးရအနေဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတွင်း စွန့်ဦးတီထွင်သူများ၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စည်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် သင့်လျော်သည့် စီးပွားရေး ဝန်းကျင်ကောင်းများကို ဖန်တီးပေးရမည် ဖြစ်သည့်အပြင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအတွက် ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ထို့အပြင် လူမှုစီးပွားတိုးတက်လာစေရန်အတွက် မိုက်ခရိုစီးပွားရေးလုပ်ငန်းငယ်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလာစေရန်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာ အလှူရှင်များ၊ ပညာရှင်များနှင့် ပါဝင်ဆောင်ရွက်သူအားလုံး၏ သဘောတူညီချက်များ၊ ကတိကဝတ်များဖြင့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမူဘောင်အတွင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများကို အထောက်အပံ့ပြုစေမည်ဖြစ်ပါသည်။

**ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု**

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအတွက် အထောက်အကူပြု ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်လာစေရန် ဗျူရိုကရေစီစနစ် ပြုပြင်ပြောင်းလဲမှု လိုအပ်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများဖော်ပြထားသည့် NCDP အကောင်အထည်ဖော်ရန် PPP သည် အဓိကကျသော လုပ်ငန်းစဉ်ဖြစ်ပါသည်။

## အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မူဘောင်

မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းတွင် အပြည့်အဝတက်ကြွစွာဆောင်ရွက်နိုင်သည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာရန်၊ GMS စီးပွားရေးစကြံနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန်နှင့် ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု ဖြစ်လာရန်အတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရပါသည်။ အဆိုပါ ရည်မှန်းချက်များ ရရှိရန် လိုအပ်သော စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲမှု နှင့် စီးပွားရေး အပြောင်းအလဲကာလတွင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။ အထူးသဖြင့် အဆိုပါကူးပြောင်းမှုကာလ ဘဏ္ဍာငွေအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ခန့်မှန်းထားပြီး အခြေခံအဆောက်အအုံများ နှင့် စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များ အတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနိုင်မည်ဖြစ်ပါသည်။ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ချက်များနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ ကြောင့် ကျွမ်းကျင်မှုများ၊ အသိပညာဖွံ့ဖြိုးမှုများ၊ အလုပ်အကိုင်ဖန်တီးနိုင်မှုစွမ်းရည်များ ဖြင့် စီးပွားရေးလုပ်ငန်းများတွင် အပြည့်အဝပါဝင် ဆောင်ရွက်လာပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးလာကာ လုပ်ခလစာကောင်းမွန်ခြင်းများကို ရရှိစေမည် ဖြစ်ပါသည်။ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောက်ပါအချက်များကို ရရှိစေမည်ဖြစ်ပါသည်-

- မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် အဓိက မဟာဗျူဟာ နယ်ပယ်များအတွင်း စီးပွားရေးလုပ်ငန်းများရင်းနှီးမြှုပ်နှံရန်အားပေးခြင်း၊

- စီးပွားရေးလုပ်ငန်းများ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုပြုရန် အထောက်အကူပြုခြင်း၊

- ပြည်တွင်းသုတေသန နှင့် ပညာရှင်များ ချိတ်ဆက်ဆောင်ရွက်ခြင်းမှ တီထွင်ဖန်တီး နိုင်မှုနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊

- လယ်ယာစီးပွားရေးလုပ်ငန်းများနှင့် လယ်ယာထုတ်ကုန် လုပ်ငန်းများ ထုတ်လုပ်ခြင်း ကဲ့သို့သော စီးပွားရေးအခြေခံများတွင် အမျိုးအစားစုံလင်စွာ ထုတ်လုပ်လာနိုင်စေရန် မြှင့်တင်ပေးခြင်း၊

## တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဆောင်ရွက်ခြင်း

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ပြင်ပကူညီထောက်ပံ့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများရရှိရေး အတွက် တရားဥပဒေ စိုးမိုးခြင်း၊ တရားစီရင်ရေး အာဏာခွဲဝေပေးထားခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးကဏ္ဍ အစရှိသည့် နိုင်ငံရေးဖြစ်စဉ်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ လွတ်လပ်သော တရားစီရင်မှု တိုးတက်ကောင်းမွန်ခြင်းဖြင့် နိုင်ငံသားများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံတော် အစိုးရ၏ စီမံအုပ်ချုပ်ရေး၊ ကာကွယ်ထိန်းသိမ်းရေးနှင့် စိစစ်ရေးဆိုင်ရာ ဌာနများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ပါသည်။ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်သော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေခြင်း၊ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို ကာကွယ်ပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်းတို့သည် လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီ၏ တရားမျှတမှုကို ဖြစ်ပေါ်စေသောကြောင့် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**တရားဥပဒေ စိုးမိုးရေး**

NCDP အကောင်အထည်ဖော်ရန် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး တာဝန်ခွဲဝေမှု၊ အုပ်ချုပ်မှုနှင့် နိုင်ငံရေး လုပ်ငန်းစဉ်များသည် အရေးကြီးသော အရာများဖြစ်ပါသည်။ ဖွံ့ဖြိုးမှုအတွက် လုပ်နိုင်စွမ်းရှိသော ဝန်းကျင်ကောင်းများပေါ်ထွန်းလာစေရန် ဥပဒေများပြင်ဆင်မွမ်းမံခြင်း နှင့် ပယ်ဖျက်ခြင်းများသည် အဓိကကျပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန်အတွက် ခေတ်စနစ်နှင့် မလျော်ညီသော ဥပဒေများကို ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ကာလတိုမှကာလလတ်အတွင်း ပြဋ္ဌာန်းဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ အသစ်ရေးဆွဲပြဋ္ဌာန်းသောဥပဒေများသည် အရှေ့တောင်အာရှဒေသနှင့် ကမ္ဘာ့နိုင်ငံများ၏ လိုအပ်ချက်များဖြစ်သော လူ့အခွင့်အရေး၊ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုများနှင့် ဆက်စပ်၍ လိုက်လျောညီထွေရှိစေရန်အတွက် မှန်ကန်စွာ ရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ပါသည်။ ဤအကြောင်းအရာနှင့် ဆက်စပ်၍ အောက်ဖော်ပြပါ အချက်များကိုလည်း စဉ်းစားသုံးသပ်ရမည် ဖြစ်ပါသည်-

- ပြည်တွင်းအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်မည့် သင့်လျော်သော အခြေခံအုတ်မြစ်တစ်ခုကို ထောက်ပံ့နိုင်သည့် ကဏ္ဍများ ဖြစ်ပေါ်လာရန်အတွက် ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခြင်း၊

- ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပေါ်စေရန်အတွက် အထောက်အကူပြုသည့် ပြီးပြည့်စုံသောဥပဒေများကို နိုင်ငံတော်အစိုးရမှအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

- နိုင်ငံတော်အစိုးရ၏ ဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်း၊ ဖွဲ့စည်းခြင်းနှင့် ကျင့်သုံးခြင်းလုပ်ငန်းစဉ်များသည် နိုင်ငံသားများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဗျူရိုကရေစီ စနစ်ဆန်သည့် တင်းကြပ်သည့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း၊

- နိုင်ငံတော်အစိုးရအနေဖြင့် တရားမျှတမှု၊ ဥပဒေနှင့် ညီညွတ်မှုတို့ကို ဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံသား အားလုံးအတွက် ပံ့ပိုးကူညီပေးနိုင်ခြင်း၊

## အကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ

ဖော်ပြပါ စီမံကိန်းများတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ်များကိုဇယားများဖြင့်ဖော်ပြထားပါသည်။ ငါးနှစ်စီမံကိန်းကာလတစ်လျှောက် ဖော်ပြထားသော အဓိက မျှော်မှန်းရလဒ် ညွှန်းကိန်းများ အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် အပြန်အလှန်ချိတ်ဆက်နေပါသည်။

နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက်ရေးဆွဲရမည့် စီမံကိန်းများကို လမ်းညွှန်ထားပါသည်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ချမှတ်ထားသည့် မဟာဗျူဟာများနှင့် စီမံကိန်းများ လိုက်လျောညီထွေရှိစေရန် ဖွံ့ဖြိုးမှု မိတ်ဖက်များအတွက် မူဘောင်ချမှတ်ထားပါသည်။

ငါးနှစ်စီမံကိန်း (၄) ခုအတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာတစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့် စီမံကိန်းများကို ဖော်ပြထားပါသည်။

# မဟာဗျူဟာ ၁ အုပ်ချုပ်မှုစနစ်နှင့်အစိုးရအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေခြင်း

| | ပထမငါးနှစ်စီမံကိန်း ၂၀၁၁-၂၀၁၅ | ဒုတိယငါးနှစ်စီမံကိန်း ၂၀၁၅-၂၀၂၀ | တတိယငါးနှစ်စီမံကိန်း ၂၀၂၀-၂၀၂၅ | စတုတ္ထငါးနှစ်စီမံကိန်း ၂၀၂၅-၂၀၃၀ |
|---|---|---|---|---|
| ဥပဒေနှင့်စည်းမျဉ်းစည်းကမ်း မူဘောင်များပြင်ဆင်ခြင်း<br>အခွင့်အရေးများကာကွယ်ပေးမှု တရားမျှတမှုရှိရေး CSR ဖြစ်ထွန်းရေး ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် | ရင်းနှီးမြှုပ်နှံမှုခြေလျှော့ ဥပဒေများ<br>ဘဏ္ဍာရေးကဏ္ဍ ခြေလျှော့ဥပဒေများ<br>ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဥပဒေပြဋ္ဌာန်းခြင်း<br>စီးပွားရေးလုပ်ငန်းအဆောက်အအုံ ဥပဒေများ<br>မီဒီယာ | ဥပဒေများပြင်ဆင် ပြောင်းလဲခြင်း<br>အခွန်စနစ်<br>EITI<br>တာဝန်ခံကိုင်မှုစနစ်ကျင့်သုံးရေး<br>ပြည်သူ့ဝန်ထမ်းဥပဒေများ<br>လူ့အခွင့်အရေးအကာအကွယ်ပေးမှု<br>IPR | ဒေသဆိုင်ရာအစိုးရ လွှဲပြောင်းဆက်နွယ်မှု → | → |
| မဟာဗျူဟာ ၁-၂<br>အစိုးရအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု<br>ပြုပြင်ပြောင်းလဲမှုများပြင်ဆင်ခြင်း PAR-PFMR နှင့်ချိတ်ဆက်မှု ခေတ်နှင့်လျော်ညီမှုရှိသည့် ပြည်သူ့ဝန်ထမ်းများ | သန့်ရှင်းသောအစိုးရ<br>ပြည်သူ့ဝန်ထမ်းလေ့ကျင့် သင်တန်းပေးခြင်း<br>အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု → | လုပ်ငန်းပိုင်းဆိုင်ရာတာဝန်ခံကိုင်မှု လျှော့ချခြင်း<br>PAR ပင်မစီမံကိန်းနှင့်မဟာဗျူဟာ အဖွဲ့အစည်းအသွင်သစ်ပြန်လည်ဖွဲ့စည်းခြင်း (ပြည်ထောင်စု)<br>လုပ်ထုံးလုပ်နည်းများအားလျှော့ချ ရှောင်ရှားခြင်း<br>Bio Metrics နှင့် e.Gove | တာဝန်ခံကိုင်မှုစနစ်လျှော့ချခြင်း → | → |
| အုပ်ချုပ်မှုပိုင်းတွင်အရပ်ဘက် အဖွဲ့အစည်းများပူးပေါင်း ဆောင်ရွက်ရေး<br>သတင်းအချက်အလက်ရယူမှု စီဒီယာလွတ်လပ်ခွင့်များ တာဝန်ခံကိုင်မှုလျှော့ချသည့် ပြည်သူများပူးပေါင်းပါဝင်မှုရှိသော စီမံကိန်းများ | NSPAW → ၂၀၂၃<br>အရပ်ဘက်အဖွဲ့အစည်းဥပဒေ<br>မီဒီယာလွတ်လပ်မှု →<br>ပြည်သူများပူးပေါင်းပါဝင်မှုရှိသောစီမံကိန်းများ →<br>အရပ်ဘက်လူ့အဖွဲ့အစည်းပူးပေါင်းပါဝင်မှု (ဒေသဖွံ့ဖြိုးတိုးတက်မှု) → | လုပ်ငန်းပိုင်းဆိုင်ရာတာဝန်ခံကိုင်မှုလျှော့ချခြင်း → | တာဝန်ခံကိုင်မှုလျှော့ချခြင်း | → |
| မဟာဗျူဟာ ၁-၃<br>ဘဏ္ဍာရေးမူဝါဒနှင့်ထိရောက်သော ပြည်သူ့အသုံးစရိတ်စီမံခန့်ခွဲမှု<br>ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲခြင်း e. Gov | ဘဏ္ဍာရေးမူဝါဒ နှန်းရှင်ငွေလဲလှယ်စနစ် ငွေကြေးဖောင်းပွမှုနှုန်း - ၅%<br>ကြွေးမြီ - GDP ၏ ၆%<br>ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်း → | ဘဏ္ဍာရေးကဏ္ဍ ပင်မစီမံကိန်း<br>Bonds MTEF<br>E. Gov → | ငွေရေးကြေးရေး မူဝါဒမူဘောင် | |
| မဟာဗျူဟာ ၁-၅<br>နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု<br>ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်း ကော်ပိုရေးရှင်း စက်စပ်လုပ်ငန်းများ | မဟာဗျူဟာ ၁-၅<br>နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်း ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပြုပြင် ပြောင်းလဲခြင်းမဟာဗျူဟာ<br>ကော်ပိုရေးရှင်း<br>စက်စပ်လုပ်ငန်းများ | ကျန်ရှိနေသောစီးပွားရေးလုပ်ငန်း များအားပုဂ္ဂလိကသို့လွှဲပြောင်းပေးခြင်း | |
| မဟာဗျူဟာ ၁-၆<br>ပွင့်လင်းမြင်သာမှုရှိခြင်း အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှု<br>PPP ဆိုင်ရာအမျိုးသားအဆင့် မူဘောင် PPP ဆိုင်ရာအကြီးစား စီမံကိန်းများ | | PPP မူဘောင်<br>PPP မဟာဗျူဟာ<br>PPP UNIT (MOF)<br>PPP ဆိုင်ရာအကြီးစားစီမံကိန်းများ (ရင်းနှီးမြှုပ်နှံမှုပိုအချက် ၁၀-၁၅%) → | PPP ဆိုင်ရာဒေ့ ပြေဆောင်ရွက်ချက်များ ဒေသဆိုင်ရာအစိုးရ | → |

# မဟာဗျူဟာ ၂

## စီးပွားရေးဝန်းကျင်ကောင်းများနှင့် အခြေခိုင်မာသောစီးပွားရေးလုပ်ငန်းများ ဖန်တီးခြင်း

| | ပထမငါးနှစ်စီမံကိန်း ၂၀၁၀-၂၀၁၅ | ဒုတိယငါးနှစ်စီမံကိန်း ၂၀၁၅-၂၀၂၀ | တတိယငါးနှစ်စီမံကိန်း ၂၀၂၀-၂၀၂၅ | စတုတ္ထငါးနှစ်စီမံကိန်း ၂၀၂၅-၂၀၃၀ |
|---|---|---|---|---|
| မဟာဗျူဟာ ၂.၁<br>မက်ခရိုစီးပွားရေးအခြေအနေ တည်ငြိမ်စေခြင်း<br>ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်း၊ အခွန်စနစ်ပြုပြင်ပြောင်းလဲခြင်း၊ ငွေကြေးမူဝါဒ | ဘဏ္ဍာရေးမူဝါဒများ<br>နှန်းရှင်ငွေလဲလှယ်နှုန်းစနစ်<br>ငွေကြေးဖောင်းပွမှုနှုန်း ၅%<br>ကြွေးမြီ GDP ၏ ၆%<br>ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်းတိုးတက်မှု<br>ဘဏ္ဍာရေးနှင့်ကြွေးမြီထိန်းထားနိုင်မှု | အခွန်စနစ်<br>ဘဏ္ဍာရေးဆိုင်ရာဟို ချုပ်ကိုင်မှုလျှော့ချခြင်း<br>ဒေသဆိုင်ရာအစိုးရ၏ PFMR<br>ငွေတိုက်စာချုပ်<br>IT/PFM အခြေခံအဆောက်အအုံ<br>ထပ်ဆင့်တိုးတန်ဖိုးခွန် | ဘဏ္ဍာရေးဆိုင်ရာဟိုချုပ်ကိုင်မှုလျှော့ချခြင်း<br>ဒေသဆိုင်ရာအစိုးရ၏အခွန်ဝင်ငွေများ | |
| အထောက်အကူပြုမူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ ဖြစ်ပေါ်စေခြင်း<br>နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှပ်နှံမှုမြှင့်တင်ရေးစီမံကိန်း၊ ဥာဏပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေး၊ မြေယာအသုံးချမှု ကုမ္ပဏီဥပဒေများ | စနစ်အသစ်မှတ်ချက်နှင့်ညီသော စီးပွားရေးလုပ်ငန်းဥပဒေ<br>ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်စေမည့်ဝန်းကျင် | အခွန်စနစ်<br>EITI<br>တရားရေးစနစ်ပြုပြင်ပြောင်းလဲခြင်း (မှုရုံးခွဲခြင်း)<br>မြေပိုင်ဆိုင်မှုနှင့်အသုံးချမှု(ဥပဒေ)<br>စက်မှုလုပ်ငန်းဆိုင်ရာဥပဒေများ<br>IPR | | |
| မဟာဗျူဟာ ၂.၃<br>ပုဂ္ဂလိကကဏ္ဍစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာစေခြင်း<br>FDIPP (နိုင်ငံခြားကုမ္ပဏီများ)<br>SEZs- နည်းပညာဖြန့်ကျက်မှု<br>ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်း<br>အစိမ်းရောင်နည်းပညာ | CSR FDI စည်းမျဉ်းစည်းကမ်းများ<br>ဘဏ္ဍာငွေရရှိမည့်နည်းလမ်းများ<br>အသေးစားစီးပွားရေးနှင့်မှုနှင့် နယ်စပ်ကုန်သွယ်ရေးဇုန်များ | SMEမှတ်ပုံတင်ခြင်း (Online)<br>အမျိုးသားတီထွင်ဆန်းသစ်ခြင်းဟဗ်ဗွာနက် ဖွံ့ဖြိုးတိုးတက်စေခြင်း<br>ရင်းနှီးမြှုပ်နှံမှု - နည်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းသင်တန်း<br>SME အထောက်အကူပြုဟဗ်ဗွာနက်များတည်ထောင်ခြင်း<br>အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲခြင်းမဟာဗျူဟာ<br>အစိမ်းရောင်နည်းပညာ (စည်းမျဉ်းစည်းကမ်းများနှင့် မဟာဗျူဟာများ)<br>၂၀၂၀ | | |
| နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စနစ်များနှင့်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေခြင်း<br>FDI PP မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်း၊ ဘဏ္ဍာရေးကဏ္ဍပြုပြင် ပြောင်းလဲခြင်း | FDI PP မဟာဗျူဟာ<br>ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း<br>ငွေကြေးဖောင်းပွမှုနှုန်း - ၅%<br>ကြွေးမြီ GDP ၏ ၆%<br>နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအကောင်အထည်ဖော်ခြင်း | စတော့ရှယ်ယာဈေးကွက်<br>ဘဏ္ဍာရေးကဏ္ဍ<br>ပင်မစီမံကိန်း<br>ရင်းနှီးမြှုပ်နှံသူများအတွက် e.Gov<br>တစ်နေရာတည်းဝန်ဆောင်မှုအားလုံးရရှိရေး(တိုင်းဒေသကြီး/ပြည်နယ်များ)<br>သက်လုပ်ငန်းဆိုင်ရာမြေလျှော့ခြင်း(နိုင်ငံတကာဘဏ်များ)<br>ဥာဏပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေး | | |
| ရှမ်းဆောင်ရည်မြင့်မားသည့် လုပ်သားဈေးကွက်ဖြစ်ထွန်းလာရေး<br>ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု T VET / NVQs အလုပ်သမားဥပဒေ | ပညာရေးပင်မစီမံကိန်း<br>အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဆိုင်ရာ မြေလျှော့မှုများ<br>နည်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းသင်တန်းများအဆင့်မြှင့်တင်ခြင်း | အလုပ်သမားဥပဒေ<br>အနိမ့်ဆုံးလုပ်ခလစာ/အခြေအနေ<br>T VET / NVQs<br>စီးပွားရေးလုပ်ငန်းများအတွက်မက်လုံးပေးမှု / ပညာရှင်ဆိုင်ရာသုတေသန / သင်တန်းများ<br>ကျွမ်းကျင်မှုအထောက်အကူပြုစေမည့်ရင်းနှီးမြှုပ်နှံမှုများ(CSR)<br>အသေးစီးပွားရေးရှန်များတွင်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေါ်ထွန်းလာစေရေး | နည်းပညာဆိုင်ရာဟဗ်ဗွာနက်များ ပေါ်ထွန်းလာရေး<br>ပုဂ္ဂလိကဆိုင်ရာနည်းပညာကောလိပ်များ | |
| ထုတ်လုပ်နိုင်စွမ်းရှိသောလုပ်ငန်း များနှင့်စီမံကိန်းများအတွက်ငွေလုံး ငွေရင်းရရှိမှုတိုးပွားလာရေး<br>PPP ဆိုင်ရာအမျိုးသားအဝေဝင် မူဘောင်<br>PPP ဆိုင်ရာအကြီးစားလုပ်ငန်း စီမံကိန်းကြီးများ | အာမခံလုပ်ငန်းဥပဒေ<br>ငွေချေးသက်သေခံလက်မှတ်ဥပဒေ<br>စာရင်းအင်းဆိုင်ရာဥပဒေ<br>အသေးစားနှင့်အလတ်စားလုပ်ငန်းဥပဒေ<br>ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ | ဘဏ္ဍာရေးကဏ္ဍမဟာဗျူဟာ<br>စတော့ရှယ်ယာဈေးကွက်တည်ထောင်ခြင်း<br>One Stop Shops (SMEs)<br>မြေယာအသုံးချမှုနှင့်အခွင့်အရေးဆိုင်ရာဥပဒေ<br>ငွေစာရင်းစစ်ရေးကွက်ဆိုင်ရာမြေလျှော့မှုများ<br>ဘဏ္ဍာရေးကဏ္ဍတွင်နိုင်ငံတကာမှဝင်ရောက်ဆောင်ရွက်နိုင်မှု<br>အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု(အစိုးရနှင့်စည်းမျဉ်းစည်းကမ်းများ)<br>အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှု - ဘဏ္ဍာရေးကဏ္ဍ / စာရင်းအင်းဆိုင်ရာကျွမ်းကျင်မှုအရည်အသွေး | ဘဏ္ဍာရေးဥပဒေအသစ်<br>Credit စနစ် - မြေယာပိုင်ဆိုင်ခွင့်<br>အစိမ်းရောင်နည်းပညာအသုံးပြုမှုအတွက်မက်လုံးပေးမှု | |

# မဟာဗျူဟာ ၃ ပြည်တွင်းပြည်ပဆိုင်ရာဆက်သွယ်ရေး လမ်းကြောင်းများချဲ့ထွင်ခြင်း

| | ပထမငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) | ဒုတိယငါးနှစ်စီမံကိန်း (၂၀၁၅-၂၀၂၀) | တတိယငါးနှစ်စီမံကိန်း (၂၀၂၀-၂၀၂၅) | စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၅-၂၀၃၀) |
|---|---|---|---|---|
| မဟာဗျူဟာ ၃-၁<br>စီးပွားရေးအခြေခံအဆောက်အအုံများခိုင်မာအားကောင်းစေခြင်း<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>SEZs & စက်မှုဇုန်များ<br>နယ်စပ်ဂိတ်များ<br>လျှပ်စစ်မီးနှင့်ဆက်သွယ်ရေး | ပို့ဆောင်ရေးပင်မစီမံကိန်း<br>SEZ ဖွံ့ဖြိုးမှု<br>စက်မှုဇုန်များ<br>ကားလမ်းနှင့်ရထားလမ်းစီမံကိန်းများ<br>စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း<br>လျှပ်စစ်မီးရရှိရေးစီမံကိန်း | မိုဘိုင်းဝန်ဆောင်မှုများချဲ့ထွင်ခြင်း<br>သီလဝါ SEZ<br>မြဝတီ<br>တမူး<br>နယ်စပ်ဂိတ်များ<br>GMS တောင်ပိုင်း စင်္ကြံ<br>ကျောက်ဖြူ SEZ | ထားဝယ် SEZ<br>နေရောင်ခြည်စွမ်းအင်သုံး ပမ့်ညှိထုတ်လုပ်သည့် လုပ်ငန်းများ<br>ကျေးလက်လျှပ်စစ်မီးရရှိမှု (၇၅%)<br>ကျေးလက်မိုဘိုင်းဖုန်းရရှိမှု (၈၀%)<br>တောင်-မြောက်စီးပွားရေးစင်္ကြံ အဆင့်မြှင့်တင်ခြင်း<br>အရှေ့-အနောက် တမူးမှတာချီလိတ်သို့ ဆိုက်ဆင်ခြင်း<br>ကျောက်ဖြူ-မူဆယ်စီးပွားရေးစင်္ကြံ<br>တာချီလိတ်နယ်စပ်ဂိတ်<br>လာအိုနိုင်ငံနှင့်ဆိုက်ဆက်နေသောနယ်စပ်ဂိတ် | |
| မဟာဗျူဟာ ၃-၂<br>ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများတွင် ဆက်သွယ်ရေးလမ်းကြောင်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း<br>ကျေးလက်လျှပ်စစ်မီးရရှိရေး<br>နယ်စပ်ဒေသစီးပွားရေးဇုန်များ<br>စီးပွားရေးစင်္ကြံ များ<br>မိုဘိုင်းဖုန်းဆက်သွယ်ရေး | ပို့ဆောင်ရေးပင်မစီမံကိန်း<br>နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ<br>လျှပ်စစ်ဓာတ်အားပင်မစီမံကိန်း<br>ဆက်သွယ်မှုစနစ်ခြေလျှော့ခြင်း | နေရောင်ခြည်စွမ်းအင်သုံးမဟာဗျူဟာ<br>စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှု<br>မိုဘိုင်းဖုန်းဝန်ဆောင်မှုချဲ့ထွင်ခြင်း<br>ဦးစားပေးဆက်သွယ်ရေးလမ်းကြောင်း စီမံကိန်း<br>အစိမ်းရောင်နည်းပညာသုံးပြည်တွင်းအဝေးသားတာနှင့်အလတ်စားလုပ်ငန်းများ (လျှပ်စစ်မီး / နေရောင်ခြည်စွမ်းအင်) | ပြည်တွင်းလုပ်ငန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး စနစ်များအသုံးပြုလာခြင်း<br>ကျေးလက်လျှပ်စစ်မီးရရှိမှု (၇၅%)<br>ကျေးလက်မိုဘိုင်းဖုန်းရရှိမှု (၈၀%)<br>နယ်စပ်ဂိတ်များ ဖွံ့ဖြိုးတိုးတက်မှု | |
| <br>ပြည်တွင်းပြည်ပဆက်သွယ်ရေး လမ်းကြောင်းများဆိုက်ဆက်ခြင်း<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>FDI PP မဟာဗျူဟာ<br>AEC မူဝါဒများ / ဥပဒေ<br>လေကြောင်းဖြတ်သန်းမှုဆိုင်ရာ မူဝါဒများ | ပို့ဆောင်ရေးပင်မစီမံကိန်း<br>FDI PP မဟာဗျူဟာ<br>အာဆီယံ | PPP<br>မူဘောင်<br>မဟာဗျူဟာ<br>ယူနစ် (MoF)<br>သီလဝါ SEZ<br>မြဝတီ<br>တမူး<br>နယ်စပ်ဂိတ်များ<br>GMS တောင်ဘက် စင်္ကြံ<br>ကျောက်ဖြူ SEZ | ထားဝယ် SEZ<br>လေဆိပ်သစ်<br>(အပြည်ပြည်ဆိုင်ရာ)<br>မှုလေးလေဆိပ်အဆင့်မြှင့် တင်ခြင်း<br>(ကုန်ပစ္စည်းသယ်ယူခြင်း)<br>တောင်-မြောက်စီးပွားရေးစင်္ကြံ အဆင့်မြှင့်တင်ခြင်း<br>အရှေ့-အနောက် တမူးမှတာချီလိတ်သို့ဆိုက်ဆက်မှု<br>ကျောက်ဖြူ-မူဆယ်စီးပွားရေးစင်္ကြံ<br>တာချီလိတ်နယ်စပ်ဂိတ်အဆင့်မြှင့်တင်ခြင်း<br>လာအိုနိုင်ငံနှင့်ဆိုက်ဆက်နိုင်မည့်နယ်စပ်ဂိတ်တည်ဆောက်ခြင်း<br>ခိုင်လာနယ်စပ်ဂိတ်အဆင့်မြှင့်တင်ခြင်း<br>မှုလေးဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်း | |
| မဟာဗျူဟာ ၃-၄<br>ကုန်သွယ်မှုဆိုင်ရာသဘောတူညီ မှုများနှင့်ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှု<br>AEC<br>GMS အစီအစဉ်<br>အပြည်ပြည်ဆိုင်ရာသဘောတူ တချက်များ | ကုန်သွယ်မှုသဘောတူညီချက်များ<br>WTO ကုန်သွယ်မှုမူဝါဒသုံးသပ်ခြင်း<br>အမျိုးသားပို့ကုန်မဟာဗျူဟာ<br>ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး စီမံကိန်း<br>ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုမူဘောင် အဆင့်မြှင့်တင်ရေး (EIF) | WTO နှင့်လိုက်လျောညီထွေရှိမည့် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများပြုပြင် ပြောင်းလဲခြင်း<br>EIF ပေါ်ထွက်လာစေခြင်းနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း<br>အကောက်ခွန်စနစ်ပြုပြင်ပြောင်းလဲခြင်း | ယှဉ်ပြိုင်နိုင်စွမ်းရှိသောကုန်သွယ်မှုဆိုင်ရာ အခွန်အကောက်စနစ်<br>AEC နှင့်လိုက်လျောညီထွေရှိမည့် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ | |
| မဟာဗျူဟာ ၃-၅<br>ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး<br>အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သဘောတူညီချက်များ(EITI) | FDI PP မဟာဗျူဟာ<br>အခွန်အကောက်စနစ်ကင်းလွတ်ခွင့်<br>ကုန်သွယ်မှုသဘောတူညီချက်များ<br>အကောက်အခွန်စနစ်ပြုပြင်ပြောင်းလဲခြင်း<br>ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ (ငွေချေးရရှိနိုင်မှု) | E.Gov (အကောက်ခွန်စနစ်)<br>EITI နှင့်လိုက်လျောညီထွေရှိမည့်စံနှုန်းများ အကျိုးဆောင်ရွက်ခြင်း<br>(မြန်မာထုတ်ကုန်များ) | အကောက်ခွန်စနစ်များပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းမဟာဗျူဟာ | အကောက်ခွန်စနစ်များပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းမဟာဗျူဟာ |

# မဟာဗျူဟာ ၄ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကဏ္ဍများကိုအားပေးမြှင့်တင်ခြင်း

| ပထမငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) | ဒုတိယငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၂၀) | တတိယငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) | စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) |
|---|---|---|---|

## မဟာဗျူဟာ ၄-၁

ထုတ်လုပ်မှုစနစ်အဆင့်မြှင့်တင်ခြင်းနှင့်အမျိုးအစားစုံလင်စွာ ထုတ်လုပ်ခြင်း၊

FDI PP မဟာဗျူဟာ
SEZ & စက်မှုဇုန်များ
T VET
ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု

- လုပ်သားအခြေပြုလုပ်ငန်းများပြန်လည်ထူထောင်ခြင်း၊
- FDI PP မဟာဗျူဟာ
- SEZ ဖွံ့ဖြိုးမှု
- နည်းပညာဆိုင်ရာအသိပညာဗဟုသုတ ဝန်ဆောင်မှုဝန်ဆောင်ငန်းများမြှင့်တင်ခြင်း၊
- သီလဝါ SEZ
- ကျောက်ဖြူ SEZ
- GMS တောင်ပိုင်းစီးပွားရေးစင်္ကြံ မြဝတီနှင့်တမူးနယ်စပ်ဂိတ်များ
- ထားဝယ် SEZ
- တောင်-မြောက်စီးပွားရေးစင်္ကြံ အဆင့်မြှင့်တင်ခြင်း၊
- အရှေ့-အနောက်တမူးမှတာချီလိတ်သို့ချိတ်ဆက်ခြင်း၊
- ကျောက်ဖြူ-မူဆယ်စီးပွားရေးစင်္ကြံ
- တာချီလိတ်နယ်စပ်ဂိတ်
- T VET မဟာဗျူဟာ
- T VET ဆိုင်ရာကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ နှင့် NVQs
- ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု

## မဟာဗျူဟာ ၄-၂

ပို့ကုန်အတွက်အခြေခံကုန်စည်များကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်း၊

စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာ
EITI
FDI PP မဟာဗျူဟာ

- စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာ
- FDI PP မဟာဗျူဟာ
- ပို့ဆောင်ရေးပင်မစီမံကိန်း၊
- EITI
- ဥပဒေ(သစ်လုပ်ငန်းဆိုင်ရာ)
- ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာ
- အခြေခံကုန်စည်များကိုတန်ဖိုးမြှင့်ထုတ်လုပ်မှုထပ်မံဆောင်ရွက်ခြင်း၊
- လုပ်သားအခြေပြုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု
- နယ်စပ်စီးပွားရေးဇုန်များဖွံ့ဖြိုးတိုးတက်မှု
- T VETဆိုင်ရာကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် NVQs
- အဆင့်မြင့်နည်းပညာသုံးလုပ်ငန်းများ

## မဟာဗျူဟာ ၄-၃

ပြည်တွင်းလုပ်ငန်းများ၏ပို့ကုန်ဆိုင်ရာဆောင်ရွက်ချက်များနိုင်မာအားကောင်းစေခြင်း၊

AEC
GMS အစီအစဉ်
ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အစီအစဉ်များ

- AEC မူဝါဒများ၊
- ကုန်သွယ်မှုသဘောတူညီချက်များ၊
- Tariff Concessions
- သီလဝါ SEZ
- IPR
- ကျောက်ဖြူ SEZ
- ထားဝယ်SEZ
- သုတေသနနှင့်သိပ္ပံပညာရပ်များတွင်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေခြင်း၊
- စံနှုန်းသတ်မှတ်ချက်များအစပျိုးဆောင်ရွက်ခြင်း၊ (စက်မှုလုပ်ငန်းများ)
- ပို့ကုန်ဆိုင်ရာစွမ်းရည်များမြှင့်တင်စေခြင်း၊ (ရေးဝေမှုရရှိနိုင်မှု/ စက်ပစ္စည်းများတင်သွင်းရန်မက်လုံးပေးခြင်း၊)
- ပြည်တွင်းစီမံခန့်ခွဲမှုမြှင့်တင်ခြင်း(ဖက်စပ်လုပ်ငန်းများအတွက်မက်လုံးပေးမှု)
- စီးပွားရေးလုပ်ငန်းအခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု

## မဟာဗျူဟာ ၄-၄

အလွှာစုံလုပ်ငန်းများဖိတ်ခေါ် ထုတ်လုပ်ခြင်း၊

AEC
ပို့ဆောင်ရေးပင်မစီမံကိန်း၊
SEZ ဖွံ့ဖြိုးမှု

- ပို့ဆောင်ရေးပင်မစီမံကိန်း၊
- SEZ ဖွံ့ဖြိုးမှု
- ကုန်သွယ်မှုဆိုင်ရာခြေလျှော့ခြင်း၊
- အကောက်ခွန်စနစ်ပြုပြင်ပြောင်းလဲမှု
- သီလဝါ SEZ
- အခွန်မက်လုံးပေးခြင်း၊
- SME ပြုပြင်ပြောင်းလဲမှု
- IPR
- ကျောက်ဖြူ SEZ
- ထားဝယ် SEZ
- ကုန်သွယ်မှုဆိုင်ရာအခွန်အကောက်စနစ်
- AEC နှင့်လိုက်လျောညီထွေရှိစေမည့်ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ
- အကောက်ခွန်စနစ်ပြုပြင်ပြောင်းလဲမှု
- ဦးတည်စီးပွားရေးစင်္ကြံ များဖွံ့ဖြိုးမှု
- စီးပွားရေးလုပ်ငန်းအခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု

## မဟာဗျူဟာ ၄-၅

ပြည်တွင်းတီထွင်ဆန်းသစ်မှုအတွက်အထောက်အပံ့ပေးခြင်း၊

အရည်အသွေးစံနှုန်းသတ်မှတ်ချက်
ICT
ပူးပေါင်းဆောင်ရွက်ခြင်း
ညီညွတ်မှုတာမှုရှိသည့်အစီအစဉ်များ

- ပညာရေးပင်မစီမံကိန်း
- အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများအတွက်ခြေလျှော့မှုပေးခြင်း
- T VET လုပ်ငန်းများအဆင့်မြှင့်တင်ခြင်းကနဦးဆောင်ရွက်ချက်
- SME အတွက်နည်းပညာနှင့်ဗဟုသုတရရှိစေမည့်လုပ်ငန်းများကိုမက်လုံးပေးခြင်း
- နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့်အဆင့်မြင့်ပညာရေးချိတ်ဆက်မှုဥပဒေပြဋ္ဌာန်းခြင်း၊
- အဆင့်မြင့်ပညာရေးနှင့် T VET လုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း၊
- အဝိုင်းရောင်နည်းပညာသုံးလုပ်ငန်းများအတွက်မက်လုံးပေးဆောင်ရွက်စေခြင်း၊
- နည်းပညာဆိုင်ရာဟိုဋ္ဌာနများဖွံ့ဖြိုးစေခြင်း၊
- ပုဂ္ဂလိကကဏ္ဍနည်းပညာကောလိပ်များဖြစ်ပေါ်လာစေခြင်း၊
- FDI PP မဟာဗျူဟာအကောင်အထည်ဖော်ခြင်း၊
- (အဆင့်မြင့်နည်းပညာသုံးလုပ်ငန်းများအားဆွဲဆောင်ခြင်း၊)

## မဟာဗျူဟာ ၄-၆

အစိမ်းရောင်နည်းပညာသုံးလုပ်ငန်းများဖြင့်တိုးတက်မှုကိုဖြစ်ပေါ်စေခြင်း၊

မက်လုံးပေးမှုဆိုင်ရာအစီအစဉ်များ
ကျေးလက်လျှပ်စစ်မီးရရှိရေး
စံနှုန်းသတ်မှတ်ချက်နှင့်အသိအမှတ်ပြုလက်မှတ်များ

- အစိမ်းရောင်နည်းပညာသုံးတိုးတက်မှုကနဦးဆောင်ရွက်ခြင်း၊
- သဘာဝပတ်ဝန်းကျင်ကာကွယ်မှုဥပဒေ
- လျှပ်စစ်ဓာတ်အားပင်မစီမံကိန်း
- ရေအရင်းအမြစ်စီမံခန့်ခွဲမှုပင်မစီမံကိန်း
- SME များတွင်အစိမ်းရောင်နည်းပညာသုံးစွဲရေးအစီအစဉ်များမက်လုံးပေးခြင်း၊
- လယ်ယာနှင့်စက်မှုထွက်ကုန်များအတွက်နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိရေးမဟာဗျူဟာ
- ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေးမဟာဗျူဟာ
- နေရောင်ခြည်စွမ်းအင်သုံးပြည်တွင်း SME ကဏ္ဍ
- ကျေးလက်လျှပ်စစ်မီးရရှိမှု (၇၅%)
- (နေရောင်ခြည်စွမ်းအင်/ အစိမ်းရောင်နည်းပညာများ)

# မဟာဗျူဟာ ၅ ပြည်တွင်းစီးပွားရေးအလားအလာကောင်းများဖြစ်ထွန်းလာစေခြင်း

| | ပထမငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) | ဒုတိယငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၂၀) | တတိယငါးနှစ်စီမံကိန်း (၂၀၂၀-၂၀၂၅) | စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၅-၂၀၃၀) |
|---|---|---|---|---|
| နိုင်းယှဉ်အကျိုးအတွေ့အကြုံများဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ ဖွံ့ဖြိုးစေမှု<br>PFMR & PAR<br>ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ ဒေသန္တရအစီအစဉ်များ အကောင်အထည်ဖော်မှု | ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် မဟာဗျူဟာ<br>စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာ<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>ပညာရေးပင်မစီမံကိန်း<br>ကျန်းမာရေးပင်မစီမံကိန်း<br>FDI PPP မဟာဗျူဟာ | ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် စက်မှုဖွံ့ဖြိုးမှု<br>တိုင်းဒေသကြီး/ပြည်နယ်များ၏ကာလရှည် အသွင်ကူးပြောင်းမှုစီမံကိန်း(၂၀၃၀)<br>လုပ်ငန်းပိုင်းဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း<br>ဒေသဆိုင်ရာအစိုးရဖွံ့ဖြိုးတိုးတက်မှု<br>ဒေသဆိုင်ရာအစိုးရ၏ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု | ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း<br>PPP ရေ့ပြေးဆောင်ရွက်ချက်များ (ဒေသဆိုင်ရာအစိုးရ) | တိုင်းဒေသကြီး/ပြည်နယ်များ၏ စီးပွားရေးအသွင်ကူးပြောင်းမှု |
| နယ်စပ်ဖြတ်ကျော်စီးပွားရေးဇုန် များဖွံ့ဖြိုးတိုးတက်မှု<br>AEC<br>FDI PP မဟာဗျူဟာ<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာ | စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာ<br>FDI PP မဟာဗျူဟာ<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးစီမံကိန်း<br>ပို့ကုန်မဟာဗျူဟာ<br>နယ်စပ်ဂိတ်များဖွံ့ဖြိုးမှုမဟာဗျူဟာ | PPP<br>မူဘောင်<br>မဟာဗျူဟာ<br>ယူနစ် (MoF)<br>မြဝတီ<br>တမူး<br>နယ်စပ်ဂိတ်များ<br>GMS တောင်ပိုင်းစီးပွားရေးကြောင်း | ထောင်-မြောက်ကြောင်း အဆင့်မြှင့်တင်ခြင်း<br>အရှေ့-အနောက် တမူး-တာချီလိတ်<br>ကျောက်ဖြူ-မူဆယ်စီးပွားရေးကြောင်း<br>တာချီလိတ်နယ်စပ်ဂိတ်အဆင့်မြှင့်တင်ခြင်း<br>လာအိုနိုင်ငံနှင့်ဆက်သွယ်နိုင်မည့်နယ်စပ်ဂိတ်တည်ဆောက်ခြင်း<br>မိုင်းလားနယ်စပ်ဂိတ်အဆင့်မြှင့်တင်ခြင်း<br>မူဆယ်ကုန်သွယ်ရေးဇုန်အဆင့်မြှင့်တင်ခြင်း | |
| မဟာဗျူဟာ ၅·၃<br>အလွှာလိုက်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက်ဆက်သွယ်ရေး လမ်းကြောင်းများတိုးမြှင့်ခြင်း<br>AEC<br>GMS အစီအစဉ်<br>ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အစီအစဉ်များ | စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာ<br>FDI PP မဟာဗျူဟာ<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>နယ်စပ်ဂိတ်များဖွံ့ဖြိုးမှုမဟာဗျူဟာ<br>စီးပွားရေးလုပ်ငန်းအခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု → | သီလဝါ SEZ<br>ကျောက်ဖြူ SEZ<br>GMS တောင်ပိုင်းကြောင်း | ထားဝယ် SEZ<br>ကျေးလက်လျှပ်စစ်မီးရရှိမှု (၇၅%)<br>ကျေးလက်မိုဘိုင်းဖုန်းရရှိမှု (၈၀%)<br>ထောင်-မြောက်စီးပွားရေးကြောင်း အဆင့်မြှင့်တင်ခြင်း<br>အရှေ့-အနောက် တမူး-တာချီလိတ်<br>ကျောက်ဖြူ-မူဆယ် စီးပွားရေးကြောင်း | |
| မဟာဗျူဟာ ၅·၄<br>ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ရရှိမှု<br>AEC<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>SEZ ဖွံ့ဖြိုးမှု | ပို့ဆောင်ရေးပင်မစီမံကိန်း<br>လျှပ်စစ်ဓာတ်အားကဏ္ဍပင်မစီမံကိန်း<br>ပညာရေးပင်မစီမံကိန်း<br>ကျန်းမာရေးပင်မစီမံကိန်း<br>ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲမှု →<br>အခြေခံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု →<br>အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု → | လုပ်ငန်းပိုင်းဆိုင်ရာဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း<br>PAR မဟာဗျူဟာ | ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း<br>PPP ရေ့ပြေးဆောင်ရွက်ချက်များ<br>ဒေသဆိုင်ရာအစိုးရ | |
| မဟာဗျူဟာ ၅·၅<br>ပြည်သူ့အသံနှင့်ပြည်သူများ ပူးပေါင်းပါဝင်လာမှုတိုးမြှင့်လာခြင်း<br>ဗိုလ်ကရေစီနယ်ပယ်သစ်<br>ဖွင့်လှစ်ခြင်း<br>မီဒီယာလွတ်လပ်ခွင့်<br>NGO များပူးပေါင်းဆောင်ရွက်မှု<br>အမျိုးသမီးများပူးပေါင်းပါဝင်လာမှု | NSPAW<br>CSO ဥပဒေ<br>မီဒီယာဥပဒေ<br>တရားစီရင်ရေးပြုပြင်ပြောင်းလဲမှု | ဒေသဆိုင်ရာအစိုးရသစ်<br>ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ<br>ပြည်သူ့ဝန်ထမ်းဥပဒေ<br>ဒေသဆိုင်ရာအစိုးရ<br>ပြည်သူ့ရေးရာဆွေးနွေးပွဲများ<br>နိုင်ငံသားရပိုင်ခွင့်<br>သတင်းအချက်အလက်ရရှိမှု | အစိုးရကဏ္ဍဆောင်ရွက်ချက်စီမံခန့်ခွဲမှု ဝန်ဆောင်မှုဆောင်ရွက်ချက်အကဲဖြတ်မှု | |

# မဟာဗျူဟာ ၆ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ခြင်းနှင့်ဆင်းရဲမှုလျှော့ချခြင်း

| | ပထမငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) | ဒုတိယငါးနှစ်စီမံကိန်း (၂၀၁၅-၂၀၂၀) | တတိယငါးနှစ်စီမံကိန်း (၂၀၂၀-၂၀၂၅) | စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၅-၂၀၃၀) |
|---|---|---|---|---|
| ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်လာခြင်း (အရည်အသွေး)<br>PFMR & PAR<br>ဒေသအစိုးရများ၏အခွန်ဝင်ငွေ တိုးပွားလာမှု | ပို့ဆောင်ရေးပင်မစီမံကိန်း<br>ပညာရေးပင်မစီမံကိန်း<br>ကျန်းမာရေးပင်မစီမံကိန်း<br>ရေအရင်းအမြစ်စီမံခန့်ခွဲမှုစီမံကိန်း<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုပင်မ စီမံကိန်း<br>တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း(၂၀၃၀) | လုပ်ငန်းပိုင်းဆိုင်ရာဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း<br>ပြည်သူ့ဝန်ဆောင်မှုနှင့်သက်ဆိုင်သော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ<br>ပညာရေးနှင့်ကျန်းမာရေး<br>စွမ်းဆောင်ရည်ရှိသောအတတ်ပညာရှင်များ<br>နိုင်ငံသားရပိုင်ခွင့် (ပြည်သူ့ဝန်ဆောင်မှုများ)<br>အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (One Stop Services) → | ဗဟိုချုပ်ကိုင်မှုမှ လျှော့ချခြင်း<br>PPP ရှေ့ပြေးဆောင်ရွက်ချက်များ<br>(ဒေသဆိုင်ရာအစိုးရ)<br>ဆောင်ရွက်ချက်စီမံခန့်ခွဲမှု<br>Common Assessment Framework (CAF) | ပြည်တွင်းပြည်ပပုဂ္ဂလိကအဖွဲ့အစည်းများမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း |
| ပြည်သူတစ်ရပ်လုံးရရှိနိုင်သောအရည်အသွေးပြည့် ဝန်ဆောင်မှုများရရှိခြင်း<br>စီးပွားရေးအထောက်အကူပြု အခြေခံအဆောက်အအုံများ | ပို့ဆောင်ရေးပင်မစီမံကိန်း<br>ပညာရေးပင်မစီမံကိန်း<br>ကျန်းမာရေးပင်မစီမံကိန်း<br>ရေအရင်းအမြစ်စီမံခန့်ခွဲမှုစီမံကိန်း<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုပင်မ စီမံကိန်း<br>တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း(၂၀၃၀) | မရှိမဖြစ်လိုအပ်သောအခြေခံ အဆောက်အအုံများဖွံ့ဖြိုးတိုးတက်မှု<br>ဦးစားပေးကျေးလက်လမ်းစီမံကိန်း<br>မြို့ပြနှင့်ကျေးလက်စီးပွားရေးအထောက် အကူပြုစနစ်<br>(ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပညာရေး) | ဘတ်ဂျက်တိုးလာမှု<br>ကျန်းမာရေး > GDP ၏ ၅%<br>ပညာရေး > GDP ၏ ၅% | ဘတ်ဂျက်တိုးလာမှု<br>ကျန်းမာရေး GDP ၏ ၆-၇%<br>ပညာရေး GDP ၏ ၆-၇% |
| ပြည်သူတစ်ရပ်လုံးရရှိစေနိုင် သောအလုပ်အကိုင်နှင့်စီးပွားရေး အခွင့်အလမ်းများ<br>လယ်ယာမဟုတ်သည့်အခြား လုပ်ငန်းများတွင်အမျိုးသမီးများ အလုပ်အကိုင်ရရှိမှု | စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာ<br>FDI PP မဟာဗျူဟာ<br>နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ<br>T VET မဟာဗျူဟာ<br>NSPAW | အလုပ်သမားဥပဒေသစ်များ<br>အနည်းဆုံးလုပ်ခလစာ<br>လုပ်သားအခြေပြုလုပ်ငန်းများ<br>ကျေးလက်အခြေခံအဆောက်အအုံအစီအစဉ်များ<br>T VET နှင့် NVQ များတိုးမြှင့်ရေး<br>အခြေခံကုန်စည်များကိုတန်ဖိုးမြှင့်တင်လုပ်သည့်လုပ်ငန်းများ<br>လယ်ယာမဟုတ်သည့်အခြားလုပ်ငန်းများအတွက်ကျွမ်းကျင်မှုရှိစေမည့်အစီအစဉ်များ | | ကျေးလက်လျှပ်စစ်မီးရရှိမှု (၇၅%)<br>ကျေးလက်မိုဘိုင်းဖုန်းရရှိမှု (၈၀%)<br>အိမ်တွင်းလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု |
| အုပ်ချုပ်မှုပိုင်းတွင်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးမြှင့်ရေး<br>AEC<br>ပို့ဆောင်ရေးပင်မစီမံကိန်း<br>SEZ ဖွံ့ဖြိုးတိုးတက်မှု | NSPAW<br>CSO ဥပဒေ<br>မီဒီယာဥပဒေများ<br>တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုများ | လုပ်ငန်းပိုင်းဆိုင်ရာဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း<br>ပြည်သူ့ဝန်ထမ်းဥပဒေ (ဒေသဆိုင်ရာအစိုးရ)<br>ဒေသဆိုင်ရာအစိုးရပြုပြင်ပြောင်းလဲမှု<br>ခရိုင်နှင့်မြို့နယ်အဖွဲ့အစည်းများ<br>ပြည်သူ့ရေးရာဆွေးနွေးပွဲများ<br>ပြည်သူ့အစီရင်ခံစာ | ဗဟိုချုပ်ကိုင်မှုမှ လျှော့ချခြင်း<br>အစိုးရကဏ္ဍဆောင်ရွက်ချက်စီမံခန့်ခွဲမှုများ<br>ဝန်ဆောင်မှုရရှိခြင်းအကဲဖြတ်မှု | |
| လူမှုအကာအကွယ်ပေးရေး အစီအစဉ်များလုပ်ဆောင်ခြင်း<br>တိုင်းဒေသကြီး/ပြည်နယ်များ အတွင်းလူမှုအကာအကွယ်ပေးရေး အစီအစဉ်များ<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ကျေးလက်မြို့ပြ) | Hyogo အကောင်အထည်ဖော်မှု<br>လူမှုအကာအကွယ်ပေးရေးမဟာဗျူဟာ | အမျိုးသားအဆင့်အရေးပေါ်အဖွဲ့အစည်း များထူထောင်ခြင်း<br>ဥပဒေ (လူမှုဖူလုံရေးလုပ်ငန်းများ)<br>ပြည်သူ့ဆောက်လုပ်ရေးစည်းမျဉ်းစည်းကမ်းများ<br>တိုင်းဒေသကြီး/ပြည်နယ်များ၏ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစီအစဉ် (၂၀၂၀-၂၀၃၀)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း → (ငွေလွှဲငွေရင်းရရှိမှုတိုးပွားလာရေး) | အိမ်ယာအစီအစဉ်များ (မြို့ပြနယ်ပယ်)<br>ကျေးလက်အိမ်ယာစနစ်များ | |
| တိုင်းဒေသကြီး/ပြည်နယ်များ၏ စာရင်းအင်းစနစ်တိုးမြှင့်ရေး<br>မက်လုံးပေးမှုအစီအစဉ်များ၊ ကျေးလက်လျှပ်စစ်မီးရရှိရေး စံနှုန်းသတ်မှတ်ချက်နှင့် အသိအမှတ်ပြုလက်မှတ်များ | CSO မဟာဗျူဟာ | ဘက်စုံစာရင်းအင်းစနစ်(၂၀၁၈)<br>အမျိုးသားအဆင့်စာရင်းအင်းအချက်အလက်များ<br>ခေတ်မီဒေသဆိုင်ရာစီမံကိန်းစနစ် (၂၀၁၈)<br>အမျိုးသားအဆင့်စွမ်းရည်ဖွံ့ဖြိုးမှု →<br>တိုင်းဒေသကြီး/ပြည်နယ်များ၏စွမ်းရည်ဖွံ့ဖြိုးမှု → | | |

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ် ၂၀ စီမံကိန်း
ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောစက်မှုနိုင်ငံတော်သစ်ဆီသို့



# မဟာဗျူဟာ ၇ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း

| | ပထမငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) | ဒုတိယငါးနှစ်စီမံကိန်း (၂၀၁၅-၂၀၂၀) | တတိယငါးနှစ်စီမံကိန်း (၂၀၂၀-၂၀၂၅) | စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၅-၂၀၃၀) |
|---|---|---|---|---|
| ရေရှည်တည်တံ့သောသဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု<br>PFMR & PAR ဒေသအစိုးရများ၏အခွန်ဝင်ငွေများ တိုးမြှင့်လာမှု | သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးမဟာဗျူဟာ<br>မြေယာအခွင့်အရေးနှင့်မြေယာအသုံးချမှုဥပဒေ<br>ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာအာဆီယံမူဘောင်ပေါ်အကောင်အထည်ဖော်မှု<br>ရေအရင်းအမြစ်စီမံခန့်ခွဲမှုမဟာဗျူဟာ | အမျိုးသားအဆင့်မြေယာအသုံးချမှုစီမံကိန်း<br>လွတ်လပ်သည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းခြင်း<br>သဘာဝပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီFDI အတွက် EIA စီမံခန့်ခွဲမှုနှင့်<br>လုပ်ငန်းပိုင်းဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှုလေ့လာချက်ခြင်း<br>ဒေသအစိုးရအဖွဲ့အစည်းစီမံကိန်းများ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိခြင်း | မြေယာအသုံးချမှုစည်းမျဉ်းစည်းကမ်းများ/ဥပဒေ<br>Cadestra စနစ်<br>မြေယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း<br>(e.Gov နှင့် One Stop Shops) | သန့်ရှင်းသောရေရရှိမှု (၁၀၀%) |
| တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုများ<br>FDI PPP မဟာဗျူဟာ EITI | သတ္တုတွင်းဥပဒေသစ်<br>ASEAN IWRM<br>ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များနှင့်လျော့ပေါ့မှုရှိသောစာချုပ်များ မူဘောင်(DICA)<br>(မြေယာခေတ်ထုတ်ခြင်း) | ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များတွင်EIA အဆိုပြုချက်<br>ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသောနည်းပညာအသုံးပြုရေး(သတ္တုတူးဖော်လုပ်ခြင်းနှင့်သန့်စင်ခြင်းလုပ်ငန်းများ)<br>စက်မှုဇုန်ပတ်ပတ်လည်စီမံခန့်ခွဲမှု<br>CSR ပါဝင်သည့်ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၅)<br>→ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများ၏လုပ်ငန်းများ | | |
| သဘာဝပတ်ဝန်းကျင်ကြောင့်ဖြစ်ပေါ်နိုင်သည့်ကျန်းမာရေးဆိုးကျိုးများလျော့ပါးသက်သာစေခြင်း<br>မြေယာအသုံးချမှုစီမံကိန်းများ၊ လေထုသန့်ရှင်းမှုဆောင်ရွက်ချက် သစ်တောများပြန်လည်ထူထောင်ရေး | | လေထုသန့်ရှင်းမှုဆောင်ရွက်ချက်<br>မြို့ပြစက်မှုလုပ်ငန်းများပြန်လည်နေရာချထားခြင်း<br>မြည်သံဖိစီးနောင့်ယှက်မှုလုပ်ငန်းများမြဲ့ထွင်ခြင်း<br>ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်း(ကျေးလက်ဒေသ)<br>မြို့ပြအစိမ်းရောင်နယ်ပယ်များထိန်းသိမ်းခြင်း<br>သတင်းအချက်အလက်ရရှိမှု<br>→ ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းမဟာဗျူဟာ | | |
| မဟာဗျူဟာ ၇-၄<br>ရာသီဥတုပြောင်းလဲမှုကိုခံနိုင်ခြင်း<br>Hyogo မြေယာအသုံးချမှုစီမံကိန်း | Hyogo<br>ASEAN IWRM<br>ရီယို+20<br>အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အဝန်း (ASCC) စီမံချက် (၂၀၀၉-၁၅) | Hyogo အကောင်အထည်ဖော်ခြင်း<br>သဘာဝဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစီမံချက်<br>(အကောင်အထည်ဖော်ခြင်း)<br>သစ်တောထိန်းသိမ်းရေး<br>ဇီဝရေတာများထိန်းသိမ်းခြင်း<br>မြို့ပြအစိမ်းရောင်နယ်ပယ်များထိန်းသိမ်းခြင်း | | |
| မြေယာပိုင်ဆိုင်မှုနှင့်မြေယာအသုံးချမှု<br>မြေယာလုပ်ပိုင်ခွင့်နှင့်ပိုင်ဆိုင်မှု Cadestra | လယ်ယာမြေဥပဒေ<br>မြေလွတ်မြေလပ်မြေရိုင်း<br>မြေယာစီမံခန့်ခွဲမှုဥပဒေ<br>လယ်ယာမြေစိုစစ်ဆေးရေးကော်မတီ<br>အမျိုးသားမြေယာအသုံးချမှုမူဝါဒ<br>(သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန) | အမျိုးသားမြေယာအသုံးချမှုစီမံကိန်း<br>လွတ်လပ်မှုရှိသောသဘာဝပတ်ဝန်းကျင်အဖွဲ့အစည်းထူထောင်ခြင်း<br>လုပ်ငန်းပိုင်းဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှုလေ့လာချက်ခြင်း<br>ဒေသဆိုင်ရာအစိုးရများမြေယာအသုံးချမှုစီမံကိန်း | မြေယာအသုံးချမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်မူဝါဒများ<br>Cadestra စနစ်<br>မြေယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း<br>(e.Gov နှင့် One Stop Shops)<br>ပေါင်းစပ်ညှိနှိုင်းမှုနှင့်လေ့လာချက်ခြင်း<br>ဒေသဆိုင်ရာအစိုးရမြေယာမှတ်ပုံတင်ခြင်းစနစ် | |

# ပင်မစီမံကိန်းများနှင့် ကဏ္ဍအလိုက် မဟာဗျူဟာများ

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် ကဏ္ဍအလိုက်စီမံကိန်းများ ရေးဆွဲရာတွင် လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းများရေးဆွဲခြင်းရာတွင် လည်းကောင်း ထိရောက်ပြီး အကျိုးရှိစေသည့် အောက်ပါအချက်များဖြင့် ရေးဆွဲထားပါသည်-

- မြန်မာနိုင်ငံ၏ ၂၀၃၀ ခုနှစ် မဟာဗျူဟာမျှော်မှန်းချက်
- ကာလရှည် မဟာဗျူဟာ ရည်မှန်းချက်နှစ်ခု
- ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ (၇)ခု ချိတ်ဆက်မှု
- အထောက်အကူပြု အခြေခံမူဝါဒများ

ပင်မစီမံကိန်းများ၊ ကဏ္ဍအလိုက် မဟာဗျူဟာများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများသည် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် လိုက်လျောညီထွေ ရှိနေရမည်ဖြစ်ပြီး စီမံကိန်း တစ်ခုစီတွင် ကာလရှည်ရည်မှန်းချက်များကို ရရှိစေရန်အတွက် အထောက်အကူဖြစ်စေမည့် မဟာဗျူဟာများ ပါဝင်ရမည် ဖြစ်ပါသည်။

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည် ဖော်ရန်အတွက် အထက်တွင်ဖော်ပြထားသော စီမံကိန်းများကို ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

## ကဏ္ဍအလိုက်စီမံကိန်းရေးဆွဲခြင်း

ကဏ္ဍအလိုက် စီမံကိန်းရေးဆွဲခြင်းကို ပင်မစီမံကိန်းများနှင့် မဟာဗျူဟာများ ချိတ်ဆက်မှု သဘောတရားများကို အသုံးပြု၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပင်မ စီမံကိန်းများတွင် မူဝါဒများ၊ ဘဏ္ဍာငွေလိုအပ်ချက်များ၊ ဥပဒေလိုအပ်ချက်များနှင့် အစီ အစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အချက်များ အသေးစိတ်ပါဝင် မည်ဖြစ်ပါသည်။ မဟာဗျူဟာများတွင် အကောင်အထည်ဖော်မှုအတွက် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းခြင်းနှင့် မူဝါဒများကို အသေးစိတ် ဖော်ပြထားပါသည်။ ပို့ဆောင်ရေးဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ ရေးဆွဲသည့် ပင်မစီမံကိန်းများ တွင် ၄င်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေမည့် အသေးစိတ် မူဝါဒများပါဝင်ပါသည်။ အဆိုပါ ဝန်ကြီးဌာနများမှ ရေးဆွဲသည့်ပုံစံသည် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ မဟာဗျူဟာများနှင့် ကာလရှည် ရည်မှန်းချက်များအတွက် လိုအပ်သည့် ကဏ္ဍအလိုက် စီမံကိန်းများ၊ မူဝါဒများနှင့် နည်းဥပဒေများ ပါဝင်ပြီး၊ အခြားဝန်ကြီးဌာနများ အတွက် နမူနာပုံစံလည်းဖြစ်ပါသည်။ ဇယား ၆-၁ တွင် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အကောင်အထည်ဖော်ရန် ကာလတို (၂၀၁၇) အတွင်း ရေးဆွဲရမည့် ပင်မစီမံကိန်းများနှင့် မဟာဗျူဟာများကို ဖော်ပြထားပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းများ ရေးဆွဲခြင်း

တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံကိန်းများရေးဆွဲခြင်းသည် ထိုဒေသများရှိ အားသာချက်များနှင့် အခွင့်အလမ်းများကို အသုံးပြု၍ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် နိုင်းယှဉ်အကျိုးကျေးဇူးများကို အခွင့်အလမ်းများ အနေဖြင့် ရေးဆွဲရမည်ဖြစ်ပါသည်။ သို့သော် ထိုစီမံကိန်းများသည် အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်မှု တွင်ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများနှင့် လိုက်လျောညီထွေရှိရန် လိုအပ်မည်ဖြစ်ပြီး တိုးတက်မှုကိုဖြစ်စေမည့် အထောက်အပံ့လည်းဖြစ်ရမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် တိုးတက်မှုကို ဖြစ်စေသည့် အထောက်အပံ့များ သည် မြန်မာနိုင်ငံ တိုးတက်မှုနှင့် စီးပွားရေးပုံသဏ္ဌာန်အသွင်ကူးပြောင်းနိုင်ရန် အတွက် တိုးတက်မှုမောင်းနှင်အားများ အဖြစ်လည်းအထောက်အကူပြုစေမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ကာလရှည်စီမံကိန်း ၂၀၃၀ကိုကာလတို (၂၀၁၅) အတွင်း ရေးဆွဲရမည်ဖြစ်ပြီး အဆိုပါစီမံကိန်းများကို အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွင်း အခြေခံမူဝါဒများအနေဖြင့် ချမှတ်သွားရမည်ဖြစ်ပါသည်။

| သက်ဆိုင်ရာ ဝန်ကြီးဌာန | ပင်မစီမံကိန်း၊ မဟာဗျူဟာဖော်ပြချက် | ထုတ်ပြန်ရမည့် ခုနှစ် |
|---|---|---|
| ပြည်ထဲရေးဝန်ကြီးဌာန | လုပ်ငန်းပိုင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချမှု | ၂၀၁၅-၁၇ |
| နယ်စပ်ရေးရာဝန်ကြီးဌာန | နယ်စပ်ဒေသနှင့် စီးပွားရေးဇုန်များဖွံ့ဖြိုးမှု ပင်မစီမံကိန်း | ၂၀၁၆-၁၇ |
| ပြန်ကြားရေးဝန်ကြီးဌာန | ပြည်သူများသို့ သတင်းအချက်အလက်ရရှိမှု မဟာဗျူဟာ | ၂၀၁၇ |
| သမဝါယမဝန်ကြီးဌာန | ကျေးလက်နှင့် မြို့ပြ အသေးစားချေးငွေ မဟာဗျူဟာ | ၂၀၁၅-၁၆ |
| လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန | ခေတ်မီလယ်ယာစနစ်စိုက်ပျိုးခြင်းနှင့် သီးနှံမျိုးစုံစိုက်ပျိုးခြင်း ပင်မစီမံကိန်း | ၂၀၁၅ |
| မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ကျေးလက်ဖွံ့ဖြိုးရေးပင်မစီမံကိန်းနှင့် သားငါးထုတ်လုပ်နိုင်စွမ်းစီမံကိန်း | ၂၀၁၅<br>၂၀၁၅ |
| ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန | ဒစ်ဂျစ်တယ်စနစ်၊ ဆက်သွယ်ရေးစနစ်၊ ကြိုးမဲ့အင်တာနက် ချိတ်ဆက်ရရှိမှု နှင့် e.Gov ပင်မစီမံကိန်း | ၂၀၁၅-၁၆ |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းနှင့် သယံဇာတ အခြေခံများ ထိန်းသိမ်းစောင့်ရှောက်ခြင်း ပင်မစီမံကိန်း | ၂၀၁၅-၁၆ |
| လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း ပင်မစီမံကိန်း | ၂၀၁၄-၁၅ |
| စွမ်းအင်ဝန်ကြီးဌာန | ရေနံ၊သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု နှင့် ရေနံဓာတုထုတ်ကုန်ဖွံ့ဖြိုးမှု ပင်မစီမံကိန်း | ၂၀၁၆ |
| စက်မှုဝန်ကြီးဌာန | စက်မှုဖွံ့ဖြိုးမှု ပင်မစီမံကိန်း | ၂၀၁၅ |
| စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးပင်မစီမံကိန်း အမျိုးသားပို့ကုန်မဟာဗျူဟာ | ၂၀၁၄ |
| အားကစားဝန်ကြီးဌာန | လူငယ်ဖွံ့ဖြိုးမှု မဟာဗျူဟာ | ၂၀၁၅ |
| ပညာရေးဝန်ကြီးဌာန | ပညာရေး (မူလတန်းနှင့် အလယ်တန်း) ပင်မစီမံကိန်း | ၂၀၁၄-၁၅ |
| ကျန်းမာရေးဝန်ကြီးဌာန | ကျန်းမာရေးကဏ္ဍ ပင်မစီမံကိန်း | ၂၀၁၄-၁၅ |
| သတ္တုတွင်းဝန်ကြီးဌာန | သတ္တုနှင့် တွင်းထွက်မဟာဗျူဟာ | ၂၀၁၅ |
| ဘဏ္ဍာရေးဝန်ကြီးဌာန | ဘဏ္ဍာရေးကဏ္ဍ ပင်မစီမံကိန်း | ၂၀၁၄-၁၅ |
| ဘဏ္ဍာရေးဝန်ကြီးဌာန | ကာလလတ် ဘတ်ဂျက်မူဘောင် | ၂၀၁၄-၁၅ |
| ဆောက်လုပ်ရေးဝန်ကြီးဌာန | ပြည်သူ့ဆောက်လုပ်ရေးအစီအစဉ် | ၂၀၁၅ |

ဇယား ၆-၁ လိုအပ်သည့် ပင်မစီမံကိန်းများနှင့် မဟာဗျူဟာများ - ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

| သက်ဆိုင်ရာ ဝန်ကြီးဌာန | ပင်မစီမံကိန်း၊ မဟာဗျူဟာဖော်ပြချက် | ထုတ်ပြန်ရမည့် ခုနှစ် |
|---|---|---|
| အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန | အသွင်ကူးပြောင်းရေးအတွက် လုပ်သားဈေးကွက် ဖွံ့ဖြိုးမှု မဟာဗျူဟာ | ၂၀၁၅ |
| ပို့ဆောင်ရေးဝန်ကြီးဌာန<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ပို့ဆောင်ရေးပင်မစီမံကိန်း | ၂၀၁၄ |
| လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | HYOGO မဟာဗျူဟာ<br>လူမှုကာကွယ်ရေး ပင်မစီမံကိန်း | ၂၀၁၅-၁၆ |
| ဗဟိုစာရင်းအင်းအဖွဲ့ | စာရင်းအင်းစနစ် မဟာဗျူဟာ | ၂၀၁၅ |
| စီမံကိန်းရေးဆွဲရေးဦးစီးဌာန | တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း | ၂၀၁၅ |
| သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဆင့်မြင့်ပညာရေး ပင်မစီမံကိန်း<br>နည်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းသင်တန်း မဟာဗျူဟာ | ၂၀၁၅-၁၆ |
| ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးသွားလာရေး ပင်မစီမံကိန်း | ၂၀၁၃ |

ဇယား ၆-၁ လိုအပ်သည့် ပင်မစီမံကိန်းများနှင့် မဟာဗျူဟာများ - ဇာစ်မြစ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (၂၀၁၄)

# အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ထိန်းကျောင်းကြပ်မတ်ခြင်း

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အကောင်အထည်ဖော်မည့် စီမံခန့်ခွဲမှုပုံစံတွင် (၁) အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်မှုကော်မရှင်(၂) အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဆိုင်ရာ ဝန်ကြီးဌာန အချင်းချင်း ချိတ်ဆက်မှုကော်မတီနှင့် (၃) အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ထိန်းကျောင်းကြပ်မတ်ခြင်း အဖွဲ့တို့ပါဝင်ပါသည်။

## အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်မှုကော်မရှင်

၎င်းအကောင်အထည်ဖော်မှုကော်မရှင်တွင် သမ္မတသည်ဥက္ကဋ္ဌဖြစ်၍ သမ္မတရုံးဝန်ကြီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဝန်ကြီးချုပ်များ ပါဝင်မည်ဖြစ်ပါသည်။ လုပ်ငန်းအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များကို အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တာဝန်ယူရမည်ဖြစ်ပါသည်။ ၎င်းကော်မရှင်သည် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော်မှုကို ကြီးကြပ်ရမည်ဖြစ်ပါသည်။ ကော်မရှင်သည် စီမံကိန်းအကောင်အထည်ဖော်ရာတွင် အထွေထွေ လမ်းညွှန်ချက်များ၊ မဟာဗျူဟာချမှတ်ချက်များကို အတည်ပြုခြင်းနှင့် အကောင်အထည်ဖော်သည့် ကာလအတွင်း ဖြစ်ပေါ်လာသည့် မဟာဗျူဟာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းခြင်း၊ ဆုံးဖြတ်ခြင်းနှင့် ညွှန်ကြားခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဆိုင်ရာဝန်ကြီးဌာနများ ချိတ်ဆက်မှုကော်မတီ

၎င်းကော်မတီတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးများပါဝင်သည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးသည် ဥက္ကဋ္ဌတာဝန်နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသည် အတွင်းရေးမှူးအဖြစ် တာဝန်ယူရမည်ဖြစ်ပြီး၊ သုတေသန နှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းကော်မတီသည် ဥပဒေစည်းမျဉ်းများ လိုအပ်ချက်အတိုင်း ရေးဆွဲချမှတ်ပေးခြင်း၊ လုပ်ငန်းစီမံကိန်းများနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှု ဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထို့အပြင် ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ရာ တွင်ဖြစ်ပေါ်မည့် ပြဿနာများကို ဖြေရှင်းရန်နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်မှု အတွက် အပြည့်အဝအထောက်အပံ့ပေးရမည်ဖြစ်ပါသည်။

## အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ထိန်းကျောင်းကြပ်မတ်သည့်အဖွဲ့


ကြပ်မတ်သည့်အဖွဲ့သည် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေကို ဘက်ပေါင်းစုံမှ အပြည့်အဝထိန်းကျောင်းကြပ်မတ်ရန် တာဝန်ရှိပါသည်။ ထိန်းကျောင်းကြပ်မတ်သည့်အဖွဲ့သည် အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်သည့်အဖွဲ့အား အပြည့်အဝ အထောက်အကူပြုရမည်ဖြစ်ပါသည်။ ထို့အပြင်ထိုအဖွဲ့များကို အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်မှု ကော်မရှင်မှ ရှင်းလင်းစွာ ဖော်ပြထားသည့် စီစစ်ချက်များပါဝင်သည့် အစီရင်ခံစာများနှင့် ပေါ်ပေါက်လာသည့်ကိစ္စရပ်များ၊ ပြဿနာများကို ဖြေရှင်းနိုင်မည့်အစီအစဉ်များအတွက် အထောက်အပံ့ပေးရမည်ဖြစ်ပါသည်။ ကြပ်မတ်စစ်ဆေး

သည့် အဖွဲ့အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ စီမံကိန်းရေး ဆွဲရေးဦးစီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ဗဟို စာရင်းအင်းအဖွဲ့နှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနတို့ ပါဝင်ပါသည်။

ထိန်းကျောင်းကြပ်မတ်သည့်အဖွဲ့၏ အစီရင်ခံစာသည် OECD မှထုတ်ပြန်သည့် "how's life framework" (ဇယား ၆ -၃) ကိုအခြေခံ၍ လူမှုဘဝပြည့်စုံမှု စောင့်ကြပ်ကြည့်ရှုမှု စနစ်ကိုအသုံးပြု၍ ၆ လ တစ်ကြိမ် ပြုစုရမည် ဖြစ်ပါသည်။ ကြပ်မတ်သည့်အဖွဲ့သည် ထိရောက်သည့် စီမံခန့်ခွဲမှုကို ဆောင်ရွက်နိုင်သည့် အချက်အလက်များကို ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ထိုအချက်အလက်များသည် လူမှုဘဝပြည့်စုံသည့် အချက်အလက်များကို အထောက်အပံ့ဖြစ်စေရန် အသုံးပြုနိုင်ရမည် ဖြစ်ပါသည်။ OECD မှ ထုတ်ပြန်သည့် ဇယား ၆-၃ ကိုအသုံးပြုထားသည့် အခြေခံညွှန်းကိန်းများသည် ထိန်းကျောင်းကြပ်မတ်သည့် အဖွဲ့ကို အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။


| အကြောင်းအရာ | ညွှန်းကိန်းနှင့် ဇာစ်မြစ် (OECD Multi Dimensional Review (2013) |
|---|---|
| ဝင်ငွေနှင့်ကြွယ်ဝမှု | လူတစ်ဦးကျဝင်ငွေ<br>(၂၀၀၅ခုနှစ် ပုံမှန်ဈေးနှုန်းအရ ဒေါ်လာဖြင့်) |
| အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု | စုစုပေါင်း လူဦးရေ၏ အလုပ်ခန့်နိုင်မှု ရာခိုင်နှုန်း |
| အိုးအိမ်ပိုင်ဆိုင်မှု | လူနေမှု အဆင့်အတန်းအပေါ် ကျေနပ်နှစ်သက်မှုရှိသည့်<br>လူဦးရေ အချိုးအစား ဇာစ်မြစ် - UNDP မှ ထုတ်ပြန်သည့် HDI |
| ကျန်းမာရေး အခြေအနေ | မျှော်မှန်းသက်တမ်း<br>ဇာစ်မြစ် - ကမ္ဘာ့ကျန်းမာရေး စာရင်းအချက်အလက်များ |
| အလုပ်နှင့် ဘဝညီမျှမှု | ----- |
| အတတ်ပညာနှင့် ကျွမ်းကျင်မှု | မျှော်မှန်းကျောင်းနေနှစ်<br>ဇာစ်မြစ်၊ စာရင်းအင်းအချက်အလက်အတွက် UNESCO ထုတ်ပြန်ချက် |
| လူမှုဆိုင်ရာ ဆက်နွယ်မှုများ | တစ်ဦးတစ်ယောက်အပေါ် အကူအညီပေးနိုင်သည့် လူဦးရေအချိုး (%)<br>ဇာစ်မြစ်၊ Gallup World Monitor |
| ပြည်သူအများပူးပေါင်း ပါဝင်မှုနှင့် အုပ်ချုပ်မှု | အဂတိလိုက်စားမှု နှင့် ထင်မြင်ယူဆချက်ပေးသည့် လူဦးရေအချိုး (%)<br>ဇာစ်မြစ်၊ ပွင့်လင်းမြင်သာသည့် နိုင်ငံတကာ အဂတိလိုက်စားမှု ညွှန်းကိန်း |
| သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု | PM 10 Microns / m3 - ဇာစ်မြစ်၊ UNDP HDI<br>သစ်တောဖုံးလွှမ်းမှု ပြောင်းလဲမှုနှုန်း၊ ဇာစ်မြစ်၊ World Bank Dev Ind's |
| လူမှုဘဝ လုံခြုံစိတ်ချရမှု အခြေအနေ | လူ၁၀၀,၀၀၀ လျှင် လူသတ်မှုနှုန်း - ဇာစ်မြစ်၊ UNDP HDI<br>ညအချိန်ပြင်ပလုံခြုံမှု - ဇာစ်မြစ်၊ UNDP HDI |
| လူမှုဘဝ ပြည့်စုံမှု | လူမှုဘဝပြည့်စုံမှု<br>ဇာစ်မြစ်၊ Gallup World Monitor, Cantril Ladder |

ဇယား ၆-၂ လူမှုဘဝပြည့်စုံမှု ထိန်းကျောင်းကြပ်မတ်သည့် ညွှန်းကိန်းများ၊ ဇာစ်မြစ်၊ OECD Myanmar Multi Dimensional Review (၂၀၁၃)




ပုံ ၆-၂ လူမှုဘဝပြည့်စုံမှု ထိန်းမှန်းပြခြင်းပြုမတ်သည့် မူဘောင်၊ ဇာစ်မြစ်၊ OECD Myanmar - Multi Dimensional Review 2013









အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၀)
နေပြည်တော် (၂၀၁၄)